မန္တလေးမြို့၊ မဟာဓမ္မိကာဒရာမတိုက်

သာသနဓဇသိရိပဝရဓမ္မာစရိယ

နိုင်ငံတော် သံဃမဟာနာယက

ဘဒ္ဒန္တဝိစာရာဘိဝံသ

၏

# မြန်မာ့ပါရဂူ

ဓါ

# မဟာဝဂ္ဂါဒိနီတိကျမ်း

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ခရစ် ၁၉၈၆



အရှင်ဝိစာရာဘိဝံသ

ရွှေသင်းဓမ္မာစရိယကျောင်း

မဟာဓမ္မိကာရာမတိုက် မန္တလေး

မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက်
သာသနဓဇသိရိပဝရဓမ္မာစရိယ
နိုင်ငံတော် သံဃ မဟာနာယက

ဘဒ္ဒန္တ ဝိစာရာဘိဝံသ

၏

# မြန်မာ့ပါရဂူ

ခေါ်

# မဟာဝဂ္ဂဒိနိုတ်ကျမ်း

သာသနာ- ၂၅၃၀၊ ကောဇာ- ၁၃၄၈၊ ခရစ်- ၁၉၈၆ ခု

ဒုတိယအကြိမ်

၁၉၈၆-ခု၊ မေလ။

အုပ်ရေ— ၃၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက်
အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊
နေလင်းပုံနှိပ်တိုက် ၀၂၀၃၀တွင် ဒေါ်တင်လှကပုံနှိပ်၍
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် ၀၂၅၂၇က ထုတ်ဝေသည်။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အမှာစာ.... | .... | ဏ |
| အချိန်ဒါန်း.... | .... | ဗ |
| ဤကျမ်း၏ ထုတိမင်္ဂလာ.... | .... | ဝ |
| ကျမ်းဦး နမော ပဏာမ.... | .... | ဏ |
| ဘုရားခုနစ်ဆူနှင့် ပွင့်တော်မူရာ ကမ္ဘာစသည် | .... | ၁ |
| ဘုရားရှင်၏သုံးဆယ့်နှစ်ပါးသော လက္ခဏာတော် | .... | ၁၁ |
| ဘုရားရှင်၏ဒွေဂတိယော အရပြည့်စုံခြင်း ၂-ပါး | .... | ၁၈ |
| စကြဝတေးမင်းကြီး၏ ရတနာ ခုနစ်ပါး | .... | ၁၈ |
| ဘုရားလောင်းဖွားမြင်တော် မူရာဝယ် ကိုယ်ဝန် အညစ်အကြေး မပေကြောင်း | .... | ၂၀ |
| ဘုရားလောင်း၏ သုံးခွန်းသောစကား | .... | ၂၁ |
| ဘုရားရှင်၏ ဩဝါဒကထာများ | .... | ၂၁ |
| မဟာနိဒါနသုတ် အကုသိုလ် ဖြစ်ကြောင်းများ | .... | ၂၅ |
| နအတ္တ၊ အတ္တ၊ ပညတ်သရုပ် လေးမျိုး | .... | ၂၆ |
| အတ္တဟု ရှုမြင်သော ပုဂ္ဂိုလ်များ | .... | ၂၇ |
| ဝိညာဏဋ္ဌိတိ သရုပ်နှင့် အဓိပ္ပာယ် | .... | ၂၉ |
| အာယတနဘည်ဆုနှင့် ဝိမောက္ခရှစ်ပါး | .... | ၃၂ |
| မင်းမဆုတ်ယုတ်ကြောင်း တရားခုနစ်ပါး | .... | ၃၅ |
| ရဟန်းများ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါး | .... | ၃၇ |
| သီလပျက်စီးခြင်း အပြစ်ငါးပါး | .... | ၄၃ |
| သီလပြည့်စုံခြင်း အကျိုးငါးပါး | .... | ၄၄ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပါဠိလိပ်ပုတ်ပြည်၏ အန္တရာယ်သုံးပါး | .... | ၄၅ |
| နန္ဒာဘိက္ခုနီ...သုဇာတာ ဘိက္ခုနီ၏သံယောဇဉ် | .... | ၄၆ |
| ဓမ္မကြေးမုံအပြား....တရားတော်များ | .... | ၄၇ |
| အရှင်အာနန္ဒာ၏ အားကိုးဖွယ်ရာ | .... | ၄၈ |
| မြေငလျင် လှုပ်ခြင်းအကြောင်းရှစ်ပါး | .... | ၄၉ |
| အဘိဘာယတန ဈာန်ရှစ်ပါး | .... | ၅၀ |
| သာသနာတည်တံ့ရေး တရား ၃၇-ပါး | .... | ၅၂ |
| သံသရာမှ ထွက်မြောက်ကြောင်း တရား လေးပါး | .... | ၅၂ |
| မဟာပဒေသ တရား လေးပါး | .... | ၅၃ |
| မြတ်စွာဘုရား၏ စင်ကြယ်ခြင်းနှင့် ဆွမ်းထူး ၂မျိုး | .... | ၅၆ |
| သံဝေဂရနိုင်သော သံဝေဇနိယ ဌာနကြီး လေးပါး | .... | ၅၈ |
| အရှင်အာနန္ဒာ မေးခွန်းနှင့် စေတီထိုက် ပုဂ္ဂိုလ် လေးမျိုး | .... | ၆၁ |
| အာယုသင်္ခါရ လွှတ်ရာ ဌာန | .... | ၆၁ |
| မြတ်စွာဘုရား ဝါကပ်တော်မူရာ ဌာနများ | .... | ၆၃ |
| စေတီတို့၌ ပူဇော်ရသော အကျိုးများ | .... | ၆၄ |
| ပုထုဇဉ်ရဟန်း စေတီ ထိုက် မထိုက် | .... | ၆၅ |
| ရှင်အာနန္ဒာ၏ အံ့ဖွယ်ဂုဏ် ၄-ပါး | .... | ၆၅ |
| စကြဝတေးမင်း | .... | ၆၇ |
| ကုသဝတီပြည် မဆိတ်သောအသံ ၁၀-ပါး | .... | ၆၉ |
| သူတော်ကောင်း အခေါ်ခံ ပုဂ္ဂိုလ် ၆-ယောက် | .... | ၇၀ |
| ဓာတ်တော်ဝေရာ ဆယ်ဌာနသရုပ် | .... | ၇၈ |
| စွယ်တော်ရောက်ရာ နှစ်ဌာန | .... | ၈၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပရိနိဗ္ဗာန်စံရာပြည်နှင့် ပရိနိဗ္ဗာန်စံခြင်း အကြောင်း.... | | ၈၂ |
| ဘုရားရှင် ဝါဆိုစဉ်တေးတပ် | .... | ၈၆ |
| ကုသဝတီပြည်ရှိ တံတိုင်း တံခါး ပမာဏ | .... | ၈၉ |
| စကြာရတနာ မည်ပုံနှင့် လက္ခဏာ ၅ -မျိုး | .... | ၉၁ |
| မဟာသုဒဿန မင်းကြီး၏ ပြာသာဒ်စသည် | .... | ၉၅ |
| ဇနဝသဘ နတ်သားအကြောင်း | .... | ၁၀၄ |
| သနင်္ကုမာရ ဗြဟ္မာ၏ အသံအင်္ဂါ ရှစ်ပါး | .... | ၁၀၅ |
| ဣဒ္ဓိပါဒ် လေးမျိုး သရုပ်အဓိပ္ပာယ် | .... | ၁၀၅ |
| တိဝိဓ ဩကာသာဓိဂမ- အခွင့်အရေးသုံးပါး | .... | ၁၀၆ |
| သတိပဋ္ဌာန်တရား ၄-ပါး | .... | ၁၀၈ |
| သမာဓိ၏ အခြေအရံ ခုနစ်ပါး | .... | ၁၁၀ |
| ဘုရားရှစ်၏ ဟုတ်မှန်သော ဂုဏ်ရှစ်ပါး | .... | ၁၁၁ |
| မဟာဂေါဝိန္ဒ ပုဏ္ဏား တည်ထောင်သော ခုနစ်တိုင်း.... ခုနစ်ပြည်ထောင် | | ၁၁၆ |
| ဇမ္ဗူဒိပ်ကျွန်း တိုင်းပြည်ပြု ဝန်ဆောင်မင်းများ | .... | ၁၁၇ |
| နှာတက (ရေချိုးပြီးပုဏ္ဏားသုံ မျိုးအထူး | .... | ၁၁၈ |
| စိမ်းညှိသော အနံ့ ရှိသော တရား ၁၄-ပါး | .... | ၁၁၉ |
| သိကြားမင်းဖြစ်ကြောင်း ခုနစ်ပါး | .... | ၁၂၁ |
| ပဉ္စသိခနတ်သားသီချင်းဂါထာမြန်မာပြန် | .... | ၁၂၂ |
| ဣဿာမစ္ဆရိယ ပိယပြဿနာများ | .... | ၁၂၆ |
| သိကြားမင်း၏ ဝမ်းမြောက်ခြင်းအကျိုး ၆-မျိုး | .... | ၁၃၄ |
| မဟာသတိပဋ္ဌာန်ဟောသည့်ဌာန၊တိုက်တွန်းချက် | .... | ၁၃၇ |
| မဟာသတိပဋ္ဌာန်ဟောရခြင်းအကျိုး ခုနစ်ပါး | .... | ၁၃၈ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မဟာသတိပဋ္ဌာန်လေးပါးအကျဉ်းချုပ် အဓိပ္ပာယ် | .... | ၁၄၀ |
| သုတ်မဟာဝါ အဋ္ဌကထာမာတိကာ | | |
| ဇေတဝန်ကျောင်းအာရာမ်းရှိကုဋိလေးလုံး | .... | ၁၅၁ |
| ဘုရားရှင်သီတင်းသုံးသည့်ကုဋီများ | .... | ၁၅၃ |
| ပုဗ္ဗေနိဝါသဉာဏ် အောက်မေ့နိုင်သော ပုဂ္ဂိုလ် | .... | ၁၅၄ |
| ကပ်ကမ္ဘာသုံးမျိုးအဓိပ္ပာယ်များ | .... | ၁၅၇ |
| ကမ္ဘာနှင့် ဘုရားများ ခွဲခြားပုံများ | .... | ၆၀ |
| ဘုရားပွင့်ဟန် ခေတ်သုံးတန် | .... | ၁၇၀ |
| မဟာဘဒ္ဒကပ်လေးမျိုးနှင့် အမျိုးလေးပါး | .... | ၁၇၂ |
| ဘုရားပွင့်တော်မူရာ အသက်တမ်းနှင့် သစ်ပင်များ | .... | ၁၇၅ |
| အရိမေတ္တေယျ ဘုရားပွင့်တော်မူမည့်နှစ် | .... | ၁၇၆ |
| ပဒုမ္မာကြာပွင့်နိုင်သည့် အခါနှစ်မျိုး | .... | ၁၇၆ |
| ဘုရားရှင်၏ နေ့မြတ်ခုနစ်ထွေ | .... | ၁၇၇ |
| အသက်ရှည်သောပုဂ္ဂိုလ် ရဟန်းနှင့် လူများ | .... | ၁၈၀ |
| မြတ်စွာဘုရား၏ ပဋိသန္ဓေစိတ အကြောင်းပြ | .... | ၁၈၂ |
| မြတ်စွာဘုရား၏ စုတိနိမိတ်အာရုံပြုပုံ | .... | ၁၈၃ |
| အသက်တိုရှည်ရခြင်းနှင့် ကျန်းမာရေးမကောင်းခြင်း | — | ၁၈၄ |
| ဝိပဿီဘုရားရှင် သခွတ်ပင် ပမာဏ | | |
| သစ်ပင် ၇-ပင်ပမာဏ | .... | ၁၈၆ |
| ဧတဒဂ်ရ ရဟန္တာမထေရ်များ လက်ယာ လက်ဝဲ | .... | ၁၉၀ |
| တော်ဒရလူပုဂ္ဂိုလ် ၁၁-ယောက်စသည် | .... | ၁၉၆ |
| သာဝက, ယုဂ, သန္နိပါတ, အင်္ဂါလေးပါး | .... | ၂၀၃ |
| အဂ္ဂသာဝက နှစ်ပါး ရဟန္တာဖြစ်ချိန် | .... | ၂၀၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရှင်အာနန္ဒာ ပယ်ဆု တောင်းဆုလေးပါး | .... | ၂၀၄ |
| အာနန္ဒာ၏ ဘေဒဂ် ငါးပါး ပရိစ္ဆေဒ ကိုးပါး | .... | ၂၀၈ |
| တောတွက်ရာ၌ ယာဉ်ကျောင်း ဥစ္စာ ပိုင်းခြားပြပုံ | .... | ၂၁၁ |
| မစွန့်အပ်သော အဝိဇဟိတဌာနလေးပါး | — | ၂၁၅ |
| ဝေမတ္တ (အသက်တိုရှည်စသည်မတ္တ) ငါးပါး | — | ၂၁၈ |
| ဘုရားရှင်၏ ဖွားဖက်တော် ခုနစ်ယောက် | .... | ၂၂၁ |
| ဘုရားရှင်နှင့် နက္ခတ် ယှဉ်ပုံ | .... | ၂၂၃ |
| လွှတ်မြောက်ခြင်းအပြားငါးပါး | — | ၂၂၅ |
| ပါရမီဆယ်ပါး အပြားသုံးဆယ် | .... | ၂၂၇ |
| စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါး | .... | ၂၂၈ |
| ဝေဿန္တရာမင်း အလှူကြီး ခုနစ်ပါး | .... | ၂၃၀ |
| နတ်တို့၏ ပုဗ္ဗနိမိတ်ငါးပါး သိနိုင်–မသိနိုင် | .... | ၂၃၂ |
| မဟာဝိလောကန (ကြည့်ခြင်းကြီး)ငါးပါး | .... | ၂၃၃ |
| ရှင်းငါးမျိုး ကြည့်ခြင်းအကြောင်းများ | .... | ၂၃၆ |
| ဘုရားပွင့်ရာ မဇ္ဈိမဒေသ ပမာဏနိမိတ် | .... | ၂၃၇ |
| ဘုရားရှင်များ ပဋိသန္ဓေစိတ်၊ စုတိစိတ် သိနိုင် မသိနိုင် | .... | ၂၃၉ |
| နိယာမတရား ငါးပါး | .... | ၂၄၁ |
| လောကန္တရိက်ငရဲအကြောင်းနှင့် အကျယ်ပမာဏ | .... | ၂၄၃ |
| မင်းမြောက်တန်ဆာငါးပါး ပုဗ္ဗနိမိတ်ကြီးငါးပါး | .... | ၂၄၅ |
| သဗ္ဗိဓ ဒေါသဝဇ္ဇီတ်အရ အပြစ်ခြောက်ပါး | — | ၂၄၇ |
| နှာပိဏ္ဍစာရိက ပရိဟာရိက မ်န်းမအာထူး | .... | ၂၄၈ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပြာသာဒ်သုံးဆောင်နှင့် ဝိပဿီဘုရား ယောကျ်ား ကင်းရကြောင်း | .... | ၂၄၃ |
| ဘုရားရှင် သတ္တာဟစံနေပုံ(၇)မျိုး | .... | ၂၅၁ |
| တဏှာအစစ်တရာ့ရှစ်၊ တဏှာဝိစရိတအဓိပ္ပာယ် | .... | ၂၅၇ |
| တထောင့်ငါးရာ ကိလေသာရေတွက်ပုံ | .... | ၂၅၈ |
| စက္ခုငါးပါးသရုပ် တရားကိုယ်တွဲပုံ | .... | ၂၅၉ |
| ကြာနှင့်တူသော ပုဂ္ဂိုလ်လေးမျိုး | .... | ၂၆၁ |
| အနုပုဗ္ဗိကထာ(ဒါနကထာစသည်)လေးမျိုး | — | ၂၆၃ |
| ဒါနမြင့်တင်ရေးတရားတော် | — | ၂၆၆ |
| သိကြားမင်း ခေါ်ကြောင်း | .... | ၂၇၂ |
| သုမေဓာသဘင် ပမာဏ၊ ပင်လယ်ကသစ်ပင် ပမာဏ | .... | ၂၇၇ |
| သိကြားမင်းပလ္လင်-ထီး ခရုသင်း ဆင် အလံ ရထား ပမာဏများ | .... | ၂၇၇ |
| ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ ပမာဏ | — | ၂၈၀ |
| ဆနိသင္ဂဒေါ်သ ဝဇ္ဇေတွာဥ္ဈ အပြစ်ခြောက်ပါး | — | ၂၈၁ |
| ရှင်အာနန္ဒာပဋိစ္စသမုပ္ပာဒ်ပေါ်လွင်ထင်ရှားကြောင်း | .... | ၂၈၃ |
| ငါးကြီးရှစ်ကောင် ပမာဏ ဂဠုန်မင်းပမာဏ | .... | ၂၈၄ |
| ရာဟုအသူရိန် နတ်ကြီးပမာဏ | .... | ၂၈၆ |
| ပဒုမုတ္တရဘုရား၏ ကြာ၏ကြီးကျယ်ပုံ | .... | ၂၇၃ |
| ဂမ္ဘီရ အပြားလေးပါး အဓိပ္ပာယ် | .... | ၂၉၁ |
| တဏှာဝိနိစ္ဆယ ဝိဂ္ဂဟနှင့်ဝိဝါဒအထူး | .... | ၂၉၈ |
| ဓူဝေးခြင်းသုံးပါး၊ ပထ သုံးပါး | .... | ၂၉၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သဒ္ဓါစစ် သဒ္ဓါမှန်လေးပါး | .... | ၃၀၉ |
| ဗဟုသုတ ပုဂ္ဂိုလ်နှစ်မျိုး | .... | ၃၁၁ |
| ဝီရိယာရမ္ဘ ဝီရိယဖြစ်ကြောင်း ရှစ်ပါး | .... | ၃၁၃ |
| ဗောဇ္ဈင်ခုနစ်ပါး လက္ခဏာ ဖြစ်ကြောင်းများ | .... | ၃၁၇ |
| ကမ္မသုံးမျိုးအမိပ္ပာယ် | .... | ၃၂၅ |
| ခွဲဝေခြင်း နှစ်မျိုး | .... | ၃၂၇ |
| သီလ ညစ်ညူးကြောင်းများ | .... | ၃၂၈ |
| သီလဂုဏ်ရှစ်ပါး သရုပ်အဓိပ္ပာယ် | .... | ၃၃၀ |
| အမ္ဗပါလီ ဂဏိကာဝတ္ထုအကြောင်းပြမျာ း | .... | ၃၃၂ |
| ရဟန္တာအရှင်မြတ်တို့၏ ပရိနိဗ္ဗာန်စံရာအရပ်များ | .... | ၃၃၉ |
| မာရ်ခြင်း၏ အမည်များ မာရယာစနကထာ | .... | ၃၄၄ |
| သူကရမဒ္ဒဝ-အဓိပ္ပာယ်အဆုံးအဖြတ် | .... | ၃၅၁ |
| မိုးကြိုးအပြား ကိုးပါးသရုပ်အဓိပ္ပာယ် | .... | ၃၅၂ |
| ပက္ကုသ ပုဆိုးကို ရှင်အနန္ဒာအလှူခံရကြောင်း | .... | ၃၅၆ |
| ဆွမ်းနှစ်မျိုး အထူးမှတ်သားဖွယ် | .... | ၃၅၅ |
| ဘုရားရှင်၏ အားတော်ဆယ်တန်ဆိုတာ ဘာလဲ | .... | ၃၆၀ |
| ဆင်ဆယ်မျိုး သရုပ်ပြဂါထာ | .... | ၃၆၀ |
| သေယျ (အိပ်ခြင်း) လေးမျိုး | .... | ၃၆၂ |
| မဟာသာလ (သူကြွယ်ကြီး) သုံးပါးသရုပ် | .... | ၃၆၇ |
| တူရိယာငါးပါး သရုပ်အဓိပ္ပာယ် | .... | ၃၆၉ |
| ကောက်ဦးလှူခြင်း ကိုးမျိုးသရုပ် | --- | ၃၇၁ |
| ကောက်ဦး လှူရခြင်း အကျိုးရှစ်မျိုး | .... | ၃၇၃ |
| ကာလဒါန ငါးမျိုးခေါ် ပျိုးငါးခင်း | — | ၃၇၃ |

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပရိနိဗ္ဗာန် ၂-မျိုး၊ ၃-မျိုး အဓိပ္ပာယ် | — | ၃၇၅ |
| သောတာပန် သကဒါဂါမ် ငိုကြွေးကြောင်း | .... | ၃၇၈ |
| ခေတ်တော်အဆင်းနှင့် ပမာဏ | .... | ၃၈၀ |
| စကြာရတနာခုနစ်ပါး အဓိပ္ပာယ်အကျယ် | .... | ၃၈၂ |
| ဣဒ္ဓိပါဒ်လေးပါး အဓိပ္ပာယ်အကျယ် | .... | ၃၉၇ |
| ဥပုသ်အပြားနှင့် ဥပုသ်အဆုံးအဖြတ် | .... | ၀၃ |
| လူ့ပြည်၌ ဥပုသ်စောင့်မစောင့်နတ်တို့စာရင်းယူပုံ | .... | ၄၀၉ |
| ဆန္ဒအပြားငါးပါး | .... | ၄၁၃ |
| မာဃလုလင်၏ မယားလေးယောက် ပြုသောကုသိုလ် | | ၄၁၅ |
| ပပဉ္စတရားသုံးပါး လိုအပ်သောပပဉ္စ | .... | ၄၁၆ |
| နေက္ခမ္မမည်ကြောင်း ရှာမှီးခြင်း ၂-မျိုး | .... | ၄၂၁ |
| ဆွမ်းမခံစားကောင်းသော သရုပ် ခြောက်ပါး | .... | ၄၂၄ |
| မဟာသတိပဋ္ဌာနသုတ်ကို ဟောတော်မူရကြောင်း | .... | ၄၂၇ |
| မဟာသတိပဋ္ဌာန်၏ ဧကာယနမည်ပုံ | .... | ၄၂၈ |
| မဂ်အချင်းချင်းမြတ်ပုံ | .... | ၄၂၈ |
| သတိပဋ္ဌာန်မည်ကြောင်း ဝိဂ္ဂဟများ | .... | ၄၂၉ |
| လေးပါးအောက်-အယုတ်အထက်မဟောကြောင်း | .... | ၄၃၀ |
| သတိပဋ္ဌာန်လေးပါးနှင့် ပုဂ္ဂိုလ်များဝိပလ္လာသ | .... | ၄၃၃ |
| စတုရာရက္ခတရားလေးပါး | .... | ၄၄၁ |
| သိဝထိကအပြား ၉-ပါးပဗ္ဗအပြား ၄-ပါး | .... | ၄၄၂ |
| သရာဂစိတ်စသည်နှင့် တရားကိုယ်တွဲပြပုံ | .... | ၄၄၅ |
| သံဝေဂဝတ္ထု ရှစ်ပါးသရုပ် | .... | ၄၃၄ |
| လူ့နံ့ကို နတ်တို့ခံနိုင် မခံနိုင် | .... | ၄၃၆ |

အကြောင်းအရာ စာမျက်နှာ

## သုတ်ပါထေယျ ပါဠိတော်

ဘုရားရှင် တန်ခိုးပြာဋိဟာ ငါးပါး .... ၄၄၇
ကဋ္ဌာရတက္ကတွန်း၏ ကျင့်ဝတ် -ခုနစ်ပါး .... ၄၄၉
မဂ်ဖိုလ်၏ ဖီလာကန့်လန့်စကားများ .... ၄၅၁
တပဿီပုဂ္ဂိုလ် စောင့်စည်းခြင်းလေးမျိုး .... ၄၅၁
ဗိဇဂါမ်အပြား ငါးပါး .... ၄၅၂
တပဿီပုဂ္ဂိုလ်၏လက္ခဏာ .... ၄၅၃
စက္ကဝတ္တိသုတ်၊ စကြာမင်း ကျင့်ဝတ်များ — ၄၅၄
အသက် ငါးရာ ရှည်သူတို့၏ ဖြစ်ပေါ်ရာ
တရားသုံးပါး .... ၄၅၆
(အဓမ္မရာဂ-ဝိသမလောဘ မိစ္ဆာဓမ္မ။) .... ၄၅၇
အသက်ရှည်ခြင်းစသည့်အကြောင်းအရာများ .... ၄၅၉
အရဟတ္တဖိုလ် ခွန်အားသည်သာ ခွန်အားဟုမြင်ပုံ .... ၄၆၂
အသေဝိတဗ္ဗ-မမှီအပ်သောတရားဆယ်ပါး .... ၄၆၃
ရှင်သာရိပုတ္တရာ၏ ရဲရင့်သောစကားသံ .... ၄၆၆
ဂမ္ဘာဝေါက္ကန္တိ-အမိဝမ်း ပဋိသန္ဓေနေပုံလေးပါး — ၄၆၇
တိုက်ရိုက်ညွှန်းခြင်း အစီအရင်လေးပါး
(စတဿော ဘန္တေ အာဒေသနာဝိဓာ) .... ၄၆၉
သတ္တိမေ ဘန္တေ ပုဂ္ဂလာ-ပုဂ္ဂိုလ်ပညတ်ခြင်း
ပုဂ္ဂိုလ်လေးပါး .... ၄၇၀
အကျင့်ပဋိပဒါလေးပါး .... ၄၇၁
သံဂါယနာတင်အပ်သောတရား .... ၄၇၃
ပစ္စည်းလေးပါး ခွင့်ပြုကြောင်းများ .... ၄၇၃

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ယုတ်မာသောချမ်းသာခြင်း အကျင့်လေးပါး (ချမ်းသာခြင်း၏ အားထုတ်ခြင်းအကျိုးများပါ၏) | .... | ၄၇၄ |
| မလွန်ကျူးထိုက်သောတရား ကိုးပါး | .... | ၄၇၇ |
| လက္ခဏသုတ်လာ လက္ခဏာတော်အကြောင်း အကျိုးများ(တရားဟောရန်ကောင်း၏) | .... | ၄၇၈ |
| သိင်္ဂါလသုတ် စည်းစိမ်ပျက်ကြောင်းတရားစသည် | .... | ၄၉၉ |
| ပစ္စည်းလေးပုံပုံ ခွဲသုံးပုံ အရပ်ခြောက်ပါးသိပါ | .... | ၅၁၈ |
| ဒိဘုဝတ် သားသမီးဝတ် စသည်အမျိုးမျိုး | .... | ၅၂၁ |
| သင်္ဂဟတိသုတ် တိကတရားသုံးပါးစုံစသည် | .... | ၅၃၄ |
| အတ္တဟိတ ပရဟိတပုဂ္ဂိုလ်လေးမျိုး | .... | ၅၃၇ |
| ဂတိငါးပါး မစ္ဆရိယငါးပါး ဗျသနငါးပါး | .... | ၅၄၁ |
| ဘုရားအားထုတ်မှုငါးပါး | .... | ၅၄၃ |
| အဂါရဝတရား ၆-ပါးစသည် မသူတော်၊ သူတော်တရား | .... | ၅၄၅ |
| ရဟန္တာဖြစ်ကြောင်း ခုနစ်ပါး | .... | ၅၇၄ |
| ဒါနဖြစ်ကြောင်း တရားရှစ်ပါး(လက်ာ) | .... | ၅၄၉ |
| ရန်ညှိုးဖွဲ့ကြောင်းကိုးပါး(အာဃာတဝတ္ထု) | .... | ၅၅၀ |
| ဒသုတ္တရသုတ် ၁၀-ပါးစုတရားများ | .... | ၅၅၃ |

## သုတ်ပါဠိထေယျအဋ္ဌကထာ

| | | |
|---|---|---|
| ကာဠကဉ္စိကပြိတ္တာအမိပ္ပာယ် | .... | ၅၆၃ |
| ကြောက်လန့်ခြင်းလေးမျိုး | .... | ၅၆၄ |
| ခြသေ့်လေးမျိုး | .... | ၅၆၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သုံးယပ်ခြင်းသုံးမျိုး (တဏှာ-မာန-ဒိဋ္ဌိ) | .... | ၅၆၉ |
| သူကြွယ်အင်္ဂါ ၆-မျိုး | .... | ၅၇၀ |
| စက္ကဝတ္တိသုတ် မာရ်ငါးပါးအဓိပ္ပာယ် | .... | ၅၇၂ |
| ဝဋ္ဋ ဝိဝဋ္ဋကုသိုလ် | .... | ၅၇၅ |
| ခန္တီအပြားသုံးပါး | .... | ၅၇၇ |
| စကြဝတေးမင်း ကျင့်ဝတ်လက်ာ (မဃဒေဝလင်္ကာ) | .... | ၅၈၀ |
| ကပ်သုံးပါးနှင့် ဖြစ်ရာဘုံများ | .... | ၅၈၂ |
| လနေဖြစ်ပေါ်ပုံ ပမာဏသွားရာခရီးသုံးမျိုး | .... | ၅၈၄ |
| ပဋိသမ္ဘိဒါ လေးမျိုးသရုပ်အဓိပ္ပာယ် | .... | ၅၈၈ |
| ပစ္စဝေက္ခဏာဉာဏ် ၁၉-တန် | .... | ၅၉၀ |
| ပိဋကသုံးပုံ ကွယ်ပုံ | .... | ၅၉၇ |
| ပရိနိဗ္ဗာန်သုံးမျိုး (ယခင်လဲပြပြီး)၌ာန – | .... | ၅၉၉ |
| ပီတိငါးမျိုးသရုပ်အဓိပ္ပာယ် | .... | ၆၀၀ |
| သီလဖြူစင်ကြောင်း တရားသုံးပါး | .... | ၆၀၁ |
| ယာမကလိက အဖျော်ရှစ်ပါး | .... | ၆၀၆ |
| အနုလောမ အဖျော်ခြောက်ပါး | .... | ၆၀၇ |
| ပညာအပြား အထူးများ | .... | ၆၀၉ |
| မြတ်စွာဘုရား၏ အသံတော်ရှစ်ပါး | .... | ၆၁၀ |
| သေရည်ငါးမျိုး အရက်ငါးမျိုး | .... | ၆၁၃ |
| လွန်ကျူးခြင်း ငါးမျိုး | .... | ၆၁၅ |
| ပရိတ်ရွတ်ဖတ် အင်္ဂါစသည် အကျိုးရှိမရှိ | .... | ၆၁၉ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သင်္ဂီတိသုတ် အသညသတ်ဘုံ၌ အာဟာရရှိသင့်မရှိသင့်.... | | ၆၂၄ |
| ရေသူ ရေသားများ၏ အာဟာရ | .... | ၆၂၇ |
| အာဟာရလေးပါးနှင့် ဘုံဝေဖန်ပုံ | .... | ၆၂၉ |
| လောကပါလ (ဟိရိဩတ္တပ္ပ)တရား ၂-ပါး | .... | ၆၃၀ |
| ဟိရိဩတ္တပ္ပဖြစ်ကြောင်းများ | .... | ၆၃၁ |
| အကောက်သုံးပါး အဓိပ္ပာယ် | .... | ၆၃၂ |
| ဝိတက် သက်ပ္ပ လေးပါး သုံးပါး | .... | ၆၃၆ |
| သက္ကာယဒိဋ္ဌိ(၂၀)သရုပ်နဲ့ပုံ | .... | ၆၃၈ |
| ယုံမှားခြင်းရှစ်ပါးသရုပ် | .... | ၆၃၉ |
| သံဝရတရား ငါးပါး မာန်တက်ခြင်းသုံးပါးကိုးပါး | .... | ၆၄၀ |
| မီးသုံးပါးတဆယ့်တပါးသရုပ်တနည်းမီးသုံးပါး | .... | ၆၄၅ |
| သင်္ဂဟအပြား လေးပါးနှင့် အဓိပ္ပာယ်တတ္တ | .... | ၆၄၈ |
| သင်္ခါရအပြားသုံးပါး တရားကိုယ် | .... | ၆၅၀ |
| ပုညကြိယဝတ္ထုဆယ်ပါး ဒါန သီလ ဘာဝနာ၌သွင်းပုံ | .... | ၆၅၁ |
| နတ်ပြည်ခြောက်ထပ်၌ ကာမကိစ္စရှိ မရှိ | .... | ၆၅၃ |
| အာဝုဓ(လက်နက်)သုံးပါးစသည်သရုပ်များ | .... | ၆၅၄ |
| သတိသမ္ဗောဇ္ဈင်တရားခုနစ်ပါး | .... | ၆၆၁ |
| သန္တောသ(ရောင့်ရဲခြင်း)စီဝရ(သင်္ကန်း) ၆-မျိုး | .... | ၆၆၂ |
| ဓုတင်အကျင့် တဆယ့်သုံးပါး | .... | ၆၆၈ |
| ဆွမ်း(၂၅)ပါး သေနာသန(၁၅)ပါး | .... | ၆၆၉ |
| အဂမနီမ(မသွားလာသင့်)ဝတ္ထု(မိန်းမ) ၂၀ | .... | ၆၇၆ |


မာတိကာပြီး၏။

# အမှာစာ

## ဤကျမ်းစာ ဖြစ်ပေါ်လာပုံ

၁။ အချိန်မှာ ၁၃၂၀-ခုနှစ်၊ နေရာမှာ မန္တလေးမြို့၊ မတောင်ပြင် ရွှေရေးဆောင် ကျောင်းတိုက်ဖြစ်သည်။ ထိုစဉ်တွင် ဤကျမ်းပြု အရှင်သည် တိပိဋကဓရ စာမေးပွဲနှင့် ဓမ္မာစရိယ စာမေးပွဲဝင် ပုဂ္ဂိုလ်များအတွက် စာပို့ချနေသည်။ ယင်းသို့ ပို့ချရာတွင် သုတ်မဟာဝါ ပါဠိအဋ္ဌကထာနှင့် သုတ်ပါထေယျ ပါဠိ အဋ္ဌကထာ များလည်း ပါဝင်သည်။ စာလိုက် သံဃာများ လွန်စွာနှစ်ခြိုက်ကြသည်။

(က) စာဝါ အချိန်မှန်သည်။

(ခ) ဝါကျပိုင်သည်၊ (ဝါကျမပိုင်၊ စာမကိုင်နှင့်၊ ဝါကျ ပိုင်မှ၊ စာပိုင် စာနိုင်သည်။)

(ဂ) စာနိုင်သည်။

(ဃ) ပြဋ္ဌာန်းချက်များနှင့် လိုက်လျောအောင် ပို့ချနိုင် သည်။

(င) စာမေးပွဲမေးခွန်းကောင်း များကို လည်းကောင်း၊ အလားတူ မေးခွန်းများကိုလည်းကောင်း ရှင်း လင်းစွာ ဖြေကြား ပြသသည်။

(စ) မည်သည့်မေးခွန်းမျိုး လာမည်ကို ခန့်မှန်းနိုင်သည် ဟူသော ဂုဏ်သတင်းသည် စာသင်သား လောကမှတဆင့် ဒကာ ဒကာမများအထိ ပျံ့သင်းသွားသည်။

၂။ ထို့ကြောင့် မန္တလေးမြို့၊ ၈၄လိဗထူးလမ်း၊ ဆင္ဃသင်္ဂါယနာတင် စာအုပ်ကိုယ်စားလှယ် စကြာမင်း သက်န်းနှင့် စာအုပ်ဆိုင်ပိုင်ရှင် မောင်ဘသိန်းနှင့် မညွန့်ရီတို့က ဤကျမ်းပြု အရှင်ဘံ "ချုပ်ပိုနေဆဲ စာဝါများ ဆိုင်ရာ –ကျမ်းစာတအုပ် ရေးသားချီးမြှင့်ရန်" တောင်းပန် လျှောက်ထားလာသည်၊ ဤကျမ်းပြု အရှင် အနေဖြင့်လည်း ပို့ချဆဲစာဝါများနှင့် သက်ဆိုင်သည့် ကျမ်းစာအုပ် ရေးသားချီးမြှင့်ရန် ရည်ရွယ်ချက် ရှိထားသည်၊ ယင်းအကြောင်းများကြောင့်ပင် ဤ"မဟာဝဂ္ဂဒီနိတိကျမ်း" ဖြစ်ပေါ်လာသည်။

## ဤကျမ်းစာကို ပြုစုပုံ

၃။ သုတ်မဟာဝါပါဠိ–အဋ္ဌကထာ၊ သုတ်ပါထေယျပါဠိ–အဋ္ဌကထာတို့၌ လာရှိသည့် အကြောင်းအရာ အချက်အလက် သရုပ်နှင့် အဓိပ္ပာယ်များကို လွယ်ကူစွာ သိရှိနိုင်ရန် တိပိဋကရေ၊ စာမေးပွဲနှင့် ဓမ္မာစရိယ စာမေးပွဲဝင် ပုဂ္ဂိုလ်များအတွက် အထောက်အကူပြုနိုင်ရန်–

(က) လိုရင်းကို တိုတိုကျဉ်းကျဉ်း ဖော်ပြထားသည်။

(ခ) စကားပြေများ၊ ဆောင်ပုဒ်များနှင့် ရှင်းလင်းချက်များ ပါရှိသည်။

၄။ **ဤအကြောင်းအရာအသီးသီးကို** သိရန်-မှတ်သားရန် အတွက် သက်ဆိုင်ရာ ပါဠိ အဋ္ဌကထာကို ကြည့်ရှုပါက ပါဠိ ကျမ်းကျင်သော ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ အချိန်တိုတိုဖြင့် ကိစ္စပြီး နိုင်မည်မဟုတ်ပါ၊ ဤကျမ်းမှာ အကြောင်းအရာအချက်အလက် အသီးသီးကို စိကာ စဉ်ကာ မြန်မာပြန်၍ တကန့်စီ- တကန့်စီ ပြဆိုထားသဖြင့် အချိန်တိုတိုဖြင့် လိုအပ်သော အချက်ကို ဒက် ကနဲ ဒက်ကနဲ သိနိုင်မည်ဖြစ်သည်။

၅။ ဆန်နှင့်ဟင်းလျာကိုကိုယ်တိုင်ချက်မည်ဆိုပါက အချိန် တိုတိုဖြင့် စားရမည်မဟုတ်ပါ၊ ခူးပြီးသားထမင်း ခပ်ပြီးသား ဟင်းကို စားပွဲပေါ် တင်ပေးထားပါက ချက်ချင်းစားရမည် ဖြစ်ပါသည်။ ဤကျမ်းပြုအရှင်သည် သုတ်မဟာဝါ၊ သုတ်ပါ ထေယျ ပါဠိ အဋ္ဌကထာလာ သရုပ်-အဓိပ္ပာယ်တည်း ဟူသော ထမင်း ဟင်းကို ခင်းကျင်းထားသော စားပွဲတည်း ဟူသော စာချ, စာသင်နှင့် သူတော်သိတို့တို့၏ မျက်မှောက် နေရာသို့ အရောက်ပို့ပေးထားခြင်း ဖြစ်သည်။

## ကျမ်းပြုအရှင်၏ အကြောင်းအကျဉ်း

၆။ ဤကျမ်းပြုအရှင်၏ ဇာတိဒေသမှာ ရမည်းသင်းမြို့နယ် ထိန်ကန်ရွာဖြစ်သည်။ ဤအမှာစာ ရေးသားသူသည်လည်း ရမည်းသင်းနယ်သားပင်ဖြစ်သဖြင့် ဤကျမ်းပြုအရှင်ကိုရှင်သာမ ဏေ ဘဝကတည်းက သိကျွမ်းခင်မင်ခဲ့ပါသည်၊ ဉာဏ်ကောင်း သည်၊ စာကြိုးစားသည်ဟု ထင်ရှားသည်၊ မျက်နှာအသွင် ကြည် ရွှင်ငြိမ်းချမ်း၍ စာပေရိပ်လွှမ်းနေသည်ဟု ထင်ရသည်။

၇။ သံဓကာင်းသောစားသည် စားသွေးကောင်းသူများက သွေးလိုက်သောအခါ ကောင်းစွာထက်မြက် လာသကဲ့သို့ ပါရမီရှိ၍ သံဓကာင်းသောစားသဖွယ် ဖြစ်သော ဤအရှင်သည်လည်း အသင်အပြကောင်း၍ စားသွေးကောင်းသူများဟု ဘင်စားနိုင်သော ဆရာသမားတို့က သွေးလိုက်သဖြင့် ထက်မြက်လာသည်၊ ငယ်-လတ်-ကြီး ဓမ္မာစရိယ(စာချ)တန်း အသီးသီး ပြီးစီးအောင်မြင်ခဲ့သည်။

ဤအရှင်ကို သင်ပြပေးကြသည့် ဆရာတော်များ

၈။ ရွှေရေးဆောင် ဆရာတော် ဦးပဏ္ဏ၊
တောင်သမန် ဦးကေသ၊
မိုးကောင်းတိုက်၊ ညောင်ရမ်း ပါဠိတက္ကသိုလ်၊ဝိသိဋ္ဌဓိပတိ၊ ဒိဿနိကာယကောဝိဒ ဘဒ္ဒန္တဉာဏာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ယခုနိုင်ငံတော် သံဃမဟာနာယက (တက်ိယ အဖွဲ့ခွဲ)ဒုတိယဥက္ကဋ္ဌစသော ဆရာတော်များထံ နည်းခံသင်ကြားလာခဲ့ပါသည်။

စာပေပို့ချခြင်း

၉။ ၁၃၁၇-၁၈-၁၉-၂၀-ခုနှစ်များတွင်၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်၌ ပခုက္ကူနိကာယ ဂဏဝါစက စာချအဖြစ်ဖြင့် နေ့ဝါ ညဝါများကို ပို့ချခဲ့ပါသည်။

၁၃၂၀၊ ၂၁-ခုနှစ် များတွင် မန္တလေးမြို့၊ တောင်ပြင်၊ ရွှေရေးဆောင်တိုက်သို့ ပြန်ရောက်၍ စာချခဲ့ပါသည်။

၁၃၂၅-ခုနှစ်သို့ရောက်သောအခါ မန္တလေးမြို့ တောင်ပြင် ဓမ္မိကာရာမ တိုက်သို့ ရွှေ့ ပြောင်း ပြီး အများ စုပေါင်း၍ ကောင်းမှုပြုထားသော ရွှေသင်းဓမ္မာစရိယကျောင်း၌ သီတင်း သုံးလျက် ကိုယ်တိုင်ဆွမ်းခံစားပြီး နေ့ဝါညဝါများကို ပို့ချခဲ့ ပါသည်။

ပါဠိတက္ကသိုလ် ကထိကအဖြစ် မယူပဲ သီးခြား အဖြစ်ဖြင့် စာချခဲ့သည်။ စာလိုက်သံဃာ ၁၀၀-ကျော်ကျော် ရှိပြီး "ရွှေသင်း ဘုန်းကြီး" ဟု ကျော်ကြားလာခဲ့ပါသည်။

ပြုစုခဲ့သောကျမ်းများ

၁၀။ ယမကာနီတိကျမ်း-ပထမတွဲ၊ (၁၃၂၀-ခုနှစ်)
။ ဒုတိယတွဲ၊ (၁၃၂၃-ခုနှစ်)
၎င်း"မဟာဝဂ္ဂဒီနီတိကျမ်း"(၁၃၂၁-ခုနှစ်၊ မန်းရာပြည့်အမိ)

ရမည်းသင်းရွှေမြင်တင်ဘုရား တောင်တော်သမိုင်းသစ်၊
မေတ္တာမဉ္ဇူကျမ်း၊
ရွှေသင်း ပါရာဇိကာဏ်ပုစ္ဆာ(၁၀၀) အဖြေလင်္ကာကျမ်း၊
။ အဋ္ဌသာလိနီပုစ္ဆာ(၁၀၀) အဖြေလင်္ကာကျမ်း။

တောင်အရပ် လူတက်မဝင်သာ

၁၁။ ပေါ်ပြူပါ ဇကားပုံနှင့် စပ်လျဉ်း၍ အဓိပ္ပာယ် ၃-မျိုး ရှိပါသည်။

(က) မန္တလေး တောင်ပြင်သည် ကျမ်းဂန် စာပေ အလွန်တတ်ကျွမ်းသော အရှင်မြတ်များ၏ နေရာဖြစ်သည်။ တောင်ပြင်၌ စာငြင်းသံ ကြားလျှင် ဝစီ၍မပြေရှင်းချင်ပါနှင့်၊ သာမန်ခက်ခဲသော ပြဿနာ မဟုတ်ကြောင်း သိထားပါ။ တောင်ပြင် ပညာရှင်များပင် အငြင်း ပွားရသော ပြဿနာမှာ အလွန်ခက်ခဲသည်ဟု ရိပ်မိဖို့ လိုအပ်ပါသည်။ လူတတ် လုပ်၍ ဝင်ပြောလျှင် အမေ်သော အဖတ်တင်မည်၊ ပြဿနာကား ပြေလည်မည်မဟုတ်။ ထို့ကြောင့်—

"တောင်အရပ် လူတတ်မဝင်သာ"

ဟု ဆိုရိုးရှိခဲ့ခြင်း ဖြစ်ပါသည်။

(ခ) နောက်အဓိပ္ပာယ်တမျိုးမှာ—မြို့ပေယ်နှင့် တောလက်ကျေးရွာ ကျောင်းများ၌ စာပေ ချပို့နေလျှင် ကျော်ကြား လာနိုင်သည်။ မန္တလေးမြို့သို့၊ အထူးသဖြင့် မန္တလေး တောင်ပြင်သို့ကြွရောက်၍ စာပေချပို့လျှင် ကျော်ကြားဖို့ခဲယဉ်းပါသည်။ လျှမ်းလျှမ်းတောက် ပိဋကတ်ပညာရှင်များအကြား၌ နစ်မြုပ် သွားနိုင်ပါသည်။ ထို့ကြောင့်လည်း—

"တောင်အရပ် လူတတ်မဝင်သာ"

ဟု ဆိုရိုးရှိခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

## တောင်အရပ် လူတတ်ဝင်ပြီ

၁၂။ ဤကျမ်းပြုအရှင်သည် စေတနာအပြည့်အဝဖြင့် စာပေပို့ချသည်။ သာသနာတော်အတွက် ကျေးဇူးများသည့် ကျမ်းစာများကို ပြုစုရေးသားသည်။ စာချစေ့စပ်သည်၊ စာသင်သားတို့၏ လိုအပ်ချက်ကို ဖြည့်ပေးနိုင်သဖြင့် စာသင်သားအဆင့်ဆင့်သို့ သတင်းပျံ့သင်းလာသည်၊ စာသင်သားများမှတဆင့် ဆရာ-ဒကာမြောက်မြားစွာတို့က ဤကျမ်းပြုအရှင်ကို သိရှိလာကြသည်။ "ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော" ဖြစ်လာသည်။ စာချကောင်းတပါးဟု ကျော်ကြားလာသည်။

"ပန်းသတင်း လေညှင်းဆောင်၊ ရဟန်းသတင်း ရဟန်းချင်းဆောင်"သောကြောင့်ပေတည်း။

## ထင်ပေါ်၍ ဝင်တော်ကကောက်

၁၃။ ဤကျမ်းပြုအရှင်သည် မိမိ၏ ဆန္ဒ စိတ္တ ဝီရိယ ဝီမံသ အသီးသီးကို အရာဌာနအလိုက် ဖန်တီးအသုံးပြုနိုင်စွမ်းသဖြင့် အခန်းခန်းအဆင့်ဆင့် မြင့်သထက်မြင့်လာပြီး ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ) တွင် ပါဝင်သော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ဘုရား ဖြစ်လာခဲ့လေပြီ။

## တံခွန်ပမာ ဤကျမ်းစာ

၁၄။ အဆိုပါကျမ်းပြုအရှင်၏ ဂုဏ်အင်္ဂါနှင့် ကျမ်းစာ၏ ကောင်းမွန်ပုံကို မျက်ဝါးထင်ထင် မြင်သိတန်သာစေက်မြင်စေအောင်

ဖော်ပြခဲ့ပါပြီ။ ကောင်းမွန်ကြောင်းရေးသားသော အမှာစာကို ဖတ်ရှုရခြင်းထက် ကောင်းမွန်သော ဤကျမ်းစာကို ဖတ်ရှုရခြင်းက မနှိုင်းပြနိုင်လောက်အောင် သာလွန်၍ ကျေးဇူးများနိုင်သဖြင့် မြှိုင်မြှိုင်ဆိုင်ဆိုင်ပြုစုထားသော ဤကျမ်းစာတည်းဟူသော အလံတံခွန်ကို ဖတ်ရှုသူတို့၏ ဉာဏ်အမွန်၌ အလွန်မြင့်မားစွာ စိုက်ထူနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

(ထွန်းလွင်)
ဓမ္မာစရိယ သီရောမဏိ
စာပေစိစစ်ရေးမှူး
သာသနာရေးဦးစီးဌာန

# နိဒါန်း

'မဟာဝဂ္ဂဒိနိတိ'သည် သုတ်မဟာဝါ, ပါထေယျ ပါဠိတော် အဋ္ဌကထာတို့၏ အနှစ်သာရများကို ဖော်ပြရာ ကျမ်းတကျမ်း ဖြစ်သည်။

'ယောကျ်ားကောင်း တယောက်၏ အနှစ်သာရကား နီတိကျမ်းဖြစ်သည်'ဟု ပင်းယခေတ်ပေါ် ပညာကျော်တဦးဖြစ်သူ စတုရင်ဗိုလ်မင်း မိန့်မှာဖူးသကဲ့သို့ မဟာဝဂ္ဂဒိနီတိကျမ်းသည် စာသင့်စာချ မေ့မကာထိကာတို့၏ အနှစ်သာရဖြစ်လိမ့် သတည်းဟု ကျွန်ုပ်တို့က ဆိုအပ်၏။

ရှင်မဟာကစ္စည်းမထေရ်မြတ်၏ ပိဋကနည်းပြ 'သဒ္ဒမ္မနေတ္တိ' ကျမ်းမြတ်သည် ဝေနေယျသန္တာန် တို့၌ အရိယဂုဏ် တို့ကို ဆောင်တတ်, ဆောင်ကြောင်း,ဆောင်ရာ (နယနဋ္ဌေဘတိ ဣဒံ ကတ္တု ကရဏာဝိကရဏ သာဓနာနံ သာဓာရဏ ဝစနံ။ နေတ္တိဋ္ဌီကာဟောင်း။) ဖြစ်သကဲ့သို့ မဟာဝဂ္ဂဒိနီတိကျမ်းသည်လည်း အရိယဂုဏ်တို့ကို ဆောင်တတ်, ဆောင်ကြောင်း, ဆောင်ရာဖြစ်လိမ့်သတည်း။

(နီ=နယန)

မဟာဝဂ္ဂဒိနီတိကျမ်းသည် ရှင်လူရဟန်းတို့၏ ကာယကံ သောင်းကျန်းမှု, ဝစီကံ သောင်းကျန်းမှုတို့ကို 'ဆုံးမ' လိမ့် သတည်း။

(နီ=ဒမန)။

## နိဒါန်း

ယင်းကျမ်းသည် ရှင်လူရဟန်းတို့၏ အဘိဓမ္မာ ဒေါမနဿ စသော တရားဆိုးတို့ကို နှိမ်ချိုး 'ဖျက်ဆီး' လိမ့်သတည်း။

(နီ=နာသန)။

ယင်း ကျမ်းသည် ရှင်လူ ရဟန်းတို့၏ သန္တာန်၌ မြေရိုင်း မြေကောသဖွယ် ဖြစ်နေသော တရားဆိုးများ လွှမ်းမိုးရှုပ်ထွေး နေသည်ကို ညက်ညက်ညောညောရှိအောင် လယ်သမားသဖွယ် 'ထွန်ယက်' လိမ့်သတည်း။

(နီ=ကသန)။

ယင်းကျမ်းသည် တသွင်သွင် တတွေတွေစီးဆင်းနေသော ရေအလျဉ်ကဲ့သို့ သာသနာခေတ်ရှိသရွေ့ စာပေ လောက၌ အစဉ်အဆက်လက် မပျက်ပြယ်ပွား 'ထွန်းကား' လိမ့်သတည်း။

(နီ=ပဝတ္တန)။

ယင်းကျမ်းသည် ကျယ်ဝန်း လှသော သုတ်မဟာဝါ ပါထေယျ ပါဠိတော် အဋ္ဌကထာ ကြီးများ၌ ရှိသော လိုရင်း အချက်ကို လက်ညှိုးထိုးသကဲ့သို့ 'ညွှန်ပြ' လိမ့်သတည်း။

(နီ=နိဒဿန)။

ယင်းကျမ်းသည် ရှင်လူရဟန်းတို့ကို သီလ, သမာဓိ, ပညာ အရိယာဂုဏ်ကျေးဇူးအားဖြင့် နိဗ္ဗာန်သို့ ထိုက်သည်အားလျော်စွာ 'ကိုင်းရှိုင်း' စေလိမ့်သတည်း။

(နီ=နမန)။

နိ နယေ ဒမနေ နာသေ၊
ကဿနေ ပဝတ္တေရပိ။

နိဒဿနေ နမနေပိ၊
ပဝတ္တတိ ယထာရဟံ။ ။

(နိရုတ္တိသာရမဉ္ဇူသာဋီကာ)

သုတ်မဟာဝါ၊ ပါထေယျပါဠိတော်၊ အဋ္ဌကထာတို့၏ အခက်အခဲ များသော နိဿရည်းဟောင်းများ ကွယ်ပျောက်ခဲ့ပြီး နောက် ရှင်ဂုဏာဝဍ္ဎိသကာ၏ နိဿရည်း၊ မဏိရတနာနေရင်းဆရာတော် ၏ နိဿရည်း (၁၁၁၅-ခု) ဒုတိယ ဗားကရာဆရာတော်၏ အဋ္ဌကထာနိဿရည်း(၁၁၉၆-ခု)များ တခေတ်ပြီး တခေတ် ထွန်းကားလာခဲ့သည်မှာ မှန်သော်လည်း 'ပါဠိတချက်—အနက် တကျော့' ဘာသာပြန်နည်းအားဖြင့်သာ ရှိခဲ့သည်။

ကမ္ဘာကျော် အဘိဓမ္မာဆရာ, ဘာသာပြန်ဆရာ, စာရေး ဆရာကြီးတဦးဖြစ်သော ဘိက္ခုရာဟုလာသံကိစ္စည်းနှင့် ယင်း၏ မိတ်ဆွေဖြစ်သူ ဘိက္ခု ဇဂဒိသ ကဿပ(M.A.)တို့ ဘာသာ ပြန်ဆိုအပ်သော သုတ်သုံးကျမ်း ပါဠိတော် ဟိန္ဒီဘာသာပြန် ရိဇ်ဒေဗစ်စသော အနောက်တိုင်း ပညာကျော်တို့ ပြန်ဆိုအပ် သော သုတ်သုံးကျမ်း ပါဠိတော် အင်္ဂလိပ် ဘာသာပြန်များ ရှိသော်လည်း 'ပါဠိမဖက် အနက်သန့်သန့်' ဘာသာပြန် နည်း အားဖြင့်သာ ရှိခဲ့သည်။

# နိဒါန်း

အရှင်ဝိစာရာဘိဝံသ [သာသနဓဇ သိရိပဝရ ဓမ္မာစရိယ]၏ စီရင်ရေးသားအပ်သော မဟာဝဂ္ဂဒိနီတိကား သုတ်မဟာဝါ၊ ပါထေယျ ပါဠိတော် အဋ္ဌကထာ မှတ်စုမှတ်ချက်ဖြစ်၍ လိုရင်း အချက်အလက်များကို သိလိုသောပုဂ္ဂိုလ်များအတွက် လိုအပ်လှသော ကျမ်းထူးကဆူဖြစ်သည်။

အရှင်မြတ်သည်—

(၁) စန္ဒမဏ္ဍူသာလင်္ကာရ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ပုဘဆရာတော်၊

(၂) ဉာဏာသာရ ကိတ္တိဇယ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ကျော်အောင်စံထား ဆရာတော်၊

(၃) ဂုဏာဘိ အနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု—တံဆိပ်တော်၊ ဂုဏာဘိ အနန္တသိရီ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသောတံဆိပ်တော် နှစ်ထပ်ရ မင်းအိုဆရာတော်၊

(၄) ရှင်မည် နန္ဒမာလာ၊ တိပိဋက လင်္ကာရ သိရီဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ပဌမဗားကရာ ဆရာတော်၊

(၅) သူရိယဝံသာဘိ သိရီ ပဝရ လင်္ကာရ ဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ သဲအင်း သာသနာပြု ဆရာတော်၊

(၆) ဥဇ္ဈယျဓမ္မာ ဘိဝံသ သိရိ ပဝရာလင်္ကာရ ဓမ္မ သေနာ ပတိ မဟာ ဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဒုတိယ မောင်းထောင် သာသနာပြု ဆရာတော်၊

(၇) သုဿနဓဇ အတုလာဓိပတိ သိရိ ပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ စံကျောင်း ဆရာ တော်၊

(၈) ပဏ္ဍိတ ဓဇ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ မိုင်းခိုင်းဆရာတော်၊

(၉) ဘဒ္ဒန္တာဒိစ္စာစာရာဘိ ကဝိဓဇ-ရွှေရေးဆောင် ဆရာ တော် တည်းဟူသော အာစရိယ ပါစရိယတို့မှ ဆင်း သက်ခဲ့သော သိဿာနုသိဿ တပည့်ကောင်းဖြစ်၍ အရည်အချင်း ပြည့်ဝသော စာချ ဆရာတော်တပါး ဖြစ်သည်။

အရှင်မြတ်၏ ကျေးဇူးရှင် ဆရာတော်များမှာ ရမည်းသင်း မြို့ နိုင်ငံတော် ဩဝါဒါစရိယ ရွှေဂူ ဂိုဏ်းတောက် လေသာ အနောက်ကျောင်း ဆရာတော် သိမ်ဦး အရှေ့ကျောင်း ဂဏဝါ စက ဆရာတော် ဦးပညာ၊ ပျဉ်းမနားမြို့ ခုက္ကာ တိုက်ခွဲ မဟာ ဝိသုတာရာမ-ဈေးကုန်းကျောင်းတိုက် အာရာမိဿရ ဆရာတော် များနှင့် မန္တလေးမြို့ ရွှေရေးဆောင်တိုက် ပရိယတ္တိ ဓမ္မပါလ သိမ်ကျောင်း ဆရာတော် ဦးပဏ္ဍဝ, ဦးအာစာရ, ပရိယတ္တိ သာသန ဝေပုလ္လကျောင်း ဆရာတော် ဦးဇဋိလ စသော စာချ ဆရာတော်များ ဖြစ်ကြသည်။

# နိဒါန်း

အရှင်မြွတ်၏ ဇာတိဒေသမှာ ရမည်းသင်းမြို့၊ ထိမ်ကန်ရွာ ဖြစ်သည်။ ခမည်းတော် ဦးဆိတ်၊ မယ်တော် ဒေါ်မြ တို့မှ ၁၂၈၈-ခု၊ တန်ဆောင်မုန်းလဆန်း ၁၄-ရက်၊ဗုဒ္ဓဟူးနေ့ ဖွား မြင်တော်မူသည်။ ရဟန်းဒါယကာမှာ ကူးတို့ရွာ မြေပိုင်ရှင် ဦးချစ်ဆွေ၊ ဒေါ်ခင်မြင့် ဖြစ်သည်။

အရှင်မြွတ်သည် ပျဉ်းမနားမြို့ မဟာဝိသုဘာရာမ စျေးကုန်း ကျောင်းတိုက်၌ အာရာမိဿရ ဆရာတော်၏ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ နှစ်ပါးကို ခံယူကာ ပထမငယ်၊လတ်၊ကြီး၊ ကျော်တပည့်များအား နေ့ဝါ ညဝါ စာပေများကို ပို့ချခိုက် 'ယမကနိတိကျမ်း' (၁၃၂၀-ခုနှစ်)ကိုလည်း ရေးသား စီရင်တော်မူခဲ့သည်။

၁၃၂၁-ခု၊ နတ်တော်လဆန်း(၁)ရက် စာဆိုတော်နေ့။

ဆန်းထွန်း
မြန်မာစာပေဌာန
မန္တလေးတက္ကသိုလ်။

# ပါရဂူမျှော်မှန်းနိတိကျမ်း

၏

# ထုတ်ဝေမင်္ဂလာ ကဗျာ

မြန်တိုင်းဇမ္ဗူ၊ ပါရဂူကို၊ ရှင်လူရဟန်း၊ စိတ်ဝယ်တန်းလျက်၊ ရည်မှန်းထွေထွေ၊ ဝီရိယေကို၊ မနေမနား၊ လွန်ကြိုးစားသည့်၊ မအားရပေ၊ သောတုဆွေတို့....စိန္တေ့ဟောထုတ်၊ ကြာ့ကုမုဒ်မှ၊ သုတ်မဟာဝါ–ပါထေယျာ၏–ပ ဋ္ဌ၊အဋ္ဌကထာ၊ ဋီကာသရုပ်၊ ခေါက်ဆစ်ပုဒ်နှင့်၊ မယုတ်မိပ္ပာယ်၊ သွယ်သွယ်မလပ်၊ ဆုံးအဖြတ်ကို၊ တတ်အပ်သေချာ၊ သိညာဏ်လွှာဖို့၊ ကဗျာနိယံ၊ ချိုဘေးသံလွင်၊လွန်စုံလင်၍၊ ကြည်ရှင်ငြိမ့်ပြောင်း၊ ဆိုနှစ်ပေါင်းကုံ၊ ထောင်သောင်းမက၊ သောတုလှသည်၊ ကျနံ့သေချာ၊ သောက်သုံးကာဖြင့်၊ မြန်မာ့ပါရဂူ၊ အောင်ဆုယူလိမ့်၊ ကြည်ဖြူရှင်ပျ၊ သောတုလှတို့၊ နေ့ညမရွေး၊ ပင်ပန်းဘေးကို၊ ကင်းဝေးစေရန်၊ အဖန်ဖန်ဖြင့်၊ ရည်သန်သမူ၊ အာရုံပြု၍၊ နယုပဒေသာ၊ စုံလင်စွာနှင့်၊ သညာတင့်ဆန်း၊ ပီတိလွှမ်းမည့်၊ မဟာဝဂ္ဂါဒိ နိတိကျမ်းကို၊ ကြိုးပန်းသမှု၊ ရေးသားစုသည့်၊ ကျမ်းပြုဆရာ၊ ထေရ်မဟာသည်၊ သာသနာကျိုး၊ လွန်သည်ပိုး၍၊ တန်ခိုးပျံ့လှိုင်း၊ ဂုဏ်တင့်ဝိုင်းသည်၊ မြန်တိုင်းဇမ္ဗူမော်ကွန်းတည်း။

# ထုတိမင်္ဂလာ မြန်မာဂါထာ

မြန်မာ့ဂုဏ်ထူး ရည်စူးရွှေစာ၊
သာသနာတွင် ထင်လင်းပေါ်လာ။
သရုပ်အကျယ် ဓိပ္ပာယ်စုံစွာ၊
အမှောင်ခွင်း အလင်းဆောင်ပေတာ။

ပါရဂူမြောက် ထွန်းတောက်ဖို့ရာ၊
မေတ္တာရှေ့ထား ရေးသားကရုဏာ။
စိစဉ်ညွှန်ပြ ပန်းမြဝေဆာ၊
စာပွဲမျိုး မညှိုးအောင်စေရာ။

ရအောင်ဆောင်ထား မှတ်သားဖို့ရာ၊
ထူးထွေထန်းပြား စုံငြားကဗျာ။
အောင်ပန်းဂုဏ်ထူး ဆွတ်ခူးသေချာ၊
မေးခွန်းပေါင်း ထောင်သောင်းပြေ-
တော့မှာ။

ဂူကိုအောင်းလေ့ ဗြသော့ပမာ၊
ပညာရဲရင့် ပွဲလယ်တင့်မှာ။
စာပွဲဝင်နွှဲ မလွဲအောင်ကာ၊
အမှောင်ခွင်း အလင်းဆောင်ပေတာ။

မဟာဝဂ္ဂါဒိ နီတိရွှေစာ၊
သောတုအများ မှတ်သားဖို့ရာ။
ဓိပ္ပာယ်သရုပ် အဟုတ်ပေါ်စွာ၊
စာပွဲသုံး ရှင်ပြုံးစေဖို့ပါ။

ဝဂ္ဂါဒိကျမ်း တင့်ဆန်းဂုဏ်ဝေ၊
နေ့လနှစ်ပါး မခြားတူလေ။
သာသနာ့ထဲ ထူးကဲမသွေ၊
ပညာရှိ ပီတိဖြစ်နိုင်ပေ။

နီတိမသိ ပီတိမရှင်၊
နီတိသင်မှ ထွန်းပညာလှင်။
ဆီထိဂွမ်းလို ရှန်းစိုဂုဏ်အင်၊
တဘက်ကမ်း၊ တက်လှမ်းနိုင်ဖို့ပင်။

ကျမ်းပြုထေရ ဝိစာရတွင်၊
စာသင်သားတို့ ပျားသို့ပုံတင်။
ဝိုင်းဝန်းသောက်စား တောက်ကြွားဖို့ပင်၊
သာသနာ့ကျိုး မျှော်ကို၊ ရေးတီထွင်။

# မာတိကာ

## သုတ်မဟာဝါ သရုပ်နှင့် အဓိပ္ပာယ်


| ဦးရေ | သုတ်အစဉ် | ပါဠိတော် စာမျက်နှာ | အဋ္ဌကထာ စာမျက်နှာ |
|---|---|---|---|
| ၁ | မဟာပဒါန | ၁ | ၁၅၁ |
| ၂ | မဟာနိဒါန | ၂၅ | ၂၇၂ |
| ၃ | မဟာပရိနိဗ္ဗာန | ၃၅ | ၃၀၉ |
| ၄ | မဟာသုဒဿန | ၈၉ | ၃၈၄ |
| ၅ | ဇနဝသဘ | ၁၀၃ | ၃၉၉ |
| ၆ | မဟာဂေါဝိန္ဒ | ၁၁၁ | ၄၀၆ |
| ၇ | သက္ကပဉှ | ၁၂၁ | ၄၁၈ |
| ၈ | မဟာသတိပဋ္ဌာန | ၁၃၇ | ၄၃၂ |


## သုတ်ပါထေယျ သရုပ်နှင့်အဓိပ္ပာယ်


| | | | |
|---|---|---|---|
| ၁ | ပါထိက | ၄၅၃ | ၅၇၃ |
| ၂ | ဥဒုမ္ဗရိက | ၄၅၇ | ၅၈၀ |
| ၃ | စက္ကဝတ္တိ | ၄၆၁ | ၅၈၂ |
| ၄ | အဂ္ဂည | ၄၆၉ | ၅၉၄ |
| ၅ | သမ္ပသာဒနိယ | ၄၇၂ | ၅၉၇ |
| ၆ | ပါသာဒိက | ၄၇၉ | ၆၁၂ |
| ၇ | လက္ခဏ | ၄၈၅ | ၆၁၄ |
| ၈ | သိင်္ဂါလ | ၅၀၈ | ၆၂၃ |
| ၉ | အာဋာနာဋိယ | | ၆၂၇ |
| ၁၀ | သင်္ဂီတိ | ၅၄၄ | ၆၃၄ |
| ၁၁ | ဒသုတ္တရ | ၅၆၃ | ၆၈၈ |

၁၂ သုတ်မဟာဝါ ပါထေယျဋီကာ စာမျက်နှာ ၆၈၉-၆၉၇



## ကျမ်းဦးအစ ပဏာမ

ဝန္ဒာမဟံ ဣမံ ဂန္ထံ၊
ရတနာနုဋ္ဌ သာဒရံ။
အာစေရာနံ ကရိဿာမိ၊
ပရောက္ခဿ ဒဿကံ။

အဟံ၊ သာသနဓဇ သိရီပဝရ အောင်ပန်းကို ဆောင်ငှမ်းနိုင်မည့် 'မဟာဂဏ္ဍိဒိနိုတ်' မည်ရှိ တင့်ဆန်းကြည်သည့်ကျမ်းကို ကြိုးပမ်းတကုတ် အားထုတ်စီရင် တီထွင် ရေးသားတော့မည်ဖြစ်သော ငါသည်။ ရတနာနုဋ္ဌ၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့၊ ခေါ် ပြား သုံးပါးသော ရတနာတို့အားလည်းကောင်း။

အာစေရာနုဋ္ဌ၊ ဂန္ထန္တရ လမ်းမှန်ကျအောင် သင်ပြပေးရာ မြတ်ဆရာဖြစ်ကြကုန်သော (သုံးဝသာသနာ တန့်ပိုးပြသော စန်-ဉာ-ဂု-နန် ဆင့်နှိုင်တထွေ သူ-ဥ-သူ-ပဏ် ရှစ်တန်

ထေရ်မေ့ာ်ကျွန်းလုံးကျော်သည့်ဆရာတော်တို့နှင့်)ရမည်းသင်းမြို့ နိုင်ငံတော်ဗြဒ္ဓဝါဒါဓိရိယ ရွှေဂူဂိုဏ်းထောက် လေသာအနောက် ကျောင်းဆရာတော်၊ သိမ်ဦးအရှေ့ကျောင်း ဆရာတော်ဦးပညာ၊ မန္တလေးမြို့ ရွှေရေးဆောင်တိုက် စာချအကျော် ဖြစ်တော်မူကြ သော ဆရာတော် ဦးပဏ္ဍိ၊ ဦးအာစာရ၊ ဦးဇဋိလ၊ ပျဉ်းမနား မြို့ မဟာဝိသုတာရာမခေါ် ဈေးကုန်းကျောင်းတိုက် အာရာ မိဿရ ဆရာတော်တို့အားသည်းကောင်း။

သာဒနှံ၊ ဟဏ္ဍာဆယ်စုံ ကြာပဒုံသို့ အာရုံတင့်ဆန်း လက် အုပ်ပန်းဖြင့် ရှင်လန်းကြည်သာ ရှိသေလေးမြတ်စွာ။ ဝန္ဒာမိ၊ ဘေဘနာသုံးမည် သုံးမလည်ပဲ ယုံကြည်မြတ်နိုး ရှိခိုးပါ၏ဘုရား။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ပရောက္ခဘူသ၊ ကြံစည်လျှို့ဝှက် ခက်ခဲ သော အနက်ကို။ ဧယာကာ၊ မျက်ဝါးထင်ထင် လက်ဝါးပြင်မှာ တင်ကာထားသည့် ပဒ္မာမြားအသွင်လို မမှားသိမြင်အောင် ပြတတ်သော။ ဋီကံ ဂန္ထံ၊ လိုရာစခန်း ပို့ဆောင်စွမ်းသည့် သညီ တင့်ဆန်း ဤ ‘မဟာဝဂ္ဂပါဠိနိဿယကျမ်း’ကို။ ကရိဿာမိ၊ ရေး သားပြုပြင် စီရင်ရပေတော့အံ့။



မြန်မာ့ပါရဂူ

(ခေါ်)

# မဟာဝဂ္ဂါဒိနိုတိကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မဟာပဒါနသုတ် ပါဠိတော်

## သရုပ်နှင့် အဓိပ္ပာယ်

ဝိပဿီစသော ဘုရားခုနစ်ဆူတို့၏ ပွင့်တော်မူရာကမ္ဘာ

| မြတ်စွာဘုရား | | ပွင့်ရာကပ်ကမ္ဘာ |
|---|---|---|
| (၁) ဝိပဿီ | .... | ဘဒ္ဒကပ်မှ ကိုးဆယ့်တကမ္ဘာ။ |
| (၂) သိခီ | .... | ။ သုံးဆယ့်တကမ္ဘာ။ |
| (၃) ဝေဿဘူ | .... | ။ ။ ။ |

ထက်၌ ပွင့်ဘော်မူကြကုန်၏။

## ထိုဘုရားခုနစ်ဆူတို့၏ သက်တော်များပိုင်းပုံ

| မြတ်စွာဘုရား | | သက်တော်ပိုင်း |
|---|---|---|
| (၁) ဝိပဿီ | .... | အနှစ်ရှစ်သောင်း။ |
| (၂) သိခီ | .... | အနှစ်ခုနစ်သောင်း။ |
| (၃) ဝေဿဘူ | .... | အနှစ် ခြောက်သောင်း။ |
| (၄) ကကုသန် | .... | အနှစ်လေးသောင်း။ |
| (၅) ကောဏာဂုံ | .... | အနှစ်သုံးသောင်း။ |
| (၆) ကဿပ | .... | အနှစ်နှစ်သောင်း။ |
| (၇) ဂေါတမ | .... | အနှစ်တရာ။ |

(ဆောင်ရန်)

၁ ရှစ်သောင်းသဉ္ဇာ၊ သက်တော်ထားလို့၊ ဝိပဿီဘုရား ပွင့်ဘာပေ၊

၂ ခုနစ်သောင်းနှော် သက်တော်ကြတော့၊ သိခီပေါ်ပ မြဲမသေ့၊

၃ ခြောက်သောင်းသက်တော် သက်ကာလှစ်တော့ ဝေဿဘူ ဖြစ်ပွင့်သလေ၊

၄ လေးသောင်း ကကုသန် အမှန်နှောက်ဥ၊ သုံးသောင်း သက်ရောက် ကောဏာပေ၊

● ရှင်ကဿပ သက်တော်ပေါင်းက၊
နှစ်သောင်းသာပ ခေါ်တွင်စေ၊

● နောက်ဆုံးဂေါတမ၊ မြတ်ဗုဒ္ဓ၊ သက်က,တရာပေ၊

● ပန်ဆင်ကြ၊ နည်းသစ်ညွှန်ပြ၊ ဗုဒ္ဓသက်တော်တွေ။

---

ထိုဘုရားခုနစ်ဆူတို့၏ ပွင့်တော်မူရာ ဗောဓိပင်ပျိုးများ

| မြတ်စွာဘုရား | | ဗောဓိပင် |
|---|---|---|
| (၁) ဝိပဿီ | .... | သခွတ်ပင်။ |
| (၂) သိခီ | .... | သရက်ဖြူပင်။ |
| (၃) ဝေဿဘူ | .... | အင်ကြင်းပင်။ |
| (၄) ကကုသန် | | ကုက္ကိုပင်။ |
| (၅ ကောဏာဂုံ | .... | ရေသဖန်းပင်။ |
| (၆) ကဿပ | .... | ပညောင်ပင်။ |
| (၇) ဂေါတမ | .... | ညောင်ဗုဒ္ဓဟောပင်။ |

(ဆောင်ရန်)

● ဝိပဿီရှင် သခွတ်ပင်ထားလို့၊
သိခီခေါ်ပြား သရက်ပေ၊

● ဝေဿဘူမှာ အင်ကြင် ပင်ကွဲ့၊
ကကုရှင်ရဲ့ ကုက္ကိုလေ၊

- ကောဏာဂုံရှင် ရေသဖန်းနှင့်၊
  မသေ့တန်းဖြင့် ပွင့်လို့နေ၊
- ကဿပစိန္တော ပညောင်ပင်ကွဲ့၊
  ထိန်ပြောင်စင်တဲ့ ပွင့်ဌာနေ၊
- ရှင်ဂေါတမ တို့ဗုဒ္ဓ၊ ပွင့်ထ ညောင်ဗုဒ္ဓဟော၊
- ပန်ဆင်ကြ၊ နည်းသစ်ညွှန်ပြ၊ ဗုဒ္ဓ ပွင့်ဌာနေ၊

အမှာ။ ဤကျမ်းအဋ္ဌကထာဋီကာတို့ကို ကျဉ်းကျဉ်းလိုရင်းဆောင်ရန် အလွယ်ဆုံးလင်္ကာကို ဖော်ပြထားပါသေးသည်၊

---

## ထိုဘုရားခုနစ်ဆူတို့၏ ကိုယ်ရံတော်များ

(သာဝကယုဂ ပရိစ္ဆေဒလည်းဟူ)

| မြတ်စွာဘုရား | | ကိုယ်ရံတော်များ |
|---|---|---|
| (၁) ဝိပဿီ | .... | ခဏ္ဍ-တိဿ,မထေရ်။ |
| (၂) သိခီ | .... | အဘိဘူ-သမ္ဘဝ,မထေရ်။ |
| (၃) ဝေဿဘူ | .... | သောဏ-ဥတ္တရ,မထေရ်။ |
| (၄) ကကုသန် | — | ဝိဓူရ-သံဇီဝ,မထေရ်။ |
| (၅) ကောဏာဂုံ | — | ဘိယျောသ-ဥတ္တရ,မထေရ်။ |
| (၆) ကဿပ | .... | တိဿ-ဘာရဒွါဇ,မထေရ် |
| (၇) ဂေါတမ | .... | ရှင်သာရိပုတ္တရာ-ရှင်မဟာမောဂ္ဂလာန်-မထေရ်တည်း။ |

(ဆောင်ရန်)

- ဝိပဿိ့ထံ၊ ကိုယ်ရံတော်ကတော့၊ ခဏ္ဍ့ တိဿ ထိုမထေရ်။
- သိခိ–ဘိဘူ၊ သမ္ဘဝ့တဲ့၊ ခြံရံသကွဲ့ မြဲမသွေ။
- ဝေဿဘူ့မှာ–သောဏ တပါးနှင့်၊ ဥတ္တရ့ ခေါ်ပြား ထိုမထေရ်။
- ကကုန်သန့်မူ–ဝိဓူရ့နှင့်၊ သံဇိဝ့တို့ မှတ်ဖို့ပေ၊
- ကောဏာဂုံ့စော–ဘိယျောသ့နှဲ့၊ ဥတ္တရ့ကွဲ့ နှစ်ပါးထေရ်။
- ကဿပ့မှာ–တိဿ့တပါးနှင့်၊ ဘာရ့ခေါ်ပြား ကိုယ်ရံပေ။
- ဂေါတမ့ကြည့်–ရှင်သာရိ၊ ယူဘိ မောဂ္ဂလေ။
- ပန်ဆင်ကြ၊ နည်းသစ်ညွှန်ပြ၊ ဗုဒ္ဓ့ကိုယ်ရံတွေ။

---

ထိုဘုရားခုနစ်ဆူတို့၏ ညီလာခံ သန္နိပါတများ

(၁) ဝိပဿိ မြတ်စွာဘုရား၏

ပထမ-သန္နိပါတ .... ရဟန္တာပေါင်း ခြောက်သန်း ရှစ်သိန်း။

ဒုတိယ-သန္နိပါတ .... ရဟန္တာပေါင်း တသိန်း။

တတိယ-သန္နိပါတ .... ရဟန္တာပေါင်း ရှစ်သောင်းရှိ၏။

(၂) သိခီ မြတ်စွာဘုရား၏

ပထမ-သန္နိပါတ .... ရဟန္တာပေါင်း တသိန်း။
ဒုတိယ-သန္နိပါတ .... ။ ရှစ်သောင်း။
တတိယ-သန္နိပါတ.... ။ ခုနစ်သောင်းရှိ၏။

(၃) ဝေဿဘူ မြတ်စွာဘုရား၏

ပထမ-သန္နိပါတ .... ရဟန္တာပေါင်း ရှစ်သောင်း။
ဒုတိယ-သန္နိပါတ .... ။ ခုနစ်သောင်း။
တတိယ-သန္နိပါတ.... ။ ခြောက်သောင်းရှိ၏။

(၄) ကကုသန် မြတ်စွာဘုရား၏

ပထမ-သန္နိပါတ .... ရဟန္တာပေါင်း လေးသောင်း။

(၅) ကောဏာဂုံ မြတ်စွာဘုရား၏

ပထမ-သန္နိပါတ .... ရဟန္တာပေါင်း သုံးသောင်း။

(၆) ကဿပ မြတ်စွာဘုရား၏

ပထမ-သန္နိပါတ ရဟန္တာပေါင်း နှစ်သောင်း။

(၇) ဂေါတမ မြတ်စွာဘုရား၏

ပထမ-သန္နိပါတ .... ရဟန္တာပေါင်း တထောင်
နှစ်ရာ့ငါးဆယ်ရှိ၏။

## ထိုဘုရားခုနစ်ဆူတို့၏ အလုပ်အကျွေးတော်များ
(ဥပဋ္ဌာက ပရိစ္ဆေဒ)

| မြတ်စွာဘုရား | | အလုပ်အကျွေးတော်များ |
|---|---|---|
| (၁) ဝိပဿီ | .... | အသောက-ရဟန်း၊ |
| (၂) သိခီ | .... | ခေမင်္ကရ-ရဟန်း၊ |
| (၃) ဝေဿဘူ | .... | ဥပသန္တ-ရဟန်း၊ |
| (၄) ကကုသန် | .... | ဗုဒ္ဓိဇ-ရဟန်း၊ |
| (၅) ကောဏာဂုံ | .... | သောတ္ထိဇ-ရဟန်း၊ |
| (၆) ကဿပ | .... | သဗ္ဗမိတ္တ-ရဟန်း၊ |
| (၇) ဂေါတမ | .... | အာနန္ဒာ-ရဟန်း၊ |

(ဆောင်ရန်)

- ဝိပဿီ့အား၊ လုပ်ကျွေးပြုသူ၊ ထေရ်ကား အသောက။
- သိခီ့တဆူ၊ လုပ်ကျွေးမှု၊ ခေါ်ယူ ခေမင်္ကရ။
- ဝေဿဘူ့ဘုရား၊ လုပ်ကျွေးပြုသူ၊ မှတ်သား ဥပသန္တ။
- ကကုသန့်မှန်၊ လုပ်ကျွေးပြန်၊ မှတ်ရန် ဗုဒ္ဓိဇ။
- ကောဏာဂုံထံ၊ လုပ်ကျွေးမှန်၊ ခေါ်ရန် သောတ္ထိဇ။
- ကဿပအား၊ လုပ်ကျွေးပြုသူ၊ မှတ်သား သဗ္ဗမိတ္တ။
- တို့ဂေါတမ၊ လုပ်ကျွေးက၊ ချစ်လှ အာနန္ဒ။
- မဟာသမယသုတ်၊ ပေါ်ပြဆိုတ်၊ အချုပ်မှတ်ကုန်ကြ။

## ထိုဘုရားခုနစ်ဆူတို့၏ ခမည်းတော်, မယ်တော်, နေပြည်တော်များ

| မြတ်စွာဘုရား | | ခမည်းတော် | မယ်တော် | နေပြည်တော် |
|---|---|---|---|---|
| (၁) | ဝိပဿီ | ဗန္ဓုမာမင်း | ဗန္ဓုမတီ | ဗန္ဓုမတီမြို့။ |
| (၂) | သိခီ | အရုဏမင်း | ပဘာဝတီ | အရုဏဝတီမြို့။ |
| (၃) | ဝေဿဘူ | သုပ္ပတိတမင်း | ဝဿဝတီ | အနောမ,မြို့။ |
| (၄) | ကကုသန် | အဂ္ဂိဒတ္တပုဏ္ဏား | ဝိသာခါ | ခေမဝတီမြို့။ |
| (၅) | ကောဏာဂုံ | ယညဒတ္တ ။ | ဥတ္တရာ | သောဘဝတီမြို့။ |
| (၆) | ကဿပ | ဗြဟ္မဒတ္တ ။ | ဓနဝတီ | ဗာရာဏသီမြို့။ |
| (၇) | ဂေါတမ | သုဒ္ဓေါဒနမင်း | မာယာမိဖုရား | ကပိလဝတ်မြို့။ |

(ဆောင်ရန်)

- ဝိ,သိ,ဝေဿ၊ သန်,ဂုံ,ပ၊ ဗုဒ္ဓ-ဂေါတမာ။
- ဗ,အ,သုနှင့်၊ အဂ္ဂ,ယည၊ ဗြဟ္မာဒေဝ၊ သုဒ္ဓေါပေ စဉ်လေဘ,ပိတာ။
- ဗန္ဓု,ပဘာ၊ ဝဿ,ဝိသာ၊ ဥတ္တရာနှင့်၊ ဓန,မာယာ၊ မယ်မာတာ၊ စဉ်ပါ ခုနစ်ဖြာ။
- ဗန္ဓု,အရုဏ၊ အနောမ,နှင့်၊ ခေမ,သောဘ, ဗာရာဏ၊ နောက်မှ ကပိလာ။
- အစဉ်မှတ်သား၊ သောတုများ၊ ညာဏ်သွားထက်ဖို့ရာ။

## သုံးဆယ့်နှစ်ပါးသော
## ယောကျ်ားမြတ်တို့၏ လက္ခဏာတော်
## (အာဒိသင်္ကေတဂါထာ)

သု, စ, အာ, ဒိ, မု, ဇာ, ဥ, ဧ။
ဒိ, ကော, သု, သု, ဥ, ဧ ဗြ, သ။
သ, စိ, နိ, သ, ရ, သိ, သ, စ။
အ, သု, ပ, ဗြ,၊ အ, ဂေါ, ဥ, ဥ။

အောက်ဖော်ပြပါသရုပ်အဓိပ္ပာယ်နှင့်ပေါင်းစပ်၍ ဤဂါထာကို အရဆောင်ပြီး ဘုရားကိုလည်း ရှိခိုးပါလေ။

### ဒွတ္တိံသ မဟာပုရိသ လက္ခဏာသရုပ်

၁။ သု....သုပ္ပတိဋ္ဌိတပါဒ— အညီအညွတ် ကောင်းစွာထိသော ခြေဖဝါးတော်ရှိခြင်း လက္ခဏာတော်တပါး။

၂။ စ....စက္ကင်္ကိတပါဒ— အောက်ခြေဖဝါးတော်အပြင်၌ အကန့်တထောင် အကွပ် ပုံတောင်း တို့နှင့်တကွ စက်ဝန်းတို့ ဖြစ်ပေါ်ခြင်း လက္ခဏာတော်တပါး။

၃။ အာ....အာယတ ရှည်လျားသော ဖနှောင့်တော်ရှိခြင်း
ပဏှိ— လက္ခဏာတော်တပါး။

၄။ ဒီ....ဒီဃင်္ဂုလိ—ရှည်သော လက်ချောင်းတော်, ခြေချောင်းတော် ရှိခြင်း လက္ခဏာတော်တပါး။

၅။ မု....မုဒုတရုဏ နူးညံ့သိမ်မွေ့သော လက်ဖဝါးတော်,
ဟတ္ထပါဒ— ခြေဖဝါးတော်ရှိခြင်း လက္ခဏာတော်တပါး။

၆။ ဇာ....ဇာလဟတ္ထ ကုန်ရက်ပမာ ညီညာသော ဝါလေ
ပါဒ— သွန်တံခါး၌ စီထားအပ်သော ရွှေပွတ်လုံးကဲ့သို့ ညီညတ်သော လက်ခြေရှိခြင်း လက္ခဏာတော်တပါး။

၇။ ဥ....ဥဿင်္ခ ဖမိုးမှသည် လက်လေးသစ်ဘက်၌အထက်
ပါဒ— ၌ ဖမျက်မြင့်သော ခြေရှိခြင်း လက္ခဏာတော်တပါး။

၈။ ဧ....ဧဏိဇင်္ဃော—ဒရယ်သားကဲ့သို့ ပြေပြစ်သော မြင်းခေါင်းရှိခြင်း လက္ခဏာတော်တပါး။

၉။ ဌိ....ဌိတကော မကိုင်းမညွတ်ပဲ ရပ်လျက်ပင် နှစ်ဘက် အနောနမန္တော–သော လက်ဖဝါးပြင်တို့ဖြင့် ပုဆစ်ဒူးဝန်းတို့ကို သုံးသပ် ဆုပ်နယ်နိုင်ခြင်း လက္ခဏာတော်တပါး။

၁၀။ ကော....ကောသောဟိတ ဆဒ္ဒန်ဆင်မင်း၏ နိမိတ်ကဲ့သို့ အအိမ်ဖြင့်ဖုံးလွှမ်းသော
ဝတ္ထဂုယှော ပုရိသနိမိတ် ရှိတော်မူခြင်း လက္ခဏာတော်တပါး။

၁၁။ သု....သုဝဏ္ဏ ရွှေအဆင်းနှင့်တူသော အသားအရေရှိ
ဝဏ္ဏော– ခြင်း လက္ခဏာတော်တပါး။

၁၂။ သု....သုခုမစ္ဆဝိသုခုမတ္တာ ချောမွေ့သောအရေ့အရေ၊
ဆဝိယာရဇောဇလ္လ– အရေချောမွေ့သောကြောင့် ကိုယ်၌မှုံအညစ်အကြေး မငြိ ကပ်ခြင်း လက္ခဏာ တော်တပါး။

၁၃။ ဥ...ဥဏ္ဏ အထက်သို့ကော့သောမွေးညင်းရှိခြင်း,မျက်လောမေ-စဉ်းညိုကဲ့သို့ ညိုသောအဆင်း ရှိကုန်သော မွေးညင်းတော်ရှိခြင်း လက္ခဏာတော်တပါး။

၁၄။ ေ...ေကေက တပင်ချင်းပေါက်သော မွေးညင်းတော်လောမေ— ရှိ၏။ မွေးညင်းတွင်းတို့၌ တပင်တပင်စီ ပေါက်ခြင်းလက္ခဏာတော်တပါး။

၁၅။ ဗြ...ဗြဟ္မုဇု ဗြဟ္မာမင်းကိုယ်ကဲ့သို့ ဖြောင့်မတ်သော ဂတ္တော— ကိုယ်ရှိခြင်း လက္ခဏာတော်တပါး။

၁၆။ သ...သတ္တုဿဒေါ— လက်ဖမိုးတော် နှစ်ဘက်၊ ခြေဖမိုးတော် နှစ်ဘက် ပခုံးတော်နှစ်ဘက် လည်ကုပ်တော် ဟူသော အရပ် ခုနစ်ပါး၌ ဖြိုးမောက်ခြင်း ရှိသော လက္ခဏာတော် တပါး။

၁၇။ သ...သီဟပုဗ္ဗဒ္ဓ ခြင်္သေ့မင်း၏ရှေ့ပိုင်း ကိုယ်နှင့်တူသော ကာယော— ကိုယ်ရှိခြင်းဟူသော လက္ခဏာတော် တပါး။

၁၈။ စိ....စိတန္တရုံသော—လက်ပြင် နှစ်ဘက် အကြား ၌ ကျောရိုးအကြောင်းမထင် ပြည့်ဖြိုးသော ကျောပြင်ရှိခြင်း လက္ခဏာတော် တပါး။

၁၉။ နိ...နိဂြောဓ ပညောင်ပင်ကဲ့သို့ ဝန်းသော ကိုယ်ပရိမဏ္ဍလော—ရှိခြင်း လက္ခဏာတော် တပါး။

၂၀။ သ....သမ,ဝဋ္ဋက္ခန္ဓော-မုရိုးစည်ငယ်ကို ထောင်ထားဘိသကဲ့သို့ညီညာစွာလုံးသော လည်တိုင် ရှိခြင်း လက္ခဏာတော် တပါး။

၂၁။ ရ....ရသဂ္ဂသဂ္ဂီ – အရသာကို ဆောင်သော အလွန်ကောင်းမြတ်သော အကြော ရှိခြင်း လက္ခဏာတော် တပါး။

၂၂။ သီ....သီဟ,ဟနု—ခြင်္သေ့မေးနှင့် တူသော မေးတော် ရှိခြင်း လက္ခဏာတော် တပါး။

၂၃။ သ....သမဒန္တော—ညီညွတ်သော သွားတော်လည်း ရှိ
ခြင်း လက္ခဏာတော် တပါး။

၂၄။ စ....စတ္တာလီသ ဒန္တော— အထက်နှစ်ဆယ်,အောက်နှစ်ဆယ်, လေးဆယ်သော သွားတော်ရှိခြင်း
လက္ခဏာတော် တပါး။

၂၅။ အ....အဝိရဠ ဒန္တော— မခြါ မကျဲ ရွှဲစိဘိသကဲ့သို့ ညီညွတ်သော သွားတော် ရှိခြင်း လက္ခဏာ
တော်တပါး။

၂၆။ သု....သုသုက္က ဒါဠော— အလွန်ဖြူစင်သောအစွယ် (စွယ်တော် လေး ချောင်း) ရှိခြင်း လက္ခဏာ
တော် တပါး။

၂၇။ ပ....ပဟူတဇိဝှော—နူးညံ့ ရှည်လျား ကြီးမားသော
လျှာတော်ရှိခြင်း လက္ခဏာတော်
တပါး။

၂၈။ ဗြ....ဗြဟ္မဿရော—ဗြဟ္မာမင်း၏ အသံနှင့် တူသော
အသံတော် ရှိခြင်း လက္ခဏာတော်
တပါး။

၂၉။ အ....အဘိနီလ အလွန်ညိုသော မျက်လုံးတော်ရှိခြင်း
နေတ္တော– လက္ခဏာတော် တပါး။

၃၀။ ဂေါ....ဂေါပခုမော– နွားငယ် မျက်တောင်နှင့် တူ
သော မျက်တောင် ရှိခြင်း၊
လက္ခဏာတော် တပါး။

၃၁။ ဥ....ဥဏ္ဏာ နူးညံ့သော လဲ, ဝါဂွမ်း နှင့် တူသော
ဘမုကန္တရေ– ဖြူစင်သော(ဥဏ္ဏလုံ) မွေးရှင်သည် မင်း
သား၏ မျက်မှောင် နှစ်ခု အကြား၌
ပေါက်လျှက် ရှိခြင်း လက္ခဏာ တော်
တပါး။

၃၂။ ဥ...ဥဏှီသ သင်းကျစ် ဆင်ထားဘိ သကဲ့သို့သော
သီသော– ဦးခေါင်းတော် ရှိခြင်း လက္ခဏာတော်
တပါးအားဖြင့် လက္ခဏာတော်ငယ် သုံး
ဆယ့်နှစ်ပါး ဟူမှတ်။

အမှာ– လက္ခဏာတော်နှင့် ဆိုင်သော အကြောင်း ကိုတိုကျမ်းဂန်တို့၌
ပေါ်များလှပေ၏။ အကြောင်းအကျိုးနှင့် စပ်သော
အဓိပ္ပါယ်များကို လက္ခဏာသုတ် အဋ္ဌကထာ ကျောက်မှ
အကျယ်တဝင့် ဖော်ပြပါသည်။

## မဟာ ပုရိသဿ ဒွေဓ ဂတိယော ဘဝန္တိ အနညာ—ဒွိ

## ဒွေဂတိအရ [ပြည့်စုံခြင်း] နှစ်ပါး

## သရုပ်—အဓိပ္ပာယ်

(၁) အဂါရခေါ် စက္ကဝတ္တိရာဇဂတိ—အကယ်၍ အိမ်ရာထောင်သော လူ့ဘောင်၌ နေ၍ တရားသဖြင့် မင်းပြုသော အောင်ပြီးသော ရန်စစ်ရှိသော ဇနပုဒ် တိုင်းနိုင်ငံတို့၌ ခိုင်ခံ့သော ရတနာ ခုနစ်ပါးနှင့် ပြည့်စုံသော 'စကြဝတေး' မင်းကြီးဖြစ်ခြင်း။

(၂) အနဂါရခေါ် သမ္မာသမ္ဗုဒ္ဓဂတိ—အိမ်ရာထောင်သော လူ့ဘောင်မှ ထွက်၍ အိမ်ရာမထောင် ရဟန်းဘောင်၌ အကယ်၍ ရဟန်းပြုသည်ဖြစ်အံ့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက် မပြန် ကိုယ်တော်တိုင် ထိုးထွင်း၍ သိသော ကိလေသာ တည်းဟူသော အဖုံးအလွှမ်းကို ဖျက်ဆီးနိုင်သော မြတ်စွာဘုရားသည် လောက၌ ထင်ရှား ဖြစ်တော် မူခြင်းဟူ၍ နှစ်မျိုး။

### စကြဝတေးမင်းကြီး၏ ရတနာ ၇ ခုနစ်ပါး

(၁) စကြာရတနာ၊
(၂) ဆင်ရတနာ၊
(၃) မြင်းရတနာ၊
(၄) မြကျောက်ရတနာ၊
(၅) မိဖုရားရတနာ၊
(၆) သူကြွယ်ရတနာ၊
(၇) သားကြီးရတနာ
ဟူ၍ ခုနစ်ပါးတည်း။

(ဆောင်ရန်)

- စက်,ဆင်, မြင်းနှင့် မြကျောက်, မိဖုရား၊ သူကြွယ်, သား၊ ခေါ်ပြား ရတနာ။

အကျဉ်းချုပ်မှတ်သားရန်

စက်၊ ဆင်၊ မြင်း၊ မြ၊ မိ၊ ကြွယ်၊ သားတဲ့။

အယံ ဟိ ဒေဝကုမာရော သတ္တုဿဒေါ၌ သတ္တသရုပ်[အသား ပြည့်ဖြိုးခြင်း] အရကား—

လက်ဖမိုးနှစ်ဘက်, ခြေဖမိုးနှစ်ဘက်,
ပခုံးစွန်းနှစ်ဘက်, လည်ကုပ်, ဤခုနစ်ပါးတည်း။

(ဆောင်ရန်)

- လက်,ခြေဖမိုး၊ ပခုံးမျိုး လည်စို့ ခုနစ်ဖြာ။
- ခုနစ်ဌာန၊ ဖြိုးမောက်ကြွ၊ သတ္တဥဿဒါ။

(စကားဆို)

သတ္တသု ဥဿဒါ ဧတဿာတိ သတ္တုဿဒေါ။
(အဋ္ဌကထာအလို)
သတ္တ ဥဿဒါ ဧတဿာတိ သတ္တုဿဒေါ-ဟု ပြုလေ။
(ဋီကာအလို)
ပြည့်စုံသော ပွားသောအသား (ဝါ)ပြည့်ဖြိုးသော အသားရှိသောကြောင့် ထိုမင်းသားသည် သတ္တုဿဒ မည်၏ဟူလို။

## ဝိပဿီမင်းသားအတွက် ပြာသာဒ်သုံးဆောင်

(၁) မိုးအခါ၌ နေရန်ဖြစ်သော ပြာသာဒ်တဆောင်၊
(၂) ဆောင်းအခါ၌ ။ ။
(၃) နွေအခါ၌ ။ ။

ထိုပြာသာဒ် သုံးဆောင်တွင် မိုးအခါ၌ နေရန်ဖြစ်သော ပြာသာဒ်၌ မိုးကွင်းလေးလပတ်လုံး (ယောကျ်ားမပါ မမှတ်အပ်ကုန်သော) တူရိယာတို့ဖြင့် မွေ့လျော်စွာ ပြာသာဒ်အောက်သို့ မဆင်းသက်ပဲ ပျော်ပျော်ပါးပါး စံစားတော်မူ၏။

(အဋ္ဌကထာမှာ အကျယ်ဖော်ပြထားပါသေးသည်။)

## ရာဇဌာနီယာ မဟာဇနကာယော-၌

လူများအပေါင်းဟူသည် ရှစ်သောင်း လေးထောင် ရှိ၏ဟုမှတ်။

## တေရဟိ ဘိက္ခုသံဃော ဗန္ဓုမတိယာ ရာဇဌာနိယာ ပဋိဝသတိ-၌

သံဃာအရေအတွက် တသိန်း ခြောက်သောင်း ရှစ်ထောင် နေတော်မူ၏ဟုမှတ်။

## ဘုရားလောင်း၏ ကိုယ်ဝန်အညစ်အကြေး မပေးကြောင်း

ဘုရားအလောင်းနှင့် မယ်တော်ဟူသော ဝတ္ထုနှစ်ပါးစုံတို့၏ စင်ကြယ်ခြင်းကြောင့်တည်း။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ရန်ကုန်



ဘုရားလောင်း၏
ဥဒါန်းကျူးရင့်တော်မူသော စကားသုံးခွန်း
အာသဘိံ ဝါစံ ဘာသတိ။

"မကြောက်မရွံ့ရဲဝံ့သောစကားကို မြွက်ဆိုတော်မူပုံ"

၁။ အဂ္ဂေါဟမသ္မိ လောကဿ—
ငါသည် လူများအပေါင်းထက် မြတ်သည်ဖြစ်၏။

၂။ ဇေဋ္ဌောဟမသ္မိ လောကဿ—
ငါသည် လူများအပေါင်းထက် အကြီး အမှူးသည် ဖြစ်၏။

၃။ သေဋ္ဌော ဟမသ္မိ လောကဿ—
ငါသည် လူအများအပေါင်းထက် ချီးမွမ်းအပ်သည် ဖြစ်၏။

ပါဠိတော်လာ ထူးသော ဂါထာများကို ဖော်ပြပါဦးအံ့။

ခန္တီ ပရမံ တပေါ တီတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

ဂါထာအနက်ကား — တီတိက္ခာ၊ အားခုနစ်ပါးထက် ထက်သန်သော။ ခန္တီ၊ သည်းခံခြင်းသည်။ ပရမံ၊ မွန်မြတ်လှပေသော။ တပေါ၊ အကျင့်ပါပေတည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်

၁၇၈၅၄

တရားကို။ ပရမံ၊ အမြတ်ဆုံးဟူ၍။ ဗုဒ္ဓါ၊ ငါးမာရ်အောင်မြင်ဘုရားရှင်တို့သည်။ ဝဒန္တိ၊ မိန့်ဆိုတော်မူကြပေကုန်၏။ ပဗ္ဗဇိတော၊ သူတပါးအား ထိပါးသတ်ဖြတ် ညှဉ်းဆဲဘတ်သောသူသည်။ န ပဗ္ဗဇိတော၊ ရဟန်းမဟုတ်။(ဝါ)ရဟန်းမမည်။ ပရံ၊ သူတပါးကို။ ဝိဟေဌယန္တော၊ ညှဉ်းဆဲနှိပ်စက်လေ့ ရှိသောသူသည်။ သမဏော၊ တထောင့်ငါးရာ ကိလေသာကို ငြိမ်းစေသောသူမည်သည်။ န ဟောတိ၊ မဖြစ်နိုင်ပါတကား။

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

ဂါထာအနက်ကား— သဗ္ဗပါပဿ၊ အလုံးစုံသော အကုသိုလ် မကောင်းမှု ဟူသမျှကို။ အကရဏံ၊ မပြုမလုပ်ရခြင်း လည်းကောင်း။ ကုသလဿ၊ ကုသိုလ်တရားဆယ်ပါးကို။ ဥပသမ္ပဒါ၊ ပြည့်စုံအောင် ဆည်းပူးရခြင်း လည်းကောင်း၊ သစိတ္တ ပရိယောဒပနံ၊ မိမိစိတ်ကို ဖြူစင်စွာ ထားခြင်း လည်းကောင်း။ ဧတံ၊ ဤသုံးဆူးသုံးပါးသည်။ ဗုဒ္ဓါနံ၊ ဂင်္ဂါဝါဠု သဲစုံမက ပွင့်တော်မူကြ ကုန်ပြီးသော ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမ ဩဝါဒတော်ပါပေတည်း။

● မကောင်းမလုပ်၊ အကောင်းလုပ်၊ စိတ်ရှုပ်ကိုပယ်၊ စိတ်စင်ကြယ်၊ သုံးသွယ်ကျင့်ဝတ်တည်း။

**အနုပဝါဒေါ အနုပဃာတော၊**

**ပါတိမောက္ခေ စ သံဝရော၊**

**မတ္တညုတာ စ ဘတ္တသ္မိံ၊**

**ပန္တဉ္စ သယနာသနံ၊**

**အဓိစိတ္တေ စ အာယောဂေါ၊**

**ဧတံ ဗုဒ္ဓါန သာသနံ။**

ဂါထာအနက်ကား — အနုပဝါဒေါ၊ သူတပါးအား စွပ်စွဲပြစ်ဖွဲ့ မကဲ့ရဲ့ခြင်း လည်းကောင်း။ အနုပဃာတော၊ ကိုယ်, နှုတ်, ဥစ္စာ ဒဏ်သုံးဖြာဖြင့် လွန်စွာ မနှိပ်စက်ခြင်းသည် လည်းကောင်း။ ပါတိမောက္ခေ သံဝရော စ၊ ပါ,သံ, ထုလ်,စိတ်,ဋ္ဌိ,ကဋ္ဌ, သိတ်စုံအာပတ် ခုနစ်ပုံကို(ဝါ)ပါတိမောက္ခ သံဝရသီလကို မြဲစွာ မယွင်း စောင့်စည်းခြင်း သည် လည်းကောင်း။ ဘတ္တသ္မိံ၊ အစားအစာ ဟူသမျှ၌။ မတ္တညုတာ စ၊ အတိုင်းအရှည်ကို သိသောအဖြစ်သည် လည်းကောင်း။ ပန္တဉ္စ သယသနာသနံ၊ လူသူမနီးသော ဘောဂကျောင်း၌ နေချခြင်း သည် လည်းကောင်း။ အဓိစိတ္တေ စ၊ လွန်မြတ်သော စိတ်, သမာဓိလုပ်ငန်း၌သာလျှင်။ အာယောဂေါ၊ လွန်စွာအားထုတ် ခြင်းလည်းကောင်း။ ဧတံ၊ ဤတရားသည်။ ဗုဒ္ဓါနံ၊ ကြောင်း ကျိုးသိမြင် ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမ ဩဝါဒတော် ပါပေတည်း။ ။

## ငါတို့ဘုရားရှင်၏ သြဝါဒများကား

(၁) မိမိစိတ်ကို ဖြူစင်အောင် ထားတတ်သော [စိတ်စေတနာ] ရှိရမည်။
(၂) ကိုယ်,နှုတ်နှစ်ပါးလုံအောင် သန့်ရှင်းစွာ စောင့်ရှောက်ခြင်း [သီလ] ရှိရမည်။
(၃) အရာရာ၌ စဉ်းစား နိုင်းချိန် တတ်သော အသိ [ဉာဏ်ပညာ] ရှိရမည်။
(၄) ကုသိုလ်ကောင်းမှု၌ ထကြွလုံ့လရှိမှုတည်းဟူသော အသိ [ဝီရိယ] ရှိရမည်။
(၅) မိမိ စိတ်ကို ဖရိုဖရဲ မကျဲစေမှု၌ တည်ကြည် သော [သမာဓိ] ရှိရမည်။

- စိတ်ဓာတ်, သီလ၊ ဉာဏ်, ဝီရိ၊ သမာဓိ ရှိမှ တော်မည်၊ ဤလောကီ။
- မျိုးစေ့ မမှန်၊ ပင်မသန်၊ ဖူးတန်ငုံကင်း၊ အသီး ဖျင်း၏။
- ဗီဇမမှန်၊ လူချာလံ၊ ကုသိုလ်ဉာဏ်ကင်း၊ နုံချာပျင်း၏။
- ဇာတိမျိုးမှန်၊ အဖိုးတန်၊ လျှံဝါ ထိန်လင်း၊ လူနတ် ချဉ်း၏။
- ကုသိုလ်မျိုးမှန်၊ အဖိုးတန်၊ နိဗ္ဗာန် ပြည်တွင်း၊ မြန်စွာ ချဉ်း၏။

မဟာပဒါနသုတ် ပါဠိတော် သရုပ်အဓိပ္ပာယ်
ပြီးပါပြီ။

# မဟာနိဒါနသုတ် ပါဠိတော် သရုပ်နှင့်အဓိပ္ပာယ်

**အမှာစကား။** ။ပဋိစ္စသမုပ္ပါဒ်နှင့် သက်ဆိုင်သော သရုပ် အဓိပ္ပာယ်များကို အဋ္ဌကထာမှာ ဖော်ပြ ထားသည်။

## အနေကေ ပါပကာ အကုသလာ ဓမ္မာ သမ္ဘဝန္တိ-၌ အကုသိုလ်ဖြစ်ကြောင်း တရားများ

(၁) ဥစ္စာဒဏ်ကို ယူခြင်း။

(၂) ဓား, လက်နက်ကို ကိုင်ခြင်း။

(၃) ကိုယ်, နှုတ်ဖြင့် ထိပါး၍ ခိုက်ရန်ပြုခြင်း။

(၄) ရှေ့အဖို့၌ ဆန့်ကျင်ဘက်စကားကို ဆိုခြင်း။

(၅) နောက်အဖို့၌ ဆန့်ကျင်ဘက်စကားကို ဆိုခြင်း။

(၆) နင်နင်ဟု ရိုင်းပျစွာ ပြောဆိုခြင်း။

(၇) ကုန်းတိုက်ခြင်း။

(၈) မုသားဆိုခြင်းတို့သည် အကုသိုလ် တရားတို့၏ ဖြစ်ခြင်း အကြောင်းတရားများပေတည်း။

(ဆောင်ရန်)

- ဥစ္စာ့ဓား့လက်၊ ကိုယ်နှုတ်စွက်၊ ရန်ဘက်စကားသာ။
- ရှေ့နောက်စကား၊ ဆန့်ကျင်ပြား မှတ်သားညှိနှစ်ဖြာ။
- မုသာ့ပိသု၊ နှင်နှင်ဟု၊ အကုဖြစ်ကြောင်းလာ။

မိစ္ဆာဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်လေးယောက်
နအတ္တပညတ် သရုပ်လေးမျိုး

အဘယ်မျှသော အပိုင်းအခြားဖြင့် အတ္တကို
ပညတ်သောသူသည် သိစေသနည်းဟူမူ

၁။ ရူပိ ပရိတ္တ တ္တာနုဒိဋ္ဌိ—အတ္တကို ငယ်၏ဟု ပညတ်သော သူသည် ငါ၏အတ္တသည် ရုပ်ရှိ၏၊ ငယ်၏ဟု ရုပ်ကို သိစေ၏။

၂။ ရူပိ အနန္တတ္တာနုဒိဋ္ဌိ—အတ္တကို အပိုင်းအခြားမရှိ ကြီးကျယ်၏ဟု ပညတ်သော သူသည် ငါ၏အတ္တသည် ရုပ် ရှိ၏၊ "အပိုင်းအခြားမရှိ" ကြီးကျယ်၏ဟု ရုပ်ကို သိစေ၏။

၃။ အရူပိ ပရိတ္တတ္တာနုဒိဋ္ဌိ— အတ္တကို ငယ်၏ ဟူ၍ ပညတ်သော သူသည် ငါ၏ အတ္တကား ရုပ်မရှိ(နာမ်ဖြစ်၏) ငယ်၏ဟု နာမ်ကိုသိစေ၏။

၄။ အရူပိ အနန္တတ္တာနုဒိဋ္ဌိ— အတ္တကို အပိုင်း အခြားမရှိ ကြီးကျယ်၏ဟု ပညတ်သော သူသည် ငါ၏ အတ္တကား ရုပ်မရှိ (နာမ်ဖြစ်၏) အပိုင်းအခြား မရှိ ကြီးကျယ်၏ဟု နာမ်ကို သိစေ၏....ဟု လေးယောက် တို့ တည်း။

(အတ္တပညတ် သရုပ်လေးမျိုး)

အဘယ်မျှသော အတိုင်းအရှည်ဖြင့် အတ္တကို မပညတ်သည်ဖြစ်၍ မသိစေသနည်းဟူမူ

(၁) အတ္တကို ငယ်၏ဟူ၍ မပညတ်သော သူ....သည် ငါ၏ အတ္တသည် ရုပ်ရှိ၏ ငယ်၏ ဟူ၍ ရုပ်ကို မသိစေ။

(၂) အတ္တကို အပိုင်းအခြားမရှိ ကြီးကျယ်၏ ဟု မပညတ် သောသူ....သည် ငါ၏ အတ္တသည် ရုပ်ရှိ၏၊ အပိုင်း အခြားမရှိ ကြီးကျယ်၏ဟု ရုပ်ကို မသိစေ။

(၃) အတ္တကို ငယ်၏ဟူ၍ မပညတ်သော သူ....သည် ငါ၏အတ္တကား ရုပ်မရှိ (နာမ်ဖြစ်၏) ငယ်၏ဟု နာမ်ကို မသိစေ။

(၄) အတ္တကို အပိုင်းအခြား မရှိ ကြီးကျယ်၏ဟု မပညတ်သောသူ....သည် ငါ၏ အတ္တကား ရုပ်မရှိ အပိုင်းအခြားမရှိ ကြီးကျယ်၏ဟု နာမ်ကို မသိစေဟု လေးမျိုးရှိ၏။

## အတ္တဟု မပညတ်သောပုဂ္ဂိုလ်များ

အရိယာပုဂ္ဂိုလ်, မြတ်စွာဘုရား၏ ပိဋကတ်တော်ကို ဘတ်သိလိမ္မာသော ဗဟုသုတ ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်တို့နှင့် အာရဒ္ဓဝိပဿနာ ပုဂ္ဂိုလ်တို့သည်လည်း မပညတ်ကုန်။

## အတ္တသမနုပဿနာ ပုဂ္ဂိုလ်သုံးယောက်

(၁) ဝေဒနာကို အတ္တဟု ရှုသောသူ....သည် ဝေဒနာသည် ငါ၏အတ္တတည်းဟု ရှုမြင်၏။

(၂) ဝေဒနာသည် ငါ၏ အတ္တမဟုတ် ငါ၏အတ္တသည် မခံစားတတ်ဟု ဤသို့လည်း အတ္တကို ရှုမြင်၏။

(၃) ငါ၏ အတ္တသည် ဝေဒနာမဟုတ်၊ ငါ၏အတ္တသည် အာရုံကို မသိတတ်သည်မဟုတ်၊ ငါ၏အတ္တကို ဝေဒနာသည် ပခံစားအပ်ဟု ငါ၏ အတ္တသည် ဝေဒနာနှင့်ယှဉ်ခြင်း သဘောရှိ၏ဟု ဤသို့လည်း အတ္တကို ရှုမြင်၏။

## ဥဘတောဘာဂ ဝိမုတ္တပုဂ္ဂိုလ်ခေါ်ပုံ

အရူပ သမာပတ်ဖြင့် ရူပကာယမှ လွတ်ခြင်း၊ မဂ်ဖြင့် နာမကာယမှ လွတ်ခြင်း တည်းဟူသော ဤနှစ်ပါးသောအဖို့မှ လွတ်သောပုဂ္ဂိုလ်ကို ဥဘတောဘာဂ ဝိမုတ္တ ပုဂ္ဂိုလ်ဟူ၍ ခေါ်သည်။

## ပညာဝိမုတ္တပုဂ္ဂိုလ်ခေါ်ပုံ

နှစ်ပါးသော အာယတနတို့၏ လည်းကောင်း ၊ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ခြင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက် ကျွတ်လွတ်ရာကို လည်းကောင်း ဟုတ်တိုင်းမှန်စွာ သိသောကြောင့် ဥပါဒါန်အားဖြင့် စွဲလမ်းခြင်း မရှိမူ၍ ကိလေသာမှ ကျွတ်လွတ်သော ရဟန်းကို ပညာဝိမုတ္တပုဂ္ဂိုလ်ဟု ခေါ်၏။

## ဝိညာဏဋ္ဌိတိ (၇) ပါးအရပ်နှင့် အဓိပ္ပာယ်

၁။ နာနတ္တကာယ နာနတ္တသညီ၊

ကိုယ်ခန္ဓာလည်း ကွဲပြား၊ ပဋိသန္ဓေလည်း ကွဲပြားသော (ဝိနိပါတိက ပြိတ္တာ၊ အသူရာ၊ ဘုမ္မစိုးသောနတ်၊ လူ) တို့ပင်တည်း။

၂။ နာနတ္တကာယ ဧကတ္တသညီ၊

ကိုယ်ခန္ဓာ ကွဲပြား၍ ပဋိသန္ဓေ တူသော (ရူပ ပထမဈာန်၊ အပါယ် လေးပါး)တို့ပင်တည်း။

၃။ ကေတ္တကာယ နာနတ္တသညီ၊

ကိုယ်ခန္ဓာတူ၍ ပဋိသန္ဓေ ကွဲပြားသော (ဒုတိယ ဈာန်,သုံးဘုံရှိ) ဗြဟ္မာတို့ပင်တည်း။

၄။ ကေတ္တကာယ ကေတ္တသညီ၊

ကိုယ်ခန္ဓာလည်း တူ၍ ပဋိသန္ဓေ လည်း တူသော (တတိယဈာန်သုံးဘုံ, ဝေဟပ္ဖိုလ်ဘုံ သုဒ္ဓါဝါသ)ဘုံ တို့ပင်တည်း။

၅။ အာကာသာနဉ္စာယတနဘုံ

၌ဘုံသို့ရောက်သော ဗြဟ္မာတို့ပင်တည်း။

၆။ ဝိညာဏဉ္စာ ယတနဘုံ

၌ဘုံသို့ရောက်သော ဗြဟ္မာတို့ပင်တည်း။

၇။ အာကိဉ္စညာယတနဘုံ

၌ဘုံသို့ရောက်သော ဗြဟ္မာတို့ပင်တည်း။

၌သို့ ဝိညာဏဋ္ဌိတိ ခုနစ်ပါးရှိ၏။

အတူး။ 'သတ္တာဝါသ ဘုံကိုးဝ' ဆိုသည်မှာ ၎င်း ဝိညာဏဋ္ဌိတိ ခုနစ်ဘုံဝယ် အသညသတ်ဘုံ နေဝသညာ နာသညာ ယတနဘုံကိုကို ပေါင်းထည့်ပြန်လျှင် သတ္တာဝါသဘုံ ကိုးဝ'ဖြစ်၏ဟု မှတ်လေ။

(ဆောင်ရန်)

- ဝိညာဏဋ္ဌိတိ၊ ခုနစ်ရှိ၊ ထူးဘိဤသို့လာ။
- ဝိနိ အသူ၊ နတ်ဘုံလူ၊ မှတ်ယူ နာနတ္တာ။
- ရူပ ပထမစျာန်၊ ပါယ်လေးတန်၊ နာနံဧကတ္တာ။
- ဒုတိယစျာန်၊ ဘုံသုံးတန်၊ ဧကံနာနာဉ္ဉာ။
- တတိယဝေဟပ္ဖလာ၊ သုဒ္ဓါဝါ၊ ဧကဧကတ္တာ။
- အောက်အရူပစျာန်၊ ဘုံသုံးတန်၊ ဗျည်ပြန် ဝိညာဏာ။
- အသည-နေဝ၊ ဘုံထည်ကား ကိုးဝ-သတ္တာဝါ။
- သတ္တာဝါသ၊ ဝိညာဏ၊ ဤမျှ နိဋ္ဌိတာ။

မှတ်ချက်

ကေစ္စေ ဒေဝါ- ဟူသောပါဠိဖြင့် ကာမာ ဧရ နတ်ပြည်ခြောက်ထပ်၌ဖြစ်ကုန်သော နတ်တို့ကိုယူလေ။ ကေစ္စေ ဝိနိပါတိကာ- ဟူသောပါဠိဖြင့် အပါယ်လေးပါးဘုံမှ လွတ်သော ဥတ္တရာ၏ အမိဖြစ်သော ဘီလူးမ၊ ပိယင်္ကရ၏ အမိဖြစ်သော ဘီလူးမ၊ ဖုဿမိတ္တာ၊ ဓမ္မဂုတ္တာ၊ ဤသို့အစရှိသော သတ္တဝါတို့မှ တပါးကုန်သော ဝေမာနိကပြိတ္တာတို့ကို ယူအပ်၏ဟု မှတ်လေ။

(အဋ္ဌကထာ [illegible])

## သတ္တ ဝေါ အာနန္ဒ ဝိညာဏဋ္ဌိတိယော
## ဒွေ အာယတနာနိ-၌
## တည်နေရာ အာယတန နှစ်ပါး

၁။ အသညသတ္တာယတနံ

သညာ မရှိသော သတ္တဝါတို့၏ တည်နေရာ ဘုံဌာန တပါး။

၂။ နေဝသညာ နာသညာယတန

ရုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သော သညာ မရှိသည် မဟုတ်သော ဈာန်၏ တည်ရာ ဘုံဌာနတပါးဟု အာယတန နှစ်ပါးရှိ၏။

## ဝိမောက္ခအပြားရှစ်ပါး

၁။ နီလ ကသိုဏ်းစသည်တို့၏ အစွမ်းဖြင့် ရူပဈာန် ရှိသော ပုဂ္ဂိုလ်သည် ရုပ်တို့ကို ဈာန်စက္ခုဖြင့် ရှု၏။ ဤကား ပဌမ ဝိမောက္ခတည်း။

၂။ အဇ္ဈတ္တသန္တာန်၌ ရှိသော ဆံအမွေးစသော ရုပ်၌ ရုပ်ဟု အမှတ်မရှိဘဲ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော နီလ ကသိုဏ်း စသောရုပ်တို့ကို ဈာန်စက္ခုဖြင့် ရှု၏။ ဤကား ဒုတိယ ဝိမောက္ခတည်း။

၃။ တင့်တယ်ကောင်းမြတ်၏ ဟူ၍သာလျှင် ဆုံးဖြတ်သော အားဖြင့် ညွှတ်သောစိတ်ရှိ၏၊ ဤကား တတိယ ဝိမောက္ခတည်း။

၄။ ကသိုဏ်းရုပ်တို့ကို လွန်ခြင်း, ပဋိဃနှင့် ယှဉ်သော သညာတို့၏ ချုပ်ခြင်း, ထူးသော သညာကို နှလုံးမသွင်း ခြင်းကြောင့် ကောင်းကင် ပညတ်သည် အဆုံးအပိုင်း အခြားမရှိဟု ပွားများခြင်းကြောင့် အာကာသာနဉ္စာ ယတန ဈာန်ကို ဝင်စားနေ၏။ ဤကား စတုတ္ထ ဝိမောက္ခတည်း။

၅။ ပထမရုပ္ပ ဝိညာဏ်သည် အပိုင်း အခြားမရှိဟု စီးဖြန်း ပြီးလျှင် ဝိညာဏဉ္စာ ယတနဈာန်ကို ဝင်စားနေ၏။ ဤကား ပဉ္စမ ဝိမောက္ခတည်း။

၆။ ပထမာရုပ္ပဝိညာဏ်သည် တစုံတခု သာမျှမရှိဟု စီးဖြန်း ပြီးလျှင် အာကိဉ္စညာ ယတနဈာန်ကို ဝင်စားနေ၏။ ဤကား ဆဋ္ဌ ဝိမောက္ခတည်း။

၇။ အချင်းခပ်သိမ်း အာကိဉ္စညာ ယတနဈာန်ကို လွန် မြောက်၍ နေဝသညာ နာသညာ ယတနဈာန်ကို ဝင်စား၍နေ၏။ ဤကား သတ္တမ ဝိမောက္ခ တည်း။

၈။ အချင်းခပ်သိမ်းနေဝသညာ နာသညာ ယတနစျာန်ကို လွန်မြောက်၍ သညာ, ဝေဒနာတို့၏ ချုပ်ခြင်းဟူသော နိရောဓ သမာပတ်ကို ဝင်စားနေ၏။ ဤကား အဋ္ဌမ မြောက် ဝိမောက္ခတည်း။

**(မဆောင်ရန်)** မြန်မာဂါထာ

ရုပ်ကိုရှုလတ်၊ မှတ်,မမှတ်ပေ၊
တင့်တယ်လေ့မြင်း၊ နှလုံးသွင်းလေ၊
အရူပ်ချန်စလေး၊ လွန်ရေးတထွေ၊
နိရောဓ၊ ရှစ်ဝ ဝိမောက္ခ။

(အကျဉ်းချုပ်မှတ်ရန်)

ဤဝိမောက္ခ ရှစ်ပါးသရုပ်၌ ရူပဈာန်များကို စတုက္က နည်း အားဖြင့် ရူပဈာန်လေးပါး၊ အရူပဈာန်လေးပါး ဟု လည်း အကျဉ်းမှတ်သားပါလေ။

မဟာနိဒါနသုတ်ပါဠိတော် သရုပ်အဓိပ္ပာယ်

ပြီးပါပြီ။

# မဟာပရိနိဗ္ဗာနသုတ်ပါဠိတော် သရုပ်နှင့် အဓိပ္ပာယ်

## ရာဇအပရိဟာနိယ တရားခုနစ်ပါး

(မင်းတို့၏ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါး ဟူလို)

၁။ အဘိဏှ သန္နိပါတ၊

အမြဲမပြတ် တနေ့သုံးကြိမ် စည်းဝေးခြင်း၊

၂။ ဝဇ္ဇီသမဂ္ဂကိစ္စ၊

အမှုကိစ္စဟူသမျှတို့၌ ညီညာဖြဖြ ထကြွသုံ့လဖြင့် မတာပ်မခိုပဲ ရွက်ဆောင်ရခြင်း၊

၃။ အပညတ္တိ နပ္ပညပေန္တ၊

ရှေးမင်းများ၏ ထုံးနည်းဥပဒေကို မပျက်စေပဲ ရှိပြီး ဥပဒေကို မဖျက်စီးမူ၍ လိုက်နာကျင့်သုံးရခြင်း၊

၄။ ဝဇ္ဇီမဟလ္လကာ သက္ကရောန္တိ၊

အသက် ဂုဏ်သိက္ခာ ပညာအားဖြင့် ကြီးမြတ်ကုန်သောပုဂ္ဂိုလ်တို့ကို ရိုသေလေးစားစွာ ပူဇော်ရခြင်း၊

၅။ အပသယှ၊

အမျိုးသမီး အိမ်တောင်ရှင်နှင့် မိန်းမပျို ကလေးများကို အဟင်းဆွဲငင်၍ အနိုင် အဘက် မသိမ်းပိုက် မဖျက်ဆီးရခြင်း၊

၆။ ဗလိကမ္မ၊

မြို့တွင်း, မြို့ပြင်ရှိ ဝဇ္ဇီမင်းတို့၏ နတ်ကွန်း(စေတီ) တို့ကို ပူဇော်ပသ, ကိုးကွယ်ရခြင်း၊

၇။ ဓမ္မိကာ ဂုတ္တိ၊

ရဟန္တာ (ရဟန်း)တို့အား တရားနှင့်လျော်အောင် စောင့်ရှောက်ကာကွယ်ပြီး လုံခြုံစေမှုကို ကောင်းစွာ စီမံပေးခြင်းနှင့် ပစ္စည်းလေးပါးဖြင့် ချီးမြှောက် ပူဇော်ခြင်းဟု ခုနစ်ပါးတည်း။

(ဆောင်ရန်)

- ရာဇဂြိုဟ်ပြည်၊ မင်းဝဇ္ဇီ၊ ကျင့်ညီ မျိုးရာဇာ။
- အပရိဟာနိ၊ တရားရှိ၊ မှတ်ဘိခုနစ်ဖြာ။
- စည်းဝေးအစု၊ ညီညွတ်မှု၊ လိုက်ပြုသူတို့မှာ။
- ထကြွလုံ့လ၊ မှုကိစ္စ၊ ပြုကြမျှသူငါ။
- မင်းဥပဒေ၊ တိုးဆုတ်ဝေး၊ ရှုပ်ပွေ မပြုရာ။
- သက်ကြီးပညာ၊ ဂုဏ်သိက္ခာ၊ ပူဇာ ပြုကြရာ။
- အမျိုးသမီး၊ မဖျက်ဆီး၊ နတ်ကြီးကိုးကွယ်ရာ။
- ပုဂ္ဂိုလ်မြတ်များ၊ ပင့်၍ထား၊ ပြုပြားဝတ်ဖြာဖြာ။
- လိုက်နာသူအား၊ အကျိုးများ တိုးပွားချမ်းသာရာ။
- မင်း၏အပရိ၊ သရုပ်ရှိ၊ ထုတ်ဘိ နိဂုံတာ။

ဘိက္ခုအပရိဟာနိယ တရားခုနစ်ပါး

(ရဟန်းတို့၏ မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါးဟူလို)

၁။ အဘိဏှသန္နိပါတ၊

ရဟန်းတို့သည် မကြာမကြာ အမြဲမပြတ် အကြိမ်များစွာ ညီညီညွတ်ညွတ် စည်းဝေးခြင်း။

၂။ သမဂ္ဂသံဃကိစ္စ၊

အညီအညွတ်စည်းဝေးလျက် ကြွလို့လဖြင့် သံဃကိစ္စတို့ကို ညီညွတ်စွာ ရွက်ဆောင်ခြင်း၊

၃။ ဘိက္ခုအပညတ္တ ပညပနာ၊

ဘုရားရှင် မပညတ်ထားသော ဝိနည်းဥပဒေတော်ကို ထပ်မံမပညတ်ပဲ ပညတ်ပြီး ဝိနည်း ဥပဒေတော်တို့ကို မဆုတ်ယုတ်အောင် ကျင့်သုံး စောင့်ထိန်းရခြင်း၊

၄။ သံဃပိတရော သက္ကရိယာ၊

သံဃာဦးစီးနာယက မထေရ်ကြီးတို့ကို အရိုအသေပြုလျက် တရားတော်ကို လိုက်နာကျင့်သုံးရခြင်း၊

၅။ တဏှာယ ပေါနောဗ္ဘဝိကာ၊

ရဟန်းတော်တို့သည် ဘဝသစ်ကို ပေးတတ်သော တဏှာအမိုက် ဒုစရိုက်တရားတို့ကို မလိုက်စားရခြင်း၊

၆။ အရညာဝါသီ၊

ရဟန်းတော်တို့သည် တောကျောင်းတို့၌ နေထိုင်ရန် လိုလားသောစိတ် ရှိရခြင်း၊

၇။ ဘိက္ခုအပြဟ္မစာရီ၊

သီလကို ချစ်မြတ်နိုးကြသည့် သီတင်းသုံးဖော်တို့ လာရောက်ခြင်း၊ လာရောက်ပြီးသော သီတင်းသုံးဖော်တို့နှင့် ချမ်းသာစွာ နေထိုင်ရခြင်းဟု ခုနစ်ပါးတည်း။

(ဆောင်ရန်)

- အပရိဟာနိ၊ ရဟန်းသိ၊ မှတ်ဘိ ခုနစ်ဖြာ။
- စည်းဝေးသမှု၊ အမြဲရှု၊ ညီမှုများသံဃာ။
- ထကြွလုံ့လ၊ မှုကိစ္စ၊ ပြုကြ ညီညာစွာ။
- ဝိနည်းဥပဒေ၊ မဆုတ်ပေ၊ ကျင့်လေ များသံဃာ။
- ဦးစီးထေရ၊ ဟောဖော်ပြ၊ နာကြ ဒေသနာ။
- တဏှာအမိုက်၊ ဒုဝရိုက်၊ မလိုက် ယှဉ်ရှောင်ပါ။
- တောကျောင်းအာသာ၊ နေဆိုင်ရာ စိတ်မှာရှိစေရာ။
- သီလအကျိုး၊ ချစ်မြတ်နိုး၊ မညှိုးလျက်ဘဖြာ။
- မဟာနိဗ္ဗာနသုတ်၊ ဖော်ပြထုတ်၊ အချုပ်နိဋ္ဌိတာ။

## ဒုတိယမြောက်

## မဆုတ်ယုတ်ကြောင်းတရားခုနစ်ပါး

၁။ န ကမ္မာရာမာ၊

ရဟန်းတို့သည် ကိစ္စကြီးငယ်၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြရခြင်း၊

၂။ န ဘဿာရာမာ၊

စကားစမြည် ပြောဆိုခြင်း၌ မွေ့လျော် ပျော်ပိုက် လုံ့လစိုက်၍ မနေကြရခြင်း၊

၃။ န နိဒ္ဒါရာမာ၊

အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြရခြင်း

၄။ န သင်္ဂဏိကာရာမာ၊

အပေါင်း အဖော်တို့နှင့် စုရုံး နေထိုင်ခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြရခြင်း၊

၅။ န ပါပိစ္ဆာ၊

အလိုဆိုးမှ ကင်းကုန်လျက် အလိုဆိုးတို့၏ ဆွဲဆောင်ရာသို့ မလိုက်ကြရခြင်း၊

၆။ န ပါပမိတ္တာ၊

ယုတ်မာသော မိတ်ဆွေမရှိမူ၍ ယုတ်မာသော မိတ်ဆွေတို့၌ စိတ်မညွတ်ကြရခြင်း၊

၅။ ကိလေသာတရားတို့ကို ပယ်ရန် မှတ်သားမှု 'ပဟာန သညာ'ကို ပွားများရခြင်း၊

၆။ တပ်မက်မောခြင်း ကင်းရန် 'ဝိရာဂသညာ'ကို ပွားများရခြင်း၊

၇။ ချုပ်ငြိမ်းမှုကို မှတ်သားမှု 'နိရောဓသညာ'ကို ပွားများရခြင်းဟု နုနစ်ပါးတည်း။

ရဟန်းတို့၏ မဆုတ်ယုတ်ကြောင်းတရား ခြောက်ပါး

၁။ ရဟန်းတို့သည် သီတင်းသုံးဖော်တို့အား မေတ္တာစိတ်ဖြင့်ပြုသော ကိုယ်အမှုအရာရှိရခြင်း၊

၂။ မေတ္တာစိတ်ဖြင့် နှုတ်အမှုအရာရှိရခြင်း၊

၃။ စိတ်အမှုအရာ ကို မျက်မှောက်မျက်ကွယ်၌ မွေ့ရှုထင်စေခြင်း၊

၄။ တရားအားလျော်စွာ ဓမ္မိယလာဘ်တို့ကို မျှတအောင် ခွဲခြမ်းဝေဖန်၍ သုံးဆောင်ရခြင်း၊

၅။ သီလ, သမာဓိ, ပညာဟူသော ဂုဏ်သိက္ခာချင်း တူမျှရခြင်း၊

၆။ နိဗ္ဗာန်ကို ပို့ဆောင်တတ်သော အရိယာပညာချင်း သီတင်းသုံးဖော်တို့နှင့် တူညီမျှရခြင်းဟု ခြောက်ပါးတည်း။

## သီလ ပျက်စီးခြင်း၏ အပြစ်ငါးပါး

(ဒုဿီလ အာဒီနဝ တရားငါးပါး ဟူလို)

၁။ စည်းစိမ်ချမ်းသာ ဆုတ်ယုတ် ပျက်စီးခြင်း။
၂။ မကောင်းသတင်း ပျံ့နှံ့ ကျော်ကြားခြင်း။
၃။ ပရိသတ် လေးပါးတို့၏ အလယ်၌ မျက်နှာ ညှိုးငယ်ရခြင်း။
၄။ ကြောက်ထိတ်ပြာလျက် တွေဝေစွာသေရခြင်း။
၅။ စုတေ ပြီးနောက် အပါယ်ဘုံသို့ လား ရောက် ရ ခြင်း ဤသို့အားဖြင့် ငါးပါးတည်း။

(ဆောင်ရန်) မြန်မာဂါထာ

စောင့်ထိန်းသီလ ပျက်ကြသူတွေ၊
စည်းစိမ်ဆုတ်ခြင်း၊ သတင်းမဝေ၊
ပရိသတ်လယ်၊ မျက်နှာငယ်ပေ၊
ထိတ်လန့်ခြင်း၊ သေလျှင်ပါယ်ဘုံလေ။
[သီလပျက်၊ ငါးချက်အကျိုးတွေ၊]

ပျက်ခြင်းသီလ၊ ကြောင်းခြင်းတကို၊ မှတ်ကြငှော၊ ကမ္ဘာပိမ့် ဥစ္စာစည်းစိမ်၊ ရိပ်ငြိမ်ပေပင်း ဆုတ်ယုတ်ခြင်းနှင့်၊ သတင်း မကောင်း၊ ကြိုင်နံ့လှောင်း၏၊ လူပေါင်းအလယ်၊ မျက်နှာ ငယ်လျက်၊ တသွယ် ထိတ်ကြောက်၊ လွန့်စိတ်နောက်၍၊ ဖောက်ပြန်ဘိလျင်း၊ သေရခြင်းတည်း။

မယွင်း မှန်စွာ၊ သေပြီး ခါလည်း၊ လေးဖြာအပါယ်၊ ရောက်အံ့ရှယ်သည်၊ မှတ်ဖွယ်ငါးခု အပြစ်တည်း။

## သီလပြည့်စုံခြင်း၏ အကျိုးတရားငါးပါး
## (သီလာနိသံသ, တရားငါးပါးဟူလို)

၁။ စည်းစိမ်ဥစ္စာ ရတနာဒြဗ္ဗငွေ့သံရေဝပါးပေါများ ပြည့်စုံခြင်း။
၂။ ကောင်းသောသတင်း ပျံ့နှံ့ ကျော်ကြားခြင်း။
၃။ မကြောက်မရွံ့ ရဲရင့်ခြင်း။
၄။ မတွေဝေပဲ သေရခြင်း။
၅။ သေလွန်ပြီး နောက်, နတ်ပြည်သို့ ရောက်ရခြင်း အားဖြင့် ငါးပါးတည်း။

(ဆောင်ရန်) မြန်မာဂါထာ

စည်းစိမ်ကြွယ်ဖြိုး၊ ကျော်ဟိုးသလေ၊
မကြောက်မထိတ်၊ ရဲစိတ်သွေ့ထွေ၊
မတွေဝေပဲ၊ သေပွဲဝင်ပေ၊
နတ်ဘုံနန်း၊ စံမြန်းရသလေ။
[သီလ'အ'ကျိုး ငါးမျိုးမှတ်ဖို့ပေ။]

မှတ်ချက်။ ။ သီလအကျိုး ဟူသော နေရာ၌ ''အကျိုး'' ဝယ် ''အ'' ဟူသောစာလုံး ပိုနေသည်။ ရွတ်ဆိုရာတွင် ပိုမို၍ နားထောင်ကောင်းသည့် အတွက် စီထားသည်။ အရာရာမှာ ဤနည်းနှင်နှင် မှတ်ပါလေ။

စည်းစိမ်ကြွယ်ဖြိုး၊ လွန်ကျော်ဟိုးလျက်၊ တက်တိုးစည်ကား၊ ကြီးပွားခြင်းနှင့်၊ သတင်းပေါက်ရောက်၊ မကြောက် မတိတ်၊ ပရိသတ်ထဲ၊ ရဲတင်းမှန်လှ၊ ရွှင်ပျဝမ်းမြောက်၊ မဖောက်မဝေ၊ စုတေရပြန်။ တဖန်မှုချ၊ သေပြီးမှလည်း၊ ကာမ အာရုံ၊ လုံးစုံ ပြည့်လတ်၊ နတ်ရပ်စံပျော်၊ ဤငါးဘော်သည်၊ တေဇော်သီလ၊ စွမ်းရည်တည်း။

## ပါဠိလိပုတ်ပြည်၏ ဖြစ်လတ္တံ့ အန္တရာယ်သုံးပါး

၁။ မီးအန္တရာယ်၊

၂။ ရေအန္တရာယ်။

၃။ အချင်းချင်း ပျက်စီးခြင်း အန္တရာယ်ဟု သုံးပါးတည်း။

## နန္ဒာနာမ အာနန္ဒာဘိက္ခုနီ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ၌ မှတ်သားဖွယ်

နန္ဒာမည်သော တိက္ခုနီမသည် အောက် ကာမဘုံ၌ ပဋိသန္ဓေကို ယူစေတတ်သော အဖို့ရှိသော သံယောဇဉ် တရား ငါးပါး ကုန်ခန်းခြင်းကြောင့် ဥပပတ် ပဋိသန္ဓေဖြင့် ဗြဟ္မာ့ ပြည်၌ ဖြစ်ပြီး,အောက် ကာမဘုံသို့ ပြန်မလာတော့ပဲ ပရိ နိဗ္ဗာန် ပြုသွားလေသည်။

'ပဥ္စန္န'အရ' သံယောဇဉ်ငါးပါး

၁။ ကာမ ရာဂ သံယောဇဉ်
၂။ ဗျာပါဒ သံယောဇဉ်၊
၃။ ဒိဋ္ဌိ သံယောဇဉ်၊
၄။ သီလဗ္ဗတ ပရာမာသ သံယောဇဉ်၊
၅။ ဝိစိကိစ္ဆာ သံယောဇဉ်ဟု ငါးပါးတည်း။

မှတ်ချက်။ ဤငါးပါးကို ဩရမ္ဘာဂိယ သံယောဇဉ် ခေါ်၏ဟုမှတ်။

သုဇာတာ အာနန္ဒဥပါသိကာ

တိဏ္ဏံ သံယောဇနာနံ၌ မှတ်သားဖွယ်

သုဇာတာ အမည်ရှိသော ဥပါသိကာမ သည် သံယောဇဉ် သုံးပါးကုန်ခန်းခြင်းကြောင့် အပါယ်တံခါး ပိတ်၍ သောတာပန်ဖြစ်သွား၏။ သုဒတ္တမည်သော ဥပါသကာကား ငါးသံယောဇဉ် သုံးပါးပင် ကုန်ခန်းခြင်းကြောင့် သကဒါဂါမ်ဖြစ်၏ဟုမှတ်။

'တိဏ္ဏံ'အရ သံယောဇဉ်သုံးပါး

၁။ ဒိဋ္ဌိ သံယောဇဉ်၊
၂။ သီလဗ္ဗတ ပရာမာသ သံယောဇဉ်၊
၃။ ဝိစိကိစ္ဆာ သံယောဇဉ်ဟု သုံးပါးတည်း။

(ဆောင်ရန်)

- ဒိ,ဝိ,သိ,ကာ,ဗျာပါဒါ၊ ငါးဖြာ သြရမ္ဘာ။
- ၎င်းငါးပါး၊ ပယ်တုံငြား၊ မှန်သား သုန္ဒ၊
- ဒိဋ္ဌိ သီလ၊ ဝိစိပြ၊ ပယ်ရ သုဇာတ။
- ရူပ, အရူပ, ဥဒ္ဓစ္စနှင့်၊ မာနတတန်၊ အဝိဇ္ဇံ ဥဒ္ဓံ ဘာဂိယ။

ဓမ္မာဒါသ ဓမ္မပရိယာယခေါ်
ကြေးမုံတရားတော်

- ဘုရားဂုဏ်တော် ကိုးပါး။
- တရားဂုဏ်တော် ခြောက်ပါး။
- သံဃာဂုဏ်တော် ကိုးပါး။

အရိယာ သူတော်ကောင်း တို့သည် နှစ်သက်အပ်စောင့်ထိန်းအပ်သော မကျိုး,မပြောက်, မပေါက်, မကျားကုန်သော တဏှာ ညွှတ်ကွင်းမှ လွတ်ကင်း၍ ပညာရှိတို့ ချီးမွမ်းအပ်သော သမာဓိကို ဖြစ်စေ တတ်သည့် သီလ, စသား ဖြတ်တရားများ ပေဘည်း။ ဤကား အကျဉ်းမျှသာတည်း။

(ဆောင်ရန်)

- ရတနာသုံးစုံ၊ ကျေးဇူးဂုဏ်၊ ကြည်ယုံဖြတ်သီလ။
- ကြေးမုံအသား၊ ကြည်လင်ငြား၊ မှတ်သား ဖြတ်ဝပ္ပ။

မြတ်စွာဘုရားက အရှင်အာနန္ဒာအား
တရားထူးဟောကြားရာ၌ အားကိုးဖွယ်ရာ

မိမိကိုယ်ကိုသာလျှင် မှီခိုအားထားရာပြု၍ မိမိမှတပါး အားထား ဖွယ်မရှိပဲ မိမိကိုယ်သာ ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေလော့။

တရားတော်ကိုသာ မှီခိုရာပြု၍ တရားတော်မှ တပါး ကိုးကွယ်ရာမရှိပဲ တရားတော်ကိုသာ မှီခိုကိုးကွယ်၍ နေလေဟု မိန့်တော်မူ၏။

မှတ်ချက်။ ။မိမိကိုယ်ကို အားကိုးရမည် ဆိုသော်လည်း မိမိ ကိုယ်ခန္ဓာ ငါးခု၏ အစုဖြစ်သော ကိုယ်ကို မှီခို ကိုးကွယ်ရမည်ဟု မမှတ်လင့်၊ ထိုကိုယ်ခန္ဓာသည် အဘယ်မှာ မှီခို ကိုးကွယ်ရာရှိပါအံ့နည်း။

ဆိုလိုရင်းမှာ-

မိမိ ပြုလုပ်ထားသော လောကီ ကုသိုလ်တရားများနှင့် လောကုတ္တရာ တရားများကိုသာ မှီခို ကိုးကွယ်ရာ၏ဟု ဆိုလိုသည်။

ထို့ကြောင့်

ကိုယ့်ကိုယ်ကိုကိုး၊ တောင်နှယ်ကိုး၊
ကိုယ်ကို တိုးတိုး၊ ကိုယ်ပင်နိုး- ဟု
ရှေးဆရာများ ဆိုကြ၏။

မြေငလျင်လှုပ်ခြင်း အကြောင်းရှစ်ပါး

၁။ လေပြင်းထန်စွာ တိုက်ခိုက်ခြင်းကြောင့် ရေတို့သည် လှုပ်ရကုန်၏။ ထိုရေလှုပ်ခြင်းကြောင့် ငလျင်လှုပ်ခြင်း၊

၂။ စျာန်အဘိညာဉ် လေ့လာသော ရဟန်း ပုဏ္ဏား ဘုန်းခိုး ကြီးမားသော သူတို့သည် ကသိုဏ်း ပွားများသော အခါ လှုပ်ခြင်း၊

၃။ ဘုရားအလောင်း ပဋိသန္ဓေ နေသောအခါ လှုပ်ခြင်း၊

၄။ ဘုရားလောင်း ဖွားမြင်တော် မူသောအခါ၌ လှုပ် ခြင်း၊

၅။ သစ္စာလေးပါး တရားကိုသိ၍ သဗ္ဗညုတဉာဏ်ကို ထိုး ထွင်း၍ သိတော်မူသောအခါ လှုပ်ခြင်း၊

၆။ မြတ်စွာဘုရားသည် ဓမ္မစကြာတရားကို ဟောတော် မူသောအခါ လှုပ်ခြင်း၊

၇။ အာယုသင်္ခါရကို လွှတ်တော်မူသောအခါ လှုပ်ခြင်း၊

၈။ ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ လှုပ်ခြင်း အားဖြင့် ရှစ်ပါးတို့တည်း။

(ဆောင်ရန်) မြန်မာဂါထာ

လေ့ ရေလှုပ်ငြား–ဈာန်ပွားခါပေ၊
သန္တေ့ယူစဉ် –ပွားမြင်တထွေ၊
မဟာဗောဓိ –ဟောဘိ ဝမ္မေ၊
အာယုလွှမ်း –စံမြန်း နိဗ္ဗာန်နေ၊
[ငလျင်လှုပ် –အချုပ် အင်ရှစ်ထွေ။]

## ပရိသတ်ရှစ်ပါးသရုပ်

မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်း, စာတုမဟာရာဇ်နတ်, တာဝတိံသာနတ်, မာရ်နတ်မင်း, ဗြဟ္မာမင်း ပရိသတ်အားဖြင့် ရှစ်ပါးတို့တည်း။

(ဆောင်ရန်)

- မင်းနှင့်ပုဏ္ဏား၊ သူကြွယ်ထား၊ ထည့်ငြား ရဟန်းမြတ်။
- စာတုနှင့်တာ၊ မာရ်, ဗြဟ္မာ၊ ရှစ်ဖြာ ပရိသတ်။

## အဘိဘာယတနစျာန် (၈)ပါး

(အာရုံတရားတို့ကို လွှမ်းမိုးနှိပ်စက်ကြောင်း တရားဟူလို)

၁။ တယောက်သော ပုဂ္ဂိုလ်သည် မိမိအတွင်း သန္တာန်၌ ရုပ်ဟု အမှတ်ရှိသည်ဖြစ်၍ အပသန္တာန်၌ သေးငယ်ကုန်သော ကောင်းသောအဆင်း၊ မကောင်းသော အဆင်းရှိကုန်သော ရုပ်တို့ကို ရှု၍၊ ဤကား တပါး။

၂။ တယောက်သော ပုဂ္ဂိုလ်သည် အတွင်း သန္တာန်၌ ရုပ်ဟုအမှတ်ရှိသည်ဖြစ်၍ အပသန္တာန်၌ကြီးကျယ်သော ပမာဏရှိကုန်သော ကောင်းသောအဆင်း မကောင်းသော အဆင်းရှိကုန်သော ရုပ်တို့ကို ရှု၏။ ဤကား တပါး။

၃။ တယောက်သော ပုဂ္ဂိုလ်သည် မိမိအတွင်း သန္တာန်၌ ရုပ်ဟု အမှတ်မရှိသည်ဖြစ်၍ အပသန္တာန်၌ သေးငယ်ကုန်သော ကောင်း မကောင်း အဆင်းရှိ ကုန်သော ရုပ်တို့ကို ရှု၏။ ဤကား တပါး။

၄။ တယောက်သော ပုဂ္ဂိုလ်သည် အမှတ်မရှိသည် ဖြစ်၍ ကြီးသောအဆင်းရှိသောရုပ်ကို ရှု၏။ ဤကား တပါး။

၅။ အမှတ်မရှိသည်ဖြစ်၍ ဗဟိဒ္ဓ ညိုသော အဆင်းရှိသော ရုပ်တို့ကို ရှု၏။ ဤကား တပါး။

၆။ အမှတ်မရှိသည်ဖြစ်၍ ဗဟိဒ္ဓ ရွှေသောအဆင်း ရှိသော ရုပ်တို့ကို ရှု၏။ ဤကား တပါး။

၇။ အမှတ်မရှိသည်ဖြစ်၍ ဗဟိဒ္ဓ နီသောအဆင်း ရှိသော ရုပ်တို့ကို ရှု၏။ ဤကား တပါး။

၈။ အမှတ်မရှိသည်ဖြစ်၍ ဗဟိဒ္ဓ ဖြူသောအဆင်း ရှိသော ရုပ်တို့ကိုရှု၏။ နှိပ်စက်လွှမ်းမိုး၍ ငါသည် သိ၏၊ မြင်၏ ဟူ၍ ဤသို့အမှတ်ရှိသည် ဖြစ်၏။ ဤကား တပါး။ ဤသို့အားဖြင့် ရှစ်ပါးတည်း။

## သာသနာအရှည် တည်တံ့ရေးတရား သုံးဆယ့်ခုနစ်ပါး

၁။ သတိပဋ္ဌာန်လေးပါး၊ ၅။ ဣန္ဒြေငါးပါး၊
၂။ သမ္မပ္ပဓာန်လေးပါး၊ ၆။ ဗောဇ္ဈင်ခုနစ်ပါး၊
၃။ ဣဒ္ဓိပါဒ်လေးပါး၊ ၇။ မဂ္ဂင်ရှစ်ပါးတို့
၄။ ဗိုလ်တရားငါးပါး၊ ပေတည်း။

## ထိုတရားတို့ကို ဘုရားရှင် ဟောတော်မူရခြင်းအကျိုး

မြတ်သော သာသနာတော်သည် အရှည်ရှည်စွာ ခိုင်ခံ့လျက် ကြာမြင့်စွာတည်တံ့ခြင်း အကျိုးငှာလည်းကောင်း၊ ထိုသို့တည် တည်တံ့ခြင်း၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ လောကကို အစဉ် စောင့် ရှောက်ခြင်းနှင့် အကျိုးစီးပွား ချမ်းသာများခြင်း အကျိုးငှာလည်းကောင်း ဟောတော်မူပါသည်။

## ရှည်မြင့်သော သံသရာမှ ထွက်မြောက်ကြောင်း တရားလေးပါး

၁။ အရိယသီလ

မြတ်သော ဤ'အရိယသီလ'ကို ထိုးထွင်း၍ မသိနိုင်ခြင်း ကြောင့် ငါဘုရားသည် လည်းကောင်း၊ သင်တို့သည် လည်း ကောင်း ရှည်လျားစွာသော ဤသံသရာကာလပတ်လုံး ဘဝ တခုမှ ဘဝတခုသို့ ပြေးသွားခဲ့ရ ဖူးလေပြီ၊ ဘပြောင်းတပြန် အဖန်ဖန် ကျင်လည်ခဲ့ရလေသည်။

၂။ အရိယသမာဓိ

ကောင်းမြတ် ဖြူစင်သော တည်ကြည်မှု 'အရိယသမာဓိ'ကို ထိုးတွင်း၍ မသိနိုင်ခြင်းကြောင့် ငါဘုရားသည် လည်းကောင်း၊ (ပ) ကျင်လည်ခဲ့ရလေပြီ။

၃။ အရိယပညာ

ကောင်းမြတ် ဖြူစင်မှန်ကန်သော 'အရိယပညာ'ကို ထိုးတွင်း၍ မသိနိုင်ခြင်းကြောင့် ငါဘုရားသည် လည်းကောင်း၊ (ပ) ကျင်လည်ခဲ့ရလေပြီ။

၄။ အရိယဝိမုတ္တိ

မြတ်သော လွတ်မြောက်မှု 'အရိယဝိမုတ္တိ'ခေါ် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိနိုင်ခြင်းကြောင့် ငါဘုရားသည် လည်းကောင်း၊ (ပ)ကျင်လည်ခဲ့ရလေပြီ။

ရဟန်းတို့၊ ငါဘုရားသည် ထိုသီလ, သမာဓိ, ပညာ, အရဟတ္တဖိုလ်တရားတို့ကို ထိုးထွင်း၍ သိအပ်ပြီ၊ ဘုံဘဝတို့၌ သာယာတပ်မက်တတ်သော ဘဝတဏှာကိုလည်း ဖြတ်ပြီးပြီ။

ထိုထိုဘုံဘုဝသို့ ဆွဲဆောင်တတ်သောကြိုးနှင့် အလားတူစွာသော ဘဝသစ်တဏှာသည်လည်း ကုန်ခန်းပြီ၊ ယခုအခါ တဖန်ဘဝသစ်၌ ပြန်ဖြစ်ခြင်းမရှိတော့ပြီဟု ဘုရားရှင် မိန့်တော်မူ၏။

သီလံ သမာဓိ ပညာ စ၊
ဝိမုတ္တိ စ အနုတ္တရာ။
အနုဗုဒ္ဓါ ဣမေ ဓမ္မာ၊
ဂေါတမေန ယသဿိနာ။

**ဂါထာအနက်**....သီလဉ္စ၊ မှန်မြတ်သော သီလ လည်းကောင်း။ သမာဓိ စ၊ မှန်မြတ်သောစိတ်၏ တည်ကြည်မှု သမာဓိလည်းကောင်း။ အနုတ္တရာ၊ မိမိထက် လွန်မြတ်သော တရားမရှိထသော။ ဝိမုတ္တိ စ၊ မှန်မြတ်သော အရဟတ္တဖိုလ်လည်းကောင်း။ ဣမေ ဓမ္မာ၊ ဤတရားသုံးပါးတို့ကို။ ယသဿိနာ၊ အခြံအရံရှိတော်မူသော။ ဂေါတမေန၊ ဂေါတမနွယ်ဝင် ဖြစ်တော်မူသော။ တထာဂဘေန၊ မြတ်စွာဘုရားသည်။ အနုဗုဒ္ဓါ၊ စင်စစ်ကေန် သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍ သိတော်မူအပ်ပြီ။

ဣတိ ဗုဒ္ဓေါ အဘိညာယ၊
ဓမ္မမက္ခာသိ ဘိက္ခုနံ။
ဒုက္ခဿန္တကရော သတ္ထာ၊
စက္ခုမာ ပရိနိဗ္ဗုတော။

**ဂါထာအနက်**....ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်သင် သိမြင်တော်မူဘတ်သော မြတ်စွာဘုရားသည်။ ဣတိ၊ ဤသို့။ အဘိညာယ၊ ထူးသော သဗ္ဗညုတ

ဉာဏ်တော်ဖြင့် သိတော်မူ၍။ ဘိက္ခုနီ၊ ရဟန်းတို့အား။ ဓမ္မ၊ တရားတော်မြတ်ကို။ အက္ခာသိ၊ ဟောကြားတော်မူပြီ။ အက္ခာယိတွာ၊ ဟောကြားတော်မူပြီး၍။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကရော၊ အဆုံးကိုပြုတတ်သော။ စက္ခုမာ၊ ဗုဒ္ဓ, ဓမ္မ, သမန္တ, ဒိဗ္ဗ, ဉာဏ, သာ ဟူသော စက္ခုငါးပါးတို့နှင့် ပြည့်စုံတော်မူသော။ သတ္ထာ၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ဆရာအစစ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော၊ ကိလေသာမီး အပြီးကင်းဝေး ငြိမ်းအေးတော်မူလေပြီ။

---

မဟာပဒေသတရားလေးပါး

၁။ သုတ္တ—ဘုရားဟောဖြစ်သော ပါဠိတော်များတည်း။

၂။ သုတ္တာနုလောမ—ဘုရားဟော ပါဠိတော်နှင့် သင့်တင့် လျော်ကန်သောစကားတည်း။

၃။ အာစရိယဝါဒ—အဋ္ဌကထာဆရာတို့၏ အလိုဖြစ်သော စကားတည်း။

၄။ အတ္တနောမတိ—ဋီကာဆရာတို့၏ အလိုဖြစ်သောစကား တည်း။

**အဓိပ္ပာယ်အကျဉ်းချုပ်**

ယင်းတရား လေးပါးတို့၌ သုတ္တ-ဆိုသည်မှာ ဘုရားဟော ပါဠိတော်များဖြစ်၍ မပယ် မစွန့်အပ်၊ သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိတို့မှာလည်း ပါဠိတော် ထင်ရှားရှိလျှင် ပါဠိတော်နှင့် လျော်ကန် ညီညွတ်မှသာလျှင် ယူသင့်၏။ ပါဠိတော် ထင်ရှားမရှိလျှင် မယူသင့်၊ မယူအပ်၊ ပယ်အပ်, ပယ်သင့်သည်သာတည်းဟု မှတ်။

(ဆောင်ရန်)

● သုတ္တတခု၊ သုတ္တာနုနှင့်၊ အာစရိယော၊
အတ္တနော၊ မှတ်လော မဟာပဒေသာ။

## မြတ်စွာဘုရား၏ကိုယ်တော် စင်ကြယ်ခြင်း
## အရေအဆင်းတော် တောက်ပသော အခါနှစ်မျိုး

၁။ မြတ်စွာဘုရားသည် အမြင့်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူသော ညဉ့်အခါ။

၂။ ခန္ဓာ အကြွင်းမရှိသော ငြိမ်းအေးခြင်း သဘောဟူသော "အနုပါဒိသေသ နိဗ္ဗာနဓာတ်"ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသော ညဉ့်အခါတို့ပင်တည်း။

## မြတ်စွာဘုရား ပရိနိဗ္ဗာန်မပြုမီ
## ထူးကဲမွန်မြတ်သော ဆွမ်းနှစ်မျိုးကား

(၁) အကြွင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော 'သမ္မာသမ္ဗောဓိဉာဏ်'ကို ရတော်မူခြင်း၊ (ဤဆွမ်းကား တမျိုး)။

(၂) အကြွင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ခန္ဓာအကြွင်းမရှိသော ငြိမ်းအေးခြင်းသဘော "အနုပါဒိသေသနိဗ္ဗာနဓာတ်"ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူရခြင်း၊ (ဤဆွမ်းကား တမျိုး)။

ထို့ကြောင့် အခြားသောဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားကုန်သော အချင်းချင်း အကျိုးဝိပါက်တူမျှကုန်သော ဆွမ်းနှစ်ပါးတို့ဟူသည် ဤသည်တို့ပင်တည်းဟု မှတ်။

ဒဒတော ပုညံ ပဝဍ္ဎတိ၊
သံယမတော ဝေရံ န စီယတိ၊
ကုသလော စ ဇဟာတိ ပါပကံ၊
ရာဂဒေါသမောဟက္ခယာ သနိဗ္ဗုတော။

**ဂါထာအနက်....** ဒါနံ၊ ပေးကမ်း စွန့်ကြဲခြင်းအစု ဒါနဝတ္ထု၊ ဟူသမျှကို။ ဒဒတော-ဒဒန္တဿ၊ စာဂရဲရဲ ဒါနပွဲဟူသရွေ့ပေးလှူလေ့ရှိသောသူအား။ ပုညံ၊ လူနတ်နိဗ္ဗာန် သုံးတန်ရွယ်ကိုး ကုသိုလ်ကောင်းမှုမျိုးသည်။ ပဝဍ္ဎတိ၊ တနေ့တခြား

ဗီရေလားသို့ တိုးပွားလေ၏။ သံယမတော-သံယမန္တသား ကိုယ် နှုတ် နှလုံးကို စောင့်သုံးသောသူအား။ ဝေရံ၊ ငါးပါးရန်စု မကောင်းမှုသည်။ နစိယတိ၊ မပွားစီးနိုင်။ ကုသလော စ၊ ကုသိုလ် ကောင်းမှုအစုစုသည်သာလျှင်။ ပါပကံ၊ ကို။ ဇဟာတိ၊ ၏။ ရာဂ ဒေါသ မောဟက္ခယာ၊ ရာဂ, ဒေါသ, မောဟတို့၏ ကုန်ခန်း ခြင်းကြောင့်။ သနိဗ္ဗုတော၊ ကိလေသာမီး အပြီးကင်းဝေး ငြိမ်းအေးလေတော့သတည်း။

## စတုသံဝေဇနီယဌာန

(သံဝေဂ ရစေတတ်သော ဌာနကြီးလေးပါးဟူလို)

(၁) လုမ္ဗိနီဥယျာဉ်၊
ပဋိမဘဝိက ဘုရားလောင်း ဖွားမြင်တော်မူရာဌာန၊

(၂) မဟာဗောဓိ၊
ဘုရားအဖြစ်သို့ ရောက်တော်မူရာဌာန၊

(၃) ဣသိပတနမိဂဒါဝုန်တော၊
ဓမ္မစကြာ တရားဦး ဟောကြားတော်မူရာဌာန၊

(၄) ကုသိနာရုံ၊
ပရိနိဗ္ဗာန် စံတော်မူရာ ဌာနအားဖြင့် လေးပါးရှိ၏။

ရှင်းတို့ကို 'ပူဇနိယ ဌာနကြီးလေးပါး' 'စေတိယ ဌာနကြီး လေးပါး'ဟုလည်း ခေါ်ဆိုကြသေး၏။

ဤဌာနကြီးလေးခုသို့ သမ္မာဒိဋ္ဌိအယူရှိသူ, သဒ္ဓါတရားနှင့် ပြည့်စုံသူတို့ ဖူးမြော်ရန် အလွန် သွားရောက်ဖို့ရန် သင့် ပေသည်။

(ဆောင်ရန်)

- လုမ္ဗိနီနှင့်၊ မဟာဗောဓိ၊ မိဂဒါဝုန်၊ ကုသိလေးဌာန။
- ပွား, သိ, ဟောပြန်၊ နိဗ္ဗာန်စံ၊ မှတ်ရန် သံဝေဂါ။

အို...စာရှုသူ ဓမ္မသဟာယတို့ဆွေတို့၊ ပြဆိုခဲ့ပြီးတဲ့ အရပ်ကြီး လေးဌာနကို သွားရောက်ဖူးမြော် ပူဇော် ကြည်ညိုဖို့ အလွန် ကောင်းလှပေ၏။

ဘာလို့လဲဆိုလျှင် ငါတို့ဘုရားရှင်က ဤမဟာ ပရိနိဗ္ဗာန သုတ် ပါဠိတော်မှာပင်—

"ယေဟိ ကေစိ အာနန္ဒ စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္နစိတ္တာ ကာလံ ကရိဿန္တိ၊ သဗ္ဗေတေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပ္ပဇ္ဇိဿန္တီတိ"ဟု ဟော တော်မူခဲ့ပေသည်။

**အဓိပ္ပာယ်**

ဤ အထက်ပါ ဌာနဘောင်းကြီးလေးခုသို့ ကြည်ညိုမြတ်နိုး ရှိခိုးကော်ရော် ပူဇော်ဖူးမြော်ကြကုန်သော ရဟန်းရှင်လူ များ ဗိုလ်လူတို့ သွားရောက်လိုသူ ဟူသမျှတို့သည် သေသည်မှနောက် ကာလ၌အပါယ်လေးဘုံသို့ မလားရောက်ကြတော့ဘဲ နတ်ပြည် သို့ ဧကန်ထုတ်ချောက် အမှန် ကပ်ရောက်ကြရကုန်လိမ့်လတ္တံ့ဟု ငါတို့မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော်မူခါနီး ဘုရား ရှင်ကိုယ်တော်တိုင် အထက်ပါ ပါဠိတော်အတိုင်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

ထို့ကြောင့် သက်တော်ထင်ရှား ငါဘုရားနှင့်အတူ အရေး တယူ အလေးမူလျက် ကြည်ဖြူကော်ရော် ပူဇော်ဖူးမြော်ရစ်ကြ လေတော့ဟု တိုက်တွန်းတော်မူခဲ့ပေသတည်း။ ။

(ဆောင်ရန်) မြန်မာ့ဂါထာ

ဖွားမြင်ဒေသ .... သစ္စာသိရာ၊
ဓမ္မစကြာဦး .... ဟောကြူးဌာနာ၊
နတ်ဘုံနတ်နန်း.... ဝံမြန်းလေရာ၊
လေးဌာန .... မှတ်ကြ သံဝေဇနာ။

ထိုအရပ်လေးပါး ....သွားငြားသူမှာ၊
ကြည်နူးရည်စူး ....တင့်ဖူးဝေဆာ၊
ဉာဏ်သမ္ဘာရင့် ....မကြာမြင့် ဧဌ်ကွာ၊
နတ်ဘုံနန်း ... စံမြန်းရပေလော့။

မှတ်ချက်။ ။ဤအရပ်ကြီးလေးပါးနှင့် ပတ်သက်၍ အလွန်မှတ်သားဖွယ် ကောင်းသော ပွန့်အပ်တဲ့ အဝိဇ္ဇာဟိတဌာနကြီး လေးခု ဤကျမ်းစာ အဋ္ဌကထာမှာ ရှိသေး၏။ရှုကြပါကုန်၊

## အရှင်အာနန္ဒာ၏ မေးခွန်းလွှာ

မေးပုံ.... ဘုန်းတော် ကြီးသော အရှင်ဘုရား၊ 'မာတုဂါမနှင့်စပ်လျဉ်း၍ အဘယ်သို့ ကျင့်သုံး ရပါမည် နည်း' ဟု လျှောက်ထား၏။

ဖြေပုံ.... အို–အာနန္ဒာ၊ 'မတွေ့မြင် ရအောင် ကျင့်သုံးရမည်' ဟု မိန့်တော်မူ၏။

မေးပုံ... ဘုန်းတော် ကြီးသော အရှင်ဘုရား၊ 'တွေ့မြင် ခဲ့သည်ရှိသော် အဘယ်သို့ ကျင့်သုံး ရမည်နည်း' ဟု လျှောက်ထားပြန်၏။

ဖြေပုံ.... အို-အာနန္ဒာ၊ 'စကားမပြော တုတ်ကိုဘောနေ၍ ကျင့်သုံးရမည်' ဟု မိန့်တော်မူ၏။

မေးပုံ.... အရှင်ဘုရား၊ 'မလွဲသာ၍ စကား ပြောခဲ့ပါသော် အဘယ်သို့ ကျင့်သုံးရပါမည်နည်း။

ဖြေပုံ.... အို-အာနန္ဒာ၊ 'အမိရင်းမှ အထားပြီး သတိကိုခိုင်မြဲစွာ ထားအပ်၏' ဟု မိန့်တော်မူ၏။

ထူးခြါရဟာပုဂ္ဂိုလ်လေးမျိုး

[စေတီထိုက်သော ပုဂ္ဂိုလ်]

(၁) မြတ်စွာဘုရား၊ (၃) တပည့်သား သာဝက၊

(၂) ပစ္စေကဗုဒ္ဓါ၊ (၄) စကြဝတေးမင်း-

အားဖြင့် ဤပုဂ္ဂိုလ်လေးမျိုးတို့ကို စေတီတည်ထား ကိုးကွယ်ထိုက်၏။

(ဆောင်ပုဒ်) မြန်မာဂါထာ

ရှင်တော်ဗုဒ္ဓ .... ပစ္စေကတထွေ၊

သာဝကစွက် .... မင်းစကြာပေ၊

စေတီဘုရား .... တည်ထားနိုင်စေ၊

နတ်ဘုံနန်း .... စံမြန်းရသလေ။

## 'နတ္ထာနန္ဒ တထာဂတဿ ဓမ္မေသု အာစရိယမုဋ္ဌိ' မှတ်သားဖွယ်

**အာစရိယမုဋ္ဌိ–ဆရာ၏** လက် ဆုပ်မိသည်ဟု ဆိုသည်မှာ **အကြွင်းထား၍** ဟောသည်မရှိဟူလို။

ရှင်းဦးအံ့။ **ဆရာ့လက်ဆုပ်ဟူသည်ကား** ဆရာက မိမိသေခါ **နီးမှ** ချစ်သော တပည့်တို့အား သာလျှင် သင်ပြမည်ဟု သို့ဝှက်၍ **မသင်မပြသေးပဲ** ထားသော အတတ်ဟု ဆိုလိုသည်။

ဤ အတတ်မျိုးကိုပင် 'မှန်ထုပ်'ဟုလည်း ခေါ်ကြသေး **သည်။**

### အာယုသင်္ခါရလွှတ်တော်မူရာဌာန

ဒိုအာနန္ဒာ၊ ယနေ့ 'ဝေသာလီပြည် စာပါလ စေတီ **ကျောင်း၌** မြတ်စွာဘုရားသည် အောက်မေ့ခြင်းသတိနှင့် ပြည့် **စုံသည်ဖြစ်၍** ပညာဖြင့်ဆင်ခြင်လျက် **'အာယုသင်္ခါရကို လွှတ် အပ်ပြီ'** ဟု မိန့်တော်မူ၏။

### ပြတ်စွာဘုရား ဝါကပ်တော်မူရာဌာန

ဝေသာလီပြည် ဝေဠုဝရွာ၌ ဝါကပ်တော်မူ၏။

**မှတ်ချက်။** ဝေဠုဝလည်း ရှိသည်၊ မဟာဂင္ဂ သံယုတ်၌ ဝေဠုဝဟု ရှိသည်။

**အမှာ။** ဘုရားရှင်၏ဝါဆိုတော်မူစဉ်ကို ဤသုတ်၏နောက်ဆုံးတွင် ဖော်ပြထားပါသေးသည်။

## စေတီတို့၌ ပူဇော်ရသော အကျိုးတရား

(၁) ဤမြတ်စွာဘုရား၏ စေတီပုထိုးသည် ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော်မူသော ထိုမြတ်စွာဘုရား၏ စေတီပုထိုး တော်ပေသည်း'' ဟူ၍ များစွာသော သူတို့သည် စိတ်ကို ကြည်ညို စေကုန်လတ္တံ့၊ ကိုယ်ခန္ဓာ ပျက်စီး ခြင်းကြောင့် သေသည်မှ နောက်ကာလ၌ သုဂတိ ဘုံဘဝ နတ်ပြည် လောက၌ ဖြစ်ကြရခြင်း အကျိုး ရှိကုန်၏။

(၂) ''ဤပစ္စေကဗုဒ္ဓါ၏ စေတီပုထိုးသည် ကိလေသာ ကို ဖျက်ဆီးတော်မူသော အသီးအခြား သစ္စာ လေးပါးကို သိတော်မူတတ်သော ပစ္စေက ဗုဒ္ဓါ၏ စေတီပုထိုးတော်ပေတည်း''ဟူ၍ များစွာသောသူတို့ သည် (ပ)အကျိုးရှိကုန်၏။

(၃) ''ဤတပည့် သားတော်၏ စေတီပုထိုးသည် ဘုန်း တော် ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာ ဘုရား၏တပည့် သားတော်၏ စေတီ ပုထိုးတော် ပေတည်း''ဟူ၍ များစွာသော သူတို့သည်(ပ)အကျိုး ရှိကုန်၏။

(၄) "ဤစကြာမင်း၏ စေတီပုထိုးသည် တရားသဖြင့် ကျင့်သော ထိုဓမ္မရာဇ်သနင်း စကြာမင်း၏ စေတီပုထိုးတော် ပေတည်း"ဟူ၍ များစွာသော သူတို့သည် (ပ) အကျိုး ရှိကုန်၏။

## ပုထုဇဉ်ရဟန်းတို့အား စေတီထိုက် မထိုက် အသုံးအဖြတ်

စတ္တာရော မေ အာနန္ဒ ထူပါရဟာ၊ ကတမေ စတ္တာရော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ထူပါရဟော၊ ပစ္စေက ဗုဒ္ဓေါ ထူပါရဟော၊ တထာဂတဿ သာဝကော ထူပါရဟော၊ ရာဇာ စက္ကဝတ္တီ ထူပါရဟော။ ဣမေ ခေါ အာနန္ဒ စတ္တာရော ထူပါရဟာတိ- ဟူ၍ သုတ်မဟာဝါ ဤပရိနိဗ္ဗာနသုတ် ပါဠိ တော်၌ 'ထူပါရဟာပုဂ္ဂိုလ်လေးပါးသာ သချာတပ်၍ ဟော ထားသောကြောင့် ပုထုဇဉ်ရဟန်းများ စေတီမထိုက်'ဟု မှတ်။

**အမှာစကား။** အဋ္ဌကထာမှာ အဆုံးအဖြတ်များကို အကျယ် ဖော်ပြထားပါသည်။

## အရှင်အာနန္ဒာ၏ အံ့ဖွယ်ဂုဏ်(၄)ပါး

(၁) ရဟန်းယောကျာ်းပရိသတ်သည် အာနန္ဒာကို ဖူးမြင် ရခြင်းဖြင့် ဝမ်းမြောက် နှစ်လို့သည် ဖြစ်၍ တရားဟောသော အခါမှာလည်း ဝမ်းမြောက် နှစ်လို့သည် ဖြစ်၏။ ရဟန်း

ယောကျ်ားပရိသတ်သည် မတင်းတိမ်နိုင်ပဲ မရောင့်ရဲသည်သာ ဖြစ်၏။ဤကား ဂုဏ်တပါး၊

(၂) ရဟန်းမိန်းမ ပရိသတ်သည် အာနန္ဒာကို ဖူးမြင်ရခြင်းဖြင့် ဝမ်းမြောက်နှစ်လို့သည်ဖြစ်၍ တရားဟောသောအခါမှာလည်း ဝမ်းမြောက်နှစ်လို့သည်ဖြစ်၏။ရဟန်းမိန်းမပရိသတ်သည် မတင်းတိမ်မရောင့်ရဲသည်သာဖြစ်၏၊ ဤကား ဂုဏ်တပါး၊

(၃) သီတင်းသည်ယောကျ်ားပရိသတ်သည် အာနန္ဒာကို ဖူးမြင်ရခြင်းဖြင့် ဝမ်းမြောက် နှစ်လို့သည်ဖြစ်၍ တရားဟော သောအခါမှာလည်း ဝမ်းမြောက် နှစ်လို့သည်ဖြစ်၏။သီတင်းသည် ယောကျ်ားပရိသတ်သည် မတင်းတိမ်နိုင်ပဲ မရောင့်ရဲသည်သာ ဖြစ်၏။ဤကား ဂုဏ်တပါး၊

(၄) သီတင်းသည်မိန်းမပရိသတ်သည် အာနန္ဒာကို ဖူးမြင်ရခြင်းဖြင့် ဝမ်းမြောက် နှစ်လို့သည်ဖြစ်၍ တရားဟောသောအခါမှာလည်း ဝမ်းမြောက်နှစ်လို့သည်ဖြစ်၏။ သီတင်းသည်မိန်းမပရိသတ်သည် မတင်းတိမ်နိုင်ပဲ မရောင့်ရဲသည်သာဖြစ်၏။ ဤကား ဂုဏ်တပါး။

## ရှင်အာနန္ဒာ၏ အံ့ဖွယ်ဂုဏ်လေးပါး

(ဆောင်ရန်) မြန်မာဂါထာ

ရဟန်းကျောင်းမ....နှစ်ဝယူလေ၊
သိတင်းသီလ ....ကျောင်းမ နှစ်ထွေ၊
အာနန္ဒာ၏ ....ဟောဘိ ဝမ္မေ၊
ဖူးမြင်ရ ....အားရ ရှင်လန်းသလေ၊
[အံ့ဖွယ်ပြ ....မှတ်ကြ ဤလေးထွေ။]

## စကြဝတေးမင်း၏ အံ့သြဖွယ် ဂုဏ်လေးပါး

(၁) မင်းပရိသတ်၊ (၂) ပုဏ္ဏားပရိသတ်၊

(၃) သူကြွယ်ပရိသတ်၊ (၄) ရဟန်း ပရိသတ်,(ဝါ) သူတော်သူမြတ်ပရိသတ်။

ဤပရိသတ်လေးဦးတို့သည် စကြဝတေးမင်းကြီးကို ဖူးမြင်ရခြင်းဖြင့် ဝမ်းမြောက် နှစ်လို့သည်ဖြစ်၍ တရားစကားပြောဆိုသောအခါမှာလည်း နှစ်လို့ ဝမ်းမြောက်ကြသည် ဖြစ်၏။

ထိုလေးဦးတို့သည် မတင်းတိမ်, မရောင့်ရဲနိုင်ပဲ ဖြစ်၏ဟု အံ့သြဖွယ် ဂုဏ်လေးမျိုး မှတ်သားပါလေ။

[(မဆောင်ရန်) မြန်မာဂါထာ

မင်းနှင့်ပုဏ္ဏား....တပါးသူကြွယ်၊
သူတော်သူမြတ်....ပရိသတ်လယ်၊
ထိုထိုလေးဦး....ကြည်နူးရှင်တယ်၊
စကြာမင်း ....အံ့ခြင်း ဤလေးသွယ်။

မြတ်စွာဘုရားအား ပရိနိဗ္ဗာန်ပြုတော်မူရန်
အရှင်အာနန္ဒာက လျှောက်ထားသော
မြို့တော်ကြီး ခြောက်မြို့

(၁) စမ္ပာမြို့တော်၊ (၄) သာကေတမြို့တော်၊
(၂) ရာဇဂြိုဟ်မြို့တော်၊ (၅) ကောသမ္ဗီမြို့တော်၊
(၃) သာဝတ္ထိမြို့တော်၊ (၆) ဗာရာဏသီမြို့တော်။

[(မဆောင်ရန်)

- စမ္ပာ,ရာဇ၊သာ,နှစ်ဝ၊ငှာန ကောနှင့် ဗာ။
- မဟာနဂရ၊ ခြောက်ဌာန်၊ မှတ်ကြ မျိုးလေးဖြာ။

ကုသိနာရုံမြို့သည်–မဟာသုဒဿန စကြာဝတေး မင်းကြီး၏ ကုသာဝတီမည်သော မင်းနေပြည်တော်ကြီး ဖြစ်၏။

ရင်းနေပြည်တော်ကြီးသည်—

**အလျားအားဖြင့်**— အရှေ့, အနောက် မျက်နှာအဖို့ အားဖြင့် တဆယ့်နှစ်ယူဇနာရှိကုန်၏။

**အနံအားဖြင့်**—တောင် မြောက် မျက်နှာ အဖို့အားဖြင့် ခုနစ်ယူဇနာရှိကုန်၏။

**ကုသဝတီ ပင်းနေပြည်တော်ရှိ**
**မဆိတ်သောအသံ(၁၀)ပါး**

(၁) ဆင်သံ၊ (၆) စောင်းသံ၊
(၂) မြင်းသံ၊ (၇) သိချင်းသံ၊
(၃) ရထားသံ၊ (၈) ခရုသင်းသံ၊
(၄) စည်ကြီးသံ၊ (၉) လင်းကွင်းသံ၊
(၅) မုရိုးစည်သံ၊ (၁၀) ကြွေးကြော်သံ—
အားဖြင့်(၁၀)ပါးတည်း။

**(ဆောင်ပုဒ်) မြန်မာဂါထာ**

**ဆင်,မြင်း,ရထား** ....ခေါ်ပြောအသံ၊
**စည်ပုရိုးဟု** ....ခရု,စောင်းသံ။
**သိချင်းသံသွင်း** ....လင်းကွင်းတဖန်၊
**ကြွေးကြော်ပြော** ....မှတ်သား ဤဆယ်သံ။

မိမိတို့၏ အယူဝါဒသစ်ကို တည်ထောင်နေသော
သူတော်ကောင်းဟု အခေါ်ခံ ရဟန်းပုဏ္ဏားများ

(၁) ပုရာဏကဿပ၊ (၄) ပကုဓ၊
(၂) မက္ခလိဂေါသာလ၊ (၅) သိဉ္စည်း၊
(၃) အဇိတ၊ (၆) နိဂဏ္ဌတို့တည်း။

(ဆောင်ရန်)

- ပုရ,မက္ခ၊ အဇိတနှင့်၊ ပကုဓ တထွေ၊ နိဂဏ္ဌ၊ ယူလေ ရှင်သိဉ္စည်း။
- သူတော်ကောင်းမှန်၊ အခေါ်ခံ၊ ခြောက်တန် ပုဂ္ဂိုလ်တည်း။

သုညပရပ္ပဝါဒါ သမဏောဟိ အညေဟိဋ္ဌ
သမဏောဘိအရ ယူသင့်သော ပုဂ္ဂိုလ်

(၁) မဂ်လေးပါးကို ရခြင်းငှာ အားထုတ်ဆဲ ဖြစ်သော ဝိပဿက ပုဂ္ဂိုလ်လေးယောက်၊
(၂) မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်၊
(၃) ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက် အားဖြင့် တကျိပ် နှစ်ယောက်တို့တည်း။

## မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်မပြုမီ သမာပတ်ရှစ်ပါးကို ဝင်စားတော်မူပုံ ဈာန်စဉ်

မြတ်စွာဘုရားသည် ရှေးဦးစွာ ပထမဈာန်ကို ဝင်စားတော်မူ၏။

ပထမဈာန်မှ ထတော်မူ၍....ဒုတိယဈာန်ကို၊

ဒုတိယဈာန်မှ ထတော်မူ၍....တတိယဈာန်ကို၊

တတိယဈာန်မှ ထတော်မူ၍ ... စတုတ္ထဈာန်ကို၊

စတုတ္ထဈာန်မှ ထတော်မူ၍....အာကာသာနဉ္စာယတနဈာန်ကို၊

အာကာသာနဉ္စာယတနဈာန်မှ ထတော်မူ၍ ...ဝိညာဏဉ္စာယတနဈာန်ကို၊

ဝိညာဏဉ္စာယတနဈာန်မှ ထတော်မူ၍ နေဝသညာနာသညာယတနဈာန်ကို၊

နေဝသညာ နာသညာယတနဈာန်မှ သညာဝေဒနာ တို့၏ ချုပ်ငြိမ်းရာ နိရောဓ သမာပတ်ကို ဝင်စားတော်မူ၏။

## နိရောဓသမာပတ်ကို ဝင်စားတော်မူပုံ ဈာန်စဉ်

နေဝသညာ နာသညာယတနဈာန်၊ အာကိဉ္စညာ ယတနဈာန်၊ အာကာသာ နဉ္စာယတနဈာန်, စတုတ္ထဈာန်, တတိယဈာန်, ဒုတိယ ဈာန်, ပထမ ဈာန်,

ပဌမစျာန်မှ ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်ကို ဤသို့အစဉ်အတိုင်း ဝင်စားတော်မူ၏။

စတုတ္ထစျာန်မှ ထတော်မူပြီးသည်၏ အဆုံး၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုလေသတည်း။

## မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုလေသည်နှင့် တပြိုင်နက် သဟမ္ပတိဗြဟ္မာကြီးရွတ်ဆိုလေ သံဝေဂဂါထာ

သဗ္ဗေဝ နိက္ခိ ပိဿန္တိ၊
ဘူတာ လောကေ သမုဿယံ။
ယတ္ထ တောဒိသော သတ္ထာ၊
လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊
သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

ဂါထာနက်–ဘောန္တော၊ သိဝအမတ် နန်းနိဗ္ဗာန်သို့ ဝင်စံကြွ သွားရှင်တော်ပါး၌ ခစားခို ညောင်း အိုပရိသတ် အပေါင်းတို့။ ယတ္ထ ယသ္မိံ လောကေ၊ အကြင် ငါတို့ တည်ကြ၊ သတ္တလောကကြီးအတွင်း၌။ တောဒိသော၊ ကြံစည်ရ ခန္တီဗဟု

ဗလလုံခြုံ တာဒိဂုဏ်နှင့် ပြည့်စုံပေထသော။ သတ္တာ၊ ဗြဟ္မာ, နတ်, လူ အများသူတို့၏ အားယူရာအစစ် ဆရာလည်းဖြစ်တော်မူထသော။ လောကေ၊ လူပါနတ်လုံး ဗြဟ္မာဆုံးအောင် သိမ်းကျုံးနှံ့ပေ လောကဓာတ်၌။ အပ္ပဋိပုဂ္ဂလော၊ တုသူမပြိုင် မရနိုင်အောင် ကြံ့ခိုင်ကျေးဇူး ဂုဏ်ကွန့်မြူးသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူထသော။ တထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ တရားမဖောင်း လာခြင်းလည်း ကောင်းတော်မူထသော။ ဗလပ္ပတ္တော၊ ကာယ, ဉာဏ, အားဆယ်ဝနှင့် စေ့ငှလုံလောက် အဆုံးသို့လည်း ရောက်တော်မူထသော။ သမ္ဗုဒ္ဓေါ၊ သယမ္ဘူဟု ဝါဆူကျော်ကြား ရှင်တော်ဘုရား သော်မူလည်း။ ပရိနိဗ္ဗုတော၊ ခန္ဓာတိမ်းမှောက် ပျက်ကိန်းရောက်၍ ငြိမ်းပျောက်တော်မူရချေသေး၏။ တတ္ထ ကသ္မိံ လောကေ၊ ထိုလောကဓာတ် ဘုံသုံးရပ်ကြီးအတွင်း၌။ သဋ္ဌေဝ၊ သူ, ငါမဟူ နတ်နှင့်လူပါ ရှိသူဗိုလ်ပုံ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာ၊ဖြစ်လာထင်ရှား သတ္တဝါအများတို့သည်။ သမုဿယံ၊ ငါးဖြာငါးရပ် အထပ်ထပ်ဖြင့် စပ်၍စုချုပ် ခန္ဓာရုပ်ကို။ နိက္ခိပိဿန္တိ၊ မြှုပ်နှံပလေ သုသာန်မြေ၌ ကေန်မုချ စွန့်ပစ်ကြရကုန်လတ္တံ့ သတည်း။
(ဗုဒ္ဓဝင်)

## သိကြားမင်း၏ သံဝေဂဂါထာ

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒ,ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

ဂါထာအနက်— ဘောဇ္ဈော၊ သိဝအမတံ နန်းနိဗ္ဗာန်သို့ ဝင်စံ ကြသွား ရှင်တော်ပါး၌ ခစားခိုသြောင်း အဂ္ဂိ ပရိသတ်အပေါင်းတို့။ သင်္ခါရာ၊ မြင်မြင်သမျှ သင်္ခါရစုပုံ အလုံး စုံတို့သည်။ အနိစ္စာဝတ၊ ကဲ့ပြိုပျက်စဲ မှန့်မှုန့်ကြဲ၍ အမြဲမတည် ကုန်စွာ့တကား။ ဥပ္ပါဒ,ဝယဓမ္မိနော၊ ဖြစ်ရုံမှာတည်မရပ်ပဲ ဘင် တိုင်အောင်ဆက်စပ်၍ ပျက်တတ်သော သဘောရှိကြကုန်၏။

ဥပ္ပဇ္ဇိတွာ၊ အကြောင်းဖုံဖုံ ပေါင်းကာစုံ၍ ဖြစ်ကုန်ပြီးသည် ရှိသော်။ နိရုဇ္ဈန္တိ၊ ကုန်ဆုံးပျက်ယွင်း အဆက်ကင်း၍ ချုပ်ခြင်း မလှ ချုပ်ပျောက်ကြရကုန်သတည်း။

တေသံ၊ ထိုဆုတ်,တက်ငုပ်လျှိုး ချုပ်ပျောက်ညှိုး၍ အုပ် စိုးမရ သင်္ခါရတို့၏။ ဝူပသမော၊ သိမ်းကာစုံကြ ငြိမ်းရာကျသည့် သိဝ့ပိမာန် နန်းနိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ ကြည်သာအေးမြ ဆောမဲ့ ချမ်းမြေ့လှလေတော့သည်တကား။ (ဗုဒ္ဓဝင်)

## အရှင်အနုရုဒ္ဓါ၏ သံဝေဂ ဂါထာ

**နာဟု** အဿာသ ပဿာသော၊
ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိမာရဗ္ဘ၊
ယံကာလ မကရိ မုနိ။

ဂါထာအနက်— အာဝုသော-အာနန္ဒ၊ ညီထွေးသည်းချာ ငါ့ရှင်အာနန္ဒာ။ ယံသော မုနိ၊ မုနိထွတ်ထား ငါတို့ဆရာ အကြင် မြတ်စွာဘုရားသည်။ အနေဇော၊ သုံးဆယ့်တဘုံ တွယ်တာကပ်ငြား တဏှာတရားမှ ကင်းကုန်သည်ဖြစ်၍။ သန္တိံ၊ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် အကြွင်းချုပ်ရာ ငြိမ်းအေးစွာမှန် ပြည်နိဗ္ဗာန်ကို။ အာရဗ္ဘ၊ ယခုအခါ ငါ့ကြွတော့အံ့ဟု စွဲလမ်းရည်မြော်တော်မူ၍။ ကာလံ၊ ခန္ဓာဝန်လက်စသိမ်း၍ ဟိမ်းချရာမှန် ပရိနိဗ္ဗာန်စံခြင်းကို။ အကရိ၊ ပြုတော်မူပြီ။ ဌိတစိတ္တဿ၊ ရပ်တည်ပြီးသော စိတ်ရှိတော်မူထသော။ တာဒိနော၊ လာဘာလာဘ စသည်အာရုံ ရှစ်ပါးစုံနှင့် တွေ့ကြုံ ရခြင်းကြောင့် တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော။ တဿ မုနိနော၊ ငါတို့ဆရာဖြစ်ငြား ထိုမြတ်စွာဘုရား အား။ အဿာသ ပဿာသော၊ ထွက်သက်ဝင်သက် နှစ်ချက်သော လေသည်။ န အာဟု၊ ယခုအခါ မဖြစ်ပေါ်လာပြီ။

အသလ္လီနေန စိတ္တေန၊
ဝေဒနံ အဇ္ဈဝါသယိ။
ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊
ဝိမောက္ခော စေတသော အဟု။

ဂါထာအနက်—အသလ္လီနေန၊ ညှိုးငယ်မယွင်း တွန့်တိုခြင်းမရှိသော။ စိတ္တေန၊ စိတ်ဖြင့်။ သောမုနိ၊ ထိုမြတ်စွာဘုရားသည်။ ဝေဒနံ၊ ကာယိကဒုက္ခဝေဒနာကို။ အဇ္ဈဝါသယိ၊ သည်းခံတော်မူလေပြီ။ ပဇ္ဇောတဿ၊ ဆီမီးလျှံ၏။ နိဗ္ဗာနံ ဣဝ၊ ငြိမ်းအေးသကဲ့သို့။ တဿ မုနိနော၊ ထိုမြတ်စွာဘုရား၏။ စေတသော၊ စိတ်၏။ ဝိမောက္ခော၊ သံခါရတရားတို့မှ လွတ်မြောက်ခြင်းသည်။ အဟု၊ ဖြစ်ပြီ။

## အရှင်အာနန္ဒာ၏ သံဝေဂဂါထာ

တဒါ သိယံ ဘိံသနကံ၊
တဒါ သိလောမဟံသနံ။
သဗ္ဗာကာရဝရူပေတေ၊
သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။

ဂါထာအနက်—သဗ္ဗာကာရဝရူပေတေ၊ မွန်မြတ်သော ဂုဏ်အလုံးစုံတို့နှင့် ပြည့်စုံတော်မူသော။ သမ္ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုသည် ရှိသော်။ တဒါ၊ ပရိနိဗ္ဗာန်ပြုရာ ထိုအခါ၌။ ဘိံသနကံ၊ ကြောက်မက်

ဖွယ်ကို ဖြစ်စေတတ်သော မြေငလျင် လှုပ်ခြင်းသည်။ အသိ၊ ဖြစ်လေပြီတကား။ (ယံကား နိပါတ်မျှသာတည်း။) တဒါ၊ ထိုအခါ၌။ လောမဟံသနံ၊ ကြက်သီးမွေးညင်း ထဖွယ်သည်။ အသိ၊ ဖြစ်လေပြီ။

**မေး....** ဘုရားရှင်၏ ပရိဗ္ဗာန စုတိစိတ်သည် အဘယ်ကို အာရုံ ပြုပါသနည်း။

**ဖြေ....** ဘုရားရှင်၏ (မဟာဝိပါက် သောမနဿသဟဂုတ် အသင်္ခါရိက) စုတိစိတ်သည် ပဋိသန္ဓေ နေတော်မူစဉ်က ဂတိ နိမိတ်ကို အာရုံပြုသောကြောင့် ထိုဂတိ နိမိတ်ကိုပင် အာရုံပြု ပါသည်။

ရှင်းလင်းချက်

"အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလမကရီ မုနိ" ဟူသော ဤမဟာ ပရိနိဗ္ဗာနသုတ်ပါဠိတော်ကို ကိုးကား၍ ဘုရားရှင်၏ ပရိနိဗ္ဗာနစုတိစိတ်တော်သည် နိဗ္ဗာန်ကို အာရုံပြု၏ဟု ပြောဆိုကြ၏။ (ထိုဆရာတို့ ဝါဒသည် ယုတ္တိမတန် သတိမူ၍ ဆင်ခြင်ပါလေ။)

အဋ္ဌကထာဆရာသည် သန္တိမာရဗ္ဘအရ "သန္တိံ အာရမ္မဏံ ကတွာ" ဟု အာရုံပြုကို ဖွင့်မပြမူ၍ သန္တိမာရဗ္ဘာတိ အနုပါဒိ သေသံ နိဗ္ဗာနံ ပဋိစ္စ (စွဲမှီ၍) သန္ဓာယ (ရည်မျှော် မှန်းထား၍) ဟု ဖွင့်ဆိုသောကြောင့် ယင်းပရိနိဗ္ဗာန စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံမပြုနိုင်။

ထို့နောက် "ပဋိသန္ဓိဘာဝင်္ဂဥ(ပ) ဝိသယမ္ဗြေက ဇာတိယံ" ဟူသော သင်္ဂဟ ဂါထာနှင့်လည်း ဆန့်ကျင်နေ၍ သင့်မည် မထင်။

**မေး....** ဘုရားရှင်သည် မည်သည့် ပရိနိဗ္ဗာန်မျိုးဖြင့် ပရိနိဗ္ဗာန် ပြုတော်မူပါသနည်း။

**ဖြေ....** ဘုရားရှင်သည် 'စျာနင် ပစ္စဝေက္ခဏာ သမနန္တရ ပရိနိဗ္ဗာန်' ဖြင့် ပရိနိဗ္ဗာန်ပြုပါသည်။ တတိယစျာနာဝုဋ္ဌ ဟိတွာ စတုတ္ထစျာနံ သမာပဇ္ဇိ၊ စတုတ္ထစျာနာဝုဋ္ဌဟိတွာ သမ နန္တရာ ဘဂဝါ ပရိနိဗ္ဗာယိ။ (ပါဠိတော်)

ဓာတ်တော်ဝေရာ ဆယ်ဌာနသရုပ်

(၁) 'ကုသိနာရုံပြည်'

'မလ္လမင်း' တို့သည် ကုသိနာရုံပြည်၌ မြတ်စွာ ဘုရား၏ သရီရ ဓာတ်တော်ကို စေတီပုထိုးတည်ထားပူဇော် ကြ၏။

(၂) 'ပါဝါပြည်'

'မလ္လမင်း' တို့သည် ပါဝါပြည်၌ မြတ်စွာဘုရား ၏ သရီရ ဓာတ်တော်ကို စေတီတည်ထားပူဇော်ကြ၏။

(၃) 'အလ္လကပ္ပပြည်'

'ဗုဋိမင်း' တို့သည်လည်း အလ္လကပ္ပ ပြည်၌ မြတ်စွာဘုရား၏ သရီရ ဓာတ်တော်ကို စေတီပုထိုး တည်ထား ပူဇော်ကြ၏။

(၄) 'ဝေဌဒီပတိုင်း'

ပုဏ္ဏားများ သည်လည်း ဝေဌဒီပ, တိုင်း၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်ကို စေတီပုထိုး တည်ထား ပူဇော်ကြ၏။

(၅) 'ရာဇဂြိုဟ်ပြည်'

'ဝေဒေဟိမိဖုရား' ၏ သားတော် မာဂဓတိုင်းရှင် အဇာတသတ်မင်းသည် ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား၏ သရီရ ဓာတ်တော်ကို တည်ထားပူဇော်၏။

(၆) 'ကပိလဝတ်ပြည်'

'သာကီဝင်မင်းသား' တို့သည်လည်း ကပိလဝတ်ပြည်၌ မြတ်စွာဘုရား၏ သရီရ ဓာတ်တော်ကို စေတီဘည်ထား ပူဇော်ကြ၏။

(၇) 'ရာမရွာ'

'ကောလိယမင်း' တို့သည် ရာမရွာ၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်ကို စေတီတည်ထား ပူဇော်ကြ၏။

(၈) 'ဝေသာလီပြည်'

'လိစ္ဆဝီမင်း' တို့သည် ဝေသာလီပြည်၌ မြတ်စွာဘုရား၏ သရီရ ဓာတ်တော်တို့ကို စေတီဘည်ထား ပူဇော်ကြ၏။

(၉) 'ဒေါဏာပုဏ္ဏားရွာ'

'ဒေါဏာပုဏ္ဏား' သည်လည်း ပြည်တောင်းကို စေတီတည်ထား ပူဇော်၏။

(၁၀) 'ပိပ္ပလိဝနတိုင်း'

ဝါ ...'မောရိယပြည်' မောရိယမင်းသားတို့သည် မီးသင်္ဂြိုဟ်ခဲ့ရာမှ ယူဆောင်သော မီးသွေးတို့ကို ပိပ္ပလိတိုင်း၌ စေတီတည်ထား ပူဇော်ကြ၏။

(ဆောင်ရန်)

- ကု, ပါ, အလ်, ဝေ၊ ရာဂဗော၊ ထည့်လေ မြို့ကပိ။
- ရာမ, ဝေသာ၊ ဒေါဏာရွာ၊ မော, ပါ ဆယ်ရပ်ရှိ။
- ဓာတ်တော်ဝေရာ၊ ရပ်ဆယ်ပြာ၊ မှတ်ပါဝေနေသိ။
- ဌာနတိုင်းမှန်၊ ကြည်ညိုရန်၊ တည်ပြန်စေတီသိ။

စွယ်တော်ရောက်ရာ နှစ်ဌာန

(၁) အထက်လက်ဝဲခါတ် စွယ်တော်မြတ် ရောက်ရာဌာန မှာ 'ဂန္ဓာရ' တိုင်းတည်း။

(၂) အောက်ဘက် လက်ဝဲခါတ် စွယ်တော်မြတ်ရောက်ရာ ဌာနမှာ 'ကလိင်္ဂတိုင်း' တည်း။

(ဆောင်ရန်)

- တိုင်းဂန္ဓာရပ်၊လက်ဝဲခေတ်၊အောက်ခေတ်ဝဲမှာ ကလိင်္ဂါ။
- တိုင်းဂန္ဓာရ၊ ကလိင်္ဂ၊ ရောက်ထ စွယ်တော်သာ။

မေး....မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူသော အခါ အဘယ်အရပ်သို့ ဦးခေါင်းတော် လှည့်၍ ပရိနိဗ္ဗာန် စံတော်မူပါသနည်း။

ဖြေ...'ယမကသာလာနံ ဥတ္တရသီသကံ မဉ္စကံ ပညပေသိ' ဟူသော ပါဠိတော်ကို ထောက်၍အင်ကြင်းပင်စုံတို့၏ အကြားဌ် မြောက်အရပ်သို့ ဦးခေါင်းတော်ပြု၍ ပရိနိဗ္ဗာန် စံတော်မူပါသည်။

အချို့ဆရာတို့ဝါဒ–မျက်နှာတော် ကိုသာ မြောက်အရပ်သားသည်၊ ဦးခေါင်းကိုကား အရှေ့ကိုပင် ပြုသည်ဟု ဆိုကြသည်။

အချို့ကလည်း–''ပြုဗ္ဗုတ္တရာ၊ ရပ်ဒိသာကို၊ လျောင်းကာတူရှု၊ ဦးခေါင်းမူ၍'' ဟု ဆိုကြသေးသည်။

ထိုစကားတို့အရ အားကိုးလောက်သော အထောက်အထား ကျမ်းလာစကားမရှိ၍ ဆင်ခြင်ကြလေ။

မှတ်ချက်....ဥယျာဉ်အတွင်း၌ အင်ကြင်း ပင်ပျို နှစ်ပင် ကား တောင်မြောက်ယှဉ်လျက် ယှက်တင်သော အကိုင်း, အခက်, အရွက်, အညွန့်တို့နှင့် ပြည့်စုံ၏၊ ပစ်လုံးကျွတ် ပွင့်၏၊ ထို အပင်အကြား၌ မြောက်ဘက် အပင်ကို ခေါင်းရင်း ထား၍ ညောင်စောင်းတော်ကို ခင်း၏ဟု အဋ္ဌကထာဆိုသည်။

မေး....မြတ်စွာဘုရားသည် ကုသိနာရုံပြည်သို့ အဘယ့်ကြောင့် ကြွတော်မူပါသနည်း၊ အခြားသော ပါဝါစသော တိုင်းနိုင်ငံတို့၌လည်း ပရိနိဗ္ဗာန်ပြုကောင်းသည် မဟုတ် ပါလော။

ဖြေ....အခြားသောအရပ်၌လည်း ပရိနိဗ္ဗာန် ပြုကောင်း ပါ သည်။

ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုခြင်းအကြောင်း

မဟာသုဒဿန သုတ်ကို ဟောခွင့်သင့်ခြင်း၊

သုဘဒ္ဒပရိဗိုဇ် ရဟန်းကို ဆုံးမတော်မူရခြင်း၊

ဓာတ်တော်ကို လုယက်ကြသော ငြင်းခုံခြင်းအမှု၌ ဒေါဏ ပုဏ္ဏားအား ဖြေဖြန့်၍ဓာတ်တော်ကိုဝေဖန်အံ့သော အကြောင်း ရှိခြင်း။

ဤအကြောင်းသုံးပါးကို မြင်တော်မူ၍ ကိုးစားအားထုတ် ကာ ကြွလာတော်မူပါသည်။

မေး .... မြတ်စွာဘုရား၏ အလောင်းတော်ကို မီးပူဇော်ရာ ဌာနကို ညွှန်ပြပါ။

ဖြေ .... မလ္လာမင်းတို့၏ 'မကုဋဗန္ဓနမည်သော စေတီ' ဌာန၌ မြတ်စွာဘုရား၏ အလောင်းတော်ကို မီးပူဇော်ပါသည်။

မေး .... အဘယ်စေတီမျိုးကို 'မကုဋဗန္ဓနစေတီ' ခေါ်ကြောင်းကို ဖော်ပြပါ။

ဖြေ .... မလ္လမင်းတို့ အဘိသိက် ခံသောအခါ မကိုဋ်ဖွဲ့ဆောင်းခြင်းစသည်ဖြင့် တန်ဆာဆင်ရာဖြစ်သောကြောင့် 'မကုဋဗန္ဓနစေတီ' ဟု ခေါ်ပါသည်။

ဘုရားရှင်အား

ပန်းနံ့သာတို့ဖြင့် လူ နတ် ဗြဟ္မာတို့က ပူဇော်ရာ၌

အရှင်အာနန္ဒာအား မိန့်တော်မူပုံ

ချစ်သား အာနန္ဒာ—များစွာသော လူ နတ် ဗြဟ္မာ တို့သည် အထူးထူးသော ပူဇော် သက္ကာရ တို့ဖြင့် ငါဘုရားအား ပူဇော်

ကုန်ပြီ။ ဤသို့ ပူဇော်ကာမျှဖြင့် ငါဘုရားအား ညွတ်တွားကော်ရော် ပူဇော်သည် မမည်သေး၊ မြတ်နိုးသည် မမည်သေး၊ လောကုတ္တရာတရားဖြင့် လျော်သောအမှုကို ပြုသည်မမည်သေး။

ချစ်သား အာနန္ဒာ။ အကြင် ဥပါသကာ, ဥပါသိကာမ တို့သည်လည်းကောင်း၊ ရဟန်းယောကျ်ား, ရဟန်းမိန်းမ တို့သည်လည်းကောင်း ငါဘုရား ပညတ်တော် မူအပ်သော ဝါရိတ္တသီလ, စာရိတ္တသီလတို့ကို ရိုသေစွာ ကျင့်ဆောင်ကုန်ရာ၏။

ဓမ္မာနုဓမ္မပ္ပဋိပန္နဟု ဆိုအပ်သော လောကုတ္တရာအားလျော်သော အကျင့်တို့ကို ရိုသေစွာကျင့်၍ နေကုန်၏။

ထိုသူတို့သည်သာလျှင် ငါဘုရားကို ရိုသေ လေးမြတ်သည် သည်မည်၏၊ ချစ်ကြည်မြတ်နိုး ရှိခိုးပူဇော်သည်မည်၏။

ထို့ကြောင့် ငါဘုရား၏သာသနာတော်၌ ချမ်းသာကို အလိုရှိကြကုန်သော ဥပါသကာ ဥပါသိကာမ, ဘိက္ခု ဘိက္ခုနီတို့သည် လောကုတ္တရာတရား၏ ရှေ့အဖို့ဖြစ်သော ကျင့်ဝတ်ပဋိပတ်ကိုသာ ရိုသေစွာကျင့်သုံးကုန်ရာ၏ဟူ၍ မိန့်တော်မူ၏။

## မြတ်စွာဘုရား၏ နောက်ဆုံးစကားတော်

[ပစ္ဆိမဗုဒ္ဓဝစန ပါဠိတော်]

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

အနက်—ဘိက္ခဝေ၊ သံသရာဇာလုပ်ဝဲ၌ တမြုပ်ထဲ မြုပ်ကြသည့် ဒုက္ခတွေ့ပြား အိုချစ်သား,ချစ်သမီး,အသီးသီးတို့။ ဒါနိ ဣဒါနိ၊ ယခုနိဗ္ဗာန် ဝင်စံလုနီး အခါကြီး၌။ ဟန္ဒ-ဂဏှထ၊ ငါဘုရား၌ လေးစားကြည်ဖြူ မှတ်ယူကြကုန်လော့။ ဝေါ၊ မျက်မှောက်ခုရှိ တပည့်အများ သင်ချစ်သားတို့အား။ အာမန္တယာမိ-ဗောဓေမိ၊ သင်တို့တသက်လုံး လက်ကိုင်သုံးဖို့ အဆုံးစကား မှာကြားတော်မူခဲ့ပေအံ့။

သင်္ခါရာ၊ သက်ရှိ,သက်မဲ့, တွင်းပြင်လှည့်၍ ကြွင်းမဲ့ရှိငြား သင်္ခါရတရားတို့သည်။ ဝယဓမ္မာ ဖြစ်ကမရပ် ကွက်မလပ်ပဲ ပျက်တတ်သော သဘောရှိကြလေကုန်၏။

တသ္မာ၊ ထိုသို့ လွန်စွာနှိပ်စက် ဖြင်ပျက် တတ်သော အကြောင်းကြောင့်။ တုမှေ၊ သံသရာနယ်စွန် ဒုက္ခလွန်အောင် အားသွန်ကြိုးစား သင်ချစ်သားတို့သည်။

အပ္ပမာဒေန၊လုံ့လမလျော့ မပေါ့မစား မမေ့သော သတိ တရားနှင့်။ သမ္ပာဒေထ၊ စိတ်မှာသွင်းချုံ ကိုယ်တွင်းလုံအောင် ပြည့်စုံကြစေကုန်လော့။

စဆောင်ရန် (မြန်မာဂါထာ)

ရှင်တော်ဗုဒ္ဓ ....မိန့်ဟမြွက်ချေ၊
နောက်ဆုံးစကား ....မှာကြားခဲ့ပေ၊
ရုပ်နာမ်သင်္ခါရ ....ဝယဓမ္မေ၊
သတိထား ....စဉ်းစားရှုကြလေ။

အမှာ။ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်နှင့် ပတ်သက်သော အဓိပ္ပာယ်များကို ဇိနတ္ထပကာသနီ ဗုဒ္ဓဝင်တို့၌ အကျယ်တဝင့် ဖော်ပြထားပြီး ဖြစ်၍ ဤမျှလောက်သာ ဖော်ပြလိုက်ပါ၏။ အကျယ်ကြည့်ရှုလိုပါက ထိုကျမ်းစာအုပ်များကို ရှုလေ။

မြတ်စွာဘုရား၏ သီတင်းသုံးတော်မူရာ
ဝါဆိုစဉ်တေးထပ်

(၁) သယမ္ဘူဇောနေနတ်၊ မနောဓာတ်ကြည်ရှင်။
ပြောစမှတ် စာကိုဘင်မည်၊ ဝါဆိုစဉ်မှတ်သား။
မြတ်ဓမ္မ ရွှေစကြာကို၊ မိဂဒါ ဟောကပ်ရွှေဖျား။
ဒု၊တ၊စ၊ရာဇဂြိုဟ်၊ ဝါဆိုတော်မူငြား။

တောင်စာလီ မြတ်အပါးမှာတော့၊ ငါး၀ါမြောက်ဘုန်းကြွယ်။

မကုဋ္ဌာတောင်ဂိရိ၊ ခြောက်ဝါရှိ ဖြိုးလျှပ်စံပယ်။ ထောက်ညွှာသည့်၊ မျိုးမြတ်နွယ်ကို။

တိုးမှတ်ဖွယ် ညွှန်ရစ်တော့၊ ခုနစ်နှစ် ဝတိံသာ၊ မြန်းကြွကပ်ရှာ။

ရှစ်ဝါမြောက် စံတုက္ကာသည်၊ သံသုမာဂီရိပလေး။

(၂) နဝမံ ကောသမ္ဗ၊ စောလျှံကြွ စွဲဆိုင်။
တောဂန္ဓ ပုလဲမြိုင်မှာ၊ မလွဲနိုင် ဆယ်ထား။

ပြာဟ္မဏ နာဠရွာမှာ၊ ဝါကြွကာကိန်းဆယ့်တစ်ပြား။
ဝေရဥ္စ တိုင်း၌နီ၊ ဒွါဒသီမှတ်သား။

တောင်စာလီ မြတ်အပါးမှာတော့၊ ဆယ့်သုံးထား ကျမ်းညီ။

စုဒ္ဒသာ ဇေတဝန၊ ကပိလ ပန္နရသီ။
သောဠသ အာဠဝီမှာ၊ စာအညီ မှတ်စမ်းတော့၊ စံမြန်းတဲ့ ရာဇဂြိုဟ်၊ ဆယ့်ခုနစ်ဆို။

ဆယ့် ရှစ်နှင့် ဆယ့်ကိုးအလိုမှာ၊စာလီဆို တောင်ထိပ်ပလေး။

(၃) ဆုဇင်္ဂိုဟ်ဝါဝီသ၊ စာရိမျှ သုံးချွေ။
ဌာနီကြွ ဘုန်းပရမေမှာ၊ ထုံးအနေ မမြဲ။
နှစ်ဆယ့်လေး ဝါကျွတ်မီတယ်၊ သာဝတ္ထိမြို့ပြည်၌ပဲ။
အန္တိမနောက်ဆုံးဝါမှာ၊ ဗေဠုရွာမလွဲ။
အာယုနေ၁် ဇီဝိန်နဲ့ပြိုမို့၊ ရည်ချိန်မြဲ ထုံးစံ။
ဗျည်းတာလီ ဝါအဆိုက်၊ အမတာအမြိုက် မြန်းကြွ အမှန်။
သတ္တဝါတသိုက်ပက်ဇံကို၊ ယာဉ်ပျံတော်မင်္ဂနန်းနှင့်၊ တဘက်ကမ်း ပြည်ခေမာ၊ လှမ်းပို့တင်ရှာ။
ဘုရားမြတ် ဆိုစဉ်ဝါကို၊ လိုချင်စရာ မှတ်စမ်းတော့လေး။

တောင်းပန်လွှာ

ကျွန်ုပ်တွေးဆ....ရေးပြရာတွင်၊
အရှင့်ခိတ်ထဲ ....ဝေခွဲမမြင်၊
မသက်ဝင်ပဲ ....ရှောင်လွဲပါလျှင်၊
ပြစ်တင်မှု ....ခွင့်ပြုပါစေချင်။

မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်သရုပ်အဓိပ္ပာယ်
ပြီးပါပြီ။

# မဟာသုဒဿနသုတ် ပါဠိတော် သရုပ်နှင့် အဓိပ္ပာယ်

ဤသုတ်လာ မြို့ကြီးခြောက်မြို့, ရတနာ ၇ ခုနစ်ပါး, အသီ ဆယ်ပါးတို့သည် မဟာပရိနိဗ္ဗာနသုတ်၌ ပြဆိုခဲ့၏။

## ကုသာဝတီ နေပြည်တော်ရှိ တံတိုင်းကြီး ခုနစ်ထပ်

(၁) ရွှေတံတိုင်းတထပ်၊ (၅) ကျောက်နီတံတိုင်း၊
(၂) ငွေ ။ ၊ (၆) ပတ္တမြားပြောက်။
(၃) ကြောင်မျက်ရွဲ ၊ (၇) ရတနာမျိုးစုံတံတိုင်း။
(၄) ဖန်တံတိုင်းတထပ် အားဖြင့် ခုနစ်ထပ် ခြံရံလျက်ရှိ၏။

## ထိုမြို့ ည်ရှိ တံတားကြီးလေးခု

(၁) ရွှေတံခါး၊ (၃) ကြောင်မျက်ရွဲတံခါး၊
(၂) ငွေတံခါး၊ (၄) ဖန်တံခါး အားဖြင့် အရောင်လေးမျိုးရှိသော တံခါးတို့သည် ရှိကုန်၏။

## တံခါးတိုင် ခုနစ်ခုနှင့် အတိုင်းအထွာပမာဏ

### တခုတခုသောတံခါး၌

လုံးပတ် တဆယ့် ငါးတောင်၊ မြေဝင် တဆယ့်ငါးတောင်၊ မြေပေါ်အမြင့် အတောင် ခြောက်ဆယ်ရှိသော ခုနစ်လုံးသော တံခါးတိုင်တို့ကို စိုက်ထူ၍ ထားကုန်၏။

## ထိုတံခါးတိုင် ခုနစ်လုံးတို့တွင်

တလုံးကား ရွှေဖြင့်ပြီး၏၊ တလုံးကား ငွေဖြင့်ပြီး၏၊ တလုံးကား ကြောင်မျက်ရွဲဖြင့်ပြီး၏။ တလုံးကား ဖန်ဖြင့် ပြီး၏။

## ကုသာဝတီ နေပြည်တော်ရှိ ထန်းပင်များ

(၁) ရွှေထန်းပင် တတန်း၊
(၂) ငွေထန်းပင် တတန်း၊
(၃) ကြောင်မျက်ရွဲထန်းပင် တတန်း၊
(၄) ဖန်ထန်းပန် တတန်း၊
(၅) ပတ္တမြားနီထန်းပင် တတန်း၊
(၆) ပတ္တမြားပြောက်ထန်းပင် တတန်း၊
(၇) ရတနာမျိုးစုံ ထန်းပန်တတန်း အားဖြင့် ထန်းပင် တန်း ခုနစ်ခုကာရံလျက် ရှိ၏။

ဒိဗ္ဗံ စက္ခုရတနံ ပါတုဘဝတိ၊ သဟာဿရံ သနေမိကံ၊ သနာဘိကံ၊ သဗ္ဗာကာရပရိပူရံ။

## (ပါဠိတော်)၌ အဓိပ္ပာယ်များ

နတ်တို့၏ အာနုဘော်နှင့် ယှဉ်သောကြောင့် 'ဒိဗ္ဗ'မည်၏။ တထောင်အကန့် ရှိသောကြောင့် 'သဟာဿရ'မည်၏၊ အကွပ်ရှိသောကြောင့် 'သနေမိက' မည်၏၊ ပုံတောင်း ရှိသောကြောင့် သနာဘိက'မည်၏။ ခပ်သိမ်းသော အခြင်းအရာ နတ်တန်ခိုးနှင့် ပြည့်စုံသောကြောင့် 'သဗ္ဗာကာရပရိပူရ'မည်၏။

**စကြာရတနာတည်ပုံ**  တစုံ တယောက်သော သူသည် မဆီး မတား နိုင်သဖြင့် သွားတတ် သော ကြောင့် 'စကြာ'မည်၏။ မွေ့လျော်ခြင်းကို ဖြစ်စေတတ်သော ကြောင့် 'ရတနာ'မည်၏။

**တနည်းကား**—အရိုအသေ ပြုအပ်သောကြောင့် လည်းကောင်း၊ အဖိုး ကြီးမြတ်သော ကြောင့် လည်းကောင်း၊ အတုမရှိသောကြောင့် လည်းကောင်း၊ မယုတ်မာသောသူတို့၏ သုံးစွဲရာဖြစ်သောကြောင့်လည်းကောင်း 'ရတနာ'မည်၏။

### စကြာရတနာ လက္ခဏာ

မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော အကြင် မင်းအား တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌ ဦးခေါင်းဆေး မင်္ဂလာ ပြုပြီးလျှင် အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်လျက် မြတ် သောပြာသာဒ်ထက်၌နေစဉ် အကန့်တထောင်ရှိသော အကွပ်ပုံ တောင်းများနှင့် တကွ အခြင်းအရာ အလုံးစုံ နတ်တန်ခိုးနှင့် ပြည့်၏။

### ဆင်ရတနာလက္ခဏာ

ကိုယ်လုံးဖြူသော၊ အင်္ဂါခုနစ်ပါးနှင့် တည်သော၊ ဦးကင်း ရှိသော၊ တန်ခိုးနှင့်ပြည့်စုံသော ကောင်းကင်ပျံနိုင်သော ဥပေါ သထ ဆင်မင်းမျိုးတည်း။

## မြင်းရတနာ လက္ခဏာ

ကိုယ်လုံးဖြူ၍ ဦးခေါင်းညိုသော၊
ဖြူဆံမျက်ကဲ့သို့ ထိပ်ဆံရှိသော၊
ကောင်းကင်သို့ ပျံနိုင်သော၊
ဝလာဟကမြင်းမျိုးတည်း။

## ပတ္တမြားရတနာ လက္ခဏာ

ကြောင်မျက်ရွဲ ရဘနာသည် –
ဘနှစ်မြောက် ဝါးညိုအဆင်းနှင့်တူ၏၊
အလွန်တောက်ပ သော အရောင်ရှိ၏၊
အမျိုးမှန်၏၊ ရှပ်မျောင့်ရှိ၏၊
ကောင်းစွာပွတ်ပြင်ပြီး ဖြစ်၏၊
အရည်ကောင်း၏၊ အသူးကြည်လင်၏၊
အလင်းရောင်သည် ထက်ဝန်းကျင် တယူဇနာ
တိုင်အောင် တောက်ပ၏၊
အခြင်းအရာ အလုံးစုံနှင့် ပြည့်စုံ၏။

## မိဟုအားရတနာ လက္ခဏာ

အလွန်ဘဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊
ကြည်နူးစေတတ်၏ မြတ်သော အဆင်းသဏ္ဌာန်နှင့်
ပြည့်စုံ၏၊ မမြင့်လွန်း မနိမ့်လွန်း၊ မကြုံလွန်း၊
မဆူလွန်း၊ မမည်းလွန်း၊ မဖြူလွန်းပဲ
ခြောက်ပြစ်ကင်း စင်းသုံးချော၏။

လူတို့၏ အဆင်းကို လွန်၍ နတ်တို့၏ အဆင်းတမျှရှိ၏။

ကိုယ်အတွေ့သည် လဲမို့အစုကဲ့သို့ လည်းကောင်း၊ ဝါဂွမ်း အစုကဲ့သို့ လည်းကောင်း နူးညံ့ညက်ညော၏။

ကိုယ်ငွေ့သည် အေးသောအခါ၌ ပူ၏။ ပူသောအခါ၌ အေး၏။

ကိုယ်မှ စန္ဒကူးနံ့ လှိုင်၏။ ခံတွင်းမှ ကြာညိုပွင့်နံ့သည် ကြိုင်၏။

ရှေးဦးစွာ အိပ်ရာနေရာမှ ထလေ့ရှိ၏။ နောက်မှ အိပ်လေ့ အိပ်ထ ရှိ၏။

အဘယ်လို ပြုရပါအံ့နည်းဟု နာခံလေ့ရှိ၏၊ နှစ်သက်ဖွယ်ကို ပြုကျင့်လေ့ရှိ၏။ ချစ်ဖွယ်သော စကားကို ဆိုလေ့ရှိ၏။

## သူကြွယ်ရတနာ လက္ခဏာ

သူကြွယ်ရတနာအား ကံကြောင့်ဖြစ်သော နတ်မျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏။ ပိုင်ရှင်ရှိ၊ ပိုင်ရှင်မဲ့ဖြစ်သော မြှုပ်နှံထားသည့် ရတနာအိုးများကို မြင်နိုင်၏။ စကြာမင်းသည် ရိုးပမ်း လိုသောကြောင့် လှေကို စီးလျက် ဂင်္ဂါမြစ်အလယ် ရေစီး

ချောင်းသို့ သွားရောက်ပြီလျှင် သင်္ဘေး၊ ရွှေငွေကို ငါအလိုရှိ၏ဟု ဆိုလျှင် နှစ်ဘက်သော လက်တို့ဖြင့် ရေကို သုံးသပ်၍ ရွှေငွေဖြင့် ပြည့်သော အိုးတို့ကို ပေးနိုင်၏။ ပြကတေ့လျှင် စည်းစိမ်ဥစ္စာ ပေါများ၏။

## သားကြီးရတနာ လက္ခဏာ

ထက်မြက်လိမ္မာ ပညာရှိသော သားကြီးရတနာသည် ဖြစ်ပေါ်လာ၏။ အဆင်းအချင်းနှင့်လည်း ပြည့်စုံ၏။ တပါးသော သူတို့၏ အကြံအစည်ကို သိနိုင်၏။ တဆယ့် နှစ်ယူဇနာရှိသော မင်း၏ ပရိသတ်၌ စိတ်၏ အကြံအစည်ကို သိ၍ ချီးမြှောက်ထိုက်သူ ရာထူး၌ ခန့်ထားသင့်သူကိုလည်း ချီးမြှောက် ခန့်ထားနိုင်၏။ မသင့်သောသူကိုလည်း ပယ်ရှားရန် စွမ်းနိုင်၏။

ဤရတနာ ခုနစ်ပါးတို့၏ အဓိပ္ပာယ်သည် ပါဠိအဋ္ဌကထာတို့၌ ကျယ်ဝန်းစွာ ပြဆိုထား၏။ ဤ၌ သိသာရုံ အကျဉ်းမျှသာ ပြဆိုလိုက်သည်။

မှတ်ချက်။

ကြောင်မျက်ရွဲဟု ခေါ်ဆိုသည်ကား ကြောင်မျက်လုံးဝန်း၏ အဆင်းရှိ၍ ခေါ်ကြ၏။

ဝေဠုရိယောတိ-အလ္လဝေဠုဝဏ္ဏော၊ မဇ္ဇာရက္ခိမဏ္ဍလ ဝဏ္ဏောတိပိ ဝဒန္တိ၊ (ဝိနယလင်္ကာရဋီကာ။)

## မဟာသုဒဿနမင်း တန်ခိုးလေးပါးပြည့်စုံပုံ

(၁) မဟာသုဒဿနမင်းသည် သူတပါးတို့ထက် လွန်ကဲ၍ အဆင်းလှ၏၊ ရှုချင်စဖွယ် ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သောအဆင်း ရုပ်ဟန် ကြံအင်လက္ခဏာတော်နှင့် ပြည့်စုံ၏၊ ဤကား တပါး၊

(၂) မဟာသုဒဿနမင်းသည် သူတပါးတို့ထက် လွန်ကဲ၍ အသက်ရှည်၏၊ ကြာမြင့်စွာ တည်ခြင်းရှိ၏။ ဤကား တပါး၊

(၃) မဟာသုဒဿနမင်းသည် သူတပါးတို့ထက် လွန်ကဲ၍ အနာရောဂါကင်း၏၊ အစာကို အညီအမျှ ကြေစေတတ်သော မအေးလွန်း မပူလွန်းသော ဝမ်းမီးနှင့် ပြည့်စုံ၏။ ဤကား တပါး၊

(၄) မဟာသုဒဿနမင်းကို ပုဏ္ဏားနှင့် သူကြွယ်တို့သည် ချစ်ခင်မြတ်နိုးကြကုန်၏၊ ဖခင်သည် သားသမီးတို့ကို ချစ်ခင်မြတ်နိုးသကဲ့သို့ပင် မဟာသုဒဿနမင်းသည်လည်း ပုဏ္ဏားနှင့် သူကြွယ်တို့ကို ချစ်ခင်မြတ်နိုး၏။ ဤကား တပါးအားဖြင့် တန်ခိုးလေးပါးတည်း။

(ဆောင်ရန်)

- အာယု၊ ဝဏ္ဏ၊ အာရောဂျ၊ ဗြဟ္မဝိဟာရ။
- တန်ခိုးလေးမျိုး ဂုဏ်ပေါ်ပြီး၊
  ကျော်ဟိုး ထက်အောက်သာ။

## ဓမ္မပြာသာဒ နှင့် စ ရေကန်ကြီးများ

မဟာသုဒဿနမင်းသည် ထိုသန်းပင်တန်းတို့၏ အကြား၌ ကုလလေးတာ တဆုပ် တဆုပ် ကျယ်ပြန့်သော လေးဆောင့်ကန်တို့ကို ဖန်ဆင်းလေ၏။

ထိုလေးဆောင့်ကန်တို့၌ ရွှေစောင်းတန်းတမျိုး၊ ငွေစောင်းတန်းတမျိုး၊ ကြောင်မျက်ရွဲစောင်းတန်းတမျိုး၊ ဖန်စောင်းတန်းတမျိုးအားဖြင့် အရောင်လေးမျိုးရှိသော စောင်းတန်းလေးခုစီ ရှိကုန်၏။

မဟာသုဒဿနမင်းသည် ထိုလေးဆောင့်ကန်တို့၌ ဥပ္ပလကြာ၊ ပဒုမ္မာကြာ၊ ကုမုဒြာကြာ၊ ပုဏ္ဍရိက်ကြာဟူသော ဥတုသုံးပါးလုံးပွင့်သော လူအများသုံးနိုင်ခွင့်ရှိသော ပန်းမျိုးတို့ကို စိုက်ပျိုးစေ၏။

(ဤ၌လည်း အကျဉ်းမျှသာတည်း)

မှတ်ချက်။ ။ဤကုလလေးတာဟု ခေါ်သော ဓနုတာသည် လေးတောင်ရှိ၍ ကုလလေးတာ တရာသည် အတောင်လေးရာနှင့် ညီမျှ၏ဟု မှတ်၊

### ဓမ္မမည်သော နန်းပြာသာဒ်ပမာဏ

အလျားအားဖြင့် အရှေ့-အနောက် တယူဇနာ၊
အနံအားဖြင့် တောင်-မြောက် ယူဇနာခွဲ (ယူဇနာဝက်) ရှိ၏။

### ဓမ္မနန်းပြာသာဒ်၏ အောက်ခံခုံ ပမာဏ

ထိုဓမ္မ နန်းပြာသာဒ်၏ အောက်ခံခုံသည်
အမြင့် တဆယ့်ငါးတောင်ရှိ၏။
ယင်းခုံကို ရွှေအုတ်တမျိုး၊ ငွေအုတ်တမျိုး၊ ကြောင်မျက်ရွဲ အုတ်တမျိုး၊ ဖန်အုတ်တမျိုးဟူ၍ အရောင်လေးမျိုးရှိသော အုတ်တို့ဖြင့် စီထား၏။

ထိုဓမ္မနန်းပြာသာဒ်၌ ရွှေတိုင်တမျိုး၊ ငွေတိုင်တမျိုး၊ ကြောင်မျက်ရွဲတိုင်တမျိုး၊ ဖန်တိုင်တမျိုးဟူ၍ အရောင်လေးမျိုးရှိသော တိုင်ပေါင်း ရှစ်သောင်းလေ ထောင်ရှိ၏။

(အကျဉ်းမျှသာ ဖော်ပြလိုက်၏။)

### ဤလေးထောင့်ကန်တို့၏ ကမ်း၌ မဟာသုဒဿန၏ အလှူတော်ကြီးများ

[၁] ထမင်းအလှူတော်
[၂] အဖျော်အလှူတော်
[၃] အဝတ်အလှူတော်
[၄] ယာဉ်အလှူတော်
[၅] အိပ်ရာအလှူတော်
[၆] မိန်းမအလှူတော်
[၇] ငွေအလှူတော်
[၈] ရွှေအလှူတော်
တို့ပင်တည်း။

## ကုသာဝတီပြည်၏ ပမာဏ

ကုသာဝတီ နေပြည်တော်သည်–အရှေ့အနောက်
အလျားအားဖြင့် တဆယ့်နှစ်ယူဇနာ။
တောင့်မြောက် အနံအားဖြင့် ခုနစ်ယူဇနာရှိ၏။

ဓမ္မပြာသာဒ်လေးဆောင်နှင့် ပလ္လင်တော်လေးခု

[၁] ရွှေပြာသာဒ်အဆောင်၌.... ငွေပလ္လင်ကိုခင်းထား၏။
[၂] ငွေပြာသာဒ်အဆောင်၌....ရွှေပလ္လင်ကို ခင်းထား၏။
[၃] ကြောင်မျက်ရွဲပြာသာဒ်အဆောင်၌....ဆင်စွယ်ပလ္လင်ကို ခင်းထား၏။
[၄] ဖန်ပြာသာဒ်အဆောင်၌.... နွေကူးနှစ် ပလ္လင်ကို ခင်းထား၏။

မဟာသုဒဿနမင်းသည် "ငါ့အား ယခုအခါ ဤကဲ့သို့ တန်ခိုးအာနုဘော် ကြီးလျက်ရှိခြင်းသည် အဘယ်ကံ၏ အကျိုး ဝိပါက်ပေနည်း"ဟု ဆင်ခြင်လေ၏။

ငါ့အား....ယခုအခါ၌ ဤသို့ တန်ခိုးအာနုဘော်ကြီးလျက် ရှိခြင်းသည်ကား [၀၁] ကျင့်ဝတ္တရားနှင့် ပြည့်စုံသည်ကား–

[၁] ပေးကမ်း လှူဒါန်းခြင်း ဒါန၊
[၂] အဌင်္ဂ ဥပုသ်ကို ကျင့်သုံးလျက် မိမိကိုယ်ကို ဆုံးမခြင်း ဒမ၊

(၃) ကိုယ်နှုတ်နှလုံး စောင့်သုံးခြင်း သီလသံယမ,ဟု (ကျင့်ဝတ္တရား)တို့၏ အကျိုးဝိပါက်ပေတည်းဟု သိမြင်လေ၏။

မှတ်ချက်။

ဤသုံးပါးကို စက္ကဝတ္တိ ကျင့်ဝတ်သုံးပါးဟုလည်း ခေါ်၏။

(ဆောင်ရန်)

- ဂါန,ဒမ၊ သံယမ၊ သုံးဝ ကြောင်းရင်းပါ။
- ကုသိုလ်တော်ထူး၊ ပြုခဲ့ဖူး၊ ကျိုးထူးစံစားရာ။

## မဟာသုညတမင်းသည်

မဟာဝိယူဟာမည်သော ပြာသာဒ်ဆောင်သို့ ချဉ်းကပ်၍

## ဥဒါန်းကျူးရင့်ပုံ

အို....ကာမဂုဏ်ကို ကြံစည်တတ်သော 'ကာမဝိတက်' နေရစ်လော့၊

အို...သူတပါးကို ချေမှုန်းဖျက်ဆီးတတ်သော 'ဗျာပါဒဝိတက်'နေရစ်လော့၊

အို....သူတပါးကို နှိပ်စက်ညှဉ်းဆဲရန် ကြံစည်တတ်သော "ဝိဟိံသ ဝိတက်'နေရစ်လော့။

ကာမဝိတက်၊ သင်၏နယ်ပယ်ကား ဤမျှသာ ရှိ၏။ ဗျာပါဒ ဝိတက်၊သင်၏ နယ်ပယ်ကား ဤမျှသာရှိ၏။ ဝိဟိံသဝိတက်၊ သင်၏ နယ်ပယ်ကား ဤမျှသာ ရှိ၏ဟု ကျူးရင့်လေ၏။

မဟာသုဒဿနမင်းကြီး၏

မြို့ပေါင်း ရှစ်သောင်း လေးထောင်စသည်

မဟာသုဒဿနမင်းအား ကုသာဝတီမင်း နေပြည်တော်ရှိ မြို့ပေါင်း ရှစ်သောင်းလေးထောင်၊ ဓမ္မပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်၊ ဗြဟ္မဝိယူဟ ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်၊

ပလ္လင်ပေါင်း ရှစ်သောင်းလေးထောင်၊

ရွှေတန်ဆာ ဆင်ယင်ကာ ရွှေတန်ခွန်စိုက်လျက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းထားကုန်သော ဥပေါသထဆင်မြင်း ရထားပေါင်း ရှစ်သောင်း လေးထောင်စီ၊

ပတ္တမြားပေါင်း ရှစ်သောင်းလေးထောင်၊

မိဖုရားပေါင်း ရှစ်သောင်းလေးထောင်၊

သမ္မေး,ရတနာ သားကြီးရတနာ,ပေါင်း ရှစ်သောင်း လေးထောင်စီ၊

နို့ညှစ်နွားမပေါင်း ရှစ်သောင်းလေးထောင်၊

အဝတ်ပုဆိုးပေါင်း ရှစ်သောင်းလေးထောင် ရှိကုန်၏။

(ဆောင်ရန်)

- ကုသာဝတီ၊ ပုရိဝရ၊ ရွှေငြည်မ၊ မြင်ထ လောင်းကြော။
- ရှစ်သောင်းလေ ထောင်၊ မြို့ပေါင်းဆောင်၊ ဘုန်းခေါင် မေ့လျော်ရာ။
- ဆင်,မြင်း,ပင်မြား,မိဖုရား,ရထားစံစားရာ။
- ရတနာခုနစ်ပါး၊ ပြိုးတုံငြား၊ ပေါက်ထားတံတိုင်းမှာ။
- ရေကန်တခန်း၊ ကြံချင့်ဆန်း၊ ခေါ်မြန်းပဒေသာ။
- ဝတ်လဲပုဆိုး၊ စားတော်အိုး၊ သုံးရိုးနွေ့တိုင်းသာ။
- ကုဋ္ဌာဂါရ၊ ပါသာဒ၊ ဌာနနှစ်ပါးလာ။
- စက္ကရတန၊ ပလ္လင်၊ လှည့်ထ လေးကျွန်းမှာ။

- လေးထောင်ရှစ်သောင်း၊ နွားမပေါင်း၊ နို့ကောင်းညှစ်စရာ။
- သဒ္ဓေး့သူကြွယ်၊ သားကြီးငယ်၊ အသွယ်သုံးဆောင်ရာ။
- ဈာန်ကုသိုလ်လျှင်၊ ဆောင်ယူတင်၊ ထက်ခွင်ပြဟ္မာ့ရွာ။
- နောက်ဆုံးဘဝ၊ ဖြစ်လာထ လောကမြတ်ဆရာ။
- ရှင်တော်ဘုဒ္ဓ၊ ထုတ်ဖော်ပြ၊ သုတ္တမဟာဝါ။
- ဤမင်းအလား၊ ဝံလိုငြား၊ သုံးပါးရတနာ။
- ဆယ်ဖြာပုည၊ စိုက်ပျိုးကြ၊ မုချနိဗ္ဗာန်သာ။

(သုံးပုံအိပ်ထောင့် ကျမ်းမှ ဖြန့်ဝေသည်။)

မဟာသုဒဿနသုတ်ပါဠိတော် သရုပ်အဓိပ္ပာယ်

ပြီးပါပြီ။

# ဇနဝသဘသုတ် ပါဠိတော်

# သရုပ် နှင့် အဓိပ္ပာယ်

## နာတိကရွာသား အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်ရာဘဝကို ဟောတော်မူပုံ

အခါတပါး မြတ်စွာဘုရားသည် နာတိကရွာ အုတ်တိုက်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ပတ်ဝန်းကျင်ရှိ ထိုထိုဇနပုဒ်တို့၌ ကွယ်လွန်စုတေသွားကြသော အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်လေရာဘဝကို ဖြေဆိုဟောတော်မူ၏။

| | |
|---|---|
| ကာသိတိုင်း၊ | ဝံသတိုင်း၊ |
| ကောသလတိုင်း၊ | ကုရုတိုင်း၊ |
| ဝဇ္ဇီတိုင်း၊ | ပဉ္စာလတိုင်း၊ |
| မလ္လတိုင်း၊ | မစ္ဆတိုင်း၊ |
| စေတိယတိုင်း၊ | သုရသေနတိုင်း |

တို့၌ "ဤမည်သောသူသည် ဤမည်သောဘဝ၌ ဖြစ်ကုန်၏" ဟု လည်းကောင်း၊ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်၏ဟု လည်းကောင်း ဟောတော်မူသည်။

အထူးမှတ်ချက်။ ။မြတ်စွာဘုရားသည် သမ္မာသမ္ဗောဓိဉာဏ်ကို မဂဝတိုင်း၌ ရတော်မူ၏ ဟုမှတ်လေ။

မှတ်ချက်။ ။ပဥ္စန္နံ ဩရမ္ဘာဂိယာနံ၌ ပဥ္စန္နံအရ သံယောဇဉ် ငါးပါး၊ ဥဒ္ဓမ္ဘာဂိယာနံ၌ တိဏ္ဏံ အရ သံယောဇဉ် သုံးပါးတို့၏ သရုပ်တို့ကို အောက် မဟာပရိနိဗ္ဗာနသုတ်၌ ပြဆိုခဲ့ပြီးသည့် အတိုင်း ပင်ဟု မှတ်။

## ဇနဝသဘနတ်သားအကြောင်း

ဇနဝသဘနတ်သားသည် ဗိမ္ဗိသာရမင်းဘဝမှ စုတေခဲ့သောနတ်တည်း။ ထိုနတ်သည် ဝေဿဝဏ်နတ်မင်း၏ အပေါင်း အဖော်အဖြစ်သို့ကပ်ရောက်ရသည်မှာ ခုနစ်ကြိမ်မြောက်ဖြစ်၏။

နတ်ပြည်မှ (စုတေ၍ လူ့ပြည်၌ ခုနစ်ဘဝ) (ထိုလူ့ ပြည်မှ စုတေ၍ နတ်ပြည်၌ ခုနစ်ဘဝ) ပေါင်း တဆယ့်လေးဘဝ တိုင်တိုင် ရှေးအခါက အကျွန်ုပ်၏ နေခဲ့ဖူးရာဌာနကို အကျွန်ုပ် အမှတ်ရခဲ့လျက်ရှိပါ၏။

## အထက်နတ်ပြည်၌ မဖြစ်ခြင်းအကြောင်း

ဤသို့အမှတ်ရလျက် ထိုဌာနတို့၌ တွယ်တာမှု အားကြီး သောကြောင့် အထက်နတ်ပြည်တို့၌ ဖြစ်နိုင်ငြား သော်လည်း မဖြစ်ပဲ ဤဝေဿဝဏ်နတ်မင်း၏ အပေါင်း အဖော်အဖြစ်သို့ သာလျှင် ရောက်ရလေသည်။

သနက်ုမာရဗြဟ္မာ၏ အသံအင်္ဂါရှစ်ပါး

(၁) သန့်ရှင်းခြင်း၊　　(၅) အသံလုံခြင်း၊
(၂) ပြတ်သားခြင်း၊　　(၆) မကွဲအက်ခြင်း၊
(၃) သာယာခြင်း၊　　(၇) အသံအောင်ခြင်း၊
(၄) နားဝင်ချိုခြင်း၊　　(၈) မြည်ဟိန်းခြင်း၊

ဟူသော အသံအင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။

ဆောင်ရန်

● သန့်ရှင်းပြတ်သား၊ သာယာငြား၊ မှတ်သား နားဝင်ချို၊
● အသံလုံလျက်၊ မကွဲအလျက်၊ အောင်ချက် မြည်ဟိန်းပို။
● ဗြဟ္မာမင်းသံ၊ အင်ရှစ်တန်၊ မှတ်ရန် များလူပိုလ်။

ဣဒ္ဓိပါဒ်လေးမျိုး သရုပ်အဓိပ္ပာယ်

(၁) ဆန္ဒိဒ္ဓိပါဒ်

ဤ သာသနာတော်၌ ရဟန်းသည် ဆန္ဒ လွန်ကဲသော သမာဓိနှင့်လည်းကောင်း၊ အားထုတ်ပြုပြင်မှု'ပဓာနသင်္ခါရ'နှင့်လည်းကောင်း ပြည့်စုံသော ပြီးစီးခြင်း၏ အခြေခံဣဒ္ဓိပါဒ်တရားကို ပွားများခြင်း၊

(၂) ဝီရိယိဒ္ဓိပါဒ်

ရဟန်းသည် ဝီရိယလွန်ကဲသော သမာဓိနှင့်လည်းကောင်း၊ အားထုတ်ပြုပြင်မှု 'ပဓာန သင်္ခါရ' နှင့် လည်းကောင်း ပြည့်စုံသော ပြီးစီးခြင်း၏ အခြေခံ ဣဒ္ဓိပါဒ်တရားကို ပွားများခြင်း။

(၃) စိတ္တိဒ္ဓိပါဒ်

ရဟန်းသည် စိတ်လွန်ကဲသော သမာဓိနှင့် လည်းကောင်း၊ အားထုတ်ပြုပြင်မှု 'ပဓာန သင်္ခါရ' နှင့်လည်းကောင်း ပြည့်စုံသော ပြီးစီးခြင်း၏ အခြေခံ ဣဒ္ဓိပါဒ်တရားကို ပွားများခြင်း။

(၄) ဝီမံသိဒ္ဓိပါဒ်

ရဟန်းသည် ပညာဉာဏ် လွန်ကဲသော သမာဓိနှင့် လည်းကောင်း၊ အားထုတ်ပြုပြင်မှု 'ပဓာနသင်္ခါရ' နှင့် လည်းကောင်း ပြည့်စုံသော ပြီးစီးခြင်း၏ အခြေခံ ဣဒ္ဓိပါဒ် တရားကို ပွားများ၏။

ဤကား ဣဒ္ဓိပါဒ်တရား လေးပါးတည်း။

## တိဒိဝဩကာသာဝိဂမ

[ဩကာသာဝိဂမ (အခွင့်အရေး) သုံးပါးဟူလို]

(၁) ဤလောက၌ အချို့သောသူသည် ကာမဂုဏ်တို့နှင့် ရောယှက်သည်ဖြစ်၍ အကုသိုလ်တရားတို့နှင့် ရောယှက်သည် ဖြစ်၍နေ၏။ ထိုသူသည် အခါတပါး၌ မြတ်သောတရားတော်ကို ကြားနာရ၏။ နည်းလမ်းမှန်စွာ နှလုံးသွင်း၏။ လော

ကုတ္တရာတရားနှင့် လျော်သော အကျင့်ကို ကျင့်၏၊ ထိုသူအား (ပထမစျာန်) ချမ်းသာသည်ဖြစ်၍ ချမ်းသာသောကြောင့် အလွန်ဝမ်းမြောက်၏၊ ဤကား တပါး။

(၂) ဤလောက၌ အချို့သောသူအား ရွန့်ရင်းသော ထွက်သက်၊ ဝင်သက် 'ကာယသင်္ခါရ' တို့သည် မငြိမ်ကုန်၊ ရွန့်ရင်းသော ခံစားမှု မှတ်သားမှု 'စိတ္တသင်္ခါရ' တို့သည် မငြိမ်းကုန်၊ ထိုသူသည် အခါတပါး၌ မြတ်သော တရားတော်ကို ကြားနာရ၏။ နည်းလမ်းမှန်စွာ နှလုံးသွင်း၏၊ လောကုတ္တရာတရားနှင့် လျော်သော အကျင့်ကို ကျင့်၏။ ထိုသူအား ဆိုခဲ့သော ကာယသင်္ခါရ၊ စိတ္တသင်္ခါရတို့၏ ငြိမ်းအေးခြင်းကြောင့် (စတုတ္ထစျာန်) ချမ်းသာသည်ဖြစ်၍ ချမ်းသာသောကြောင့် အလွန်ဝမ်းမြောက်၏။ ဤကား တပါး။

(၃) ဤလောက၌ အချို့သော သူသည် "ဤကား ကုသိုလ်တည်း" ဟု ဟုတ်မှန်သည့်အတိုင်း မသိ။ "ဤကား အကုသိုလ်တည်း" ဟု ဟုတ်မှန်သည့် အတိုင်း မသိ၊ "ဤကား အပြစ်ရှိ၏၊ ဤကား အပြစ်မရှိ၊ ဤကား မှီဝဲအပ်၏၊ ဤကား မမှီဝဲအပ်၊ ဤကား ယုတ်၏၊ ဤကား မြတ်၏၊ ဤကား မည်းသောအဖို့ ဖြူသောအဖို့ရှိ၏" ဟု ဟုတ်မှန်သည့်

အတိုင်း မသိ။ ထိုသူသည် အခါတပါး၌ မြတ်သော တရားကို ကြားနာရ၍၊ နည်းလမ်းမှန်စွာ နှလုံး သွင်း၍၊ ''ဤကား ကုသိုလ်တည်း''ဟု စသည်ဖြင့် ဟုတ်မှန်သည့်အတိုင်း သိ၏။ ဤသို့ သိမြင်သော ထိုသူအား မသိမှု 'အဝိဇ္ဇာ'ပျောက်၏။ သိမှုဝိဇ္ဇာ ပေါ်၏။ ထိုသူအား အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာဖြစ် ပေါ်လာခြင်းကြောင့် (မဂ်ဖိုလ်) ချမ်းသာသည်ဖြစ် ၏။ ထို့ကြောင့် အလွန်ဝမ်းမြောက်၏။ ဤကား တပါးတည်း။

## သတိပဋ္ဌာန်တရား လေးပါး

မြတ်စွာဘုရားသည် သတိပဋ္ဌာန်တရား လေးပါးတို့ကို မဂ်ဖိုလ်ဟု ဆိုအပ်သော ကုသိုလ်ရခြင်းငှာ ဟောကြားထားတော်မူ၏။

(မှတ်ချက်) ဤ၌ ဖိုလ်ကိုလည်း ကုသိုလ်ဟု ဆိုထား၏။ ကုသလဿာဓိဂမာယာတိ မဂ္ဂကုသလဿစေဝ ဖလကုသလဿစ ဟု အဋ္ဌကထာ၌ ဆိုထား၏။

### (၁) ကာယာနုပဿနာ သတိပဋ္ဌာန်

ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် မိမိ၏ ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန်ရှုလျက် လောက၌ လိုချင်တပ်မက်မောခြင်းကို ပယ်ဖျောက်၍ နေ၏။ ထိုရဟန်းသည် မိမိရုပ်ကိုယ်၌ ကောင်းစွာစူးစိုက် တည်ကြည် လတ်သော် ပြင်ပသူတပါး၏ ရုပ်ကိုယ်၌ ဉာဏ်အမြင်ကို ဖြစ်စေ ၏။ ဤကား တပါး။

## (၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်

ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် မိမိ၏ ခံစားမှု 'ဝေဒနာ' တို့၌ ခံစားမှု 'ဝေဒနာ' ဟု အဖန်ဖန် ရှုလျက် နေ၏။ (ပ) ပြင်ပသူတပါး၏ ခံစားမှု 'ဝေဒနာ' တို့၌ ညာဏ်အမြင်ကို ဖြစ်စေ၏။

## (၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်

ပြင်းစွာအားထုတ်လျက်၊ ဆင်ခြင်လျက်၊ သတိရှိလျက် မိမိ၏ စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလျက် နေ၏။ (ပ) ပြင်ပသူတပါး၏ စိတ်၌ ညာဏ်အမြင်ကို ဖြစ်စေ၏။

## (၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ပြင်းစွာ အားထုတ်လျက်၊ ဆင်ခြင်လျက်၊ သတိရှိလျက် မိမိ ၏ သဘောတရား ''ဓမ္မ' တို့၌ သဘောတရား 'ဓမ္မ' ဟု အဖန်ဖန် ရှုလျက် နေ၏။ (ပ) ပြင်ပသူတပါး၏ သဘောတရား 'ဓမ္မ' တို့၌ ညာဏ်အမြင်ကို ဖြစ်စေ၏။

ဤကား မဂ်ဖိုလ် ကုသိုလ်ဟူသော အကျိုးငှာ ဟောတော်မူသော သတိပဋ္ဌာန်တရား လေးပါးတို့ပင်တည်း။

## သမာဓိ၏ ပရိက္ခာရ (အခြံအရံ)ခုနစ်ပါး

(၁) သမ္မာဒိဋ္ဌိ....မှန်စွာသိမြင်ခြင်း၊
(၂) သမ္မာသင်္ကပ္ပ....မှန်စွာကြံစည်ခြင်း၊
(၃) သမ္မာဝါစာ... မှန်စွာပြောဆိုခြင်း၊
(၄) သမ္မာကမ္မန္တ....မှန်စွာပြုလုပ်ခြင်း၊
(၅) သမ္မာအာဇီဝ....မှန်စွာအသက်မွေးခြင်း၊
(၆) သမ္မာဝါယာမ....မှန်စွာအားထုတ်ခြင်း၊
(၇) သမ္မာသတိ....မှန်စွာ အောက်မေ့ခြင်းတို့ ပေတည်း။

## ဣမေ ခေါ မေ ဘန္တေ ဒွေ ပစ္စယာဋ္ဌ

## ဒွေသရုပ်ကား

(၁) ခရီးအကြား၌ မြတ်စွာဘုရားကို ဖူးမြင်ခြင်း၊
(၂) ဧဝေဏိဝန် နှင့်မင်း၏ အထံ၌ ကြားဖူးသော တရားကို ကြားခြင်းငှာ စည်းဝေးခြင်းအားဖြင့် နှစ်ပါးတည်း။
(ပါဠိတော်နိသျှမှ)

ဇနဝသဘသုတ် ပါဠိတော်သရုပ်အဓိပ္ပာယ်

ပြီးပါပြီ။

........ ........

# မဟာဂေါဝိန္ဒသုတ် ပါဠိတော်
# သရုပ်နှင့် အဓိပ္ပာယ်

## သိကြားမင်းကသနင်္ကုမာရ ဗြဟ္မာအား ဟောပြောသော
## မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်ရှစ်ပါး

### (၁) လူနတ်ဗြဟ္မာတို့၏ အစီးအပွားအလို့ငှာ
### ကျင့်တော်မူခြင်းဂုဏ်

မြတ်စွာ ဘုရားသည် လူအများ၏ စီးပွား ချမ်းသာ အလို့ငှာ၊ လောကကို စောင့်ရှောက်ရန် အလို့ငှာ၊ နတ်တို့၏ အကျိုးစီးပွား အလို့ငှာ ကျင့်တော်မူပါပေ၏။ ဤအင်္ဂါများနှင့် ပြည့်စုံသော ဆရာကို ရှေးကလည်း ငါတို့ မတွေ့မြင်ရကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့မတွေ့မြင်ရကုန်။ ဤကား ဂုဏ်တပါး၊

### (၂) သွာက္ခာတ စသော တရားဂုဏ်တော်
### ခြောက်ပါးနှင့် ပြည့်စုံတော်မူသောဂုဏ်

ထိုမြတ်စွာဘုရား၏တရားတော်သည် ကောင်းစွာ ဟောထားသော တရားတော် ပါပေတည်း။ ကိုယ်တော်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း။ အခါမလင့် အကျိုးကိုပေးတတ်

သောတရားတော်ပါပေတည်း။ လာလှည့် ရှုလှည့်ဟု ဖိတ်ခေါ်ထိုက်သော တရားတော်ပါပေတည်း။ မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော် ပါပေတည်း။ ပညာရှိသူတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါပေတည်း။ ဤသို့ မိမိစိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားကို ဟောတော်မူသည်။ ဤအင်္ဂါနှင့် ပြည့်စုံသောဆရာကို ရှေးကလည်း ငါတို့ မတွေ့မြင်ရကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့မတွေ့မြင်ရကုန်။ ဤကား ဂုဏ်တပါး။

## (၃) ကုသိုလ် အကုသိုလ် တို့ကို အပြစ်မရှိ ဖော်ပြတော်မူတတ်သောဂုဏ်

ထိုမြတ်စွာဘုရားသည် "ဤကား ကုသိုလ်တည်း" ဟု ကောင်းစွာဖော်ပြတော်မူပါပေ၏။ ဤကားအကုသိုလ်တည်း" ဟုကောင်းစွာဖော်ပြတော်မူပါပေ၏။ 'ဤကား အပြစ်ရှိ၏'၊ ဤကား အပြစ်မရှိ၊ ဤကား မှီဝဲအပ်၏၊ ဤကား မမှီဝဲအပ်၊ "ဤကား ယုတ်၏၊ ဤကား မြတ်၏" "ဤကား မည်းညစ်သောအဖို့ဖြူစင်သောအဖို့ရှိ၏" ဟု ကောင်းစွာ ဖော်ပြတော်မူပေ၏။ ဤကုသိုလ် အကုသိုလ်၊ မှီဝဲအပ်၊ မမှီဝဲအပ်၊ အယုတ်၊ အမြတ်၊ မည်းညစ်သော အဖို့

ဖြစ်စေသောအဖို့ ရှိသောတရားတို့ကို ဖော်ပြတော်မူသည့် ဤအင်္ဂါနှင့် ပြည့်စုံသော ဆရာကို ရှေးကလည်း ငါတို့မတွေ့မြင်ရကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့မတွေ့မြင်ရကုန်။ ဤကား ဂုဏ်တပါး။

## (၄) နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ကောင်းစွာဟောပြတော်မူသောဂုဏ်

ထိုမြတ်စွာဘုရားသည် တပည့်တို့အား နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကိုကောင်းစွာဖော်ပြတော်မူပါပေ၏။ နိဗ္ဗာန်နှင့် အကျင့်သည် နှီးနှောဆက်စပ်လျက်ရှိပါပေ၏။ ဥပမာအားဖြင့် ဂင်္ဂါမြစ်ရေသည် ယမုနာမြစ်ရေနှင့် နှီးနှောဆက်စပ်လျက် တပေါင်းတည်းဖြစ်သကဲ့သို့ ဤအတူပင်) ထိုမြတ်စွာ ဘုရားသည် တပည့်တို့အား နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ကောင်းစွာ ဖော်ပြတော်မူပါပေ၏၊ နိဗ္ဗာန်နှင့် အကျင့်သည် နှီးနှောဆက်စပ်လျက်ရှိပါပေ၏။ ဤသို့ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ဟောကြားတော်မူသည့် အင်္ဂါနှင့်ပြည့်စုံသော ဆရာကို ရှေးကလည်း ငါတို့မတွေ့မြင်ရကုန်၊ ယခုလည်း ထိုမြတ်စွာ ဘုရားမှ တပါး ငါတို့ မတွေ့မြင်ရကုန်။ ဤကား ဂုဏ်တပါး။

## (၇) မာန်ယစ်ခြင်းကင်းလျက် အစာ အာဟာရကို ဘုဉ်းပေးတော်မူတတ်သောဂုဏ်

ထိုမြတ်စွာဘုရားအား လာဘ်သပ်ပကာအကျော်အစောသည် ဝမ်းသာအားရဖြစ်နေကြသည်ဟု ထင်ရလောက်အောင် အလွန်ပြည့်စုံပါပေ၏။ သို့သော် ဘုရားမှာ မာန်ယစ်ခြင်းကင်းလျက် အစာအာဟာရကိုဘုဉ်းပေးတော်မူပါပေ၏။ ဤသို့မာန်ယစ်ခြင်း ကင်းလျက် အစာအာဟာရကို ဘုဉ်းပေးတော်မူသည့် အင်္ဂါနှင့် ပြည့်စုံသော ဆရာကို(ပ) မတွေ့မြင်ရကုန်။ ဤကားဂုဏ်တပါး။

## (၈) အဖော် မပိုး မိမိတပါးတည်း မွေ့လျော်စွာ နေတော်မူတတ်သောဂုဏ်

ထိုမြတ်စွာဘုရားသည် ကျင့်သုံးဆဲ သေက္ခပုဂ္ဂိုလ်နှင့် ကျင့်သုံးပြီး ရဟန္တာပုဂ္ဂိုလ်ဟူသောအဖော်များရှိနေပါသော်လည်း ထိုအဖော်များကိုစွန့်၍ တပါးတည်း မွေ့လျော်လျက် နေတော်မူပါပေ၏။ ဤသို့ တပါးတည်း မွေ့လျော်သည့် ဤအင်္ဂါနှင့် ပြည့်စုံသောဆရာကို(ပ) မတွေ့မြင်ရကုန်။ ဤကား ဂုဏ်တပါး။

## (၇) လောကုတ္တရာတရားနှင့် လျော်သော အကျင့်ကို ကျင့်တော်မူသောဂုဏ်

ထိုမြတ်စွာဘုရားသည် ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ ရှိတော်မူပါပေ၏။ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ ရှိပါပေ၏။ ဤသို့ ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိ၍ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ရှိလျက် ဤနည်းဖြင့် လောကုတ္တရာတရားနှင့် လျော်သော အကျင့်ကို ကျင့်သည့် ဤအင်္ဂါနှင့် ပြည့်စုံသော ဆရာကို(ပ)မတွေ့မြင်ရကုန်။ ဤကား ဂုဏ်တပါး။

## (၈) အလုံးစုံသော တရားတို့၌ ယုံမှားခြင်းကို ကူးမြောက်ပြီးသောဂုဏ်

ထိုမြတ်စွာဘုရားသည် မြတ်သောမှီရာ ဖြစ်သော အာသဝေါပြုဟူ စရိယဖြင့် အလုံးစုံသော တရားတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာခရီးခဲကို ကူးမြောက်ပြီး ဖြစ်တော်မူပါပေ၏။

သို့သော့သို့လော တွေးတောခြင်းကင်းပြီး ဖြစ်တော်မူပါပေ၏။ ။အလုံးစုံ ပြီးမြောက်သော နှလုံးအလိုရှိတော် ရှိမူပါပေ၏။

ဤအင်္ဂါနှင့် ပြည့်စုံသော ဆရာကို(ပ)မတွေ့မြင်ရကုန်။ ဤကား ဂုဏ်တပါးအားဖြင့် ဂုဏ်ရှစ်ပါးတည်း။

(မှတ်) ဘယ်လိုပင် သရုပ်အဓိပ္ပာယ် အရာကျကျ်သော်လည်း၊ အမြဲသတိပြု ကြည့်ရှုပါက မှတ်မိနိုင်ပါသည်။

## မဟာဂေါဝိန္ဒပုဏ္ဏား၏ သဟာယက (သူငယ်ချင်း)ရှစ်ယောက်

ရေဏုမင်းသား, ဇောတိပါလလုလင်တို့နှင့်တကွ အခြားမင်းသားခြောက်ဦးအားဖြင့် ၅ ရှစ်ဦးတို့တည်း။

## မဟာဂေါဝိန္ဒပုဏ္ဏား တည်ထောင်ထားခဲ့သော ခုနစ်တိုင်း ခုနစ်ပြည်ထောင်

(၁) ကာလိင်္ဂတိုင်း — ဒန္တပူရပြည်၊
(၂) အဿကတိုင်း — ပေါတနပြည်၊
(၃) အဝန္တိတိုင်း — မဟေသယပြည်၊
(၄) သောဝီရတိုင်း — ရောရုကပြည်၊
(၅) ဝိဒေဟရာဇ်တိုင်း — မိထိလာပြည်၊
(၆) အင်္ဂတိုင်း — စမ္ပာပြည်၊
(၇) ကာသိတိုင်း — ဗာရာဏသီပြည်တို့ကို မဟာဂေါဝိန္ဒပုဏ္ဏား တည်ထောင်ခဲ့လေသည်။

ဒန္တပူရံ ကာလိင်္ဂါနံ၊

အဿကာနဉ္စ ပေါတနံ။

မဟေသယံ အဝန္တီနံ၊

သောဝီရာနဉ္စ ရောရုကံ။

မိထိလာစ ဝိဒေဟာနံ၊
စမ္ပါ အင်္ဂေသု မာပိတာ။
ဗာရာဏသီစ ကာသီနံ၊
ဧတေ ဂေါဝိန္ဒ မာပိတာ။

(အနက်ပေါ်လွင်ထင်ရှားပြီ။)

ဇမ္ဗူဒိပ်ကျွန်းအပြင်၌
တိုင်းပြုပြည်ပြု ဝန်ဆောင်မင်းများ

(၁) သတ္တဘူမင်း၊ (၅) ရေဏုမင်း၊
(၂) ဗြဟ္မဒတ်မင်း၊ (၆) ဓတရဋ္ဌမင်း၊
(၃) ဝေဿဘူမင်း၊ (၇) ၎င်း
(၄) ဘရတမင်း၊ အားဖြင့် ခုနစ်ယောက်တည်း။

သတ္တဘူ ဗြဟ္မဒတ္တော စ၊
ဝေဿဘူ ဘရတော သဟ။
ရေဏု ဒွေ ဓတရဋ္ဌာ စ၊
တဒါသုံ သတ္တ ဘာရဓာ။

(အနက်ပေါ်လွင်ထင်ရှားပြီ။)

အထ ခေါ ဘောတော ဆခတ္တိယာ၌-ဆခတ္တိယာအရ အောက်ပါ မင်းခုနစ်ယောက်တို့တွင် ရေဏုမင်းမှ တပါးသော မင်း ခြောက်ယောက်တို့ကို ယူလေ။

## နှာတကပုဏ္ဏားလုလင် သုံးမျိုးအထူး

(၁) ဝိဇ္ဇာနှာတက-အဘတ်ပညာအရာ၌ ပြီးဆုံးသန့်စင် ပြီးသောပုဏ္ဏားကို ခေါ်သည်။

(၂) ဝတနှာတက-ကျင့်ဝတ်အရာ၌ ပြီးဆုံး သန့်စင်ပြီးသော ပုဏ္ဏားကို ခေါ်သည်။

(၃) ဥဘယနှာတက-ထိုနှစ်မျိုးလုံး ပြီးဆုံးသန့်စင်ပြီးသော ပုဏ္ဏားကို ခေါ်သည်။(ဤသို့ ပုဏ္ဏားသုံးမျိုး သက္ကဋ အဘိဓာန်တို့၌ လာ၏။)

မှတ်ချက်—နှာတကဆိုသည်ကား ကျင့်ဝတ်ပြီးဆုံးသဖြင့် ရေချိုးပြီးနောက် အခြားပုဏ္ဏားတို့နှင့်အတူ စားသောက်ခြင်းမပြုပဲ သီးခြားနေထိုင်သောသူဟု အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

## မဟာဂေါဝိန္ဒပုဏ္ဏား၏ ဧည့်ဝတ်များ

(၁) နေရာကိုလည်းကောင်း၊

(၂) သောက်ရေ သုံးဆောင်ရေကိုလည်းကောင်း၊

(၃) ခြေလက်နယ်စရာ ဆီကိုလည်းကောင်း၊

(၄) ချိုမြိန်သော ဟင်းရွက် ဟူသော ဧည့်ဝတ်တို့တည်း။

အာသနံ ဥဒကံ ပဇ္ဇုံ၊
မဓုသာကဉ္စ ဖြဟုနော။
အာဒေသိ ဘဝန္တံ ပုစ္ဆာမ၊
အဂ္ဃံ ကုရုတုနော ဘဝံ။

## စိမ်းညှိသော အနံ့ရှိသော တရားများ

(၁) အမျက်ထွက်ခြင်း၊
(၂) လိမ်လည်ခြင်း၊
(၃) လှည့်စားခြင်း၊
(၄) အဆွေခင်ပွန်းကို ပြစ်မှားခြင်း၊
(၅) စေးနှဲခြင်း၊
(၆) အလွန်မာန်မူခြင်း၊
(၇) ငြူစူခြင်း၊
(၈) လိုချင်ခြင်း၊
(၉) ဝန်တိုခြင်း၊
(၁၀) သူတပါးကို ညှဉ်းဆဲခြင်း၊
(၁၁) တပ်မက်ခြင်း၊
(၁၂) စိတ်ဆိုးခြင်း၊
(၁၃) မာန်ယစ်ခြင်း၊
(၁၄) တွေဝေခြင်း—

ဟူသော ဤတရား (တဆယ့်လေးပါး)တို့ ယှဉ်တွဲနေသော သတ္တဝါသည် ဤလောက၌ စိမ်းညှိသော အနံ့ရှိ၏။ အပါယ်သို့ လားရ၏။ ဗြဟ္မာ့ပြည်သို့ သွားရာ လမ်းပိတ်တော့၏။

ကောဓော မောသဝဇ္ဇံ နိကတိ စ ဒုဗ္ဘာ၊
ကဒရိယတာ အတိမာနော ဥသူယာ။
ဣစ္ဆာ ဝိဝိစ္ဆာ ပရဝိဟေဌနာ စ၊
လောဘော စ ဒေါသော စ မဒေါ စ မောဟော။
ဧတေသု ယုတ္တာ အနိရာဂမန္ဓာ၊
အပါယိကာ နိဝုတာ ဗြဟ္မလောကာတိ။

ဂါထာအနက် — ကောဓော စ၊ အမျက်ထွက်ခြင်း လည်းကောင်း၊ မောသဝဇ္ဇ၊ လိမ်လည်ခြင်းလည်းကောင်း။ နိကတိ စ၊ အတုပြု၍ လှည့်စားခြင်းလည်းကောင်း။ ဒုဗ္ဘော စ၊ အဆွေခင်ပွန်းကောင်းကို ပြစ်မှားခြင်းလည်းကောင်း။ ကဒရိယတာ စ၊ စိဟ်ကြွမ်းတမ်းသည်၏ အဖြစ်လည်းကောင်း။ အတိမာနော စ၊ အလွန်မာနံယစ်ခြင်းလည်းကောင်း။ ဥသူယာ စ၊ သူတပါးစည်းစိမ်ကို ငြူစူခြင်းလည်းကောင်း။ ဣစ္ဆာ စ၊ စည်းစိမ်ဥစ္စာ လိုချင်တပ်မက်မောခြင်းလည်းကောင်း။ ဝိဝိစ္ဆာ စ၊ မိမိ၏ စည်းစိမ်ကို လျှို့ဝှက်ခြင်းလည်းကောင်း။ ပရဝိဟေဌနာ စ၊ သူတပါးကို ညှဉ်းဆဲခြင်းလည်းကောင်း။ လောဘော စ၊ လိုချင်တပ်မက်မောခြင်း လည်းကောင်း။ ဒေါသော စ၊ စိတ်ဆိုးခြင်းလည်းကောင်း။ မဒေါ စ၊ မာန်ယစ်ခြင်းလည်းကောင်း။ မောဟော စ၊ တွေဝေခြင်း လည်းကောင်း။ ဧတေသု၊ ထိုတဆယ့်လေးပါးသော ကိလေသာတို့၌။ ယုတ္တာ၊ ယှဉ်တွဲနေသော။ ပဇာ၊ သတ္တဝါသည်။ အနိရာမဂန္ဓာ၊ စိမ်းညှီသော အနံ့ရှိ၏။ အာပါယိကာ၊ အပါယ်သို့ လားရာ ရှိကုန်၏။ နိဝုတာ ဗြဟ္မလောကာ၊ ဗြဟ္မာ့ပြည် လမ်းပိတ်လျက် ရှိကုန်၏။

မဟာဂေါဝိန္ဒသုတ် ပါဠိတော် သရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

........ ❁ ........

# သက္ကပဉှသုတ်ပါဠိတော် သရုပ်နှင့် အဓိပ္ပာယ်

## မာဃသိက္ခာ ခုနစ်ပါး

[သိကြားမင်းဖြစ်ကြောင်း ခုနစ်ပါးဟူ၍]

ဧချင်းရှင် (မြန်မာ့ဂါထာ)

မိဘာလုပ်ကျွေး၊ ဘိုးဘေးရိုသေ၊
သစ္စာဆိုတမ်း၊ မကြမ်းတမ်းပေ၊
ချောပစ်မဆို၊ ဝန်မတိုပေ၊
မျက်မထ၊ သက္ကခုနစ်ထွေ။

[သိကြားလောင်း၊ ဖြစ်ကြောင်း ခုနစ်ဆွေ]

မြတ်စွာဘုရားက ပဉ္စသိခနတ်သားအား မိန့်တော်မူပုံ

**မေးတော်မူပုံ** ပဉ္စသိခ နတ်သား၊ သင်သည် ဘုရား, တရား, သံဃာ, ရဟန္တာတို့နှင့် စပ်သော၊ ကာမဂုဏ်နှင့် စပ်သော ဂါထာတို့ကို အဘယ်အခါက သိကုံးသားသနည်း ဟု မိန့်တော်မူ၏။

**ပြန်လျှောက်ထားပုံ** အခါတပါး မြတ်စွာဘုရားသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူပြီးခါစ ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းပါးအနီး အဇပါလညောင်ပင်၌ သီတင်းသုံးနေတော်မူစဉ် ထိုအခါ အကျွန်ုပ်သည် တိမ္ဗရုဂန္ဓဗ္ဗနတ်မင်းကြီး၏ သမီး ဘဒ္ဒါမည်သော သူရိယဝစ္ဆသာကို ချစ်ကြိုက်နေပါ၏။

သူရိယဝစ္ဆသာသည်ကား ရထားထိန်း မာတလိ၏ သား သိခဏ္ဍီမည်သော အခြားသူကိုလည်း ချစ်ကြိုက်နေပါ၏။

အကျွန်ုပ်သည် သူရိယဝစ္ဆသာကို ဘယ်နည်းနှင့်မျှ မရနိုင်တဲ့အခါ ဗေဠုဝပဏ္ဍုစောင်းကို ယူ၍ တိမ္ဗရု ဂန္ဓဗ္ဗနတ်မင်းကြီး၏ ဗိမာန်သို့ ချဉ်းကပ်လျက် ထိုစောင်းကို တီးခဲ့ပါ၏။

ထိုစဉ်အခါ ဘုရား, တရား, သံဃာ, ရဟန္တာတို့နှင့် စပ်သော၊ ကာမဂုဏ်နှင့် စပ်သော ဂါထာတို့ကို သီဆိုခဲ့ပါသည်။

## ပဉ္စသိခနတ်သား၏ သီချင်းဂါထာများကို
## ပြန်မှာပြန်ဆိုချက်

ချစ်နှမ သူရိယဝစ္ဆသာ၊ အကြင်နတ်မင်းကြောင့် ကောင်းခြင်းအင်္ဂါ၊ သာကူဏာနှင့် ပြည့်စုံ၍ ငါအား နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေနိုင်သည့် သင်သည် ဖြစ်ပေါ်၍ လာရပေ၏။ သင်၏ဖခင် ထိုတိမ္ဗရုနတ်မင်းကို ငါရှိခိုးပါ၏။

ပြိုးပြိုးပြက် အရောင်ထွက်သော ချစ်နှမ၊ ချွေးထွက်နေသူတို့သည် လေအေးကို နှစ်သက်သကဲ့သို့ လည်းကောင်း၊ ရေငတ်နေသူတို့သည် ရေအေးကို နှစ်သက်သကဲ့သို့ လည်းကောင်း၊ ရဟန္တာတို့သည် (လောကုတ္တရာ) တရားကို နှစ်သက်တော်မူသကဲ့သို့ ငါသည် သင့်ကို ချစ်ကြိုက်လျက် ရှိပါ၏။

ချစ်နှမ၊ ဆေးသည် သူနာ၏ ရောဂါကို ငြိမ်းစေသကဲ့သို့ လည်းကောင်း၊ အစာသည် ငတ်မွတ်နေသူ၏ ဆာလောင်ခြင်းကို ငြိမ်းစေသကဲ့သို့ လည်းကောင်း တောက်လောင်နေသော မီးကို ရေဖြင့် ငြိမ်းစေသကဲ့သို့ ငါ၏ အချစ်မီးကို ငြိမ်းစေပါလော့။

ချစ်နှမ၊ အလွန်ပူအိုက်သော ဆင်ပြောင်ကြီးသည် ကြာဝတ်မှုန် ပြွမ်းလျက် အေးမြသော ရေရှိသည့် ရေကန်ထဲသို့ သက်ဆင်းသကဲ့သို့ လည်းကောင်း ငါသည် သင်၏ ရင်ခွင်ထဲသို့ သက်ဆင်းလိုပါ၏။

ချစ်နှမ၊ ချွန်းအုပ်မရအောင် အမုန်ကျနေသော ဆင်သည် လှံလျှံ လှံမကို ငါနိုင်ပြီဟု မာန်ယစ်လျက် မည်သည့် အကြောင်းကိုမျှ မသိသကဲ့သို့ လက္ခဏာနှင့် ညီညွတ်သည့် ပေါင်ရှိသော သင်နှမကြောင့် အချစ်မာန်ယစ်မူးနေသော ငါသည် မည်သည့်အကြောင်းကိုမျှ မသိတော့ပါ။

ချစ်နှမ၊ ငါ၏စိတ်သည်သင်နှမအပေါ်၌ တဘက်သတ် တိမ်းညွတ်လျက် စွဲမက်နေချေပြီ၊ ငါးများချိတ်ကို မျိုမိသော ငါးကဲ့သို့ပင် ငါ၏စိတ်ကို ပြန်လည် ဆုတ်နစ်စေရန် မစွမ်းနိုင်တော့ပါ။

တင့်တယ်သော ပေါင်ရှိသော ချစ်နှမ၊ ငါ့ကို ဖက်လှည့်ပါလော့၊ မခို့တရို့ ကြည့်လေ့ရှိသော ချစ်နှမ ငါ့ကို ဖက်လှည့်ပါလော့၊ လက္ခဏာနှင့် ပြည့်စုံသော ချစ်နှမ ငါ့ကို ဖက်လှည့်ပါလော့၊ ဤသို့ဖက်ခြင်းကို ငါသည် အလွန်ပင် တောင့်တလျက်ရှိပါ၏။

ချစ်နှမ၊ ငါ၏ ချစ်ခင်တပ်မက်မှုသည် ပကတိအားဖြင့် အနည်းငယ်မျှ ဖြစ်သော်လည်း ရဟန္တာပုဂ္ဂိုလ်၌ လှူဒါန်းခြင်း ဒါနစေတနာသည် အတိုင်းမသိ တိုးပွားသကဲ့သို့ အဖျားကော့သော ဆံပင်ရှိသည့် သင်နှမ၌ ငါ၏ ချစ်ခင်တပ်မက်မှုသည် အမျိုးမျိုး တိုးပွားဖြစ်ပေါ်လျက် ရှိပေ၏။

အလုံးစုံသော ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံသော ချစ်နှမ သည်းခံခြင်းစသည့် တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော မြတ်စွာဘုရားတို့၌ ပြုခဲ့သော ငါ၏ ကောင်းမှုဟူသမျှသည် သင်နှမနှင့်အတူ အကျိုးပေးပါစေသတည်း။

ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသော ချစ်နှမ၊ မြတ်စွာဘုရားသည် မြတ်သော သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်၍ ဝမ်းမြောက်တော် မူဘိသကဲ့သို့ ဤအတူပင် ငါသည် သင်နှင့် ပေါင်းသင်းရသည်ဖြစ်၍ ဝမ်းမြောက်ရပါစေသား။

အလုံးစုံသော ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံသော ချစ်နှမ၊ ဤမြေပြင်၌ ငါပြုထားသော ကောင်းမှုဟူသမျှသည် သင်နှင့်အတူ အကျိုးပေးပါစေသတည်း။

ချစ်နှမ သူရိယဝစ္ဆသာ၊ သာကီဝင်မင်းသား မြတ်စွာဘုရားသည် ဈာန်ဖြင့် တစိတ်တည်းရှိလျက် သတိပညာနှင့် ယှဉ်လျက် အမြိုက်နိဗ္ဗာန်ကို ရှာသကဲ့သို့ ငါသည် သင့်ကို ရှာနေပါ၏။

ချစ်နှမ သူရိယဝစ္ဆသာ၊ တာဝတိံသာ နတ်တို့၏ အရှင် သိကြားမင်းသည် ငါ့အား လိုရာဆုကို ပေးခဲ့လျှင် ငါသည် သင်နှမကိုသာ တောင်းယူပါအံ့၊ ငါ၏ ချစ်ကြိုက်ခြင်းသည် ဤမျှလောက် ခိုင်မြဲလျက် ရှိပါ၏။

လိမ္မာရေးခြား ရှိလှပေသော ချစ်နှမ၊ ဤသို့ကောင်းခြင်း လက္ခဏာနှင့် ပြည့်စုံသည့် သမီးရတနာရှိသော ပဉ္စသိခ အင်ကြင်းပင်သဖွယ် တင့်တယ်သော သင့်ဖခင် တိမ္ဗရုသကနတ်မင်းကြီးကို ဦးညွတ်ရှိခိုးပါ၏ဟု သီဆို၏။

## သိကြားမင်းက မြတ်စွာဘုရားအား ရှေးဦးစွာ ပြဿနာမေးလျှောက်ပုံ

အရှင်ဘုရား၊ 'ရန်ငြိုးကင်းခြင်း၊ ဒဏ်ကင်းခြင်း၊ ရန်သူကင်းခြင်း၊ စိတ်ဆင်းရဲခြင်း ကင်းခြင်း၊ အမျက်ထွက်ခြင်းမှ ကင်းကုန်လျက် တပည့်တော်တို့ နေကြရစေ'ဟု နတ်, လူ, အသူရာ, နဂါး, ဂန္ဓဗ္ဗတို့နှင့် များစွာသောင်းသောင်း သတ္တဝါအပေါင်းတို့သည် တောင့်တခြင်းသည် ဖြစ်ကုန်၏။

## ဇွဲသာ မဓ္ဓရိယပဥ္စာ

ထိုသို့ တောင့်တငြားသော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိခြင်း စသည် ရှိကုန်လျက် နေကြရပါ၏။

ဤကဲ့သို့ နေရခြင်းသည် အဘယ်အနှောင်အဖွဲ့ကြောင့်ပါနည်းဟု သိကြားမင်းသည် မြတ်စွာဘုရားအား ပြဿနာကို မေးလျှောက်လေ၏။

သိကြားမင်း၊ရန်ငြိုးရှိကုန်လျက် ဒဏ်, ရန်သူ, စိတ်ဆင်းရဲခြင်း, အမျက်ထွက်ခြင်း, ရှိကုန်လျက် နေကြရခြင်းသည် ဇွဲသာ မစ္ဆရိယ သံယောဇဉ်ကြောင့် ဖြစ်၏'ဟု ဟောကြားတော်မူ၏။

## သိကြားမင်းက ပြန်လည်၍ ဝမ်းမြောက်ပုံ

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဟောတော်မူသည့် အတိုင်း မှန်လှပါပေ၏၊ ကောင်းသောစကားကို ဆိုတော်မူဘတ်သော မြတ်စွာဘုရား၊ဟောဘိုင်းမသွေ မှန်လှပါပေ၏။ အရှင်ဘုရား ဟောတော်မူသော ပြဿနာကို တပည့်တော် ကြားနာရသောကြောင့် ယုံမှားခြင်းမှ လွန်မြောက်ပါပြီ၊ သို့လော သို့လော တွေးတောခြင်းမှ ကင်းပါပြီဟု ဝမ်းမြောက်လေ၏။

## ပိယာပိယပဉ္စာ

### နောက်ထပ်ပြဿနာကို မေးလျှောက်ပုံ

အရှင်ဘုရား၊ ဣဿာ မစ္ဆရိယသည်ကား အခြေခံဖြစ်ရာ အဘယ်အကြောင်း၊ တိုးတက်ဖြစ်ပွားရာ အဘယ်အကြောင်း ရှိပါသနည်းဟု မေးလျှောက်ပြန်၏။

သိကြားမင်း၊ဣဿာ မစ္ဆရိယသည် ချစ်ခြင်း, မုန်းခြင်းဟူသော အခြေခံဖြစ်ရာ အကြောင်း၊တိုးတက်ဖြစ်ပွားရာအကြောင်း ရှိ၏ဟု ဖြေကြားတော်မူ၏၊

**ထပ်မေးပုံ —** အမှန်အစဖြစ်ရာ အဘယ်အကြောင်း ရှိပါသနည်း၊အဘယ်တရားရှိသော် ဣဿာ မစ္ဆရိယ

ဖြစ်ပါသနည်း၊ အဘယ်တရားမရှိသော် ဇရာမရဏ မဖြစ်ပါသနည်းဟု မေးလျှောက်ပြန်၏။

ထပ်ဖြေပုံ — ချစ်ခြင်း, မုန်းခြင်းဟူသော အမှန်အစဖြစ်ရာ အကြောင်းရှိ၏။ ချစ်ခြင်း၊ မုန်းခြင်းရှိသော် ဇရာမရဏ ဖြစ်၏။ ချစ်ခြင်း၊ မုန်းခြင်းမရှိသော် ဇရာမရဏ မဖြစ်ရာဟု ဖြေကြားတော်မူ၏။

[ဆန္ဒပဥ္စာ]

ထပ်မေးပုံ — အရှင်ဘုရား၊ ချစ်ခြင်း၊ မုန်းခြင်းသည်ကား အခြေခံဖြစ်ရာ လိုချင်ခြင်း 'ဆန္ဒ' စသည်မှာ အဘယ်အကြောင်း ရှိပါသနည်း။

ထပ်ဖြေပုံ — သိကြားမင်း၊ ချစ်ခြင်း မုန်းခြင်းသည် လိုချင်ခြင်း "ဆန္ဒ" ဟူသော အခြေခံဖြစ်ရာ အကြောင်းရှိ၏။ လိုချင်ခြင်း "ဆန္ဒ" ဟူသော တိုးတက်ဖြစ်ရာ ထင်ရှားဖြစ်ပေါ်ရာ အမှန်အစဖြစ်ရာ အကြောင်းရှိ၏။

လိုချင်ခြင်းရှိသော် ချစ်ခြင်း မုန်းခြင်းရှိ၏။ လိုချင်ခြင်းမရှိသော် ချစ်ခြင်း မုန်းခြင်း မဖြစ်ဟု ဖြေကြားတော်မူ၏။

## ဝိတက္ကပဉှာ၏ အဖြေ
## ဆက်လက်ဖြေကြားတော်မူပုံ

သိကြားမင်း၊ လိုချင်ခြင်း 'ဆန္ဒ'သည် ကြံစည်ခြင်း ဝိတက် ဟူသော အခြေခံအကြောင်း ရှိ၏။ တိုးတက်ဖြစ်ပွားရာ အကြောင်း၊အမွန်အစဖြစ်ရာ အကြောင်းရှိ၏။

ကြံစည်ခြင်း ဝိတက်ရှိသော် လိုချင်ခြင်း ဆန္ဒဖြစ်၏။

ကြံစည်ခြင်း ဝိတက်မရှိသော် လိုချင်ခြင်း ဆန္ဒမဖြစ်ဟု ဖြေကြားတော်မူ၏။

ထိုဝိတက်သည် သံသရာ နယ်ဘခွင်ကို ချဲ့ထွင်တတ်သည့် ပပဉ္စသညာ အစုဟူသော အခြေခံဖြစ်ရာ စသော အကြောင်း ရှိ၏။

ကြံစည်ခြင်း ဝိတက်ဟူသော သံသရာချဲ့ထွင်တတ်သည့် တရား ရှိသော် ကြံစည်ခြင်းဖြစ်၏။ မရှိသော် ကြံစည်ခြင်း မဖြစ်။

## ပပဉ္စပဉှာအဖြေ

ထပ်မေးပုံ— အရှင်ဘုရား၊ အဘယ်သို့ ကျင့်သော ရဟန်းသည် သံသရာနယ်တခွင်ကို ချဲ့ထွင်တတ်သည့် ပပဉ္စတရား ၏ ချုပ်ခြင်းအားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ကျင့်သည်မည်ပါသနည်းဟု မေးလျှောက်လေ၏။

သောမနဿပဥ္စ ဒေါမနဿပဥ္စ ဥပေက္ခာပဥ္စ

ဝေဒနာကမ္မဋ္ဌာန်းကို ဟောတော်မူ၏။

သိကြားမင်း၊

ဝမ်းမြောက်ခြင်း၊....'သောမနဿ'

နှလုံးမသာယာခြင်း၊ ....'ဒေါမနဿ'

လျစ်လျူရှုခြင်း၊ .... 'ဥပေက္ခာ'တို့ကို မှီဝဲအပ်, မမှီဝဲအပ် ဟု နှစ်မျိုးစီ ဟောတော်မူ၏။

အဘယ်အကြောင်းကို စွဲ၍ ဤစကားကို ဆိုခဲ့သနည်းဟူမူ ထိုမှီဝဲအပ် မမှီဝဲအပ် နှစ်ပါးတို့တွင် ငါ့အား အကုသိုလ်တရား တို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟု ဝမ်းမြောက် ခြင်းစသည်ကို သိငြားအံ့၊ ဤသို့ သဘောရှိသော ဝမ်းမြောက် ခြင်း စသည်ကို မမှီဝဲအပ်ပေ။

ထိုဝမ်းမြောက်ခြင်း စသည်တို့တွင် ဝမ်းမြောက်ခြင်းစသည် ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ် တရားတို့ တိုးပွားကုန်၏ဟု ဝမ်းမြောက်ခြင်း စသည်ကို သိ ငြားအံ့၊ ဤသို့ သဘောရှိသော ဝမ်းမြောက်ခြင်း စသည်ကို မှီဝဲအပ်၏။

သိကြားမင်း၊ဤသို့ ကျင့်သော ရဟန်းသည် သံသရာနယ် တခွင်ကို ခွဲထွင်တတ်သည့် 'ပပဥ္စသညာ' အစု၏ ချုပ်ငြိမ်းခြင်း အားလျော်၍ ထိုချုပ်ငြိမ်းခြင်း နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ကျင့်သည်မည်၏ဟု ဟောတော်မူ၏။

## ကာယသမာစာရပဥှာ ဝစီသမာစာရပဥှာ ပရိယေသနပဥှာတို့ အဖြေ (ပါတိမောက္ခ သံဝရသီလ)

**မေးပုံ**-မြတ်စွာဘုရား၊အဘယ်သို့ ကျင့်သော ရဟန်းသည် '**ပါတိမောက္ခ သံဝရသီလ**'ကို ကျင့်သည် မည်ပါသနည်းဟု မေးလျှောက်ပြန်၏။

သိကြားမင်း၊ကိုယ်အကျင့် '**ကာယသမာစာရ**' နှုတ်အကျင့် '**ဝစီသမာစာရ**' ရှာမှီးခြင်း '**ပရိယေသန**' တို့သည် မှီဝဲအပ်, မမှီဝဲအပ်,ဟူ၍ နှစ်ပါးစီ ဟောထား၏။

ထိုနှစ်ပါးစီတို့တွင် ကိုယ်အကျင့်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟု အကြင် ကိုယ်အကျင့်ကို သိငြားအံ့၊ဤသို့ သဘောရှိသော ကိုယ်အကျင့်ကို မမှီဝဲအပ်။

ကိုယ်အကျင့်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏ဟု ကိုယ်အကျင့်ကို သိငြားအံ့၊ ဤသို့ သဘောရှိသော ကိုယ်အကျင့်ကို မှီဝဲအပ်၏။

ဝစီသမာစာရ-ပရိယေသနတို့ကိုလည်း အထက်ပါ နည်းမှီး၍ သိကြလေ။

ဤသို့ ကောင်းသောတရားကို တိုးပွား၍ မကောင်းသော တရားကို ဆုတ်ယုတ်အောင် ကျင့်သော ရဟန်းသည် 'ပါတိမောက္ခသံဝရသီလ'ကို ကျင့်သည် မည်၏ဟု ဖြေကြားတော်မူ၏။

ဣန္ဒြိယသံဝရပဥ္စာ

အဘယ်သို့ ကျင့်သော ရဟန်းသည် 'ဣန္ဒြိယသံဝရသီလ' ဟူသည်ကို စောင့်စည်းသည် မည်ပါသနည်း။

မျက်စိဖြင့် သိမြင်အပ်သော ရူပါရုံ။
နားဖြင့် ကြားသိအပ်သော သဒ္ဒါရုံ။
နှာခေါင်းဖြင့် နံသိအပ်သော ဂန္ဓာရုံ။
လျှာဖြင့် လျက်သိအပ်သော ရသာရုံ။
ကိုယ်ဖြင့် တွေ့ထိအပ်သော ဖောဋ္ဌဗ္ဗာရုံ။
စိတ်ဖြင့် သိအပ်သော ဓမ္မာရုံတို့ကိုလည်း မှီဝဲအပ်, မမှီဝဲအပ်ဟု နှစ်မျိုးစီ ပြားလေ၏။

ထိုအာရုံခြောက်ပါး တရားတို့၌လည်း ကောင်းသော မှိုဝဲအပ်သော အာရုံကို တိုးပွား၍ မကောင်းသော မမှိုဝဲအပ်သော အာရုံကို ဆုတ်ယုတ်အောင် ကျင့်သောရဟန်းသည် ဣန္ဒြေကို စောင့်စည်းခြင်း 'ဣန္ဒြိယသံဝရသီလ' ကို ကျင့်သည်မည်၏။

သိကြားမင်းက ဘုရားရှင်အား လျှောက်ထားပြန်သည်မှာ တဏှာသည် ရောဂါမည်ပါ၏။ တဏှာသည် အိုင်းအမာမည်ပါ၏။ တဏှာသည် ငြောင့်မည်ပါ၏။ တဏှာသည် သတ္တဝါအပေါင်းကို ထိုထိုဘုံဘဝ၌ ဖြစ်အောင် ဆွဲငင်တတ်၏။ ထို့ကြောင့် သတ္တဝါများသည် မြင့်သောဘဝ ယုတ်သောဘဝသို့ ရောက်ရပါ၏ဟု စသည်ဖြင့် လျှောက်ထား၏။

ဤကား ကောင်းနိုးရာကို အကျဉ်းမျှသာ
ဖော်ပြလိုက်ပါသည်။

ထို့နောက် နတ်တို့၏အရှင် သိကြားမင်းသည် လက်ဖြင့် မြေကိုပုတ်၍ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု သုံးကြိမ် ဥဒါန်းကျူးရင့်လေ၏။

"ဖြစ်ခြင်းသဘောရှိသော တရားအားလုံးသည် ချုပ်ကွယ်ခြင်းသဘောရှိ၏"ဟု နတ်တို့၏အရှင် သိကြားမင်းအား ကိလေသာမြူအညစ်အကြေးကင်းသော တရားမျက်စိ "သောတာပတ္တိမဂ်ဉာဏ်"သည် ထင်ရှားဖြစ်ပေါ်လေ၏။

ထိုပါးသော ရှစ်သောင်းသော နတ်တို့အားလည်း တရားမျက်စိ"သောတာပတ္တိမဂ်ဉာဏ်"သည် ထင်ရှားဖြစ်ပေါ်လာ၏။

မှတ်ချက်။ ။(အနေကဓာတုပဋ္ဌာ အစ္စန္တ ဓာတုပဋ္ဌာတို့ကို ကျမ်းလေးမည်စိုး၍ မဖော်ပြတော့ပြီ)။

## သိကြားမင်း၏ဝမ်းမြောက်မှုကို ရဖူးခြင်း

မေးတော်မူပုံ—နတ်တို့၏အရှင် သိကြားမင်း၊ သင်သည် အဘယ်အကျိုးထူးကိုမြင်၍ ဤသို့ သဘောရှိသော နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းမျိုး ရခြင်းကို ချီးကျူး ပြောဆိုပါသနည်း။

ဖြေပုံ—အရှင်ဘုရား၊ အကျွန်ုပ်သည် ခြောက်ပါးသော အကျိုးထူးကိုမြင်၍ ဤသို့သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရခြင်းကို ချီးကျူး ပြောဆိုပါ၏။

## ခြောက်ပါးသောအကျိုးထူးများ

(၁) အရှင်ဘုရား၊ အကျွန်ုပ်သည် ဤအရပ်၌ပင် တည်နေလျက် သိကြားမင်းပပ် ဖြဲ၍ အသက်ကိုလည်း တဖန် ပြန်ရခြင်းအကျိုး၊

(၂) နတ်ဘုံမှ စုတေ၍ နတ်အသက်ကို စွန့်ပြီး မတွေမဝေ သတိရှိလျက် စိတ်မွေ့လျော်ရာဘုံ၌ ပဋိသန္ဓေနေရခြင်းအကျိုး၊

(၃) သတိ သမ္ပဇဉ်ဉာဏ် ယှဉ်လျက် အရိယာအဖြစ်နှင့် လျော်စွာ နေရပါသတ္တံ့ ဟူသောအကျိုး၊

(၄) ထိုအရိယာအဖြစ်နှင့် ကျင့်နေရသော အကျွန်ုပ်အား အကယ်၍ သကဒါဂါမိမဂ်ဉာဏ်သည် ဖြစ်အံ့၊ အထက်မဂ်ကို သိလိုသည်ဖြစ်၍ နေရပါအံ့၊ ထိုဘဝသည်ပင် လူ့ပြည်၌ အဆုံးဘဝဖြစ်ပါလတ္တံ့ ဟူသောအကျိုး၊

(၅) လူ့ဘုံမှစုတေ၍ လူ့အသက်ကို စွန့်ပြီးလျှင် နတ်ပြည်၌ သိကြားမင်း တဖန် ဖြစ်ရပါလတ္တံ့ ဟူသော အကျိုး၊

(၆) အဆုံးဘဝ ဖြစ်သည်ရှိသော် အခြံအရံလည်း ပေါများ, အလွန်တရာလည်း မြတ်သော အကနိဋ္ဌဘုံသည် အကျွန်ုပ်၏ နေရာ ဖြစ်ပါလတ္တံ့ ဟူသော အကျိုးအားဖြင့် ခြောက်ပါးသော ဤအကျိုးထူး

တို့ကိုမြင်၍ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်းမျိုးရခြင်းများကို ချီးကျူးပြောဆိုပါ၏၊

း ထူးမှတ်ချက်။ ။ယခင်ပြဆိုခဲ့ပြီးသော ပဉ္စ တဆယ့်လေးပါးတို့တွင် ငါးခုမြောက် 'ပပဉ္စပဉှာ'၏ အဆုံး၌ သိကြားမင်းသည် သောတာပန်ဖြစ်၍ မြတ်စွာဘုရားရှေ့တော်၌ပင် သိကြားဘဝမှ စုတေ၍ ဖောင်သိကြားမင်းဘဝပြန်ဖြစ်လေသတည်း။

## သက္ကပဉှာ ဒေသနာမည်ပုံ

နတ်တို့၏အရှင် သိကြားမင်း လျှောက်ထားသော အမေးပြဿနာကို ရှင်တော်ဘုရား ဖြေကြားတော် မူသောကြောင့် ဤတရားဒေသနာတော်ကို 'သက္ကပဉှဒေသနာ'ဟု အမည်တွင်လေသည်။

## သက္ကပဉှသုတ် ပါဠိတော် သရုပ်အဓိပ္ပာယ်

ပြီးပါပြီ။

# မဟာသတိပဋ္ဌာနသုတ်ပါဠိတော်
# သရုပ်နှင့်အဓိပ္ပာယ်

## မဟာသတိပဋ္ဌာန် တရားတော်ကို
## ဟောတော်မူရာဌာန

အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဒမ္မ မည်သောနိဂုံး၌ သီတင်းသုံးနေတော်မူစဉ် ဤမဟာသတိပဋ္ဌာန-သုတ်ကို ဟောတော်မူသည်။

(ဆောင်ရန်) မြန်မာဂါထာ

ကုရုတိုင်းဟု သမိုင်းမှည့်ခေါ်၊
ကမ္မာသဟု နိဂုံးအကျော်၊
မဟာသတိ မည်ရှိသုတ်တော်၊
မြတ်ဘုရား ဟောကြား ရွှေနှုတ်တော်။

ဥယျောဇန မြန်မာဂါထာ

သတိဗလ ကြီးကြခိုင်ခိုင်၊
သတိမရှိ အသိမပိုင်၊
သတိများက သိတရားပိုင်နိုင်၊
သတိရှိ ရောက်ဘိ နိဗ္ဗာန်တိုင်။

## မဟာသတိပဋ္ဌာန်တရားတော်ကို
## ဟောတော်မူရခြင်း အကျိုးခုနစ်မျိုး

(၁) သတ္တဝါတို့၏'ကိလေသာ'စိတ် စင်ကြယ်ခြင်း၊
(၂) စိုးရိမ်ပူပန်ခြင်း'သောက'မရှိခြင်း။
(၃) ငိုကြွေးခြင်း'ပရိဒေဝ'မရှိခြင်း၊
(၄) ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းခြင်း၊
(၅) ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းမှ ကင်းခြင်း၊
(၆) အရိယမဂ်ကို ရခြင်း၊
(၇) နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း။ [နိဗ္ဗာန်ပေါက်ရောက်ရခြင်း]
အားဖြင့် ခုနစ်ပါးတည်း။

(ဆောင်ပုဒ်) မြန်မာဂါထာ)

အားထုတ်သူများ တအားတက်စေ၊
ဘုရားဟော ဟောကြားမြွက်ချေ၊
ကျိုးခုနစ်ဝ ရကြပုံသေ၊
အဟုတ်ပ ထုတ်ပြမျှားဝေနေ။
[နေ့စဉ်ပွား ကြိုးစားကြပါလေ။]

စေ့ဆောယနှ မဂ္ဂဖောင်ယာဉ်၊
တက်ကာစီးတော့ ကိလေမဝင်၊
သောက,ပရိ မရှိကုန်စင်၊
နှ-ဒုက်,ဒေါ၊ မဂ္ဂေါနိဗ္ဗာန်ဝင်။

## ကာယာနုပဿနာ တရားပြောင်းတည်းခရီး

နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ပြောင်းတည်းသော ခရီးကား "သတိပဋ္ဌာန် တရားလေးပါး" တို့ပင်တည်း။

(စာဆောင်ရန်) မြန်ဂါထာ

ကောယာနု မဂ္ဂ ဆိုတာ
မသိသူများ သိထားဖို့ရာ၊
လေးစုထားလို့ ဟောကြားပေတာ၊
စတ္တာရိ သတိပဋ္ဌာနာ။
စတ္တာရိရှိ သတိ ပဋ္ဌာန်၊
ကာယ, ဝေဒ စိတ္တ, ဓမ္မ၊
ကြည့်ကြ ရှုကြ၊ ကျင့်ကြ အမြန်၊
အဟုတ်ပ သုဒ္ဓ ဝိသုဿနံ။
ကော ယနု မဂ္ဂ ဆိုတာ၊
နိဗ္ဗာန် စံမြန်း တလမ်းတည်းပါ၊
လမ်းမြွာ လမ်းခွ လမ်းလွဲဆိုတာ၊
မရှိပဲ ရောက်မြဲ နိဗ္ဗူတာ။
နိဗ္ဗာန် နန်းမြို့ မှန်းလို့ကောန်၊
ရုပ်နာမ် အပေါင်း လမ်းကြောင်းအမှန်၊
မဂ်ယာဉ် စီးလို့ လိုက်ကြအမြန်၊
မဂ်တံခါး ဝင်သွား ဤနိဗ္ဗာန်။

## မဟာသတိပဋ္ဌာနသုတ်တရားတော်ပါ အကျဉ်းချုပ်

### (၁) ကာယာနုပဿနာသတိပဋ္ဌာန်

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ် ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ ဥပါဒါနက္ခန္ဓာဟူသော 'လောက'၌ လိုချင်တပ်မက်မှုဖြစ်ခြင်း 'အဘိဇ္ဈာ' နှလုံးမသာယာခြင်း 'ဒေါမနဿ' ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။

### (၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ဝေဒနာတို့ကိုအကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

### (၃) စိတ္တာနုပဿနာသတိပဋ္ဌာန်

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍၊ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## (၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်

ပြင်းစွာ အားထုတ်သော လုံ့လရှိသည် ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာဒေါမနဿကိုပယ်ဖျောက်၍ သဘော တရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

မှတ်ချက်။ ။နိဗ္ဗာန်သို့ မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးဆိုသည်မှာ လောကုတ္တရာ မဂ်၏ ရှေ့အဖို့၌ ပွားစေအပ်သော လောကီဖြစ်သော သတိပဋ္ဌာန် မဂ်ခရီးပင်တည်းဟု မှတ်။

သတိပဋ္ဌာန်တရားကို ဘုရားရှင်ဟောသောအခါ 'ဘိက္ခဝေ' ရဟန်းတို့ဟု အာလုပ်ပုဒ်ဖြင့် ဟောရာဝယ် ရဟန်းများသာ ဤသတိပဋ္ဌာန် တရားတော်ကို ပွားများ ထိုက်ပါသလော၊ ရဟန်းမ, လူ, စသည်တို့ကို မပွားထိုက်ပါသလော။

**ဘိက္ခဝေ**-အို ရဟန်းတို့ဟုဆိုသောနေရာဝယ် ရဟန်းတို့သာလျှင် သတိပဋ္ဌာန်တရား လေးပါးကို ပွားများသင့်သည်ဟု မမှတ်ရ၊ လူနတ်အားလုံးတို့လည်း ပွားများသင့်သည်ဟု သိလေ။

## ရဟန်းတို့တု ဟောတော်မူခြင်း

အကြောင်းမှာ ရှင်တော်ဘုရား၏ အဆုံးအမကို နာခံမှတ်သား ပွားများအားထုတ်သော ပုဂ္ဂိုလ်တို့တွင် ရဟန်းသည် မြတ်သောပရိသတ် ဖြစ်သောကြောင့် ရဟန်းဆိုလျှင် အခြားလူနတ်တို့လည်း ပါဝင်ပြီးဖြစ်တော့သည်ဟု သဘောထား၍ ရဟန်းတို့ ဟူသောစကားကို ဟောတော်မူသည်။

ဥပမာ-ရာဇာ အာဂတော 'မင်းလာသည်'ဟုဆိုလျှင် မင်း၏ အခြွေအရံ များပါလာသည်ဟူ၍ သိအပ်သကဲ့သို့ 'ပဓာနနည်း' တည်း။

တနည်း– လူဖြစ်စေ, နတ်ဖြစ်စေ ဤမြတ်သော အကျင့်ကို ကျင့်သောသူကို 'ရဟန်း'ဟု ခေါ်ထိုက်သည်သာဖြစ်၏။

## ကာယာနုပဿနာ၌ ကာယအပြား

ဣရိယာပုထ်လေးပါး၊ အာနာပါန၊ သမ္ပဇညလေးပါး, စသော ပဗ္ဗတဆယ့်လေးပါးတည်း။

(မှတ်ချက်) တဆယ့်လေးပါး သရုပ်ကို ဤကျမ်း အနုကထာ အဖွင့်၌ အကျယ်တဝင့် ဖော်ပြထားသည်။

(ဆောင်ရန်) မြန်မာဂါထာ

**ကာယ** အပြား၊ မှတ်သားဖို့ရာ၊
လျောင်း,ထိုင်,ရပ်,သွား၊ လေးပါး ဣရိယာ၊
သမ္ပဇဉ်၊ ပဗ္ဗတဖြာ၊
သတိမြဲ၊ အားခဲ ဝေနေယျာ။

## ကာယာနုပဿနာ သတိပဋ္ဌာန် ၌
## ဣရိယာပုထ်နှလုံးသွင်းပုံ ရှုပုံ

အိုရဟန်းတို့၊ ရဟန်းတို့သည် သွားလျှင်လည်း “သွားသည် ဟုသိ၏။‘ရပ်လျှင်လည်း’ရပ်သည်ဟု သိ၏။ထိုင်လျှင်လည်း‘ထိုင်သည်’ဟုသိ၏။ လျောင်းလျှင်လည်း ‘လျောင်းသည်’ဟု သိ၏။ ထိုရဟန်း၏ ရုပ်အပေါင်းသည် အကြင်ကြင်အမူအရာအားဖြင့် တည်နေ၏။ ထိုရုပ်အပေါင်းကို ထိုထိုအမူအရာအားဖြင့် သိ၏။ ဤသို့ မိမိ၏။ ရုပ်အပေါင်း၌ မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး ရုပ်အပေါင်းကိုလည်း ဖြစ်ခြင်း, ပျက်ခြင်း, သဘောရှိ၏ ဟု အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ ထိုသတိသည် အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်း ငှာသာ ဖြစ်၏။ ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့် မမှီတွယ်မူ၍ လည်း နေ၏။ လောက၌ တစုံတခုကိုမျှလည်း ငါ—ငါ၏ ဥစ္စာဟု စွဲ

လည်း မစွဲလမ်း။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

(ဤကား အကျဉ်းမျှသာ ဖော်ပြထားခြင်းပင်။)

(ဒေဆာင်ရန်) မြန်မာဂါထာ

ဂစ္ဆန္တောဟု၊ ဟောပြု ပေတာ၊
သွားသည် ရှိသော်၊ သွားတယ်မှတ်ပါ၊
လျှောင်း့ထိုင့်ရပ်က၊ မှတ်ကြ တူစွာ၊
လှုပ်ရှားတိုင်း၊ မဆိုင်းမှတ်ကြပါ။

ရှေ့တက် နောက်ဆုတ်၊ စတ်ရုပ် ပေါ်လာ၊
တက်တယ် ဆုတ်တယ်၊ မှတ်ဖွယ်သော်ျာ၊
ရှေ့ကြည့် နောက်ကြည့်၊ စောင်းကြည့်သောခါ၊
သူ့အတိုင်း၊ မဆိုင်း မှတ်ရပါ။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်

ရဟန်းတို့၊ သာသနာတော်၌ ရဟန်းသည် သုခ ဝေဒနာကို ခံစားလျှင်လည်း သုခဝေဒနာကို ခံစားသည်ဟု သိ၏၊ ဒုက္ခဝေဒနာ အဒုက္ခ မသုခဝေဒနာ့လည်း ထို့အတူပင် ဖြစ်၏။

ကာမဂုဏ်နှင့် စပ်သော ချမ်းသာသုခ ဝေဒနာကို ခံစားလျှင်လည်း ကာမဂုဏ်နှင့် စပ်သော ချမ်းသာ သုခဝေဒနာကို ခံစားသည်ဟု သိ၏၊ ကာမဂုဏ်နှင့် မစပ်သော သုခဝေဒနာကိုလည်း ခံစားလျှင် ကာမဂုဏ်နှင့် မစပ်သော ချမ်းသာ သုခဝေဒနာကို ခံစားသည်ဟု သိ၏။ (အကြွင်းဝေဒနာနည်းတူ သိ၏။) ဟိုရာဟန်းအား သတိသည် ရှေးရှုထင်၏။ (၂) ရှုသေ့ရှိသည် ဖြစ်၍နေ၏။

(ဆောင်ရန်) မြန်ဂါ ...

ဝေဒနာ အပြား သိထားဖို့ရာ၊
ချမ်းသာ့ဆင်းရဲ မလွဲပေါ်တာ၊
ခံစား့စံစား နှံပါးမကွာ၊
သတိပြဲ အားခဲ ဝေနေယျာ။

ချမ်းသာဆင်းရဲ ပေါ်မြဲဝေဒနာ၊
ပေါ်တိုင်း ပေါ်တိုင်း မဆိုင်းမှတ်ပါ၊
နာတာယ် အောင့်တာယ် ညောင်းတာက်ပေါ်လာ၊
နာတယ်ပ မှတ်ကြဝေဒနာ၊

ချမ်းသာပေါ်ပါး ထင်ရှားပေါ်လာ၊
ပေါ်တိုင်းပေါ်တိုင်း မဆိုင်းမှတ်ပါ၊
ကောင်းတယ်ဆိုက ကောင်းတယ်မှတ်ပါ၊
ပပြတ်ရှု၊ သိမှု ဝေဒနာ။

## စိတ္တာနုပဿနာ သတိပဋ္ဌာန်

အိုရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ရာဂနှင့် တကွသော စိတ်ကိုလည်း "ရာဂနှင့်တကွသောစိတ်" ဟု သိ၏။ ရာဂကင်းသော စိတ်ကိုလည်း ရာဂ ကင်းသော စိတ် ဟု သိ၏။ (အကြွင်းသိလေ။) ဤသို့ မိမိ၏ စိတ်၌မူလည်းစိတ်ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍နေ၏။ သူတပါးစိတ်၌လည်း(ပ)အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

(ဆောင်ရန်) မြန်ဂါထာ

စိတ္တာ့တရား သိထားဖို့ရာ၊
လောဘစိတ် ဒေါသစိတ် မောဟစိတ်ပေါ်လာ၊
လိုချင်စိတ်ကောက် မေ့ပျောက်ခါခါ၊
သတိမြဲ အားခဲ ဝေနေယျာ။

လိုချင်နှစ်သက် ဖြစ်ပျက်ပေါ်လာ၊
ပေါ်တိုင်းပေါ်တိုင်း မဆိုင်းမှတ်ပါ၊
စိတ်ကောက်စိတ်ဆိုး ထမျိုးပေါ်လာ၊
စိတ်ပေါ်တိုင်း မဆိုင်းမှတ်ရပါ။

မဲ့တယ် လစ်တယ် ပြတ်ဘယ် ပေါ်လာ၊
ပေါ်တိုင်းပေါ်တိုင်း မဆိုင်းမှတ်ပါ၊
စိတ်ဆိုးစိတ်ညစ် စိတ်သစ်ပေါ်လာ၊
ရှုမှတ်ကြ စိတ္တာ နုပဿနာ။

## ဓမ္မာနုပဿနာ သတိပဋ္ဌာန်
## ခန္ဓာငါးပါးကို ရှုပုံ အကျဉ်း

ရဟန်းတို့၊ ရဟန်းသည် ဥပါဒါနက္ခန္ဓာ ငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။

ဤသာသနာတော်၌ ရဟန်းသည် ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ ဖြစ်ကြောင်းတည်း၊ ဤကား ရုပ်၏ချုပ်ရာတည်း ဟု ရှုလေ့ရှိသည် ဖြစ်၍နေ၏။ (ဝေဒနာ စသည် ရှုနည်းတူ။)

မိမိ၏ သဘောတရားတို့၌ မူလည်း သဘောတရား တို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ (ပ) လောက၌ တစုံတရာကိုမျှ ငါ-ငါ၏ ဥစ္စာဟု စွဲလည်း မစွဲလမ်း၊ ဤသို့ သဘောတရားတို့၌ မူလည်း သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။

(လောင်းရှက်) မြိန့်မာဂေါထာ

ဓမ္မာရုံများ သိထားဖို့ရာ၊
ရုပ်နာမ် ဓမ္မ၊ များလှပေတာ၊
ပေါက်ပြန်သိမှု နှစ်ခုပေါ်လာ၊
သာတိမြဲ အားခဲစေနေယျာ။

နီဝရဏ ငါး ငါးပါးခန္ဓာ၊
အာယတန ဒွါဒ တဖြာ၊
ဗောဇ္ဈင် သတ္တ လေးဝ သစ္စာ၊
ဓမ္မ ပြု၊ မှတ်ကြ ဆွေသဟာ။

လေးဖြာ အရှိ သတိပဋ္ဌာန်၊
ကျဉ်းသခေပ ဖော်ပြအမှန်၊
ကျယ်ဝိတ္ထာရ သိကြစေပြန်၊
သုတ်ပါဠိ လုတ်ကြည့်ဉာဏ်ပေဖန်။

ဖောက်ပြန်သိမှု နှစ်ခုပေါ်လာ၊
ကုန်ပျောက် ဆင်းရဲ ဒေပါမြဲဓမ္မာ၊
သုဉ်းဆိတ်ပေါ်က သုဉ်းတယ် မှတ်ပါ၊
ဓမ္မာနု မှတ်ရှု ဖန်ခါခါ။

ခန္ဓာငါးပါး ထင်ရှားပေါ်လာ၊
ပေါ်တိုင်း ပေါ်တိုင်း မဆိုင်းမှတ်ပါ၊
ရုပ်, ဝေ, သညာ သင်္ခါ, ဝိညာ၊
ဓမ္မာနု၊ မှတ်ရှုဖန်ခါခါ။

မြင်မှုကြားမှု နံမှုပေါ်လာ၊
ပေါ်တိုင်း ပေါ်တိုင်း မဆိုင်းမှတ်ပါ၊
လျက်မှုထိမှု သိမှုပေါ်လာ၊
ဓမ္မာနု မှတ်ရှုဖန်ခါခါ။

အကျယ်မှတ်နည်း ပြပြီးသေချာ၊
သဲလွန် အခ နည်းမြုံရှိသာ၊
တို့ထက် ကျယ်နည်း ခွဲပြီးယူပါ၊
သုတ်မှာကြည့် သတိပဋ္ဌာန။

ညွှန်ကြားချက်တိုင်း မဆိုင်း မှတ်လျှင်၊
ကိလေသာကင်း သန့်ရှင်းကြည်လင်၊
သတိစွဲကပ် ပရမတ် ထင်မြင်၊
ဉာဏ်စဉ်တက် ရောက်လျက် မဂ်ဖိုလ်ဝင်။

မှာကြားချက်- မဟာသတိပဋ္ဌာနသုတ် ပါဠိတော်၌ ရှုပုံနည်းတွေ
အမျိုးမျိုး အဖုံဖုံပင် ဟောကြား ထားသော်
လည်း ကျမ်းလေးမည်စိုး၍ ဤမျှ လောက်သာ အကျဉ်းသဒ္ဒေါပ
အားဖြင့် ဖော်ပြလိုက်ရပါသည်။

မဟာသတိပဋ္ဌာနသုတ် ပါဠိတော် သရုပ်အဓိပ္ပာယ်
ပြီးပါပြီ။

---

မဟာသမယသုတ်နှင့် ပါယာသိရာဇညသုတ်တို့၌ သရုပ်
အဓိပ္ပာယ်အထူး သီးခြားမှုမရှိ၍ မဖော်ပြလိုက်ခြင်း ဖြစ်ပါ၏။

တောင်းပန်လွှာ

ယုတ္တာယုတ္တံ ဝိစာရေတွာ၊
ယုတ္တံ ဂဏှေယျ ပဏ္ဍိတော။
အယုတ္တံ ဧဝ ခမေယျာထ၊
မက္ခံ ဒေါသဉ္စ နကာရေ။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

# သုတ်မဟာဝါ ပါဠိတော်

သရုပ်အဓိပ္ပာယ် ပြီးပါပြီ။



# သုတ်မဟာဝါအဋ္ဌကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မဟာပဒါနသုတ် အဋ္ဌကထာ
## သရုပ်နှင့်အဓိပ္ပာယ်

ပုဗ္ဗေနိဝါသ ပဋိသံယုတ္တကထာ နိတိ

ဇေတဝန်ကျောင်း၏ အာရာမ်အတွင်း၌ တည်သော

### ကုဋီလေးလုံး

[၁] ကရေရိကုဋီ—မဏ္ဍပ်အသွင်ရှိသော ခံတက်ပင်သည် ထို
ကုဋီ၏တံခါးအနီးအပါး၌ တည်သည်၏
အဖြစ်ကြောင့် (ကရေရိကုဋီ) ဟု ခေါ်
သည်။

(ဥပမာ) ကြိုပင်သည့် ကောသမ္ဗကကုဋိတံခါး၏အနီးအပါး၌ တည်သည်၏ အဖြစ်ကြောင့် (ကောသမ္ဗကကုဋိ) ဟု ခေါ်သကဲ့သို့တည်း။

[၂] ကောသမ္ဗကကုဋိ- ကြို့ပင်သည် ကောသမ္ဗက ကုဋိ တံခါး၏ အနီးအပါး၌တည်သည် ၏အဖြစ်ကြောင့် (ကောသမ္ဗက ကုဋိ)ဟု ခေါ်၏။

[၃] ဂန္ဓကုဋိ—မြတ်စွာဘုရား အမြဲသီတင်းသုံး နေတော်မူရာ ကုဋိကို (ဂန္ဓကုဋိ) ဟု ခေါ်၏။

[၄] သလဠာဂါရကုဋိ–ထင်းရှူးသားတို့ဖြင့် ပြုလုပ်အပ်သော ကုဋိကို(သလဠာဂါရကုဋိ)ဟုခေါ်၏။

(မှတ်ချက်) ထိုကုဋိလေးလုံးတို့တွင် တလုံးတလုံးလျှင် အဖိုး တသိန်း ထိုက်တန်၏ဟု မှတ်။

ဆောက်လုပ် လှူဒါန်းသူများမှာ (သလဠာဂါရကုဋိ) ကို ပသေနဒီကောသလမင်းကြီး ဆောက်လုပ် လှူဒါန်းပြီး ကျန်သော ကုဋိ သုံးလုံးတို့ကို အနာထပိဏ် သဌေးကြီး ဆောက်လုပ် လှူဒါန်း သည်။

(ဆောင်ရန်)

- ပသေနဒီ၊ မင်းသညီ၊ လှူသည် သလဠ
- အကြွင်း ကုဋိ၊ သုံးပါးရှိ၊ လှူဘိ အနာထ၊

## မြတ်စွာဘုရား သီတင်းသုံးသော ကုဋီများ

ဤအဋ္ဌကထာအလို မြတ်စွာဘုရားသည် အနာထပိဏ်သူဌေး ဆောက်လုပ်အပ်သော နတ်ဗိမာန်နှင့်တူသော 'ကရေရိကုဋီ'၌ နေတော်မူ၏။

အဘိဓာန်၌ကား မြတ်စွာဘုရားသည် 'ဂန္ဓကုဋီ'၌ များသောအားဖြင့် သီတင်းသုံးနေတော်မူ၏ဟု ဆို၏။

မှတ်ချက်... ဂန္ဓကုဋီ၌ ညောင်စောင်းခြေ လေးခုတို့သည် မစွန့်အပ်သည်ဖြစ်၍ ဂန္ဓကုဋီစသော ကုဋီလေးလုံးတို့သည် မြတ်စွာဘုရား သီတင်းသုံး နေထိုင်တော်မူသော ဘုရားကျောင်းတော်များပင် ဖြစ်တော့သည်။

ဇေတဝနေ ဂန္ဓကုဋိယာ စတ္တာရိ မဉ္စပါဒဋ္ဌာနာနိ အဝိဇဟိတာနေဝ ဟောန္တိ။ (ဗုဒ္ဓဝင်အဋ္ဌကထာ)

(ဖော်ပြချက်)

- ကရေရိနှင့်၊ ကောသမ္ဗက၊ ဂန္ဓတမြား၊ သလဠာ၊ လေးမြား မှတ်ကုဋီ။
- ခံ:ဘက်ပင်၏၊ အနီးရှိ၊ တည်ဘိ ကရေရိ။
- ကြို့သစ်ပင်၏၊ အနီးရှိ၊ တည်ဘိကောသမ္ဗ။
- ဘုရားရှင်၏၊ အမြဲရှိ၊ နေဘိ ဂန္ဓသိ။
- ထင်ရှူးရက္ခ၊ ဆောက်လုပ်က၊ မှတ်ကြ သလဠ။
- ကုဋီလေးမည်၊ တသိန်းစိ၊ တန်သည် အဖိုးသံ။

## ပစ္ဆာဘတ္တံ၌ လိုအပ်သော ကာလအား

ကောသနိက်မူဘင်၊ ခလုပစ္ဆာ ဘတ္တိကမူတင် ဆောက်တည်ကုန်သော ရဟန်းတို့အား မွန်းတည့်၏ အတွင်းကာလပင် ဖြစ်သော်လည်း ပစ္ဆာဘတ္တမည်၏။ ထိုကာလကို မယူမူ၍ ဤ၌ ပြကတေ့သော ဆွမ်းစားခြင်းဖြစ်ရာ ကာလ၏ နောက်ကာလကို 'ပစ္ဆာဘတ္တ'အရ လိုအပ်ပါသည်။

## ပုဗ္ဗေနိဝါသဉာဏ်တော်ကို အောက်မေ့နိုင် (ဝင်စားနိုင်)သောပုဂ္ဂိုလ်များ။

(၁) အထွတ်အထိပ်သို့ ရောက်သော ကံသာလျှ်ပြုခြင်း ရှိကုန်သော ကမ္မကြိယဝါဒီ တိတ္ထိပုဂ္ဂိုလ်၊
(၂) ပစ္စေကဗုဒ္ဓါ၊
(၃) သာဝကပုဂ္ဂိုလ်၊
(၄) ဘုရားရှင်စသည့်တို့သည် အောက်မေ့နိုင်(ဝင်စားနိုင်) ကုန်၏။

## ပုဗ္ဗေနိဝါသဉာဏ်ကို အောက်မေ့ခြင်း၏ အစွမ်းသတ္တိပမာဏ

(၁) ကမ္မကြိယဝါဒီ တိတ္ထိ ဂ္ဂိုလ်တို့သည် ကမ္ဘာ လေးဆယ်တိုင်အောင် အောက်မေ့နိုင်ကုန်၏။
(၂) ပစ္စေကဗုဒ္ဓါတို့သည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း အောက်မေ့နိုင်ကုန်၏။

(၃) မဟာသာဝကတို့သည် ကမ္ဘာဘသိန်း တိုင်အောင် အောက်မေ့နိုင်ကုန်၏။

(၄) နှစ်ယောက်သော အဂ္ဂသာဝကတို့သည် အသင်္ချေယျကိုလည်းကောင်း၊ ကမ္ဘာတသိန်း တိုင်အောင် လည်းကောင်း အောက်မေ့နိုင်ကုန်၏။

(၅) ဘုရားရှင်တို့မှာကား ဤမျှ ဤမျှ ရှိ၏ဟု မရေတွက် နိုင်အောင် အောက်မေ့နိုင်ကုန်၏။

## တိတ္ထိ, သာဝက, ဘုရားရှင်တို့ အောက်မေ့နိုင်ပုံအထူး

ကမ္မကြိယဝါဒီတိတ္ထိတို့သည် ခန္ဓာအစဉ်ဖြင့် အောက်မေ့နိုင် ကုန်၏။

အဂ္ဂသာဝကနှစ်ပါး, ပစ္စေကဗုဒ္ဓါတို့သည် စုတိပဋိသန္ဓေကို ကြည့်၍ အောက်မေ့နိုင်ခြင်း၊

ဘုရားရှင်တို့ကား စုတိပဋိသန္ဓေကိစ္စကို ကြည့်ခြင်းကိစ္စသည် မရှိ၊ (ဝါ) စုတိပဋိသန္ဓေကိစ္စကို ကြည့်၍ မအောက်မေ့နိုင်ပါ။ ဤကား အထူး။

## ပုဗ္ဗေနိဝါသဉာဏ်၏ အရောင်အလင်းများ

(၁) ကမ္မကြိယဝါဒီ တိတ္ထိတို့၏ ပုဗ္ဗေနိဝါသ ဉာဏ်သည် ကား ပိုးစုံးကြူး၏အရောင်နှင့် တူ၏။

(၂) မဟာသာဝကတို့၏ ပုဗ္ဗေနိဝါသ ဉာဏ်သည်ကား ဆီမီးရောင်နှင့် တူ၏။

(၃) အဂ္ဂသာဝကတို့၏ ပုဗ္ဗေနိဝါသ ဉာဏ်သည်ကား သောက်ရှူးကြယ်ရောင်နှင့် တူ၏။

(၄) ပစ္စေကဗုဒ္ဓါတို့၏ ပုဗ္ဗေနိဝါသ ဉာဏ်သည်ကား လ, ရောင်နှင့် တူ၏။

(၅) သဗ္ဗညုဘုရားရှင်တို့၏ ပုဗ္ဗေနိဝါသ ဉာဏ်သည်ကား တန်ဆောင်မုန်းလဆန်းခါ၌ တက်သစ်စ ထွန်းတောက်သော နေဝန်းရောင်နှင့် တူ၏။

ဘနည်း-- တထောင်သော ရောင်ခြည်ရှိသော နေဝန်း၏ အရောင်နှင့် တူ၏။

မြတ်စွာဘုရားသည် ဗြဟ္မဇာလသုတ်နှင့် ဤ မဟာပဒါန သုတ်လာ "အဘိဇာသိ ခေါ (ပ) အထ ဘဂဝါ အနုပတ္တော" ဟူသော ပါဠိတော်ကို ဟောတော်မူခြင်း၊

ထူးခြားချက်

ဗြဟ္မဇာလသုတ်၌ 'သဗ္ဗညုတဉာဏ်တော်'ဖြင့် ကြားတော်မူ၏၊ ကျေးဇူးကိုဆိုသောစကား, ကျေးဇူးမဲ့ကို ဆိုသောစကားသည် အပြီးအဆုံးသို့ မရောက်သတည်း။

ဤ မဟာပဒါနသုတ်ကား 'ဒိဗ္ဗသောတဉာဏ်တော်' ဖြင့် ကြားတော်မူ၏။ ရှေးဘဝ၌ နေဖူးသော ခန္ဓာအစဉ်နှင့် စပ်သော စကားသည် အပြီးအဆုံးသို့ မရောက်သေးတည်း။ ဤကား အထူး။

## ကပ္ပပရိစ္ဆေဒ ဝဏ္ဏနာနိဿယ

### ကပ္ပမည်ပုံ-ကပ္ပိယတီတိ ကပ္ပေါ၊ ကပ္ပဓာတ်, ပရိကပ္ပတ္ထ ဝါစက, အပပစ္စည်းတည်း။

ဘနည်း— ကပ္ပိယတေ ပရိစ္ဆိဇ္ဇတေတိ ကပ္ပေါ၊

အနက်ကား— 'သာသပရာသောပမာဒီဟိ၊ ပုန်ညင်းစေ့ ဥပမာ အစရှိသည်တို့ဖြင့်။ ကပ္ပိယတိ၊ ကြံအပ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။ ကပ္ပေါ၊ ကပ်မည်၏။

အစိပ္ပာယ်ကား— ဤမျှလောက်သော နှစ်အပိုင်းအခြား ရှိ၏ဟု ရေတွက်ခြင်းငှာ မတတ်နိုင်ရကား ပုန်ညင်းစေ့ ဥပမာအစရှိသည်တို့ ဖြင့်သာလျှင် ကြံသအပ်သော အနက် သဘောကြောင့် 'ကပ်'ဟု ခေါ်၏။

မာဂဓပါဠိဘာသာအားဖြင့်— ကပ္ပသဒ္ဒါကို ထောက်ဆ၍ 'ကပ်' ဟု ခေါ်ဆိုကြလေသည်။

မြန်မာဘာသာအားဖြင့် 'ကမ္ဘာ'ဟု ခေါ်ဆိုကြလေ၏။

ကပ်-ကမ္ဘာအပြား၊

(၁) သုညကပ်— သဗ္ဗညု မြတ်စွာဘုရား ပွင့်တော်မမူ၍ ဆိတ်သုဉ်းသော 'ကပ်-ကမ္ဘာ' သည် "သုညကပ်ကမ္ဘာ"မည်၏။

[(မှတ်ချက်) ဤသုညကမ္ဘာ၌ ဘုရားသာ မပွင့်သည် မဟုတ်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် စကြဝတေးတို့လည်း မပေါ်ပေါက်ဟု မှတ်။

(၂) အသုညကပ်— သဗ္ဗညု မြတ်စွာဘုရားသခင် တို့၏ ပွင့်တော်မူရာ "ကပ်ကမ္ဘာ" သည် "အသုည-ကပ်ကမ္ဘာ"မည်၏။

ထိုအသုညကပ်-ကမ္ဘာသည်—

(၁) သာရကမ္ဘာ၊
(၂) မဏ္ဍကမ္ဘာ၊
(၃) ဝရကမ္ဘာ၊
(၄) သာရမဏ္ဍကမ္ဘာ၊
(၅) ဘဒ္ဒကမ္ဘာ....အားဖြင့် ငါးပါးအပြားရှိ၏။

(မှတ်ချက်) ယင်းငါးပါးတွင် သုညကမ္ဘာ ထည့်ပေါင်းလျှင် ကမ္ဘာခြောက်မျိုးပြားသတည်း။

(၁) ဘုရားတဆူပွင့်လျှင်....သာရကမ္ဘာ၊
(၂) ဘုရားနှစ်ဆူပွင့်လျှင်....မဏ္ဍကမ္ဘာ၊
(၃) ဘုရားသုံးဆူပွင့်လျှင်....ဝရကမ္ဘာ။
(၄) ဘုရားလေးဆူပွင့်လျှင်....သာရ မဏ္ဍကမ္ဘာ၊
(၅) ဘုရားငါးဆူပွင့်လျှင်....ဘဒ္ဒကမ္ဘာ။

ဧကော ဗုဒ္ဓေါ သာရကပ္ပေ၊
မဏ္ဍကပ္ပေ ဇိနာ ဒုဝေ၊
တယော ဗုဒ္ဓါ ဝရကပ္ပေ၊
သာရမဏ္ဍေ စတုဗုဒ္ဓါ။
ပဉ္စဗုဒ္ဓါ ဘဒ္ဒကပ္ပေ၊
တတောနတ္ထာဓိကာ ဇိနာ။

(ဗုဒ္ဓဝံသအဋ္ဌကထာ)

(ဆောင်ရန်)

- တဆူသာရ၊ နှစ်မဏ္ဍ၊ ဝရ သုံးဆူသာ။
- သာရမဏ္ဍ၊ လေးဆူမျှ၊ ဘဒ္ဒ ငါးဆူသာ။
- တဆူသော်မျှ၊ မပွင့်က၊ သုညကပ်ကမ္ဘာ။
- ဘုရားခြောက်ဆူ၊ ပွင့်ပြိုင်တူ၊ ကပ်မူမရှိပါ။
- ကမ္ဘာခြောက်ပျိုး၊ မော်ကွန်းထိုး၊ ကျမ်းရိုးစဉ်အလာ။

**အထူးမေးခွန်း။** တခုသော ကပ်ကမ္ဘာ၌ ဘုရားခြောက်ဆူ ပွင့်သော ကပ်ကမ္ဘာရှိသင့် မရှိသင့် ဆုံးဖြတ်ခဲ့ပါ။

အဖြေ။ အယုတ်ဆုံးသော ဟေဋ္ဌိမကောဋိအားဖြင့် တဆူလည်းကောင်း၊ နှစ်ဆူလည်းကောင်း၊ သုံးဆူလည်းကောင်း၊ လေးဆူလည်းကောင်း ပွင့်ရာ၏။ အလွန်ဆုံး ဥတ္တမကောဋိအားဖြင့် ငါးဆူပွင့်ရာ၏။ ထို့ကြောင့်"ဘုရားခြောက်ဆူပွင့်သော ကပ်ကမ္ဘာမရှိသင့်ပါ"ဟုဖြေ။

န ဟိ ကေသိ ကပ္ပေ ဆဗ္ဗော ဝါ သတ္တမော ဝါ ဥပ္ပဇ္ဇတိ။

(အနာဂတဝံသ အဋ္ဌကထာ)

## ကမ္ဘာနှင့်ဘုရား ခွဲခြားပြပုံ

လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်တို့၏ ပွင့်တော်မူရာ ကပ်ကမ္ဘာတို့ကို မည်သူမဆို အလွယ်တကူသိရှိစေရန် ရေးသားပါဦးအံ့။

(ဆောင်ရန်)

● ရှိ, ဦး, ရိ, ညွတ်၊ အံ, ခေါင်, ဆွတ်၊
အ, ကျွတ်, ဣ, က, မ္ဘာ။

| | | |
|---|---|---|
| သာရမဏ္ဍကမ္ဘာ— (ရှိ ၄ ဆူ) | တဏှင်္ကရာ၊ | ရမ္မာဝတီပြည်။ |
| | မေဓင်္ကရာ | ။ |
| | သရဏင်္ကရာ၊ | ။ |
| | ဒီပင်္ကရာ၊ | ။ |

(သေလအသင်္ချေခြား၏ဟုမှတ်။)

သာရကမ္ဘာ— ကောဏ္ဍညရမ္မာဝတီပြည်။
(ဦး ၁-ဆူ)

(ဆောင်ရန်)

- ● တ, မေ, သ, ဒီ၊ ဉာ်လေးလီ, ပွင့်ညီ, သာမညာ။
- ● ကောဏ္ဍညဘုရား၊ ပွင့်တုံခြား၊ မှတ်သားသာရကမ္ဘာ၊

(ဘာသအသချေ်ခြား၏။)

ပာရမဏ္ဍကမ္ဘာ— မင်္ဂလဘုရား, ဥတ္တရပြည်၊
(ရှိလေး-ဆူ) သုမနဘုရား, မေခလပြည်။
ရေဝတဘုရား, သုဓညဝတီပြည်။

(ဇာယအသချေ်ခြား၏၊)

ဝရကမ္ဘာ— အနောမဒဿီဘုရား, စန္ဒဝတီပြည်၊
(ညွတ်သုံးဆူ) ပဒုမဘုရား, စမ္ပကပြည်၊
နာရဒဘုရား, ဓညဝတီပြည်၊

(ဆောင်ရန်)

- ○ မံ, သု, ရေ, သော၊ လေးပါးနှာ၊ ကပ်ဟောသာ, မဏ္ဍာ၊
- ○ အနော ပဒုမ၊ နာရဒ၊ ပွင့်ကြ ဝရကမ္ဘာ။

(ရှစ်အသချေ်ခြား၏၊)

သာရကမ္ဘာ— ပဒုမုတ္တရဘုရား, ဟံသာဝတီပြည်၊
(အ-၁-ဆူ) ကမ္ဘာတသိန်းထက်၌ ပွင့်၏။
မဏ္ဍကမ္ဘာ— သုမေဓာဘုရား, သုဒဿနပြည်၊
(ခေါင် ၂-ဆူ) သုဇာတဘုရား, သုမင်္ဂလပြည်၊

(ဆောင်ရန်)

- ပဒုမုတ္တာ၊ မြတ်ဗုဒ္ဓ၊ သာရကမ္ဘာမှာ။
- သုမေ, သုဇာ၊ ထိုနှစ်ဖြာ၊ ကမ္ဘာမဏ္ဍမှာ။

ဝရကမ္ဘာ— ပိယဒဿီဘုရား, အနောမပြည်၊
(ဆွတ် ၃-ဆူ) အတ္ထဒဿီဘုရား, သောဘနပြည်၊
ဓမ္မဒဿီဘုရား, သရဏပြည်၊
၁၁၈-ကမ္ဘာထက်၌ ပွင့်၏။

သာရကမ္ဘာ - သိဒ္ဓတ္ထဘုရား, ဝေဘာရပြည်၊
အာဆူ ၉၄-ကမ္ဘာထက်၌ ပွင့်၏။

(ဆောင်ရန်)

- ပိယ, အတ္ထ၊ မြတ်ဗုဒ္ဓ၊ ပွင့်ထ ဝရကမ္ဘာ။
- သိဒ္ဓတ္ထဘုရား၊ ပွင့်တော်ငြား၊ မှတ်သား သာရကမ္ဘာ။

မဏ္ဍကမ္ဘာ— တိဿဘုရား, ခေမပြည်၊
(ကျွတ် ၂-ဆူ) ဖုဿဘုရား, ကာသိပြည်၊
၉၂-ကမ္ဘာထက်၌ ပွင့်၏။

**သာရကပ္ပ—** ဝိပဿီဘုရား, ဗန္ဓုမတီပြည်၊
**(ဤ၁-ဆူ)** ၉၁-ကမ္ဘာထက်၌ ပွင့်၏။

(ဆောင်ရန်)

- တိဿ, ဖုဿ, ဘိုနှစ်ဝ၊ မဏ္ဍကပ်ကမ္ဘာ။
  ဝိပဿီဘုရား၊ ပွင့်တုံငြား၊ မှတ်သား သာရကမ္ဘာ။

မဏ္ဍကမ္ဘာ— သိခီဘုရား, အရုဏဝတီပြည်၊
(ကမ်-၂-ဆူ) ဝေဿဘူဘုရား, အနောမပြည်၊
၃၁-ကမ္ဘာထက်၌ ပွင့်၏။

ဘဒ္ဒကမ္ဘာ— ကကုသန်ဘုရား, ခေမာဝတီပြည်၊
(ဘဒ္ဒ ၅-ဆူ) ကောဏာဂုံဘုရား, သောဘဝတီပြည်၊
ကဿပဘုရား, ဗာရာဏသီပြည်၊
ဂေါတမဘုရား, ကပိလဝတ်ပြည်၊
အရိမေတ္တေယျဘုရား (ပွင့်လတ္တံ့)
ဤဘဒ္ဒကမ္ဘာ၌ ပွင့်၏။

(ဆောင်ရန်)

- သိခီ, ဝေဿဘူ၊ ဤနှစ်ဆူ၊ ပွင့်မူ မဏ္ဍကမ္ဘာ။
- ကံ, ဂုံ, ပ, မ၊ မြတ်ဗုဒ္ဓ၊ ပွင့်ထဆုံးဘဒ္ဒါ။
- ဘုရားအသူသူ၊ ပွင့်တော်မူ၊ ဝိဒူမှတ်ဖို့ရာ။
- ဗုဒ္ဓဟောပြ၊ ကျမ်းဂန္ထ၊ ဤမျှနိဋ္ဌိတာ။

ဘုရားပွင့်တော်မူသည့် ကမ္ဘာအမှတ်အသားလင်္ကာ

(ဆောင်ရန်)

● သေ, ဘာ, ဇေ, ရု, သိန်း, ထောင်စု၊ ရုရုအင္ဂ နော ဇယ။

● နဝစမ္မာ၊ နော့ကော၊ ယာမာကော၊ ဆုံးဘဒ္ဒ။

(ဓမ္မဝိဒဿနီ)

မှတ်ချက်— သေ– မှာ သေလအသင်္ချေ၊ ဘာ– မှာ ဘာသာ အသင်္ချေ၊ ဇေ– မှာ ဇေယအသင်္ချေ၊ ရု–မှာ ရုစိအသင်္ချေဟုမှတ်။ ဤကား လေးသင်္ချေ တည်း။

(မှတ်ချက်) ရုရုအင်္ဂ–၁၁၈–ကမ္ဘာ နော့ဇယ–၉၄–ကမ္ဘာ၊ နဝစမ္မာ၉၂–ကမ္ဘာ၊နော့ကော–၉၁–ကမ္ဘာ၊ ယာမာကော ၃၁–ကမ္ဘာဟု မှတ်သားပါလေ။

## ဘဒ္ဒကပ်ခေါ်ပုံ

ဤဘဒ္ဒကမ္ဘာသည် ငါးဆူသော ဘုရားရှင်တို့၏ ပွင့်တော်မူခြင်းဖြင့် တန်ဆာဆင်အပ်သောကြောင့် ကောင်းသော "ဘဒ္ဒကပ်" မည်၏။ (ဝါ) မြတ်သော "သာရကပ်" လည်း မည်၏။

မေး ● ဘုရားပွင့်တော်မူခြင်းသည် သဗ္ဗညုတ, ဘုရားရှင်တို့အားသာ ထင်ရှားပါသလော.... အဘယ်ပုဂ္ဂိုလ်တို့အား ထင်ရှားပါသေးသနည်း။

ဖြေ ● သုဒ္ဓါဝါသဗြဟ္မာတို့အားထင်ရှားပါသေးသည်။

လောကဓာတ်တည်ပုံ ထင်ရှားစွာ ဖော်ပြပါဦးအံ့

ပျက်စီးပြီးသော လောကဓာတ်ကို တည်စေခြင်းအကျိုးငှာ ကမ္ဘာပြုမိုးကြီး ရွာသွန်းဖြိုးလာလေသည်။ တပိုတွဲလကုန်ခါ နီး လေးရက် တပေါင်းလဆန်းအစ လေးရက်ဟု ဆိုအပ်သော အကြား(အန္တရဋ္ဌက))ရှစ်ရက်အတွင်း၌ ဆီးနှင်းပေါက်ပမာဏ ငယ်လှစွာသော မိုးရေပေါက်တို့မှစ၍ တရွေ့တရွေ့ ကြီးပွား၍ ဆန်ကျိုး, ဆန်လုံး, နှမ်း, ပဲနောက်, ပဲလွမ်း, ဆီးသီး, သျှိသျှားသီး, သခွားသီး, ဖရုံသီး, ဗူးသီးခန့်မျှ ကြီးပွားလာသဖြင့် အစဉ်အတိုင်း တဥသဘ, နှစ်ဥသဘ, ဂါဝုတ်ခွဲ, နှစ်ဂါဝုတ်, ယူဇနာခွဲ,တယူဇနာ,နှစ်ယူဇနာ အရာအထောင်ပမာဏ မိုးရေအယဉ်ဖြစ်၍ စကြဝဠာ ကုဋေတသိန်း မီးလောင်ရာအရပ် ပြည့်အောင် ရွာသွန်းပြီးလျှင် ပျောက်ကွယ်ရပ်ငြိမ်းသွားပြီးသကာလ အထက်အောက် ဖီလာအရပ်တို့မှ လေများတိုက်ခတ်၍ တခဲနက်လုံးသည်ကိုပြု၍ ပဒုမ္မာကြာရွက်၌ တည်သော ရေပေါက်နှင့်

တူ၏။ ပြဟ္မာတို့၏တည်ရာ ပထမဈာန်ဘုံမှ စ၍ ယာမာတိုင်အောင် နတ်ပြည်လေးထပ်တို့သည် မြစ် ချောင်းရေတို့ လျော့သောအခါ ကျွန်းသောင်ပြင် ပေါ်လာသကဲ့သို့ အထက်တည်ကြရင်း နေရာအရပ်တွင်ပင် အစဉ်အတိုက် တည်ကြကုန်၏။

စတုမဟာရာဇ် တာဝတိံသာ နတ်ပြည်နှစ်ထပ်သည်ကား မြေနှင့်စပ်၍ ဖြစ်ရသေးသောကြောင့် မတည်ကြသေး ထိုအခါ ရေသည် တရွေ့ရွေ့ လျော့ကျ၍ ရှေးမြေတည်ရာအရပ်သို့ ရောက်က ရေကိုခံသော ကိုးသိန်းခြောက်သောင်း အထုရှိသောလေသည် ပြင်းစွာတိုက်ခတ်လာ၍ ရေသည် ရပ်တန့်နေ၏။

ဥပမာ... မကာရိုဏ် ရေစစ်၏ အဝကို ပိတ်သည်ရှိသော် ရေများမကျပဲ ရပ်တည်နေသကဲ့သို့တည်း။ ကာလအတန်ကြာသောအခါ ရသပထဝီဟု ခေါ်သော မြေဆီအဖြစ်သို့ ရောက်ရလေသည်။

ထိုရသပထဝီသည် နို့ရည်အထက်၌ တက်၍နေသော မလိုင်လေးများကဲ့သို့ ပျစ်ပျစ်ချွဲချွဲ ခဲလျက်တည်လေ၏။

ထို့ကြောင့် ရှေးပညာရှင်များသည် ရသပထဗျာ ထိုအခါ စယ်၊ မဟာရေ့ကား၊ ပွင့်ရွှေသားနှင့်၊ ပျားတရထည်၊ ထောပတ်ရည်သည်၊ ဆီကြည်နို့ဃနာအခဲတည်းဟု စပ်ဆိုကြလေသည်။

ထိုကဲ့သို့ ကမ္ဘာကြီး အသစ်တည်ပြီးသောအခါ ဤစကြာဝဠာ ဇမ္ဗူဒိပ်ါ လက် သာတောင်ကျွန်း၏ အလယ် အဝန်းယူ၍နာကိုးရာ ရှိသော မဇ္ဈိမဒေသတိုက်၏ ဗဟိုအလယ်တည့်တည့်တွင် မဟာဗောဓိပင် ပလ္လင်တော် ရတနာ တည်ရာတော်အချက်ဘူမိနယ်မြေ အရပ်သည် ဘုရားပွင့်တော်မူသော ကမ္ဘာဖြစ်အံ့၊ ပျက်သော အခါ နောက်မှပျက်၍ ဖြစ်သောအခါ ရှေ့ဦးစွာဖြစ်၍ တည်၏ ဟု မှတ်။

ထိုဗောဓိပင်တည်ရာ အရပ်၌ ပုဗ္ဗနိမိတ်ဖြစ်သော ပဒုမ္မာကြာရုံသည် ပေါက်လာ၏။ ထိုသို့ပေါက်လာသော ပဒုမ္မာကြာရုံတို့၌ ကြာပွင့်သက်နီး အစုံများကို သဒ္ဒါဝါသ နာမကြော်ကြား ဗြဟ္မာကြီးများသည် သက်ဆင်း၍ ကြည့်ရှုစုံစမ်းကြမြဲဘည်း။

အကယ်၍ ကြည့်ရှုသောအခါ ကြာပွင့်ကို မမြင်ခဲ့ငြားအံ့၊ ဤကမ္ဘာသည် ဘုရားမပွင့်သော သုညကမ္ဘာဘည်း။ ဤကမ္ဘာကိုနတ်, လူ, ဗြဟ္မာတို့၏ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာ ရှင်းရှင်းလုံးလုံးလွတ်ကင်း၊ အလင်းမထင်၊ အပါယ်လေးခွင်၌သာ များစွာဖြစ်ကြလိမ့်လတ္တံ့ဟု မရွှင်မလန်း ညှိုးနွမ်းခြင်းသို့ ရောက်ကြလေကုန်၏။

ကြာပွင့်ကို မြင်ကြပါမူကား ကြာတပွင့်လျှင် ဘုရားတဆူ, ကြာနှစ်ပွင့်လျှင် ဘုရားနှစ်ဆူ, ကြာသုံးပွင့်လျှင် ဘုရားသုံးဆူ, ကြာငါးပွင့်လျှင် ဘုရားငါးဆူ, ပွင့်တော်မူလတ္တံ့ဟု ကြာပွင့် သင်္ကန်းစုံနှင့် ထက်ကြပ်မကွာ နိမိတ်ယူလျက် ဗြဟ္မာကြီးတို့သည် သာရကပ်—ဘဒ္ဒကပ် စသည်ဖြင့် ခေါ်ဝေါ်သမုတ်ကြလေ၏။

သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည်ကမ္ဘာအသစ်ဖြစ်တိုင်းဖြစ်တိုင်း ဤကမ္ဘာသည်သုညကမ္ဘာလေလော၊အသုညကမ္ဘာလေလောဟု အမြဲတမ်း စူးစမ်း ဆင်ခြင်ကြသည့်အတိုင်း ယခုကမ္ဘာကို ကြည့်ရှုရာကား ပဒုမ္မာခိုင် စုံပြိုင်မြွှးယှက် ကြာငါးလက်၌ ငါးချက်သော သင်္ကန်းစုံတို့ကို မြင်၍ ဤကမ္ဘာကား ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ, အရိမေတ္တေယျဟု လောကဝိဒူ ငါးဆူရှင်ကျော် ပွင့်တော်မူရာ မဟာဘဒ္ဒ ဥက္ကဋ္ဌကမ္ဘာဟု သမုတ်ပြဋ္ဌာန်း ရှင်လန်းခြင်းသို့ ရောက်ကြလေကုန်၏။

ထို့ကြောင့်.... ပျက်စီးပွားစည်၊ တိုက်တူလည်တွင် ရှေးတည် နှောင်းပျက်၊ အောင်မြေ ချက်ဝယ်၊ မြွှက်ပဒုံ၊ ရှစ်စုံ ငါးပွင့်၊ ဆင်ရ ရင့်ကြောင့်၊ ဘုံမြင့်မိုးသူ၊ နိမိတ်ယူ၍၊ ငါးဆူပွင့်ရာ၊ မည်သာဘဒ္ဒ၊ သမိုက်ကြရှင့်ဟု စပ်ဆိုကြ၏။

(စေဋ္ဌကျုးမင်းချင်း)

ဤလင်္ကာတို့ကို ထောက်ထား၍ ကမ္ဘာ့တန်ဆာ သင်္ကန်း ကြာတို့သည် ပဥ္စနိမိတ် ကြာရုံ အဖူး အငုံတို့၌ ရှစ်စုံသော ပရိက္ခရာတို့ တကယ်ပါရှိကြောင်း မှတ်ယူသင့်တော့၏။

ထိုမှတပါးလဲပဲ

ဝိဝဋ္ဋဝယ်၊ ဘဒ္ဒလက္ခဏာ၊ ပေါဦးဝါက၊ သင်္ချာအနေ၊
သိန်းကုဋေဟု၊ တွက်ရေကောဝါ၊ မြေတကာ၏၊ အချာဝိပတ်၊
ဗောဓိရွှေပြင်၊ ပလ္လင်ရောက်ရာ၊ ရပ်ခန်းဝါထက်၊ ငါးဖြာခက်မ၊
ငုံပွင့်ပွင့်၊ ဘုရားပရိက္ခရာ၊ လေးဆယ်ပါလျက်၊ ဗြဟ္မာဦးညိတ်၊
ရှင်လည့်စိတ်နှင့်၊ နိပိတ်ဆိုရာ၊ ငါးပွင့်ကြာတင်၊ ရွှေဝါလုပန်း၊
တပွင့်ပန်၊ကို၊ တင့်ရှန်းဖိုးဝေ၊ သင်ထုံက်ပေသည်၊ ပြုတေသီရိ၊
မြိုင်ဗောဓိ။

(သံဝရမျိုး.)

မှတ်ချက်။ — လေးဆယ်ပါလျက် ဆိုရာဝယ် ဘုရားငါးဆူတွင် တဆူတဆူမှာ ပရိက္ခရာရှစ်ပါး ပါသဖြင့် ဘုရား ငါးဆူမှာ ပရိက္ခရာပေါင်း ငါးရှစ်လီ လေးဆယ်ဖြစ်သည်ဟု မှတ်လေ။

## ဘုရားပွင့်ဟန် ခေတ်သုံးတန်
## (ဗုဒ္ဓခေတ်သုံးမျိုး ဟူလို)

(၁) စကြဝဠာတသောင်း၌ ပစ္ဆိမ ဘဝိက ဖြစ်တော်မူအော ဘုရားလောင်း၏ ပဋိသန္ဓေ နေတော်မူသောအခါ စသည်တို့၌ မြေတုန်လှုပ်ခြင်း စသည် ဖြစ်ခြင်းကြောင့် 'ဇာတိခေတ်' ဟုခေါ်၏။

(၂) ကုဋေတသိန်းသော စကြဝဠာတိုက်သည် အာဋာနာဋိယသုတ်, ရတနသုတ် စသော မြတ်စွာဘုရား၏ ပရိတ် အာဏာတော်၏ တန်ခိုး ပျံ့နှံ့ရာ ဖြစ်သောကြောင့်'အာဏာခေတ်' ဟု ခေါ်၏။

(၃) သဗ္ဗညုတဉာဏ်တော်၏ အနန္တ စကြဝဠာ ပျံ့နှံ့ရာ ဖြစ်သောကြောင့် 'ဝိသယခေတ်'ဟု ခေါ်၏။

ထိုဗုဒ္ဓခေတ် သုံးမျိုးတွင် ဘုရားပွင့်သော ဗုဒ္ဓခေတ်, ဘုရားမပွင့်သော အဗုဒ္ဓခေတ်ဟု နှစ်မျိုးရှိ၏။

ဇာတိခေတ်နှင့်အာဏာခေတ်နှစ်ပါးတို့သည် ဘုရားပွင့်ရာ ဗုဒ္ဓခေတ် မည်၏။

စကြဝဠာအနန္တ ပျံ့နှံ့ရာ ဖြစ်သော ဝိသယခေတ် သည်ကား ဘုရားမပွင့်ရာ ဗုဒ္ဓခေတ် မည်၏။

ပြဆိုခဲ့ပြီးသော ဗုဒ္ဓခေတ်တို့တွင် တခုသော အာဏာခေတ် ဟူသော စကြဝဠာ တသိန်းသည် ကမ္ဘာပျက်သော အခါ တပြိုင်နက်ပျက်၏။

ထိုဇာတိခေတ်, အာဏာခေတ် စကြဝဠာ ကုဋေတသိန်း တို့သည် ဖြစ်တူပျက်တူတကွ ဖြစ်ကြကုန်၏ဟုမှတ်။

(ဆောင်ရန်)

- ဇာတိ, အာဏာ၊ ဝိသယာ၊ သုံးဖြာလောကဓာတ်။
- သောင်း, သိန်း ကုဋေ၊ အသင်္ချေ၊ သုံးထွေအစဉ်ဟပ်။
- ဖြစ်ပျက်နှစ်ဖြာ၊ အတူပမာ၊ အာဏာ ဇာတိမှတ်။
- ဗုဒ္ဓခေတ်ပေါင်း၊ တသောင်း တသိန်း၊ အကိန်းမရှိ၊ ခေတ်အာဏာ၊ မဟာဝိသယ၊ တိဋ္ဌာနတွင်၊ ကျုံးချုံ့တွက်ရေ၊ သိန်းကုဋေနှင့်၊ သောင်းနေစက္ကဝါ၊ တိုက်မျက်နှာကို၊ ညီညာလှင့်ကျော်၊ တပြိုင်ဆော်သည်၊ လောင်ဘော်ပျက်ရာ ဖြစ်ဆဲတည်း။

## မဟာကပ် လေးမျိုး

(၂) ကမ္ဘာဖျက် မိုးကြီးရွာသည်ကစ၍ မီးတောက်မီးလျှံ များ ငြိမ်းအေးသည့် တိုင်အောင် ကာလကို ပျက်ဆဲ 'သံဝဋ္ဋအသင်္ချေယျကပ်' ဟု ခေါ်၏။

(၂) ထိုနောက် ကမ္ဘာသစ်တည်ထောင်မည့် မိုးကြီးမရွာ သေးခင် ပျက်မြဲ အတိုင်း တည်နေသော ကာလကို 'သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်' ဟု ခေါ်၏။

(၃) ကမ္ဘာပြုမိုးကြီး ရွာဖြိုးသည်ကစ၍ နေလ နက္ခတ်တို့ ပေါ်သည့် တိုင်အောင်သော ကာလကို 'ဝိဝဋ္ဋအသင်္ချေယျကပ်' ဟု ခေါ်သည်။

(၄) ထိုနေလ, နက္ခတ်တို့ ပေါ်သည်ကစ၍ ကမ္ဘာဖျက်မိုး ရွာသည့်တိုင်အောင် ဖြစ်မြဲအတိုင်း တည်နေရာ ကာလ ကို 'ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်' ဟုခေါ်၏။

(မှတ်ချက်) ထိုကပ်လေးမျိုး တို့တွင် ဝိဝဋ္ဋဋ္ဌာယီကပ်၌ သာ လျှင် ဘုရား ပွင့်တော် မူနိုင်၏၊ ကြွင်းသော ကပ် သုံးမျိုးတို့၌ မပွင့်နိုင်၊

ဝိဝဋ္ဋဋ္ဌာယီ ကပ်မှာလည်း အန္တရကပ် ၆၄-ကပ် တို့တွင် ‹ထဆူ ဖြစ်အံ့၊ တကပ်၌သာ ပွင့်တော်မူ၏ ဟု မှတ်။

[မြဆောင်ရန်]

● ပျက်ပြားကမ္ဘာ၊ မိုးကြီးရွာ၍၊ မီးဝါလျှံစဲ၊ ငြိမ်းဆဲပထမ၊ 'သံဝဋ္ဋ'တည်း၊

ထိုမှ တဖြိုး၊ ကပ်ပြုမိုး လျှင်၊ ရွာကြိုးကြူးအိုင်၊ တိုင်အောင် ဒုတိယာ၊ သံဝဋ္ဋဋ္ဌာတည်း၊

● ထို့ပြီတချိန်၊ ယိမ်ထိန်ထွန်းလက်၊ နေလထွက်အောင်၊ ပွားတက်တတိယ၊ ဝိဝဋ္ဋတည်း၊

● ထိုမှတပန်၊ ရွာပြန်ဖျက်ဆီး၊ မိုးကြီးရောက်ဆိုက်၊ တည်ကြိုက်စတုတ္ထ၊ ဝိဝဋ္ဋဋ္ဌာယီ၊အညီအညီ၊အပြီအပြင်၊အသင်ချေချည်း၊ ဝေးစည်းပေါင်းစု၊ တခုမဟာ၊ ကပ်-ကမ္ဘာသည်၊ စိတ်ပြာဝေငှ စုခဲ့တည်း။

အမျိုးလေးပါး

(၁) မင်းမျိုး, (၂) ပုဏ္ဏားမျိုး,

(၃) သူဆင်းရဲမျိုး, (၄) ကုန်သည်မျိုးဟုလေးမျိုးရှိ၏။

အကျယ်ကား— (၁) လယ်မြေတို့ကို အုပ်စိုးလျက် ထွက်သော အသီးအနှံကို ဆယ်ခိုင့်တခိုင် ကောက်ခံရလေသောကြောင့် 'ခတ္တိယ မင်းမျိုး'တယောက်၊

(၂) ဗေဒင်မန္တန်ကို ရွတ်အံ သရဇ္ဈာယ်သော 'ဗြာဟ္မဏ ပုဏ္ဏားမျိုး'တယောက်၊

(၃) လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ဈေးရောင်းခြင်းစသော အမှုကိစ္စဖြင့် အသက်မွေးမှုရသော 'ဝေဿကုန်သည်မျိုး' တယောက်၊

(၄) ထင်းခွေရေခပ်၊ ကူလီထမ်း၊ ဆတ္တာသည်လုပ်ငန်းစသည်ဖြင့် စိုးရိမ်စွာ အသက်မွေးမှုရသော 'သုဒ္ဒသူဆင်းရဲမျိုး' တယောက်ဟု လေးမျိုးရှိ၏။

(မေးခွန်း)

● ပြဟ္မဏ၊ ခတ္တိယ၊ သုဒ္ဒမျိုးလေးဖြာ။

မေး ● ငါတို့သုံးလူ့ထွတ်ထား ဂေါတမဘုရားရှင်သည် အထက်ပါ အမျိုးလေးပါးတို့တွင် မည်သည့်အမျိုး ဖြစ်ပါသနည်း။

ဖြေ ● ငါတို့ ဂေါတမဘုရားရှင်သည် 'ခတ္တိယမင်းမျိုး' ဖြစ်ပါသည်။

[သာဓက] အဟံ ဘိက္ခဝေ ဧတရဟိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ခတ္တိယော ဇာတိယာ အဟောသိ ခတ္တိယကုလေ ဥပ္ပန္နောဟု သုတ်မဟာဝါ ပါဠိတော်ကို ထောက်လေ။

ဘုရားပွင့်တော်မူရာ လောကဓာတ်ကား—

မဟာလောကဓာတ်၏ အတွင်း၌ လူ့ပြည်မှ သဗ္ဗညုမြတ်စွာဘုရားတို့သည် ပွင့်တော်မူကြ၏။ ပွင့်သောအခါမှာလည်း မဟာလောကဓာတ်၏ အလယ်တည့်တည့် 'မဇ္ဈိမလောကဓာတ်'၌သာ

လျှင် ပွင့်တော်မူ၏။ ထိုတွင်လည်း 'စူဠလောကဓာတ်'၌ သာလျှင် ပွင့်တော်မူ၏။

ကျွန်းကြီးလေးကျွန်း ရှိသည်အနက် 'ဇမ္ဗူဒီပါ လက်ယာ တောင်ကျွန်း'၌သာလျှင် ပွင့်တော်မူကြကုန်၏ဟု မှတ်။

## မြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းနှင့် သစ်ပင်များ

(ဆောင်ရန်)

- ဝိပဿီရှင်၊ ရှစ်သောင်းတွင်၊ ပွင့်စဉ်သခွတ်ပင်။
- သိခီတဆူ၊ သရက်ဖြူ၊ သက်မူ ခုနစ်သောင်းတွင်။
- ဝေဿဘူဘုရား၊ ခြောက်သောင်းထား၊ ပွင့်ငြားအင်ကြင်းပင်။
- ကကုသန်မှန်း၊ လေးသောင်းတမ်း၊ ပွင့်လန်းကုက္ကိုပင်။
- ကောဏာဂုံလျှင်၊ သုံးသောင်းတွင်၊ အောင်မြင်ရေသဖန်းပင်။
- ကဿပဘုရား၊ နှစ်သောင်းထား၊ ပွင့်ငြား ပညောင်ပင်။
- ညောင်ဗုဒ္ဓဟော၊ဂေါတမေ၊ ပွင့်လေ ရာ့တမ်းတွင်။

## အရိမေတ္တေယျဘုရား ပွင့်တော်မူမည့်နှစ်

အနာဂတ်ခေတ် ကာလအသစ်တွင် ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ ဘုရားရှင်သည်ကား ယခုအခါ တဆုတ်တမ်းမှ ဆယ်နှစ်တမ်းထိ ဆုတ်ယုတ်ပြီးလျှင် ဆယ်နှစ်တမ်းမှ တက်၍ အသင်္ချေယျတမ်းသို့ ရောက်သောအခါ တဖန် ဆုတ်ယုတ်ပြန်၍ "လူတို့နှစ်အားဖြင့် အနှစ် ရှစ်သောင်းတမ်းဝယ် ပွင့်တော်မူလတ္တံ့"ဟု စွဲမြဲသေချာ မုချမှတ်သားရာ၏။

[သာဓက] အသီတိ ဝဿသဟဿာယုကေသု ဘိက္ခဝေ မနုဿေသု မေတ္တေယျောနာမ ဘဂဝါ လောကေ ဥပ္ပဇ္ဇိဿတိ။

[သုတ်ပါထေယျပါဠိတော် စက္ကဝတ္တိသုတ်]

[ဆောင်ရန်]

- ရှစ်သောင်းကာလ၊ မေတ္တေယျ၊ မုချပွင့်အမှန်။
- ငါးဆူရှင်ပင်၊ ဤကပ်တွင်၊ ကူးဝင် ပြည်နိဗ္ဗာန်။

### ပဒုမ္မာကြာပန်း ပွင့်နိုင်သည့် အခါတော်ရှစ်မျိုး

(၁) မယ်တော် ဝမ်းသို့ပဋိသန္ဓေနေသောအခါ၊
(၂) တောထွက်တော် မူသောအခါ၊
(၃) သစ္စာလေးပါး တရားကို သိသောအခါ၊
(၄) ဓမ္မစကြာတရားတော်ကို ဟောတော်မူသောအခါ၊

(၅) ရေမီး အစုံအစုံသော တန်ခိုးပြာဋိဟာ ကို ပြတော်မူသော အခါ၊

(၆) တာဝတိံသာ နတ်ပြည်မှ ဆင်းသက် ကြွလာသောအခါ၊

(၇) အာယုသင်္ခါရကို လွှတ်တော်မူသောအခါ၊

(၈) ပရိနိဗ္ဗာန် စံလွန်တော် မူသောအခါတို့၌ ပဒုမ္မာကြာပန်း သည် ပွင့်၏။ အခါမဲ့ မပွင့်ဟု မှတ်။

(ဆောင်ရန်)

● သန္ဓေ၊ ဖွား၊ သိ၊ စက်၊ ပြာဋိစွက်၊ ဆင်းသက် နတ်ပြည် လာ။

● အာယုသင်္ခါ၊ လွှတ်တုံပြန်၊ နိဗ္ဗာန်စံသောအခါ။

○ ဤရှစ်မျိုးမှာ၊ ပဒုမ္မာ၊ မှန်စွာပွင့်လို့လာ။

သတိပြုချက်၊ ။ငလျင်လှုပ်ကြောင်း ရှစ်ပါးနှင့် မကျူးဘက် သည်ကို သတိပြုပါ။

ဘုရားရှင်၏ နေ့မြတ် ခုနစ်ထွေ

အထက်ပါ အခါတော်နှင့် ပတ်သက်၍ ငါတို့ မြတ်စွာ ဘုရားသခင် အခါတော် (နေ့ထူး-နေ့ပြောင်) ခုနစ်ပါးကို ဗဟု သုတအလို့ငှာ ဖော်ပြပါဦးအံ့။

(မာတိကာစဉ် အကျဉ်း)

- မ,သိ,ကြ,လတ်၊ တွေး,ဆ,အပ်၊ နေ့မြတ် ခုနစ်ထွေ။
- သန်,ဖွား,တော,ပွင့်၊ စက်,စု,သင့်၊ ရှင်ပင့် သာကိနေ။

မှတ်ချက်။ ။မ,သိ,ကြ,လျှင်၊တွေး,ဆ,အုံ,ဟူသော လင်္ကာ လည်း အတူတူပင်တည်း။

**အကျယ်စကားရပ်**

မဟာသက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့်

( မ ) 'ကြာသပတေးနေ့'သန်းခေါင်ယံအချိန် ကပိလဝတ် နေပြည်တော် နန်းထက်ဝယ်၊

( သန် ) 'ပဋိသန္ဓေ နေတော်မူ၏' ဟု ဆိုလိုသည်။ ယခင် သက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့်၊

( သိ ) 'သောကြာနေ့' နံနက်ချိန် လုမ္ဗိနီဥယျာဉ်၌၊

( ဖွား) 'ဖွားမြင်'တော်မူ၏။ ယင်း သက္ကရာဇ် ၉၇-ခု၊ ဝါဆိုလပြည့်၊

( ကြ ) 'တနင်္လာနေ့' ညဉ့်သန်းခေါင်ယံ အချိန်၊

(တော) 'တောထွက်'တော်မူ၏။
ယင်း သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်၊

(လတ်) 'ဗုဒ္ဓဟူးနေ့' ညကုန်လုခါနီး အရုဏ်လာခါနီးအချိန် ပေါခိုမင်္ဂလာကိုပြင်၍၊

(ပွင့်) 'ဘုရားပွင့်'တော်မူ၏။
ယင်းသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်၊

(တွေး) 'စနေနေ့' ညနေ လ,တခြမ်းမြုပ်၊လ,တခြမ်းပေါ် အချိန် ဗာရာဏသီပြည် မိဂဒါဝုန်တော၌၊

(စက်) 'ဓမ္မစကြာ'တရား ဟောတော်မူ၏။
ယင်းသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့်၊

(ဆ) 'အင်္ဂါနေ့' ညတွင် ဘုရားဖြစ်တော်မူသော အချိန် မျိုး ကုသိနာခရိုင်ပြည် အင်ကြင်းဥယျာဉ်၌၊

(စု) 'စုတိ'ကမ္မဇရုပ် ချုပ်တော်မူ၏။
ယင်းသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့်ကျော် ၁၂-ရက်၊

(အပ်) 'တနင်္ဂနွေနေ့' ယခင် ဥယျာဉ်တော်၌၊

(သင့်) 'တေဇောဓာတ်မီးသင့်' တော်မူ၏။

## အာယုပရိစ္ဆေဒ ဝဏ္ဏနာနီတိ

အလွန်အသက်ရှည်သော ပုဂ္ဂိုလ်များကို ပြဆိုဦးအံ့။

(၁) အရှင်သာရိပုတ္တရာ၏ သက်တော်....၈၀-ကျော်
(၂) အရှင်မောဂ္ဂလာန်၏ ။ ....၈၀ ။
(၃) အရှင်မဟာကဿပ၏ ။ ....၁၂၀ ။
(၄) အရှင်အာနန္ဒာ၏ ။ ....၁၂၀ ။
(၅) အရှင်အနုရုဒ္ဓါ၏ ။ ....၁၅၀ ။
(၆) အရှင်ဗာကုလမထေရ်၏ ။ ....၁၆၀-ရှိ၏။

[ဆောင်ရန်]

အဂ္ဂနှစ်ဖော်၊ ရှစ်ဆယ်ကျော်၊ သက်တော်ပိုင်းအခြား။

မဟာကဿပ၊ အာနန္ဒ၊ တရာ့နှစ်ဆယ်ထား။

ဝိသာခါဒိ၊ လူငါးရှိ၊ တူဘိမြဲမှတ်သား။

အနုရုဒ္ဓါပယ်၊ ရာ့ငါးဆယ်၊ ရှည်သွယ်သက်ပိုင်းခြား။

ဗာရာကမူ၊ ခြောက်ဆယ်ပြူ၊ ဗာကုလထေရ်ဘုရား။

မဟာပဒါနသုတ်၊ ဖော်ပြထုတ်၊ မယုတ်မှတ်လို့ထား။

အသက်[၁၂၀]ရှည်သော လူပုဂ္ဂိုလ်များ

(၁) ဝိသာခါ၏ အသက်ကား....၁၂၀။
(၂) ဗာဝရိယပုဏ္ဏား ။ ....၁၂၀။
(၃) ဗြဟ္မာယုပုဏ္ဏား ။ ....၁၂၀။
(၄) ပေါက္ခရသာတိပုဏ္ဏား ။ ....၁၂၀။
(၅) သေလပုဏ္ဏား ။ ....၁၂၀။

(ဆောင်ရန်)

- ဗာဝရိယ၊ ပေါက္ခရနှင့်၊ သေလဗြဟ္မာ၊ ဝိသာခါ၊ သက်မှာ ရာ့နှစ်ဆယ်။

ဒီဃာယုကပုဂ္ဂိုလ် (၉) ယောက်

ဝိသာခါ ဗာဝရိယောစ၊
ဗြဟ္မာယု ပေါက္ခရသာတယော။
အာနန္ဒော ကဿပေါဿနု၊
ဝိသာမိက သတာယုကာ။
အနုရုဒ္ဓေါတု ပဏ္ဏာသာ၊
သတံ ဝဿာနံ ဇီဝတိ၊
သတံ သဋ္ဌိ စ ဝဿာနိ၊
ဗာကုလော နိရုပ္ပဒ္ဒဝေါ။

[သာသနိကကျမ်း]

## မြတ်စွာဘုရား၏ ပဋိသန္ဓေစိတ်

မေး ◑ ဘုရားရှင်တို့သည် အဘယ်စိတ်ဖြင့် ပဋိသန္ဓေနေတော်မူကြပါသနည်း။

ဖြေ ◑ အလုံးစုံသော ဘုရားရှင်တို့သည် မေတ္တာရှေ့ အဖို့ရှိသော ကာမာဝစရ ကုသိုလ်၏အကျိုး ဖြစ်သော 'ပဌမ သောမနဿ သဟဂုတ် တိဟိတ် အသင်္ခါရိက မဟာဝိပါက်စိတ်' ဖြင့် ပဋိသန္ဓေ နေတော်မူကြ၏။

ထို့ကြောင့် မေတ္တာရှေ့ အဖို့ရှိသော ကုသိုလ် စိတ်သည် ကား ပေးအပ်သော ပဋိသန္ဓေဖြင့် အသင်္ချေယျကာလပတ်လုံး အသက်ရှည်၏။ (၀၁)တည်၏ဟုမှတ်။

### အထူးမှတ်ချက်

ဤအဋ္ဌကထာ၌ မဟာသိဝထေရ်သည်ကား ဥပေက္ခာ သဟဂုတ် အသင်္ခါရိက မဟာဝိပါက်စိတ်ဖြင့် ဘုရားအလောင်း တို့သည် ပဋိသန္ဓေကို ယူကြ၏ဟု ဆို၏။

အကြောင်းကား သောမနဿသဟဂုတ်ထက် ဥပေက္ခာသဟဂုတ် သည် အားကြီးသောကြောင့်လည်းကောင်း၊ ဥပေက္ခာသဟဂုတ် ပဋိသန္ဓေနေကြသော ပုဂ္ဂိုလ်တို့သည် မြတ်သော အလိုဆန္ဒရှိ၍ နတ်ပြည်၌ဖြစ်သော အာရုံတို့ကိုလည်း တပ်သောစိတ် မရှိသော ကြောင့်လည်းကောင်း ဟု ဆိုတား၏။

ဥပမာ-တိပိဋကစူဠနာဂမထေရ် အစရှိသည့်ကဲ့သို့တည်း။

အမှန်မှာ- ဘုရားအလောင်းတို့အား သတ္တဝါတို့၏ အစီးအပွားအလို့ငှာသာ ကျင့်ခြင်းသည် အားကြီး၏၊ မြတ်၏။ ထို့ကြောင့် သောမနဿ သဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေ၏ ဟု ဆိုသင့်၏။

မေတ္တာပုဗ္ဗဘာဂဿ သောမနဿ သဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိက ကုသလစိတ္တဿ သဒိသ မဟာဝိပါကစိတ္တေန ပဋိသန္ဓိံ ဂဏှိံ၊ မဟာသီဝတ္ထေရော ပန ဥပေက္ခာသဟဂတေနာတိ အာဟ၊ [သုတ်မဟာဝါအဋ္ဌကထာ]

## မြတ်စွာဘုရား၏ ပဋိသန္ဓေစိတ် ဂတိနိမိတ်အာရုံကို ပြုပုံ

မေး ● ဘုရားရှင်တို့၏ ပဋိသန္ဓေစိတ်တော်သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတွင် အဘယ်ကို အာရုံပြုပါသနည်း။

ဖြေ ● ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် 'ဂတိနိမိတ်ကို' အာရုံပြု၍ပဋိသန္ဓေနေတော်မူပါသည်။ အထောက်သာဓကကား ကာလ, ဒီပ, ဒေသ, ကုလ မဟာဝိလောကနကို ဆင်ခြင်၍ ပဋိသန္ဓေနေကြောင်းကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို ထောက်၍ သိရသည်။

**မေး** ● ဝိပဿီစသော ဘုရားရှင်တို့သည် သောမနဿ ပဥ္စ သန္တေ နေပါလျက် အဘယ့်ကြောင့်အသခဲ့ချိန်ကာ လပတ်လုံး မတည်ကြပါသနည်း။

**ဖြေ** ● ဥတု, ဘောဇဥ်တို့၏ ဖောက်ပြန် ပျက်စီးခြင်း သဘော ရှိသောကြောင့် အသခဲ့ချိန် ကာလပတ်လုံး အသက် မတည်ကြပါ။

တေ ကသ္မာ အသန္ဒိယျံ န အန္ဒှံသု ဥတုဘောဇနဝိပ္ပတ္တိယာ
(သုတ်မဟာဝါ အဋ္ဌကထာ)

## အသက်ရှည်ခြင်း အသက်တိုခြင်း နှစ်မျိုး

အသက်ရှည်ခြင်း အကြောင်းမှာ-အရိယာဖြစ်သော တပည့်သားသာဝကတို့ကိုထား၍အလုံးစုံသောပြည့်ရှင်မင်း,အိမ်ရှေ့မင်း စစ်သူကြီးစသောတိုင်းပြည်လူထု,နတ် ဗြဟ္မာ, အပေါင်းတို့သည် တရားစောင့်ခြင်းကြောင့် နေလ, နက္ခတ်မိုးလေဝသ မှန်ကန်ပြီး ကောက်ပဲသီးနှံများ အောင်မြင်၍ ဥတုကောင်းမွန်ခြင်း၊ ဘောဇဉ် အစာအာဟာရများ ကောင်းမွန် စားသောက်ရခြင်းတို့ကြောင့် အသက်ရှည်ကြရလေသည်။

ထိုမှပြန်သော အားဖြင့် ပြည့်ရှင်မင်းစသော တိုင်းနိုင်ငံတော်သူ နိုင်ငံတော်သားများပါကျေနပ်နတ်ပြဟ္မာတို့ ဝ ရားမစောင့်လျှင် လည်းကောင်း၊ ဝါဏ္ဏာတိပါတကံ အားကြီးသော် လည်းကောင်း၊ ဘဝ ဝ တ္တိအပေါ်၌ သနားရေးရှာ၂ ဖြင့်နေမှုကင်းသော် လည်း ကောင်း အသက်ကိုကြရသည်ဟု ယပါလေ။ ဤကား အကျဉ်းပြသတည်း။

တရားစောင့်ကြွ၊ ထိုသူများ၊ ရှည်လျား အသက်ကို။

မင်းကစ တက်၊ တရားပျက်၊ အသက်ကိုယ် ပ္ပာတို။

မသတ် ရှောင်ရှား၊ ထိုသူများ၊ ရှည်လျား အသက်ကို။

သူများအသက်၊ သတ်သည့်တွက်၊ အသက်ကိုယ် မှာတို။

ဟယ်ပတိ၊ ယသသိဟု၊ ပြည်ကြီးသခင်၊ စည်းစိမ် ဖွင့်လျက်၊ ကျော်တင်လူ့ပြည်၊ မင်းတို့သည်ကာ ၊အရှည် မကြော်၊ မတော်မလျား၊ မေ့လျော့ကြွား၍၊ တရားမစောင့်၊မဖြောင့်မစင်း၊အကျင့်ဟင်းမှု၊ တိုမင်းလက်ထက်၊ မြေကြီးလျှက်လည်း၊ ၁ က်ခဲ့ဩဇာ၊ အောက်မှာရွေ့လေ၊ ထိတတွေ၌၊နေဘိရကား၊ အများပည်းဖျင်း ရောက်လှည့်ချင်လည်း၊ သစ်ပင်သစ်သီး၊ မကြီးလုံ နှံ၊ အပွန်ရသာ၊ ဩဇာမရှိ၊ ပျက်သိသိတည်း။

ထိုပြီးအပ၊ ဆေးဝါးမှုလည်း၊ တေဇ မထက်၊ ပျက်ခဲ့ရသာ၊ စားလေပါလည်း၊ အနာလွတ်ခဲ ရွှေ့ရွှေ့ကဲလျက်၊ ကောင်းမြဲမကောင်း၊ မိုးလည်းအောင်း၍၊ သောင်းခဲ့ကောက်ပင်၊ မျိုးမရှင်တည့်။

ပြည့်ရှင်မင်းကြီး၊ တရားမှီးမူ၊ မြေကြီးရသာ၊ ဩဇာတိုးတက်၊ ချိုမြက်သစ်သီး၊ အကြီးလုံးလှ၊ ဆေးဝါးစသည်၊ တေဇ ထက်မြတ်၊ ရောဂါလွတ်၍၊ ရွာမှုမိုးကောင်း၊ ကောက်မသောင်းတည့်။

မင်းကောင်းတို့ကြောင့်၊ တရားစောင့်၍၊ တသောင့်မြေပြင်၊ ရန်ကိုသင်လျက်၊ ပြည်တွင်းပြည်သူ၊ ခပ်သိမ်းလူသည်း၊ ဆိုယူများစွာ၊ ချမ်းကြင်နာ၍၊ မေတ္တာမိုးကြီး ရွာစေပင်း။

[လောကသာရပျို့]

## ပေါဝိပရိစ္ဆေဒ ဝဏ္ဏနာနိတိ

ဂိပဿိမြွာတ်စွာဘုရား ပွင့်တော်မူသော အခါမှာ အခက်အရွက်, အချက်, အသက်, အပွင့်နှင့် ပြည့်စုံသော သခွက်ပင်သည် ပေါက်လာ၍၏။ ထိုသခွတ်ပင်သည် နတ်တို့၏ ပန်းနှံ့သာတို့ဖြင့် ပွေးကြိုင်၏။ ဤ၌ဂန္ဓဂရုဖြစ်မည်စိုး၍ အကျဉ်းမျှသာ ဖော်ပြလိုက်ရပေသည်။

## ထိုသခွတ်ပင်၏ ပမာဏကား

**ပင်စည်သည်** —အတောင်ငါးဆယ်ရှိ၏။

**အခက်သည်** —အတောင်ငါးဆယ်ရှိ၏။

**အစောက်အားဖြင့်** —အတောင်တရာရှိ၏ဟုမှတ်။

(မှတ်ချက်) အခြားသော သိဒ္ဓိစသော ဘုရားရှင်တို့၏ ပွင့်တော်မူရာ သရက်ဖြူပင်၊ အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်၊ ညောင်ဗုဒ္ဓေဟေပင်တို့သည်လည်း သခွတ်ပင်ကဲ့သို့ အတိုင်းအရှည် တူသည်သာတည်း။

**အလုံးစုံသော ဘုရားရှင်တို့၏ ပလ္လင်တော် တည်ရာအရပ်သည်** တခုတည်းသာဖြစ်၏ဟု မှတ်။

**အထူး**—ပွင့်တော်မူရာ သစ်ပင်တို့သည် သခွတ်ပင်တို့သာမဟုတ်၊ အခြားသော သစ်ပင်တို့သည် ဖြစ်သေး၏ဟုမှတ်။ ထို့ကြောင့် ထိုသစ်ပင်၏ အနီးအပါးအောက်၌ လေးပါးသော မဂ်ဉာဏ်ဟူသော 'ဗောဓိ'ကို ဘုရားရှင်တို့သည် ထိုးထွင်း၍ သိတော်မူကြကုန်၏။

ထို့ကြောင့်ပင် ထိုထိုသစ်ပင်ကို 'ဗောဓိ'ဟု ခေါ်ဆိုအပ်၏။

ဤ၌ သခွတ်ပင်နှင့်ပတ်သက်၍ သစ်ပင်ကြီး ခုနစ်ပင်ကို မှတ်သားသင့်၏၊

## သစ်ပင်ကြီးခုနစ်ပင်

### ပေါက်ရောက်ရာအရပ်နှင့် ပမာဏ

မြင်းမိုရ်တောင်ထိပ်၌ ပထမရွေးဦးစွာ ပေါက်သော သစ်ပင်သည်ကား ပင်လယ်ကသစ်ပင် ဖြစ်၏။

ထိုပင်လယ်ကသစ်ပင်သည် –

ပင်မ 'လုံးပတ်' အားဖြင့် 'တဆယ့်ငါး ယူဇနာ' ရှိ၏။ မြေမှခွဆုံထိ 'ခက်မ' အားဖြင့် 'ယူဇနာငါးဆယ်' ရှိ၏။ ခွဆုံမှ ခေါင်ကိုင်း အဆုံး အလယ် ခက်မ အရှေ့ အနောက်, တောင်, မြောက်, ခက်မအားဖြင့် ယူဇနာငါးဆယ်' ရှိ၏။ လေးမျက်နှာ ဖြာထွက်နေသော အကိုင်း တို့သည် လည်း ယူဇနာငါးဆယ်'စီ ရှိကြ၏။

ထို့ကြောင့် 'ယူဇနာတရာမြင့်၏၊ ကျယ်ပြန့်၏' ဟုမှတ်။

(ဆောင်ရန်)

- ဇမ္ဗူဒိပ်ကျွန်း၊ သပြေထွန်း၊ မြောက်ကျွန်းပဒေသာ။
- အရှေ့ကျွန်းကို ပင်ကုက္ကိုကို၊ နောက်ဆို ထိမ်ပင်လာ။
- အသူရာတွင်၊ သခွတ်ပင်၊ လက်ပန်လျှင် ဂဠုန်ရွာ။
- ပင်လယ်ကသစ်၊ ဝတိန်ဖြစ်၊ ခုနစ်သစ်ကြီးသာ။
- နိမ့်မြင့်ခေါ်ကြ၊ တရာပ၊ မှတ်ကြယူဇနာ။

- ပင်စည်လုံးဝတ်၊ ဆယ့်ငါးမှတ်၊ တရပ်ရေတွက်ပါ။
- ခက်မငါးသွယ်, ငါးဆယ်ကြွယ်၊ မှတ်ဖွယ်ကျမ်းအလာ။
- သစ်ကြီးခုနစ်ပင်၊ ထိုအစဉ်၊ ဤတွင် နိဋ္ဌိတာ။

[အကျဉ်းထောင်ရန်ဂါထာ]

ပါဋလီ သိမ္ဗလီ ဇမ္ဗူ၊
ကဒမ္ဗော ပါရိဆတ္တကော၊
သိရီသော ကပ္ပရုက္ခော စ၊
ကပ္ပဋ္ဌာ သတ္တိမေ ဒုမာ။

အနက်။ ။ပါဋလိစ၊ အသူရာပြည်၌ ပဌမ ရှေးဦးစွာ ပေါက်သော 'သခွတ်ပင်' သည် လည်းကောင်း။ သိမ္ဗလီ စ၊ ဂဠုန်ပြည်၌ ပဌမ ရှေးဦးစွာ ပေါက်သော လက်ပန်ပင်' သည် လည်းကောင်း။ ဇမ္ဗူ စ၊ ဤဇမ္ဗူဒီပါ လက်ယာ တောင်ကျွန်း၌ ပဌမရှေးဦးစွာ ပေါက်သော 'သပြေပင်' သည်လည်းကောင်း။ ကဒမ္ဗော်စ၊ အနောက်ကျွန်း၌ ပဌမ ရှေးဦးစွာ ပေါက်သော 'ထိမ်ပင်' သည် လည်းကောင်း။ ပါရိဆတ္တကော စ၊ တာဝတိံသာ

၌ ရှေးဦးစွာ ပေါက်သော 'ကသစ်ပင်'သည် လည်းကောင်း။ သိရိသော စ၊ အရှေ့ကျွန်း၌ ရှေးဦးစွာပေါက်သော 'ကုက္ကိုပင်' သည်လည်းကောင်း။ ကပ္ပရုက္ခော စ၊ မြောက်ကျွန်း၌ ရှေးဦးစွာ ပေါက်သော 'ပဒေသာပင်'သည်လည်းကောင်း။ ဣမေသတ္တ ဒုမာ၊ ဤသစ်ပင်ကြီး ခုနစ်ပင်တို့သည်။ ကပ္ပဋ္ဌာ၊ ပိဝဋ္ဌာယိ အသင်္ချေယျကပ် ကာလပတ်လုံး တည်ကြကုန်၏။

မှတ်ချက်။ ဤသစ်ပင်ကြီး ခုနစ်ပင်တို့သည်ကား ပင်စည်လုံး ပတ်အကျယ်အပြန့်၊အနိမ့်အမြင့် (အလုံးစုံသော ပမာဏ)အားဖြင့် တူကြကုန်၏။

## အသိတိသာဝကတေဒဂ္ဂနိတိ

### တေဒဂ်ရ လက်ယာတော်ရံ ရဟန္တာမထေရ် နှစ်ဆယ့်တပါးနှင့် ၎င်းတို့ရသော တေဒဂ်များ

(၁) အရှင်သာရိပုတ္တရာမှာ— ဉာဏ်ပညာကြီးရင့်သော အရာ၌ တေဒဂ်ရတော်မူ၏။

(၂) အရှင်အာနန္ဒာမှာ— ဉာဏ်ပညာ ကြီးရင့် လျင်မြန်သည့် အရာ, သတိမြဲသည့်အရာ, လုံ့လရှိ သည့်အရာ, အလုပ်အကျွေးကောင်း သည့်အရာ,ဗဟုသုတ အရာအားဖြင့် ဤ တေဒဂ်ငါးပါးရ၏။

(၃) အရှင်အနုရုဒ္ဓါ-မှာ ဒိဗ္ဗစက္ခု အဘိညာဉ်အရာ၌ တေဒဂ်ရ၏။

(၄) အရှင်မဟာကဿပ-မှာ ဓုတင်ကို ကျင့်ဆောင်၍ ဟောပြောသော အရာ၌ တေဒဂ် ရ၏။

(၅) အရှင်ကောဏ္ဍည-မှာ တရားဦးရ၍ ရတ္တညူအရာ၌တေဒဂ်ရ၏။

(၆) အရှင်ကစ္စည်း-မှာ အကျဉ်းပါဠိတော်ကို အကျယ်ဝေဖန် ဟောပြောသော အရာ၌ တေဒဂ်ရ၏။

(၇) အရှင်ဥပါလိ-မှာ ဝိနည်းဝိုရ် (ဝိနည်းဆောင်) အရာ၌ တေဒဂ်ရ၏။

(၈) အရှင်ရာဟုလာ-မှာ သိက္ခာကာမအရာ၌ တေဒဂ်ရ၏။

(၉) အရှင်သီဝလိ-မှာ လာဘ်ပေါ များသော အရာ၌ တေဒဂ်ရ၏။

(၁၀) အရှင်ကောဏ္ဍဓာ-မှာ ပဋိသမ္ဘိဒါပတ္တအရာ၌ တေဒဂ်ရ၏။

(၁၁) အရှင်မဟာကပ္ပိန္န-မှာ ရဟန်းတို့ကို ဆုံးမသော အရာ၌ တေဒဂ်ရ၏။

(၁၂) အရှင်ဥရုဝေဠကဿပ-မှာ အခြံအရံ ပရိသတ်များသော အရာ၌ တေဒဂ်ရ၏။

(၁၃) အရှင်ကာဠုဒါယီ-မှာ စကားလှ ချဉ်းကပ်ကို ကြည်ညိုစေ နိုင်သော အရာ၌ တေဒဂ်ရ၏။

(၁၄) အရှင်ဗာကုလ-မှာ ဘိက္ခုနီမတို့ကို ဆုံးမသော အရာ၌ တေဒဂ်ရ၏။

(၁၅) အရှင်ဘဒ္ဒိယ- မှာ အမျိုးမြတ်သော အရာ၌ တေဒဂ်ရ၏။

(၁၆) အရှင်ဒဗ္ဗ-မှာ သံဃာတော်တို့ နေရာခင်းသော အရာ၌ တေဒဂ်ရ၏။

(၁၇) အရှင်ဝဒိယရေဝတ-မှာ အရည်ကင် ခုတင်ဆောင်သော အရာ၌ တေဒဂ်ရ၏။

(၁၈) အရှင်သောဏကောဠိဝိသ-မှာ လုံ့လ, ဝီရိယအရာ၌ တေဒဂ်ရ၏။

(၁၉) အရှင်သောဏကောဋိကဏ္ဏ-မှာ ကောင်းသော စကားကို ပြောဆိုရာ၌ တေဒဂ်ရ၏။

(၂၀) အရှင်ရာဓ-မှာ ဘုရားဒေသနာ ဉာဏ်တော်အသင့်အား ဖြစ်ကြောင်းအရာ၌ ဧတဒဂ်ရ၏။

(၂၁) အရှင်သုဘူတိ-မှာ ကိလေသာကင်း၍နေသော အရဏ, ဝိဟာရအရာ, အလှူခံထိုက်သော အရာတို့၌ ဧတဒဂ်ရ၏။

ဤကား—လက်ယာတော်ရံ လေးဆယ်တို့တွင် ဧတဒဂ်ရ ရဟန္တာ [၂၁] ပါးတည်း။

ဧတဒဂ်ရ လက်ဝဲတော်ရံ ရဟန္တာမထေရ်(၁၉)ပါး

(၁) အရှင်မဟာမောဂ္ဂလာန်-မှာ တန်ခိုးကြီးသော အရာ၌ ဧတဒဂ်ရ၏။

(၂) အရှင်ဝက္ကလိ-မှာ သဒ္ဓါလွန်ကဲသော အရာ၌ ဧတဒဂ်ရ၏။

(၃) အရှင်ကာဠုဒါယီ-မှာ ဆွေတော်, မျိုးတော်တို့ကို ကြည်ညိုစေတတ်သော အရာ၌ ဧတဒဂ်ရ၏။

(၄) အရှင်ပိလိန္ဒဝစ္ဆ-မှာ နတ်တို့ ချစ်ခင်သော အရာ၌ ဧတဒဂ်ရ၏။

(၅) အရှင်ကုမာရကဿပ-မှာ ဆန်းကြယ်စွာ တရားဟော တတ်သော အရာ၌ တေဒဂ် ရ၏။

(၆) အရှင်ရဋ္ဌပါလ-မှာ သဒ္ဓါပဋ္ဌိတအရာ၌ တေဒဂ်ရ၏။

(၇) အရှင်ဝင်္ဂီသ-မှာ ဘုရားဂုဏ်စသည်ကို တမုဟုတ်ခြင်း ချီးမွမ်းဖွဲ့ဆိုနိုင်သော ဉာဏ်ရှိသော အရာ ၌ တေဒဂ်ရ၏။

(၈) အရှင်သာဂတ-မှာ တေဇောဓာတ်ဝင်စားသော အရာ၌ တေဒဂ်ရ၏။

(၉) အရှင်လကုဏ္ဍကဘဒ္ဒိယ-မှာ အသံသာယာသော အရာ ၌ တေဒဂ်ရ၏။

(၁၀) အရှင်ပိဏ္ဍောလဘာရဒွါဇ-မှာ မကြောက်မရွံ့ ရဲဝံ့ သော စကားကို ဆိုသော သီဟနာဒ အရာ၌ တေဒဂ် ရ၏။

(၁၁) အရှင်မဟာပန္ထက-မှာ အရူပစျာန်မှ ထ၍ မဂ်ကို ရသော ပညာဝိဝဋ္ဋအရာ၌ တေဒဂ် ရ၏။

(၁၂) အရှင်စူဠပန္ထက—မှာ မနောမယ အဘိညာဉ် ဖန်ဆင်းနိုင်သော အရာ စေတောဝိဝဋ္ဋအရာတို့၌ ဧတဒဂ်ရ၏။

(၁၃) အရှင် ဗာကုလ—မှာ အနာ ရောဂါကင်းစင်သော အရာ၌ ဧတဒဂ်ရ၏။

(၁၄) အရှင်ကောဏ္ဍဓာန—မှာ စာရေးတံဦး ယူသောအရာ၌ ဧတဒဂ်ရ၏။

(၁၅) အရှင်ဒါရုစိရိယ—မှာ ခိပ္ပါဘိညာ အရာ၌ ဧတဒဂ်ရ၏။

(၁၆) အရှင်ပုဏ္ဏ—မှာ ဓမ္မကထိက အရာ၌ ဧတဒဂ်ရ၏။

(၁၇) အရှင်နန္ဒ—မှာ ဣန္ဒြေကို စောင့်စည်းသော အရာ၌ ဧတဒဂ်ရ၏။

(၁၈) အရှင်မောဃရာဇ—မှာ ခေါင်းပါးသော သင်္ကန်းကို ဆောင်သော အရာ၌ ဧတဒဂ်ရ၏။

(၁၉) အရှင်သောဘိတ—မှာ ပုဗ္ဗေနိဝါသ အဘိညာဉ်အရာ၌ ဧတဒဂ်ရ၏။

ဤကား လက်ဝဲတော်ရံ [၄၀] တို့တွင် ဧတဒဂ် ရသော ရဟန္တာ [၁၉] ပါးတို့တည်း။

## တေဒင်ရသော ဥပါသကာယောကျ်ား(၁၁)ယောက်

(၁) တဖုဿနှင့်ဘလ္လိက—ရှေးဦးစွာ သရဏဂုံတည်သော အရာ၌ တေဒင်ရ၏။

(၂) အနာထပိဏ်သဌေးကြီး—ပျော်ပျော်မွေ့မွေ့ လှူဒါန်းလေ့ရှိသည့်အရာ,

(၃) စိတ္တသူကြွယ်—ကျေနပ်ခလောက်အောင် တရားဟောတတ်သည့် အရာ,

(၄) ဟတ္ထာဠဝက—သင်္ဂဟ လေးပါးဖြင့် မြှောက်စား တတ်သည့် အရာ,

(၅) မဟာနာမ်မင်းကြီး—မြတ်သော ဒါန် ဝတ္ထုကို ပေးလှူတတ်သည့် အရာ,

(၆) ဥဂ္ဂတသူကြွယ်—သံဃာတော်များ ချမ်းသာအောင် ပြုတတ်သည့် အရာ,

(၇) ဥဂ္ဂသူကြွယ်—မိမိ နှစ်သက်သော ဒါနကို ပေးလှူတတ်သည့် အရာ,

(၈) သူရဗန္ဓသူကြွယ်—ရတနာသုံးပါး၌ မလှုပ်မရှား ကြည်ညိုတတ်သည့် အရာ,

(၉) ဇီဝကဆရာ—ပုဂ္ဂလိက ကြည်ညိုတတ်သည့် အရာ,

(၁၀) နကုလပိတာသူကြွယ်–မြတ်စွာဘုရားနှင့် အကျွမ်းဝင်သည့်အရာတို့၌ တေဒဂ်ရကြ၏။

မှတ်ချက်။ တပုဿနှင့်ဘလ္လိကနှစ်ယောက်ယှဉ်ရသောကြောင့် တေဒဂ်ရ ဥပါသကာ ယောကျ်ား (၁၁) ယောက် ဟု မှတ်။

(စဆောင်ရန်)

- တ–ဘလ်–အနာ၊ စိတ်၊ ဟတ္ထာ၊ မဟာ-ဥဂ္ဂတ။
- ဥဂ္ဂ–သူရ၊ ဇီဝက၊ နကု ဆယ် တစ်ရ။
- တေဒဂ်ဂုဏ်၊ လွှမ်းမိုးခြုံ၊ လူ့ဘုံထူးမြတ်လှ။

တေဒဂ်ရသော ဥပါသိကာမိန်းမ (၁၀) ယောက်

(၁) သုဇာတာ သဋ္ဌေးကတော်–ရှေးဦးစွာ သရဏဂုံ တည်သည့်အရာ၌ တေဒဂ်ရ၏။

(၂) ဝိသာခါ သဋ္ဌေးကတော်–ပျော်ပျော် မွေ့မွေ့ လှူဒါန်းလေ့ရှိသည့်အရာ,

(၃) ခုဇ္ဇုတ္တရာကျွန်မ–ဓမ္မကၡန္ဓာ (ဘုရားဟောစာပေ) တို့ကို တတ်ကျွမ်း လိမ္မာသည့် အရာ,

(၄) သာမာဝတီမိဖုရား—မေတ္တာပွားများသည့်အရာ,

(၅) ဥတ္တရာ အပျိုးသမီး—ဈာန်ဝင်စားလေ့ရှိသည့် အရာ,

(၆) သုပ္ပဝါသာမိန်းမ—မြတ်သောဒါနကို ပေးလှူတတ်သည့် အရာ,

(၇) သုပ္ပိယာမိန်းမ—သူနာတို့အား လုပ်ကျွေးမှု အရာ သူနာပြု အရာ,

(၈) ကာတိယာနီအမျိုးသမီး—ရတနာ သုံးပါး၌ မလှုပ်မရှား ကြည်ညိုသည့်အရာ,

(၉) နကုလမာတာ သူကြွယ်မ—မြတ်စွာဘုရားနှင့် အကျွမ်းဝင် သည့်အရာ,

(၁၀) ကာဠီဥပါသိကာမ—တဆင့် ကြား၍ ကြည်ညိုတတ် သည့်အရာတို့၌ ဧတဒဂ် ရကြ၏။

(ဆောင်ရန်)

- သု-ဝိ--ခုဇ်-သာ၊ ဥတ်-သုပ္ပ၊ သုပ်-ကာ-န-ကာဠီ။
- ဆယ်ယောက် မိန်းမ၊ ဂုဏ်ထူးရ၊ ထွန်းပ ခြိမ့်ခြိမ့်စိ။

## ဧတဒဂ်ရသော ဘိက္ခုနီမ (၁၃) ယောက်

(၁) မိထွေးတော်ဂေါတမီ–ညဉ့် အသိုင်းအခြားကို သိသည့် အရာ,

(၂) အရှင်ခေမာ–ဉာဏ်ပညာကြီးရင့်သည့် အရာ,

(၃) အရှင်ဥပ္ပလဝဏ်–တန်ခိုးကြီးမားသည့် အရာ,

(၄) အရှင်ပဋာစာရီ–ဝိနည်းတတ်သည့် အရာ,

(၅) အရှင်ဓမ္မဒိန္နာ -တရားဟောကောင်းသည့် အရာ,

(၆) အရှင်ရူပနန္ဒာ -ဈာန်ဝင်စားလေ့ရှိသည့် အရာ,

(၇) အရှင်သောဏာထေရီ–လုံ့လဝီရိယရှိသည့်အရာ,

(၈) အရှင်ဗာကုလာ–ဒိဗ္ဗစက္ခုဉာဏ်ရှိသည့်အရာ,

(၉) အရှင်ကုဏ္ဍလကေသီ–ပညာဉာဏ်လျှင်မြန်သည့် အရာ,

(၁၀) အရှင်ဘဒ္ဒကာပိလာနီ–ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏ် ရှိသည့် အရာ,

(၁၁) အရှင်ဘဒ္ဒကစ္စာနာ–ကြီးသော အဘိဉာဉ်ရှိသည့် အရာ,

(၁၂) အရှင်ကိသာဂေါတမီ– ခေါင်း ပါးသော သင်္ကန်း ကို ဆောင်တတ်သည့် အရာ,

(၁၃) အရှင်သိင်္ဂါလမာတာ–သဒ္ဓါတရားအားကြီးသည့် အရာ တို့၌ ဧတဒဂ်ရကြ၏။

(ဓဆာင်ရန်)

- ဂေါ-ခေ-ဥပ၊ ပဋ္ဌာ-ဓ၊ ရူပ-သောနှင့်ဗာ။
- ကုဏ္ဍာ-ဘဒ္ဒ၊ ဘဒ္ဒက၊ ကိဿမိဂ်လာ။
- တေဒဂ်ရ၊ ရဟန်းမ၊ ပေါင်းက ဆယ့်သုံးဖြာ။

တေဒဂ်ဂုဏ်၊ ချီးမွမ်းပုံ၊ လုံးစုံ နိဋ္ဌိတာ။

## မှတ်သားဖွယ် အဓိပ္ပာယ်များ

တေဒဂ်ရ ဂုဏ်ထူးဆောင် ရရှိသော ပုဂ္ဂိုလ်တို့သည် ကား ဘုရားတဆူတဆူလျှင် ဤရွေ့ဤမျှသာ ရှိ၏ဟု မဆိုနိုင်ရာ။

ထိုထိုသော တေဒဂ်ရာထူး၌ ဆုတောင်းပတ္ထနာ ပြုသူများခဲ့ သော် ထိုပုဂ္ဂိုလ်တို့အား အပိုင်းအခြားမရှိ များကုန်၏ဟု ဆို နိုင်ပါသည်။

ဒါန, သီလ, ဈာန် ပွားများမှုစသော အားဖြင့် တေဒဂ်ရရန် အတန်တန်ရှိသည်၊ ထိုကဲ့သို့ ရရန်အချက် တေဒဂ်တို့ကိုကုသိုလ် ကောင်းမှုပြု၍ ဆုတောင်းပတ္ထနာ ပြုကြမည် ဆိုလျှင် မရဟု မဆိုနိုင်ချေ။

ထို့ နောက် တေဒဂ် ဂုဏ်ထူး တခုတည်း ကို ပုဂ္ဂိုလ် တယောက် သာ ရထိုက်သည် ဟု လည်း မှတ် မထား သင့်။

ရှေးဦးစွာ သရဏဂုဏ်တည်သည့် အရာ၌ တဖုဿနှင့် ဘလ္လိက နှစ်ယောက် ဧတဒဂ်ရသည်ကို ထောက်ဆကြည့်လျှင် တခုသော ဧတဒဂ်အရာကို သုံးယောက် လေးယောက်စသည် ရနိုင်ကြောင်းကို မှတ်သားသင့်ပေသည်။

ညီတော်အာနန္ဒာ ဧတဒဂ်ငါးတန် ရသည်ကိုလည်းကောင်း၊ အရှင်ဗုဒ္ဓပန်၊ အရှင်သုဘူတိတို့ ဧတဒဂ်နှစ်တန်စီ ရသည်ကိုလည်းကောင်း ထောက်ဆကြည့်လျှင်လည်း ပုဂ္ဂိုလ်တယောက်ဟည်း ဧတဒဂ်လေးမျိုး ငါးမျိုးစသည် ရနိုင်ကြောင်းကို ဆိုသင့်ပေသည်။

ထို့ကြောင့် ငါတို့မြတ်စွာဘုရား သာသနာတော် လက်ထက်၌ ဧတဒဂ်ရသော ပုဂ္ဂိုလ်တို့၏ ဧတဒဂ်မျိုးတို့ကို ဖြစ်စေ, သို့မဟုတ် မိမိတို့နှစ်သက်ကြရာ ဧတဒဂ်မျိုးတို့ကို ဖြစ်စေ, ရရှိနိုင်ကြရန် ဆုမွန်ကောင်းကို တောင်းဆုအံ့ကြရန်ရာသတည်း။

**အထူး** ထိုဧတဒဂ်ဂုဏ်ထူးများကို နှစ်ယောက် သုံးယောက် စသည် ပိုင်ဆိုင်၍ ဆုတောင်းကြလျှင် မည်သူက ရမည်နည်းဟု မေးမှု—

မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်က ဆင်းသက်တော်မူလာစဉ်အခါ များစွာသော ပရိသတ်တို့သည် ဘုရားအဖြစ်ကို တောင့်တကြသော်လည်း ဘုရားဖြစ်ရန် ပါရမီမဖြည့်က ဘုရားမဖြစ်နိုင်ကြရသကဲ့သို့ ထိုထို ဧတဒဂ်ဂုဏ်များကို အလို

ရှိကြသော်လည်း ထိုဂုဏ်ရကြောင်း ပါရမီမပြည့်က ထိုဗေဒင်များကို မရနိုင်၍ ပြည့်ကျင့်မှသာ ရနိုင်ကြ၏။

အကယ်၍ ပါရမီပြည့်ချင်း တူကြလျှင် မမွှတာကဲ့သို့သော ဗေဒင်မျိုးကို ချန်ထား၍ အတူတူပင် ရထိုက်၏။

မမွှတာကဲ့သို့သော ဟူသည်ကား ဘုရားတဆူလျှင် အဂ္ဂသာဝကနှစ်ပါး၊ အသုပ်အကျွေးတော်တပါး၊ ဤသို့စသည်ကို ထိုထိုကျမ်းဂန်တို့၌ မိန့်ဆိုတော်မူကြ၏။

## သာဝကာယုဂပရိစ္ဆေဒ ဝဏ္ဏနာနိတိ

| မထေရ် | အရာဌာန | မထေရီ | အရာဌာန |
|---|---|---|---|
| ၁။ ခဏ္ဍ | .... ပညာ | တိဿာ | ....သမာဓိ |
| ၂။ အဘိဘူ | .... ။ | သမ္ဘဝ | .... ။ |
| ၃။ သောဏ | .... ။ | ဥတ္တရ | .... ။ |
| ၄။ ဝိဓူရ | ... ။ | သိဗ္ဗလည်း | .... ။ |
| ၅။ ဘိယျောသ | .... ။ | ဥတ္တရ | .... ။ |
| ၆။ တိဿ | .... ။ | ဘာရဒွါဇ | .... ။ |
| ၇။ ရှင်သာရိပုတ္တရာ | ။ | ရှင်မောဂ္ဂလာန် | ။ |

ဤသို့ ပညာအရာ, သမာဓိအရာ၌အထွတ် အထိပ်သို့ အသီး အသီးရောက်ကြ၏။

## သာဝကသန္နိပါတ ပရိစ္ဆေဒဝဏ္ဏနာနိတိ

ဝိပဿီမြတ်စွာဘုရား၏ ပထမသန္နိပါတ၌ အင်္ဂါလေးပါး

(၁) အလုံးစုံသော ရဟန်းတော်များသည် ဧဟိဘိက္ခု တော့ဖြစ်ခြင်း၊

(၂) တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းရှိကြခြင်း၊

(၃) မပင့်ဖိတ် မခေါ်ဝေါ်ပဲ လာကြခြင်း၊

(၄) ပန္နရသီ ဥပုသ်နေ့ ဖြစ်ကြခြင်းအားဖြင့် အင်္ဂါလေးပါးနှင့် ပြည့်စုံ၏။

ဝိပဿီမြတ်စွာဘုရားသည် ထိုအခါ ယပ်ကို ကိုင်ဆောင်တော်မူ၍ ဩဝါဒ ပါတိမောက်ကို ရွတ်ဆိုတော်မူ၏။

ဒုတိယ တတိယသန္နိပါတ တို့၌လည်း ဤနည်းနှင်နှင်ဟု မှတ်ကြွင်းသော သိခိစသော ဘုရားရှင်တို့၏ ပ, ဒု, တ, သန္နိပါတတို့၌လည်း၊ ဝိပဿီဘုရားရှင်၏ သန္နိပါတတို့နှင့် တူသည်သာတည်း ဟု မှတ်။

### အဂ္ဂသာဝကနှစ်ပါးတို့၏ ရဟန္တာဖြစ်ချိန်

အရှင်မဟာမောဂ္ဂလာန်သည် ရဟန်းဖြစ်၍ ခုနစ်ရက်မြောက်သောနေ့မှာပင် 'ရဟန္တာ'အဖြစ်သို့ ရောက်၏။ အရှင်သာရိပုတ္တရာကား ရဟန်းဖြစ်၍ တဆယ့်ငါးရက်မြောက်သော နေ့မှာပင်'ရဟန္တာ'အဖြစ်သို့ ရောက်၏ဟု မှတ်။

## ဥပဋ္ဌာကပရိက္ခာရဝဏ္ဏနာနီတိ
## အရှင်အာနန္ဒာပယ်သော ဆုလေးပါး

(၁) ဘုရားရှင်သည် ရအပ်သော မွန်မြတ်သော သင်္ကန်းကို မပေးစွမ်း(မချီးမြှောက်)ခြင်းလည်း တပါး၊

(၂) မွန်မြတ်သောဆွမ်းကို မပေးစွမ်း (မချီးမြှောက်) ခြင်းလည်း တပါး၊

(၃) ကိုယ်တော်မြတ် ကျိန်းဝပ်သော ဂန္ဓကုဋိတိုက်ခန်းသို့ ဝင်၍ မအိပ်ရခြင်းလည်း တပါး၊

(၄) ဆွမ်းဖိတ်သော ဒါယကာတို့ အိမ်သို့ အမြဲခေါ်၍ ကြွတော်မမူရခြင်းလည်း တပါးအားဖြင့် ပယ်သော ဆုလေးပါးတည်း။

(မှတ်ရန်)

- သင်္ကန်းနှင့် ဆွမ်း၊ မပေးစွမ်း၊ တိုက်ခန်းမဝင်ရာ။
- ဆွမ်းဖိတ်ကြွသော်၊မခေါ်ဝေါ်၊ပယ်တော်ဆုလေးဖြာ။

ရှင်လင်းပါဦးအံ့။ "အဘယ်အပြစ်ကို မြင်၍ သင်သည် ပယ်သောဆုကို တောင်းရသနည်း"ဟု မြတ်စွာဘုရားက မေးတော်မူလေသျှင် -

အရှင်ဘုရား၊ များစွာသော လူရှင်ရဟန်းတို့သည် အပြစ်တင်ငြူစူခြင်းများ၍ သူတပါး၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ ပြစ်တင်တတ်ပါသည်။

အရှင်အာနန္ဒာကား မြတ်စွာဘုရား ချီးမြှောက်တော်မူသော သင်္ကန်း, ဆွမ်းကိုရသောကြောင့် လည်းကောင်း၊ ဘုရားရှင်နှင့် အတူတကွ တိုက်ခန်း တခန်းတည်း၌ အိပ်ရသောကြောင့် လည်းကောင်း၊ ဒါယကာတို့ ပင့်ဖိတ်ရာသို့ အတူတပါတည်း လိုက်ပါသွားရသောကြောင့် လည်းကောင်း လာဘ်လာဘကို လိုလား၍ လုပ်ကျွေးပြုစုရသည်။

ဤသို့ ပြုစုလုပ်ကျွေးရသော် လုပ်ကျွေးသော သူအားအဘယ်မှာ တာဝန်လေးပါအံ့နည်း။ ငါတို့ကို ဤကဲ့သို့ မချီးမြှောက်လို၍ လုပ်ကျွေးဖွယ်မရှိဟု ဆိုကြကုန်ရာ၏။ ထို့ကြောင့် ဤဆုလေးပါးကို တပည့်တော် ပယ်လိုပါသည်ဟု လျှောက်၏။

## အရှင်အာနန္ဒာတောင်းသော ဆုလေးပါး

(၁) အရှင်ဘုရား၊ တပည့်တော်သည် ပင့်ဖိတ်အပ်သော ဆွမ်းကို ခံတော်မူရခြင်းလည်း တပါး၊

(၂) တပည့်တော်သည် တပါးသော တိုင်း ဇနပုဒ်မှ ဘုရားရှင်ကို ဖူးမြင်ရန် လာသောအခါ လာသောပရိသတ်ကို ထိုခဏ၌ တပည့်တော်လျှောက်လာလျှင် ဖူးမြင်ခွင့်ရပါရစေခြင်းလည်း တပါး၊

(၃) တပည့်တော်သည် အကြင်အခါ၌ တစုံတခုသောတရား၌ ယုံမှားခြင်းသုံးပါးရှိခဲ့သော် အရှင်ဘုရားထံမေးလျှောက်ရန် ဆည်းကပ်ရခြင်းလည်း တပါး၊

(၄) ဘုရားရှင်သည် တပည့်တော်၏ မျက်ကွယ် ဒေသ၌ ဟောတော်မူသမျှသော တရားစကားကို တပည့်တော်အား တဖန်ထပ်၍ ဟောကြားတော် မူရခြင်းလည်း တပါးအားဖြင့် တောင်းသောဆု လေးပါးတည်း။

(ဆောင်ရန်)

- ပင့်သော်ကြွပါ၊ ဖူးမြင်လာ၊ သုံးဖြာအာသက်ာ။
- မျက်ကွယ်ဒေသ၊ ဟောခမ္မ၊ နောက်မှ ဟောပြန်ရာ။
- အကြောင်းလေးသွယ်၊ ပြည့်စုံပူ၊ တောင်းယူဆုလေးဖြာ။
- ထံပါးမသွေ၊ လုပ်ကျွေးပေး၊ ရှိသေအာနန္ဒာ။
- အာနန္ဒာဆု၊ ဤရှစ်ခု၊ ဟောမူနိဋ္ဌိတာ။

ရှင်းလင်းပါဦးအံ့— "အဘယ်သို့သော အကျိုး အာနိသံသကို
မြင်၍ ဤလေးပါးသောဆုကို တောင်း
ရသနည်း—

ဟု မေးတော်မူပြန်သည်ရှိသော် အရှင်ဘုရား၊ သဒ္ဓါတရားရှိကုန်သော အပျိုးကောင်းသားတို့သည် ဘုရားရှင်ကိုပင့်ရန် အခွင့်မရသောအခါ တပည့်ဟော်ထံသို့လာ၍ အရှင်အာနန္ဒာ၊ မြတ်စွာဘုရားနှင့်တကွ နက်ဖြန်ကျွန်ုပ်တို့ အိမ်သို့ကြွ၍ ဆွမ်း, သက်န်း အလှူကို ခံတော်မူကုန်လော့ဟု လျှောက်အံ့၊ ထိုအခါ အကျွန်ုပ်တောင်းပန်၍ မရခဲ့သော်လည်းကောင်း၊ အဝေးမှ ရောက်လာသော ပရိသတ်တို့သည် ဘုရားရှင်ကို ဖူးမြင်လို၍ အကျွန်ုပ်ထံသို့ ချဉ်းကပ်သောကာလ ဖူးမြင်ရအောင် မပြုနိုင်သော် လည်းကောင်း၊ အကျွန်ုပ် ခက်ခဲသော အရာ၌ ယုံမှားသံသယကို ကင်းစိမ့်သောငှာ ချဉ်းကပ်ခွင့် မရသော် လည်းကောင်း၊ အရှင်အာနန္ဒာ၊ ဤဒေသနာတော်ကား သုတ်လော၊ ဝိနည်းလော၊ အဘိဓမ္မာလော, အဘယ်အရပ်၌ အဘယ်ဇာတ်ကို ဟောကြားသနည်းစသည်ဖြင့် မေးခဲ့သော် မဖြေဆိုနိုင်ရှိပါလိမ့်မည်။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ သွားလေရာပါသော အရိပ်ကဲ့သို့ ဘုရားရှင်ကိုမစွန့်မူ၍ ဖဝါးခြေထပ် ထက်ကြပ်ပါသူ ဖြစ်ပါလျက် ဘုရားရှင်၏ တရားစကားကို ရှိသေစွာ မမှတ်ဘိ။

သိသင့်သမျှကို မသိရှာလေခြင်းဟု သူတပါးတို့ ကဲ့ရဲ့ ပြစ်တင်ရာသည်။ ထို့ကြောင့် ဤတောင်းသောဆု လေးပါးကို အကျွန်ုပ် ရလိုပါသည်ဟု လျှောက်ထား၏။

(အကျယ်ကိုသိလိုပါမူ ဇိနတ္ထပကာသနိ၌ရှုပါ။)

ထို့ကြောင့် ဘုရားရှင်က— အာနန္ဒာအား အလုပ်အကျွေးအရာ၌လည်း ဧတဒဂ်ရာထူး ပေးခဲ့ကြောင်း အာနန္ဒာရရှိသော ဧတဒဂ်ငါးပါးကို ဟောတော်မူခဲ့ပေသည်။

## အာနန္ဒာ၏ ဧတဒဂ်ငါးပါး

(၁) ဗဟုသုတ ရှိသည့်အရာ၊

(၂) ဉာဏ်ပညာကြီးရင့်သည့်အရာ၊

(၃) သတိမြဲမြံ ခိုင်ခံ့သည့်အရာ၊

(၄) လုံ့လဝီရိယရှိသည့်အရာ၊

(၅) အလုပ်အကျွေးကောင်းမွန်သည့်အရာဟုငါးမျိုးရှိ၏။

(မှတ်ဆောင်ရန်) မြန်မာဂါထာ

ဗဟုသုတ ဉာဏလျင်မြန်၊
မြဲမြံသတိ လုံ့လရှိပြန်၊
ကောင်းစွာလုပ်ကျွေး ပေါင်းရေးငါးတန်၊
အာနန္ဒါ ထူးလှ ဧတဒဂ်။

## ပရိစ္ဆေဒ ကိုးပါးသရုပ်

(၁) ကပ္ပပရိစ္ဆေဒ....ကမ္ဘာကို ပိုင်းခြား၍ သိခြင်း၊

(၂) ဇာတိပရိစ္ဆေဒ....အမျိုးကို ပိုင်းခြား၍ သိခြင်း၊

(၃) ဂေါတ္တပရိစ္ဆေဒ....အနွယ်ကို ပိုင်းခြား၍ သိခြင်း၊

(၄) အာယုပရိစ္ဆေဒ....အသက်ကို ပိုင်းခြား၍သိခြင်း၊

(၅) ဗောဓိပရိစ္ဆေဒ....ဗောဓိပင်ကို ပိုင်းခြား၍ သိခြင်း၊

(၆) သာဝကယုဂပရိစ္ဆေဒ....သာဝက အစုံကို ပိုင်းခြား၍ သိခြင်း၊

(၇) သာဝကသန္နိပါတပရိစ္ဆေဒ ...သာဝက အစည်း အဝေးကို ပိုင်းခြား၍ သိခြင်း၊

(၈) ဥပဋ္ဌာကသန္နိပါတ ပရိစ္ဆေဒ....အလုပ်အကျွေးကိုပိုင်းခြား၍ သိခြင်း၊

(၉) ပိတုမာတုပရိစ္ဆေဒ ...အဘ,ကို ပိုင်းခြား၍ သိခြင်း အားဖြင့် ပရိစ္ဆေဒ ကိုးပါး ဖြစ်သတည်း။

(ဆောင်ရန်)

- ကပ္ပ,ဇာတိ၊ အားယုထည့်၊ ဗောဓိ, သာဝကာ။
- ဥပ,ပိတိ၊ ဂေါတ္တသိ၊ ကိုးရှိပရိစ္ဆေဒါ။

မှတ်ချက်။ ။သာပကာ၌ သာဝကယုဂ ပရိစ္ဆေဒ,သာဝကသန္နိပါတ ပရိစ္ဆေဒနှစ်ပါးကို ယူလေ။

ပုတ္တပရိစ္ဆေဒပြဂါထာ

သမဝတ္တက္ခန္ဓော အတုလော၊
သုပ္ပဗုဒ္ဓေါ စ ဥတ္တရော။
သတ္တဝါဟော ဝိဇိတသေနော၊
ရာဟုလော ဘဝတိ သတ္တမော။

ဂါထာအနက်....သမဝတ္တက္ခန္ဓော စ၊ သမဝတ္တက္ခန္ဓ မည်သော သားသည် လည်းကောင်း။ အတုလော စ၊ အတုလ မည်သော သားသည်လည်းကောင်း။ ဥတ္တရော စ၊ ဥတ္တရ မည်သော သားသည်လည်းကောင်း။ သတ္တဝါဟော စ၊ သတ္တဝါဟ မည်သော သားသည် လည်းကောင်း။ ဝိဇိတသေနော စ၊ ဝိဇိတသေန မည်သောသားသည် လည်းကောင်း။ သတ္တမော၊ ခုနစ်ယောက်မြောက်သော၊ ရာဟုလော စ၊ ရာဟုလ မည်သောသား သည်လည်းကောင်း။ ဘဝတိ၊ ဖြစ်၏၊

ဤသို့ ရှေးဦးစွာ ဘုရားလောင်း ခုနစ်ယောက်တို့၏ သားတော်ခုနစ်ယောက်တို့ကို အစဉ်အတိုင်း သိရှိပါလေ။

## ဝိပဿီစသော ဘုရားလောင်းတို့၏
## ဘရိယ(မယား)ပရိစ္ဆေဒပြဂါထာ

သုတနာ သဗ္ဗကာမာ စ၊
သုစိတ္တာ အထ ရောစိနီ။
ရုစိဂ္ဂိနီ သုနန္ဒာ စ၊
ဗိမ္ဗာ ဟဝိ သတ္တမာတိ။

**ဂါထာအနက်** ...သုတနာ စ၊ သုတနာမည်သော မိန်းမ လည်းကောင်း။ သဗ္ဗကာမာ စ၊ သဗ္ဗကာမာ မည်သော မိန်းမ လည်းကောင်း၊ သုစိတ္တာ စ၊ သုစိတ္တာမည်သော မိန်းမ လည်းကောင်း။ အထ၊ ထိုမှတပါး ရောစိနီ စ၊ ရောစိနီမည်သော မိန်းမ လည်းကောင်း။ ရုစိဂ္ဂိနီ စ၊ ရုစိဂ္ဂိနီ မည်သော မိန်းမ လည်းကောင်း။ သုနန္ဒာ စ၊ သုနန္ဒာမည် သော မိန်းမလည်းကောင်း။ ဗိမ္ဗာ၊ ဗိမ္ဗာမည်သော မယားသည်။ သတ္တမာ၊ ခုနစ်ယောက်မြောက်သည်။ ဘဝတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သတ္တန္နမ္ပိ၊ ကုန်သော။ တေသံ ပုတ္တာနံ၊ ထိုသား၏။ တော မာတရော စ၊ ထိုအစဉ်အတိုင်း အမိ (မယ်တော်) တို့သည်လည်း။ အဟေသုံ၊ ဖြစ်ကုန်၏။

## ယာနပရိစ္ဆေဒ ဝဏ္ဏနာနိတိ
### [တောထွက်တော်မူရာ ယာဉ်ပိုင်းပုံဟူလို]

(၁) ဝိပဿီပနှင့် ကကုသန်ဘုရား လောင်းတို့သည် အာဇာနည်မြင်း ခြောက်စီးကသော 'ရထားယာဉ်' ကိုစီး၍ တောထွက်တော်မူကြ၏။

(၂) သိခိနှင့် ကောဏာဂုံ ဘုရားလောင်း တို့သည် မြတ်သော ဆင်ကျောက်ကုန်း၌ 'ဆင်ယာဉ်' ကိုစီး၍ တောထွက်တော်မူကြ၏။

(၃) ဝေဿဘူဘုရားလောင်းသည်ကား 'ရွှေထမ်းစင်ယာဉ်' ၌စီး၍ တောထွက်တော်မူ၏။

(၄) ကဿပ ဘုရားလောင်းသည်ကား ထွက်သက်ဝင်သက် လျှင် အာရုံရှိသော စတုဗ္ဗ ဈာန်ကိုဝင်စား၍ 'ပြာသာဒ် ယာဉ်' ဖြင့် တောထွက်တော်မူ၏။

(၅) ငါတို့ 'ဂေါတမ' ဘုရားလောင်းသည်ကား 'ကဏ္ဍက မြင်းမြတ်' ကိုစီး၍ တောထွက်တော်မူလေသည်။

[ အကျယ်ကိုသိလိုမူ ၃ ခွဝင်ဝသည်ကိုကြည့်လေ ]

### ဝိဟာရပရိစ္ဆေဒ ဝဏ္ဏနာနီတိ

[ ကျောင်းကိုပိုင်းခြားမှုဟူလို ]

(၁) ဝိပဿီ...မြတ်စွာဘုရား၏ ကျောင်းတော်ကား တယူဇနာ အရပ်၌ တည်၏။

(၂) သိခီ...မြတ်စွာဘုရား၏ ကျောင်းတော်ကား သုံးဂါဝုတ် ရှိသော အရပ်၌တည်၏။

(၃) ဝေဿဘူ....မြတ်စွာဘုရား၏ ကျောင်းတော်ကား ယူဇနာ ခွဲရှိသော အရပ်၌တည်၏။

(၄) ကကုသန်....မြတ်စွာဘုရား၏ ကျောင်းတော်ကား တဂါဝုတ်ရှိသော အရပ်၌ တည်၏။

(၅) ကောဏာဂုံ မြတ်စွာဘုရား၏ ကျောင်းတော်ကား ဂါဝုတ်ဝက်ရှိသော အရပ်၌ တည်၏။

(၆) ကဿပ .. မြတ်စွာဘုရား၏ ကျောင်းတော်ကား ဥသဘနှစ်ဆယ် အရပ်၌တည်၏။

(၇) ငါတို့ (ဂေါတမ) ဘုရားရှင်၏ ကျောင်းတော်ကား တဆယ့်ခြောက်ပယ်ရှိသော မင်းပယ်ဖြင့် ရှစ်ပယ်ရှိသော အရပ်၌တည်၏။

## ကျောင်းရာမြေကို လှူကြောင်း ဥစ္စာအပိုင်းအခြား

(၁) ဝိပဿီ... ဘုရားလက်ထက်၌ ကျောင်းရာမြေကို အလျားတတောင်၊ အနံတတောင်၊ အစောက် လက်ရှစ်သစ်ရှိသော ရွှေအုတ်ကိုခင်း၍ 'ပုနဗ္ဗသုမိတ္တ သူကြွယ်က ဝယ်၍ လှူဒါန်း၏။

(၂) သိခီ....ဘုရားလက်ထက်၌ 'သိရိဝဍ္ဎနသူကြွယ်' ရွှေထွန်သွားဖြင့် ခင်း၍ ကျောင်းရာမြေကို ဝယ်၍ လှူဒါန်း၏။

(၃) ဝေဿဘူ....ဘုရားလက်ထက်၌ 'သောဘ္ထိယသူကြွယ်' ရွှေဆင်ရုပ် (ဝါ)- ရွှေခဲတို့ကို ခင်း၍ ယူဇနာခွဲရှိသော ကျောင်းရာ မြေကိုဝယ်၍ လှူဒါန်း၏။

(၄) ကကုသန် ဘုရား လက်ထက်၌ 'အစ္စုတ သူကြွယ်' ရွှေအုတ်ခင်း၍ ဂါဝုတ် ပမာဏရှိသော ကျောင်းမြေရာကိုဝယ်၍ လှူဒါန်း၏။

(၅) ကောဏာဂုံ....ဘုရားလက်ထက်၌ 'ဥဂ္ဂသဌေးသူကြွယ်' ရွှေလိပ်ရုပ်ခင်း၍ ဂါဝုတ်ခွဲ ပမာဏရှိသော ကျောင်းရာမြေကို ဝယ်၍ လှူဒါန်း၏။

(၆) ကဿပ....ဘုရားလက်ထက်၌ 'သုမနသူကြွယ်'ရွှေအုတ်ခင်း၍ တဆယ့်ခြောက်ပယ် ပမာဏရှိသော ကျောင်းရာမြေကို ဝယ်၍ လှူဒါန်း၏။

(၇) ငါတို့(ဂေါတမ)...ဘုရားလက်ထက်၌'အနာထပိဏ်သဌေး' သပြာစုန်းချင်း ထိစေလျက် ရွှေ ငွေ့ ဘို့ကိုခင်း၍ မင်း၏ပယ်တော် ရှစ်ပယ်ခန့်ရှိသော ကျောင်းမြေရာကို ဝယ်၍ လှူဒါန်း၏။ (ဝါ) သံဃာ့အရာမ်ကို ပြုစေ၏ ဟူလို။

အဝိဇဟိတ ဌာနလေးပါး

[မစွန့်အပ်သော အရပ် လေးပါးဟူလို]

(၁) မဟာဗောဓိ . အလုံးစုံသောဘုရားတို့၏ ဗောဓိပလ္လင်တည်ရာ မဟာဗောဓိဌာန၊

(၂) မိဂဒါဝန်....မြတ်စွာဘုရား ဟောတော်မူရာ ဣသိပတန မိဂဒါဝုန် တောအရပ်၊

(၃) သင်္ကာသနဂရပါ....တာဝတိံသာ နတ်ပြည်မှ သက်ဆင်းတော်မူ၍ သင်္ကဿမြို့တံခါး၌ စောင်းတန်းဦးဝယ် ပထမလက်ယာ ခြေတော်ရာ ချတော်မူရာ အရပ်၊

(၄) သာဝတ္ထိပြည်မှန် ဇေတဝန်....သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ အမြဲသီတင်းသုံးတော်မူရာ ညောင်စောင်း ခြေတော်ရာအချပ် အားဖြင့် လေးဌာနတည်း။

[ဆောင်ရန်] [မြန်မာဂါထာ]

မာရ်အောင် ဌာန ဗောဓိရုက္ခ၊
မြွက်ဟော မိဂ တောပေ။
ဇေတဝန်ကျောင်း ညောင်စောင်းတော်ခြေ၊
သင်္ကဿ၊ မြန်းကြွ တို့ဇိနေ။
(မစွန့်အပ် လေးရပ် မှတ်ကြလေ။)

(သတိပြု) မဟာပရိနိဗ္ဗာနသုတ် ဝါဋ္ဋိတော်တွင် ပြဆိုခဲ့သော သံဝေဇနိယ လေးဌာနနှင့် အစိဇဟိတ လေးဌာနတို့ကို ပူးတွဲကာ အလွယ်တကူ ကျက်တော်မူကြရန် သင်္ဂဟဂါထာဖြင့် ဖော်ပြပါဦးအံ့။

[အရဆောင်ထားရန် အလွန်သင့်မြတ်စေပသည်]

[ဆောင်ရန်]

လုမ္ဗိနျထော မဟာဗောဓိ၊
မိဂဒါယံ ကုသာဝတီ၊
သာဝတ္ထိစေဝ သင်္ကဿံ၊
ဆဗ္ဗောတံ မောက္ခဒါယကံ။

[သာသနိကကျမ်း]

ဂါထာအနက်-လုမ္ဗိနီ၊ ပစ္စိမဘဝိက ဘုရားအလောင်း ဖွားမြင်တော်မူရာ 'သံဝေဇနိယဌာန' အပါအဝင်ဖြစ်သော 'လုမ္ဗိနီဥယျာဉ်' လည်းကောင်း။

အထော၊ ထိုမှတပါး။ မဟာဗောဓိ၊ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင် ထိုးသွင်း၍ သိမြင်တော်မူသဖြင့် ဘုရား အဖြစ်သို့ ရောက်တော်မူရာ 'သံဝေဇနိယဌာန' နှင့် 'အဝိဇ ဟိတဌာန' နှစ်ပါးတွင် အပါအဝင်ဖြစ်သော 'မဟာဗောဓိပင်' လည်းကောင်း။

မိဂဒါယ်၊ ဓမ္မစကြာ တရားဦး ဟောတော်မူရာ သံဝေဇနီယ ဌာနနှင့် အဝိဇဟိတဌာန နှစ်ပါးတွင် အပါ အဝင် ဖြစ်သော 'ဣသိပတန မိဂဒါဝုန်တော' လည်းကောင်း။

ကုသာဝတီ၊ ပရိနိဗ္ဗာန် စံလွန်တော်မူရာ သံဝေဇနီယဌာန အပါအဝင် ဖြစ်သော ကုသိနာရုံပြည် လည်းကောင်း။

သာဝတ္ထိစေဝ၊ မြတ်စွာဘုရား (၂၅) ဝါကာလပတ်လုံး အမြဲသီတင်းသုံး နေထိုင်တော်မူရာ သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်းတော် 'အဝိဇဟိတဌာန' အပါအဝင်ဖြစ်သော 'ဂန္ဓကုဋီတိုက်' လည်းကောင်း။

သင်္ကဿံ၊ တာဝတိံသာနတ်ပြည်မှ မြတ်စွာဘုရား သက်ဆင်း တော်မူရာ 'အဝိဇဟိတဌာန' အပါအဝင်ဖြစ်သော သင်္ကဿနဂိုရ် ပြည်' လည်းကောင်း။

ဣတိ၊ ဤသို့။ တေ ဆက္ကံ၊ ဤခြောက်ဌာနအပေါင်းသည်။ မောက္ခဒါယကံ၊ ရှေးကံ လည်းထောက် သဒ္ဓါပေါက်၍ သွား ရောက်ဖူးမြော် ညွတ်ပူဇော်လျက် ကောရော်မြတ်နိုး အကြိမ် ကြိမ်ရှိခိုး ကန်တော့ကြရသော ပုဂ္ဂိုလ်တို့အား သံသရာဝဋ်

အတွင်းမှ မြန်မကြာလွတ်ကင်းဖို့ရန်အောင်မြို့မှန်သည့် ပြည်နိဗ္ဗာန် ခေမာသောင်ကမ်းသို့ ရည်စိတ်သန် မသွေမကွာ တက်လှမ်းခြင်းကို ပေးတတ်တော အရပ် မှန်ပေ၏။

## ဝေမတ္တ မတူခြင်း အပြားငါးပါး

**အာယုဝေမတ္တ**—ခပ်သိမ်းသော ဘုရားရှင်တို့၏ အသက်တော် မတူခြင်းမျိုးတည်း။

မှန်၏.... အချို့သော ဘုရားရှင်တို့သည် ရှည်သော သက်တော် ရှိကြ၏။ အချို့သော ဘုရားရှင်တို့သည် တိုသော သက်တော် ရှိကြ၏။ ထို့ကြောင့် ဒီပင်္ကရာ မြတ်စွာဘုရား၏ သက်တော်ကား။ အနှစ်တသိန်းရှိ၏။ ငါတို့ ဘုရားရှင်ကား သက်တော် တရာတမ်း ရှိ၏။ ဤကား 'အာယုဝေမတ္တ' မည်၏။

**ပမာဏဝေမတ္တ**—ခပ်သိမ်းသောဘုရားရှင် တို့တွင် အချို့သော ဘုရားရှင်တို့သည် အရပ်တော် မြင့်၏။ အချို့သော ဘုရားရှင်တို့သည်။ နိမ့်၏ ဒီပင်္ကရာ မြတ်စွာဘုရား အရပ်တော်ကား အတောင် ရှစ်ဆယ်၊ သုမနဘုရား၏ အရပ်တော်ကား အတောင်ကိုးဆယ်ရှိ၏။ 'ငါတို့ဘုရားရှင်၏ အရပ်တော်ကား တဆယ့်ရှစ်တောင် ရှိ၏။ ဤကား- 'ပမာဏ ဝေမတ္တ' မည်၏။

ကုလဝေမတ္တ – ကကုသန်, ကောဏာဂုံ, ကဿပဘုရားရှင်တို့ကား ပုဏ္ဏားမျိုး၊ ကြွင်းသောဘုရားရှင်တို့ကား မင်းမျိုး၊ ဤသို့ အမျိုးမတူခြင်းသည် 'ကုလဝေမတ္တ' မည်၏။

ပမာဏဝေမတ္တ – အချို့သော ဘုရားရှင်တို့၏ ဒုက္ကရစရိယာ အကျင့်သည် တိုသော ကာလရှိ၏။ ဥပမာ ကဿပဘုရားရှင်၏ ဒုက္ကရစရိယာအကျင့်သည် (ခုနစ်ရက်) တိုသော ကာလကျင့် သကဲ့သို့တည်း။

အချို့သော ဘုရားရှင်တို့၏ ဒုက္ကရစရိယာ အကျင့်သည် ရှည်သောကာလ ရှိ၏။ ဥပမာ – ငါတို့ ဘုရားရှင်၏ ဒုက္ကရစရိယာ အကျင့်သည် (ခြောက်နှစ်) ရှည်သော ဒုက္ကရစရိယာအကျင့် ရှိသကဲ့သို့တည်း။ ဤကား 'ပမာဏဝေမတ္တ' မည်၏။

ရသ္မိဝေမတ္တ – ဘုရားရှင်တို့၏ ကိုယ်တော်ရောင် မတူခြင်းမျိုးသည် ရသ္မိဝေမတ္တ မည်၏။ ဥပမာ မင်္ဂလာမြတ်စွာ ဘုရား၏ ကိုယ်တော်ရောင်သည် (ဝါ) ရောင်ခြည်တော်သည် လောကဓာတ်တသောင်းလုံး ပျံ့နှံ့နိုင်၏။

ငါတို့ဘုရားရှင်ကား–ကိုယ်တော်၏ ထက်ဝန်းကျင်မှ ရောင်ခြည်တော်တလံပမာဏ ထွန်းတောက်ပနိုင်၏။

မှတ်ချက် .... ထိုထို ဘုရားရှင်တို့၏ ကိုယ်တော်ရောင်၏ ထူးခြားခြင်းသည် သဗ္ဗညုတဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၏ အကြောင်းဖြစ်သော ပါရမီသုံးဆယ်, စွန့်ခြင်းကြီး ငါးပါး, စရိယသုံးပါးတို့ဖြင့် ဖြည့်ဆည်းပူးတော်မူသောအခါ မိမိ၏ အလိုးတော် ဆန္ဒရှိသည့်အတိုင်း ကိုယ်တော်၏ အရောင်ဖြင့် ပျံ့နှံ့နိုင်၏ဟု မှတ်။

အထူးမှာ.... ဗုဒ္ဓဝင် အဋ္ဌကထာ၌ ယာနဝေမတ္တ, ဗောဓိဝေမတ္တ, ပလ္လင်္ကဝေမတ္တ သုံးပါးထည့်ပေါင်းလျှင် 'ဝေမတ္တရှစ်ပါး' ရှိ၏ဟု မှတ်။

[ အကျယ်ကိုသိလိုမူ သမန္တစက္ခုဒီပနီမှာ ကြည့်ရှုပါလေ။ ]

(ဆောင်ရန်)

- အာယု,ကုလ ပမာဏ၊ ပဓာန,ရသ္မိသာ။
- ဝေမတ္တာဘား၊ ပေါင်းငါးပါး၊ မှတ်သား ဤ ကျမ်းလာ။
- ယာ,ဗော ပလ္လင်၊ ပေါင်းစွက်ပြန်၊ ရှာတန် ဗုဒ္ဓဝင်လာ။
- အကျယ်သိက၊ ထိုဂန္ထ၊ ရှုကြ သောတုဇနာ။

## ပြတ်စွာဘုရား၏ ဖွားဖက်တော်ခုနစ်ယောက်

(၁) ကာဠုဒါယီ၊
(၂) ယသောဓရာ၊
(၃) ညီတော်အာနန္ဒာ၊
(၄) ဆန္နအမတ်၊
(၅) ကဏ္ဍကမြင်း၊
(၆) သောဏ္ဍာ·ခေါ် ရွှေအိုးကြီး လေးလုံး၊
(၇) ညောင်ဗုဒ္ဓပင် အားဖြင့် ခုနစ်မျိုးတည်း။

(ဆောင်ရန်)

ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍာ၊ ဗုဒ္ဓဟော။
ဖွားဖက်တော်မြတ်၊ ခုနစ်ရပ်၊ မှတ်ကြမျိုးလေးထွေ။

အကျဉ်းဆောင်ပုဒ်

အာ၊ ဗော၊ ကာ၊ ယ၊ င၊ ရွှေ၊ ကန်–တဲ့။

ဖွားဖက်တော် ခုနစ်ဦး အဆုံးအဖြတ်

'အာ၊ ဗော၊ ကာ၊ ယ၊ င၊ ရွှေ၊ ကန်' ဟူသော ဖွားဖက်တော် ခုနစ်ယောက်တွင် (အာ)မှာ အာနန္ဒာ၊ အာရောဟိနီယဆင်၊ အာဇာနီယဆင်ဟူ၍ ဝါဒသုံးမျိုး ကွဲပြားကြ၏။

ဝမ္ပဒအဋ္ဌကထာ သုတ်မဟာဝါအဋ္ဌကထာတို့၌ အာနန္ဒာ ထေရ်ဟု လာရှိသည်။

ဂုင်းသုတ်မဟာဝါ ဋီကာအရကား ဘုရားအလောင်းပဋိသန္ဓေယူတော်မူသော နေ့မှာပင် အရှင်အာနန္ဒာလည်း ပဋိသန္ဓေ ယူကြောင်း အဆိုရှိ၍ ပဋိသန္ဓေအတူနေသည်ဟုသာ ပြုပါသည်။

ဘုရားအလောင်း ဖွားမြင်တော်မူသော နေ့မှာပင် ဖွားမြင်သည်ဟုကား မဆို။

ထို့ကြောင့် သုတ်မဟာဝါဋီကာဆရာလို 'ရှင်အာနန္ဒာ'ကို မယူသင့်ဟု ဆုံးဖြတ်တော်မူကြသည်။

ဧကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ ထေရဂါထာ၊ သာရတ္ထဒီပနီ ဋီကာတို့၌ အာရောဟိနီယဆင်ဟု ဆိုသည်။ ဗုဒ္ဓဝင် အဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာ နိဒါန်း ကာဠုဒါယီ ထေရဂါထာတို့၌ 'အာဇာနီယဆင်'ဟု လာရှိသည်။

မြန်မာဘာသာရှိ ပျို့လင်္ကာကျမ်းစာများ၌ ဖွားဖက်တော်တွင် 'အာနန္ဒာ'ဟုသာ အဆိုများစွာ ရှိသည်ကို တွေ့ရသဖြင့် ပညာရှိများ အထူးစဉ်းစားကြပါလေ။

ဖွားဖက်တော်ကား၊ အာနန္ဒာနှင့်၊ ယတော်ခရော၊ မဟာ
ဗောဓိ၊ ကဏ္ဍက,မြင်း၊

[ စမ္မရာသီပျို ]

နေ့ချင်းဖွားသော်၊ ဇကွမြော်သား၊ ယသော်ဓရော၊ အာ
နန္ဒာက၊ စသည်အပြား၊ ခုနစ်ပါးတွင်။

[ အရှင်မဟာရဋ္ဌသာရ အင်း၀ဓမော်ကွန်း
ဂါထာ [ ၆၀ ] ပျို့ ]

ငါ့ညီ ဖွားဖက်၊ တေဇဂ်လည်း၊ ငါးချက်ပြည့်ဟန်၊ သူ
မတန်သည်၊ အာနန္ဒာ ခေါ်ကြ ခုခါတည်း။

[ ဥမ္မာဒန္တီပျို ]

ဤသို့ စပ်ဆိုခဲ့ကြသည်ကို တွေ့ရလေသည်။

ဤလင်္ကာ ကဗျာတို့နှင့် သုတ်မဟာဝါအဋ္ဌကထာတို့
ကို ထောက်ဆ၍ အရှင်အာနန္ဒာကိုယူက ပိုသင့်တော်မည်ထင်၏။

## နက္ခတ္တပရိစ္ဆေဒ ဝဏ္ဏနာဒီပ်ား

ဘုရားအလောင်းတို့အား နက္ခတ်နှင့် ယှဉ်ပုံကို ပြဆိုဦးအံ့။
ယောကျ်ားမြတ်သည်ကား ဉတ္တရာသန် နက္ခတ်နှင့် ယှဉ်၍
မယ်တော်ဝမ်း၌ ပဋိသန္ဓေ ယူတော်မူ၏။ တောထွက်တော်မူ၏၊
ဓမ္မစကြာတရားဟောကို ဟောတော်မူ၏၊ ရေ့မိုးအံ့စုံသော
တန်ခိုးပြာဋိဟာကို ပြတော်မူ၏၊

ဝိသာခါနက္ခတ်နှင့် ယှဉ်၍ ဖွားမြင်တော်မူ၏။ သစ္စာလေးပါး တရားတော်ကို သိတော်မူ၏။ (ဘုရားဖြစ်တော်မူ၏ ဟူလို) ပရိနိဗ္ဗာန် စံတော်မူ၏။

မာဃနက္ခတ်နှင့် ယှဉ်၍ သာဝကအစည်းအဝေးကို ပြုတော်မူ၏။ အာယုသင်္ခါရကို လွှတ်တော်မူ၏။

အဿယုဇနက္ခတ်, အဿဝဏီနက္ခတ်နှင့် ယှဉ်၍ တာဝတိံသာ နတ်ပြည်မှ ဆင်းသက်တော်မူ၏။ ဤကား နက္ခတ္တပရိစ္ဆေဒ တည်း။

ဗောဓိမဂ္ဂ ၌ လိုအပ်သော ဓမ္မကား သမာဓိ၏ အပင်းအသင်း ဖြစ်သော တရားတို့ကို လိုအပ်ပါသည်။

မေး ● ဧဝံ ဓမ္မာ၌ သမာဓိ၏ အပင်းအသင်းတို့ကို ယူပြီးဖြစ်ပါလျက် အဘယ့်ကြောင့် ဧဝံ ဝိဟာရီ၌ ဝိဟာရအရ ထိုသမာဓိ၏ အပင်း အသင်း တို့ကို ထပ်ယူရပါသနည်း။

ဖြေ ● နိရောဓသမာပတ်ကို ပြခြင်း အကျိုးငှာ ထပ်ယူပါသည်။

## ဝိမုတ္တိ (လွတ်မြောက်ခြင်း) အပြားငါးပါး

(၁) **တဒင်္ဂဝိမုတ္တိ**–ကာမကုသိုလ်ဖြင့် အခိုက်အတန့်မျှ ကိလေသာမှ လွတ်မြောက်ခြင်း (ဝါ) နိစ္စ စသည်တို့မှ လွတ်သည်၏ အဖြစ်ကြောင့် 'တဒင်္ဂဝိမုတ္တိ' ဟု ခေါ်၏။

(၂) ဝိက္ခမ္ဘနဝိမုတ္တိ–မဟဂ္ဂုတ် ကုသိုလ်ဖြင့် အခိုက်အတန့်မျှ ကိလေသာမှ လွတ်ခြင်း (ဝါ) နီဝရဏ စသည်တို့မှ လွတ်သောကြောင့် 'ဝိက္ခမ္ဘန ဝိမုတ္တိ' ဟု ခေါ်၏။

(၃) သမုစ္ဆေဒဝိမုတ္တိ–မဂ်ဖြင့် အကြွင်းမဲ့ပယ်၍ ကိလေသာမှ လွတ်ခြင်း (ဝါ) မဂ်ဖြင့် အကြွင်းမဲ့ ဖြတ်အပ်ပြီးသော ကိလေသာတို့မှ လွတ်သောကြောင့် 'သမုစ္ဆေဒဝိမုတ္တိ' ဟု ခေါ်၏။

(၄) **ပဋိပဿမ္ဘနဝိမုတ္တိ**–ဖိုလ်ဖြင့် ငြိမ်းအေးပြီးသော ကိလေသာမှ လွတ်ခြင်း (ဝါ) ဖိုလ်တို့သည် **မဂ်၏ အစွမ်းသတ္တိ**ဖြင့် ကိလေသာတို့မှ ငြိမ်းခြင်း အဆုံး၌ ဖြစ်သောကြောင့် '**ပဋိပဿမ္ဘနဝိမုတ္တိ**' ဟု ခေါ်၏။

(၅) နိဿရဏဝိမုတ္တိ–နိဗ္ဗာန်ကို မျက်မှောက်ပြုသဖြင့် ကိလေသာမှ လွတ်ခြင်း (ဝါ) နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာတို့မှ ထွက်မြောက်သောကြောင့် လည်းကောင်း၊ အဝေး၌ တည်သောကြောင့် လည်းကောင်း 'နိဿရဏဝိမုတ္တိ'ဟု ခေါ်၏။

[ဆောင်ရန်]

တဒင်္ဂမှန် ဝိက္ခမ္ဘနံ၊
သမုစ္ဆေဒ ပဋိပဿမ်၊
နိဿရဏ ယူကြ အမှန်၊
ငါးဝ၊ မှတ်ကြ ဝိမုတ္တံ။

## ဝိပဿီနှင့် ဗောဓိသတ္တခေါ်ပုံ

**ဝိပဿီ**–ဟု ခေါ်သည်ကား–အထူးထူးအပြားပြား ရှိသော အနက်သဘောတို့ကို မြင်ခြင်း၌ လိမ္မာသောကြောင့် "ဝိပဿီ"ဟု ခေါ်၏။

**ဗောဓိသတ္တ**–ဟု ခေါ်သည်ကား– ပညာရှိသော သတ္တဝါပင်တည်း၊ (ဝါ) အကြောင်းအကျိုးကို သိသော သတ္တဝါပင်တည်း။ လေးပါးသော မဂ်တို့၌ ကပ်ငြိတတ်သော စိတ်ရှိသော ပုဂ္ဂိုလ်ကို ခေါ်သည်။

ပါရမီဆယ်ပါး အပြားသုံးဆယ်

(၁) ဒါနပါရမီ—နည်းများမဟူ၊ ကိုယ့်ရည်ဘူ၊ ပေးလှူ စွန့်ကြဲခြင်း။

(၂) သီလပါရမီ—ကိုယ်, နှုတ်နှစ်ပါး၊ လုံအောင်ထား၊ မှတ်သားစောင့်ရှောက်ခြင်း။

(၃) နိက္ခမပါရမီ—ကာမဂုဏ်ကျော၊ ဘဝတောမှ ဘောမယွင်း၊ ထွက်မြောက်ခြင်း။

(၄) ပညာပါရမီ—အသိလိမ္မာ, ဉာဏ်ပညာ, ကောင်းစွာ ထိန်လင်း မြော်မြင်ခြင်း။

(၅) ဝီရိယပါရမီ—မယိမ်းမယိုင် ကျောက်စာကိုင် မြဲခိုင်မယွင်း အားထုတ်ခြင်း။

(၆) ခန္တီပါရမီ—ရသည့် ဆင်းရဲ၊ ကျိတ်အံခဲ၊ အမြဲသည်းခံခြင်း။

(၇) သစ္စာပါရမီ—မထိန်မချန်၊ ဟုတ်တိုင်းပြန်၊ အမှန်မြွက်ဆိုခြင်း။

(၈) အဓိဋ္ဌာန်ပါရမီ—စိတ်ကြံရှိတိုင်း၊ နိဗ္ဗာန်ရှိုင်း၊ မဆိုင်း ရည်မှန်းခြင်း။

(၉) မေတ္တာပါရမီ—မုန်းသူ, ချစ်သူ၊ ညှိနှိုင်းလူ၊ ကြည်ဖြူမယွင်း၊ ချစ်ခင်ခြင်း။

(၁၀) ဥပေက္ခာပါရမီ—မုန်း, ချစ်မပြု၊ ညီညာမှု၊ စွဲရှုလျစ်လျူ ခြင်း။

[ဆောင်ရန်]

- ဒါန, သီလာ၊ နိက္ခမာ၊ ပညာ, ဝီရိယာ။
- ခန္တီ, သစ္စာ၊ အဓိဋ္ဌာ၊ မေတ္တာ, ဥပေက္ခာ။
- ပါရမီ, ဥပ၊ နောက်ဆုံးက၊ မှတ်ကြပရမတ္ထာ။
- ပါရမီဆယ်ပါး၊ အရင်းထား၊ ပြောက်ပွား သုံးဆယ်သာ။

စွန့်ခြင်းကြီးငါးပါး သရုပ်အဓိပ္ပာယ်

(၁) ဓနပရိစ္စာဂ—ပဒေသာရာဇ်, စကြာဝတေးမင်းတို့၏ စည်းစိမ်ဥစ္စာ ရတနာများကို စွန့်ခြင်း။

(၂) ပုတ္တပရိစ္စာဂ—သား, သမီးတို့ကို စွန့်ခြင်း။

(၃) ဘရိယပရိစ္စာဂ—မယားကို စွန့်ခြင်း။

(၄) အင်္ဂပရိစ္စာဂ—ခြေ, လက်, နား, နှာခေါင်း စသော အင်္ဂါကြီးငယ်ကို စွန့်ခြင်း။

(၅) ဇီဝိတပရိစ္စာဂ—ကိုယ်အသက်ကို မငဲ့မကွက် စွန့်ခြင်းဟူ၍ ငါးပါးတည်း။

(ဆောင်ရန်)

- နေ့, ပုတ္တ၊ ဘရိယ၊ အဂ်, ဇီဝိဘာ။
- မကာပ်မတွယ်၊ ဤငါးသွယ်၊ စွန့်ပယ် တို့ဗုဒ္ဓါ။

(မှတ်ချက်) သုတ်မဟာဝဂ္ဂဋ္ဌကထာ၌-အင်္ဂပရိစ္စာဂ, နယနပရိစ္စာဂ, အတ္တပရိစ္စာဂ, ရဇ္ဇပရိစ္စာဂ, ပုတ္တဒါရ ပရိစ္စာဂဟု စွန့်ခြင်းကြီးငါးပါး လာရှိပါသည်၊ အတူတူပင် တည်း။

စရိယအပြား သုံးပါး

(၁) ဉာတတ္ထစရိယ–ဆွေတော် မျိုးတော် တို့၏ အကျိုးငှာ ကျင့်ခြင်း၊

(၂) လောကတ္ထစရိယ သတ္တလောက တို့၏ အကျိုးငှာ ကျင့်ခြင်း၊

(၃) ဗုဒ္ဓတ္ထစရိယ–ဘုရားဖြစ်ခြင်း အကျိုးငှာ ကျင့်ခြင်း။

(ဆောင်ရန်)

- ဆွေမျိုးအကျိုး၊ ကျင့်သုံးမျိုး၊ ခေါ်ရိုးဉာတတ္ထ။
- လောကအကျိုး၊ သည်ဆောင်ပိုး၊ ခေါ်ရိုးလောကတ္ထ။
- ဘုရားဖြစ်ရန်၊ အကျင့်သန်၊ ကျင့်မှန်ဗုဒ္ဓတ္ထ။

အကျယ်သိလိုမူ သုတ်မဟာဝဂ္ဂဋ္ဌကထာ၊ စာမျက်နှာ ၁၁၈-မှာရှုလေ။

သတ္တမဟာဒါနဂါနိဋ္ဌ ငွိကာအရ သတ္တသရုပ်

ဝေဿန္တရာမင်းအဖြစ်၌ ပေးလှူသော အလှူကြီး (၇-ပါး) ဟူလို။

(၁) ရှစ်နှစ်ရှိသောအခါ နှလုံးသည်းပွတ်, စသည်တို့ကို သော်လည်း တောင်းလာသော သူတို့အား ပေးလှူ အံ့ဟူသော အလိုကိုဖြစ်စေ၍ ပေးလှူခြင်း၊

(၂) မင်္ဂလာရှိသော ဆင်ကို ပေးလှူခြင်း၊

(၃) ဝင်္ကဘာတောင်သို့ သွားခါနီးသော အခါ၌ ခုနစ် ပါးသော အလှူကို ခုနစ်ရက်ပတ်လုံး ပေးလှူခြင်း၊

(၄) သွားဆဲအခါ၌ မြင်းလို ပေးလှူခြင်း၊

(၅) ရထားကို ပေးလှူခြင်း၊

(၆) သားသမီးကို ပေးလှူခြင်း၊

(၇) မယားကို ပေးလှူခြင်းအားဖြင့် ခုနစ်ပါးတည်း။

(သုတ်မဟာဝါဋ္ဌိကာ၊ စာမျက်နှာ ၁၉-သို့ ရှုပါ)]

(ဆောင်ရန်)

နှလုံးလှူခြင်း ဆင်မြင်းတထွေ၊
ဝင်္ကဘာတောင်သွား ရထားလှူပေ၊
သားနှင့်မယား လှူပြားမသွေ၊
ဝေဿန်မင်း လှူခြင်း ခုနစ်ထွေ။

(အထူးမှတ်ချက်) ဝိပဿီမြတ်စွာဘုရားသည် ထို အတူ အလူ ကြီးခုနစ်မျိုးကိုပေးလှူခြင်း, မြေလျှောင်ခုနစ်ကြိမ်လှူပ်ခြင်းကို ပြု၍ တုသိတာနတ်ပြည်၌ လူတို့၏ အရေအတွက်အားဖြင့် အနှစ် ၉ ါး ဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်းတည်၏ ဟုမှတ်။

ဘာ့ကြောင့်တည်နိုင်သလဲ—ဆိုလျှင် အလုံးစုံသော ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးပြီးဖြစ်သောကြောင့်တည်း။

တည်ပုံမှတပါး မဘည်ပုံကို ပြဆိုဦးအံ့

မေး ● တပါးသော ပါရမီတော်ကို မဖြည့်သေးသော အခါ၌ အသက်ရှည်သော နတ်ပြည်၌ အဘယ့်ကြောင့် ဘုရားလောင်းတို့သည် အသက်ထက် ဆုံး မတည်ကြပါသနည်း... ဟူမူ—

ဖြေ ● ထို-အသက်ရှည်သော နတ်ပြည်၌ ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးနိုင်ခဲသောကြောင့် မတည် ကြပါ....ဟု ဖြေ။

**အထူးမှတ်ချက်**....ဤ ဇမ္ဗူဒီပါ တောင်ကျွန်းမှ တပါးသော ကျွန်းများ၌ လည်းကောင်း၊ တာဝတိံသာ စသော နတ်ပြည်တို့၌လည်းကောင်း မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့ကိုးဖြစ်စေတတ်သော နိဗ္ဗုတိကုသိုလ်မျိုးကိုမဖြစ်စေနိုင်ဟုမှတ်။ အကြောင်းသော်ကား—ပါရမီတော် တို့ကို ဖြည့် ကျင့်ဆည်းပူး နိုင်ခဲ့သည်၏ အဖြစ်ကြောင့်တည်း။

ကသ္မာ တတ္ထ ပါရမီနံ ဒုပ္ပူရဏီယတ္တာ
[သုဏ်မဟာဝါ အဋ္ဌကထာ]

## နတ်တို့၏ ပုဗ္ဗနိမိတ် ငါးပါး
## အလောင်းတော်နတ်သားသည် နတ်ပြည်မှ စုတေခါနီး နိမိတ်ငါးပါးထင်ပုံ

(၁) ပန်ဆင်သောပန်းတို့သည် ညှိုးနွမ်းခြင်း၊
(၂) နတ်အဝတ်ပုဆိုးတို့သည် ညှိုးနွမ်းခြင်း၊
(၃) ကိုယ်ခန္ဓာ လက်ကတီးကြားတို့မှ ချွေးယိုခြင်း၊
(၄) ကိုယ်၌ အဆင်းမလှခြင်း၊
(၅) နတ်တို့၏နေရာ၌ တည်တံ့စွာ မနေနိုင်ခြင်းအားဖြင့် ပုဗ္ဗနိမိတ်ပါးပါး ဖြစ်သတည်း။

(ဆောင်ရန်) မြန်မာဂါထာ

ထင်ပြန်းတဲ့ပန်း ညှိုးနွမ်းသလေ၊
အဝတ်ပုဆိုး ညစ်မျိုးတတွေ၊
လက်ကတီးကြား ချွေးများယိုပေ၊
အဆင်းလည်းချို့ နတ်တို့ဌာနေ၊
ပပျော်မွေ့ စုတေ့နိမိတ္တာ။

မေး ● နိမိတ်ငါးပါး ထင်သည်ကို အလုံးစုံသော နတ်တို့သည် သိနိုင်ကြပါသလော....ဟူမူ

ဖြေ ● ဤပုဗ္ဗနိမိတ် ငါးပါး ထင်ပုံတို့ကို အလုံးစုံသော နတ်တို့သည် မသိနိုင်ကြပါ၊ ပညာရှိသော နတ်တို့သည်သာလျှင် သိနိုင်ကြပါသည်။

ဧဝံ တာဝ နိမိတ္တံ သဗ္ဗဒေဝတာ ဇာနန္တိ၊ ပဏ္ဍိတာ ဧဝ ပန ဇာနန္တိ။
(အဋ္ဌကထာ)

ပဥ္စမဟာဝိလောကန သရုပ်အဓိပ္ပာယ်
(ကြည့်ခြင်းကြီးငါးပါးဟူလို)

(၁)....ကာလ--ဘုရားရှင်တို့ မည်သည် တက်ကပ် ကာလမှာ ဘုရားမပွင့်၊ ဆုတ်ကပ်ကာလမှာသာ ပွင့်မြဲဖြစ်၍ ၎င်းဆုတ်ကပ်တွင်လည်း တရာတမ်းနှင့်တသိန်းတမ်းအကြား မှာသာပွင့်မြဲဖြစ်၍ထို 'ထိုလူတို့၏သက်တမ်း' ကာလကိုကြည့်ခြင်း တမျိုး၊

(၂)....ဒီပ–ဘုရားရှင်တို့မည်သည် အရှေ့, အနောက်, တောင်, မြောက်, လေးကျွန်းတို့တွင် ယူဇနာ တသောင်း ကျယ်ဝန်းသော ဇမ္ဗူဒီပါတောင်ကျွန်း မှသာ ဘုရားပွင့်မြဲဖြစ် ၍ ထိုဘုရားပွင့်တော်မူရာ ကျွန်းကိုကြည့်ခြင်း တမျိုး၊

(၃)....ဒေသ–ဘုရားရှင်တို့မည်သည် တောင်ကျွန်းမှာသာ ပွင့် ၏ဟုဆိုပြီးသော်သည်းထိုတောင်ကျွန်း၏အလယ် တည့်တည့် မဇ္ဈိမဒေသ အရပ်မှာ ဘုရားပွင့်မြဲဖြစ်၍ ထိုဘုရားပွင့် တော်မူရာ အရပ်ကို ကြည့်ခြင်းတမျိုး၊

(၄)...ကုလ -ဘုရားရှင်တို့မည်သည် ခတ္တိယ(မင်းမျိုး)ဗြာဟ္မဏ (ပုဏ္ဏားမျိုး) ဝေဿ(ကုန်သည်မျိုး) သုဒ္ဒ (သူ ဆင်းရဲမျိုး)ဌင်းအမျိုး ၄ -ပါးတွင်ခတ္တိယနှင့်ဗြာဟ္မဏနှစ်မျိုးမှာ သာ ဘုရားဖြစ်နိုင်၍ ဘုရားအဖြစ်ရာမျိုးကို ကြည့်ခြင်းတမျိုး၊

(၅)....မာတုအာယု–ဘုရားလောင်းတို့ ကိန်းအောင်းရာ ဌာန ပရိစ္ဆေဒ သည် စေတီထိုက်၍ ယောကျ်ားတို့မသွား လာအပ်ရာသော 'ဆယ်လ' နှင့် 'ခုနစ်ရက်' ဟူသော မယ်တော်၏အသက်အပိုင်းအခြားကို ကြည့်ခြင်း းတမျိုး အားဖြင့် ငါးမျိုးတည်း။

(ဆောင်ရန်)

- ကာလ, ဒီပ၊ ရပ်ဒေသ၊ ကုလ, အာယုပါ။
- ဘုရားဖြစ်ရန်၊ အချိန်တန်၊ ကြည့်ပြန် ငါးဖြာ။
- ရာသိန်းတမ်းကြား၊ သက်ပိုင်းခြား၊ ကြည့်ပြား ချိန်ကာလ။
- သောင်းယူဇနာ၊ တောင်ကျွန်းသာ၊ ပွင့်ရာကျွန်းဒီပ။
- အလယ်ခေါ်ကြ၊ မဇ္ဈိမ၊ ပွင့်ထ ရပ်ဒေသ။
- အမျိုးကိုပြ၊ ခတ္တိယ၊ ဗြဟ္မမျိုးကုလ။
- ဆယ်လ,ခုနစ်ရက်၊မယ်တော်သက်၊ပိုင်းချက်အာယုပြ။

မေး ● ဘုရားလောင်း နတ်သားသည် ကြည့်ခြင်းကြီး ငါးပါး တို့တွင် အဘယ့်ကြောင့် ကာလကို ကြည့်တော်မူသနည်း။

ဖြေ ● အသက်တသိန်းတမ်းအထက်ဖြစ်ခဲ့သော်အသက် ရှည်၍သတ္တဝါတို့သန္တာန်မှာ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းတရားတို့သည် မထင်မြဲကုန်၊ အနိစ္စ,ဒုက္ခ, အနတ္တဟူသော လက္ခဏာရေး သုံးပါးကိုလည်း မထင်လွယ်၍ တရားဟောသော်လည်း အကျိုးမထင်နိုင်။

အသက်တရာတမ်းအောက် ယုတ်သောကာလ ဖြစ်ပြန်သော် သတ္တဝါတို့၏သန္တာန်မှာ ရာဂ, ဒေါသ, မောဟ စသော ကိလေသာတွေ များပြားလေသောကြောင့် ကိလေသာသူပုန်သောင်းကျန်းနေသည့်အခါ တရားဟောသော်လည်း အကျိုးထူးတရားမမြင်နိုင်။ ထို့ကြောင့် ကာလကို ကြည့်တော်မူလေသည်။

မေး ● အဘယ့်ကြောင့် 'ဒီပ' ကျွန်း-ကို ကြည့်တော်မူရ ပြန်ပါသနည်း။

ဖြေ ● အလုံးစုံသော သဗ္ဗညုတ ဘုရားရှင်တော် တို့သည် တောင်ကျွန်း မှ တပါးသော ကျွန်းတို့၌ ဘုရား ပွင့်တော်မူမြဲ ဝမ္ပတာမျိုးမရှိသောကြောင့် တောင်ကျွန်းဟူသော ဒီပကို ကြည့်တော်မူရပြန်ပါသည်။

မေး အဘယ့်ကြောင့် 'ဒေသအရပ်'ကို ကြည့်တော်မူရပြန်ပါသနည်း။

ဖြေ ● ဘုရားရှင်ဟူသမျှ တို့သည် အချင်းယူဇနာ ကိုးရာရှိသော အလယ်တည့်တည့်မဇ္ဈိမဒေသအရပ်၌သာ ဘုရားပွင့်မြဲ ဓမ္မတာဖြစ်သောကြောင့် ဒေသကိုလည်းကြည့်တော်မူရ ပြန်ပါသည်။

မေး ● အဘယ့်ကြောင့် 'ကုလ-အမျိုး' ကိုကြည့်တော်မူပြန်ပါသနည်း။

ဖြေ ● အမျိုးလေးပါးတို့တွင် ဝသာမျိုး, သုဒ္ဒမျိုးတို့သည် ယုတ်ကုန်သည်ဖြစ်၍ ထိုအမျိုးမှ ဘုရားဖြစ်ခဲ့ပါက မြတ်သော ခတ္တိယ-ဗြာဟ္မဏ အမျိုးတို့သည် ဘုရားရှင်အား မထိမဲ့မြင် ပြုခဲ့ရာသောကြောင့် ခတ္တိယ, ဗြာဟ္မဏ နှစ်မျိုးဟူသော ကုလ ကိုလည်း ကြည့်တော်မူရပြန်ပါသည်။

မေး ● အဘယ့်ကြောင့် 'မာတုအာယုပရိစ္ဆေဒ' ကို ကြည့်တော်မူရပြန်ပါသနည်း။

ဖြေ ● ဘုရားလောင်းတို့ ကိန်းအောင်းမည့် အမိဝမ်း၌ တစုံတယောက်သော သတ္တဝါသည် ကိန်းအောင်း ခြင်းငှာ မထိုက်လေသောကြောင့် အသက်ကုန်ခါနီး ဟုတ်ပါ၏လောဟု မာတုအာယု ပရိစ္ဆေဒကို ကြည့်တော် မူရပြန်သည်။

ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ ပမာဏ

အလျား ယူဇနာ ...... ....သုံးရာ၊

အနံယူဇနာ................နှစ်ရာ့ငါးဆယ်၊

အဝန်း ယူဇနာ............ကိုးရာရှိ၏။

(ဆောင်ရန်)

☾ ယူဇနာအလျား၊ သုံးရာထား၊ မှတ်သား မြဲမကွာ။

● နှစ်ရာ့ငါးဆယ်၊ အနံဝယ်၊ တသွယ်မှတ်ကြပါ။

● အဝန်းကိုးရာ၊ ယူဇနာ၊ ပမာ လှည်းဦးသာ။

● မဇ္ဈိမ ဒေသ၊ ပမာဏ၊ မှတ်ကြဆွေသဟာ။

● မြန်မာ့ပါရဂူ၊ ဝွဲလိုသူ၊ မြဲယူဆောင်ကြပါ။

အထူးမှတ်ချက်....ထို-အဝန်းယူဇနာ ကိုးရာရှိသော မဇ္ဈိမဒေသ၌ ဘုရားရှင်တို့သည်သာ ပွင့်တော်မူသည် မဟုတ်သေး၊ ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, ရှစ်ကျိပ်သော မဟာသာဝက, စကြဝတေးမင်းနှင့် တကွ ခတ္တိယ မဟာသာလ၊ ဗြာဟ္မဏ မဟာသာလ၊ ဂဟပတိ မဟာသာလ ခေါ် သဌေးကြီး သုံးဦးတို့လည်း ဖြစ်ကြကုန် သေး၏ဟု မှတ်။

ဤနေရာ၌ မဇ္ဈိမဒေသနှင့် ပတ်သက်၍ မဇ္ဈိမဒေသ၏ နိမိတ်ငါးရပ် ပိုင်းခြားပုံကို မှတ်သားသင့်၏။ ဖော်ပြပါဦးအံ့။

(၁) အရှေ့ဘက်နိမိတ်....ကား ဇင်္ဂလနိဂုံးတည်း။

(၂) အရှေ့တောင်ဘက်နိမိတ်....ကား သလလဝတီမြစ်တည်း။

(၃) တောင်ဘက်နိမိတ်... ကား သေတက်ဖြူကန္တိုဂုံးတည်း။
(၄) အနောက်ဘက်နိမိတ်... ကား ထုနပုလ္လားရှာတည်း။
(၅) မြောက်ဘက်နိမိတ်.. ကား ဥသိရဒ္ဓဇ တောင်တည်း။

[ဆောင်ရန်]

- အဋ္ဌေဇင်္ဂလ၊ ရှေ့တောင်က၊ သလလဝတီသာ။
- တောင်ကဏ္ဏိက၊ အနောက်မှ၊ ထုနရှာတဖြာ။
- မြောက်သို့လားက၊ ဥသိရ၊ ဒ္ဓဇတောင် ဟုလာ။
- နိမိတ်ငါးဝ၊ အတွင်းကျ၊ ဒေသမဇ္ဈိမာ။
- ထိုမှပြင်ပ၊ ပစ္စန္တ၊ ခေါ်ကြ မျိုးလေးဖြာ။
- ဝိနယ ဒေသနာ၊ ကျမ်းဖြတ်လာ၊ ဤခါနိဋ္ဌိတာ။

မေး ● သဗ္ဗညုတ ဘုရားလောင်းတို့သည် မိမိတို့၏ ပဋိသန္ဓေစိတ်, စုတိစိတ် တို့ကို သိနိုင်ပါသလော....ဟူမူ—

ဖြေ ● စုတိစိတ်, ပဋိသန္ဓေ စိတ်တို့ကို မသိနိုင်ပါ။ စုတိသော ခဏ, ပဋိသန္ဓေနေသောခဏ၌ စုတေခြင်း ပဋိသန္ဓေ နေခြင်းတို့ကိုသာ သိနိုင်ပါသည်။

စုတိစိတ္တံ န ဇာနာတိ၊ စုတိက္ခဏေ ပန၊ စဝါမီတိ၊ ဇာနာတိ၊ ပဋိသန္ဓိစိတ္တံ န ဇာနာတိ၊ အသုကသ္မိံ မေ ဌာနေ ပဋိသန္ဓိ ဂဟိတာတိ ဇာနာတိ။

[သုတ်မဟာဝါအဋ္ဌကထာ]

စုတိစိတ္တံ၊ စုတိစိတ်ကို။ န ဇာနာတိ၊ မသိ။ စုတိက္ခဏေ ပန၊ စုတိခဏ၌ကား။ စဝါမီတိ၊ စုတေ၏ဟု။ ဇာနာတိ၊ သိ၏။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်ကို။ န ဇာနာတိ၊ မသိ။ အသုကသ္မိံ ဌာနေ၊ ဤအမည်ရှိသောအရပ်၌။ မေ မယာ၊ ငါသည်။ ပဋိသန္ဓိ ပဋိသန္ဓေကို။ ဂဟိတာတိ၊ ယူနိုင်၏ဟု။ ဇာနာတိ၊ သိ၏။

[ဤကား သမာနဝါဒအလိုတည်း]

ကေစိဝါဒအလိုကား....ဒုတိယ, တတိယစိတ် အကြိမ်၌သာ သိလတ္တံ့ဟု ဆိုကုန်၏။

အပရေဝါဒအလိုကား....အထက်ပါ သမာနဝါဒနှင့် အလားတူပင်တည်း။

ထို့ကြောင့် မိမိနှင့် တန်းတူဝါဒကို 'အပရေဝါဒ'ဟု ခေါ်ဝေါ်သုံးစွဲ၍ မိမိ၏ အောက်တန်းကျသော ဝါဒကို 'ကေစိဝါဒ'ဟု ကျမ်းဆရာ မြတ်တို့ သုံးစွဲလေ့ရှိကြ၏။

အပရေမူ၊ ဂုဏ်ရည်တူ၊ ကေစိမူကား၊ ကိုယ့်အောက်ထား။

## နိယာမတရား ငါးပါး
## သဘာဝအလျောက် ဖြစ်ပေါ်လာရသော
## တရားငါးပါးဟူလို

(၁) ကမ္မနိယာမ— ကုသိုလ်ကံသည် ကောင်းသောအကျိုး ကို ပေးခြင်း၊ အကုသိုလ် ကံသည် မကောင်းသောအကျိုးကို ပေးခြင်း၊ ဤသို့ ကံတို့၏အကျိုးပေး မြဲခြင်းသည် 'ကမ္မနိယာမ'မည်၏။

(၂) ဥတုနိယာမ— ထိုဝသန္တစသော ကာလ၌ ထိုထိုသို သော သစ်ပင်တို့၏ တပြိုင်နက် အပွင့်၊ အသီး၊ အရွက်၊ အညွန့်၊ အခက်စသည်တို့ကို ဆောင်ခြင်း၊ မိုး ဥတု၌ မိုးစွေပန်းတို့၏ ပေါက်ခြင်းတို့သည် 'ဥတုနိယာမ'မည်၏။

(၃) ဗီဇနိယာမ - သခွေးမျိုးစေ့မှ သလေးအသီးသာ လျှင် သီးခြင်း၊ ချိုသောမျိုးစေ့မှ ချို သောအရသာရှိသော အသီးကို သီးခြင်းအားဖြင့် မြဲခြင်းသည် 'ဗီဇနိယာမ'မည်၏။

(၄) စိတ္တနိယာမ— စက္ခုဝိညာဏ်စသည်တို့၏ အခြားမဲ့၌ သမ္ပဋိစ္ဆိုင်းစိတ် စသည်တို့၏ ဖြစ်ခြင်း သည် စိတ်တို့၏မြဲခြင်း'စိတ္တနိယာမ'မည်၏။

(၅) ဓမ္မနိယာမ– ဘုရားလောင်းတို့၏ ပဋိသန္ဓေ နေသော အခါ စသည်တို့၌ တသောင်းသော လောကဓာတ်ဘို့၏ မြေငလျင်လှုပ်ခြင်း စသည်မြဲသော သဘော သည် 'ဓမ္မနိယာမ' မည်၏။

[ဆောင်ရန်]

ဥတု, ဗီဇ၊ ကံ, ဓမ္မ၊ စိတ္တ–နိယာမာ။
နိယာမတရား၊ ပေါင်းငါးပါး၊ မှတ်သား မျိုးလေးဖြာ။

မေး ● ထိုနိယာမ တရားငါးပါးတို့တွင် ဓမ္မတာ သော ဘိက္ခု ဝေဠ အလိုရှိအပ်သော နိယာမကို ညွှန်ပြခဲ့ပါ။

ဖြေ ● ဤအရာ၌ 'ဓမ္မနိယာမ'ကို အလိုရှိအပ်ပါသည်။

မေး ● နတ်တို့ကိုယ်ရောင်၊ တပြောင်ပြောင်၊ အရောင် ဘယ် လောက် တောက်သနည်း။

ဖြေ ● နတ်တို့၏ ကိုယ်ရောင်မှာ၊ ယူဇနာဆယ့်နှစ်ဖြာ၊ ဝင်း ဝင်းတောက်သတည်း။

[ပရမတ္ထသရုပ]

တန်ခိုးကြီးရာ၊ နတ်ရောင်မှာ၊ ယူဇနာတရာ ထွန်းသတည်း။

မှတ်ချက်။ ။ဇနဝသဘသုတ် အဋ္ဌကထာလာစကားနှင့် အတူ တူပင်မှတ်လေ။

## လောကန္တရိက်ငရဲမည်ကြောင်း

သုံးခု သုံးခုကုန်သော စကြဝဠာတိုက်တို့၏ အကြား၌ စကြဝဠာတံတိုင်းကို လက်ခြေတို့ဖြင့် ကပ်လျက် လင်းနို့တွယ် သကဲ့သို့ ဩကာသလောက၏ အပအကြားဘွင် ခံရသော ငရဲ သည် လောကန္တရိက်ငရဲမည်၏။

ဥပမာ.... သုံးခုသော လှည်းဘီးစက်တို့၏ လည်းကောင်း။ သုံး လုံးသော သပိတ်တို့၏ အလယ်၌ ဟင်းလင်းရှိသကဲ့သို့ လည်းကောင်း တည်၏။

[ဉာဏ‌ တည်ပုံဟူလို။]

## လောကန္တရိက်ငရဲ၏ အကျယ်ပမာဏ

အကျယ်အပြန့် ယူဇနာအားဖြင့် ရှစ်ထောင်ကျယ်၏။

## လောကန္တရိတ် ငရဲသားတို့၏ ခန္ဓာကိုယ်ပမာဏ

ထိုငရဲသားတို့၏ ခန္ဓာကိုယ်သည် 'သုံးဂါဝုတ်' ရှိ၏ဟု မှတ်။

မေး ❸ သတ္တဝါတို့သည် အဘယ်ကံမျိုး ပြုလုပ်ကြ၍ လောကန္တရိက် ငရဲကြီး၌ ခံစားကြရပါသနည်း။

ဖြေ — အမိ၊ အဘ၊ တရားစောင့်ထိန်းရသော ရဟန်းပုဏ္ဏားတို့အပေါ် မှာ ကြမ်းကြုတ်သောအပြစ်ကို ပြုမိသောကြောင့် လည်းကောင်း၊ တပါးသော နေ့တို့၌ နေ့စဉ် နေ့စဉ် သတ္တဝါတို့ကို ဘတ်ဖြတ်ခြင်းစသော နိုင်ထက်ကလူ ပြုလုပ်ခြင်းအမှုကို ပြုလုပ်ကြသောကြောင့် လည်းကောင်း ခံစားကြရပါသည်။

ဥပမာ...အဘယခိုးသူ, နာဂရိုးသူစသော သူတို့ကဲ့သို့တည်း။

[ဆောင်ရန်]

- လောကသုံးသွယ်၊ အကြားဝယ်၊ ကြီးကျယ်ရှစ်ထောင်သာ။
- သုံးဂါဝုတ်ကိုယ်၊ လင်းနို့လို၊ ကပ်ခိုဘံတိုင်းမှာ။
- ရေခယ်ခဏ၊ ကျတုံက၊ ကြေမွချက်ချင်းသာ။
- သီးမှည့်ပင်ဖျား၊ ကြွေအလား၊ မခြားပုံပမာ။
- မရိုမသေ၊ ဆဲရေးလေ၊ ခံစေ ငရဲမှာ။
- အောက်မြေမရှိ၊ ရေအတိ၊ မိုက်ဘိ နေမလာ။

[သုံးပုံတံချူ]

## ပဉ္စ ရာဇကကုဓဘဏ္ဍာသရုပ်
### ( မင်းမြောက်တန်ဆာ ငါးပါးဟူလို )

(၁) သန်လျက်၊ (၄) ခြေနင်း၊
(၂) ထီးဖြူ၊ (၅) စာမရီ သားမြီးယပ် တို့
(၃) သင်းကျစ်၊ .... တည်း။

ခဂ္ဂေါစ ဆတ္တမုဏှိသံ၊ ပါဒုကာ ဝါလဗီဇနီ။
ဣမေ ကကုဓဘဏ္ဍာနိ၊ ဘဝန္တိ ပဉ္စရာဇူနံ။

[အဘိဓာန်ပါဌ်]

### ပုဗ္ဗနိမိတ်ကြီး ရှစ်ပါး

(၁) ညီညွတ်သောခြေတို့ဖြင့် မြေ၌ရပ်ခြင်းသည် ဣဒ္ဓိပါဒ် လေးပါးကို ရခြင်း၏ ပုဗ္ဗနိမိတ်တည်း။
(၂) မြောက်သို့ ရှေ့ရှုကြည့်ခြင်းသည် လူအများအပေါင်း ကို နှိမ်နင်းနိုင်ခြင်း၏ ပုဗ္ဗနိမိတ်တည်း။
(၃) ခုနစ်ဖဝါး လှမ်းသွားခြင်းသည် ဗောဇ္ဈင် ခုနစ်ပါးနှင့် ပြည့်စုံသော မဂ်ရတနာကို ရခြင်း၏ ပုဗ္ဗနိမိတ်တည်း။
(၄) နတ်၌ ဖြစ်သော ထီးဖြူကို ဆောင်းရ ခြင်းသည် အရဟတ္တဖိုလ် တည်းဟူသော ထီးဖြူကို ရခြင်း၏ ပုဗ္ဗနိမိတ်တည်း။
(၅) မင်းမြောက်တန်ဆာ ငါးပါးကိုရခြင်းသည် ဝိမုတ္တိ ငါးပါးတို့ဖြင့် လွတ်မြောက်ခြင်း၏ ပုဗ္ဗနိမိတ်တည်း။

(၆) အလုံးစုံသောအရပ်တို့ကိုကြည့်ခြင်းသည် အနာဝရဏ (သိသင့်သမျှတရားတို့ကို အဆီးအတားမရှိ သိသော) ဉာဏ်ကို ရခြင်း၏ ပုဗ္ဗနိမိတ်တည်း။

(၇) မကြောက်မရွံ့ ရဲဝံ့သော စကားကို ဆိုခြင်းသည် သူဘပါးတို့ မဖြစ်စေနိုင်သော မမွှစကြာ တရားကို ဟောခြင်း၏ ပုဗ္ဗနိမိတ်တည်း။

(၈) ခြသေ့်ကဲ့သို့ ရဲဘင်းသော စကားကို ဆိုခြင်းသည် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုခြင်း၏ ပုဗ္ဗနိမိတ်တည်း။

ဤကား– ပါဠိတော်၌လာသော ဝါရတည်း။

အမှာ.... ပါဠိတော်၌ မလာသော သုံးဆယ့်နှစ်ပါးသော ပုဗ္ဗနိမိတ်ကြီးတို့ကို ဂန္ထဂရုဖြစ်မည်စိုး၍ မဖော်ပြတော့ပေ၊ အလိုရှိပါက သုတ်မဟာဝါ အဋ္ဌကထာ၊ ဇိနတ္ထပကာသနီ၊ ဗုဒ္ဓဝင်တို့၌ ကြည့်ရှုကြပါကုန်။

## အဒဿနနှင့် အသင္တေနအထူး

အဒဿနပုဒ်ဖြင့် တိုင်းနိုင်ငံ လူထုအပေါင်းတို့အား ဥစ္စာကို ယူခြင်း၊ ရိုက်နှက်ဖျက်ဆီးခြင်းစသည်တို့ကို မပြုလုပ်ရသည်၏ အဖြစ်ကို သိစေသည်။

အာသတ္တေနပုဒ်ဖြင့် သူတပါးစစ်သည်ကို တိုက်ခိုက်ဖျက်ဆီးခြင်း
အမှုကို မပြုလုပ်ရသည်ကို သိစေသည်။

ဆင္ဇဓေါသဝိဝဋ္ဋတံ မနုာပဓာချိ ရူဟ္ဆိရတနံ ၌
အပြစ်ခြောက်ပါးသဂ္ဂပ်

(၁) မြင့်လွန်းသည်၊ (၄) ကြုံလွန်းသည်၊
(၂) နိမ့်လွန်းသည်၊ (၅) မည်း(မဲ)လွန်းသည်၊
(၃) ဆူလွန်းသည်၊ (၆) ဖြူလွန်းသည်၊
ဤသို့ အပြစ်ခြောက်ပါးရှိ၏။

[ဆောင်ရန်]

❀ ကြုံ၊ဆူ၊မြင့်၊ မည်း၊ဖြူ၊ဆင့်၊ မှတ်သင့်ပြစ်ခြောက်ပါး။

သတိပြုရန်— အထက်ပါ အပြစ်ခြောက်ပါးနှင့် မဟာနိဒါန သုတ်လာ 'ဆန္ဒသဋ္ဌဒေါသေ ဝဋ္ဋေတွာ' အရ အပြစ်ခြောက်ပါးနှင့် မတူသည်ကို သတိပြုပါ။ ထိုဆိုသံယုတ် အဋ္ဌကထာ စသည့်ကျမ်းတို့၌လည်း ဤအပြစ် ခြောက်ပါးတို့သည် ပါရှိကြလေသည်။

သမ္ဗဟုလဝါရ စက်တော်အရေးအက်ါ— လုံမ၊ အသာငရှိသော အိမ်၊ ဇလပ်ပန်း၊
လည်ရေးသုံးဆင့်၊ ဦးဆောက်ပန်း၊ ထမင်းပွဲ၊ ငါးကြင်းအစုံ၊ ရွှေ

သလွန်ပြာသာဒ်၊ တံခါးတိုင်၊ ထီးဖြူ၊ သန့်လျက်၊ ထန်းရွက်ယပ်၊ ဥဒေါင်းမြီးစည်း၊ ယပ်အထူး၊ စာမရီသားမြီးယပ်၊ သင်းကျစ်၊ ပတ္တမြား၊ သပိတ်၊ မြတ်လေးပန်း၊ ကြာညို၊ ကြာနီ၊ ကြာဖြူ၊ ကြာပုဏ္ဍရိက်၊ မုန်ညင်းဖြူစေ့စသည်ဖြင့် ပြည့်သောခွက်၊ သမုဒ္ဒရာ၊ စကြဝဠာ၊ ဟိမဝန္တာတောင်၊ မြင်းမိုရ်တောင်။ လ၊ နေ၊ နက္ခတ်၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်နှစ်ထောင်တို့တည်း။

## နှာပိက၊ ခါရိက၊ ပရိဟာရိက အထိန်းတော် မိန်းမ သုံးယောက် ထူးခြားပုံ

(၁) နှာပိကမိန်းမ— ဟူသည် ရေချိုးပေးသော မိန်းမ ပင်တည်း။

(၂) ခါရိကမိန်းမ— ဟူသည် ရင်ဖြင့် လည်းကောင်း၊ ပေါင်ဖြင့်လည်းကောင်း၊ လက်တို့ဖြင့် လည်းကောင်း အလွန်ကြာမြင့်စွာ ဆောင်ထားရသောမိန်းမပင်တည်း။

(၃) ပရိဟာရိကမိန်းမ— ဟူသည် တပါးသော သူ၏ ရင်ခွင်မှ မိမိရင်ခွင်သို့၊ တပါးသောသူ၏ လက်မောင်းမှ မိမိလက်မောင်းသို့ ပြောင်းရွှေ့၍ ဆောင်ထားရသော မိန်းမတည်း။ ဤကား အထိန်းတော်မိန်းမ သုံးယောက်အထူးတည်း။

ဘုရားလောင်းအား လုပ်ကျွေးသူပေါင်း

မိန်းမအလုပ်ကျွေးပေါင်း – နှစ်ရာ့လေးဆယ် ရှိ၏။
ယောကျ်ားအလုပ်ကျွေးပေါင်း – တရာ့နှစ်ဆယ် ရှိ၏။
နှစ်ချပ်ပေါင်း–သုံးရာ့ခြောက်ဆယ် ရှိ၏ဟု မှတ်။

[ဆောင်ရန်]

● နှစ်ရာ့လေးဆယ်၊ သင်္ချာကြွယ်၊ မှတ်ဖွယ် မိန်းမထိန်း။
● တရာ့နှစ်ဆယ်၊ လုပ်ကျွေးဝယ်၊ ခေါ်ကြွယ်ယောကျ်ားထိန်း။
● သုံးရာ့ခြောက်ဆယ်၊ ကျား,မဝယ်၊ နှစ်သွယ် သင်္ချာကိန်း။

ပြာသာဒ်သုံးဆောင် အဝိဗ္ဗာယ်

(၁) ဝဿိကပါသာဒ–မိုးသုံးလအခါ ချမ်းသာစွာ ခံစားနေရန်ဖြစ်သော ပြာသာဒ်တည်း။ ထိုပြာသာဒ်မှာ မမြင့်လွန်း, မနိမ့်လွန်း၊ ထိုပြာသာဒ်၏ တံခါးတို့လည်း မများလွန်း မငယ်လွန်း ရောနှောသောမြေ အခင်းအိပ်ရာနေရာ, ခံဖွယ် ဘောဇဉ် စသည်တို့သည် ရှိကုန်၏။

(၂) ဟေမန္တိကပါသာဒ-ဆောင်းလအခါ၌ ချမ်းသာစွာ ခံစားနေရန် ဖြစ်သော ပြာသာဒ်တည်း။ ထိုပြာသာဒ်၌ တိုင်, နံရံတို့သည် နိမ့်၍ လေသာတံခါးတို့ သေးငယ်ပြီး နူးညံ့ကုန်၏။ ပူဒေသာဥတုကို ဆောင်တတ်သည့် ကမ္ဗလာ **အခင်း** အဝတ် အရုံတို့သည် ရှိကုန်၏။ ရေမပါသော ခဲဖွယ် **ဘောဇဉ်** စသည်တို့သည်လည်း ရှိကုန်၏။

(၃) ဂိမှန္တိကပါသာဒ-နွေလအခါ ချမ်းသာစွာ စံစားနေရန် ဖြစ်သောပြာသာဒ်တည်း။ ထိုပြာသာဒ်၌လည်း လေသာတံခါးတို့သည် များပြား၍ ကွန်ရက်ပေါက်နှင့် ဘွဲ့ဖြူပုဆိုးဖြင့် ပြီးသော အခင်းစသည်တို့ လည်းရှိ၏။ ချိုသော အရသာရှိသော ခဲဖွယ် ဘောဇဉ် စသည်တို့လည်းရှိ၏ ဤကား အကျဉ်းမျှသာတည်း။

မေး ● ဝိပဿီ ဘုရားအလောင်းပရိသတ်၌ တူရိယာ တီးမှုတ်ခြင်း ရေချိုးခြင်းစသော အရာဘို့၌ ယောကျ်ားများ အဘယ့်ကြောင့် ကင်းရပါသနည်း။

ဖြေ ● အစိုးတရ ချမ်းသာစွာ စည်းစိမ် စံစားနေသော ဘုရားအလောင်းအား ယောကျ်ားကို မြင်ရ၍

ယောကျ်ားများအပေါ်၌ ရှိရှားခြင်း မဖြစ်စေလို သောကြောင့် တီးမှုတ်ခြင်း စသည်၌ ယောကျ်ား ကင်းခြင်း ဖြစ်ပါသည်။

မေး ● အရှင်အာနန္ဒာသည် ဘုရားရှင်ထံ အဘယ်အခါ၌ အဘယ့်ကြောင့် ချဉ်းကပ်ရပါသနည်း။

ဖြေ ● အရှင်အာနန္ဒာသည် ဘုရားရှင်ထံ ညချမ်းအချိန်အခါ၌ ပဋိစ္စသမုပ္ပါဒ်နှင့် စပ်လျဉ်းသော ပြဿနာကို လျှောက်ထားလိုခြင်း တည်းဟူသော အကြောင်း ကြောင့် ချဉ်းကပ်ပါသည်။

## ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ စံနေတော်မူပုံ

(၁) ပလ္လင်္ကသတ္တာဟ—မာရ်စစ်သည်အောင်စည်တော် ခြိမ့်ခြိမ့် သဲ၍ အောင်ပွဲသဘင် ဆင်ယင်ပြီး နောက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ဝိပဿီ မြတ်စွာ ဘုရားသည်(တနည်း) ဂေါတမမြတ်စွာဘုရားသည် ပထမခုနစ် ရက်ပတ်လုံး ဗောဓိပင် နှင့် လေးတောင့်ထွာ အရှေ့မျက်နှာ၌ တည်သော 'ရွှေပလ္လင်'ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။

[ဓဆောင်ရန်] မြန်မာ့ဂါထာ

ဘုန်းရောင်ထိန်လင်း၊ ရောင်ဆင်းတွေကြွယ်၊
ဗောဓိကြေငှန်း၊ ညောင်နန်းရွှေ့ဝယ်၊
မာရ်ရိစစ်သည်ပေါင်း၊ အောင်ကြောင်းရန်ကွယ်၊
ပလ္လင်ထက်၊ ခုနစ်ရက်ပျော်စမွှယ်။

(၂) အနိမိသ, သတ္တာဟ—ထိုရွှေပလ္လင်ထက်၌ ခုနစ်ရက်ပတ်လုံး သီတင်း သုံးတော် မူပြီးလျှင် ဗောဓိပင်၏ အရှေ့မြောက်ယံ တဆယ့်လေးလံ ကွာသောအရပ်၌ ငါသည် ဗောဓိရပ်ခွင် ရွှေပလ္လင်ဝယ် သဗ္ဗညုတဉာဏ်ကို ရပေသည် တကားဟု မပိတ်သောမျက်စိဖြင့် ရှုကြည့်တော်မူလျက် ဒုတိယမြောက် ခုနစ်ရက်ပတ်လုံး စမွှယ်တော်မူ၏။

[ဆောင်ရန်] မြန်မာ့ဂါထာ

နှစ်ကြိမ်မြောက်ထ သတ္တာဟတွင်၊
ဗောဓိပင်ထောက်၊ ရှေ့မြောက်ရပ်ခွင်၊
အနိမိသ၊ ဉာဏရှုစဉ်၊
'ခုနစ်ရက်'လုံး၊ ရှင်မြုံးသုံးလူ့ရှင်။

(၃) ရတနစင်္ကမန သတ္တာဟ—ထိုရွှေပလ္လင်နှင့်အနိမိသအကြား အတောင် နှစ်ဆယ် ရှိသော အရပ်ကိုအလယ်ထား၍တဘက်ငါးလုံကွာ၌ဒါနတွင် အရှေ့မှသည် အနောက်သို့ အတောဝ်ခြောက်ဆယ်ရှိသော 'ရတနာစင်္ကြံ' ကို ဖန်ဆင်း၍လျက် ထို'ရတနာစင်္ကြံ'၌ တတိယမြောက် ခုနစ်ရက်ပတ်လုံး စင်္ကြံကြွကာ သီတင်းသုံးနေတော်မူ၏။

(ဆောင်ရန်) မြန်မာဂါထာ

သုံးကြိမ်မြောက်ထ သတ္တာဟတွင်၊
စင်္ကြံကြွမြန်း စူးစမ်းဆင်ခြင်၊
တရားဂမ္ဘ ဟောပြအစဉ်၊
ရတန် စင်္ကမ ပျော်စံရှင်။

(၄) ရတနဃရသတ္တာဟ— ထို့နောက် ဗောဓိပင်မှ အနောက်မြောက်အတောင် လေးဆယ်ကွာတွင် ရတနာခုနစ်ပါးအတိပြီးသော နတ်တို့ စီမံဖန်ဆင်းအပ်သော 'ရတနာရွှေအိမ်' ရတနာကျောင်း ဆောင်တော်၌ စတုတ္ထမြောက်ခုနစ်ရက်ပတ်လုံး အဘိဓမ္မာတရားတော်ကို ဆုံးခန်းတိုင်အောင် သုံးသပ်ဆင်ခြင်လျက် သီတင်းသုံးနေတော်မူ၏။

(စဆောင်ရန်) မြန်မာဂါထာ

လေးကြိမ်မြောက်ထ သတ္တာဟစံ၊
ပလ္လင်ထွန်းတောက် နောက်မြောက်ရပ်ဌာန်၊
ရှေ့ဇာ်မိန်နန်း၌ ပျော်ပိုက်ကြိမ်ဖန်၊
ဘိစမ္မ မုချသုံးသပ်ပြန်။

(၅) အဇပါလသတ္တာဟ—ထို့နောက် မဟာဗောဓိမှ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံကွာ အဇပါလ(ဆိတ်ကျောင်းသမားတို့၏တည်းခိုရာ)မည်သော ညောင်ပင်ရင်း၌ ပဉ္စမမြောက် ခုနစ်ရက်ပတ်လုံး ဝိမုတ္တိ အရဟတ္တဖိုလ်ချမ်းသာခေါ် အမြိုက်ဆေး တိုက်ကျွေးကာ နေတော်မူ၏။

(စဆောင်ရန်) မြန်မာဂါထာ

ငါးကြိမ်မြောက်ထ သတ္တာဟတွင်၊
ဗောဓိပင်မှ ပြုဗ္ဗရပ်ခွင်၊
အဇပါလ မည်ရညောင်ပင်၊
အမြိုက်ဆေး တိုက်ကျွေး စိန္တေ်ရှင်။

(၆) မုစလိန္ဒသတ္တာဟ—ထို့နောက် မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာ ငါးဆယ့် တလံကွာ (ဝါ) နှစ်ဆယ့်ကိုးလံကွာတွင် မုစလိန္ဒမည်သောအိုင်၏အနီးကျိုးပင်ရင်း၌ ဆဋ္ဌမြောက် ခုနစ်ရက်ပတ်လုံး သီတင်းသုံးနေတော်မူ၏။

(ဆောင်ရန်) မြန်မာဂါထာ

ခြောက်ကြိမ်မြောက်ထ သတ္တာဟတွင်၊
ရေညို့ပြည့်လျှမ်း ကြာပန်းစုံလင်၊
မုစလိန္ဒ အိုင်မကျဉ်းပင်၊
သီတင်းသုံး ရှင်ပြုံးစိန္တေ့ရှင်။

(၇) ရာဇာယတနသတ္တာဟ – ထို့နောက် မြမဟာဗောဓိပင်မှ တောင်မျက်နှာ အလံလေးဆယ် ကွာတွင် ရာဇာယတနခေါ်လင်းလွန်းပင် ရင်း၌ သတ္တမမြောက် ခုနစ်ရက်ပတ်လုံး သီတင်းသုံးနေတော်မူ၏။

(ဆောင်ရန်) မြန်မာဂါထာ

ခါသတ္တမ သတ္တာဟဘွင်၊
ရာဇာယတန မည်ရခေါ်တွင်၊
တောင်မျက်နှာရှုန်း လင်းလွန်းသစ်ပင်၊
သီတင်းသုံး ရှင်ပြုံးစိန္တေ့ရှင်။

(မှတ်ချက်) ဤပြဆိုခဲ့သော ဌာန ခုနစ်ပါးကို ဘုရားရှင်တို့ ခုနစ်ရက်ပတ်လုံး သီတင်းသုံး စမ့်ယ်တော် မူရာ ဌာနများဖြစ်၍ 'သတ္တဌာန' ဟုခေါ်ဆိုကြလေသည်။

အဋ္ဌမသတ္တာဟ၌ အဇပါလညောင်ပင်ရင်း၌ နေတော်မူသည့် ဝိပဿီ ဘုရားရှင်အား သာလျှင် အလုံးစုံသော ဘုရားရှင်တို့၏ အမြဲလေ့ကျင့်အပ်သော တရားတော်ကို ဟောကြားရပါမူကား ကောင်းလေစွဟု အကြံဖြစ်လေ၏။

သတ်မဟာဝါ အဋ္ဌကထာ၌ အကျယ်တဝင့် မဖွင့်ဆိုသော်လည်း မမှိတ်ဆွေတို့ ဗဟုသုတ ရှိကြစိမ့်သောငှာ ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

စာမေးပွဲဖြေဆိုရာ၌–ပထမသတ္တာဟ– ပလ္လင်္က ဌာနစသည် ဖြင့် အကျဉ်းချုပ် ဖြေဆိုကြပါလေ။

အာလယာရာမ အဓိပ္ပာယ်—သတ္တဝါတို့သည် ငါးပါးအာရုံကာမဂုဏ်တို့ကို ကပ်ငြိတတ်၊ မှိုဝဲတတ်သောကြောင့် ‘အာလယ’ မည်၏။ (တနည်း) တဏှာအစစ် တရာ့ရှစ်တို့ကိုလည်းကောင်း၊ ထိုငါးပါးအာရုံ ကာမဂုဏ်တို့ကို လည်းကောင်း ကပ်ငြိတတ်၊ မှိုဝဲတတ်သောကြောင့် ‘အာလယ’ မည်၏၊

အာလယနှင့်ပါး—ဝတ္ထုအာရုံ ကာမဂုဏ်ငါးပါးဟူသော အာလယ၊ တဏှာဟူသော အာလယ တို့ဖြင့် မွေ့လျော် ပျော်မွေ့တတ်သောကြောင့် ယိုသတ္တဝါတို့သည် ‘အာလယာရာမ’ မည်ကုန်၏။

အဋ္ဌသတ တဏှာဝိစရိတဒေသနာ...၌ တဏှာအစစ် တရာ့ရှစ် ဝိစရိတ်တရားတို့ကို ရေတွက်ပြပါဦးအံ့။

ရှေးဦးစွာ အလွတ်ဆောင်ထားရန်

- တဏှာသုံးတန်၊ တည်ထားခံ၊ အာ-ကာ-သန်ဖြင့် မြှောက်။
- တဏှာအစစ်၊ တရာ့ရှစ်၊ ဖြစ်၏ လူမှာရောက်။

မြှောက်ပွားပုံ...ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူသော တဏှာသုံးမျိုးကိုသည်၊ ထိုတဏှာသုံးမျိုးကို ရူပါရုံစသော အာရုံခြောက်ပါးကို အာရုံပြုလေ့ရှိသောကြောင့် 'အာ' ဟူသော အာရုံခြောက်ပါးဖြင့် မြှောက်လျှင် တဏှာပေါင်း တဆယ့်ရှစ်ပါးဖြစ်လာ၏။

ထိုတဏှာ (၁၈) မျိုးလုံးသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါး၌ရှိသော အာရုံတို့ကိုပင် အာရုံပြုလေ့ရှိသောကြောင့် 'ကာ' ဟူသော ကာလသုံးပါးဖြင့်မြှောက်(၅၄)ပါးဖြစ်၏။

ထိုတဏှာ (၅၄) ပါးလုံးကိုပင် မိမိသန္တာန်ကို အာရုံပြု၍ လည်းကောင်း၊ သူတပါးသန္တာန်ကို အာရုံပြု၍ လည်းကောင်း 'သန်' ဟူသော အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန် နှစ်ပါးဖြင့် မြှောက်သော် တဏှာအစစ် တရာ့ရှစ်ဖြစ်လာ၏ဟု မှတ်။

## တဏှာသုံးတန်၏ အဓိပ္ပာယ်

(၁) ကာမတဏှာ....ဟူသည် ရူပါရုံစသော အာရုံခြောက်ပါး ကို လိုလား တပ်မက်သော (လောဘ) တဏှာတည်း။

(၂) ဘဝတဏှာ....ဟူသည် ရူပါရုံစသောအာရုံများ၌ အတ္တရှိ၏၊ ထိုအတ္တသည် မြဲ၏ဟု အယူမှားသော သဿတ ဒိဋ္ဌိနှင့် အတူ တကွ ဖြစ်သော (လောဘ) တဏှာတည်း။

(၃) ဝိဘဝတဏှာ....ထိုအတ္တသည် အမြဲ မတည်နိုင်၊ ပြတ်စဲ ပျောက်ပျက်၏ဟု အယူရှိသော ဥစ္ဆေဒဒိဋ္ဌိ နှင့်တကွ ဖြစ်သော (လောဘ) တဏှာ တည်း။

## တယောင့်ငါးရာ ကိလေသာ

လောဘသည် နာမ် တေပညာသ၊ နိပ္ဖန္နရုပ် အဋ္ဌာရသ၊ လက္ခဏာရုပ်လေးခုပေါင်း(၇၅)ပါးသော တရားကို အာရုံပြု၏။

ထို(၇၅)ပါးသော အာရုံသည် မိမိသန္တာန်ကို အာရုံပြု၍ လောဘ (၇၅) ပါး ၊ တပါးသန္တာန်ကို အာရုံပြု၍ လောဘ (၇၅)ပါး ရှိရကား လောဘပေါင်း (၁၅၀) ဖြင်၏။

ဤလောဘ ကိလေသာကဲ့သို့ ဒေါသစသော ကိလေသာတို့လည်း (၁၅၀)စီပင် ရှိသေသောကြောင့် ယင်း(၁၅၀) ကိုတည်၊ ကိလေသာ(၁၀)ပါးဖြင့် မြှောက်ပွားပါက (၁၅၀၀) ကိလေသာဖြစ်လေ၏။

(ဆောင်ပုဒ်)

- နဝမ်ဘေဒ ပညာ နိုင်ပြန် လက္ခဏာ ခုနစ်ဆယ့် ငါး၁ တည်ကြလေ။
- သန္တာန်နှစ်ဖြာ မြှောက်ခါပွားတော့၊ ငါးဆယ်ကျော်ပြား တရာပေ၊
- ယင်းကိုတခါ တည်ကာထားလို့၊ ကိလေဆယ်ပါး မြှောက်ပွားစေ၊
- သုံးထောင်ထက်ဝက်၊ ကိလေစက်၊ မိန့်မြွက်ရှင်ဗိဒေ့။
- ပန်ဆင်ကြ နည်းသစ်ညွန်ပြ အဘိဓမ္မ ပန်းခိုင်တွေ။

## စက္ခုငါးပါး သရုပ်အဓိပ္ပာယ်

ပညာစက္ခုသည်...ဗုဒ္ဓစက္ခု၊ သမန္တစက္ခု၊ ဉာဏစက္ခု၊ ဒိဗ္ဗစက္ခု၊ ဓမ္မစက္ခုဟု ငါးမျိုးပြား၏။

(ဆောင်ရန်)

❁ ဗုဒ္ဓ သမန္တ၊ ညာဏ်ဒိဗ္ဗ၊ ဓမ္မစက္ခုငါး။

စက္ခုငါးပါးနှင့် ညာဏ်စဉ်တွဲစပ်ပုံ

(၁) ဣန္ဒြိယ ပရောပရိယတ္တိညာဏ်၊ အာသယာနုသယ ညာဏ်တို့ကို 'ဗုဒ္ဓစက္ခု'ဟု ခေါ်၏။
(၂) သဗ္ဗညုတညာဏ်ကို 'သမန္တစက္ခု'ဟု ခေါ်၏။
(၃) အရဟတ္တမဂ်ညာဏ်ကို 'ညာဏစက္ခု'ဟု ခေါ်၏။
(၄) ဒိဗ္ဗစက္ခုအဘိညာဉ်တို့ကို'ဒိဗ္ဗစက္ခု'ဟု ခေါ်၏။
(၅) အောက်မဂ်အောက်ဖိုလ် ညာဏ်တို့ကို ဓမ္မစက္ခု'ဟု ခေါ်၏။

(ဆောင်ရန်)

❁ ဣန္ဒြိယညာဏ်၊ အာသယံ၊ နှစ်တန်စက် ဗုဒ္ဓ။
❁ သဗ္ဗညုညာဏ်၊ ဤတတန်၊ မှတ်ရန် သမန္တ။
❁ အရဟတ္တမဂ္ဂ၊ ဤသည့်ညာဏ်၊ ညာဏစက္ခုပြ။
❁ အဘိညာဉ်ညာဏ်၊ ဒိဗ္ဗမှန်၊ ငါးတန်စက္ခုက။
❁ အောက်မဂ်ဖိုလ်မှန်၊ ညာဏ်သုံးတန်၊ ဓမ္မစက္ခုပြ။
❁ သင္ဂြဟတနသံယုဂ်၊ ဖွင့်ပြထုတ်၊ အချုပ်မှတ်ကုန်ကြ။

**(မှတ်ချက်)** ဤမဟာပဒါနသုတ် အဋ္ဌကထာ၌ မမ္မာ့ကျွန်ုပ်အရ အောက်မှဂ်ညဏ်ကိုသာ ယူ၏ဟုမှတ်။ ဤအရာ၌ စကျောင်းပါးလုံး မပြဆိုသော်လည်း စုံလင်စွာ သိရှိကြစေရန် ဖော်ပြလိုက်သည်။

## ကြာနှင့်တူသောပုဂ္ဂိုလ်လေးမျိုး

(၁) ဥဃ္ဃဋိတညူ-အကျဉ်း ဥဒ္ဒေသပြအပ်သည် ရှိသော်ပုဂ္ဂိုလ် သစ္စာလေးပါးတရားတို့ကို သိသောပုဂ္ဂိုလ်မျိုးကို ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်ဟု ခေါ်၏။

အကျဉ်းအားဖြင့် တရားတော်ကို ကြားနာရလျှင် သစ္စာလေးပါး (မဂ်ဖိုလ်) တရားတို့ကို ရနိုင်သော ပုဂ္ဂိုလ်မျိုးတည်း။

(၂) ဝိပဉ္စိတညူ-အကျယ် နိဒ္ဒေသအားဖြင့် ပြအပ်သည် ပုဂ္ဂိုလ် ရှိသော် ကြာမြင့်မှ သစ္စာလေးပါး တရားကို သိသော ပုဂ္ဂိုလ်မျိုးကို 'ဝိပဉ္စိတညူ ပုဂ္ဂိုလ်' ဟု ခေါ်၏။

အကျဉ်းဟောကာမျှဖြင့် တရားထူးကို မရနိုင်ပေ၊ အကျယ်ချဲ့ပြီး ဟောကြား၍ ကြားနာရမှသာလျှင် သစ္စာလေးပါး (မဂ်ဖိုလ်) တရားကို ရနိုင်သော ပုဂ္ဂိုလ်မျိုးတည်း။

(၃) နေယျပုဂ္ဂိုလ်-ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသ စသည်တို့ဖြင့် သစ္စာလေးပါး တရားကို သိစေအပ်သော ပုဂ္ဂိုလ်မျိုးကို 'နေယျပုဂ္ဂိုလ်'ဟု ခေါ်၏။

အကျဉ်းနည်း အကျယ်နည်း အားဖြင့် ကြားနာ ရသော်လည်း တရားထူးကို မရသေး၊ နှလုံးသွင်းသော မိတ်ဆွေကောင်းတို့ထံ ဆည်းကပ်ပြီး ထိုတရားဒေသနာကို ကြားနာလေ့ကျက်ဆောင်ရွက် မှတ်သားပြီးလျှင် ကျင့်ကြံ ကျိုးကုတ် အားထုတ်မှသာ သစ္စာလေးပါး(မဂ်ဖိုလ်) တရားတို့ကို ရနိုင်သောပုဂ္ဂိုလ်တည်း။

(၄) ပဒပရမပုဂ္ဂိုလ်—သစ္စာလေးပါး တရားတို့ကို မသိမူ၍ ပုဒ်,ဗျည်းမျှ အဘိုင်းအရှည် ရှိသော ပုဂ္ဂိုလ်ကို 'ပဒပရမပုဂ္ဂိုလ်'ဟု ခေါ်၏။

ယခုဘဝမှာ ဘယ်လိုပင် ဝိပဿနာ အလုပ်နှင့် ရိပ်သာ၌ အားထုတ်နေသော်လည်း ဤဘဝမှာ သစ္စာလေးပါး မဂ်ဖိုလ်တရားတို့ကို မရထိုက်တော့ပေ၊ ဝါသနာဘာဂီ ဆက်တိုင်းမှီ ဆိုသလို ပါရမီတရားမျှကိုသာ ရနိုင်သောပုဂ္ဂိုလ်တည်း။

**အမှာ**—အင်္ဂုတ္တရပါဠိတော်၊ ပုဂ္ဂလပညတ်ပါဠိတော်၊ သံယုတ်အဋ္ဌကထာတို့မှာလည်း ထိုပုဂ္ဂိုလ်တို့ လာရှိပါသေး၏၊ အတူတူပင်တည်း။

## အနုပုဗ္ဗိကထာလေးပျိုး

အနုပုဗ္ဗိကတာ.... ဟူသည်မှာ 'ဒါနကထာ'ကို ရှေးဦးစွာ ဟောတော်မူ၍ ထိုဒါန၏ အခြားမဲ့၌ 'သီလကထာ'ကို လည်းကောင်း၊ သီလ၏အခြားမဲ့၌ 'သဂ္ဂကထာ'ကို လည်းကောင်း၊ သဂ္ဂကထာ၏ အခြားမဲ့၌ သစ္စာလေးပါးခေါ် 'မဂ္ဂကထာ' ကို လည်းကောင်း ဤသို့အစဉ်အတိုင်း ဟောတော်မူသော တရားစကားကို 'အနုပုဗ္ဗိကထာ'ဟု ခေါ်ဆိုပါသည်။

(၁) ဒါနကထာ ...နိဗ္ဗာန်ရည်မှန်း ဇောပြဋ္ဌာန်း၍ လှူဒါန်းအပ်သော အလှူဒါန မည်သည်ကား လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာ အမြဲဘ်ရတနာတို့၏ မျိုးစေ့မယ္ဆင်း အကြောင်းရင်းကြီး အစစ်အမှန်လည်း ဖြစ်ပါပေ၏။

မြိန်ရှက်ပျော်ပါး စံစားအပ်ရာ ကာမဂုဏ် ငါးဖြာလျှင် မှီရာရှိသော ဥပဘောဂ ချမ်းသာတို့၏ မှီရာအစစ် မလစ်လတ်သော တည်ရာလည်းဖြစ်ပါပေ၏။

ဘေးဆိုး၊ ဒဏ်ဆိုး အမျိုးမျိုးနှင့် ခွေညှိုး ယွင်းဖောက် ပင်ပန်းခြင်းသို့ ရောက်သောသူ၏ (ဝါ) သူ့ကို ဆွေမျိုးအတူ ကူညီထောက်ပံ့ စောင့်ရှောက်ဖေးမ ပေးသူလည်း ဖြစ်ပါပေ၏။

ဘေးရန်မသန်း အောင်မျိုးနန်းနယ်၊ ပုန်းကွယ်ရာလည်း ဖြစ်ပါပေ၏။ ဘေးမျိုးကွယ်၍ ကိုးကွယ်ရာလည်း ဖြစ်ပါပေ၏။

ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာလုံး အလှူဒါနနှင့်တူသော မှီခိုရာ၊ ထောက်ရာတည်ရာ၊ ကြိုးတန်းပမာ စွဲကိုင်ရာ၊ စောင့်ရှောက်ရာ၊ ပုန်းအောင်းရာ၊ လားရာ၊ ကိုးကွယ်ရာသည် မရှိတော့ပေ တကား။

ဟိ သစ္စံ… ထိုစကားသည် ဟောတိုင်းမသွေ မှန်လှပေ၏။ မှီခိုအားထားရာဟူသော အနက်သဘောကြောင့် ခြသေ့်မင်း၏ စံရာ ရတနာပြည့်ဖြိုးစုံသည့် ရွှေဂူကြီးနှင့်လည်း တူပါပေ၏။

ဆင်းရဲအရပ်ချုပ် ကင်းစဲပြတ်အောင် ဆောင်တတ်ပေရှာ တည်ရာဟူသော အနက်သဘောကြောင့် မြေကြီးနှင့်တမူအလား တူပါပေ၏။ မချိဆင်းရဲ အားအင်နဲ့သူတို့ ကိုင်ဆွဲရာဟူသော အနက်သဘောကြောင့် ကိုင်ဆွဲရာဖြစ်သော ကြိုးတန်းနှင့်လည်း အလားတူပါပေ၏။

ဟိ သစ္စံ.... ထိုစကားသည် သင့်မြတ်လှပေ၏။

ဤပေးကမ်းစွန့်ကြဲခြင်းဆိုတဲ့ ဒါနမျိုးသည် ဘေးဝဋ်သွယ်သွယ် အေးလွတ်ကွယ်အောင် ကယ်ယူထုတ်ဆောင်တတ်သော အနက်သဘောကြောင့် ဟိမဝန္တာကျွင်း ကမ်းအပြင်သို့ အလျင်ရောက်အောင် တင်ဆောင်ပို့ပေ သဘောလှေနှင့်လည်း တူလှပါပေ၏။

လောဘရမ္မက် ဆန္ဒကျူင်ဘက်ဟူ ရန်သူဘေးဆိုး မတိုးမဖျက် ကောင်းစွာ သက်သာရာကို ရစေတတ်သော အနက်သဘော ကြောင့် ရန်သူဟူသရွေ့ကို ဖျက်ချိုးနှင်းနှိမ်သော စစ်သူရင် စစ်ပိုလ်မှူးကြီးနှင့်လည်း တူလှပါပေ၏။

ဘုန်းကံချို့တဲ့ ချွတ်ယွင်း ဆင်းရဲခြင်းတည်းဟူသော ဘေးမှ စောင့်ရှောက်တတ်သော အနက်သဘောကြောင့် ပစ္စင်ရင် တားတံခါးပြအိုး၊ မြို့ရိုးကျုံးမြောင်း၊ ရန်ပေါင်း အောင်ရန် ရန်မျိုးလုံမြို့ကြီးနှင့်လည်း တူလှပေ၏။

လောဘ၊ ဒေါသ စသည်များပြား အကုသိုလ် တရားတို့ဖြင့် လူးလဲငြိကပ် မလိမ်းကျံ အပ်သည်၏ အဖြစ်ကြောင့် ပဒုမ္မာကြာနှင့်လည်း တူလှပါပေ၏။ (များစွာရှိသေး၏။ ဤမျှလောက်ဖြင့် လုံးစုံပြည့်ဝ ဒါနပြုနိုင်ကြပါစေကုန်သတည်း။)

## ဒါနမြင့်တင်ရေး တရားတော်

ဒါနံ ဟိ လောကေ၊
သဂ္ဂ သမ္ပတ္တိ ဒေတိ၊
မာရသမ္ပတ္တိ ဒေတိ၊
ဗြဟ္မ သမ္ပတ္တိ ဒေတိ၊
စက္ကဝတ္တိ သမ္ပတ္တိ ဒေတိ၊
သာဝက ပါရမီဉာဏံ ဒေတိ၊
ပစ္စေကဗောဓိဉာဏံ ဒေတိ၊
အဘိသမ္ဗောဓိ ဉာဏံ ဒေတိ။

ဟိ၊ ဒါန၏အကျိုးဆက် တန်ခိုးထွက်ပုံကို သိသာရုံ ဟော ကြားလိုက်ပါဦးအံ့။ ဒါနံ၊ နိဗ္ဗာန်ရည်မှန်း ဇောပြဋ္ဌာန်း၍ စွန့်ကြဲပေးကမ်း လှူဒါန်းအပ်သော ဒါနမျိုးသည်။ လောကေ၊ ကာမ ရူပ အရူပဟု လောကသုံးခွင် ဘုံအစဉ်၌။ သဂ္ဂသမ္ပတ္တိ ဒေဝစ္ဆရာ ကညာခံရွေ နှစ်ကုဋေငါးသန်း အပိုခန်းအောင် စံမြန်းရိပ်ငြိမ် သိကြားမင်း၏စည်းစိမ်ချမ်းသာကိုလည်း။ ဒေတိ၊ ပေးစွမ်းနိုင်ပါပေ၏။

မာရသမ္ပတ္တိ၊ မိမိစိတ်ကြိုက် အလိုလိုက်၍ နှစ်ခြိုက်ဖို့ရာ နတ်ကညာစု ဖန်ဆင်းမှုဖြင့် ငါးခုအာရုံ ကာမဂုဏ်ကို အလို ပိုင်ပိုင် ခံစားနိုင်သည့် ကြီးခိုင်ရိပ်ငြိမ် မာရ်နတ် မင်းကြီး၏ စည်းစိမ်ချမ်းသာကိုလည်း။ ဒေတိ၊ ပေးစွမ်းနိုင်ပါပေ၏။

ဗြဟ္မသမ္ပတ္တိ၊ တချောင်းလက်ဖြင့် သောင်းစက္ကဝါ ရောင်ဝါ ဖြန့်ကျင်း တန်ခိုးလင်းနိုင်သော ဗြဟ္မာမင်း၏ စည်းစိမ် ချမ်းသာကိုလည်း။ ဒေတိ၊ ပေးစွမ်းနိုင်ပေ၏။

စက္ကဝတ္တိသမ္ပတ္တိ၊ လေးကျွန်းသနင်း စကြာမင်း၏ စည်းစိမ် ချမ်းသာကိုလည်း။ ဒေတိ၊ ပေးစွမ်းနိုင်ပါပေ၏။

သာဝကပါရမီဉာဏ်၊ မြတ်စွာဘုရား၏ တရားရေနို့ သောက် စို့ကြီးမြင့် ပိုလ်ထီးဖွင့်၍ နန်းမြင့်နိဗ္ဗာန် ခိုဝင်စံသည့် သာဝက ဗောဓိဉာဏ်ကိုလည်း။ ဒေတိ၊ ပေးစွမ်းနိုင်ပါပေ၏။

ပစ္စေကဗောဓိဉာဏ်၊ အဖော်မပို့ တဘုတည်းဖြင့် ပိုလ်ထီး ဖွင့်ကာ အမတာအောင်မြေ စံမြန်းချေသည့် ပစ္စေကဗောဓိ ဉာဏ်ကိုလည်း။ ဒေတိ၊ ပေးစွမ်းနိုင်ပါပေ၏။

အဘိသမ္ဗောဓိဉာဏ်၊ ငါးတန်ဥဒေယျ ဓမ္မခပင်း အကြွင်းမရှိ ကိုယ်တိုင်သိတတ် သဗ္ဗညုတ ဉာဏ်တော်မြတ်ကိုလည်း။ ဒေတိ၊ သဒ္ဓါပိုင်ပိုင် ပေးစွမ်းနိုင်ပါပေ၏။

အကျဉ်းချုပ်–ဒါန၏ အကျိုးကျေးဇူး ဂုဏ်နှင့် စပ်သော စကားသည် ဒါနကထာမည်၏ဟုမှတ်။

## သီလကထာကို ဟောပုံ

(၂) သီလကထာ- ထို့ကြောင့် ဒါနကို ပေးလှူသောသူသည် သီလကို ကောင်းစွာ ဆောက်တည်ခြင်းငှာ ထိုဒါနကထာ၏ အခြားမဲ့၌ သီလကထာကို ဟောတော်မူပါသည်။

ထိုသီလမည် သည်ကား မှီခိုရာတည်ရာလည်း ဖြစ်ပါပေ၏။ ဆွဲကိုင်ရာ ကြိုးသဖွယ်လည်း ဖြစ်ပါပေ၏။ ပုန်းအောင်းရာ လား ရောက်ရာ ကိုးကွယ်ရာလည်း ဖြစ်ပါပေ၏။

ဟိ သစ္စံ- ထိုစကားသည် မမှားကောန် စင်စစ်မှန်၏။ မျက်မှောက် သံသရာ နှစ်ဖြာလောက ဖြစ်သမျှဝယ် ခံစားရသည့် စည်းစိမ်ချမ်းသာဟူသမျှတို့၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို စောင့်သုံးသည်ထ မြတ်သီလနှင့် တူသော မှီရာသည် မရှိ၊ သီလ နှင့် တူသော ဆွဲကိုင်ရာ စောင့်ရှောက်ရာ ပုန်းအောင်းရာ လားရောက်ရာ ကိုးကွယ်ရာမည်သည် မရှိ၊ သီလတည်းဟူသော အဝတ်တန်ဆာနှင့် တူသောတန်ဆာမည်သည် မရှိ၊ လေအောက် လေညာ အခါမလင့် ရနံ့လွင့်၍ ဖူးပွင့်ဆန်းကြွယ် သီလတည်း ဟူသော ပန်းနွယ် ပန်းရုံ ပန်းဝတ်မှုံ ပန်းပွင့်နှင့်တူသော ဖူးငုံ ပွင့်ဆန်း အမွှေးပန်းမည်သည် မရှိ၊ ရနံ့မွှေးကြိုင် သီလ တည်းဟူသော နံ့သာဆိုင်နှင့်တူသော နံ့သာမြတ်သည် မရှိ တော့သည်သာတည်း။

ဟိသစ္စံ.... ဟော့ာတိုင်းမသေ့ မှန်လှပေ၏။ သီလရတနာ ဆင်းတန်ဆာဖြင့် ကောင်းစွာဝတ်ဆင်အပ်သော သီလပန်းမြတ်ဆင်မြန်းအပ်သော သီလနံ့သာဖြင့် ကောင်းစွာ လိမ်းကျံ ကာမခြောက်ရပ် နတ်ခြောက်ထပ်နှင့် တကွသော များစွာသောင်းသောင်း လူ၊ နတ်၊ ဗြဟ္မာအပေါင်းသည်လည်း စိမ်းစိမ်းမော်၍ ကြည့်မြော်သည်ရှိသော် ချစ်ကွက်အရှိန် နှစ်သက်မြိန်၍ တင်းတိမ်ရောင့်ရဲခြင်းသို့ ဆုံးခန်းတိုင်မြောက် မရောက်နိုင်တော့သည် သာတည်း။

အကျဉ်းချုပ်.... သီလ၏ အကျိုးကျေးဇူး ဂုဏ်နှင့် စပ်သော စကားသည် သီလကထာမည်၏။

## သဂ္ဂကထာကို ဟောပုံ

(၃) သဂ္ဂကထာ.... နတ်ပြည်ခြောက်ထပ် နတ်ရပ်တို့၌ အထပ်ထပ် ရရှိစံစားအပ်သော စည်းစိမ်ချမ်းသာဟူသမျှသည် သီလကို အမှီသဟဲပြုမှသာ အကျိုးကို ရရှိခံစားနိုင်လေသောကြောင့် သီလကထာ၏ အခြားမဲ့၌ 'သဂ္ဂကထာ'ကို ဟောတော်မူသည်။

နတ်တို့၏ စည်းစိမ်နှင့်ပတ်သက်၍ ရေးသားရမည် ဆိုလျှင် မရေမတွက်နိုင်အောင်ပင် များပြားလှပေ၏။ နတ်တို့၏ စည်းစိမ် ချမ်းသာမှာ လူ့ဘုံ လူ့ရပ် ချမ်းသာမြတ်ထက် ဆထက်ထောင် ရာ မကသာ၍ လွန်စွာအလိုရှိအပ်၏။ မလွတ်ရက်အောင် နှစ် သက်မြတ်နိုးအပ်၏။ ပီတိဓာတ်ကို မပြတ်မနား ထပ်ထပ်ပွားစေ တတ်၏။ ဤနတ်ရွာ၌ နေ့ညဉ့်မပြတ် ကာမဂုဏ်ဖြင့် အာရုံစုံ ကြူး မြူးထူးပျော်ပါးခြင်းတို့ကို ဒါန သီလ မြတ်ပုညကြောင့် လုံးဝပြည့်စုံ ရရှိနိုင်ကုန်၏။

စာတုမဟာရာဇ်နတ်တို့သည် လူတို့တမ်း တနှစ်ခန်း လ ရက် မှန်းဆတက်မူ (၀၁) လူတို့၏ အရေအတွက်အားဖြင့် မပျက် သက်တမ်း အနှစ် ၉ိုးသန်းတို့ပတ်လုံး နတ်တို့၏ စည်းစိမ်ချမ်း သာကို ခံစား စံစားကြရကုန်၏။

တာဝတိံသာ နတ်တို့သည် အနှစ်သုံးကုဋေ ခြောက်သန်း တို့ပတ်လုံး နတ်တို့၏ စည်းစိမ်ချမ်းသာတို့ကို စံစားကြရကုန်၏။

ဤသို့ စသောအားဖြင့် ကုသိုလ်ကောင်းမှု၌ မွေ့လျော် အောင် ဖြားယောင်း သွေးဆောင်ပြီးလျှင် နတ်တို့၏ စည်းစိမ် ချမ်းသာကို အာသာငမ်းငမ်း စွဲလမ်းနှစ်သက်၍ နေကြကုန်သော

သတ္တဝါတို့အား ဆင်ကိုတန်ဆာဆင်ပြီးလျှင် နှာမောင်းကို ဖြတ်လိုက်ဘိသကဲ့သို့ ဤနတ်တို့၏ စည်းစိမ် ချမ်းသာ သည်ကား အကျိတ်အခဲ အမြဲမတည် ပျက်စီးလွယ်သည်သာ ဖြစ်၍ နိစ္စသုခ အတ္တ ဓုဝ မဟုတ်။

အနိစ္စ ဒုက္ခ အနတ္တ အဓုဝ သဘောသာတည်း။

မဂ္ဂကထာကို ဤအဋ္ဌကထာ၌ အကျယ်မဖွင့်သဖြင့် မပေါ်ပြတော့ပေ။

ရှေးဆရာတို့ကလည်း ဤသို့ ဒါနမယော သကာမာဝစရော၊ သီလမယော အကနိဋ္ဌော၊ ဘာဝနာမယော အမတပ္ပလော ဟု မိန့်ဆိုခဲ့ကြ၏။

အနက်....ဒါနမယော၊ ဒါနဖြင့် ပြီးသော ကုသိုလ်ဂုဏ်သည်။ သကာမာဝစရော၊ နတ်ပြည်ခြောက်ထပ်သို့ ရောက်နိုင်၏။

သီလမယော၊ သီလဖြင့်ပြီးသော ကုသိုလ်ဂုဏ်သည်။ အကနိဋ္ဌော၊ အကနိဋ္ဌဘုံသို့ ရောက်နိုင်၏။ ဘာဝနာမယော၊ ဘာဝနာကုသိုလ်ဂုဏ်သည်။ အမတပ္ပလော၊ အမြိုက်နိဗ္ဗာန်တည်း ဟူသော အကျိုးရှိ၏။

(အဓိပ္ပာယ် ပေါ်လွင်ထင်ရှား၏။)

မဟာပဒါနသုတ် အဋ္ဌကထာ သရုပ်အဓိပ္ပာယ်

ပြီးပါပြီ။

# မဟာနိဒါနသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

## နိဒါနဝဏ္ဏနာနီတိ

## သိကြားမင်းအကြောင်း

သိကြားမင်း—အလှူဒါနကို ရိုသေလေးစားစွာ ပေးလှူတတ် သောကြောင့် "သိကြားမင်း"ဟု ခေါ်၏။

'သက္ကစ္စံ ဒါနံ ဒဒါတီတိ သက္ကော'။ သက္ကစ္စံ၊ ရိုသေလေးစားစွာ။ ဒါနံ၊ အလှူကို။ ဒဒါတိ၊ ပေးလှူတတ် ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သက္ကော၊ သက္ကမည်၏။

တနည်း-'အသုရေ ဇေတုံ သက္ကုဏာတီတိ သက္ကော'။

အသုရေ၊ အသုရာနတ်တို့ကို။ ဇေတုံ၊ အောင်ခြင်းငှာ။ သက္ကုဏာတိ၊ စွမ်းနိုင်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သက္ကော၊ သက္ကမည်၏။ စာတုမဟာရာဇ်၊ တာဝတိံသာ နတ်တို့ကို အစိုးရ သော သိကြားမင်းဟု မှတ်။

မှတ်သားဖွယ် ဤ၌ 'သိကြားမင်း' ဟု ဣအက္ခရာနှင့် ရေးခြင်းမှာ မဂဓဘာသာနှစ်ပါးကို ရောနှော၍ သက္က-ပုဒ်၌ 'က' အက္ခရာ တလုံးကို 'ရ' ရစ်ပြု၍ 'သ' ၏ 'အ' ကို 'ဣ' ပြု။

'က' ၏ အစိတ် 'အ' ကိုလည်း 'အာ' ပြု၍ 'သိကြားမင်း' ဟု မြန်မာဘာသာအားဖြင့် ရေးသားခေါ်ဝေါ်ကြလေသည်။

ထို့ကြောင့် ကိုးခန်းပျို့၌ "သက္ကသကြ၊ မဂဓနှင့်၊ သက္ကဋ ဘာသာ၊ ဝေါဟာအပြား၊ ထိုနှစ်ပါးမှ၊ ဣ အားအက္ခရာ၊ လဲ့ကာလည်းပြု၊ မြန်မာမှုဖြင့်၊ ယခုလူတွင်၊ သိကြားထင်သည်၊ မည်ပင်လည်းကောင်း၊ နတ်စောလောင်း" ဟု အရှင်မဟာရဋ္ဌသာရ စပ်ဆိုခဲ့ပေ၏။

မှတ်ချက်။ ။ဤသိကြားမင်းသည် ဓာတုမဟာရာဇ်နှင့် တာဝတိံသာနတ်ပြည် ဤနှစ်ထပ်သော နတ်ပြည်ကိုသာလျှင် အစိုးရနိုင်၏။ နတ်ပြည်ခြောက်ထပ်လုံးကို အစိုးမရနိုင်ဟု မှတ်။

မာရ်နတ်မင်းသည်သာလျှင် နတ်ပြည် ခြောက်ထပ်လုံးကို အစိုးရနိုင်၏ဟု မှတ်။ ထို့ကြောင့် 'ဆကာမာဝစရိဿရော မာရော' ဟု အဋ္ဌကထာများ၌ တွေ့ရ၏။

ထိုသို့ဖြစ်ရကား....တာဝတိံသာ၊ ခြောက်ရွာသခင်၊ ဝတိံ စိုးတဲ့ မိုးဘုရင်ဟူသော ဇာတ်စကားများသည် မမှန်ကန်။

တာဝတိံသာ၊ နှစ်ရွာသခင်၊ ဝတိံစိုးတဲ့၊ မိုးဘုရင်၊ ငါ အမှန်ပင် ဖြစ်တော့သကိုး—ဟူသော လင်္ကာသာ အမှန်ဟု မှတ် သားပါလေ။

ထိုတာဝတိံသာနတ်ပြည်၌ သုဓမ္မာဟု ခေါ်သော တရား သဘင်ပွဲတော်သည် သုဒဿနမြို့တော်၏ အရှေ့မြောက်အရပ်ရှိ ပင်လယ်ကသစ်ပင်၏ အနီး၌ တည်ရှိ၏။

## ထိုသုဓမ္မာသဘင်ပမာဏမှာ

အလျားအနံ အားဖြင့်....ယူဇနာ—သုံးရာ၊
အဝန်းအားဖြင့်...ယူဇနာ—ကိုးရာ၊
အမြင့် 'အစောက်' အားဖြင့်....ယူဇနာ— ငါးရာရှိ၏ဟု မှတ်။

နတ်အပေါင်းတို့၏ စည်းဝေးစရာ ညီလာခံ သုဓမ္မာ သဘင် မြေအပြင်မှာကား ဖန်ပြားတွေခင်းထား၏။ တိုင်၊ အခြင်၊ ထုပ်လျှောက် စသည်တို့မှာ ကျောက်မျက်ရွဲ ရတနာ မသာရဂလ်၊ ဥဿဖယား၊ ပတ္တမြားနီ၊ သန္တာကျောက်မျိုးတို့ဖြင့်

ခြယ်လှယ် စီမံထားသည်မှာ ကံအားလျော်စွာ စတုသာမဋ္ဌာန် နတ်တို့ မပြုပြင်ထားပဲ အလိုအလျောက်ပြီးစီးစေ၏။

ပင်လယကာသစ်ပင် ပမာဏ

ထိုသုဓမ္မာသဘင်၏ အနီးအပါးရှိ ပင်လယ်ကာသစ်ပင်ကြီးမှာ အမြင့်(အစေ ာက်)အားဖြင့် ယူဇနာတရာရှိ၏။

ထိုပင်လယ် ကာသစ်ပန်းပင်၏ အရောင်အပ ါကား သစ်ပင်၏ ထက်ဝန်းကျင်'ယူဇနာငါးဆယ်'တိုင်တိုင် ပျံ့နှံ့၍ တည်၏။

သင်းပျံ့မွှေးကြိုင် အနံ့လှိုင်သည်ကား အောက်အကြေအရပ်သို့ 'ယူဇနာတရာ' တိုင်တိုင် မွှေးနံ့ကြိုင်၏။

ပန်းပွင့်များကိုလည်း အပင်ပေါ်သို့ တက်၍ ဆွတ်ခူးရခြင်းလဲ မရှိဘူးတဲ့၊ ဆွတ်ခူးတတ်သည့် ကန္တနခေါ် လေတိုက်ခတ်ခြင်းကြောင့်ပင် အလိုလိုကြွေကျလာစေ၏။

ထိုအခါမှာ-သမ္ပဋိစ္ဆန ခေါ် လေကလဲပဲ မြေပေါ်သို့ပန်းပွင့်တွေ မကျရလေအောင် ခံယူထားသတဲ့။

တပေါင်း ပဝေသနခေါ် လေကလဲပ ပန်းပွင့်အားလုံးကို သုမေ္ဓာဇရပ်အတွင်းဘက်သို့ လေဖြင့် ပင့်ပြီး သွင်းပေးသတဲ့။

ရင်းနေ့ဘက် သမ္မဇ္ဇနခေါ် သန့်ရှင်းရေး ရွက်ဆောင်ပေးတဲ့ တံမြက်လှည်း လေကလဲပ သုမေ္ဓာဇရပ်အတွင်းရှိ ပန်းမှိုက်ဟောင်းတွေကို သန့်ရှင်းအောင် ထုတ်ဆွန့်ပေးသတဲ့။

သန္တရကခေါ်သော နေ့ရာခင်းပေးရန် လေကလဲ ပွင့်သစ်ဖြစ်သော ပင်လယ်ကသစ်ပန်းတွေကို ပန်းများအား ကြိုးဖြင့် သီကုံးစီထားသလို ကောင်းစွာသီကုံး နှံ့မြဲခြယ်လှယ်၍ ထား လေသတဲ့။

(ဆောင်ရန်)

- သုမေ္ဓာသဘင်၊ အမည်တွင်၊ မြေပြင်မှတ်ဖွယ်ရာ။
- ယူနေ့အလျား၊ သုံးရာထား၊ စီကားသုမေ္ဓာ။
- အဝန်းကိုးရာ၊ မြင့်ငါးရာ၊ တည်ပါဝတီသာ။
- ယူနေ့ဆင့်၊ တရာမြင့်၊ ထောက်ချင့် မွှေးကြိုင်စွာ။
- ဝန်းကျင်ငါးဆယ်၊ ပျံ့နှံ့ကြွယ်၊ ပင်လယ်ကသစ်မှာ။

## သိကြားမင်းပလ္လင်ပမာဏ

တရားဟောရန် 'ရတနာပလ္လင်' သည်ကား ယူဇနာအားဖြင့် တယူဇနာရှိ၏။

## ထီးဖြူပမာဏ

ထိုရတနာပလ္လင်၏ အထက်၌ ထီးဖြူကို စိုက်ကာ ဖြန့်မိုးထားလျက်ရှိ၏။

ထို'ထီးဖြူ'သည်ကား ယူဇနာအားဖြင့် သုံးယူဇနာ ရှိ၏။

## ဝိဇယုတ္တရ ခရုသင်းပမာဏ

သိကြားမင်းသည် သုဓမ္မာဇရပ်သဘင် ညီလာခံကြီး လွှတ်တော်၌ စည်းဝေးချိန် ရောက်လေသောအခါ နတ်တို့၏ အစည်းအဝေးကို ကျင်းပလိုသော် သဘင်ပွဲ မကျင်းပမီ ဝေဇယန္တာ နန်းပြာသာဒ်ကနေပြီး ဝိဇယုတ္တရခေါ်သော ခရုသင်းကြီးကို မှုတ်လေ၏။

ထို'ခရုသင်း'၏ ပမာဏကား အတောင်တရာ့နှစ်ဆယ်ရှိ၏။ သိကြားမင်းမှုတ်သော ခရုသင်း၏ အသံသည်ကား။

ယူဇနာတသောင်း ကျယ်ဝန်းသော တာဝတိံသာ နတ်ပြည် တပြည်လုံး ပျံ့နှံ့ကျော်ကြား၏။ လေးလတိုင်မှ အသံရပ်စဲ၏။

ရောဝဏ်ဆင်ပမာဏ

သိကြားမင်းသည် ရောဝဏ်ဆင်ကြီးကို စီး၍ နတ်မိဖုရားကြီး လေးယောက်နှင့် တကွ သုံးကုဋေ့ ခြောက်သန်းမျှလောက်သော နတ်အပေါင်းတို့ဖြင့် ခြံရံလျက် သုဓမ္မာသဘင်သို့ စမွယ်တော်မူ၏။

"ရောဝဏ်ဆင်၏"ပမာဏကား ယူဇနာတရာ့ငါးဆယ်ရှိ၏။

မှတ်ချက်။ ။ရောဝဏ် ဆင်ဆိုသည်မှာ တိရစ္ဆာန်ဆင်မျိုး မဟုတ်၊ သိကြားမင်း၏ အမှုဆောင်နတ်သားဟို သည် ကမ္မဇိဒ္ဓိတန်ခိုး၏ အစွမ်းအားဖြင့် ဖန်ဆင်း ထားသော နတ်သားတို့ဟု မှတ်။

နတ်ပြည်ခြောက်ဆင့်၌ အဟိတ်တိရစ္ဆာန် ဒုဂ္ဂတိပုဂ္ဂိုလ်မဖြစ် နိုင်ဟု သာရတ္ထဒီပနီဋီကာ၌ မိန့်ဆိုထားသည်ကို တွေ့ရပေသည်။

အောင်လံတံခွန်ကြီး ပမာဏ

ဝေဇယန္တာ နန်းပြာသာဒ်ကို ခြံရံ၍ ထားသော အောင်လံ တံခွန်ကြီးများကို စိုက်ထောင်ထားသည်မှာ အောင်လံတလူလူ နှင့် ဝေဆာလှပပေ၏။

ထိုအောင်လံတိုင်, အောင်လံချွက်တို့သည် ရတနာခုနစ်ပါး တို့ဖြင့် ခြယ်လှယ်ထားပေသည်။

အောင်လံတော်ကြီး၏ ပမာဏကား 'ဒုပြင့်ယူဇနာ'အား ဖြင့် 'သုံးရာ'ရှိ၏။

ဝေဇယန္တာ ရထားပမာဏ

ဝေဇယန္တာရထား၏ ပမာဏမှာ...ရထားဦးမှ နောက်ဆုံး အဖျားတိုင်အောင် 'ယူဇနာတရာ့ငါးဆယ်' ရှိ၏။

ရှင်းလင်းဦးအံ့—ရထား၏ ရှေ့ဦးက ရထားအိမ်အထိ 'ယူဇနာငါးဆယ်' ရှိ၏။ အလယ် ရထားအိမ် ယူဇနာလည်း ငါးဆယ်ပင်၊ နောက်စွန်းလည်း ယူဇနာငါးဆယ်၊ သုံးရပ်ပေါင်းလျှင် ယူဇနာတရာ့ငါးဆယ်ရှိ၏ဟု မှတ်။

'အနံယူဇနာငါးဆယ်၊ အဝန်းယူဇနာ လေးရာ'ရှိ၏။

ဝေဇယန္တာနန်းပြာသာဒ်

ဝေဇယန္တာ ဘုံနန်းပြာသာဒ်သည် သိကြားမင်းပျော်စံရာ ဖြစ်သော ပြာသာဒ်ဖြစ်သည်။ ထိုပြာသာဒ်သည် အဋ္ဌကထာ ဆလိုအားဖြင့် 'အမြင့်' ယူဇနာ 'တထောင်'ရှိ၏။ 'ဋီကာအလို' အားဖြင့် အမြင့် ယူဇနာ ခုနစ်ရာ ရှိ၏။

(ဆောင်ရန်)

- သုံးရာ တံခွန်၊ ပလ္လင်မှန်၊ ဆုံးစွန် ထယူဇနာ။
- ထီးဖြူ သုံးယူ၊ ပြာသာဒ်မူ၊ မြင့်ယူ တထောင်သာ။

● ခရုသင်းဝယ်၊ ရာ့နှစ်ဆယ်၊ သံကျယ်တထောင်သာ။

● တရာ့ငါးဆယ်ကား၊ ဆင့်ရတား၊ နှစ်ပါး သို့တူလာ။

## ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ

သိကြားမင်းပျော်စံရာ မြကျောက်ဖျာသည်ကား မဟာသုဒဿနမြို့တော်၏ အရှေ့မြောက် ပုဏ္ဍရိကာဥယျာဉ်တော်၌ ပင်လယ်ကသစ်ပင်၏ အနီးဝယ် ရှိသတတ်။ ထိုကျောက်ဖျာသည် လယ်ခေါင်းရန်းပွင့်အသွေး နီတွေးတွေးသော အဆင်း ရှိ၏။ ထိုပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် နူးညံ့သိမ်မွေ့သောကြောင့် နတ်တို့သေ၍နှင်း သိကြားမင်းသည် ထိုကျောက်ဖျာပေါ်မှာ ထိုင်လိုက်တဲ့အခါ ကိုယ်ယက်ဝက် မြုပ်သွားပြီး သိကြားမင်းသည် နေရာမှ တဖန် ပြန်ထသော် ယခင်အတိုင်း ပြန်ပြည့်လာ၏။

## ကျောက်ဖျာ၏ ပမာဏ

အလျားအားဖြင့် 'ယူဇနာ့ခြောက်ဆယ်' ရှိ၏၊

အနံအားဖြင့် 'ယူဇနာငါးဆယ်' ရှိ၏။

အထူထုအားဖြင့် 'တဆယ့်ငါး ယူဇနာ' မြင့်၏။

❁ ခြောက်ဆယ်အလျား၊ အနံကား၊ မှတ်သား ငါးဆယ်သား။

❁ ဆယ့်ငါးအလေး၊ မြဲမှတ်ရှု၊ ပဏ္ဍုကမ္ဗလာ။

## ကမ္ဗာသဒမ္ဗ ကမ္ဗာသဓမ္ဗအဝိပ္ပာယ်

ကမ္ဗာသဒမ္ဗ....ဟူသည် ကျားသော ခြေရှိသော ပေါရိသာဒ ကို ဆုံးမရာဖြစ်သောကြောင့် 'ကမ္ဗာသဒမ္ဗ'မည်၏။

ကမ္ဗာသဓမ္မ....ဟူသည် ကုရုတိုင်းသားတို့၏ အကျင့်ဖြစ်သော ငါးပါးသီလသည် ပြောက်ကျား ညစ်နွမ်းသောကြောင့် "ကမ္ဗာသဓမ္မ"မည်၏။

## သနိဿန္ဒဒေသေ ဝတ္ထုတွာအရ နေခြင်း၌ အပြစ်ခြောက်ပါးသရုပ်

(၁) အတိဒူရံ....အလွန်ဝေးသောအရပ်၊
(၂) အစ္စာသန္နံ....အလွန်နီးသောအရပ်၊
(၃) ဥပရိဝါတံ....လေညာအရပ်၊
(၄) ဥန္နတပ္ပဒေသံ မြင့်သောအရပ်၊
(၅) အတိသမ္မုခံ....ရှေးရှု တူရူအရပ်၊
(၆) အတိပစ္ဆာ နောက်တူရူအရပ်ဟု အပြစ်ခြောက်ပါး တည်း။

အမှာ.... သံယုတ္တနိကာယ အဋ္ဌကထာလာ ကေမန္တ ဂ္ဂိတော ဟောတိတိ ဆဋ္ဌာနဒေါသေ ဝဇ္ဇေတွာဋ္ဌ ဆဋ္ဌာနဒေါသ အရလည်း၊ ဤနည်းနှင်နှင်ပင်တည်း။

(ဆောင်ရန်)

- ဝေး, နီး, ဖလည္ာ၊ မြင့်ဌာနာ၊ ရှ ့မှာ နောက်တူရူ။
- အလွန်နေခြား ပြစ်ခြောက်ပါး၊ ကင်းခြားသင့်ဘင့်ယူ။

ရှင်းလင်းဉ်းအံ့- အကယ်၍ အလွန်ဝေးသော အရပ်၌ နေသော် စကားဆိုလိုသည်ဖြစ်အံ့၊ ကျယ်သောင်သော အသံဖြင့် ပြောဆိုအပ်၏။

အလွန်နီးပြန်သော် တပါးနှင့်တပါး ဟိုးဌေခြင်းကို ပြုတတ်၏။ အသက်လေညာ၌နေပြန်သော် မကောင်းသော ကိုယ်အနံ့များဖြင့် နှိပ်စက်ညှဉ်းပန်းတတ်၏။

အလွန်မြင့်သောအရပ်၌ နေပြန်သော် မရိုမသေခြင်းကို ပြုတတ်၏။

ရှေ့တည့်တည့်နေပြန်လျှင်လည်း ကြည့်လိုသည်ဖြစ်အံ့၊ မျက်စိအချင်းချင်း ထိခိုက်၍ ကြည့်ရှုအပ်သည် ဖြစ်၏။

နောက်ကဲနေပြန်သော် အကယ်၍ ဖူးမြော်လိုအံ့၊ လည်ပင်း ကိုဆန့်၍ ဖူးမြော်အပ်၏။

ထို့ကြောင့် အရှင်အာနန္ဒာ မထေရ်သည် ဤပြဆိုခဲ့သော အပြစ်ခြောက်ပါးတို့ကို ကြဉ်၍လက်ယာပုဆစ် ဒူးဝန်းတော်၏ ရှေ့တူရူ ဖြစ်သောအရပ်၌ ဘုရားရှင်၏ ခြောက်သွယ်သော ရောင်ခြည်တော်တို့၏အတွင်းသို့ဝင်၍ ကြည်လင်သော ချိတ်ရည် သို့ သက်ဝင်သကဲ့သို့ လည်းကောင်း၊ ရွှေပုဆိုးကို ဝတ်ရုံသကဲ့သို့ လည်းကောင်း၊ ကြာနီပန်းတို့ဖြင့် ပြုအပ်သော ဗိတာန်၏အလယ် သို့ ဝင်သကဲ့သို့လည်းကောင်း ဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာ မထေရ်ထိုင်နေ၏။

ဥဿာရ ဝဏ္ဏနာနိဒ္ဒေသ

ပဋိစ္စသမုပ္ပါဒ် ပေါ်လွင်၏ဟူ၍ ထင်ရာ၌ ဥပမာလေးမျိုး

ခြောက်လပတ်လုံးလက်ပန်းသည်ခေါ် လက်ဝှေ့သမားများ သည် လေ့ကျင့်ရေးကို ရသိသကဲ့သို့ ထို့အတူ အရှင်အာနန္ဒာ လည်း ကမ္ဘာတသိန်းကာလပတ်လုံး ဆုတောင်းနှင့် ပြည့်စုံ၏။

လက်ပန်းသည် (လက်ဝှေ့သမား)အား ခွန်အားကြီးသော ကြောင့် လျင်မြန်ပေါ့ပါးသကဲ့သို့ ထို့အတူ အရှင်အာနန္ဒာ မထေရ်အား ကြီးကျယ်သောပညာရှိသည်၏ အဖြစ်ကြောင့် ပဋိစ္စ သမုပ္ပါဒ်သည် ပေါ်လွင်၏ဟု ဆိုသင့်၏။

## ငါးကြီးရှစ်ကောင်ပမာဏ

| | | | |
|---|---|---|---|
| (၁) | တိမိငါး | .... | ယူဇနာနှစ်ရာ၊ |
| (၂) | တိမိင်္ဂလငါး | .... | ။ သုံးရာ၊ |
| (၃) | တိမိပိင်္ဂလငါး | .... | ။ လေးရာ၊ |
| (၄) | တိမိရပိင်္ဂလငါး | .... | ။ ငါးရာ၊ |
| (၅) | အာနန္ဒငါး | .... | ။ တထောင်၊ |
| (၆) | တိမိနန္ဒငါး | .... | ။ ။ |
| (၇) | အဇ္ဈာရောဟငါး | .... | ။ ။ |
| (၈) | မဟာတိမိငါး | .... | ။ ။ |

(မဆာနင်ရနံ့)

- နှစ်ရာတိမိ၊ သုံးရာရှိ၊ မှတ်ဘိတိမိင်္ဂလာ။
- တိမိင်္ဂလ၊ လေးရာပြ၊ ငါးရာ့တိမိရာ။
- အာနန္ဒာ၊ ငါးလေးဝ၊ မှတ်ကြ တထောင်သာ။
- ငါးရှစ်ကောင်မှာ၊ ယူဇနာ၊ ကျမ်းလာ နိဒ္ဒိတာ။

ဒဲ့ဦးအံ့၊ ထိုငါးကြီး ရှစ်ကောင်တို့တွင် တိမိရပိင်္ဂလငါးသည် လက်ယာနားကို လှုပ်လိုက်သည်ရှိသော် ယူဇနာငါးရာရှိသော ရေသည်လှုပ်၏။ ထို့အတူပင် လက်ဝဲနား၊ ဦးခေါင်း၊ အမြီးတို့ကို လှုပ်ပြန်သော် ယူဇနာ ငါးရာရှိသော ရေသည် လှုပ်၏။

နားနှစ်ဘက်တို့ကို လှုပ်၍ အမြီးဖြင့် ရေကိုခတ်၍ ဦးခေါင်းကို ထိုထို ညှဉ့်ညှဉ့် ကစားလိုက်သည် ရှိသော် ယူဇနာ ခုနစ်ရာ ရှိသော အရပ်၌ ရှိသောရေသည် ခွက်၌ထည့်ပြီး ခုံလောက်ပေါ်တင်ထားသောရေလို ကျိုက်ကျိုက်ဆူသကဲ့သို့ တက်ဝန်းကျင်လည်၏။

ယူဇနာသုံးရာရှိသော ရေသည် ကျောက်ကိုဖုံးထားခြင်းငှာ မတတ်နိုင်။

ဤငါးဥပမာ၌—အလွန် ခန္ဓာကိုယ် ကြီးသော တိမိရပိင်္ဂလငါးအား သမုဒ္ဒရာသည် တိမ်သည်ဟု ထင်ရ၏၊ ကြွင်းသော ငါးငယ်တို့ကား တိမ်သည်ဟု မထင်နိုင်။

ထို့အတူ....ကြီးသောဉာဏ်နှင့် ပြည့်စုံသော အရှင်အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ်သည် ပေါ်လွင်၏ဟု ထင်နိုင်၏။ အခြားသောသူတို့အား ပေါ်လွင်၏ဟု မထင်နိုင်။

## ဂဠုန်မင်း၏ ပမာဏ

| | | |
|---|---|---|
| ဂဠုန်မင်း | ယူဇနာ | တရာ့ငါးဆယ်၊ |
| လက်ယာဘက်တောင်ပန်သည် | ။ | ငါးဆယ်၊ |
| လက်ဝဲဘက်တောင်ပန်သည် | ။ | ငါးဆယ်၊ |
| အမြီးလုံးသည် | ။ | ခြောက်ဆယ်၊ |
| လည်ပင်းသည် | ။ | သုံးဆယ်၊ |
| နှုတ်သီးသည် | ။ | ကိုးယူဇနာ၊ |
| ခြေတို့သည် | ။ | တဆယ့်နှစ်ယူဇနာရှိ၏။ |

(ဆောင်ရန်)

- တရာ့ငါးဆယ်၊ လွန်ကြီးကျယ်၊ မှတ်ဖွယ်ဂဠုန်မင်း။
- ဝဲ့ယာအတောင်၊ ငါးဆယ်ဆောင်၊ မြဲအောင်မှန်မယွင်း။
- မြီးလုံးခြောက်ဆယ်၊ လည်သုံးဆယ်၊ နှုတ်ဝယ်ကိုးယူလင်း။
- ခြေထောက်ယှဉ်နှာ၊ဆယ့်နှစ်ဖြာ၊ ကျမ်းလာ လွန်စွာရှင်း။
- ဂဠုန်ရာဇာ၊ တိုင်းအတွာ၊ ကျမ်းလာ ပြီးလေမင်း။

(မှတ်ချက်)ထိုဂဠုန်မင်းသည် တောင်ပန်ခတ်၍ လေတိုက်လိုက်
 သည်ကား ယှဉ်ဇာ ခုနစ်ရာ ရှိသောအရပ်သည်
 မဆန့်ဟုဆို၏။

## ရာဟုအသူရိန် နတ်ကြီး၏ပမာဏ

## ရာဟုအသူရိန်နတ်မင်းကြီး၏ အမြင့်မှာ

ခြေဖျားမှ ဆံဖျားတိုင်အောင် ယှဉ်နှာ သေးထောင့်ရှစ်ရာ

| | | |
|---|---|---|
| မောင်း(လက်ရုံး)နှစ်ဖက်အကြား | ။ | တရာ့နှစ်ဆယ်၊ |
| အထု(လုံးပတ်)အားဖြင့် | ။ | ခြောက်ရာ၊ |
| လက်ဖဝါး ခြေဖဝါးအပြင် | ။ | သုံးရာ၊ |
| မျက်နှာအပြင်အားဖြင့် | ။ | သုံးရာ၊ |

| | | |
|---|---|---|
| **လက်ဆစ်အားဖြင့်** | ။ | ငါးဆယ်၊ |
| မျက်မှောင်နှစ်ခုကြား | ။ | ငါးဆယ်၊ |
| နဖူးပြင်အကျယ်အားဖြင့် | ။ | သုံးရာ၊ |
| လည်ပင်း | ။ | သုံးရာ၊ |
| ဦးခေါင်း | ။ | ကိုးရာ၊ |

(ဆောင်ရန်)

- အသူရိန်နတ်၊ တိုင်းထွာမှတ်၊ ကျမ်းမြတ်မဟာဝါ။
- လေးထောင့်ရှစ်ရာ၊ ယူဇနာ၊ မှန်စွာ မှတ်ဖို့ရာ။
- ခြေဖျားမှဆံ၊ ပမာဏ၊ မှတ်ရန် ညီမျှသာ။
- တရာ့နှစ်ဆယ်၊ မောင်းကြားဝယ်၊ ကြီးကျယ် ယူဇနာ။
- လုံးပတ်ခြောက်ရာ၊ လက်ခြေမှာ၊ မျက်နှာသုံးရာသာ။
- လက်ဆစ်တသွယ်၊ ငါးဆယ်ကြွယ်၊ မှတ်ဖွယ် တိုင်းအထွာ။
- မျက်မှောင်ခေါ်ပြား၊ ထိုအကြား၊ တူထားငါးဆယ်သာ။
- နဖူးသုံးရာ၊ ဦးခေါင်းမှာ၊ ကိုးရာ ပြဲသချာ။
- အသူရိန်နတ်မင်း၊ တိုင်းထွာခြင်း၊ မယွင်း နိဋ္ဌိတာ။

(မှတ်ချက်) တယူဇနာ ဆိုသည်ကား ခုနစ်တောင်ကို တတာ၊ တာနှစ်ဆယ်-တဥသဘ၊ ဥသဘရှစ်ဆယ်-တဂါဝုတ် လေးဂါဝုတ်-တယူဇနာရှိ၏၊ တယူဇနာကို- တိုင်ဖွဲ့ ပါက ခြောက်တိုင်နှင့် တာလေးရာ ရှိ၏။ ခေတ်အ ခေါ်အားဖြင့် ကိုက်ပေါင်းနှစ်သောင်းနှစ်ထောင် လေးရာကို တယူဇနာခေါ်၏ဟု မှတ်။

မေး ● အရှင်အာနန္ဒာသည် ပဋိစ္စသမုပ္ပါဒ်ကို ပေါ်လွင်၏ဟု ထင်ရာ၌ အကြောင်းတရားလေးပါးကို ဖော်ထုတ် ပြခဲ့ပါ။

ဖြေ ● (၁) ရှေး၌ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှု ဟူသော အကြောင်း၏ ပြည့်စုံခြင်း၊

(၂) ဆရာမြတ်တို့၏ အထံ၌ သင်ခြင်း၊ နားထောင် ခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ အာဂုံဆောင် ခြင်းတို့၏ အစွမ်းဖြင့် နေခဲ့ဖူးခြင်း၊

(၃) သောတာပန်ဖြစ်ခြင်း၊

(၄) များသော အကြားအမြင်ရှိခြင်း အားဖြင့် ဤ အကြောင်းတရား လေးပါးတို့ကြောင့် နက်နဲ သော်လည်း ပဋိစ္စ သမုပ္ပါဒ်သည် ပေါ်လွင်၏ ဟု ထင်ရပါသည်။

## ပုဗ္ဗုပနိဿယ သမ္ပတ္တိကထာနိတိ
## ပဒုမုတ္တရ ဘုရားပွင့်တော်မူသောအခါ
## ဖြစ်ပေါ်လာသော ပဒုမ္မာကြာ၏ ကြီးကျယ်ပုံပမာဏ

ပဒုမ္မာကြာ၏ ရွက်ချပ်တို့သည် အတောင်အားဖြင့် ကိုးဆယ် ရှိကုန်၏။

ဝတ်မှုန်ဝတ်ဆံသည် .... အတောင် သုံးဆယ် ရှိ၏။

ကြာချက်သည် .... တဆယ့်နှစ်တောင် ရှိ၏။

ကိုးလုံးသောအိုး ပြည့်ရုံမျှပမာဏရှိသော ဝတ်ဆံ ရှိ၏။

### မြတ်စွာဘုရား၏ ကြီးမြတ်တော်မူပုံ

မြတ်စွာဘုရားသည် အရပ်အမြင့်အားဖြင့် ငါးဆယ့် နှစ်တောင်အရပ်ရှိ၏၊ မြတ်စွာဘုရား၏ လက်မောင်းဘော်နှစ်ဘက်အကြားသည် တဆယ့်ရှစ်တောင် ရှိ၏။ နဖူးတော်သည် ငါးတောင် ရှိတော်မူ၏။

လက်ခြေတို့သည် တဆယ့်တတောင် ရှိကုန်၏။

(မှတ်ချက်) ထိုပဒုမုတ္တရ မြတ်စွာဘုရား၏ တဆယ့်တတောင် ရှိသော အခြေဖြင့် တဆယ့်နှစ်တောင်ရှိသော ကြာ ချက်ပေါ်၌နင်းလိုက်သည်ရှိသော် အိုးကိုးလုံးပြည့်ရုံ

ပမာဏရှိသော ဝတ်မှုန်တို့သည် တက်လာသည်မှာ ငါးဆယ့် ရှစ်တောင် ရှိသောအရပ်သို့ ဆေးဒန်း မြင်းသီတာမှုန့် ပြွမ်းသကဲ့သို့ တက်လာလေ၏။

ထိုသို့ခြေချသည့်ရှိသော် မြေကိုခွဲ၍ ပဒုမ္မာကြာ၏ ခံလာခြင်းကို အကြောင်းပြု၍ "ပဒုမုတ္တရ" ဟု နာမည်ကျော်ကြားထင်ရှားလာ၏။

## တိတ္ထဝါသာဒိ ဝဏ္ဏနာနိဋ္ဌိတာ

## တိတ္ထဝါသ ခေါ်ဆိုပုံ

အဖန်ဖန် အထပ်ထပ် ဆရာမြတ်တို့၏ အထံ၌ ပါဠိကို သင်ယူခြင်း၊ ပါဠိ၏အနက်ကို နှုတ်ဆောင်ခြင်း၊ ခက်ခဲသော အရာတို့၌ ဆွေးနွေးမေးမြန်းခြင်း၊ ပါဠိ့အနက်ကို အကုံဆောင်ခြင်းတို့ကို 'တိတ္ထဝါသ' ဟု ခေါ်ဆို၏။

ထိုဆရာမြတ်တို့၏ အထံ၌ ပါဠိ သင်ယူခြင်း စသည်တို့၏ အစွမ်းအားဖြင့် နေခြင်းသည် အရှင်အာနန္ဒာ မထေရ်အား အလွန်စင်ကြယ်၏။

ထို့ကြောင့် အရှင်အာနန္ဒာမထေရ်အား နက်နဲသော်လည်း ပဋိစ္စသမုပ္ပါဒ်သည် ပေါ်လွင်သကဲ့သို့ ထင်ရ၏။

## ပဋိစ္စသမုပ္ပါဒ ဂမ္ဘီရတာနိတိ

ထိုပဋိစ္စသမုပ္ပါဒ်၏ နက်နဲသည်ဟု ဆိုရာ၌--

(၁) အတ္တဂမ္ဘီရတာ....အကျိုး၏နက်နဲသည်၏အဖြစ်၊
(၂) ဓမ္မဂမ္ဘီရတာ....အကြောင်း၏ နက်နဲသည်၏အဖြစ်၊
(၃) ဒေသနာဂမ္ဘီရတာ.... ဒေသနာ၏ နက်နဲသည်၏ အဖြစ်၊
(၄) ပဋိဝေဓဂမ္ဘီရတာ....သိအပ်သော သဘော၏ နက်နဲသည်၏အဖြစ်၊

ဤလေးပါးသော အကြောင်းတို့ကြောင့်ပဋိစ္စ သမုပ္ပါဒ်သည် နက်နဲသည် မည်၏။

## ဂမ္ဘီရဘာဝ အစီပ္ပာယ်

ဇရာမရဏသည် ဇာတိကြောင့်ဖြစ်၏။ ဇာတိမှတပါးသော အကြောင်းကြောင့် ဇရာ မရဏသည် ဖြစ်သည်မဟုတ်။ ဤသို့ သော အပြားအားဖြင့် ဇာတိကြောင့် ဇရာ မရဏသည် အမြဲ မပြတ်ဖြစ်၏။

ဤသို့ ဇာတိကြောင့် အမြဲမပြတ်ဖြစ်သော အနက်သဘောကို ထိုးထွင်း၍သိခြင်းငှာ တတ်နိုင်ခဲသည်၏ အဖြစ်ကြောင့် ဇရာ မရဏ၏ ဇာတိကြောင့် ကောင်းစွာဖြစ်၍ အကျိုးတရား၏ မပြတ်ဖြစ်ခြင်းဟူသော အနက်သဘောသည် နက်နဲ၏။

ထို့အတူ ဇာတိ၏ ဘဝကြောင့် ဖြစ်ခြင်း အနက်သဘောလည်း နက်နဲ၏။ ဤသို့စသည်အားဖြင့် အစဉ်အတိုင်း နက်နဲပုံကို သိပါလေ။ ထို့ကြောင့် ဤဘဝစက်သည် အကျိုးအားဖြင့် နက်နဲ၏။

[ဤကား အတ္ထဂမ္ဘီရတာ တည်း။]

အကြောင်းအခြင်းအရာအားဖြင့် လည်းကောင်း၊ အကြောင်အခိုက်အတန့်အားဖြင့်လည်းကောင်း အဝိဇ္ဇာသည် ထိုထို သင်္ခါရတို့အား ကျေးဇူးပြုသော အခြင်းအရာကို ထိုးထွင်း၍ သိခြင်းငှာ တတ်နိုင်ခဲသည်၏ အဖြစ်ကြောင့် အဝိဇ္ဇာ၏ သင်္ခါရတို့အား ကျေးဇူးပြုတတ်သော အနက်သဘောသည် နက်နဲ၏။

ဤသို့စသောအားဖြင့် အကြောင်းတရားတို့က အကျိုးတရားတို့အား ကျေးဇူးပြုရာ၌ နက်နဲပုံကို သိပါလေ။

ထို့ကြောင့် ဤဘဝစက်သည် အကြောင်းအားဖြင့် လည်း နက်နဲ၏။

[ဤကား-ဓမ္မဂမ္ဘီရတာ တည်း။]

ထိုပဋိစ္စသမုပ္ပါဒ်ကို အချို့သောသုတ်၌ အနုလောမအားဖြင့် ဟောတော်မူ၏။ အချို့သောသုတ်၌ ပဋိလောမအားဖြင့် ဟောတော်မူ၏၊ ဤသို့ အမျိုးမျိုးအဖုံဖုံသော အခြင်းအရာဖြင့် ဟောကြားတော်မူသည်၏ အဖြစ်ကြောင့် ဒေသနာတော်သည်လည်း နက်နဲ၏။

ထိုသို့ဟောရာ၌ သဗ္ဗညုတဉာဏ်မှ တပါးသော ဉာဏ်သည် ထောက်ရာတည်ရာကို မရနိုင်၊ မြတ်စွာဘုရား သခင်သည်သာ သဗ္ဗညုတဉာဏ်ဖြင့် အမျိုးမျိုး အပုံပုံ ခွဲခြားဝေဖန်၍ ဟော ကြားတော်မူနိုင်၏။ ထို့ကြောင့် ဒေသနာအားဖြင့် နက်နဲ၏။

[ဤကား ဒေသနာဂမ္ဘီရတာ ည်း]

အဝိဇ္ဇာစသည်တို့၏ သဘာဝကို ပဋိဝေဓဉာဏ်ဖြင့်သာ ထိုး ထွင်း၍ သိမြင်နိုင်၏။

အဝိဇ္ဇာအစရှိသော တရားတို့ကို မိမိတို့၏သဘာဝလက္ခဏာ အားဖြင့် ထိုးထွင်း၍ သိရသော သဘောသည် ည်း ဉာဏ်အား ဖြင့် သက်ဝင်ခြင်းငှာ စွမ်းနိုင်ခဲသောကြောင့် နက်နဲ၏။ ထို့ ကြောင့် အသိဉာဏ်အားဖြင့်လည်း နက်နဲ၏။

[ဤကား ပဋိဝေဓ ဂမ္ဘီရတာတည်း။]

(မဆောင်ရန်)

- အကျိုးဓမ္မ၊ နက်နဲလှ၊ အတ္ထဂမ္ဘီရာ။
- အကြောင်းဓမ္မ၊ နက်နဲလှ၊ ဓမ္မဂမ္ဘီရာ။
- ဟောကြားခြင်းငှာ၊ ခက်ခဲတာ၊ ဒေသနာဂမ္ဘီရာ။

  သဘောရင်းကို ထိုးထွင်းထိမိ၊ သိခဲဘိ၊ ပဋိဝေဓပါ။
- စတုဓမ္မာ၊ ဂမ္ဘီရာ၊ ဤသို နိဋ္ဌိတာ။

အနနုဗောဓ....ဟူသောပါဠိဖြင့် ဉာတပရိညာ၏ အစွမ်းဖြင့် လျှော်စွာမသိခြင်းကိုပြသည်။

အပ္ပဋိဝေဓ....ဟူသောပါဠိဖြင့် တီရဏပရိညာ၊ ပဟာနပရိညာ တို့၏ အစွမ်းဖြင့် ထိုးထွင်း၍မသိခြင်းကို ပြသည်။

အပါယ်မည်ပုံ....ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံ တို့ကို ပွားစီးကြောင်းဟူသော ချမ်းသာ (ကုသိုလ်ကောင်းမှု)၏ မရှိခြင်း အရာဖြစ် သောကြောင့် 'အပါယ်'မည်သည်။

ဒုဂ္ဂတိမည်ပုံ....ထိုလေးဘုံတို့ကို အပါယ်ဖြစ်သော ဝဋ်ဆင်းရဲ ၏ ဖြစ်ရာဖြစ်သောကြောင့် 'ဒုဂ္ဂတိ' မည်ပါ သည်။

ဝိနိပါတမည်ပုံ.... ထိုလေးဘုံတို့ကို ချမ်းသာ အပေါင်းမှ ဖောက်ပြန်၍ ကျရာ ဖြစ်သောကြောင့် 'ဝိနိပါတ' မည်ပါသည်။

[သံသရာမည်ပုံ]

ခန္ဓာနဉ္စ ပဋိပါဋိ၊
ဓာတု အာယတနာနစ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊
သံသာရောတိ ပဝုစ္စတိ။

**ဂါထာအနက်**....ခန္ဓာနံ၊ ခန္ဓာတို့၏။ ပဋိပါဋိ စ၊ အကြောင်း အကျိုးအားဖြင့် အဆက်ဆက်ဖြစ်ခြင်း ကို လည်းကောင်း။ ဓာတုအာယတနာနံ၊ ဓာတ်၊ အာယတနတို့၏၊ အဗ္ဗောစ္ဆိန္နံ၊ မပြတ်မစဲ တဖွဲဖွဲ။ ဝတ္တမာနာ စ၊ ဖြစ်သည်ကို လည်းကောင်း၊ သံသာရောတိ၊ ‘သံသရာ’ ဟူ၍။ ပဝုစ္စတိ၊ ခေါ် ဆိုအပ်၏။

(အဓိပ္ပာယ် ပေါ်လွင်ပြီ။)

## ပဋိစ္စသမုပ္ပါဒဝဏ္ဏနာဒိတိ

### ဥပါဒါန်လေးပါးကြောင့် ဘဝနှစ်ဆယ့်လေးပါး ဖြစ်ပုံ

ကာမုပါဒါန်သည်....ကာမကမ္မဘဝ၊ ရူပကမ္မဘဝ၊ အရူပကမ္မဘဝတို့အားလည်းကောင်း၊ ကာမဥပပတ္တိဘဝ၊ ရူပဥပပတ္တိဘဝ၊ အရူပဥပပတ္တိဘဝတို့အားလည်းကောင်း ကျေးဇူးပြုပါသည်။

ထို့အတူပင်....ကြွင်းသောဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် သုံးပါးတို့သည်လည်း ကမ္မဘဝသုံးပါး၊ ဥပပတ္တိဘဝသုံးပါး၊ ပေါင်း ဘဝ ခြောက်ပါးစီတို့အား အထက်ပါအတိုင်း ကျေးဇူးပြု၏ဟု မှတ်။

ထို့ကြောင့် ဥပါဒါနပစ္စယာ ဘဝေါ ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝ နှစ်ဆယ့်လေးပါးတို့ ရှိကြောင်းကို သိအပ်၏။

ထိုနှစ်ဆယ့်လေးပါးသော ဘဝတို့တွင် ဘဝအရ မှုချအား ဖြင့် ကမ္မဘဝ တဆယ့်နှစ်ပါးကိုသာလျှင် ရအပ်၏ဟု မှတ်။

ထိုကမ္မဘဝ တဆယ့်နှစ်ပါးတို့အား ဥပါဒါန်သည် သဟဇာတပစ္စယ သတ္တိဖြင့်လည်းကောင်း၊ ဥပနိဿယပစ္စယသတ္တိဖြင့် လည်းကောင်း ကျေးဇူးပြုပါသည်။

## သေနတဏှာ–သေိတ တဏှာနှစ်ပါးအထူး

(၁) သေနတဏှာ–ဟူသည် စည်းစိမ် ဥစ္စာကို ရှာမှီးခြင်း၏ အစွမ်းဖြင့်ဖြစ်သောတဏှာမည်၏။အကြင် တဏှာဖြင့် ဆိတ်ရဲ ရှိသောခရီး၊ ခြောက်တံသင်း ရှိသော ခရီး စသည်တို့သို့ သွားပြီး စည်းစိမ် ဥစ္စာတို့ကို အဖန်ဘလဲလဲရှာမှီး ကြောင်းဖြစ်သော ဘဏှာသည် 'သေနတဏှာ' မည်၏ ဟူလို။

(၂) သေိတတဏှာ–ဟူသည်မှာ ရှာမှီးအပ်ပြီးသော စည်းစိမ် ဥစ္စာတို့၌ဖြစ်သော တဏှာတည်း။အကြင် တဏှာသည် ရှာမှီးအပ်ပြီးသော (ဝါ) အဖန်ဖန် အထပ်ထပ် ရှာကြံ၍ ရအပ်ကုန်ပြီးသော စည်းစိမ်ဥစ္စာတို့၌ဖြစ်သော တဏှာ သည် 'သေိတတဏှာ'မည်၏ ဟူလို။

မှတ်ချက်.... ထို နှစ်ပါးသော တဏှာသည်လည်း ကောင်း၊ ဖွာ အလက်ထက်၌ဖြစ်သော တဏှာ၏ အမည်တည်း။ ထို့ကြောင့် ထိုတဏှာနှစ်ပါးသည် ဝေဒနာကိုစွဲ၍ ဖြစ်သော တဏှာမည်၏ဟု မှတ်လေ။

## ဝိနိစ္ဆယလေးပါးအထူး

(၁) ဉာဏဝိနိစ္ဆယ....ဟူသည် သုခဝေဒနာကို အထူးအားဖြင့် ဆုံးဖြတ်ကြောင်းဖြစ်သော ဉာဏ်ကို သိရ၏။ ထိုဉာဏ်ကိုသိပြီး၍ မိမိသန္တာန်၌ ဖြစ်သော ချမ်းသာကို အားထုတ်ရာ၏ ဟု ဤသို့ ဆုံးဖြတ်သော ဉာဏ်မည်၏။

(၂) တဏှာဝိနိစ္ဆယ ....ဟူသည် တဏှာတည်းဟူသော ဆုံးဖြတ်တတ်သော တရားတည်း။ (ဝါ) တရားရှစ်ပါးသော တဏှာဝိစရိုက်တို့တည်း။

(၃) ဒိဋ္ဌိဝိနိစ္ဆယ....ဟူသည် ဒိဋ္ဌိ ဟူသော ဆုံးဖြတ်ခြင်းတည်း။ ခြောက်ဆယ့် နှစ်ပါးသော ဒိဋ္ဌိတို့တည်း။

(၄) ဝိတက္ကဝိနိစ္ဆယ....ဟူသည် ကောင်း မကောင်းကို ကြံစည် ဆုံးဖြတ်တတ်သော ဝိတက်တည်း။

မှတ်ချက်....ဝိနိစ္ဆယော ပါဠိ၌ တကျာဝိနိစ္ဆယ, ဒိဋ္ဌိဝိနိစ္ဆယ နှစ်ပါးတို့သည် ဖြစ်ကုန်၏။

ဤမဟာနိဒ္ဒေသသုတ်၌ကား 'ဝိတက္ကဝိနိစ္ဆယ' ကို ဝိနိစ္ဆယ အရ ယူသင့်၏ဟု မှတ်။

**ဆန္ဒရာဂ**—ဟူသည် အားနည်းသော တဏှာရာဂ, အားကြီးသော တဏှာရာဂ ပင်တည်း။

**အဇ္ဈောသာန**—ဟူသည် ငါ, ငါ၏ဥစ္စာဟု အားကြီးသော ဆုံးဖြတ်ခြင်းတည်း။

**ပရိဂ္ဂဟော**—ဟူသည် တဏှာဒိဋ္ဌိ တို့၏ အစွမ်းဖြင့် သိမ်းဆည်းခြင်းကို ပြုခြင်းတည်း။

**မစ္ဆရိယ**—ဟူသည် သူတပါး တို့နှင့် ဆက်ဆံသည်၏ အဖြစ်ကို သည်းမခံနိုင်သည်၏ အဖြစ်တည်း။

**ကလဟနှစ်ပါး**—ကိုယ်ဖြင့် ငြင်းခုံခြင်း-ကာယကလဟ၊ နှုတ်ဖြင့် ငြင်းခုံခြင်း-ဝါစာကလဟ ဟု နှစ်ပျိုးရှိ၏။

## ဝိဂ္ဂဟနှင့် ဝိဝါဒအထူး

ရှေးရှေး၌ ဖြစ်သော ဆန့်ကျင်ခြင်းသည် 'ဝိဂ္ဂဟ' မည်၏။ နောက်နောက်၌ဖြစ်သော ဆန့်ကျင်ခြင်းသည် 'ဝိဝါဒ' မည်၏။ ဤကား အထူး။

(ဆောင်ရန်)

- ဝိုက်ရန်မှဖြစ်ခင်၊ ရှေးအရင်၊ ဆန့်ကျင်ဝိဂ္ဂဟ။
- ကိုယ်နှုတ်နှစ်ပါး၊ လွန်ကျူးငြား၊ နောက်ကာ၊ ဝိဝါဒ။

သမောသရဏ(စုဝေးခြင်း)သုံးပါး

(၁) ဩသရဏ သမောသရဏ — ဟူသည် အထ ခေါ်တာနိ ကာမသမော သရဏာနိ ဘဝန္တိ ဟူသော စုဝေးခြင်း တည်း။

(၂) ဘဟာဇာတ သမောသရဏ — ဟူသည် ဆန္ဒမူလကာ အာဝုသော (ပ) သမောသရဏာ ဟူသော စုဝေးခြင်း တည်း။

(၃) ပစ္စယ သမောသရဏ — ဟူသည် ဝဋ္ဋမူလတဏှာ, သမုဒ္ဒါစာရ တဏှာဟူသော နှစ်ပါးသော အလိုအား ဖြင့် ဝေဒနာ ဟူသော အကြောင်း၏ စုဝေးခြင်းတည်း။

ပစေကာ သင်္ခါရ၊ တိဒ္ဓိကာအရ

ကမ္မဇရုပ် လေးဆယ့်ရှစ်ပါးသရုပ်

ပဋိသန္ဓေနောက် တဆယ့်ခြောက်ချက်သော ဘဝင်စိတ်တို့ တွင် တခုခုသော ဘဝင်စိတ်၏ ဥပါဒ်, ဌီ, ဘင်, ဟူသော

ခဏငယ်သုံးပါး သုံးပါး၌ ကမ္ဗဇ ရုပ်ပေါင်း သုံးဆယ်စီ ဖြစ်ရကား တဆယ့်ခြောက်ချက်ကို တည်၍ ဥပါဒ်, ဌီ, ဘင်,သုံးခုနှင့်မြှောက်သော် ကမ္ဗဇရုပ်ပေါင်း လေးဆယ့်ရှစ်ပါး ဖြစ်၏။

(သုတ်မဟာဝါဋီကာ၊ စာမျက်နှာ ၉၆)

(၁) အဓိဝစနပထ... သိရိဝဍ္ဎက သဒ္ဒါသည် သိရီံ ဝဍ္ဎေတိ ဘိ သိရိဝဍ္ဎကော ဟူသော ဝစနတ္ထအားလျော်စွာ အသရေကို ပွားစေတတ်သော သူဘို့၌မဖြစ်မူ၍ (ဝါ)-မရည်ညွှန်းမူ၍ သူ့ကျွန်စသည်တို့၌သာ ဖြစ်သောကြောင့် အနက်ကို မငဲ့မူ၍ သဒ္ဒါမျှကိုသာ ငဲ့၍ ခေါ်ဝေါ်ခြင်းသည် "အဓိဝစနပထ"မည်၏။

(၂) နိရုတ္တိပထ...နိဒ္ဒါရေတွာ ဥတ္တိ ကထနံ နိရုတ္တိ ဟူသော ဝစနတ္ထနှင့်အညီ အောက်မေ့ခြင်း ဟူသော အကြောင်းကို ထုတ်၍ ပုဂ္ဂိုလ်ကို သတောဟုခေါ်ဝေါ်ခြင်းသည်"နိရုတ္တိပထ"မည်၏။

(၃) ပညတ္တိပထ.... ပကာရေန ဉာပေတိတိ ပညတ္တိ ဟူ သော ဝစနတ္ထနှင့်အညီ တယောက်သော သတ္တဝါကိုပင် ပဏ္ဍိတော ဗျတ္တော မေဓာဝီစသော အထူးထူးသောအမည်ဖြင့် ခေါ်ဝေါ်ခြင်းသည် 'ပညတ္တိပထ'မည်၏။

## မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်(၁၆)ယောက်

ကသိုဏ်းစျာန်ကိုရသော မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်လေးယောက်၊ ထို ကသိုဏ်းစျာန်ရ ပုဂ္ဂိုလ်တို့၏တပည့်လေးယောက်၊ ကသိုဏ်းစျာန် မရပဲ သက်သက်ကြံဆ၍ အယူရှိသောပုဂ္ဂိုလ်လေးယောက်။

ထိုကသိုဏ်းစျာန်မရပဲ သက်သက်ကြံဆ၍သာ အယူရှိသော မိစ္ဆာဒိဋ္ဌိလေးယောက်တို့၏တပည့်လေးယောက်အားဖြင့် ပေါင်း တဆယ့်ခြောက်ယောက်တို့တည်း။

## အတ္တပညတ္တိဝဏ္ဏနာနိတိ

အတ္တဟုပညတ်သော ပုဂ္ဂိုလ်သရုပ်ကို ဤကျမ်း မဟာနိဒါန သုတ် ပါဠိတော်၊ စာမျက်နှာ(၂၀)တွင် ဖော်ပြခဲ့ပြီ။

အထူး.... ထိုအတ္တဟု မပညတ်သော ပုဂ္ဂိုလ်တို့သည် ကသိုဏ်း နိမိတ်၌ ကသိုဏ်းနိမိတ်ဟူ၍သာလျှင် အသိဉာဏ်ဖြစ် ၏။ အရူပက္ခန္ဓာ (၀၁)နာမ်ခန္ဓာတို့၌လည်း အရူပ က္ခန္ဓာ(၀၁) နာမ်ခန္ဓာတို့ဟူ၍သာလျှင် အသိဉာဏ် ဖြစ်၏။

## သတ္တဝိညာဏဋ္ဌိတိ ဝဏ္ဏနာနိတိ

● အလုံးစုံသော ဝိညာဏဋ္ဌိတိ ခုနစ်ပါး၊ အာယတနနှစ်ပါး တို့ကို အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

ဖြေ ● ဝဋ်တရားတို့ကို အကြွင်းမဲ့ ပိုင်းခြား၍ ယူခြင်းငှာ (ဝါ) ယူလိုသောကြောင့် ဟောတော်မူပါသည်။

(ကေဝဋ္ဋ ဝိနယပါဠိတိကတို့၏ အဓိပ္ပာယ်ကို ပါဠိတော်၌ ပြဆိုခဲ့ပြီ။)

နာနာတ္တကာယ.... ဟူသည်မှာ ကြွဝင်ခြာတိုင်း၌ အတိုင်းမရှိသော လူတို့၏ အဆင်းသဏ္ဌာန်တူ နှစ်ယောက်မရှိကုန်။ မှန်၏၊ အမွှာပူးဖွားသော ညီနောင်နှစ်ယောက်တို့သော်မှလည်း အဆင်းသဏ္ဌာန်၏ တူရှုကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ ပြောဆိုခြင်း၊ ရယ်မောခြင်း၊ သွားခြင်း၊ ရပ်ခြင်းစသည် မတူ ထူးခြားကွဲပြားသည်သာတည်း။ ထို့ကြောင့် 'နာနတ္တကာယ' ဟု ခေါ်၏။

နာနာတ္တသညီ.... ဟူသည်မှာ ပဋိသန္ဓေနေသောလူတို့မှာ တိဟိတ်ပဋိသန္ဓေ၊ ဒွိဟိတ်ပဋိသန္ဓေ၊ အဟိတ်ပဋိသန္ဓေ ရှိကုန်၏။ ထို့ကြောင့် နာနတ္တသညီဟု ခေါ်၏။

**နာနတ္တကာယနာနတ္တသညီ၌** ရူပ၊ ပထမဈာန်သုံးဘုံရှိ ဗြဟ္မာကြီး
များသည် ကိုယ်ကာယ၊ ပမာဏအား
ဖြင့် အလွန်ကြီးမားသောကြောင့် ပထမဈာန်သညာ၏ တူသည်
ဖြစ်၍ နာနတ္တကာယ ဧကတ္တသညီ မည်၏။

အပါယ်လေးဘုံ၌လည်း အချို့ရေသားတို့၏ ကိုယ်သည်
တဂါဝုတ်ရှိ၏။ အချို့ရေသားတို့၏ကိုယ်သည် ယူဇနာခွဲရှိ၏။
အချို့တယူဇနာရှိ၏။

**အထူးမှာ—** ဝေဝဒတ်၏ကိုယ်သည် ယူဇနာ တရာရှိ၏။ အချို့
တိရစ္ဆာန်များငယ်၍ အချို့တိရစ္ဆာန်မှာ ကြီး၏။

ထို့ကြောင့် အပါယ်လေးဘုံသားတို့ကိုလည်း **နာနတ္တကာယ
ဧကတ္တသညီ**ဟု ခေါ်ရ၏။

ဝေဟပ္ဖိုလ်နှင့် သုဒ္ဓါဝါသဘုံတို့သည် ဝိညာဏဋ္ဌိတိ
သတ္တာဝါသတို့၌ ပါဝင်သင့် မပါဝင်သင့်

အဋ္ဌကထာဆရာအလိုအား ဖြင့် ဝေဟပ္ဖိုလ်ဘုံသည် လေးခု
မြောက် ဝိညာဏဋ္ဌိတိသို့ ပါဝင်သင့်၏။

သုဒ္ဓါဝါသဘုံသည်လည်း အဋ္ဌကထာဆရာ အလိုအားဖြင့် ဘုရားမပွင့်သော သုညကပ္ပ ဖြစ်လျှင် ထိုသုဒ္ဓါဝါသဘုံသည် ဝိညာဏဋ္ဌိတိ သတ္တာဝါသဘုံကိုးဝတို့၌ မပါဝင်သင့်။

ဘုရားပွင့်သော အသုညကပ္ပ ဖြစ်လျှင်ကား သုဒ္ဓါဝါသဘုံသည် ဝိညာဏဋ္ဌိတိ သတ္တာဝါသဘုံကိုးဝတို့၌ ပါဝင်သင့်၏။

မဟာသီဝမထေရ်၏ အလိုအားဖြင့် သုဒ္ဓါဝါသဘုံသည် သုညကပ္ပမှာ ဘုရားမပွင့်သောကြောင့် ဗြဟ္မာဟူသောသတ္တဝါမှ ဆိတ်သော်လည်း ဤသုဒ္ဓါဝါသဘုံ၌ ဗြဟ္မာတို့သည် ရှေးကလည်း နေဖူးပြီ၊ နောင်အနာဂတ် ကာလ၌လည်း နေကြလတ္တံ့ ဖြစ်သောကြောင့် 'သတ္တာဝါသနှင့်' အာဝါသ်သိမ်း ပါဝင်၏ ဟု မိန့်ဆို၏။

ဤမဟာသီဝမထေရ်၏ အယူဝါဒကိုလည်း ရှင်မဟာဗုဒ္ဓဃောသသခေါ် ဤအဋ္ဌကထာဆရာက ကြိုက်နှစ်သက်ကြောင်းကို 'တံ အပ္ပဋိဗာဟိယတ္တာ သုဋ္ဌု အနုညာတံ' ဟု မိန့်ဆိုထား၏။

တံ၊ ထိုမဟာသီဝမထေရ်၏ အယူဝါဒကို။ သုတ္တဿ န ခေါ ယနု၊ သော သာရိပုတ္တောစသော ပါဠိတော်၏။ အပဋိဗာဟိယတ္တာ၊ မတားမြစ်အပ်သည်၏အဖြစ်ကြောင့်။ အနုညာတံ၊ ခွင့်ပြုအပ်၏။

မေး ● အသညသတ် ဖြစ်ကုန်သည့် စကုန္ဒပြောက် ဝိညာဏ္ဍ ဌိတိ၌ မပါဝင်သင့်ကြောင်းကို ဖော်ပြပါ။

ဖြေ ● အသညသတ် ဖြစ်ကုန်သော ဘုံသည် ပဋိသန္ဓေ ဝိညာဏ်မရှိသောကြောင့် စတုန္ထဝိညာဏဋ္ဌိတိ၌ မပါဝင်သင့်ပါ။

မေး ● သို့ဖြစ်လျှင် နေဝသညာ နာသညာ ယတနဗျာန်(ဘုံ) ကို ဝိညာဏဋ္ဌိတိ၌ပါဝင်သင့်လျက် အဘယ့်ကြောင့် အာယတန၌ ပါဝင်ရပါသနည်း ဟူမူ။

ဖြေ ● နေဝသညာ နာသညာယတနဗျာန်ကို သညာ၏ နေဝသညာ နာသညာ မည်သကဲ့သို့ ဝိညာဏ်၏ သိမ်မွေ့သည်၏အဖြစ်ကြောင့် ထင်ရှားသော ဝိညာဏ်မဖြစ်၊ သိမ်မွေ့သော ဝိညာဏ်ဖြစ်သောကြောင့် ဝိညာဏဋ္ဌိတိ၌ မပါပဲ အာယတန၌ ပါဝင်ရပါသည်။

**အသညသတ**–ဟူသည် ရုပ်ကိုတွဲ၍ဖြစ်သော ရုပဝေဒနာ၊ သညာမရှိသော ဝေဒနာသည် ဖြစ်၏။

ဝိညာဏ်ကိုစွဲ၍ သုခဝေဒနာ၊ ဒေါမနဿ ဝေဒနာသည် ဝိညာဏ်၏ သာယာအပ်သော အဿာဒမည်၏။

အာဒီနဝ--ဟူသည် ဝိညာဏ်သည် အမြဲမရှိ၊ ဒုက္ခ၏ ဖောက်ပြန်ခြင်း သဘောရှိ၏။ အနိစ္စသော သဘောသည် ဝိညာဏ်၏ အာဒီနဝမည်၏။

နိဿရဏ--ဆန္ဒရာဂ ကင်းရာကင်းကြောင်း ပယ်ရာပယ်ကြောင်းဖြစ်သော အရိယာမဂ် နိဗ္ဗာန်သည် ဝိညာဏ်မှ ထွက်မြောက်တတ်သော နိဿရဏတည်း။

## ပညာဝိမုတ္တ ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်သရုပ်

သုက္ခဝိပဿကပုဂ္ဂိုလ်, ပဌမဈာန်စသည်တို့တွင် တပါးပါးသော ဈာန်၌တည်၍ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ် လေးယောက်အားဖြင့် ငါးယောက်တို့တည်း။

## ပညာဝိမုတ္တ ပုဂ္ဂိုလ်ဟုဆိုပုံ

ဤမြတ်စွာဘုရား သာသနာတော်၌ အချို့သော ပုဂ္ဂိုလ်တို့သည် ဝိမောက္ခရှစ်ပါးတို့ကို နာမကာယဖြင့် ရောက်၍ မနေသာဘည်း။

ထိုပုဂ္ဂိုလ်အား ပညာဖြင့်သာလျှင် မြင်သောကြောင့် အာသဝေါတရားတို့သည် ကုန်ခန်းသော ပုဂ္ဂိုလ်ကို ပညာဝိမုတ္တပုဂ္ဂိုလ်ဟု ခေါ်၏။

[ဤကား အဋ္ဌကထာလာ စကား အဆုံးတည်း။]

## ဥဘတောဘာဂ ဝိမုတ္တ ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်သရုပ်

အာကာသာနဉ္စာယတနစျာန် စသော အရူပစျာန်လေးပါးတို့တွင် တပါးပါးသောစျာန်မှထ၍ အရဟတ္တဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်လေးယောက်။

အနာဂါမ်ဖြစ်ပြီး၍ နိရောဓသမာပတ်မှထ၍ အရဟတ္တဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်တယောက်အားဖြင့် ငါးယောက်ဖြစ်သတည်း။

**(အထူးမှတ်ချက်)** ကေစိဝါဒအလိုအားဖြင့် ရူပါဝစရစတုတ္ထစျာန်မှထ၍ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန္တာပုဂ္ဂိုလ် တယောက်နှင့် ပြဆိုခဲ့သော ပုဂ္ဂိုလ်ငါးယောက်အားဖြင့်ဥဘတောဘာဂဝိမုတ္တ ရဟန္တာ ပုဂ္ဂိုလ်အပေါင်း ခြောက်ယောက်ရှိ၏ဟု မှတ်လေ။

## ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ်ခေါ်ဆိုပုံ

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဝိမောက္ခရှစ်ပါးတို့ကို ကိုယ်ဖြင့်တွေ့ထိ၍နေ၏။ ထိုပုဂ္ဂိုလ်အား ပညာဖြင့် မြင်သောကြောင့် အာသဝေါတရားတို့သည်၊ ကုန်ခန်းသောပုဂ္ဂိုလ်ကို 'ဥဘတောဘာဂ ဝိမုတ္တပုဂ္ဂိုလ်'ဟု ခေါ်ဆိုသည်။

(ဤကား အနက်ကျယ်၊ ကားအရတည်း။)

## နှစ်ပါးစုံသော အဖို့မှ လွတ်ပုံ

ဝိက္ခမ္ဘနဝိမောက္ခ-သမုစ္ဆေဒဝိမောက္ခဟူသော နှစ်ပါးသော အဖို့၊ နာမကာယ၊ ရူပကာယဟူသော နှစ်ပါးသောအဖို့တို့မှ လွတ်သည်။

အရူပသမာပတ်ဖြင့် ရူပကာယမှလွတ်၏၊ အရိယာမဂ်ဖြင့် နာမကာယမှ လွတ်၏။

[ဤကား နှစ်ပါးစုံသောအဖို့မှ လွတ်ပုံတည်း။]

မဟာနိဒါနသုတ် အဋ္ဌကထာ သရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

# မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

### သဒ္ဓေယျဝဂ် ပျာ.ဝေါ သဒ္ဓါစစ် သဒ္ဓါမှန်

သဒ္ဓါသည် ကံကိုလည်းကောင်း၊ ကံ၏အကျိုးကို လည်းကောင်း၊ ဘုရားကိုလည်းကောင်း၊ တရားကို လည်းကောင်း၊ သံဃာကိုလည်းကောင်း၊ ပစ္စုပ္ပန်လောက တမလွန်လောကကို လည်းကောင်း ဤတရားတို့၌ ယုံကြည်မြတ်နိုးမှုသည် သဒ္ဓါစစ်မည်၏၊ (ဝါ) သဒ္ဓါမြဲခြင်း၏ အကြောင်းဝတ္ထုများ မည်၏။

### သဒ္ဓါအပြား လေးပါး

(၁) အာဂမနိယသဒ္ဓါ—နိယတဗျာဒိတ်ရသည်မှ ဘုရားလောင်းတို့၏ သန္တာန်၌ ဘုရားအဖြစ်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော သဒ္ဓါသည် 'အာဂမနိယသဒ္ဓါ' မည်၏။

(၂) အဓိဂမသဒ္ဓါ—အရိယာ သာဝကတို့အား သစ္စာလေးပါး တရားတို့ကို သိမြင်သော အစွမ်းဖြင့် ရအပ်သော သဒ္ဓါသည် 'အဓိဂမသဒ္ဓါ' မည်၏။

(၃) ပသာဒသဒ္ဓါ—ရတနာသုံးပါးတို့၌ သက်ဝင် ယုံကြည်သော သဒ္ဓါသည် 'ပသာဒသဒ္ဓါ' မည်၏။

(၄) ဩကပ္ပနသဒ္ဓါ—သက်ဝင် ယုံကြည်အပ်သော ဝတ္ထုသို့ သက်ဝင်၍ ကြံစည်ဆုံးဖြတ်တတ်သော သဒ္ဓါသည် 'ဩကပ္ပနသဒ္ဓါ' မည်၏။

[ဆောင်ရန်]

● အာဂမ, အဓိ၊ ပသာရှိ၊ မှတ်ဘိ ဩကပ္ပနာ။

● ရတနာသုံးမျိုး၊ ယုံကြည်ကိုး၊ လေးမျိုး ဤသဒ္ဓါ။

အထူး....ထိုလေးပါးသော သဒ္ဓါတို့တွင် အာဂမနီယ သဒ္ဓါသည် သဗ္ဗညုဘုရားလောင်းတို့အား ဖြစ်နိုင်၏။
အဓိဂမသဒ္ဓါသည် အရိယာပုဂ္ဂိုလ်အား ဖြစ်နိုင်၏။

မေး ● ဘိက္ခု သဒ္ဓါဘဝိဿန္တိ၌ အလိုရှိအပ်သော သဒ္ဓါကို ညွှန်ပြပါ။

ဖြေ ● ပသာဒသဒ္ဓါ, ဩကပ္ပန သဒ္ဓါတို့ကို အလိုရှိအပ်ပါသည်။

ဗဟုဿုတပုဂ္ဂိုလ်နှစ်မျိုး

(၁) ပရိယတ္တိဗဟုဿုတပုဂ္ဂိုလ်....ဟူသည် ပိဋကတ်သုံးပုံအရာ၌ သင်အံ လေ့ကျက် မှတ်သားနာယူမှုသော ပုဂ္ဂိုလ်မည်၏။

(၂) ပဋိဝေဓဗဟုဿုတပုဂ္ဂိုလ်.... ဟူသည် သစ္စာ လေးပါးတရားကို ထိုးထွင်း၍ သိခြင်းဖြင့် အကြားအမြင်များသော ပုဂ္ဂိုလ်မည်၏။

ခမေး။ ဗဟုဿုတာ ဘဝိဿန္တိ၌ အလိုရှိအပ်သော ဗဟုဿုတပုဂ္ဂိုလ်ကို ညွှန်ပြခဲ့ပါ။

ဖြေ။ ပရိယတ္တိဗဟုဿုတပုဂ္ဂိုလ်ကို အလိုရှိအပ်ပါသည်။

တနည်း....သဗ္ဗတ္ထ၌က ဗဟုဿုတ ရဟန်းတို့ကို အလိုရှိအပ်ပါသည်။

ပရိယတ္တိဗဟုဿုတပုဂ္ဂိုလ် အပြား

(၁) နိဿရည်းလွတ်သော ဗဟုဿုတပုဂ္ဂိုလ်၊

(၂) ပရိသတ်၏ အလုပ်အကျွေးကို ခံရသော ဗဟုတပုဂ္ဂိုလ်၊

(၃) ဘိက္ခုနီမတို့ကို ဆုံးမသော ပုဂ္ဂိုလ်၊
(၄) အလုံးစုံသော အနက်အဓိပ္ပာယ် သဘာဝကို ဟောကြား နိုင်သော ဗဟုသုတပုဂ္ဂိုလ်အားဖြင့် လေးယောက်ရှိပါ သည်။

### အာရဒ္ဓဝိရိယာ၌ ဝီရိယနှစ်မျိုး

(၁) ကာယိကဝိရိယ– ကိုယ်၌ ဖြစ်သော (ဝါ) ကိုယ်ဖြင့် အားထုတ်အပ်သော ဝီရိယတည်း။
(၂) စေတသိကဝိရိယ–စိတ်၌ဖြစ်သော (ဝါ)စိတ်ဖြင့် အား ထုတ်အပ်သော ဝီရိယတည်း။

### ၎င်းနှစ်ပါးအထူး

အကြင်ရဟန်းတို့သည် ကိုယ်ဖြင့် အငြိအရံ ဂိုဏ်းအပေါင်း အဖော်တို့၏ စုဝေးခြင်းကို ဖျောက်၍ ဣရိယာပုထ်လေးပါး တို့၌ ဝီရိယ၏ အားထုတ်ကြောင်း ရှစ်ပါးဖြင့် တယောက်ထီး တည်း နေလေ့ရှိသော ရဟန်းသည် ကိုယ်၌ဖြစ်သော ဝီရိယကို အားထုတ်သည် မည်၏။

အကြင်ရဟန်းတို့သည် စိတ်၏ ကိလေသာ တည်းဟူသော ဂိုဏ်းနှင့် ပေါင်းဖော်စုဝေးခြင်းကို ဖျောက်၍ သမာပတ် ရှစ် ပါးဖြင့် ဣရိယာပုထ်လေးပါးတို့၌ ဖြစ်သော ကိလေသာတို့ကို နှိမ်နင်းသော ရဟန်းတို့သည် စိတ်၌ဖြစ်သော ဝီရိယကို အား ထုတ်သည် မည်၏။

အဋ္ဌအာရဗ္ဘဝတ္ထုဝသေန၌
ဝီရိယာရဗ္ဘ ဝတ္ထုရှစ်ပါး

(၁) ကမ္မ—တစုံတခု အမှုကိစ္စကို ပြုပြီးခြင်း၊ ပြုခါနီးနေခြင်း၊

(၂) မဂ္ဂ—ခရီးသွားပြီးစ ဖြစ်ခြင်း၊ ခရီးသွားရခါနီး နေခြင်း၊

(၃) ဂေလည—ကျန်းမာပြီးစဖြစ်ခြင်း၊ မကျန်းမာစ ပြုနေခြင်း၊

(၄) ပိဏ္ဍ—ဆွမ်းလုံလောက်စွာမရခြင်း၊ ဆွမ်း အလွန်ပေါများ ရခြင်း, ဟူ ဝီရိယအားထုတ်ခြင်း၏ အကြောင်းဖြစ်သော 'ဝီရိယာရဗ္ဘဝတ္ထု' ရှစ်ပါးရှိပါသည်။

(ဆောင်ရန်)

● ကမ္မ-မဂ္ဂ၊ ဂေလည၊ ပိဏ္ဍ လေးနှစ်လီ။

● ဝီရိယာရဗ္ဘ၊ ဝတ္ထုပြ အဋ္ဌမှတ်လေကျ။

(ပရမတ္ထသရုပ်နှင့် အညီတည်း။)

ဗောဇ္ဈင်ခုနစ်ပါးတို့၏ လက္ခဏာ

မေး ● ဗောဇ္ဈင် ခုနစ်ပါးတို့၏ လက္ခဏာများကို အသီးသီး ဖော်ပြပါ။

ဖြေ ။

(၁) သတိသမ္ဗောဇ္ဈင်—ပဋ္ဌာနလက္ခဏာ—
ကာယစသော အာရုံ၌ကပ်၍တည်ခြင်း လက္ခဏာရှိ၏။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်-ပဝိစယလက္ခဏာ—
သစ္စာလေးပါး တရားတို့ကို ပိဋ္ဌနစသော အပြားအားဖြင့် ဆုံးစမ်းခြင်းလက္ခဏာရှိ၏။

(၃) ဝီရိယသမ္ဗောဇ္ဈင်-ပဂ္ဂဟလက္ခဏာ-
စိတ်ကိုချီးမြှောက်ခြင်း လက္ခဏာရှိ၏။

(၄) ပီတိသမ္ဗောဇ္ဈင်-ဖရဏလက္ခဏာ—
ပျံ့နှံ့ခြင်း လက္ခဏာရှိ၏။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်-ဥပသမလက္ခဏာ—
ကိုယ်,စိတ်, နှစ်ပါးတို့ကို ငြိမ်းစေခြင်း လက္ခဏာ ရှိ၏။

(၆) သမာဓိသမ္ဗောဇ္ဈင်-အဝိက္ခေပလက္ခဏာ—
မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်-ပဋိသင်္ခါနလက္ခဏာ—
လျစ်လျူရှုခြင်း လက္ခဏာရှိ၏။

## သုတ်မဟာဝါဋီကာလာ ဗောဇ္ဈင်ခုနစ်ပါးတို့၏ ဖြစ်ကြောင်းတရားများကို ပြဆိုဦးအံ့

မေး ● သတိ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း တရားလေးပါးကို ဖော်ပြပါ။

ဖြေ ●

(၁) သတိသမ္ပဇည—
သတိသမ္ပဇဉ် အမြဲယှဉ်ခြင်း။

(၂) မုဋ္ဌသတိ ပုဂ္ဂလပရိဝဇ္ဇနာ—
သတိလွတ်သော ပုဂ္ဂိုလ်ကို ကြဉ်ခြင်း။

(၃) ဥပဋ္ဌိတသတိပုဂ္ဂလ သေဝနာ—
ထင်သောသတိရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း။

(၄) တဒဓိမုတ္တတာ –
ထို သတိသမ္ဗောဇ္ဈင်သို့ ညွတ်သောစိတ်ရှိခြင်းအားဖြင့် လေးပါးတည်း။

မေး ● ဓမ္မဝိစယ သမ္ဗောဇ္ဈင်၏ အကြောင်းတရား ခုနစ်ပါးကို ဖော်ပြပါ။

ဖြေ ●

[၁] ပရိပုစ္ဆကတာ –

ခန္ဓာ, အာယတန, ဓာတ်စသော တရားတို့၏ အနက်အဓိပ္ပာယ်ကို မေးမြန်းခြင်း။

[၂] ဝတ္ထုဝိသဒကြိယာ—

ဆံစသော အဇ္ဈတ္တဝတ္ထု သက်န်းစသော ဗဟိဒ္ဓဝတ္ထု တို့၏ စင်ကြယ်သန့်ရှင်းခြင်း။

[၃] ဣန္ဒြိယသမတ္တ ပဋိပါဒနာ—

သဒ္ဓါစသော ဣန္ဒြေတို့ကို အညီအညွတ် ထားခြင်း။

[၄] ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ—

ခန္ဓာစသော အပြားရှိကုန်သော တရားတို့၌ မသက်ဝင်နိုင်သော ဒုမ္မေဓပုဂ္ဂိုလ်ကို ကြဉ်ခြင်း။

[၅] ပညာဝန္တ ပုဂ္ဂလသေဝနာ—

အမျှငါးဆယ်သော လက္ခဏာကို သိမ်းဆည်းတတ်သော ဥဒယဗ္ဗယညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း။

[၆] တဒဓိမုတ္တတာ—

ထိုဓမ္မဝိစယ သမ္ဗောဇ္ဈင် ဖြစ်စေလိုသော စိတ်ညွတ်ခြင်း။

[၇] ဂမ္ဘီရဉာဏစရိယာ ပစ္စဝေက္ခဏာ—

နက်နဲသောခန္ဓာ အစရှိသောတရားတို့၌ ဖြစ်သော နက်နဲသော ပညာဖြင့် အပြားကို ဆင်ခြင်ခြင်း။

၂မှတ်ချက်။ ။သုတ်မဟာဝါ အဋ္ဌကထာ၌ အကြောင်းတရား ခြောက်ပါးဟု ဆို၏။ ၎င်း အကြောင်းတရား ခြောက်ပါး၌ နောက်ဆုံးနှစ်ပါးကို အကြောင်း တရားကိုပါ ထည့်၍ မဟာသတိပဋ္ဌာနသုတ် ဋီကာ အဖွင့်၌ အကြောင်းတရား ရှစ်ပါးဟု ဆိုလတ္တံ့ ဖြစ်သည်ကို မှတ်သားပါ။

**မေး** ဝိရိယသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရား တဆယ့်တပါး တို့ကို ဖော်ပြပါ။

ဖြေ

(၁) အပါယဘယပစ္စဝေက္ခဏာ—

အပါယ်ဘေးကို ရှုဆင်ခြင်ခြင်း၊

(၂) ဂမနဝိဝိပစ္စဝေက္ခဏာ—

ဘုရားပစ္စေကဗုဒ္ဓါတို့၏ သွားရာလမ်းကို ဆင်ခြင် ခြင်း၊

(၃) ပိဏ္ဍပါတအပစာယနတာ—

ဒါယကာတို့၏ ဆွမ်းဘောဇဉ်ကို စားသုံးပြီး ပျင်းရိ စွာနေ၍ မသင့်ဟု ဆင်ခြင်ခြင်း၊

(၄) ဒါယဇ္ဇမဟတ္တပစ္စဝေက္ခဏာ—

အရိယာအမွေကို ပျင်းရိသောသူ မခံယူထိုက်ဟု ဆင် ခြင်ခြင်း၊

(၅) သတ္ထုမဟတ္တပစ္စဝေက္ခဏာ—

မြတ်စွာဘုရား၏ မြင့်မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊

(၆) သဗြဟ္မစာရိမဟတ္တပစ္စဝေက္ခဏာ—

သီတင်းသုံးဘော်တို့ မဂ်ဖိုလ်ရကုန်ပြီ၊ငါကား ပျင်းရိ နေ၍ မသင့်တော့ဟု ဆင်ခြင်ခြင်း၊

(၇) ကုသိတပုဂ္ဂလပရိဝဇ္ဇနာ—

ပျင်းရိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊

(၈) အာရဒ္ဓဝီရိယပုဂ္ဂလသေဝနာ—

အားထုတ်မှုရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊

(၉) တဒဓိမုတ္တတာ—

ထိုဝီရိယ ဖြစ်စေလိုသော စိတ်ညွတ်ခြင်း၊

(၁၀) အာနိသံသဒဿာဝိတာ—

ဝီရိယအကျိုးကို မြော်မြင်ခြင်း၊

(၁၁) ဇာတိမဟတ္တပစ္စဝေက္ခဏာ—

မြတ်သောဇာတ်မှဖြစ်သော ဘုရားသားတော်ဖြစ်၍ ပျင်းအောင် မနေသင့်ဟု ဆင်ခြင်ခြင်းအားဖြင့် ကိုးပါး(တနည်း-တဆယ့်တပါး)ရှိသတည်း။

မေး ● ပီတိ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရား တဆယ် တပါးတို့ကို ဖော်ပြပါ။

ဖြေ ●

(၁) ဗုဒ္ဓါနုဿတိ–
ဘုရားဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း၊

(၂) ဓမ္မာနုဿတိ–
တရားဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း၊

(၃) သံဃာနုဿတိ–
သံဃာ့ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း၊

(၄) သီလာနုဿတိ–
သီလဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊

(၅) စာဂါနုဿတိ–
မိမိစွန့်ကြဲ လှူဒါန်းသော ဆွမ်းကို ဆင်ခြင်အောက်မေ့ခြင်း၊

(၆) ဒေဝတာနုဿတိ–
နတ်တို့ကို သက်သေထား၍ မိမိ၏ဒါန သီလ ဂုဏ်ကို ဆင်ခြင်အောက်မေ့ခြင်း၊

(၇) ဥပသမာနုဿတိ—
မိမိ၏ ကိလေသာကို ခွါဖူးသည်ကို အောက်မေ့ခြင်း၊

(၈) လူခပုဂ္ဂလပရိဝဇ္ဇနာ—
ရတနာသုံးပါးတို့၌ ရိုင်းစိုင်းသော သူကို ရှောင်ကြဉ်ခြင်း၊

(၉) သိနိဒ္ဓပုဂ္ဂလသေဝနာ—
နူးညံ့သိမ်မွေ့သော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း၊

(၁၀) တဒဓိမုတ္တတာ—
ထိုပီတိ သမ္ဗောဇ္ဈင်ကို ဖြစ်စေလိုသော စိတ်ညွတ်ခြင်း၊

(၁၁) ပသာဒနိယသုတ္တန္တပစ္စဝေက္ခဏာ—
ကြည်ညိုဖွယ် ကောင်းသော သုတ္တန်တို့ကို ဆင်ခြင်ခြင်း အားဖြင့် တဆယ့် တပါးရှိသတည်း။

မှတ်ချက်....မဟာသတိပဋ္ဌာနသုတ်၌ အကြောင်းတရား တဆယ့် တပါး လာရှိသည်ဟု မှတ်။

မေး ❀ ပဿဒ္ဓိ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရား ခုနစ်ပါးတို့ကို ဖော်ပြပါ။

(၁) ပဏီတဘောဇနသေဝနတာ—

မြတ်သော ဘောဇဉ်ကို မှီဝဲရခြင်း၊

(၂) ဥတုသုခသေဝနတာ—

လျော်ကပ်သော ဥတုကို မှီဝဲရခြင်း၊

(၃) ဣရိယာပထသုခသေဝနတာ—

လျော်ကပ်သော ဣရိယာပုထ်ကို မှီဝဲခြင်း၊

(၄) မဇ္ဈတ္တပယောဂတာ—

မိမိ၏ လည်းကောင်း၊ သူတပါး၏ လည်းကောင်း ကံသာလျှင် ဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊

(၅) သာရဒ္ဓကာယပုဂ္ဂလပရိဝဇ္ဇနတာ—

အုတ်ခဲ-တုတ် စသည်တို့ဖြင့် သူတပါးကို နှိပ်စက် ညှဉ်းဆဲတတ်သော သာရဒ္ဓ ကာယ ပုဂ္ဂိုလ်ကို ကြဉ်ခြင်း၊

(၆) ပဿဒ္ဓိကာယပုဂ္ဂလသေဝနတာ—

စောင့်စည်း အပ်သော ခြေလက်ရှိသော ပဿဒ္ဓိကာယပုဂ္ဂိုလ်ကို မှီဝဲခြင်း၊

(၇) တဒင်္ဂဝိမုတ္တတာ—

ထိုပဿဒ္ဓိ သမ္ဗောဇ္ဈင်ဖြစ်လိုသောစိတ် ညွတ်ခြင်းအားဖြင့် ခုနစ်ပါးဖြစ်သတည်း။

မေး ● သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရား ဝဆယ့်တပါးတို့ကို ဖော်ပြပါ။

ဖြေ ●

(၁) ဝတ္ထုဝိသဒကြိယတာ—

ဆံ စသော အဇ္ဈတ္တဝတ္ထု၊ သင်္ကန်းစသော ဗဟိဒ္ဓဝတ္ထုတို့၏ စင်ကြယ်သန့်ရှင်းခြင်း၊

(၂) ဣန္ဒြိယသမတ္တပဋိပါဒနတာ—

သဒ္ဓါ စသော ဣန္ဒြေတို့ကို ညီမျှစွာထားခြင်း၊

(၃) နိမိတ္တကုသလတာ—

ကသိုဏ်းနိမိတ်ကို ယူခြင်း၌ လိမ္မာခြင်း၊

(၄) သမယေ စိတ္တဿ ပဂ္ဂဟဏတာ—

စိတ်တွန့်တိုသော အခါ စိတ်ကို ချီးမြှောက်ပေးခြင်း၊

(၅) သမယေ စိတ္တဿ နိဂ္ဂဟဏတာ—

ဝီရိယလွန်၍ စိတ်ပျံ့လွင့်သော အခါ စိတ်ကို နှိပ်စက်ပေးခြင်း၊

(၆) သမယေစိတ္တဿ သမ္ပဟံသနတာ-

စိတ်၏ သာယာခြင်း နှစ်သက်ခြင်း ကင်းသောအခါ သံဝေဂဝတ္ထု ရှစ်ပါးတို့ဖြင့် ခြောက်လှန့်ခြင်း၊

(၇) သမယေ အဇ္ဈုပေက္ခနာ—

စိတ်တွန့်ခြင်း၊ ပျံ့လွင့်ခြင်း၊ သာယာခြင်းကင်း၍ သမထဝီထိ ပဋိပန္န၍ လျစ်လျူရှုထားခြင်း၊

(၈) အသမာဟိတပုဂ္ဂလပရိဝဇ္ဇနာ—

မတည်ကြည်သော ပုဂ္ဂိုလ်ကို မမှီဝဲခြင်း၊

(၉) သမာဟိတပုဂ္ဂလသေဝနာ—

တည်ကြည်သော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊

(၁၀) တဒဓိမုတ္တတာ—

ထိုသမာဓိ သမ္ဗောဇ္ဈင် ဖြစ်ခြင်းသို့ ညွတ်သောစိတ်ရှိခြင်း၊

(၁၁) ဈာနဝိမောက္ခ ပစ္စဝေက္ခဏာ—

ဈာန်ဝိမောက္ခတို့ကို ဆင်ခြင်ခြင်းအားဖြင့် တဆယ့်တပါးဖြစ်သတည်း။

မေး ● ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရားငါးပါးကို ဖော်ပြပါ။

ဖြေ ❀

(၁) သတ္တမမတ္တတာ—

သတ္တဝါတို့ကို လျစ်လျူရှုခြင်း၊

(၂) သင်္ခါရ မဇ္ဈတ္တတာ—

သင်္ခါရတို့ကို လျစ်လျူရှုခြင်း၊

(၃) သတ္တသင်္ခါရမဇ္ဈတ္တ ပုဂ္ဂလသေဝနာ—

သတ္တဝါသင်္ခါရတို့၌ ချစ်ခြင်း မုန်းခြင်း မပြု လျစ်လျူရှုသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊

(၄) သတ္တသင်္ခါရ ကေလာယန ပုဂ္ဂလပရိဝဇ္ဇနာ—

သတ္တဝါသင်္ခါရတို့၌ ကြောင့်ကြမျာပါဒ စိုက်သော စိုက်ခြင်းဖြင့် အားထုတ်သော သူကို ရှောင်ကြဉ်ခြင်း၊

(၅) တဒဓိမုတ္တတာ—

ထိုဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းသို့ ညွတ်သောစိတ် ရှိခြင်းအားဖြင့် ခုနစ်ပါးဖြစ်သတည်း။

မှတ်ချက်…. ဤဗောဇ္ဈင်ခုနစ်ပါးတို့၏ ဖြစ်ကြောင်းတရားများမှာ သုတ်မဟာဝါဋ္ဌကာ မဟာပရိနိဗ္ဗာန သုတ္တဝဏ္ဏနာ (၁၂၀)၊ သမ္မောအဋ္ဌကထာ သတိပဋ္ဌာနဝိဘင်း (၂၄၃) သံယုတ္တအဋ္ဌကထာ မဟာဝဂ္ဂသံယုတ်၊ ဗောဇ္ဈင်္ဂသံယုတ် သာကစ္ဆေဂ်(၁၁၈)လာ အဋ္ဌကထာများမှာ ပါရှိလေသည်။

## ကမ္မသုံးမျိုး အဓိပ္ပာယ်

(၁) မေတ္တာကာယကမ္မ.... ရဟန်းတို့မှာ မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် အဘိသမာစာရိက ဝတ်တရားတို့ကို ဖြည့်ကျင့်ခြင်းသည် 'မေတ္တာကာယကမ္မ' မည်၏။ လူတို့မှာ စေတီပုထိုးကို ရှိခိုးခြင်း၊ ဗောဓိပင်ကို ရှိခိုးခြင်း၊ သံဃာတော်များကို ပင့်ဆောင်ရန် သွားလာခြင်း၊ ဝင်လာသောရဟန်းတို့ကိုမြင်၍ ခရီးဦးကြိုဆိုခြင်း၊ သပိတ်၊ သင်္ကန်း၊ ထီး၊ ဖိနပ်ကို လှမ်းယူခြင်း၊ နေရာခင်းထားခြင်း၊ လိုက်ပို့ခြင်း စသော အမှုသည် မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပြုလုပ်အပ်သော 'မေတ္တာကာယကမ္မ' မည်၏ ဟူလို။

(၂) ဝစီကမ္မ....ရဟန်းတို့မှာ မေတ္တာစိတ်ဖြင့် အာစာရ ပညတ်တိ သိက္ခာပုဒ်ကို သိစေခြင်း၊ ကမ္မဋ္ဌာန်း ဝိပဿနာကို ဟောပြောပြ သခြင်း၊ တရားဟောကြားခြင်း၊ မေးမြန်းစုံစမ်းခြင်း၊ အနက်အဓိပ္ပာယ် စာပေပို့ချခြင်း စသော ပိဋကသုံးပုံဖြစ်သော ဘုရားစကားတော်သည် မေတ္တာနှင့် ယှဉ်သော 'ဝစီကမ္မ' မည်၏။

လူတို့မှာ စေတီပုထိုး ဘုရားများကို ဖူးမြော်ရန်သွားကြစို့၊ ဗောဓိပင်ကို ညောင်ရေ သွန်းလောင်းရန်၊ ရှိခိုးရန် သွားကြစို့၊ တရားနာခြင်း၊ ပန်းဆီမီး ပူဇော်ရန်သွားကြစို့စသော စကားကို ဆိုခြင်းသည် မေတ္တာနှင့်ယှဉ်သော 'ဝစီကမ္မ'မည်၏။

(၃) မနောကမ္မ....ရဟန်းတို့မှာ နံနက်စောစော ထပြီး ကိုယ်လက်သုံးသပ်ခြင်း၊ စေတီပြင် ကျောင်းပရိဝုဏ်၌ တံမြက်လှည်းခြင်းစသော ဝတ်တို့ကို ပြုလုပ်ခြင်း၊ ဆိတ်ငြိမ်သောနေရာကနေ၍ အားလုံးသောရဟန်းတော်တို့သည် ချမ်းသာကြပါစေ ကုန်သတည်း၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေကုန်သတည်း၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒ မရှိကြပါစေကုန်သတည်း ဟု ကြံစည်နှလုံးသွင်း၍ မေတ္တာရေ သွန်းဖြန်းခြင်းသည် မေတ္တာနှင့်ယှဉ်သော 'မနောကမ္မ'မည်၏။

လူတို့မှာလည်း—ထို့အတူပင် အရှင်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒ မရှိကြပါစေ ကုန်သတည်း-ဟု ကြံစည်နှလုံးသွင်းခြင်း သည် မေတ္တာနှင့် ယှဉ်သော 'မနောကမ္မ'မည်၏။

အပ္ပဋိဝိဘတ္တဘောဂီ၌
ပဋိဝိဘတ္တ(ခွဲခြမ်းဝေဖန်ခြင်း)နှစ်မျိုး

(၁) အာမိသ ပဋိဝိဘတ္တ–အာမိသကို ခွဲခြမ်းဝေဖန်ခြင်းမျိုးတည်း။ ဤမျှလောက် ရှိသော ဆွမ်းစသော အာမိသကို မပေးဝေအံ့၊ ဤမျှလောက်သော ဆွမ်းစသော အာမိသကို မပေးဝေတော့အံ့ဟု စိတ်ဖြင့် အာမိသကို ခွဲခြမ်းဝေဖန်ခြင်းသည် 'အာမိသပဋိဝိဘတ္တ'မည်၏။

(၂) ပုဂ္ဂလပဋိဝိဘတ္တ–ပုဂ္ဂိုလ်ကို ခွဲခြမ်း ဝေဖန်ခြင်းမျိုးတည်း။ ဤသို့သဘောရှိသောရဟန်းအား ပေးဝေအံ့၊ ဤသို့သဘောရှိသော ရဟန်းအား မပေးပဲနေအံ့ဟု စိတ်ဖြင့် ပုဂ္ဂိုလ်ကို ဝေဖန်ခြင်းသည် 'ပုဂ္ဂလပဋိဝိဘတ္တ' မည်၏။

အပ္ပဋိဝိဘတ္တဘောဂီ ဆိုသည်မှာ–ထိုနှစ်ပါးစုံ မဝေဖန်ပဲ မခွဲဝေအပ်သော သင်္ကန်းစသော လာဘ်ကို သုံးစွဲသော ရဟန်းမည်၏။ ပစ္စည်းစုကို ရလာသောအခါ မဝေဖန်ပဲ လာဘ်ကိုသိုသိပ်ထားသော ရဟန်းမည်၏ဟူလို။

## သာဓာရဏဘောဂိ ပဋိဝိဘတ္တဘောဂိတို့၏ ဆိုလိုရင်းအဓိပ္ပာယ်

အရှင်မခံမီရှေးအဖို့၌ သံဃာတော်နှင့် ဆက်ဆံသည် ဖြစ်စေ၊ ငါအလှူခံမည်ဟု နှလုံးသွင်းခြင်းလည်း တပါး၊ အလှူခံဆဲမှာလည်း သံဃာတော်နှင့်ဆက်ဆံသည် ဖြစ်စေဟု ငါအလှူခံအပ်ပေပြီဟု နှလုံးသွင်းခြင်းလည်းတပါး၊ အလှူခံပြီးပြန်လျှင်လည်း သံဃာတော်နှင့် ဆက်ဆံသည်ဖြစ်စေဟု နှလုံးသွင်းခြင်းလည်းတပါး၊ ဤလက္ခဏာသုံးပါးနှင့် ပြည့်စုံ ညီညွတ်စေအောင် အလှူခံ၍ရလာသော လာဘ်ကို အဆုံးဖြစ်သော လက္ခဏာကို မပျက်စီးစေပဲ သုံးစွဲသောရဟန်းသည် 'သာဓာရဏဘောဂိ ပဋိဝိဘတ္တဘောဂိ' မည်၏ဟုမှတ်။

## သီလစည်းကြောင်းများ

ခဏ္ဍ=ကျိုးခြင်း— အာပတ်ခုနစ်ပုံတို့တွင် အကြင်ရဟန်း၏ သီလသည် အစသိက္ခာပုဒ်,အဆုံး သိက္ခာပုဒ်သည် ပျက်ပြားအံ့၊ ထိုရဟန်း၏ သီလသည် [အမြိတ်စွန်း (ဝ၁) အနားစွန်း၌ စုတ်ပြတ်သော အဝတ်ပုဆိုးကဲ့သို့] ကျိုးသည် ပြတ်သည်မည်၏။

ဆိဒ္ဒံ=ပေါက်ခြင်း–အာပတ်ခုနစ်ပုံတို့တွင် အကြင်ရဟန်း၏ သီလသည် အလယ်၌ဖြစ်သော သိက္ခာပုဒ် ပျက်သည်ဖြစ်အံ့၊ ထိုရဟန်း၏ သီလသည် (အလယ်ကည့်တည့်၌ ပေါက်သော ပုဆိုးကဲ့သို့) ပေါက်သည်မည်၏။

သဗလံ=ကျားခြင်း–အကြင်ရဟန်း၏သီလသည် အစဉ်အတိုင်း နှစ်ပါး သုံးပါးသော သိက္ခာပုဒ်တို့သည် ပျက်ကုန်ငြားအံ့၊ ထိုရဟန်း၏ သီလသိက္ခာသည် (ကျောက်ကုန်း၌လည်းကောင်း၊ ဝမ်းဗိုက်၌လည်းကောင်း သဘောမတူသော အဆင်းဖြင့် မည်းနက်သော အဆင်း၊ နီသော အဆင်းတို့တွင် တပါးပါးသော ကိုယ်အဆင်းရှိသော နွားမကဲ့သို့) ကျားသည်မည်၏။

ကမ္မာသံ=ပြောက်ခြင်း–အကြင်ရဟန်း၏ သီလသည် တခုခြား နှစ်ခုခြား၌ သိက္ခာပုဒ် သီလတို့သည် ပျက်ကုန်ငြားအံ့၊ ထိုရဟန်း၏သီလသည် (အကြားအကြား၌ အဖြူအနီစသော သဘောမတူသော အဆင်းဖြင့် ဆန်းကြယ်စွာ ပြောက်ကျားသော နွားမကဲ့သို့) ပြောက်သည် မည်၏။

ဤသို့ ကျိုးခြင်း၊ ပေါက်ခြင်း၊ ကျားခြင်း ပြောက်ခြင်းတို့၏ အဖြစ်သည် သိက္ခာ သီလ၏ ညစ်ညူးကြောင်းများဖြစ်၏။

ထိုသီလ ညစ်ညူးကြောင်း ကင်းပျောက်ပါက သီလဂုဏ် ဖြစ်မြောက်ကြောင်းကို ပြဆိုပါဦးအံ့။

သီလဂုဏ်ရှစ်ပါး သရုပ်အဓိပ္ပာယ်

(၁) အခဏ္ဍ—သီလ၏ မကျိုးခြင်းဟူသောဂုဏ်၊

(၂) အဆိဒ္ဒ—သီလ၏ မပေါက်ခြင်းဟူသောဂုဏ်၊

(၃) အသဗလ—သီလ၏ မပြောက်ခြင်းဟူသောဂုဏ်၊

(၄) အကမ္မာသ—သီလ၏ မကျားခြင်းဟူသောဂုဏ်၊

(၅) ဘုဇိဿ—တဏှာ၏ ကျွန်အဖြစ်မှ လွတ်၍ တော်လှန်တတ်သောဂုဏ်၊

(၆) ဝိညူပသတ္ထ—ဘုရားအစရှိသော ပညာရှိတို့သည် ချီးမွမ်းအပ်သောဂုဏ်၊

(၇) အပရာမဋ္ဌ—တဏှာဒိဋ္ဌိတို့သည် မှားသော အားဖြင့် မသုံးသပ်အပ်သော (ဝါ) မစွဲလမ်းအပ်သောဂုဏ်၊

(၈) သမာဓိသံဝတ္တနိက—ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ နှစ်ပါးတို့ကို ဖြစ်စေတတ်သောဂုဏ် အားဖြင့် ရှစ်ပါး ဖြစ်သတည်း။

**တိုက်တွန်းချက်....**အိုမွေသောတု ဆွေဘို၊ ဤသီလဂုဏ်ရှစ်ပါး တို့သည် ထင်ရှားသာဖြင့် သိဂီရွေသား၊ ပတ္တမြားအဆင်း၊ ပွတ်သစ်စ ခရုသင်းအသွင်၊ ပုလဲငွေရောင် အဆင်းကဲ့သို့ ဖြူစင်အောင်ကိုယ် နှုတ်နှလုံး စောင့်သုံးလျက် ထိန်းသိမ်းစောင့် ရှောက်နိုင်ကြပါစေကုန်သတည်း။

**အထူးမှတ်ချက်....**ထိုသီလဂုဏ် ရှစ်ပါးတို့တွင် လောကိသီလ၌ အခဏ္ဍ၊ အဆိဒ္ဒ၊ အသဗလ၊ အကမ္မာသဟူသော ဂုဏ်လေးပါးတို့သာ ရနိုင်၏။ ဘုဇိဿစသော ဂုဏ်လေးပါးတို့ကိုမရနိုင်။ လောကုတ္တရာသီလ၌ကား အခဏ္ဍ အစ သမာဓိသံဝတ္တနိကအဆုံး ရှစ်ပါးလုံးသော ဂုဏ်တို့ကို ရနိုင်ကုန်၏ဟု မှတ်။

(ဆောင်ရန်)

၁ ကျိုး, ပေါက်, ပြောက်, ကျား၊ မရှိငြား၊ လေးပါးဂုဏ် အင်္ဂါ။

၂ ကိလေသာဇစ်၊ တောင့်လှန်ပစ်၊ မှတ်လစ် ဂုဏ်တပြား။

- ဘုရားစသည့်၊ ပညာရှိ၊ ကောင်း၏ ချီးမွမ်းရာ။
- တဏှာဒိဋ္ဌိ၊ စွဲမရှိ၊ မှတ်ဘိဂုဏ်တပြား။
- သမာဓိပေ၊ ဖြစ်ဟတ်စေ၊ မှတ်လေဂုဏ်တပြား။
- လောကုတ်သီလ၊ ဤရှစ်ဝ၊ မုချရသည်သာ။
- လောကီသီလ၊ ၈-လေးဝ၊ ယူကြ နိဋ္ဌိတာ။

........ ........

အမ္ဗပါလိဂဏိကာဝတ္ထု ဝဏ္ဏနာနိတိ

ခမေး ● မြတ်စွာဘုရားသည် အရာ မကသော သုတ်တို့ဖြင့် ရူပါရုံကို မခင်မင်ထိုက်ကြောင်းဖြင့် ဟောတော်မူပါလျက် (ဝါ) သုဘနိမိတ်စသည်ကို ယူခြင်းကို တားမြစ်ထားပါလျက် အဘယ့်ကြောင့် ဤမဟာပရိနိဗ္ဗာနသုတ်၌ ရူပါရုံ၌ သုဘနိမိတ်စသည်ကို ယူခြင်း (ခင်မင်ခြင်း)၌ တိုက်တွန်းတော်မူပါသနည်း။

ခဖြေ ● ရဟန်းတို့၏ အကျိုးစီးပွားကို အလိုရှိတော်မူသည်၏ အဖြစ်ကြောင့် တိုက်တွန်းတော်မူသည်။

ဆိုလိုရင်း....ရဟန်းတို့ အကျိုးစီးပွားများမည်ကို ရည်ရွယ်၍ သုဘနိမိတ်စသည်ကို ယူစေသည် ဟူလို။

အထူးမှတ်ချက်....ရဟန်းပရိသတ်တို့တွင် အချို့သောရဟန်းတို့သည် လုံ့လဝီရိယ အလွန်နည်းပါး၏။ ထိုရဟန်းတို့အား နတ်စည်းစိမ်၊ လိစ္ဆဝီစည်းစိမ်ဖြင့် ဖြားယောင်း၍ မမေ့သော သတိတရားဖြင့် ရဟန်းတရား၌ အားထုတ်စိမ့်သောငှာ လည်းကောင်း၊ အနိစ္စလက္ခဏာ ထင်စိမ့်သောငှာ လည်းကောင်း ဟောတော်မူ၏(ဝါ)တိုက်တွန်းတော်မူ၏ဟုမှတ်။

ဟိတကာမတာယ (ပ) သမဏာ မေမ ဥဿာဟဇနနတ္ထံ အာဟ၊ အနိစ္စလက္ခဏာ ဝိဘာဝနတ္ထဉ္စာပိ ဧဝမာဟ။

(သုတ်မဟာဝါအဋ္ဌကထာ)

မေး။ အမ္ဗပါလိကာမည်သော ပြည့်တန်ဆာမသည် မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးသည်ကို သိပါလျက် အဘယ့်ကြောင့် လိစ္ဆဝီမင်းတို့သည် ပင့်ဖိတ်ကြပြန်ပါသနည်း။

ဖြေ။ မယုံကြည်သောကြောင့်လည်းကောင်း၊ ဝတ်ကိုအရှင် ပြုလိုသောကြောင့် လည်းကောင်း ပင့်ဖိတ်ကြပါသည်။ အမ္ဗပါလိကာ နိမန္တိတဘာဝံ ဉတွာပိ ကသ္မာ နိမန္တေန္တီတိ အသဒ္ဒဟနတာယစေဝ ဝတ္တသီသေနစ။

(သုတ်မဟာဝါအဋ္ဌကထာ)

## ဝေဠုဝဂါမဝဿူပ ဂမနဝဏ္ဏနာနိတိ

မေး ❁ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံခါနီး ရဟန်းတို့ကို ဝေသာလီပြည်၏ အနီး ပါဠိလိဂါမ ခေါ်ဝေဠုဝရွာသို့ အဘယ့်ကြောင့် လွှတ်တော်မူပါသနည်း။

ဖြေ ❁ ဝေဠုဝရွာသည် ငယ်သည်ဖြစ်၍ ကျောင်းလည်းနေထိုင်ရန်မလောက် (ဝါ) မဆံ့၊ ဆွမ်းလည်း မပြည့်စုံသည်ဖြစ်၍ ရဟန်းတို့ ပင်ပန်းရာ အကြောင်း ရှိသောကြောင့် ချမ်းသာစွာ နေစိမ့်သောငှာ လွှတ်တော်မူပါသည်။

တေသံ ဖာသုဝိဟာရတ္ထာယ တေသဥ္စ ဝေဠုဝဂါမကေ သေနာသနံ နပ္ပဟောသိ၊ ဘိက္ခာပိ မန္ဒာ။

(သုတ်မဟာဝါအဋ္ဌကထာ)

မေး ❁ မြတ်စွာဘုရားသည် အဘယ့်ကြောင့် အဝေးမြို့ရွာသို့ မလွှတ်ပါသနည်း။

ဖြေ ❁ ရဟန်းတို့အား အစဉ်သနားတော် မူသဖြင့် လွှတ်တော်မမူပါ။

**အထူးမှတ်ချက်....မြတ်စွာဘုရားသည် မလွတ်ခြင်းနှင့်သတ်သက်၍ အကြံဖြစ်တော်မူပုံမှာ—**

ငါဘုရားသည် ဤလမှနောက် ဆယ်လမြောက်၌ ပရိနိဗ္ဗာန်စံရတော့လတ္တံ့၊ ထိုကာလဝေးသောအရပ်၌ ရဟန်းတို့ကို လွှတ်လိုက်ပါမူ ပရိနိဗ္ဗာန် ပြုသောအခါ၌ ဖူးမြင်ခြင်းငှာ မစွမ်းနိုင်ကုန်လတ္တံ့။

ဤဝေသာလီပြည်၌ နေကြပါမူကား တလ ရှစ်ကြိမ် လာရောက်၍ တရားတော်ကို နာကြရသဖြင့် အဆုံးအမကို သိကြရရလတ္တံ့ဟု အကြံဖြစ်တော်မူ၏။

**မေး** ● မြတ်စွာဘုရားသည် မြင်းစွာသော ရောဂါ ဝေဒနာဖြစ်သောအခါမှ ရှေးအခါ၌လည်း ဖလသမာပတ်ကို ဝင်စားသေးသည် မဟုတ်ပါလော။

**ဖြေ** ● ဖလသမာပတ် ဝင်စားပါသေးသည်။

**မှတ်ချက်** .... ထိုသို့ ဝင်စားသော်လည်း ရှေးအခါ၌ ခဏိကသမာပတ်ကို ဝင်စား ရကား သမာပတ်၏ အတွင်း၌သာလျှင် ရောဂါကွာသည်၊ သမာပတ်မှ ထသောအခါ ရောဂါဝေဒနာသည် လွှမ်းမြဲကိုင်းလွှမ်းပြန်တော်မူသည်။

**ဥပမာ** .... ထူထပ်သော ရေညှိမှော်စုထဲမှာ ခဲ၊ အုတ်၊ လုံတံ၊ တုတ်၊ ပစ်ချဘိသကဲ့သို့ ရေကို လွှမ်းမိုးပြန်သကဲ့သို့တည်း။

## ဩရမ္ဘာဂိယာနိ အဓိပ္ပာယ်

အောက် ဖြစ်သော ကာမဘုံသို့ ဆည်းကပ် ခြင်း၏ အစီးအပွား ဖြစ်ကုန်သော ပဉ္စသန္ဓေကို ယူတတ်သောကြောင့်လည်းကောင်း၊ အောက်မင်္ဂသုံးပါး တို့သည် ပယ်အပ်သော ကြောင့် လည်းကောင်း "ဩရမ္ဘာဂိယာနိ" မည်ပါသည်။

ဥဒ္ဓံဘာဂိယသံယောဇဉ် ဆိုသည်မှာ အထက် ဗြဟ္မာ့ဘုံသို့ ဖြင်သော သံယောဇဉ်များကို ခေါ်သည်။

မှတ်ချက်.... ၎င်းဩရမ္ဘာဂိယသံယောဇဉ်၊ ဥဒ္ဓံဘာဂိယ သံယောဇဉ်တို့၏ သရုပ်ကို ဤကျမ်း မဟာပရိနိဗ္ဗာနသုတ်ပါဠိတော် စာမျက်နှာ(၄၇)တွင် ပြဆိုခဲ့ပြီ။

## သန္ဒိဋ္ဌနှင့် သမ္ဘတ္တ အထူး

အညီအညွတ်စည်းဝေး၍ တခါတရံ မြင်ဖူးကာမျှဖြစ်သော မိတ်ဆွေများကို 'သန္ဒိဋ္ဌ'ဟု ခေါ်သည်။

လွန်လွန်မင်းမင်း အမြဲမပြတ် ဆည်းကပ်၍ ချစ်ခင် မြတ်နိုးအပ်သော မိတ်ဆွေများကို 'သမ္ဘတ္တ' ဟု ခေါ်သည်။

(ဤကား–အထူး။)

## ဇီဝိတသင်္ခါရအဓိပ္ပာယ်

ဇီဝိတိန္ဒြေ နှင့် ဇီဝိတိန္ဒြေကို ပြုပြင် စီရင်တတ်သော ဖလသမာပတ်တရားသည် 'ဇီဝိတသင်္ခါရ' မည်၏။

ဤဥ္စလိုအပ်သော ဇီဝိတသင်္ခါရကား

ဇီဝိတိန္ဒြေကို ပြုပြင်တတ်သော ဖလသမာပတ်တရားကို လိုအပ်ပါသည်။

ရူပသတ္တကသရုပ်

(ရုပ်တရားခုနစ်ပါးတို့၏ အပေါင်းဟူလို။)

(၁)....ရုပ်တရားကို ပဋိသန္ဓေစုတိ အစွမ်းဖြင့်သုံးသပ်ခြင်း၊
(၂)...ကြီးသော အရွယ်သို့ ရောက်သောအားဖြင့် သုံးသပ်ခြင်း၊
(၃)....အာဟာရကြောင့် ဖြစ်သော ရုပ်အားဖြင့် သုံးသပ်ခြင်း၊
(၄)....ဥတုကြောင့် ဖြစ်သော ရုပ်အားဖြင့် သုံးသပ်ခြင်း၊
(၅)....ကံကြောင့်ဖြစ်သော ရုပ်အားဖြင့် သုံးသပ်ခြင်း၊
(၆)....စိတ်ကြောင့်ဖြစ်သော ရုပ်အားဖြင့် သုံးသပ်ခြင်း၊
(၇)....ဓမ္မတာဖြစ်သော သံသလွဲဖြူ၊ သံ သလွဲမည်းစသော ဗဟိဒ္ဓသန္တာန်၌သော ရုပ်အားဖြင့် သုံးသပ်ခြင်းဟု ခုနစ်ပါးဖြစ်သတည်း။

အရူပသတ္တကသရုပ်

(နာမ်တရား ခုနစ်ပါးတို့၏ အပေါင်းဟူလို။)

(၁)....နာမ် တရားကို အပေါင်းအစည်း အားဖြင့် သုံးသပ်ခြင်း၊

(၂)....တပ်ခြင်းကို ကုန်စေသောအားဖြင့် သုံးသပ်ခြင်း၊
(၃)....အနုလောမအားဖြင့် သုံးသပ်ခြင်း၊
(၄)....ပဋိလောမအားဖြင့် သုံးသပ်ခြင်း၊
(၅)....အနုလောမ, ပဋိလောမအားဖြင့် သုံးသပ်ခြင်း၊
(၆)....ဒိဋ္ဌိကို ပယ်သောအားဖြင့် သုံးသပ်ခြင်း၊
(၇)....မာနကို ပယ်သောအားဖြင့် သုံးသပ်ခြင်းအားဖြင့် ခုနစ်ပါးဖြစ်သတည်း။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ အကျယ်ရှုလေ။]

## အာစရိယမုဋ္ဌိ၏ လိုရင်းအဓိပ္ပာယ်

လောကီဆရာတို့မှာ မိမိတို့အား တပည့်တို့သည် ပြိုင်ဘက်ပြုမည်စိုး၍ ဂူဿာမစ္ဆရိယတို့၏ အစွမ်းဖြင့် အတတ်ပညာကို အကုန်မသင်ကြားပဲ ခက်ခဲသော အတတ်ပညာကို ချန်ထားလျှို့ဝှက်၍ သေခါနီးသောအခါမှသာလျှင် ချစ်မြတ်နိုးသော တပည့်တို့အား သင်ကြားပြောဆိုသလို ငါဘုရားအား လျှို့ဝှက်စွာချန်ထားသော တရားစကားမရှိတော့၍ရဟန်းအပေါင်းတို့ကို စွဲ၍ တစုံတခုသော တရားကို ဟောဖွယ်မရှိဟု ဆိုလိုသည်။

မေး ● ဘုရားရှင်နှင့် အဂ္ဂသာဝကတို့တွင် မည်သည့်ပုဂ္ဂိုလ်ကရှေးဦးစွာ ပရိနိဗ္ဗာန်ပြုကြောင်းကို ဆုံးဖြတ်ခဲ့ပါ။

မေး ။ ထိုနှစ်မျိုးတို့တွင် အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုပါသည်။

---

နိမိတ္တောဘာသကထာ ဝဏ္ဏနာနိတိ

ရဟန္တာအရှင်မြတ်တို့၏ ပရိနိဗ္ဗာန်ပြုရာအရပ်များ

| မထေရ်အမည် | ပရိနိဗ္ဗာန်စံရာအရပ် |
|---|---|
| ၁။ အရှင်ရာဟုလာ | ....တာဝတိံသာနတ်ပြည်။ |
| ၂။ အရှင်ကောဏ္ဍည | ....ဟိမဝန္တာ ဆဒ္ဒန်အိုင်၊ |
| ၃။ အရှင်သာရိပုတ္တရာ | ....နာဠကရွာ ဖွားရာတိုက်ခန်း၊ |
| ၄။ အရှင်မဟာမောဂ္ဂလာန် | ....ရာဇဂြိုဟ်မြို့အနီးကာဠကျောက်ဖျာ၊ |
| ၅။ အရှင်မဟာကဿပ | ....အလောင်းတော်ကဿပစေတီ၊ |
| ၆။ အရှင်အာနန္ဒာ | ....ရောဟိနီမြစ်လယ်ကောင်းကင်၊ |
| ၇။ အရှင်ဂဝံပတိ | ....ဟိမဝန္တာတော ရွှေတောင်ကြီး၊ |
| ၈။ အရှင်ခဒိရဝနိယရေဝတ | ... သာဝတ္ထိ မြို့တွင်း နန်းတော်အထက် ကောင်းကင်၌ ပရိနိဗ္ဗာန်စံဝင်ကြပါသည်၊ |

အကျယ်ဖော်ပြဦးအံ့....

အရှင်'ရာဟုလာ'သည် တာဝတိံသာနတ်ပြည်၌ ပရိနိဗ္ဗာန်စံသည်ကို—

ရာဟုလော တာဝတိံသေသု ပရိနိဗ္ဗုတော ဟု သုတ်မဟာဝါအဋ္ဌကထာ၌ ဆို၏။

ရဟုလော၊ အရှင်ရာဟုလာ မထေရ်သည်။ တာဝတိံသာသုံ တာဝတိံသာနတ်ပြည်တို့၌။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံတော်မူ၏။

အရှင်ကောဏ္ဍညမထေရ်သည် ဟိမဝန္တာတော ဆဒ္ဒန္တအိုင်၌ ပရိနိဗ္ဗာန်စံသည်ကို—

အညာသိ ကောဏ္ဍညတ္ထေရော ဆဒ္ဒန္တဒဟေ ပရိနိဗ္ဗုတောဟု သုတ်မဟာဝါအဋ္ဌကထာ၌ ဆို၏။

[ကေင်္ဂုတ္တရအဋ္ဌကထာမှာလည်းနည်းတူဆို၏။]

အညာသိ ကောဏ္ဍညတ္ထေရော၊ အညာသိကောဏ္ဍညမထေရ်သည်။ ဆန္ဒန္တဒဟေ၊ ဆဒ္ဒန်အိုင်၌။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံတော်မူ၏။

အရှင်သာရိပုတ္တရာမထေရ်သည် နာဠကရွာ မိမိဖွားမြင်ရာ မယ်တော်တိုက်ခန်း၌ ပရိနိဗ္ဗာန်စံသည်ကို အတ္တိ ဘန္တေ မဂဓေသု နာဠကဂါမေ ဇာတော ဝရကောဟုသုတ်မဟာဝါအဋ္ဌကထာ၌ ဆို၏။

ဘန္တေ၊ ရှင်ဘုန်းတော်သခင် အရှင်ဘုရား။ မဂဓေသု၊ မဂဓတိုင်းတို့၌။ နာဠကဂါမေ၊ နာဠကရွာ၌။ ဇာတော ဝရကော၊ အကျွန်ုပ်ဖွားမြင်ရာ တိုက်ခန်းသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုဖွားမြင်သန့်စင်ရာ ရတနာတိုက်ခန်း၌။ အဟံ၊ တပည့်တော်သည်။ ပရိနိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန်စံပါအံ့။

အရှင်မဟာ မောဂ္ဂလာန်သည် ရာဇဂြိုဟ်မြို့အနီး ကာဠသိလ ကျောင်းခြေ ကာဠသိလာကျောက်ဖျာကြီး၌ပရိနိဗ္ဗာန်စံတော်မူသည်ကို—

ကာဠသိလာပဒေသံ ဘန္တေ။

[ဓမ္မပဒအဋ္ဌကထာ]

ကာဠသိလာ ပဒေသံ ဂန္တွာ ပရိနိဗ္ဗာယိ။

[အပဒါန်အဋ္ဌကထာ] တို့၌ ဆို၏။

အရှင်မဟာကဿပမထေရ်သည် ယခုအခါ တိုထိုဒေသ,က ဘုရားဖူးသွားရောက်ကြသော 'အလောင်းတော်ကဿပတောင်' ၌ နိဗ္ဗာန်စံကြောင်းကို ပညာရှိအများတို့ ပြောဆိုကြသည်။ မည်သည့် ကျမ်းဂန်တို့၌ ပါရှိသည်ကို သတိမထားမိချေ။

အရှင်အာနန္ဒာမထေရ်သည် ရောဟိနီမြစ်လယ် ထန်းခုနစ် ဆင့်ခန့်ရှိသော ကောင်းကင်၌ ပရိနိဗ္ဗာန်စံတော်မူ၏။

မဇ္ဈေ နဒိယာ သတ္တ တာလပမာဏေ အာကာသေ ပလ္လင်္ကေန နိသီဒိတွာ စသည်။

[ဓမ္မပဒအဋ္ဌကထာ]

အရှင်ဂဝံပတိသည် ဟိမဝန္တာတော၌ တခုသော ရွှေတောင် ကြီးကို မှီ၍ ရပ်တော်မူလျက်ပင် ပရိနိဗ္ဗာန်စံတော်မူ၏။

ကော သုဝဏ္ဏပဗ္ဗတံ နိဿာယ ဌိတကောဝ အနုပါဒိသေသာ ယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ။

[ဇာတ်အဋ္ဌကထာ]

အရှင်ခဒိရဝနိယရေဝတမထေရ်သည် သာဝတ္ထိမြို့တွင်း ကောသလမင်းကြီး နန်းတော်အထက် ကောင်းကင်အရပ်၌ မင်းပရိသတ်အား တရားဟောတော်မူပြီးလျှင် ထိုအရပ်၌ပင် ပရိနိဗ္ဗာန်စံတော်မူ၏။

ဇဝံ ပန ကတွာ အာကာသေ ပလ္လင်္ကေန နိသိန္နော တေဇောဓာတုံ သမာပဇ္ဇိတွာ ပဇ္ဇလန္တော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ။

[ထေရာအဋ္ဌကထာ]

မှတ်ချက်။ ။အသီတိ သာဝကတို့၏ ပရိနိဗ္ဗာန် စံတော်မူရာ အရပ်တို့ကို အဋ္ဌကထာ ဆရာတို့ အနည်းငယ်သာ ပြဆိုတော်မူကြ၍ ဤမျှလောက်သာ ဖော်ပြလိုက်ရပေသတည်း။

မေး ● ဤမဟာ ပရိနိဗ္ဗာနသုတ် ပါဠိတော်၌ 'အသီတိ ကော' ဟူသောစကားကို အဘယ်အကျိုးငှာ ဆိုပါသနည်း။

ဖြေ ● ပစ္ဆိမအရွယ်သို့ (ဝါ) နောက်ဆုံး အိုမင်းရင့်ရော်သော သက်တော် ရှစ်ဆယ်အရွယ်သို့ရောက်သည်၏ အဖြစ်ကို ပြခြင်းငှာ ဆိုပါသည်။

ထို့ကြောင့် ချစ်သားအာနန္ဒာ၊ ငါဘုရားသည် ရှည်လျားသောအဓွန့်သို့ ရောက်ပြီ၊ အိုမင်းရင့်ရော် မှည့်ပျော်သောအရွယ်သို့ တိုင်ပြီ။

ရှေးဘုရားတို့ တည်မြဲကိုင်းဓမ္မတာဖြစ်သော အာယုကပ်ကို ပါးပုံ ပုံ၍ သေးပုံကုန်သျှက် သက်တော် ရှစ်ဆယ်ပြည့်ပြီ။

လှုပ တင့်တယ်စွာ စီရင်ထားသော လှည်းသည် အိုမင်း ဟောင်းနွမ်းသောအခါ စီးကြခြင်းငှာသည်းကောင်း၊ ဝန်ဘင် ခြင်းငှာလည်းကောင်း မခံသျှောက်ကဘ်သကဲ့သို့ ထို့အတူ ငါ၏ ရူပကာယ ဘော်သည် အိုမင်း၍ယိုယွင်း ပျက်စီးချေပြီ တကားဟု မိန့်တော်မူ၏။

ချစ်သား အာနန္ဒာ အကြင်အခါ၌ ငါဘုရားသည် အလုံး စုံသော အာရုံခြောက်ပါးကို မလိုက်စားဟူ၍ သခ်ါရတရား တို့ကို အာရုံပြုသော အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကို ဖြစ်စေ၏။ ထို့ကြောင့်ကိုယ်တော်သည်အထူးသဖြင့်ချမ်းသာ၏။

ငါ၏သာသနာ၌ တည်သော သင်တို့သည်လည်း ဖသသမာ ပတ် တည်းဟူသော နေခြင်းဖြင့် ချမ်းသာခြင်းအကျိုးငှာ နေ ကြကုန်လော့။ မဟာသမုဒ္ဒရာ၌ တည်သော ကျွန်းသဖွယ် မိမိ ကိုယ်ကိုသာ မှီရာ တည်ရာပြု၍ နေကြကုန်လော့။

မိမိကိုယ်ကိုသာ လည်းလျှောင်းရာရှိသည်ဖြစ်၍သာ နေကြ ကုန်လော့။ လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိစသော ကိလေသာ တို့ ကိုပယ်ဖျောက်၍ရူပကာယ၌ဆံစသော ကောဋ္ဌာသတို့ကို အဖန် ဖန်ရှု၍ နေကြကုန်သော့ဟု ဆုံးမတော်မူ၏။

အရှင်သာရိပုတ္တရာအား ဘုရားရှင်က

မိန့်ကြားတော်မမူသော စကားတော်နှစ်မျိုး

မြတ်စွာဘုရားသခင်သည် သာရိပုတ္တရာ၊ သင်ပရိနိဗ္ဗာန်ပြုချေ တော့ဟု မိန့်တော်မူပြန်သော်—

သေခြင်းအကျေးဇူးကို ချီမွမ်းရာ၊ တိုက်တွန်းရာ ကျရောက် လိမ့်မည်။

ပရိနိဗ္ဗာန်မပြုလင့်ဟု မိန့်တော်မူပြန်လျှင်လည်း သံသရာဝဋ္ဋ ဆင်းရဲကို ချီးမွမ်းရာရောက်၍ အမြိုက်တရားကို ပိတ်ပင်ရာ ကျ ရောက်လိမ့်မည်ဟု နှလုံးပြု၍ ထိုစကား နှစ်မျိုးကို မိန့်တော် မမူပေ။

---

မာရယာစနကထာဝဏ္ဏနာနိတိ

မာရော(မာရ်မင်း)ဟူသည် သတ္တဝါတို့ကို အကျိုးစီးပွား မရှိသည်၌ ယှဉ်စေလျက် သတ်တတ်ဖျက်ဆီးတတ်သောကြောင့် မာရော(မာရ်မင်း)မည်၏။

တနည်း—ထိုမာရ်မင်းကို အကုသိုလ်တရားတို့နှင့်ပြည့်စုံသည် ၏ အဖြစ်ကြောင့် 'ပါပိမာ' ဟုလည်း ခေါ်ဆိုသေး၏။

ကဏှော, အန္တကော, နမုစိ, ပမတ္တဗန္ဓု ဟူသော အမည် တို့လည်း ထိုမာရ်မင်း၏အမည် တို့ပင်တည်း။

အာယုသင်္ခါရဩဿဇ္ဇနဝဏ္ဏနာနိတိ
တတော သမ္ဗေဒေနော အာယုသင်္ခါရံ ဩဿဇ္ဇိ-၌
အာယုသင်္ခါရလွှတ်ပုံ]

ဇီဝိတိန္ဒြေကို ပြုပြင်အပ်သော ဖလသမာပတ်ကို မဝင်စား ဟု စွန့်၏၊ ထိုဖလသမာပတ်ကို စွန့်သဖြင့်သာလျှင် ထိုဖလသမာပတ်သည် ပြုပြင်ထတ်သော ဇီဝိတိန္ဒြေကို မဖြစ်စေတော့အံ့ဟု စွန့်လွှတ်လိုက်ခြင်းပင်တည်း။

မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူပုံ

တုလမတုလဉ္စ သမ္ဘဝံ၊
ဘဝသင်္ခါရ-မဝဿဇိ မုနိ။
အဇ္ဈတ္တရတော သမာဟိတော၊
အဘိန္ဒိ ကဝစမိဝတ္တသမ္ဘဝံ။

အနက်....မုနိ၊ မောနေယျပဋိပတ်နှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား သည်။သမ္ဘဝံ၊ဘဝအသစ်ဖြစ်ရခြင်း၏အကြောင်း လည်းဖြစ်ထသော။ ဘဝအခါရံ၊ ဘဝသစ် တဖန် ပြုပြင်စိမ် လတ္တံ့သော။ တုလဉ္စ၊ နှိုင်းချိန်ပိုင်းခြား မျက်မှောက်အားဖြင့် ဖြစ်သော ကာမကုသိုလ် ရူပကုသိုလ်ကံကို လည်း ကောင်း၊

အတုလဉ္စ၊ များသော အကျိုးရှိသော အရှုပ၊ ကုသိုလ်ကို လည်းကောင်း။ အဇ္ဈတ္တရတော၊ မိမိသန္တာန်၌ (နိယကဇ္ဈတ္တ ဟူလို) အဖန်ဖန်မွေ့လျော်စေပြီး၍။ သမာဟိတော၊ တည်ကြည် ငြိမ်သက်သော စိတ်ရှိလျက်။ အဘိန္ဒိ၊ စွန့်ပစ်ထွေးအန် ပယ် လှန် အောင်မြင်အပ်ပြီ။ အတ္တသမ္ဘဝံ၊ မိမိသန္တာန်၌ဖြစ်သော မာရ်အပေါင်းကို။ မဟာယောဓော၊ သူရဲကြီးသည်။ သင်္ဂါမေ၊ စစ်မြေအရပ်၌။ ကဝစံ၊ လွှားကာကို။ အဘိန္ဒိဣဝ၊ ဖျက်ဆီး သကဲ့သို့၊ အဘိန္ဒိ၊ အကြွင်းမဲ့ ဖျက်ဆီးအပ်ပြီ။

**မေး** ❁ အဘယ့်ကြောင့် ဘုရားရှင်သည် ဤသို့ ဥဒါန်း ကျူးရင့်တော်မူပါသနည်း။

**ဖြေ** ❁ ကြောက်သောသူအား ပီတိအဟုန်သည် ဖြစ်စေ အပ်သော ကျူးရင့်ခြင်း မရှိသည်၏အဖြစ်ကို ပြ ခြင်းအကျိုးငှာ ဥဒါန်းကျူးရင့်တော်မူပါသည်။

**တနည်း**— ကိလေသာကိုပယ်ပြီးသော ပုဂ္ဂိုလ်အား ကြောက် ခြင်းမည်သည် မရှိသောကြောင့်သာလျှင် အာယု သင်္ခါရကို လွှတ်တော်မူ၏။ ကြောက်တော်မမူသည်၏ အဖြစ်ကို သိစေခြင်း ငှာလည်း ဥဒါန်းကျူးရင့်တော်မူပါသည်။

**အထူးမှတ်ချက်**— ရှစ်ပါးသော ပရိသတ်တို့ကို ဘုရားရှင် ဟောတော်မူသော အကြောင်းမှာလည်း ဤနည်းနှင်နှင်မှတ်။

## နာဂပလောကိတ ဝဏ္ဏနာနိတိ

## နာဂေါပလောကိတ အဓိပ္ပာယ်

[ဆင်ပြောင်ကြီး၏ ကြည့်ခြင်းဟူလို]

ယခုလောက လူအများတို့၏ အရိုးတို့သည် အစွန်းချင်းထိ၍ တည်ကုန်၏။ ပစ္စေကဗုဒ္ဓါတို့၏ အရိုးတို့သည်လည်း ချွန်းတောင်း ချိပ်သကဲ့သို့ တည်ကုန်၏။

ဘုရားရှင်တို့မှာကား ထိုကဲ့သို့မဟုတ်၊ သံခြေချင်းကွင်းဆက်ထားသကဲ့သို့ တစပ်တည်း တည်ရကား နောက်သို့ကြည့်လိုသော အခါ သည်တော်ကိုပြန်လှည့်၍ ကြည့်ခြင်းငှာမတတ်ကောင်း။

[ဤကား ဗျတိရေက—အသဒိသူပမာတည်း]

ဆင်ပြောင်ကြီးသည် ကိုယ်လုံးလှည့်၍ ကြည့်ရသကဲ့သို့ ထို့အတူပင် မြတ်စွာဘုရားသည် နောက်သို့ကိုယ်လုံးလှည့်၍ ကြည့်တော်မူလေသည်။

[အန္ဒယ-သဒိသူပမာတည်း]

ထို့ကြောင့် ချစ်သားအာနန္ဒာ၊ ဝေသာလီပြည်ကို ငါကြည့်ဦးအံ့၊ ဤကြည့်ခြင်းသည် နောက်ဆုံး ကြည့်ခြင်းပင်တည်းဟု မိန့်တော်မူပြီးလျှင် ဆင်ပြောင်ကြီး၏ ကြည့်ခြင်းဖြင့် ကြည့်တော်မူ၏။ ထိုအခါ မဟာပထဝီမြေကြီးသည် အို့ထိန်းစက်လည်သကဲ့သို့ ဝေသာလီပြည်သည် လည်၍တည်ပေ၏။

မေး ● မြတ်စွာဘုရားသည် သာဝတ္ထိပြည် စသည်တို့ကို အဘယ့်ကြောင့် ဆင်ပြောင်ကြီးကဲ့သို့ ပြန်လှန်လှည့်၍ ကြည့်တော်မမူပါသနည်း။

ဖြေ ● လက်ဖျစ်တီးခြင်းငှာ မထိုက်သည်၏ အဖြစ်ကြောင့် (ဝါ) အံ့သြဖွယ်မရှိသည်၏ အဖြစ်ကြောင့် ကြည့်တော်မမူပါ။

တနည်း....

မေး ● ဝေသာလီပြည်ကို အဘယ့်ကြောင့် ပြန်လှည့်၍ ကြည့်တော်မူသနည်း။

ဖြေ ● ဝေသာလီ ပြည်သူ ပြည်သားတို့သည် မကြာမီပျက်စီးလတ္တံ့။

ဘုရားရှင် ရပ်၍ ကြည့်တော်မူရာ အရပ်ကို 'နာဂပလောကိတ' မည်သော စေတီဘည်၍ နံ့သာတို့ဖြင့် ပူဇော်ကုန်လတ္တံ့။

ထိုပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ ဖြစ်လတ္တံ့ဟု ကြံ၍ ဤသို့ ထိုမင်းတို့အား အစဉ်သနားသဖြင့် ကြည့်တော်မူပါသည်။

ပဒဗျဉ္ဇနဒွါနိဒ္ဒေ ဗျဉ္ဇနပဒ ခြောက်ပါး

အတ္ထပဒ ခြောက်ပါး

[အနက်ကိုသိကြောင်း သိအပ်သော ဗျဉ္ဇနပဒအတ္ထပဒ]

အက္ခရပဒံ ဗျဉ္ဇနံ၊ နိရုတ္တိဘာဝေန နိဒ္ဒေသော။
အာကာရံ ဆဋ္ဌမေ စနံ၊ ဧတ္တာဝ ဗျဉ္ဇနံ သဗ္ဗံ။
သင်္ကာသနာ ပကာသနာ၊ ဝိဝရဏာ ဝိဘဇ္ဇနာ။
ဥတ္တာနီ ကမ္မပညတ္တိ၊ ဧတေဟိ ဆဟိ ပဒေဟိ။
အတ္ထော ကမ္မဉ္စ နိဒ္ဒိဋ္ဌံ၊ ဤဂါထာဖြင့်သိလေ။

(ပဥှာဗျာကရဏလေးပါး)

(ပြဿနာဖြေဆိုခြင်း လေးမျိုး)

(၁) ဧကံသဗျာကရဏီယ ပြဿနာ....ဟူသည် စင်စစ် ဖြေဆိုအပ်သော ပြဿနာတည်း။

ချွဲဦးအံ့ ...စက္ခုပသာဒရုပ် စသည်သည် အနိစ္စလောဟု မေးသော သူသည် စက္ခုပသာဒစသည် သည် ဩ.... အနိစ္စပင် တည်းဟု စင်စစ်အမှန်ဖြေဆိုခြင်းသည် "ဧကံသဗျာကရဏီယ ပြဿနာ"မည်၏။

(၂) ဝိဘဇ္ဇဗျာကရဏီယ ပြဿနာ....ဟူသည် ခွဲခြမ်းဝေဖန်၍ ဖြေဆိုအပ်သော ပြဿနာတည်း။

ခဲ့ဦးအံ့... အနိစ္စမည်သည် စက္ခုပသာဒ သာလောဟု မေးသော် စက္ခုပသာဒသည်သာ အနိစ္စမည်သည် မဟုတ်သေး၊ သောတ, ဃာန, ပသာဒ စသည်တို့လည်း အနိစ္စမည်၏ဟု ခွဲခြမ်းဝေဖန်၍ ဖြေဆိုခြင်းသည်“ဝိဘဇ္ဇဗျာကရဏီယပြဿနာ”မည်၏။

(၃) ပဋိပုစ္ဆာဗျာကရဏီယ ပြဿနာ....ဟူသည် တဖန်ထပ်မေး၍ ဖြေဆိုအပ်သောပြဿနာတည်း။

ခဲ့ဦးအံ့.... စက္ခုပသာဒဖြစ်သကဲ့သို့ သောတ, ပသာဒစသည် ဖြစ်သလောဟု မေးသောသူသည် အဘယ်အနက် သဘောဖြင့် မေးသနည်း၊ ဤသို့တဖန်မေး၍ မြင်တတ်သော အနက်သဘောဖြင့် မေး၏။ ဤသို့ဆိုသော် စက္ခုပသာဒ ဖြစ်သကဲ့သို့ ထို့အတူ သောတပသာဒ ဖြစ်သည်သာလျှင်တည်းဟု တဖန်ထပ်မေး၍ ဖြေဆိုခြင်းသည် ‘ပဋိပုစ္ဆာ ဗျာကရဏီယ ပြဿနာ’မည်၏။

(၄) ထပနီယပြဿနာ ... ဟူသည် မဖြေမူ၍ ထားအပ်သော ပြဿနာတည်း။

ခဲ့ဦးအံ့....ထိုအသက်သည် ထိုကိုယ်ပင်လောဟု ဤသို့ စသည်တို့ကို မေးသော မြတ်စွာဘုရားသည် ဤပြဿနာကို မဖြေဆိုအပ်ဟု ဆို၍ ထားအပ်သော ပြဿနာသည် “ထပနီယ ပြဿနာ”မည်၏။

## ကမ္မာရပုတ္တ စုန္ဒဝတ္ထု ဝဏ္ဏနာနိတိ
## သူကရမဒ္ဒဝ အခြေပြာယ်

အိမ်ဈေး၌ဖြစ်သော ဝက်သားကို (ဝါ)နူးညံ့ပြေပြစ်သောတော ဝက်သားကို ကောင်းစွာ စီရင်ချက်ပြုတ် ထားသော အသားသည် 'သူကရမဒ္ဒဝ' မည်၏။

အချို့ဆရာတို့က ငါးပါးသော အရသာရှိသော နွားနို့ရည်ဖြင့် ချက်ပြုတ် စီရင်ထားသော နူးညံ့ ပျော့ပျောင်းသော ထမင်းကို 'သူကရမဒ္ဒဝ'ဟု ခေါ်ကြ၏။

ဥပမာ—နွားနို့ဃနာဆွမ်းချက်ထားသကဲ့သို့တည်း။

တနည်း— အရသာရှိအောင် စီရင်တတ်သည့် 'ရသာယနကျမ်း'ဆရာတို့ကတော့ ဤသားပြွမ်းဆွမ်း ဆိုသည်ကား ၎င်းရသာယနကျမ်း၌ လာ၏ဟုဆို၏။

ဆိုလိုရင်း ငယ်လည်းမငယ်လွန်၊ ကြီးလည်းမကြီးလွန်း ပြည့်ရှန်းသားဆီ တည်ပြင်ဖြစ်သော ဝက်ပျိုသားကိုယူ၍ အမျိုးမျိုးသော အမွှေးအကြိုင်တို့ဖြင့် သင်းထုံလျက် ချက်ထားသော သားပြွမ်းဆွမ်းသည် 'သူကရမဒ္ဒဝ'မည်၏ဟုမှတ်။

ထိုသားပြွမ်းဆွမ်း၌ ကြောင်ဋ္ဌာအတွင်း ကျွန်းငယ်နှစ်ထောင်ရံသော ကျွန်းကြီးလေးကျွန်းတို့၌ နေကုန်သော နတ်တို့သည် ထူးမြတ်တနတ်သြဇာတွေကို လောင်းညှိကြသတဲ့။

မေး● မြတ်စွာဘုရားသည် ခြသေ့ပင်းကဲ့သို့ ရဲတင်းသော စကား(ဝါ) မြတ်သောစကားကို အဘယ်အကျိုးငှာ မဆိုသနည်း။

ဖြေ● သူတပါးတို့၏ ကဲ့ရဲ့ခြင်းမှ လွတ်စိမ့်သောငှာ ခြသေ့ မင်းကဲ့သို့ ရဲတင်းစွာ မဆိုခြင်းဖြစ်ပါသည်။

## အထူးမှတ်သားဖွယ်ရာ

သားပြွမ်းဆွမ်းကို ဘုဉ်းပေးသောကြောင့် ရောဂါဝေဒနာ ရောက်သည်ဟု မမှတ်လင့်။

စင်စစ်မှာတော့ ဘုရားရှင်ကိုယ်တော်မြတ်၌ ဤရောဂါ ဝေဒနာသည် တကယ်အမှန် ရောက်လတ္တံ့ပင် ဖြစ်သည်။

စုန္ဒလှူသော သားပြွမ်းဆွမ်းကို မဘုဉ်းပေးရသော် အလွန် ပြင်းပြစွာ ရောဂါဝေဒနာ ခံရဘိသည်။

ဘုဉ်းပေးရသောကြောင့်သာလျှင် အားတော်ခိုင်မာ၍ ရှည် သျှားစွာသော ခရီးကို ခြေဘော်ဖြင့် (ခြေလျင်)ကြွသွားနိုင် သည်ဟု မှတ်လေ။

## ပုက္ကုသမလ္လပုတ္တဝတ္ထုဝဏ္ဏနာဒီပနီ
## မိုးကြိုးအပြားကိုးပါး သရုပ်အဓိပ္ပာယ်

(၁) မိုးကြိုး၏ တန်ခိုးအာသံဖြင့် သညာကင်းခြင်းကို (ဝါ) သညာမရှိသည်ကို ပြုတတ်သောကြောင့် 'အသညာ မိုးကြိုး'မည်၏။

[အသညံကရောတီတိအသညာ၊]

(၂) အထူးအားဖြင့် တခုသော စက်အဝန်းကို ပြုတတ်သော ကြောင့် 'ဝိစက္ကာမိုးကြိုး'မည်၏။

[ဝိသေသေန စက္ကံ ကရောတီတိ ဝိစက္ကာ၊]

(၃) အမှိုက်ကို ပိုင်းဖြတ်သကဲ့သို့ ကျတတ်သောကြောင့် 'သံတေရာမိုးကြိုး'မည်၏။

[သံကာရံ တိရေန္တီ ပရိစ္ဆိန္ဒန္တီ ဝိယ ပတတီတိ သံတေရာ၊]

(၄) ဂျက်ဂျက်မည်သော အသံရှိသောကြောင့် 'ဂဂ္ဂရာမိုးကြိုး'မည်၏။

[ဂဂ္ဂရာတိသဒ္ဒေါ ဧတိဿာ အတ္ထီတိ ဂဂ္ဂရာ၊]

(၅) မျောက်ဦးခေါင်းပုံသဏ္ဌာန်ရှိသောကြောင့် 'ကပိသီသာမိုးကြိုး'မည်၏။

[ကပိသီသာကာရော ဧတိဿာ အတ္ထိဟိ ကပိသီသာ၊]

(၆) တုန်လှုပ်သော ငါးကဲ့သို့ နှောက်နှည် (ခြောက်သွေ့) သော အခြင်းအရာရှိသောကြောင့် 'မစ္ဆဝိလောဠိတာမိုးကြိုး'မည်၏။

[မစ္ဆော ဝိယ ဝိလောဠိတော ဧတိဿာ အတ္ထိဟိ မစ္ဆဝိလောဠိတာ။]

(၇) ဖြန့်အပ်သော အဘောင်ရှိသော ကြက်နှင့်တူသော ကြောင့် 'ကုက္ကုဋကာမိုးကြိုး'မည်၏။

[ကုက္ကုဋပေါ်တဘယာဘိ ကုက္ကုဋကာ၊]

(ဂ) ထွန်တုံး၏ လက်ကိုင်ရာအရပ်၌ ရှဲလုံးနှင့် တူသောကြောင့် 'ဒဏ္ဍမဏိကာမိုးကြိုး'မည်၏။

[ဒဏ္ဍမဏိဝိယာတိ ဒဏ္ဍမဏိကာ၊]
[ဤ၌ ဒဏ္ဍမဏိသဒ္ဒါ ထွန်တုံးဟောဟုမှတ်။]

(ဃ) မိုးရွာလျက်ပင်လည်း ဇလျှံနှင့်တကွ ဖြစ်သောကြောင့် ရေမင့်တွင်ပဲ ခြောက်သော မိုးကြိုး ဖြစ်သောကြောင့် 'သုက္ခာသနိမိုးကြိုး'မည်၏။

[သုက္ခာအသနိတိသုက္ခာသနိ၊]

မှတ်ချက်။ ။… အကျဉ်းမျှသာ ပြဆိုလိုက်ပါ၏။ အကျယ်သိလိုပါက သုတ်မဟာဝါအဋ္ဌကထာ ဋီကာတို့မှာ ကြည့်ရှုယူကြလေ။

[မဆောင်ရန်]

- သညာ,စက္က၊ သံတေရ၊ ဂဂ္ဂ,ကပိ,မစ္ဆဝိ၊
- ကုက္ကု,ဇ္ဇုလ္လ၊ သုက္ခာသ၊ နဝမိုးကြိုးသိ။

ပက္ကုသ ပုဆိုးတစ်ထည်ကို အရှင်အာနန္ဒာ အလှူခံ-မခံ ဆုံးဖြတ်ချက်

မေး။ ပက္ကုသ လှူဒါန်းသော ပုဆိုးကို အရှင်အာနန္ဒာ အလှူခံပါသလော။

ဖြေ။ မြတ်စွာဘုရား၏ ဝိုက်တွန်းချက် အရအလှူခံပါသည်။

**အထူးအမေး** ⑲ အရှင်အာနန္ဒာသည် မြတ်စွာဘုရားချီးမြှောက်အပ်သော လာဘ်ကိုပယ်၍ အလုပ်အကျွေးဖြစ်ပါလျက် ပုဂ္ဂလ လှူဒါန်းသော မုံ့သိုးကို အဘယ့်ကြောင့် အလှူခံရပါသနည်း။

ဖြေ ⑲ အလုပ်အကျွေးကိစ္စ အပြီးအဆုံးသို့ ရောက်သောကြောင့်လည်းကောင်း၊

**တနည်း**—အရှင်အာနန္ဒာသည် နှစ်ဆယ့်ငါးနှစ်တို့ ပတ်လုံး လုပ်ကျွေးပါသော်လည်း မြတ်စွာဘုရား သခင်ထံမှ တခုသော လာဘ်ကိုမျှ မရရှာစဖူးပဲ သူတထူးတို့ ကဲ့ရဲ့ခြင်း ကင်းစိမ့်သောငှာ အလှူခံရပါသည်။

ဆိုလိုရင်း အကြောင်းလေးပါး

(၁) အလုပ်အကျွေး၏ အပြီးအဆုံးသို့ရောက်ခြင်း၊

(၂) သူတပါးတို့ ကဲ့ရဲ့မြစ်တင်စကားကို ဖြတ်ခြင်း၊

(၃) ထိုမုံ့ဆီးဖြင့် မြတ်စွာဘုရားအား ပူဇော်ခြင်း၊

(၄) မြတ်စွာဘုရား၏ အလိုတော်သို့ လိုက်ခြင်း—

ဟူသော ဤအကြောင်းလေးပါးတို့ကြောင့် အလှူခံပါသည်။

## ဤမေသု ခေါ အာနန္ဒဒွိသုပိ ကာလေသု—၌
## အခါတော်နှစ်မျိုး

(၁)....မြတ်စွာဘုရားသည် သမ္မာသမ္ဗောဓိ(သဗ္ဗညုတ)ဉာဏ်ကို ထိုးထွင်း၍ သိတော်မူသောအခါ,

(၂)....ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် အကြွင်း မရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုသော အခါတို့တည်း။

[ပါဠိတော်အတိုင်းပင်]

မေး● အထက်ပါ အခါနှစ်ပါးတို့၌ မြတ်စွာဘုရားအား အဘယ့်ကြောင့် ကိုယ်တော်၏ကြည်လင်သော အဆင်း ရှိခြင်း, အဆင်းတော်၏ ပြိုးပြိုးပြက် ရှိပါသနည်း။

ဖြေ● အာဟာရ ထူးခြင်းကြောင့်လည်းကောင်း၊အားကြီးသောဝမ်းမြောက်မှုကြောင့်လည်းကောင်းဖြစ်ပါသည်။

မှတ်ချက်— အာဟာရကြောင့် ကိုယ်ကာယကြည်လင်ပုံ,စကြဝဠာ၌ နေကုန်သော နတ်တို့က အစာအာဟာရ၌ နတ်သြဇာကို ထည့်ထားကြ၍ မွန်မြတ်သော နတ်သြဇာနှင့် ရောထားသောဘောဇဉ်ကို ဘုဉ်းပေးရ၍ ကြည်လင်သောရုပ်ကို ဖြစ်စေ၏။

ထို့ကြောင့် ထိုအာဟာရကြောင့်ဖြစ်သော ရုပ်၏ကြည်လင်လှ လေသောကြောင့် ဘုရားရှင်၏ မနိုဒြေလျှင် ခြောက်ခုမြောက်သော ဣန္ဒြေတို့သည် အလွန်တင့်တယ်စမွယ်တော်မူ၏။

## အားကြီးသော ဝမ်းမြောက်မှုကြောင့် ကိုယ်ကာယ ကြည်လင်ပုံ

သဗ္ဗညုတ,ဉာဏ်ကို ထိုးထွင်း၍ သိတော်မူသော အခါမှာ ကမ္ဘာ ကုဋေအသိန်းတို့ပတ်လုံး အနန်တလဲလဲပွားစေအပ်သော ကိလေသာအစုကိုပယ်အပ်ပြီးဟုဆင်ခြင်သောမြတ်စွာဘုရားအား အားကြီးသော ဝမ်းမြောက်ခြင်းသည် ဖြစ်တော်မူ၏။

စိတ်လည်း အလွန်ကြည်လင်၏ စိတ်ကြည်လင်သည် ရှိသော် နှလုံးသားလည်းကြည်လင်၏၊နှလုံးသား ကြည်လင်သည်ရှိသော် မနိုဒြေလျှင် ခြောက်ခုမြောက်သော ဣန္ဒြေတို့သည် တင့်တယ် စမွယ်ကုန်၏။

ထို့ကြောင့် ပြဆိုခဲ့သော အဆင်းတော်၏ ကြည်လင်ခြင်း နှစ်မျိုး ဖြစ်ခဲ့၏။

## သုဇာတာ သဒ္ဒေးသမိး လှူဒါန်းသော ဆွမ်းနှင့် စုန္ဒဒါယကာ လှူဒါန်းသော ဆွမ်းနှစ်မျိုး အထူးမှတ်သားဖွယ်

သုဇာတာ သဒ္ဒေးသမိး လှူဒါန်းသော ဆွမ်းကို ဘုဉ်း ပေးတော်မူရ၍ ဘုရားရှင်သည် သစ္စာလေးပါးတရားကို ထိုး

ထွင်း၍ သိတော်မူ၏၊ ထိုဆွမ်းကို ရာဂ, ဒေါသ, မောဟ နှင့် တကွ ဖြစ်သောကာလ၌ ဘုရားရှင်သည် ဘုဉ်းပေးတော်မူ၏။

စုန္ဒဒါယကာ လှူဒါန်းသော ဝက်သားပြွမ်း ဆွမ်းကို ဘုဉ်းပေးတော်မူရ၍ ပရိနိဗ္ဗာန်ဝင်စံတော်မူရ၏။

ထိုဆွမ်းကို ရာဂ၊ ဒေါသ၊ မောဟကင်းသော ကာလ၌ ဘုရားရှင်သည် ဘုဉ်းပေးတော်မူ၏။

မေး ။ သုဇာတာ သဋ္ဌေးသမီး လှူဒါန်းသောနို့ဃနာဆွမ်း၊ စုန္ဒဒါယကာ လှူဒါန်းသော ဝက်သားပြွမ်းဆွမ်း၊ တို့သည် အဘယ့်ကြောင့် အကျိုးပေးခြင်း တူမျှကြရပါ သနည်း။

ဖြေ ။ ကိလေသာတို့၏ ငြိမ်းအေးခြင်း၊ ခန္ဓာငါးပါး တို့၏ ငြိမ်းအေးခြင်းတူမျှသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝင်စားအပ်သော သမာပတ်ဘူသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ အဖန်တလဲလဲအောက်မေ့ခြင်းတူသည်၏ အဖြစ်ကြောင့်လည်းကောင်းတူမျှသောအကျိုးပေးခြင်း ဖြစ်ပါသည်။

ကာသွာ ဝေ သမသမဖလာတိ၊
ပရိနိဗ္ဗာန သမတာယ စ
သမာပတ္တိ သမတာယစ
အနုဿရဏ သမတာယစ။ ။

## ငြိမ်းအေးခြင်း တူမျှရာ၌ အကျိုးပေးတူမျှပုံ

မြတ်စွာဘုရားသည် သုဇာတာ သာဓွေးသမီး လှူဒါန်းသော ဆွမ်းကို ဘုဉ်းပေးတော်မူရသဖြင့် ခန္ဓာ ငါးပါးသာလျှင် ကိလေသာတို့မှ ကြွင်းသည်နှင့်တကွ ဖြစ်သော 'သဉပါဒိသေသနိဗ္ဗာနဓာတ်'ဖြင့် ငြိမ်းအေးတော်မူ၏။

စုန္ဒပါယကာ လှူဒါန်းသော ဆွမ်းကို ဘုဉ်းပေးတော်မူရသဖြင့် ဝိပါကက်နာမက္ခန္ဓာ၊ ကမ္မဇရုပ် အကြွင်းမရှိသော 'အနုပါဒိသေသနိဗ္ဗာနဓာတ်'ဖြင့် ငြိမ်းအေးတော်မူ၏။

(ဤကား ငြိမ်းအေးခြင်း တူမျှပုံတည်း။)

ဘဂဝါ ဟိဘုဇာတာယဒိန္နံ ပိဏ္ဍပါတံ ပရိဘုဉ္ဇိတွာ သဉပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော။ စုန္ဒေန ဒိန္နံ ပရိဘုဉ္ဇိတွာ အနုပါဒိသေသာ ယနိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတောတိဝေံ ပရိနိဗ္ဗာန သမတာယပိ သမဖလာ။

### သမာပတ်ဝင်စားရာ၌ အကျိုးပေးတူမျှပုံ

ဘုရားရှင်သည် သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိတော်မူသောနေ့၌ ကုဋေနှစ်ဆယ့် လေးသန်း အရေ အတွက်ရှိကုန်သော သမာပတ်တို့ကို ဝင်စားတော်မူ၏။

ပရိနိဗ္ဗာန် ဝင်စံတော်မူသောနေ့၌လည်း အလုံးစုံသော သမာပတ်တို့ကို ဝင်စားတော်မူ၏။ ဤသို့သမာပတ်ဝင်စားခြင်း တူသောကြောင့် အကျိုးပေးတူမျှခြင်း ဖြစ်ပါသည်။

## ဘုရားရှင်၏ အားတော် ဆယ်တန်ဆိုတာဘာလဲ

သဗ္ဗညုဘုရားရှင်၏ ကိုယ်ကာယဗလဟု ဆိုအပ်သော ပြကတေ့သော အားတော်သည်—

ဆဒ္ဒန်ဆင်မင်း ဆယ်စီး၏အားနှင့် တူမျှလေသောကြောင့် ပကတိလူတကျိပ်ကိုတည်၍ ဆယ်ဆတက်၍ တက်၍ မြှောက်ပွားသော် ပကတိ ယောကျ်ားပေါင်း ကုဋေတသောင်းဖြစ်၏ ထိုပကတိ လူယောကျ်ားပေါင်း ကုဋေ တသောင်းအားနှင့် ဂဏ်တိကိုယ်တော်မြတ်အား တော်သည် တူမျှ၏။

ဆိုရင်းမှာ....အညံ့ဆုံး ဂေါစရိယမည်သော (၀ါ)ကာလာဝကမည်သော ဆင်တစီး၏အားသည် လူဆယ် ယောက်အားနှင့် ညီမျှ၏။ ထို့အတူ ဆယ်ဆတက်၍ တက်၍ မြှောက်ပွားသော် ဆဒ္ဒန်ဆင်မျိုးသို့ ရောက်လျှင် ဒသဗလခေါ်သော ဘုရားရှင်၏ ပကတိ အားတော်ဆယ်ပါး ဖြစ်ရလေသည်။

### ဆင်ဆယ်မျိုး သရုပ်ပြဂါထာ

ဂေါစရိ ကဋ္ဌာပေါ ဂင်္ဂေယျော ပိင်္ဂလော
ပဗ္ဗတေယျကော ဟောပဝတော၈ တမ္ဗော၈
မန္ဒာဂိရိ ဥပေါသထော ဆဒ္ဒန္တော၀ယော၀
ဒသမော တေနာဂါနမုတ္တမာ။

[ဥဒ္ဒအဋ္ဌကထာ]

**ဂါထာအနက်**....ဂေါစရိ စ၊ ဂေါစရိယမည်သော ဆင်လည်းကောင်း။ ကဉ္စာပေါစ၊ လည်းကောင်း။ ဂင်္ဂေယျာစ၊ လည်းကောင်း။ ပိင်္ဂလာစ၊ လည်းကောင်း။ ပဗ္ဗတေယျကောစ၊ လည်းကောင်း ဟေမဝတောစ၊ လည်းကောင်း။ တမ္ဗောစ၊ လည်းကောင်း။ မန္ဒာကိရိစ၊ လည်းကောင်း။ ဥပေါသထောစ၊ လည်းကောင်း။ ဒသမာ၊ ဆယ်ခုမြောက်သော ဆဒ္ဒန္တောယေဝ၊ ဆဒ္ဒန်ဆင်သည်သာလျှင်။ ဘဝတိ၊ ၏။ ဧတေ၊ ထိုဆင်ဆယ်စီးတို့သည်။ နာဂါနံ၊ ဆင်အပေါင်းတို့တွင်။ (ဝါ)တို့ထက်။ ဥတ္တမာ၊ ခွန်အားဖြင့် မြတ်ကုန်၏။

တနည်း—

ကာလာဝကဉ္စ ဂင်္ဂေယျံ၊
ပဏ္ဍရံ တမ္ဗပိင်္ဂလံ။
ဂန္ဓမင်္ဂလ ဟေမဉ္စ၊
ဥပေါသထ ဆဒ္ဒန္တိမေ ဒသ။

[မူလပဏ္ဏာသအဋ္ဌကထာ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ]

ဂေါစရိယဆင် ဆယ်စီးအားကို ကဉ္စာပဆင် တစီးဆောင်သည်၊ ကဉ္စာပဆင် ဆယ်စီးအားကို ဂင်္ဂေယျဆင်တစီး ဆောင်နိုင်သည်ဟု ဤသို့အဆင့်အဆင့် သိပါလေ။

ဥပေါသထဆင်ဆယ်စီးအား ယောကျ်ားဗိုလ်ခြေတထောင်အားကို ဆဒ္ဒန်ဆင်တစီးအား ဆောင်နိုင်သည်၊ ဆဒ္ဒန်ဆင်မင်း

ဆယ်စီးအား ပကတိဆင်မည်း (ဆင်မဲ) ကုဋ္ဌတထောင်အား ရှိ၏။ လူ့ယာကျား ဗိုလ်ခြေတသောင်းအားကို သမ္ဗုဒ္ဓဘုရား ရှင်တပါးတည်းက စွမ်းဆောင်နိုင်သည်ဟု မှတ်လေ။

## သေယျ(အိပ်ခြင်း) လေးမျိုး

(၁) ကာမဘောဂိသေယျာ—ကာမ,စည်းစိမ်ကို ခံစားသော သူတို့၏ အိပ်ခြင်းမျိုးတည်း။

သယနာကာရ'အိပ်ပုံ'....များသောအားဖြင့် ကာမစည်းစိမ်ကို ခံစားကုန်သော သူတို့သည် လက်ဝဲ နံပါးဖြင့် အိပ်ကုန်၏၊ လက်ဝဲဘက်ကို စောင်းအိပ်၏ဟူလို။

မှန်၏....ထိုသူတို့မှာ များသောအားဖြင့် လက်ယာဘက်နံပါး ဖြင့် အိပ်ခြင်းမည်သည် မရှိ။

(၂) ပေတသေယျာ—ပြိတ္တာတို့၏ အိပ်ခြင်းမျိုးတည်း။

"အိပ်ပုံ' များသောအားဖြင့် ပြိတ္တာတို့သည် ပက်လက်အိပ်လေ့ ရှိကုန်၏။

မှန်၏ ...ပြိတ္တာများသည် အသားအသွေးနည်းပါးသောကြောင့် အရိုးများစွာ ဖွဲ့သည်ဖြစ်၍ နံပါးဘက် စောင်းအိပ် မရပါ၊ ပက်လက်သာ အိပ်လေ့ရှိကုန်၏။

(၃) သီဟသေယျာ—ခြင်္သေ့မင်း၏ အိပ်ခြင်းမျိုးတည်း။

'အိပ်ပုံ' သားကောင်တို့၏ မင်းဖြစ်သော ခြင်္သေ့မင်းသည် လက်ယာနံပါးဖြင့် အိပ်၏၊ နှလုံးသားရှင်သန်း၏။

မှန်၏....သားတို့သခင်နင်း ခြင်္သေ့မင်းသည် တန်ခိုးကြီးမားလေသောကြောင့် ရှေ့ခြေနှစ်ခုတို့ကို တခုသောအရပ်မှာထား၍ အမြီးကို ပေါင်ခြံကြား၌ ထားပြီးလျှင် ရှေ့ခြေနောက်ခြေအမြီးတို့၏ တည်ရာအရပ်ကို မှတ်၍ ရှေ့ခြေနှစ်ခုတို့၏ အထက်၌ ဦးခေါင်းကို ထားပြီး အိပ်၏။

တနေ့လုံး အိပ်ပြီး၍ နိုးလတ်သည်ရှိသော် မကြောက်ထိတ်ရဲဝံ့သော စိတ်ဖြင့် နိုး၏၊ ဦးခေါင်းမော့၍ ရှေ့ခြေတို့၏ တည်ရာအရပ်ကိုလည်း မှတ်သား၏။

(၄) တထာဂတသေယျာ—ဘုရားရှင် ဘို့၏ ကျိန်းစက်(အိပ်ခြင်း)တော်မူခြင်းမျိုးတည်း။

'အိပ်ပုံ' စတုတ္ထဈာန်သာလျှင် ဖြစ်သော အိပ်ခြင်း(ဝါ)အားထုတ်ခြင်း ကင်းသဖြင့် ဖြစ်သော စတုတ္ထဈာန်ဟူသော အိပ်ခြင်းမျိုးသည် မြတ်စွာဘုရား၏ အိပ်ခြင်းမျိုး မည်၏။

အလိုရှိအပ်သောသေယျကား—သီဟသေယျကို အလိုရှိအပ်ပါသည်။ ထို့ကြောင့် သေသေချခြင်္သေ့မင်း၏ အိပ်ခြင်းသည် တန်ခိုး ကြီးမားသောကြောင့် မှန်မြတ်သော အိပ်ခြင်းမျိုး မည်၏။

## သိဟာဝိဇမ္ဘိတံ ဝိဇမ္ဘိတွာ၌ ဋီကာအဓိပ္ပါယ်

သိဟာဝိဇမ္ဘိတံ၊ ခြင်္သေ့မင်း၏ ခါးဆန့်ခြင်းကို။ဝိဇမ္ဘိတွာ၊ ခါးဆန့်၍ဟု အနက်ပေး။

ဋီကာအဓိပ္ပါယ်....ခြင်္သေ့မင်း၏ ခါးဆန့်ခြင်းဖြင့် ကိုယ်ကို ခါးဆန့်ခြင်းသည် မိမိနေရာ၌ ကြာမြင့်စွာ တခုသော အခြစ်း အရာဖြင့် ထားအပ်ကုန်သော ကိုယ်၏ အစိပ်ဖြစ်ကုန်သော ရှေ့ နောက် ခြေစသည်တို့၏ သွားခြင်းစသော အမူအရာတို့၌ ခန့် ညားသည်၏ အဖြစ်ကို ပြီးစေခြင်း အကျိုးရှိသည်ဟု ဆိုလို၏။ ဆိုလိုရင်းမှာ အညောင်းအညာ ဖြေခြင်းပင်တည်းဟု မှတ်။

အထူး....မြတ်စွာဘုရားသည် တပါးသော အရာတို့၌ ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်လျက် ပန်းတပွင့်ကို လှူကာမျှဖြင့်ပင် အပွမ်းမဲ့သျှ မနိုင်းဆနိုင်သော အကျိုး ရှိပုံတွေကို ဟောထားပါလျက်—

မေး ● အဘယ့်ကြောင့် ဤမဟာ ပရိနိဗ္ဗာနသုတ်၌ အာမိသပူဇာကို ပယ်တော်မူပါသနည်း။

ဖြေ ● ပရိသတ်လေးပါးတို့အား ချီးမြှောက်လိုသောကြောင့် လည်းကောင်း၊ သာသနာတော်၏ အစွန်ရှည်မြင့် စွာ တည်ခြင်းကိုအလိုတော်ရှိလှသောကြောင့်လည်းကောင်း အာမိသပူဇာကို ပယ်တော်မူပါသည်။

အကယ်၍ ပယ်တော်မမူခဲ့ငြားအံ့၊ နောက် သတ္တဝါတို့ သည်စာရိတ္တသီလ၊ ဝါရိတ္တသီလ အရာ၌ လည်း ကောင်း သမာဓိဝိပဿနာ အရာ၌လည်းကောင်း လွန်စွာ အားမထုတ်ပဲ လူ့ဒါန်းပေးကမ်းခြင်းကိုသာ များစွာ ပြုကြကုန်လတ္တံ့၊ ထိုသို့ ပြုကြခြင်းသည် သာသနာတော်၏ အမြစ်မူလ အရင်းခံမခံနမဟုတ်ရကား ဆုတ်ယုတ်ခြင်းလျှင် မြန်စွာဖြစ်ရာ၏၊

ထို့ကြောင့် ကောင်းသော ကျင့်ဝတ်သိက္ခာတို့ကို လွန်စွာ အားထုတ်စိမ့်သောငှာ လည်းကောင်း၊ နောင်လာ နောင်သားတို့ မင်္ဂလိုဖိလ်တရား နိုးစိမ့်သောငှာ အာမိသပူဇာကို ပယ်ခွာရကြောင်း မိန့်တော်မူလေသည်။ ။

## ထူပါရဟာပုဂ္ဂလ ဝဏ္ဏနာနိတိ

မေး။ စကြဝတေးမင်း၏ စေတီထိုက်သည်၏ အဖြစ်ကို ခွင့်ပြုပါလျက် အဘယ့်ကြောင့်ဘုရားရှင်သည်သီလဝန္တပုထုဇဉ်ရဟန်း၏စေတီထိုက်သည်ကိုခွင့်မပြုပါသနည်း။

ဖြေ။ အံ့ဩဖွယ်မရှိသည်၏အဖြစ်ကြောင့် သီလဝန္တရဟန်းတို့၏ စေတီထိုက်သည်၏ အဖြစ်ကို ခွင့်မပြုပါ။

သာစေက၊ နယသီလဝတော ပုထုဇ္ဇနဿ ဘိက္ခုနော ဿတိ အနစ္ဆရိယတ္တာ။ ။

[သုတ်မဟာဝါအဋ္ဌကထာ]

ရှင်းလင်းချက် ... သီလဝန္တ ပုထုဇဉ်ရဟန်းတို့အားတော်ထိုက်သည့်ဇာဇပြင်ကို ခွင့်ပြုလိုက်ပါက သီဟိုဠ်ကျွန်း၌ တော်တည်ထားရာ အရပ်မလောက်(ဝါ)-မဆံ့သည်သာဖြစ်လတ္တံ့။

ထိုမှတပါးသော ကျွန်းတို့၌လည်း မလောက်သည်သာဖြစ်လတ္တံ့။ ထို့ကြောင့် ခွင့်ပြုတော်မမူ။

စကြဝဠာမင်းသည်ကား—တပါး တယောက် တည်းသာ ဖြစ်သောကြောင့် အံ့ဩဖွယ်ရှိ၍ ခွင့်ပြုသည်ဟုမှတ်။

## ခွင့်မပြုသော်လည်း ပြုလုပ်သင့်ပုံ

သီလဝန္တ ပုထုဇဉ် ရဟန်းတို့အား ပရိနိဗ္ဗာန် ပြုသော ရဟန္တာတို့အား ပူဇော်ခြင်းငှာ ဇာပိသကဲ့သို့ ကြီးကျယ်ခမ်းနားသော ပူဇော်သက္ကာရကို ပြုလုပ်ခြင်းငှာ အင်၏။(ဝါ)-ပူဇော်သင့်၏။

ပုထုဇ္ဇနှ သီလဝတောပန ပရိနိဗ္ဗုတော ဘိက္ခုနော ဝိယ မဟန္တမ္ပိ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ၊

[သုတ်မဟာဝါအဋ္ဌကထာ]

## မဟာသုဒဿနသုတ္တဒေသနာ ဝဏ္ဏနာနိတိ

## မဟာသာလပုံးပါး သရုပ်အဓိပ္ပာယ်

[သူကြွယ်ကြီးသုံးဆောက် ကြွယ်ဝပုံဟူလို]

(၁) ခတ္တိယ မဟာသာလ–ဟူသည် စည်းစိမ်ဥစ္စာ ပေါများသော မြတ်သော မင်းမျိုးတည်း။

ထိုမင်းမှာ ကုဋေတရာ၊ ကုဋေတထောင်သော ဥစ္စာကို မြေ၌ မြှုပ်၍ထား၏။

တနေ့ ရိက္ခာအလို့ငှာ သုံးစွဲသော ဥစ္စာသည် အသပြာ တလှည်းတိုက် (ဝါ)–နှစ်ကုမ္ဘသော အသပြာသည် ထွက်၏၊ (ဝါ) သုံးစွဲ၏။

ညချမ်းအခါ၌ အသပြာလှည်းနှင်စီး (ဝါ–သေးကုမ္ဘသော အသပြာတို့သည် တိုးပွားသည်၏ အစွမ်းဖြင့် ပြန်ဝင်ကုန်၏။

(၂) ဗြာဟ္မဏ မဟာသာလ...ဟူသည် စည်းစိမ်ဥစ္စာ ပေါများသော ပုဏ္ဏားမျိုးတည်း။

ထိုပုဏ္ဏားတို့မှာ ကုဋေရှစ်ဆယ်သော ဥစ္စာကို မြေ၌မြှုပ်နှံထား၏။

နေ့အခါ၌ အသပြာ တကုမ္ဘထွက်၏၊ ညချမ်း အခါ၌ အသပြာလှည်းတစီး တိုးပွားသည်၏ အစွမ်းဖြင့် ပြန်ဝင်ကုန်၏။

(၃) ဂဟပတိမဟာသာလ...ဟူသည် စည်းစိမ်ဥစ္စာ ပေါများ
                    သော သူကြွယ်မျိုးတည်း။

ထိုသူကြွယ်တို့မှာ ကုဋေလေးဆယ်သော ဥစ္စာကို မြေ၌ မြှုပ်နှံထား၏။ နေ့အခါ၌ ရိက္ခာအလို့ငှာ အသပြာ ငါးအမ္ဗဏ တို့ကို ထုတ်သုံးကုန်၏၊ ညချမ်းအခါ တအုမ္ဗဏသော အသပြာ တို့သည် တိုးပွားသည်၏ အစွမ်းဖြင့် ပြန်ဝင်ကုန်၏။

[ဆောင်ရန်]

- ကုဋေတထောင်၊ မြေထဲဆောင်၊ ပြားပြောင်သူ့ဥစ္စာ။
- တစီးသုံးက၊ နှစ်စီးရ၊ ခတ္တိယ မဟာသာလာ။
- ကုဋေရှစ်ဆယ်၊ မြေထဲဝယ်၊ မြှုပ်ဖွယ် သူ့ဥစ္စာ။
- တကုမ္ဘသုံးပြီး၊ တလှည်းစီး၊ ပွားစီးပြာဟ္မဏာ။
- ကုဋေလေးဆယ်၊ မြေထဲဝယ်၊ မြှုပ်ဖွယ်သူ့ဥစ္စာ။
- ငါးအမ္ဗဏ၊ သုံးစွဲက၊ ပြန်ရ တကုမ္ဘာ။
- ဂဟပတိ၊ သူကြွယ်သိ၊ များဘိ ထိုဥစ္စာ။
- မဟာသာလ၊ သုံးပါးပြ၊ ဋီကာသုတ္တမဟာဝါ။
- သူကြွယ်သုံးသွယ်၊ ဥစ္စာကြွယ်၊ မှတ်ဖွယ် နိဒ္ဒေသာ။

(မှတ်ချက်) ကောဒသဒေါဏာ တု အမ္ဗဏံဟု အဘိဓာန် အဆို
          အရ တအမ္ဗဏသည် တဆယ့်တစ်တင်း ရှိ၏။

တင်းအားဖြင့် ဖွဲ့ပါက မာနိကာ ယတုရော ဒေါင်းနာ ယူရကား နှစ်တင်းနှင့် သုံးစိတ် ရှိ၏။

ကုမ္ဘော ပန ဒသမ္မဏော-ဟု ဋ္ဌကထာဆိုရကား ဆယ်အမ္မဏ သည်တကုမ္ဘမည်၏၊ ထိုတကုမ္ဘသည် စိတ်အားဖြင့် ကျခုဆယ်စိတ် ရှိ၏၊ တင်းအားဖြင့် နှစ်ဆယ့်ခုနစ်တင်း နှစ်စိတ်ရှိ၏။

ဒိုကုမ္ဘံ သကဋ္ဌံဟု ဋီကာဆိုရကား နှစ်ကုမ္ဘသည် ဟလှည်း မည်၏၊ ထိုလှည်းသည် စိတ်အားဖြင့် နှစ်ရာ့နှစ်ဆယ် ရှိ၏။ တင်းအားဖြင့် ငါးဆယ့်ငါးတင်းရှိ၏။

အချို့ဆရာတို့က အမ္မဏသဒ္ဒါ ကင်းပဟာဟု ယူကုန်၏။ အဘိဓာန်နှင့် မညီ၍ ဆင်ခြင်လေ။

ဂူရိယာငါးပါး သရုပ်အဓိပ္ပာယ်

(၁) တဘက်သာ ပိတ်သော အိုးစည်, စည်ပုတ်စသော စည်သည် 'အာတတ' စည်မည်၏။

(၂) နှစ်ဘက်ပိတ်သော မရိုးစည်စ သည်ကား 'ဝိတတ' စည် မည်၏။

(၃) အလုံးစုံပိတ်သော ထက်စည်စသည်ကား 'အာတတ ဝိတတ' စည်မည်၏။

(၄) တခဲနက်သော ကြေးနှင့် ခွက်ခွင်၊ စသည်ကား 'ဃန' စည်မည်၏။

(၅) နှဲ-ပြေ-ခရုသင်း စသည်ကား 'သုသိရ' စည်မည်၏။
ဤကား တူရိယာငါးပါးတည်း။

ထို့ကြောင့်—

အာဝိအာစ၊ ဝိတတသုံးလွေ၊ နှဲပြေဝံသ၊ သုသိရဟု၊ ဃနထည့်မှ၊ ပြည့်သည့် ငါးဖြာ၊ တူရိယာတည်း ဟု ဘူရိဒတ်ဇာတ်၌ စပ်ဆိုကြ၏။

အာတတဉ္စေဝ ဝိတတံ
အာတတ ဝိတတံ ဃနံ။
သုသိရဉ္စေတိ တူရိယံ၊
ပဉ္စင်္ဂိက မုဒီရိတံ။
(အဘိဓာန်လာ ဂါထာ တည်း)

အသံသယ်ပါးနှင့် စပ်သက်သော ဝိနိစ္ဆယ

[ဆုံးဖြတ်ချက်] ပါဠိတော်၌ကား သမ်သဒ္ဒနဟူ၍သာ ရှိ၏၊ သမ္မသဒ္ဒနဟု မရှိ။

သမ္မသဒ္ဒ တဠသဒ္ဒ ဒွယံ ဧကံ ကတွာဟူသော ပါဠိဖြင့် မဟာဋီကာဆရာသည် သမ္မသဒ္ဒကို အသံသယ်ပါး၌ အသီးအခြား မယူသောကြောင့်လည်းကောင်း၊

နှဲပြော၊ မြင်းဆင်၊ ညှင်းစိမ်ရှင်နှင့်၊ သံလွင်ညင်းညင်း၊ ခရုသင်းကြို၊ တုံခြင်းခြေမိုး၊ ကောင်းကင်ကျိုးသို-ဟု အရှင်မဟာ

သီလဝံသဘောရှိမြတ်သည့် ခရသင်းသံကို အသံဆယ်ပါး အရာ၌ ထည့်သွင်း၍ စပ်ခြင်းကြောင့် ဂုဏ်းပါဋ္ဌိဘော်၌ ရှိတိုင်း သမ်-သဒ္ဒေါတိဟု ထည့်၍ ဖွင့်သည်သာ သင့်အံ့သကဲ့သို့ ရှိ၏။

ထိုသို့ဖြစ်သော်လည်း ဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာသခင် ဖြစ်လျက်ဆိုသောကြောင့် ကြံဆခြင်းအပ်၏။

တောင်သူလယ်သမား မြင့်တင်ရေးတရားတော်

ကောက်ဦး လှူခြင်း ကိုးမျိုး

(၁) စပါးမျိုး ပျိုးကြဲဦး ပေးလှူခြင်း၊

(၂) နို့ရည်တည်သောအခါ ထောပတ် ဆီဦးနှင့် ရောပြီး ပေးလှူခြင်း၊

(၃) မုန့်ဆန်း လုပ်၍ (ဝါ)- ကြွပ်ကြွပ် လှော်၍ ပေးလှူခြင်း၊

(၄) ရိတ်ခြင်း၏အစ၌ ကောက်လက်ဆုပ်ဦး အလှူကို ပေးလှူခြင်း၊

(၅) ရိတ်ပြီးသော ကောက်ကို ထုံးဖွဲ့၍ ထားခြင်းအစ၌ ကောက်လှိုင်းဦး အလှူကို ပေးလှူခြင်း၊

(၆) ကောက်လှိုင်းတို့ကို တပေါင်းတည်းစုပုံ၍ ထားခြင်း ကာလ၌ ကောက်လှိုင်းဦး အလှူကို ပေးလှူခြင်း၊

(၇) တလင်း၌ နယ်ခြင်း အစအဦး၌ ဖြစ်သော အလှူကို ပေးလှူခြင်း၊

(ဂ) နယ်ပြီးစပါးများကို ပြန်စုပုံခြင်း၌ ခြင်ဦး ဖြစ်သော အလှူကို ပေးလှူခြင်း၊

(ဃ) တလင်းမှ ကျီသို့ ထည့်သွင်းခြင်း၌ အဦး ဖြစ်သော အလှူကို ပေးလှူခြင်းအားဖြင့် ကောက်ဦးဦးအလှူကိုး မျိုးဖြစ်သတည်း။

[မှတ်သားရန်] မြန်မာဂါထာ

မျိုးဦးနို့ခမ်း....မုန့်ဆန်းတထွေ၊
ကောက်ရိတ်ထုံးဖွဲ့....ပုံတဲ့ခါပေ၊
နယ်ခြင်းအထူး.... ခြင်ဦးမလွေ့၊
ကျီသို့သွင်း....နဝင်းကောက်ဦးတွေ။

ဗီဇဂ္ဂံ ခီရံ ပုထုကံ၊ လာယနံ ဝေဏိ ကလာပတံ၊
ခလံ ဘဏ္ဍ ကောဋ္ဌဂ္ဂန္တိ၊ နဝဂ္ဂါနိ သော အဒါ။

ဂါထာအနက်....ဗီဇဂ္ဂံ၊ စပါး မျိုးကြဲဦး အလှူလည်းကောင်း။ ခီရံ၊ နို့ရည်တည်ဦး အလှူလည်းကောင်း။ ပုထုကံ၊ မုန့်ဆန်းဦး အလှူလည်းကောင်း။ လာယနံ၊ ကောက်ရိတ်ဦး အလှူလည်းကောင်း။ ဝေဏိ၊ ကောက်လှိုင်းထုံးဦးအလှူလည်းကောင်း။ ကလာပကံ၊ ကောက်လှိုင်းစုပုံဦး အလှူလည်းကောင်း။ ခလံ၊ ကောက်နယ် တလင်းဦး အလှူလည်းကောင်း၊ ဘဏ္ဍံ၊ စပါးဦး အလှူ လည်းကောင်း။ ကောဋ္ဌဂ္ဂံ၊ ကျီးသို့ကောက်သွင်းဦး အလှူ

လည်းကောင်း။ ဥတ္တရာ၊ ဤသို့။ နဝဂ္ဂါနိ၊ ကောက်ဦးအသစ်ကိုးမျိုးတို့ကို။ သော၊ ထိုသဒ္ဓါရှင်လန်း စိတ်ပြင်းသည့် ကောဏ္ဍည မထေရ် အလောင်းသည်။ အဒါ၊ သဒ္ဓါဝေပြီး စေတနာတိုး၍ ပေးလှူခဲ့ဖူးလေပြီ။

ကောက်ဦးလှူခြင်း၏ ရရှိသောအကျိုးတရား ရှစ်ပါး

(ဆောင်ရန်) မြန်မာဂါထာ

စည်းစိမ်ပေါ်များ ကြီးပွားရုံခြွေ၊
ဘေးရန်လွတ်ကင်း ရုပ်သင်းလှလေ၊
ဥစ္စာကြွယ်ဝ များလှရုံခြွေ၊
ရှိသေထူး လာဘ်ဦးရသလေ။
(ကောက်ဦးမျိုး၊ လှူကျိုးအင်ရှစ်တွေ)
(အမိပ္ပာယ် ပေါ်လွင် ထင်ရှားပြီး။)

ကာလဒါနငါး မျိုးခင်းကြိုင်ခါးခင်း

(၁) အာဂန္တုကဒါန-ဟူသည် ဧည့်သည်တော်များအား ပေးလှူသော အလှူမည်၏၊

(၂) ဂမိကဒါန- ဟူသည် ခရီးသွားများအား ပေးလှူသော အလှူမည်၏။

(၃) ဂိလာနဒါန-ဟူသည် မကျန်းမမာ၊ နာဖျားသော သူများအား ပေးလှူသော အလှူမည်၏။

(၄) ဒုဗ္ဘိက္ခဒါန- ဟူသည် ဘတ်မွတ် ခေါင်းပါးသော ပုဂ္ဂိုလ်အား ပေးလှူသော အလှူမည်၏။

(၅) နဝသဿဒါန- ဟူသည် အညာတကောဏ္ဍညမထေရ် အလောင်းများကဲ့သို့ ကောက်ဦးကိုး ကြိမ် ပေးလှူသော အလှူမည်၏။

**(တိုက်တွန်းချက်)** ပြဆိုခဲ့တဲ့ ကာလဒါနခေါ် ပျိုးခင်းကြီး ငါးခင်းကို သာသနာတော် တည်းဟူသော ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဆိုတဲ့လယ်တာမြေကောင်းသဖွယ်သုံးသွယ်သော လယ်မြေပေါ်မှာ ဒါနမျိုးစေ့ ပျိုးထောင်မိကြပါစေ။

သို့မှသာ ဘဝတိုင်း ဘဝတိုင်း ပထမအရွယ်မယွင်း သုံးဆယ့် သုံးနှစ်အတွင်း လူပျို၊ လူအိုမည်သူမဆို စည်းစိမ် ရှင်ကြီးတွေ့ အခေါ်ခံကြရပေမည်။

ပြဆိုခဲ့သော ပျိုးငါးခင်းဘည်သာ ဗုဒ္ဓ၊ ပျိုးခင်း မယွင်းကောန် အမှန်ဖြစ်ချေသည်။

ကောက်ညှင်းခင်း၊ ချိတ်ခင်းစသည်တို့မှာ ဗုဒ္ဓပျိုးခင်း မဟုတ်၊ ငါးပါးအာရုံ ကာမဂုဏ် ပျိုးခင်းသာဖြစ်ချေ၏။ ထို့

ကြောင့် ယင်းဗုဒ္ဓ၊ ပျိုးခင်းငါးခင်းဘို့တွင် အဘယ်မျှလောက်သော ပျိုးခင်းကို ငါတို့ထောင်မိ(ဝါ)ကြဲမိကြပြီဟု သတိသမ္ပဇဉ် ဉာဏ်မှာယှဉ်၍ မမေ့သလျှော့ကြသေနှင့် ကု တိုက်ဘွန်းစကား ပြောကြားလိုက်ရပါတော့သတည်း။

(မောင်းရှိ) မြန်မာဂါထာ

အာဂန္တုကာ ဂမိကပေ၊
ခေါင်းပါးသူအား၊ လူကြွားမသွေး
သူနာပြုထူး၊ ကောက်ဦးဒါနေ၊
ပျိုးငါးခင်း၊ မယွင်းကြဲမိစေ။

## ပရိနိဗ္ဗုတကထာ ပဏ္ဏာနာနိဟိ

## သုတ်မဟာဝါ အဋ္ဌကထာလာ ပရိနိဗ္ဗာန်နှစ်မျိုး

(၁) ဈာန ဟူသည် ဈာန်သမာပတ် ဝင်စား၍ သမနန္တရပရိနိဗ္ဗာန် ဝင်စားသော ဈာန်သမာပတ်မှ ထ သည်၏ အခြားမဲ့၌ ဝိထိဟပါးမခြား ပဲ ပရိနိဗ္ဗာန် ဝင်စံခြင်းမျိုးကို ခေါ် သည်။

(၂) ပစ္စဝေက္ခဏာ သမန္တရပရိနိဗ္ဗာန် ဟူသည် ဈာန်သမာပတ်မှထ၍ ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ဈာနင်္ဂ ပစ္စဝေက္ခဏာ ဇော၏ အခြားမဲ့၌ ပရိနိဗ္ဗာန် ဝင်စံခြင်းမျိုးကို ခေါ်သည်။

[သံယုတ်မှာလည်း၊ ထို့အတူပင်]

[အထူးမှတ်ချက်] ဤပရိနိဗ္ဗာန် နှစ်မျိုးတို့တွင် ဘုရားရှင်တို့ သည်လည်းကောင်း၊ ရှင်သာရိ ပုတ္တရာ စသော ခီဏာသဝ ရဟန္တာတို့သည်လည်း ကောင်း ဈာနင်္ဂ ပစ္စဝေက္ခဏာ သမန္တ ရပရိနိဗ္ဗာန်ဖြင့် ဝင်စံကြကုန်၏ဟု မှတ်။

## အခြားကျမ်းလာ ပရိနိဗ္ဗာန်သုံးမျိုး

(၁) အာဟိညာ သမန္တရပရိနိဗ္ဗာန် ဟူသည် အကြင်ရဟန္တာ ပုဂ္ဂိုလ်များ သည် ပရိနိဗ္ဗာန် ဝင်စံခါနီးသော အခါ၌ အာဟာရဥ်တို့ကို ဝင်စား၍ အာဟိညာဥ်၏ အခြားမဲ့၌ ပရိနိဗ္ဗာန် ဝင်စံခြင်းမျိုးကို ခေါ်၏။

[ဥဒါန်းအဋ္ဌကထာ]

(၂) မဂ္ဂပစ္စဝေက္ခဏာ ဟူသည် ဇီဝိတသမသီသီရဟန္တာ သမန္တရ ပရိနိဗ္ဗာန် ပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကို ရပြီးသောအချိန်အခါ၌ မိမိ၏ အရဟတ္တမဂ်ကိုပင် အဖန်ဖန်

ခင်ခြင်သည်၏ အခြားမဲ့၌ ပရိနိဗ္ဗာန် ဝင်စံခြင်းမျိုးကိုပြ၏။

(အာရုံပြုပုံ) ထိုရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဇော စိတ်သည် မဂ္ဂင်စသည်တို့ကို အာရုံပြု၏။

[ပုဂ္ဂလပညတ် အဋ္ဌကထာ]

(၃) နာမရူပပါဒိ သမ္မသန ဟူသည် ချွန်းသမာပတ် မရ သမနန္တရပရိနိဗ္ဗာန် သေးသော သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်သည် ပြကတေ ထင်တိုင်းသော နာမ်ရုပ်ပညတ် တို့ကိုအာရုံပြု၍ သုံးသပ်သော ဝီထိ၏ အခြားမဲ့၌ ပရိနိဗ္ဗာန် ဝင်စံခြင်းမျိုးကို ပြ၏။

(အာရုံပြုပုံ) ထိုရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဇောတို့သည် ထင် တိုင်းသော နာမ်ရုပ် ပညတ်ကို အာရုံပြု၏။

[အဘိဓမ္မာဝတာရဋီကာ]

(အာရုံပြုပုံ) မြတ်စွာဘုရား၏ မရဏာသန္နဇောသည် (ဝါ) ပစ္စဝေက္ခဏာဇောသည် ဈာန်အင်္ဂါတို့ကို အာရုံပြု၏။

မြတ်စွာဘုရား၏ စုတိစိတ်တော်သည် ဘဝင်အဖြစ်ကတတ်ဟူ သော မဟာဝိပါက် ဖြစ်သောမနသာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တည်း။

ထိုစုတိစိတ်တော်ဖြင့် ပရိနိဗ္ဗာန်ပြု၏။

ထိုစုတိစိတ်တော်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့ တွင် ဂုသိတာနတ်ပြည်မှ ကြည့်ခြင်းငါးပါးဖြင့် ကြည့်၍ ယူခဲ့

သော ပဋိသန္ဓေစိတ်၏ ဂတိနိမိတ်ကိုသာလျှင် အာရုံပြု၏။ ပါဠိတော်၌လည်း ပြဆိုခဲ့ပြီ။

ထို့ကြောင့်… တို့စောထွက်လျှင်၊ မချုတ်နိဗ္ဗာန်၊ စံပင်သော ခါ၊ သစ္စာဒုက္ခ၊ တေတ္တသာ၊ ချွန်အင်္ဂါကို၊ ပစ္စဝေက္ခဏာ သဘော၊ လျှင်လျှင်ဗောမှု၊ တိလောအောင်ထွန်း၊ မစ္စုမာရ်ကို၊ လွန်ခဲ့ကျော်ဘိ၊ စုတိတော်စိတ်၊ အတိတ်နှင့်နှင့်၊ သုံးပါးတွင်မူ၊ ထင်ဒါတစ်၊ ဂတိနိမိတ်၊ တိဟိတ်သန္ဓေ၊ စွဲနေသောခါ၊ တုသိ တာမှ၊ ပစ္စာလောကန၊ ကြည့်ပြီးမှလျှင်၊ ဘဝပြောင်းလာ၊ ဤအကြောင်းရာကို ပညာရှိဘွေ၊ ကြံမိစေလော့၊

သန္ဓေဘဝင်၊ သုံးအင်စုတိ၊ တူဘိအာရုံ၊ ပြုတုံမချွတ်၊ ပရမတ်သည်၊ ဟောမှတ်ကန်သာတမို့ ဟု—

မပါကြွန်ဆရာတော် ဝင်ဆိုတော်မူ၏။

**မေး** ◈ သောတာပန်၊ သကဒါဂါမိပုဂ္ဂိုလ်တို့သည် သင်္ခါရတရားတို့၏ အမြဲမရှိသည်၏ အဖြစ်ကို သိမြင်ပြီးသော အရိယာပုဂ္ဂိုလ်များ ဖြစ်ပါလျက် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသောအခါ အဘယ့်ကြောင့် ငိုကြွေး မြည်တမ်းကြပါသနည်း။

**ဖြေ** ◈ သောတာပန် သကဒါဂါမိ ပုဂ္ဂိုလ်တို့အား ဒေါမနဿကို မပယ်ရသေးသောကြောင့် ငိုကြွေး မြည်တမ်း ကြပါသေးသည်။

တေသဥ္စ ဒေါမနဿံ အပ္ပဟိနံ၊ တသ္မာ တေပိ မာဟာ ပဂ္ဂယှ ကန္ဒိံသု။

[သုတ်မဟာဝါ၊ အဋ္ဌကထာ]

မဟာကဿပ ထေရဝတ္ထု ဝဏ္ဏနာနိတိ

မေး ❀ အရှင်မဟာ ကဿပသည် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံကြောင်းကို မသိ၍ပင် မေးသလော၊ သိလျက်ပင် မေးသလော၊ အကြောင်းစုံ ဖော်ပြပါ။

ဖြေ ❀ အရှင်မဟာကဿပသည် ညဉ့်၌လည်းကောင်း၊ နေ့၌ လည်းကောင်း၊ သမာပတ်ကိုသာ ဝင်စားခြင်းများ သည်၏အဖြစ်ကြောင့် မပြတ်လေ့လာနေရ၍ ဘုရား ရှင် ပရိနိဗ္ဗာန်ဝင်စံသည်ကို မသိပါ၊ ထိုသို့မသိသော ကြောင့် မေးပါသည်။

ထိုစကားကို အဋ္ဌကထာဆရာက ဟံဝစနံ၊ ထိုစကားကို။ နဂဟေ တဗ္ဗံ၊ မယူအပ်ဟု ပြပြန်၏။

ဘာ့ကြောင့် မယူရသလဲ ဆိုလျှင် ဘုရားရှင်၏ ပရိနိဗ္ဗာန် ဝင်စံခြင်းသည် အလွန်ပင်ထင်ရှားရကား တသောင်းသော လောကဓာတ်သည် သိမ့်သိမ့်တုန်အောင် လှုပ်ရှား၏။ အံ့ဩ ဖွယ်သော အတိတ်နိမိတ်တို့သည်လည်း ဖြစ်ကုန်၏။ ထို့ကြောင့် သိသည်သာတည်း။

ထိုသို့ မိမိသိပါသော်လည်း အထံတွင်ပါသော သံဃာ ပရိသတ်တို့တွင် အချို့ကလည်း ဘုရားရှင်ကို မြင်ဖူးကြကုန်၏။ အချို့က မမြင်ဖူးကြကုန်၊ ထိုရဟန်းတို့သည် ဖူးမြင်ခြင်းငှာ အလိုရှိကြကုန်သည်။

ကုသိနာရုံပြည်သို့ ရောက်၍မှ ဘုရားရှင်ကို မဖူးမြင်ခဲ့ရသော် ဆောက်တည်မရ၊ အချို့လူးလဲ၍ မိန်းမတို့ကဲ့သို့ ငိုကြွေးကြကုန်ရာသည်။

ထိုသို့ ငိုကြွေးသောအခါ ငါ၏ဗလနန္ဒသည် မဲ့လဘ္ဘ၊ ယခုတောတွင်းကပင် သိရသည်ဖြစ်မှုကား အကယ်၍ ငိုကြွေးငြားသော်သည်း အပြစ်ကို ဆိုအံ့သောသူ မရှိ၊ မိမိတို့အလျောက်သာ ဖြစ်သတည်း။

ရှေးဦးစွာ ကြားစ မြင်စဟူသည်လည်း စိုးရိမ်ခြင်း ပြင်းပြတတ်သည်ဟု နှလုံးပြု၍ မိမိနှင့်ပါသော ရဟန်းတို့အား သတ်ရစိမ့်သောငှာ ဘုရားရှင်ပရိနိဗ္ဗာန် ဝင်စံကြောင်းကို သိလျက်ပင် မေးတော်မူသည်ဟု မှတ်ကြလေ။

## ဓာတ်တော်အဆင်းနှင့် ပမာဏ

စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်း ကျစ်တော်တဆူ၊ ဤခုနစ်ဆူသော ဓာတ်တော်တို့သည် မပြိုမကွဲ တည်နေကြ၍ 'အသမ္ဘိန္နဓာတ်တော်'မည်ကုန်၏။

ကြွင်းသော ကိုယ်တော်မှ အကြီးပဲနောက်စေ့ခန့် ပမာဏ ရွှေအဆင်းရှိ၏၊ အလတ်ဓာတ်တော်သည် ဆန်ကျိုးခန့် ပမာဏ ပုလဲအဆင်းရှိ၏။ အငယ်ဆုံး ဓာတ်တော်သည် မုန်ညင်းစေ့ ခန့်ပမာဏ ချူးစေ့အဆင်းရှိ၍ ပြိုကွဲစိတ်ဖြာလျက် တည်နေ၍ သမ္ဘိန္နဓာတ်တော် မည်၏။

[မှတ်ချက်] ပြိုကွဲစိတ်ဖြာသည်ဟု ဆိုသော်လည်း ဘုရားရှင်၏ အဓိဋ္ဌာန်ချက်အတိုင်း ဓာတ်စိတ်အပွားမွှား ဖြစ်ပေါ်လာသည်ကို ဆိုသည်၊ ဓာတ်တော် ဖြစ်ပြီးသည့်နောက်မှ ထုချေ၍ ပြိုကွဲအပ်သည်ဟု မယူလင့်။

ထို့ကြောင့် အသမ္ဘိန္နဓာတ်တော်ဖြစ်စေ၊ သမ္ဘိန္နဓာတ်တော်ဖြစ်စေ အန္တရာယ်တခုခုကြောင့် မပြိုမကွဲဟု မှတ်သေး။

မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ သရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

# မဟာသုဒဿနသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

### စကြဝတေးမင်းကြီး၏ ရတနာခုနစ်ပါး

### အဓိပ္ပာယ်အကျယ်

(၁) စကြာရတနာ....ဟူသည် အကာန့်များစွာတပ်၍ စီရင်ထားသော လှည်းဘီးသဏ္ဌာန် ရှိ၏။ ပုံတောင်းသည်ကား ဣန္ဒနီလာ ပတ္တမြားအတိ ပြီး၏။

ထိုပုံတောင်း၏အလယ်၌ ငွေဖြင့် ပြီးသော ကျည် (ဝါ) အပေါက်-အဝရှိ၏။ အကြင်အပေါက်ဖြင့် ငင်ကြယ်သော မြေဖြစ်သည့် သွားအစဉ်ဖြင့် ရယ်မြူးသလို တင့်တယ်၏။

အလယ်၌ အပေါက်ရှိသော အဝန် ကဲ့သို့ တင့်တယ်၏၊ နှစ်ဘက်သော ပုံတောင်း၏ အပြင်အရပ်၌ ငွေပြားအရံပတ်လျက်ရှိ၏။ ငွေပြားအရံပတ်၌ အပိုင်းအခြားဖြစ်သော အရေးအသားတို့သည် ဖြင့်ကုန်၏။ တထောင်သော အကာန့်တို့သည် ခုနစ်ပါးသော ရတနာတို့ဖြင့် ပြီး၏။

နေရောင်ကဲ့သို့ အရောင်အဝါနှင့် ပြည့်စုံ၏၊ အကန့်တို့၌ရေ ပြည့်အိုး၊ ပုလဲ၊ ရွဲလုံး အရေးအသားတို့သည် ရှိကုန်၏။

အကွပ်ကား တက်သစ်သော နေလုလင်၏ နေရောင်ခြည် အပေါင်းတို့၏ တင့်တယ်ခြင်း အသရေကို ပြက်ရယ်မှုပြုဘိသ သကဲ့သို့ ကောင်းစွာ နီမြန်းသည့် စင်ကြယ်သော ပြေပြစ်သော သန္တာဖြင့်ပြီး၏။ ထိုအကွပ်၏ အကြား၌သည်း ဆာရောင်ဖြင့် တတ်သကဲ့သို့ တင့်တယ်စွာ အသရေသည် နိုသော ဇမ္ဗူရင် ရွှေစင်ဖြင့်ပြီး၏။

[ဤကား အကွပ်၏ ပြည့်စုံသော အဆင်း အရောင် တည်း။]

အကွပ်နား၌ ဆယ်ချောင်း ဆယ်ချောင်းသော အကန့်တို့၏ အကြား၌ မှုတ်အပ်သော နဲပြွေ ဝါးကဲ့သို့ အတွင်း၌ အခေါင်း ရှိသော အပေါက်ငယ် အပေါင်းတို့ဖြင့် စီအပ်သောလေကို ယူတတ်သော သန္တာရိုး သန္တာတိုင်တို့သည် ရှိကုန်၏။

လေခတ်သောကာလ သန္တာရိုးတို့၏ အသံသည် ကျွမ်းကျင် သော သူမှုတ်သော တူရိယာသံကဲ့သို့ သာယာစွာ မြည်၏။

သန္တာရိုး သန္တာတိုင်တို့၏ အထက်၌ ထီးဖြူရှိ၏။ ထိုထီးဖြူ၏ နံပါးနှစ်ဘက်တို့၌ နှစ်သွယ် နှစ်သွယ်သော ပန်းကုံးတို့သည် ဆွဲထားကုန်၏။

ပုံတောင်း ငွေကျည်ဝ၏ အတွင်း လှည်းဝင်း၌ နားပန်းတွန်း ထွက်ဘိသကဲ့သို့ နှစ်ခုသော ခြသေ့ခံတွင်းတို့သည် ရှိကုန်၏။

ထိုခြေသုံးခွတွင်းမှ ထန်းလုံးမျှလောက် ရှိသော နှစ်သွယ်သော ပုလဲဆိုင်တို့သည် ဆွဲထားကုန်၏။

ထိုပုလဲဆိုင်တို့သည် စကြာ ရတနာလည်သော အခါမှာ စကြာရတနာနှင့် အတူတကွ လည်ကုန်၏။

ပုံတောင်း၊ စကြာ ပုလဲဆိုင်တို့သည်လည်း တပြိုင်နက်လည်ကြကုန်၏။ ဤကား စကြာရတနာ၏ ပြည့်စုံသော အခြင်းအရာတည်း။

(၂) ဆင်ဖြူရတနာ....ဟူသည် အလုံးစုံစင်ကြယ်စွာသော ခုနစ်ပါးသောမြေသို့ထိခြင်းရှိသော ကောင်းကင်သို့ ပျံသွားနိုင်သော ဥပေါသထဆင်မင်းသည် ရောက်လာလေ၏။

စကြာရတနာ ရောက်ပြီးသော မင်းကြီးအား အမတ်တို့သည် ပကတိ မင်္ဂလာဆင်ဖြူတော်ထားရာ အရပ်ကို ရတနာခုနစ်ပါးအတိ ပြီးသော ဆန်းကြယ်သော နတ်ဗိမာန်ကဲ့သို့စီခြင်း၍ အရှင်မင်းကြီး၊ ဆင်ဖြူရတနာ ဆိုက်ရောက် လာခြင်းကို အောက်မေ့လော့ဟု လျှောက်၏။

မင်းကြီးလည်း အလှူပေး၍သီလဆောက်တည်ပြီး သကာလ ကုသိုလ်ကောင်းမှုကို အောက်မေ့လျက်နေ၏။

ထိုအခါ ဆဒ္ဒန်ဆင်မျိုးမှ လည်းကောင်း၊ ဥပေါသထဆင်မျိုးမှ လည်းကောင်း၊ တက်သစ်သောနေဝန်းကဲ့သို့ အလှန်နီ

သော ခြေလေးဘက်၊ လည်၊ မျက်နှာတို့ဖြင့် ဘန်းသောဆင်အပ်သော အထူးသဖြင့် ခင်ကြယ်စွာ ဖြူဖွေးသော ခြေသေးဘက် အမြီးတံစပ်၊ အင်္ဂါဇာတ်၊ နှာမောင်း ဟူသောခြေသို့ ထိခြင်း လက္ခဏာနှင့် ပြည့်စုံသော ပဒုမ္မာကြာနီနှင့် တူသော နှစ်သို့နှယ် မျက်စိ ရှိသော ကောင်းကင်သို့ပျံခြင်းငှာ စွမ်းနိုင်သော မြပ်းသိ လာမှုနှင့်ဖြင့် စွန်းသကဲ့သို့သော အစုံသော အစွယ်ရှိသော ငွေတောင်ထွတ်ကဲ့သို့ မြတ်သော ဆင်ရတနာသည် ကောင်းစွာ စီမံထားသော တန်ဆောင်း၌ တည်လာ၏။

ထိုဆင်သည် ဆဒ္ဒန်ဆင်မျိုးမှ လာသည်ရှိသော် အလုံးစုံသောဆင်အောက် ငယ်သောဆင်လာ၏။

ဥပေါသထ ဆင်မျိုးမှ လာသည်ရှိသော် အလုံးစုံသော ဆင်တို့ထက် ကြီးသောဆင်သည် လာ၏။

ပါဠိတော်၌ကား ဥပေါသထ ဆင်မင်းဟု လာ၏။ ဤ အဋ္ဌကထာ၌ကား ဆဒ္ဒန် ဆင်မင်းသည် တစုံတယောက်သော သူတို့၏ သုံးစွဲခြင်းငှာ မထိုက်သောကြောင့် အငယ်ဟု လာ၏။

[ဤကား ဆင်ရတနာ၏ပြည့်စုံသောအခြင်းအရာတည်း။

[မှတ်ချက်] ထင်ရှားသော ထိုဆင်ဖြူရတနာကို ဆင်ထိန်းတော်တို့က အလွန်နှစ်သက် ရွှင်လန်းဝမ်းမြောက်ကုန်သည်ဖြစ်၍ မင်းကြီးအား လျှင်မြန်စွာသွားပြီး ပြောကြားကြလေ၏။

မင်းကြီးကလဲ အဆောကလျင် လာရောက်၍ ဆင်ဖြူ ရတနာကိုမြင်ရ၍ အလွန်ကြည်လင်သောစိတ်သည် ဖြစ်၍ မင်းခစား ယောကျ်ားတို့ထက် ဆင်ဖြူရတနာသည် အလွန် ကောင်းလေစွတကား၊ ဆုံးမအပ်ပြီးသော အဖြစ်သို့ (ဝါ) ယဉ်ကျေးခြင်းသို့များ အကယ်ရောက်ရော့သလား မသိ။

ထိုဆင်ဖြူရတနာသည် အိမ်၌အမြဲမွေးမြူထားသော နွားမမွှေးဖွားမြင်သော ကြီးပြင်းလာသည့် နွားသူငယ်ကလေး ကဲ့သို့ နှားနှစ်ဘက်ချလျက် တင့်တယ်သောအမူ၌ မွေ့လျော်စွာ ယဉ်ကျေးလျက် ရဲရင့်သောအဖြစ်ကို ပြလျက် မင်းကြီးသို့ ချဉ်းကပ်လျက်နေ၏။

မင်းကြီးက ထိုဆင်ဖြူရတနာကို စီးလိုတဲ့အခါ မင်းခစားယောကျ်ားတို့က ရွှေတံခွန်၊ ရွှေတန်ဆာ၊ ရွှေကွန်ရက် ဖုံးလွှမ်းထားသည်ကိုပြု၍ မင်းကြီး၏အနီးသို့ ပို့ဆောင်ကြလေ၏။

မင်းကြီးက ထိုဆင်ဖြူရတနာကို မြေသို့မဝပ်ခိုင်းပဲ ရတနာခုနစ်ပါး အတိပြီးသော လှေကားဖြင့်တက်၍ ကောင်းကင်သို့ တက်ခြင်းငှာ စိတ်ညွတ်လေ၏။

ထိုဆင်ဖြူ ရတနာသည် ခြေသော့မင်းသည် ဣန္ဒနီလာမြကျောက်ရတနာ အရောင်ရှိသော ကွန်ရက်ကို ခုန်လွှားဘိသကဲ့သို့ တိမ်ညိုသန်းနေသော ကောင်းကင်ပြင်ကို ခုန်လွှားသွား၏ဟု မှတ်။

## သတ္တပတိဋ္ဌော၌ ဋီကာအရ သတ္တသရုပ်
(မြေသို့ထိခြင်း အင်္ဂါခုနစ်ပါးတူလို)

အမြီးတံစပ် နှာမောင်း၊

အင်္ဂါဇာတ်၊ အစခြေလေးချောင်းအားဖြင့် ခုနစ်ပါး တည်း။

(သာဓက) သတ္တပတိဋ္ဌောတိ ဘူမိဖုသနကေဟိ ဝါလဓိဝရင်္ဂ ဟတ္ထေဟိ ဝုရမဟိ စ ဟိ စတူဟိ ပါဒေဟိစာတိ သတ္တဟိ အဝယဝေဟိ။

[သုတ်မဟာဝါဋီကာ ဒုတိယနှာ ၁၀၀]

(၃) မြင်းရတနာ....ဟူသည် ဆင်ရတနာ ရှိပြီးသော မင်းကြီးအား အမတ်တို့က မင်္ဂလာရှိသော မြင်းရတနာ၏ နေရာကို စင်ကြယ်စွာစီမံကြ၍ ကန်ဆာ ဆင်ပြီးသော မြင်းရတနာ ဆိုက်ရောက်လာကြောင်းကို အောက်မေ့လော့ဟု လျှောက်လေ၏။

မင်းကြီးလည်း အလှူပေးခြင်း၊ မြတ်နိုးပူဇော်ခြင်း၊ သီလ ဆောက်တည်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုလျက် အောက်မေ့ နေလေ၏။

ထိုအခါ စကြာမင်း၏ တန်ခိုးအာနုဘော် ရှိသည်ဖြစ်၍ သိန္ဓော အာဇာနည်မြင်းမျိုးမှ လျှပ်စစ်နွယ်ဖြင့် မွေးယှက် ထားသော တန်ဆောင်မုန်းလအခါ၌ ဝိုမ်ဖြူနှင့် တူသော

အသားမရှိသော၊ နီသောခြေ၊ နီသောနှုတ်သီးရှိသော၊ လရောင်အဆင်းနှင့်တူသော စင်ကြယ်သိမ်မွေ့သော၊ တခဲနက်သော ကိုယ်လုံးဖြူသောကျီးတို့၏ လည်ပင်းကဲ့သို့လည်းကောင်း၊ ရွှေနီလာကျောက်မြက် ပတ္တမြားကဲ့သို့လည်းကောင်း၊ မည်းနက်သောဦးခေါင်းရှိသော ဖြူဆံမြက်နှင့်တူသော လည်ဆံရှိသော စလာဟက မည်သော မြင်းရတနာသည် ရောက်လာ၍ ကောင်းစွာစီးပံ့ဟားသော ရတနာတန်ဆောင်းနှ် တည်လာ၏။

ကြွင်းသော အဓိပ္ပာယ်စကားရပ်များသည် ဆင်ဖြူရတနာနှင့် အားလုံးတူ၏ဟုမှတ်။

[(ဤကား၊ မြင်းရတနာ၏ ပြည့်စုံသော အခြင်းအရာတည်း။)]

(၄) ပြဇကျောက်ရတနာ...ဟူသည် တနှစ်မြောက်သော ဝါးညိုအဆင်းနှင့် တူသော ဝေဠုရိယ ပေါ်သော မြဇာတ် အစင်ဖြစ်၏။ အလျားလေးတောင်၊ လုံးပတ် လှည်းပုံတောင်းခန့်ရှိ၏။

နှစ်ဘက်မသောအထက်အောက် ဘီစွန်းတို့၌ အလယ်အချက်မှ ယှက်သော ပုလဲဆိုင် နှစ်ပွင့် ရှိသော ပဒုမ္မာကြာတို့ဖြင့် တန်ဆာဆင်အပ်သော ပတ္တမြား ရတနာသည်(ဝါ)-မျက်မြတ်ရတနာသည် ရှင်သောင်းလေးထောင်သော ပတ္တမြားတို့ဖြင့် ခြံရံလျက် ကြယ်အပေါင်းတို့ဖြင့် ခြံရံသော လပြည့်ဝန်း၏ အသရေကို လွှမ်းဘိသကဲ့သို့ ဝေပုလ္လတောင်မှ ပတ္တမြားရတနာသည် လာလတ်၏။

ထိုပတ္တမြားရတနာကို ပုလဲကွန်ရက်ဖြင့်ထား၍ ဝါး အဆက်ဆက်ဖြင့် အတောင်ခြောက်ဆယ်မျှလောက်သောအရပ်သို့ တင်ထားပါက ညဉ့်အခါ၌ ထက်ဝန်းကျင် တယူဇနာရှိသောအရပ်ကို အရောင်သည် ပျံ့နှံ့၏။

လူများအပေါင်းသည် တယူဇနာရှိသောအရပ်သည် အရုဏ်တက်အောအခါကဲ့သို့ လင်းရကုန်၏။

ရင်းပတ္တမြားရတနာကိုပင် မြရတနာဟု ခေါ်ကြ၏။

[ ဤကားပတ္တမြားရတနာ၏ပြည့်စုံသောအခြင်းအရာတည်း ]

(၅) မိဖုရားရတနာ....ဟူသည် အလွန်အဆင်းလှပခြင်း၊ ရှုချင်စဖွယ် လွန်တင့်တယ်ခြင်း၊ လွန်မြတ်သောအဆင်း၏ ကောင်းခြင်းနှင့်လည်း ပြည့်စုံခြင်း၊ မြင့်ခြင်း နိမ့်ခြင်း၊ ကြုံခြင်း, ဆူခြင်း, မည်းလွန်းခြင်း, ဖြူလွန်ခြင်း ဟူသော ခြောက်ပြစ်ကင်း၏။ လူတို့၏အဆင်းကိုလွန်၍နတ်တို့၏အဆင်းသို့လည်း မရောက်ဘတ်ပဲ ရှိ၏။

ကိုယ်အတွေ့ကား ချမ်းသောအခါ၌ပူ၏။ ပူသောကာလ၌ချမ်းအေး၏။ ကိုယ်မှ စန္ဒကူးနံ့ လှိုင်၏။ ခံတွင်း၌အနံ့ကား ကြာညိုပွင့်အနံ့ လှိုင်၏ ကိုယ်၏အရောင်အဆင်းသည် ဘဆယ့်နှစ်တောင်ရှိသောအရပ်ကို ထွန်းလင်းနိုင်၏။

ထိုမိဖုရားရတနာသည် မဒ္ဒတိုင်း၌ဖြစ်သောမင်းမျိုးမှ မိဖုရား ကို ဆောင်နှင်းကြကုန်၏။ ဥတ္တရ ကုရု ကျွန်းမှသော်လည်း ဘုန်းတန်ခိုးအာနုဘော်ကြောင့် ရောက်လာ၏။

[ဤကား မိဖုရားရတနာ၏ ပြည့်စုံသောအခြင်းအရာတည်း။]

(၆) သူကြွယ်ရတနာ ဟူသည်—မြေကြီးအတွင်း တယူဇနာ တိုင် အောင် မိမိမျက်စိဖြင့် ပိုင်ရှင်ရှိမြှုပ်နှံထား သောဥစ္စာ၊ ပိုင်ရှင်မဲ့မြှုပ်နှံထားသော ဥစ္စာတို့ကို မြင်စွမ်း နိုင် ၏။ စကြာမင်းသည် စုံစမ်း လိုသောကြောင့် လှေ စီးလျက် ဂင်္ဂါမြစ်၏ အလယ်သို့သွား၍ ငါသည် ရွှေငွေ ရတနာတို့ကို အလိုရှိ၏ဟုဆိုလျှင် လက်နှစ်ဘက်တို့ဖြင့် ရေကိုသုံးသပ်၍အသ ပြာ ရွှေငွေရတနာတို့ဖြင့် ပြည့်သောအိုးတို့ကို ထုတ်ပေးနိုင်၏။ ပြုကပေါ့လျှင် စည်းစိမ်ဥစ္စာရတနာတွေပေါများ၏။ ဤကား သူကြွယ်ရတနာ၏ ပြည့်စုံသော အခြင်းအရာတည်း။

(၇) သားကြီးရတနာ ဟူသည် စစ်သူကြီးဖြစ်သောသားကြီး ရတနာတည်း၊ ကမ္ဘာကာတော ဉာဏ် ဟူသော ပညာရှိ၏၊ များသော အကြားအမြင်ရှိ၍ လိမ္မာ၏၊ အဆင်အခြင်နှင့်လည်း ပြည့်စုံ၏။ တပါးသောသူတို့၏ အကြံ အစည်ကို သိစွမ်း နိုင်၏။ တဆယ့်နှစ် ယူဇနာရှိသော မင်း၏ ပရိသတ်၌ စိတ်၏အကြံအစည်ကိုသိ၍ ချီးမြှောက် ထိုက်သော သူကို ချီးမြှောက်၏။ ရှုတ်ချ ထိုက်သောသူကို ရှုတ်ချ၏။ ဤ ကား သားကြီးရတနာ၏ ပြည့်စုံသော အခြင်း အရာတည်း။

(အမှာ) ဤရတနာ ခုနစ်ပါးနှင့် ပတ်သက်၍ အဓိပ္ပာယ်များကို ထိုထိုပါဠိအဋ္ဌကထာတို့၌ အကျယ်တဝင့် ဖော်ပြထားပါသည်။ ဤ၌ သိသာထင်ရှားရုံမျှ ဖော်ပြလိုက်ပါ၏။

## စကြာမင်းမရှိသော် စကြာရတနာကွယ်ပုံ

စကြာမင်းမရှိသောကာလမှာ စကြာရတနာ ကွယ်ပျောက်သည်ဆိုသည်ကား သမုဒ္ဒရာသို့ ပျံသွားသည်ကို မဆို၊ ဆီမီးတောက်များ ပျောက်လေသကဲ့သို့ ပျောက်ကွယ် သွားခြင်းမျိုးကို ဆို၏။

စကြဝတေးမင်း၏ အာနုဘော်မည်သည်ကား ရဟန်းပြုသောမင်းအား ခုနစ်ရက်မြောက်သောနေ့၌ ကွယ်လေ၏။

မဟာသုဒဿန မင်းကြီးမှာကား ကွယ်လွန်ပြီးသည့်နောက် ခုနစ်ရက်မြောက်သောနေ့၌ ခုနစ်ထပ်သောရတနာတံတိုင်း၊ ရှစ်သောင်းလေးထောင်သော ရေကန်၊ မွေပြာသာဒ်၊ ဓမ္မရေကန်၊ စကြာရတနာတို့သည်လည်းကောင်း၊ အလုံးစုံ အဆောက်အအုံပေါင်းတို့သည်လည်းကောင်း ကွယ်လေကုန်၏။

ဆင်ဖြူရတနာစသည်တို့တွင် ကုန်ပြီးသော အသက်ရှိသော သတ္တဝါတို့သည် စကြာမင်းနှင့်တကွ စုတေကုန်၏။

အသက်ကြွင်းရှိသော ဆင်ဖြူရတနာ မြင်းရတနာတို့သည် မိမိတို့အမျိုးသို့ အသီးသီးကပ်ကြလေကုန်၏။ ပတ္တမြားရတနာသည် ဝေပုလ္လတောင်သို့ သွား၏။

မိဖုရားရတနာသည် တန်ခိုးအာနုဘော်ဖြင့် ကွယ်လေ၏။ သူကြွယ်၏မျက်စိသည် ပြကတေ့သာ ဖြစ်လေ၏။ သားကြီးရတနာ၏ ဉာဏ်ပညာသည်ကား ပြကတေ့သာ ဖြစ်လေ၏။

ဤသုတ်တွင် လာသော အလူ၏ အကျိုးများ၊ တိုင်းပြည်ပေါင်း ရှစ်သောင်းလေးထောင် ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင် တို့သည်ကား ကျောင်းသခ်မ်း တန်ဆောင်း၏ အကျိုးဆက်အားဖြင့် ဖြစ်ကုန်၏။

ရှစ်သောင်းလေးထောင်သော ပလ္လင်တို့ကား ကျိန်းစက်ရာ ညောင်စောင်းတို့၏ အကျိုးဆက်အားဖြင့် ဖြစ်ကုန်၏။

ဆင်၊ မြင်း၊ ရထားပေါင်း ရှစ်သောင်းလေးထောင်စီတို့ကား နေရာအင်းပျဉ်လှူသော အကျိုးဆက်အားဖြင့်ဖြစ်ကုန်၏။

ရှစ်သောင်း လေးထောင်သော ပတ္တမြား ရတနာတို့ကား ဆီမီးတခွက်၏ အကျိုးဆက်အားဖြင့် ဖြစ်ကုန်၏။

မောင်းမ့ သားတော် သဌေးသူကြွယ်ပေါင်း ရှစ်သောင်းလေးထောင်စီတို့ကား သုံးစွဲစရာ သပိတ်၊ ခွက်၊ မေကရိုဏ်၊ ရေစစ်၊ ဓားမောက်၊ ဓားငယ်၊ လက်သည်းညှပ်၊ သော့သံကောက်၊ နားဖာချိတ်၊ ခြေပွတ်၊ ခြေနင်း၊ ထီး၊ ဖိနပ်၊ အပ်၊ ယပ်၊ တောင်ဝှေး၊ သပိတ်ခြေ၊ သပိတ်ဖုံး၊ ခါးပန်းကြိုး၊ အင်းပျဉ်၊ နယ်ဆီးဆီ၊ ယောပတ်၊ နို့ ဓမ်း၊ ပျား၊ တင်လဲ အလှူတို့၏ အကျိုးဆက်အားဖြင့် ဖြစ်ကုန်၏။

နို့ညှစ်နွားမပေါင်း ရှစ်သောင်းလေးထောင်တို့သည်ကား နွားနို့အရသာအလှူ၏ အကျိုးဆက်အားဖြင့် ဖြစ်ကုန်၏။

ပုဆိုးပေါင်း ရှစ်သောင်းလေးထောင်တို့ကား ဝတ်ရုံစရာ သက်နှုံးစုံ၏ အကျိုးဆက်အားဖြင့် ဖြစ်ကုန်၏။

စားတော်ချက်အိုးပေါင်း ရှစ်သောင်းလေးထောင်တို့ကား ဆွမ်းဝတ်လှူသော အကျိုးဆက်အားဖြင့် ဖြစ်ကုန်၏။

ရေကန်ပေါင်း ရှစ်သောင်းလေးထောင်တို့ကား တခုသော ရေကန်၏အကျိုးဆက်အားဖြင့် ဖြစ်ကုန်၏။ ရတနာတံတိုင်း ခုနစ်ထပ်၊ နန်းတော်ပြာသာဒ်ကိုရံသော ပွတ်တိုင်သို့ကား ကျောင်းသင်္ကန်းကိုရံသောစောင်ရန်း၏ အကျိုးဆက်အားဖြင့် ဖြစ်ကုန်၏။ ရတနာထန်းပင်စဉ်၊ ရတနာရေကန်ကိုရံသော ရတနာပွတ်တိုင်တို့ကား ရတနာရေကန်ရံသော ဆူးစောင်ရန်း အလို့ငှာ ထန်းပင်စဉ်တို့ကိုစိုက်သောအကျိုးဆက်အားဖြင့် ဖြစ်ကုန်၏။

တခြားသော အဋ္ဌကထာကျမ်းများ၌လည်း ဒါနသို့ သံသ အကျိုးတရားကို ပြသည်ကား များစွာပင် ရှိသေး၏။

ဒါကြောင့် သင်္ဂါယနာတင် ရဟန္တာ အရှင်မြတ် တို့က ညောင်စေ့လောက်လှူက ညောင်ပင်ကြီးလောက် အကျိုးခံစားနိုင်ကြောင်းကို ဆိုလတ္တံ့သော ဂါထာဖြင့် မိန့်တော်မူခဲ့ကြ၏။

ဝံ နာတိ မဟန္တမ္ပိ၊
ပုညံ အာယတနေ ကတံ၊
မဟာဝိပါကံ ဟောတိ ဟိ၊
ကာတဗ္ဗံ တံ ဝိဘာဝိနာ။

[သုတ်မဟာဝါ အဋ္ဌကထာ]

(ဂါထာအနက်) ဝေါ၊ ဤသို့၊ အာယ ဘနေ၊ ကောင်းမှုတည်ရာဖြစ်ကြွေး သီလဝန်သံဃာတော် ထေရ်မှန်မြတ်များ၌၊ ကတာ၊ ဒက္ခိဏေယျဂုဏ် အလုံးစုံကို အာရုံကြည်ဖြူ ပေးလှူအပ်သော။ ပုညံ၊ ကုသိုလ်ကောင်းမှု အစုစုသည်။ နာတိမဟာနွှမ်၊ မကြီးမကျယ် အနည်းငယ် ညောင်စေ့သဖွယ်ဖြစ်ငြားသော်လည်း။ မဟာဝိပါကံ၊ ကြီးကျယ်ပွားစီး ညောင်ပင်ကြီးမျှ အကျိုးဖလကို ရနိုင်သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။

ဤတိကသွာ၊ ထိုသို့ညောင်စေ့လောက်မျှ လှူဒါန်းကြလျှင် ညောင်ပင်ကြီး ပမာဏ အကျိုး ရသောကြောင့်။ ဝိဘာဝိနာ၊ သဒ္ဓါရှေ့သွား ကြီးမားပညာ ကောင်းစွာမြင်သိ ပညာရှိသည်။ တံပုညံ၊ ချစ်ရာဆည်ဆိုက် မပြတ်သိုက်သော အနာဂါမိမှန် ထိုကောင်းမှုကံကို။ ကာတဗ္ဗံ၊ နောက်ဘုန်းဆုကံ အားပေါ်ထုတ်၍ လျင်မြန်စွာ ပြုလုပ်လှူဒါန်း အပ်လေတော့သတည်း။

မဟာသုဒဿနသုတ် အဋ္ဌကထာ

သရုပ်နှင့်အဓိပ္ပာယ်

ပြီးပါပြီ။

# ဇနဝသဘသုတ် အဋ္ဌကထာ
# သရုပ်နှင့် အာဓိပ္ပာယ်

## ဇနဝသဘခေါ်ဆိုပုံ

နတ်သားသည် မြတ်စွာဘုရား၏ တရားစကားကို ကြားနာရ၍ တသိန်း တသောင်းသော လူအပေါင်းတို့၏ အကြီးအကဲ ဖြစ်၍ သောတာပန်ဖြစ်၏။ ထို့ကြောင့် ထိုနတ်သားကို ဇနဝသဘဟု ခေါ်ဆိုလေသည်။

[အမှာ] ဤမေခေါ် မေ ဘဒန္တဒွေပဗ္ဗယာ၌ ဒွေသရုပ်ကို ပါဠိတော်၌ ဖော်ပြခဲ့ပြီ။

မေး။ သုဓမ္မာနတ်သဘင်ဝယ် တာဝတိံသာ နတ်တို့သည် အဘယ့်ကြောင့် အညီအညွတ် စည်းဝေး ကြရပါသနည်းဟူမူ....

ဖြေ။ ထိုတာဝတိံသာ နတ်တို့သည် ဝါကပ်သောရဟန်း၊ ပဝါရဏာပြုသောရဟန်း၊ တရားနာသွားသောရဟန်း တို့ကို ချီးမြှင့်ခြင်းငှာ လည်းကောင်း၊ (ဝါ) မိမိတို့ တရားတော်ကို နာကြားခြင်းငှာ လည်းကောင်း ပင် လယ်ကသစ်ပင်၏အနီး၌ ကစားခြင်း၊ နတ်သဘင်

ခံစား ခြင်းငှာ လည်းကောင်း၊ ကြ လေးပါး သော အကြောင်းတို့ကြောင့် စည်းဝေးကြပါသည်။

## နတ်တို့၏ကိုယ်ရောင် အပြောင်ပြောင်

အလုံးစုံသော နတ်တို့၏ အဝတ် တန်ဆာ၊ ဗိမာန် နေရာ ကိုယ်ခန္ဓာတို့၏ အရောင်သည် တဆယ့်နှစ်ယူဇနာတိုင်တိုင် ပျံ့နှံ့နိုင်၏။

ဘုန်းတန်ခိုးကြီးမားသော နတ်တို့၏ ကိုယ်ရောင်သည်ကား ယူဇနာတရာ ပျံ့နှံ့နိုင်၏။

မေး ❁ နတ်တို့နတ်ချင်း၊ ဗြဟ္မာမင်း၊ ထင်သင်း မြင်ကောင်း လေသတည်း။

ဖြေ ❁ နတ်တို့နတ်ချင်း၊ ဗြဟ္မာမင်း ဖန်ဆင်းမြင်ကောင်း၊လေ သတည်း။

ရှင်းလင်းချက် — ဗြဟ္မာမင်းတို့၏ ပြဘာသော အဆင်းကို အောက်နတ်တသင်းတို့ ထင်သင်းအောင် မမြင် နိုင်ကြပါ။

သနင်္ကုမာရ မည်သင်း ဗြဟ္မာမင်းတို့သည် ပဉ္စသိခ နတ်သား အသွင်အားဖြင့် ဖန်ဆင်း၍ ပြမှ သာလျှင် ရုန့်ရင်းသော အတ္တဘောကို နတ်အသင်းတို့ မြင်နိုင်၏ဟုမှတ်။

နတ်တို့အချင်းချင်း မြင်နိုင်ပါသလော ဟူမူ—

နတ်တို့အချင်းချင်းမှာ အောက်အောက်ဖြစ်သော နတ်တို့သည် အထက်အထက်ဖြစ်သော နတ်တို့၏ အတ္တကိုယ်ရောင်ကို မမြင်နိုင်ကြပါ။

ရှန်ရှင်းသော ကိုယ်ရောင်ကိုပြု၍ ဖန်ဆင်းခြင်း အမှု ပြုမှသာလျှင် မြင်နိုင်၏ဟုမှတ်။

ဣဒ္ဓိပါဒ်လေးပါး အစိပ္ပါယ်

ဣဒ္ဓိ-ဆိုသည်ကား ပြည့်စုံခြင်း၏ အကြောင်း ဖြစ်သော ဣဒ္ဓိ ဝိဓ အဘိညာဉ်ကို မှတ်ယူအပ်၏။

ဣဇ္ဈတိတိဣဒ္ဓိ၊ တနည်း-ဣဇ္ဈတိ ဇနေ်ဋ္ဌာနာဒိကံ ဧတာယာတိ ဣဒ္ဓိ ဟု ဝိဂ္ဂဟပြုလေ။

ဧတာယ၊ ဤဣဒ္ဓိဝိဓ အဘိညာဉ်ပညာဖြင့်။ အဓိဋ္ဌာနာဒိကံ ဆောက်တည်အပ်သော နိမ္မိတရုပ်စသည်ကို။ ဣဇ္ဈတိ၊ ပြည့်စုံတတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။ ဣဒ္ဓိ၊ ဣဒ္ဓိမည်၏။

ပါဒ-ဆိုသည်ကား ထိုပြည့်စုံကြောင်း အဘိညာဉ် ပညာ၏ ဖြစ်ကြောင်းဟု ဆိုအပ်သော လေးဆယ့်နှစ်ပါးသော စိတ်၌ ယှဉ်သော ဆန္ဒ,ဝီရိယစသော တရားဟု မှတ်ယူအပ်၏။

ပဇ္ဇတေ ပါပုဏီယတေ အနေနာတိ ပါဒေါ ဟု ဝိဂ္ဂဟပြုလေ။

အနေန၊ ဤဆန္ဒစသောတရားဖြင့်။ ပဇ္ဇတေ ပါပုဏီယတေ၊ ရောက်အပ်၏။ ဣတိတသ္မာထို့ကြောင့် ။ပါဒေါ၊ ပါဒ မည်၏။

ဣဒ္ဓိယာ ပါဒေါ ဣဒ္ဓိပါဒေါ ဟု အပေါင်း ဝိဂ္ဂဟပြုလေ။ ဣဒ္ဓိယာ၊ ထိုပြည့်စုံကြောင်း အဘိညာဉ်ပညာ၏။ ပါဒေါ၊ အခြေခံမူလတည်း။ ဣဒ္ဓိပါဒေါ၊ ပြည့်စုံကြောင်း အဘိညာဉ်ပညာ၏ အခြေခံမူလ။

ဣဒ္ဓိဝိဓ အဘိညာဉ်၏ ပြည့်စုံကြောင်း ဆန္ဒစသော တရားအပေါင်းကို ကောက်ယူလေ။

မေး ။ ဣဒ္ဓိပါဒနှင့် ဣဒ္ဓိအရတို့ကို ဥပစာအရ အစွမ်းအားဖြင့် လည်းကောင်း၊ ဝိပဿနာ အစွမ်း အားဖြင့် လည်းကောင်း အသီးသီး ဝေဖန်ပြခဲ့ပါ။

ဖြေ ။ ဥပစာရ အစွမ်းအားဖြင့်

| ဣဒ္ဓိပါဒ.... | | ဣဒ္ဓိ |
|---|---|---|
| ပဌမဈာန | ပရိကမ်.... | ပဌမဈာန်၊ |
| ဒုတိယဈာန | ။ | ဒုတိယဈာန်၊ |
| တတိယဈာန | ။ | တတိယဈာန်၊ |
| စတုတ္ထဈာန။ | ။ | စတုတ္ထဈာန်၊ |
| ပဉ္စမဈာန | ။ | ပဉ္စမဈာန်၊ |
| အာကာသာနဉ္စာယတနပရိကမ်- | | အာကာ(ပ)ယတနဈာန်၊ |
| ဝိညာဏဉ္စာယတန | ။ | ဝိညာ(ပ)ယတနဈာန်၊ |
| အာကိဉ္စညာယတန | ။ | အာကိဉ္စညာယတနဈာန်၊ |
| နေဝသညာ(လ)ဘန | ။ | နေဝသညာ(ပ)ယတနဈာန်၊ |

## ဝိပဿနာအစွမ်းအားဖြင့်

| ဣဒ္ဓိပါဒ.... | ဣဒ္ဓိ.... |
|---|---|
| သောတာပတ္တိမဂ္ဂ ဝိပဿနာ | သောတာပတ္တိမဂ်၊ |
| သကဒါဂါမိမဂ္ဂ ။ | သကဒါဂါမိမဂ်၊ |
| အနာဂါမိမဂ္ဂ ။ | အနာဂါမိမဂ်၊ |
| အရဟတ္တမဂ္ဂ ။ | အရဟတ္တမဂ်။ |

အမှာ - ပဋိလာဘအားဖြင့် ဆိုပါက ပထမ ရှာန်သည် ဣဒ္ဓိပါဒ၊ ဒုတိယရှာန်သည် ဣဒ္ဓိ၊ ဤသို့စသည့် အစဉ်ဖြင့် သိပါလေ။

သောတာပတ္တိမဂ်သည် ဣဒ္ဓိပါဒ၊ သကဒါဂါမိမဂ်သည် ဣဒ္ဓိ၊ ဤသို့ စသည်အစဉ်ဖြင့် သိပါလေ။

**မေး ၁** ဣဒ္ဓိနှင့် ဣဒ္ဓိပါဒ ထူးခြားပုံကိုဖော်ပြပါ။

**ဖြေ ၁** သမထ ဝိပဿနာ နှစ်ပါးဘို၏(ဝါ)ရှာန် မဂ်ဖိုလ် တရား၏ ပုဗ္ဗဘာဂသည် ဣဒ္ဓိပါဒမည်၏။

သမထ ဝိပဿနာတို့ကြောင့် ရအပ်သော ရှာန်မဂ်ဖိုလ် တရားများသည် ဣဒ္ဓိမည်၏၊ ဤသို့ ထူးပါသည်။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ)

**မေး ၂** ဤသာသနာတော်မှာ မည်သည့်မထေရ်သည် ဣဒ္ဓိပါဒ်လေးပါးတို့တွင် မည်သည့် ဣဒ္ဓိပါဒ်ကို အကြီးအမှူးပြု၍ မဂ်ဖိုလ်ကို ရခဲ့ပါသနည်း။

ဖြေ။ အရှင်ရဋ္ဌပါလ မထေရ်သည် ဆန္ဒိဒ္ဓိပါဒ်ကို အကြီး အမှူးပြု၍ မဂ်ဖိုလ်ကို ရစေပါသည်။

အရှင်သောဏမထေရ်သည် ဝီရိယိဒ္ဓိပါဒ်ကို အကြီးအမှူး ပြု၍ မဂ်ဖိုလ်ကို ရစေပါသည်။

အရှင်သမ္ဘူတမထေရ်သည် စိတ္တိဒ္ဓိပါဒ်ကို အကြီးအမှူး ပြု၍ မဂ်ဖိုလ်ကို ရစေပါသည်။

အရှင် မောဃရာဇ မထေရ်သည် ဝီမံသိဒ္ဓိပါဒ်ကို အကြီး အမှူးပြု၍ မဂ်ဖိုလ်ကို ရစေပါသည်။

[ဆောင်ရန်] မြန်မာဂါထာ

ရဋ္ဌပါလ၊ ဆန္ဒမှန်စွာ၊
သောဏထေရ်သိ၊ ဝီရိယာဖြာ၊
သမ္ဘူတဟု၊ ယူမှုစိတ္တာ၊
ထေရ်မောဃ၊ မှတ်ကြ ဝီမံသာ။

ပရိက္ခာရ (အခြံအရံ) သုံးပါး

(၁) အလင်္ကာရပရိက္ခာရ...ဟူသည် သီလတည်းဟူသော [illegible] သောတာန်ဆာ၊ ဈာန်တည်း ဟူသော ပင်ရိုး၊ ဝီရိယတည်း ဟူသော လှည်းဘီး၊ အရိယမဂ် တည်းဟူသော နွားသည် တန်ဆာဖြင့် ခြံရံ ထားခြင်းမျိုး မည်၏။

(၂) ပရိဝါရပရိက္ခာရ....ဟူသည် ခုနစ်ပါး ကုန်သော မြို့၏ အခြံအရံတို့ဖြင့် ကောင်းမွန်စွာ ခြံရံထားခြင်းမျိုးမည်၏။

(၃) သမ္ဘာရပရိက္ခာရ....ဟူသည် သူနာတို့၏နှစ်သိုဝမ်းမြောက်ခြင်းကို ပြုတတ်သောအသက်၏ အရံအတား အဆောက်အဦ ဖြစ်သော ဆေးတည်း ဟူသော အခြံအရံမျိုးမည်၏။

သတ္တသမာဓိ ပရိက္ခာရာ၌ ပရိဝါရပရိက္ခာရကို အလိုရှိအပ်၏ဟူ၍တည်း။

ဇနဝသဘသုတ် အဋ္ဌကထာ သရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

# မဟာဂေါဝိန္ဒသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

[အမှာ] ဤ မဟာ ဂေါဝိန္ဒသုတ်အဋ္ဌကထာလာ သုဓမ္မာ သဘင်ဆင်ယင်ကျင်းပပုံများနှင့် သုဓမ္မာသဘင်၏အတိုင်းအထွာ အခြင်းအရာ များကို ဖော်ပြခဲ့ပေပြီ။

### မာသဿ အဋ္ဌဥပေါသထေ ကရောတိ၌
### ဥပုသ်ရှစ်ရက် ရေတွက်ပုံ

ဥပေါသထအရ ဥပုသ်ဟူသည်မှာ ထိုနေ့၌ သူတော်ကောင်း သူတော်မြတ်တို့သည် သီလသို့ ကပ်၍နေသော အားဖြင့် ကျင့်သုံးဆောက်တည်ရာ ဖြစ်သောကြောင့် နေ့သည် ပင်လျှင် ဥပေါသထ မည်၏။

ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော၊ ဥပေါသထ ဒိဝသော ဟု ၈ကနိပါတ် အင်္ဂုတ္တရ ဋီကာ မဟာဝဂ်အဖွင့်၌ ဝိဂ္ဂဟ်ပြု ထား၏။

ထို့ကြောင့် ဤ၌ 'ဥပေါသထ' သဒ္ဒါသည် ဥပေါသထ ဒိဝသော ဟု ဋီကာဖွင့်၍ 'နေ့'ကို ဟော၏ဟု မှတ်။

တနည်း—ဥပဝသန္တိ ဧတေနာတိ ဥပေါသထောဟု လည်း ဝိဂ္ဂဟ်ပြုကြသေး၏။ ဤ၌ 'ဥပေါသထ' သဒ္ဒါသည် 'သီလ' အနက်ကို ဟော၏။

ဥပုသ်သည် (၁) ပကတိ စာရိတ္တဥပုသ်၊
(၂) ပရိဇာဂရဥပုသ်၊
(၃) ပါရိဟာရိယ ဥပုသ်ဟူ၍ ရှေးဦးစွာ သုံးမျိုးရှိကြောင်း၊ မှတ်ထားပါလေ။

## ပကတိစာရိတ္တ (၈) ဥပုသ်

လဆန်းပက္ခ၌—

(၁) လဆန်း ၅-ရက်နေ့—ပဥ္စမီဥပုသ်၊
(၂) လဆန်း ၈-ရက်နေ့—အဋ္ဌမီဥပုသ်၊
(၃) လဆန်း ၁၄-ရက်နေ့=စာတုဒ္ဒသီဥပုသ်၊
(၄) လဆန်း ၁၅-ရက်နေ့—ပန္နရသီဥပုသ်ဟု လေးဥပုသ်ရ၏။

လဆုတ်ပက္ခ၌—

(၁) လဆုတ် ၅-ရက်နေ့ ပဥ္စမီဥပုသ်၊
(၂) လဆုတ် ၈-ရက်နေ့ အဋ္ဌမီဥပုသ်၊
(၃) လဆုတ် ၁၄-ရက်နေ့ စာတုဒ္ဒသီ ဥပုသ်၊
(၄) လဆုတ် ၁၅-ရက်နေ့ ပန္နရသီဥပုသ်ဟု လေးဥပုသ်ပင် ရ၏။

[အထူးမှတ်ချက်] ၁၅ ရက် မစုံဖြစ်က ၁၃-၁၄-ရက်ကို ယူလေ၊

ယခုပြဆိုခဲ့သော ပကတိစာရိတ္တဥပုသ် ဂ-ဥပုသ်ဆိုသည်မှာ ဘုရားရှင် ပရိနိဗ္ဗာန် စံဘော် မူပြီးသည့် နောက်မှ သင်္ဂါယနာ တင် ဆရာတို့အလိုအားဖြင့် လဆန်း ၅-ရက်၊ လဆုတ်၅-ရက် ဟူသော ပဉ္စမီနှစ်ဥပုသ်ကို အပိုထည့်စွက်၍ ယူကြသဖြင့် ပကတိ စာရိတ္တဥပုသ်ပေါင်း ဂ-ဥပုသ်ရှိသည်ဟု သိလေ။

ဘုရားရှင် ပွင့်တော် မမူမီ ကာလ၌လည်းကောင်း၊ ဘုရား ရှင် ပွင့်တော်မူပြီး သည့်နောက် ပရိနိဗ္ဗာန် မဝင်စံမီ ကာလ၌ လည်းကောင်း ပဉ္စမီဥပုသ်နေ့ဟု အမှတ်အသားမရှိသေးသော ကြောင့် လဆန်းပက္ခ-လဆုတ်ပက္ခတို့၌ အဋ္ဌမီ၊ စာတုဒ္ဒသီ၊ ပန္နရသီဟု ပါဠိတော်၌ ဘုရား ဟောတော်မူရင်း ခြောက်ဥပုသ် သာ ရှိ၏ဟုမှတ်။

## ပဋိဇာဂရ ဥပုသ်(၁၁) ဥပုသ်

ပဋိဇာဂရ ဥပုသ် ဟူသည် အကြိုအပိုကိုသာ ယူရလေ သောကြောင့် ယူလွယ်စေရန် ရှင်းလင်းစွာ ဖော်ပြ ပါအံ့။

လဆန်းပက္ခ၌-

(၁) လဆန်း(၅)ရက် ပဉ္စမီ၏ အကြို လဆန်း (၄)ရက်နေ့ တဥပုသ်၊

(၂) ၎င်း၏အပိုလဆန်း(၆)ရက်နေ့ တဥပုသ်၊

(၃) လဆန်း(၈)ရက် အဋ္ဌမီ၏ အကြို လဆန်း (၇)ရက်နေ့ တဥပုသ်။

(၄) ရှင်း၏အပိုလဆန်း (၉)ရက်နေ့ တဉပုသ်။

(၅) လဆန်း(၁၄)ရက် စာတုဒ္ဒသီ၏အကြို လဆန်း (၁၃) ရက်နေ့ တဉပုသ်။

(၆) လဆန်း(၁၅)ရက် ပန္နရသီ၏ အပိုလဆုတ် (၁)ရက်နေ့ တဉပုသ်။

[ဤကား လဆန်းပက္ခ၌ ၆-ဉပုသ်တည်း၊]

[မှတ်ချက်] ဤ၌ စာတုဒ္ဒသီ၏အပို ပန္နရသီ၏အကြိုကို မရအပ်ဟု မှတ်။

လဆုတ်ပက္ခ၌—

(၇) လဆုတ် ၅-ရက် ပဉ္စမီ၏ အကြို လဆုတ် ၄-ရက်နေ့ တဉပုသ်။

(၈) ရှင်း၏အပို လဆုတ် ၆-ရက်နေ့တဉပုသ်၊

(၉) လဆုတ် ၈-ရက် အဋ္ဌမီ၏အကြို လဆုတ် ၇-ရက် နေ့ တဉပုသ်။

(၁၀) ရှင်း၏အပိုလဆုတ် ၉-ရက်နေ့ တဉပုသ်။

(၁၁) လဆုတ် ၁၄-ရက် စာတုဒ္ဒသီ၏အကြို လဆုတ် ၁၃-ရက် တဉပုသ်။

[ဤကား လဆုတ်ပက္ခ၌ ၅-ဉပုသ်တည်း။]

[မှတ်ချက်] ဤသည်လည်း စာတုဒ္ဒသီ၏ အပို ပန္နရသီ၏ အကြို အပိုကို မရအပ်ဟု မှတ်လေ၊

စတုတ္ထီ, ဆဋ္ဌီ, သတ္တမီ ,နဝမီ, တေရသမီ, ပါဋိပဒ အားဖြင့် လဆန်း ၆-ရက်၊ လဆုတ် ၆-ရက်၊ ပေါင်း တလတလ၌ ပဋိဇာဂရ ဥပုသ်နေ့ပေါင်း တဆယ့်နှစ်ရက်ရှိ၏ဟု ဆိုသေး၏။

## ပါဋိဟာရိယ (၂) ဥပုသ်

(၁) နယုန်လဆုတ် ၁-ရက်နေ့ကစ၍ တန်ဆောင်မုန်း လပြည့်နေ့တိုင်အောင် ၅-လပတ်လုံး အမြဲမပြတ် စောင့်သုံးအပ်သော ပါဋိဟာရိယ ဥပုသ်ဘမျိုး၊

(၂) ဝါဆိုလ တလသုံး၊ တန်ဆောင်မုန်းလ တလလုံး၊ တပေါင်းလ တလလုံး အားဖြင့် ဤ ၃-လတို့၌ စောင့်သုံးအပ်သော ပါဋိဟာရိယ ဥပုသ်ဘမျိုးဟု နှစ်မျိုးရှိ၏။

(တနည်း) ဝါတွင်း ၃-လ၊ သို့တည်းမဟုတ် သီတင်းကျွတ်လပြည့်၊ တဆောင်မုန်း လပြည့် တလ ပတ်လုံး

(တနည်း) သီတင်းကျွတ်လပြည့်မှ ရင်းလကုန်အထိ တလခွဲတိုင်တိုင် စောင့်သုံးသော ဥပုသ်သည် ပါဋိဟာရိယဥပုသ်မည်၏ဟု တမျိုးဆိုသေး၏။

ထို့ကြောင့် –

ဥပုသ်သည်–ပကတိစာရိတ္တ ၈ ဥပုသ်၊
ပဋိဇာဂရ ၁၁-ဥပုသ်၊
ပါဋိဟာရိယ ၂-ဥပုသ် အားဖြင့် ဥပုသ်နေ့ပေါင်း(၂၁)ဥပုသ်ရှိ၏ဟု မှတ်လေ။

ပကတိစာရိတ္တ ဥပုသ် ဆိုသည်မှာ–ဘုရားရှင် လက်ထက် တော်အခါကာလမှ၍ ရှေး သူတော်ကောင်းတို့ စောင့်ထိန်းရိုး ရှေးထုံးစဉ်လာအရ ဓမ္မတာ ပကတိသဘော ရှိသော ဥပုသ်မျိုးကို ခေါ် ဆိုသည်။

ပဋိဇာဂရ ဥပုသ် ဆိုသည်မှာ-ဘုရားရှင် လက်ထက်တော်ကပင် လူတိုင်း မစောင့်ရှောက်ကြပေ။ သတိတရား အလွန်ကြီးမား၍ ကုသိုလ်တရားတို့၌ မမေ့မလျော့သော သတိတရားဖြင့် နိုးနိုး ကြားကြား ရှိကြသော သူများသာ စောင့်ရှောက်ကြသော ဥပုသ်မျိုးကို ခေါ် သည်။

ပါဋိဟာရိယ ဥပုသ် ဆိုသည်မှာ- မနုဿတ္တဘာဝ ဒုလ္လဘဆိုတဲ့ လူ့ဘဝကို ရခဲ့ကြ၍ တွေ့ဆုံ ကြုံကြိုက်ခဲလှတဲ့ သာသနာတော်မြတ်ကြီးနှင့် ကြုံတွေ့ကြရဘဲ့ အခိုက်အခါမှသာ သီလသာသနာ သီလပါရမီကို အလိုရှိ သူတိုင်း ဖြည့်ကျင့် ဆည်းပူးနိုင်ကြလေသည်။

သာသနာတော်နှင့် မတွေ့ကြုံရသော်လည်းကောင်း၊ အပါယ်ဘုံ၌ ဖြစ်သော်လည်းကောင်း ဤသီလသာသနာ၊ သီလပါရမီကို မဖြည့်ကျင့် နိုင်ကြပေ။ ဤသီလနှင့် ပြည့်စုံ ကြမှသာလျှင် နိဗ္ဗာန်ရွှေမြို့တော်ဘိုင်အောင် ရောက်နိုင်ပေသည်။

ဤသီလနှင့် မပြည့်စုံပဲ နိဗ္ဗာန်ကို ရသည် ရောက်သည်မရှိဟု အသိကြီး သိကြ၊ သတိကြီး ရရှိကြပြီးလျှင် ပကတိ စာရိတ္တ ဥပုသ်၊ ပဋိဇာဂရ ဥပုသ်မျှလောက်နှင့်အားမရ မရောင့်ရဲ မတင်း

တိမ်နိုင်ကြပဲ တသတန်သည် နှစ်လ၊ သုံးလ၊ လေးလ၊ တန်သည်။ ဥပုသ်ရက်ရှည်သမျှ ဆောက်တည်ကြသော ဥပုသ်မျိုးကို ပါ ဋိ ဟာရိယဥပုသ်ဟု ခေါ်ဆိုရ၏။

သို့ရာတွင် ရှေးပဝေဏီအခါက ရှေးလူတို့ စောင့်ထိန်းကြတဲ့ ပကတိ စာရိတ္တ ဥပုသ်မျိုးတို့လို ၈-ဥပုသ် စေ့အောင် မစောင့်ရှောက်ကြတော့ပေ။

ယခုလိုအခါမျိုးမှာ စေတနာသဒ္ဓါတရား နည်းပါး ဆုတ်ယုတ် လာကြလေသောကြောင့် တလမှာ လဆန်း(၈) ရက်၊ ရင်း လပြည့် လဆုတ်(၈)ရက်၊ ရင်းလကွယ်၊ ပေါင်း ၄)ဥပုသ်မျှလောက်ကိုသာ စောင့်ထိန်းကြပြီး ကျန်သော (၄)ဥပုသ်ကို ချန်လှပ်ထားကာ စောင့်ရှောက်လာသော ထုံးစံ ဖြစ်နေကြပေသည်။

သို့သော် ချန်လှပ်ထားသော ဥပုသ် ၄-မျိုးသည် အဆိုပါ ပကတိစာရိတ္တ ဥပုသ်မျိုးတို့၌ပင် ပါဝင်နေသည်ဟု မှတ်သားပါလေ။

ငါတို့ဘုရားရှင်အလောင်းတော် ယုန်မင်းဘဝဖြစ်စဉ် (ယုန်၊ ဖျံ၊ မျောက်၊ မြေခွေး)မိတ်ဆွေ၄-ဦး ဥပုသ် စောင့်ကြသည်ကိုလည်းကောင်း၊ သစ်ပါလ စမွေယျစသော တိရစ္ဆာန်ဘဝများမှာပင် ဥပုသ်စောင့်သည်ဟု အဆိုရှိသဖြင့် ယခုလို လူ့ဘဝနှင့် သာသနာတော်ကြီးနှင့် တွေ့ကြုံရတဲ့အခါ တသက်လုံး မတတ်နိုင်ငြားသော်တည်း ဥပုသ်မျိုးစုံလင်ကို ပါရမီဖြစ် သဘောထား၍ တသက်တာ တဘဝမှ တခါ စောင့် ဖူးသည် ရှိကြ

လေးအောင် စောင့်ရှောက်ကြဖို့ အသွန်တရာ ကောင်းမြတ်လှပေသည်။

ထို့ကြောင့် ယခုကာလ စောင့်ထိန်းနေကြသော ၄-ဥပုသ်မှတပါး မည်သည့်နေ့ရက်မဆို ဥပုသ် စောင့်ထိန်းသင့်ကြောင်းကို ဥပေါသထံ ဝုစ္စတိ အဋ္ဌင်္ဂသမန္နာဂတံ သဗ္ဗဒိဝသေသု ဂဟေတ္ဗဟိ ရက္ခိတဗ္ဗသီလံဟု သုတ်မဟာဝဂ္ဂဋ္ဌကထာ၌ မိန့်ဆိုလေသည်။

[ဆောင်ရန်]

- တလရှစ်ရက်၊ စဉ်မပျက်၊ စောင့်ချက်ရိုးရိုးသာ။
- အပိုအကြို၊ ဆယ့်တစ်ဆို၊ စောင့်လိုပဋိဇာ။
- နယုန်မှာသာ၊ ပြည့်သည်က၊ ငါးလ တိုင်အောင်သာ။
- ဝါဆိုတန်ဆောင်မုန်း၊ ချမ်းဆုံးနှော၊ တပေါင်းလ၊စောင့်ထ ပါဋိဟာ။

## လူ့ပြည်၌ ဥပုသ်စောင့် မစောင့် နတ်တို့စာရင်းယူပုံ

နတ်ပြည်၌ တလရှစ်ကြိမ်တိုင်ဘိုင် ကြီးကျယ်စွာသော တရားနာခြင်းကို ကြေးကြော်ကြ၏။

ထိုနတ်ပြည်ရှိ သုဓမ္မာနတ်သဘင်၌ သိကြားမင်း၊ ဓမ္မကထိကရဟန်း၊ ဓမ္မကထိက နတ်သားတို့သည် တရား ဟောကြသတဲ့။

ထို့နောက် လူ့ပြည်သို့ဆင်း၍ လဆန်း ရှစ်ရက် လဆုတ်ရှစ်ရက်ဥပုသ်နေ့၌ စာတုမဟာရာဇ် နတ်မင်းကြီးတို့၏ အမတ်တို့က စာရင်းယူကြ၏။

လဆန်း လဆုတ် တဆယ့်လေးရက် စာတုဒ္ဒသီ ဥပုသ်နေ့၌ စာတုမဟာရာဇ် နတ်မင်းကြီးတို့၏ နတ်သားလေးယောက်တို့က စာရင်း ယူကြ၏။

လဆန်း လဆုတ် တဆယ့်ငါးရက် ပန္နရသီဥပုသ်နေ့၌ စာတုမဟာရာဇ်နတ်မင်းကြီးတို့ကိုယ်တိုင် စာရင်းယူကြ၏။

ယူပုံမှာ...အဆိုပါနတ်တို့က ရွှေသား ပုရပိုက် ဟိင်္ဂုလိဇာစ်ခေါ် ဟင်္သပြဒါးကို ယူဆောင်၍ မြို့ရွာ အသီးသီးသို့ လှည့်လည် ကြကုန်သတဲ့။

ထိုနတ်တို့က လူ့ပြည်ရှိ ယောကျ်ား မိန်းမတို့သည် ဘုရားစသော မြတ်သော ရတနာသုံးပါးတို့အား ဆည်းကပ် ကိုးကွယ်ကြသည်။ သုံးပါးအစုံသရဏဂုံနှင့် ငါးပါးအင်္ဂါ ပဥ္စသီလစသော ဥပုသ်ကိုဆောက်တည်ကြသည်။ ဤသို့စသည်ဖြင့် ပြုသမျှသော ကုသိုလ်ကောင်းမှုတွေကို ရွှေသားပုရပိုက်ပေါ်တွင် ဆေးဒန်းမြင်းသီလာ ဟင်္သပြဒါးဖြင့် ရေး၍ မှတ်ဘမ်းတင်ကြသတဲ့။

မကောင်းမှုကို ပြုလုပ်တဲ့ သူတွေကိုလဲ ရွှေပုရပိုက်အောက်ဘမျဉ်းခြား ဇယားကွက်တွင် သီခြားသားပြီး မှတ်သားပြန်သတဲ့။

ထိုသို့ မှတ်သားထားပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ ဆောင်ယူခဲ့၍ ရှေးဦးစွာ ပဉ္စသိခနတ်သားအား ရွှေပုရပိုက်စာရင်းကို အပ်နှင်းရလေသည်။ ပဉ္စသိခနတ်သားမှတဖန် မာတလိနတ်သားသို့၊ မာတလိနတ်သားမှ သိကြားမင်းထံသို့ ဆက်သရလေသည်။

ထိုအခါ သိကြားမင်းက ပကတိသောအသံဖြင့် ဖတ်ကြားမှုကို တဆယ့်နှစ်ယူဇနာ အတွင်းက ကြားရ၏။

အသံကျယ်လောင်စွာ ဖတ်မှုကား ယူဇနာ တသောင်းရှိသော တာဝတိံသာနတ်ပြည် တပြည်လုံး ကြားရသတဲ့။

ထိုအခါ ရွှေပုရပိုက်တွင် စာရင်းအရ ကုသိုလ်ပြုလုပ်သူများသည် ကိုယ်တွေ့မြင်ရပါက အိုနတ် အပေါင်းတို့....လူတို့သည် ဒါန, သီလ, စသော ကုသိုလ်ကောင်းမှုတွေကို ကြိုးစားအားထုတ် ပြုလုပ်ကြပါပေသည်။

ထိုကုသိုလ်ပြုသူ များဝိုလ်လူတို့ သေလွန်ပြီးနောက် ငါတို့ နတ်ပြည်သို့ရောက်၍ အသစ်ဖြစ်တဲ့ နတ်နန်းနှင့် အတူတကွ နေကြရပေတော့မည် .. ဟု နတ်အပေါင်းတို့ ဝမ်းမြောက်နှမောသာဓုခေါ်ကြသတဲ့။

ယင်းစာရင်းတွင် အကုသိုလ်တရားကို လိုက်စား ကျူးလွန်သူများသည် ကိုယ်တွေ့မြင်ရပါက "အို နတ်အပေါင်းတို့" လူတို့သည်ဒါနသီလ တရားကို မေ့ပျောက်ပြီး ပါဏာတိပါတ စသော အကုသိုလ် ဒုစရိုက်တရားတို့ကို မိုက်မှားကာ လိုက်စားကြကုန်သည်။ ထိုအကုသိုလ် တရားလိုက်စားသူတို့သည် ကံအားလျော်စွာ အပါယ်လေးဘုံသို့ သွားရောက်ရလိမ့်မည်တကား၊ အပါယ်တံခါးပွင့်၍ နတ်ပြည်တံခါး ပိတ်ချေပြီဟု နှလုံးမသာယာ နတ်တကာတို့ ရှိကြကုန်ရာသည်၊ ဤသို့ စာရင်းယူကြောင်းကို ဤသုတ်မဟာဝါ အဋ္ဌကထာ စသော ကျမ်းတို့ကို ထောက်ဆ၍ သိလေ။

(ဆောင်ရန်)

- တလရှစ်သီတင်း၊ နဘ်မျှားဆင်း၊ စခရင်းယူကြရာ။
- ရှစ်ရက်သီတင်း၊ အမတ်ဆင်း၊ စခရင်းယူသည်သာ။
- ဆယ့်လေးရက်မြောက်၊စခရင်းကောက်၊ လေးယောက်နတ်သားလာ။
- ဆယ့်ငါးရက်ဟူ၊ စခရင်းပြု၊ စာတုမဟာရာဇာ။
- မြန်မာ့ပါရဂူ၊ စွဲလိုသူ၊ နှုတ်ယူဆောင်ကြပါ။

(ဆောင်ရန်) မြန်မာဂါထာ

သီလရှိမှု၊ ဘိက္ခုအရှင်၊
ကိုယ်၌အနံ့၊ သင်းပျံ့ကြည်လင်၊
နတ်ပြည်အထက်၊ နှစ်သက်သည်ပင်၊
သီလ,နံ့၊ ချီးအံ့ မဆုံးလျှင်။

သီလ, အနံ့၊ သင်းပျံ့ထုံကြည်၊
နံ့သာအပျိုး၊ လွှမ်းမိုးနိုင်သည်။

ဝန်းကျင်ဘယ်ရပ်၊ မလပ်အတည်၊
သင်းရနံ့၊ လှိုင်ပျံ့ထုံအေးကြည်။

မဟာဝေဂါဝိနိဿယ ဇာဋ္ဌကထာ သာရုပ်နှင့်အဓိပ္ပာယ်

ပြီးပါပြီ။

# သဏ္ဍာပဥ္စသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

## ဆန္ဒနိဒ္ဒါနတ္ထိ တွေ့ဉ် ဆန္ဒအပြားငါးပါး

(၁) ပရိယေသနဆန္ဒ—ဟူသည် ဝတ္ထုကာမဂုဏ်တို့ကို ရှာမှီးတတ်သော ဆန္ဒမည်၏။

လောကမှာ အချို့သောပုဂ္ဂိုလ်သည် မရောင့်ရဲသည်ဖြစ်၍ ရှုပါရုံစသော ငါးပါးအာရုံ ဝတ္ထုကာမဂုဏ်တို့ကို ရှာမှီးတောင့်တတတ်သော ဆန္ဒသည် ပရိယေသန ဆန္ဒမည်၏ ဟူလို။

(၂) ပဋိလာဘဆန္ဒ—ဟူသည် ရခြင်းလျှင် အကြောင်းရင်းရှိသော ဆန္ဒမည်၏။

လောကမှာ အချို့သော ပုဂ္ဂိုလ်သည် မရောင့်ရဲသည်ဖြစ်၍ ရှုပါရုံစသော ငါးပါးအာရုံ ကာမဂုဏ်ကို လည်းကောင်း၊ ပစ္စည်းဥစ္စာကို လည်းကောင်း ရခြင်းလျှင် အကြောင်းရင်းရှိသောဆန္ဒသည် ပဋိလာဘ ဆန္ဒမည်၏ ဟူလို။

(၃) ပရိဘောဂဆန္ဒ—ဟူသည် သုံးဆောင်ခြင်း၏ အကြောင်း ဖြင့် ဖြစ်သော ဆန္ဒမည်၏။

လောကမှာ အချို့သောပုဂ္ဂိုလ်သည် မရောင့်ရဲသည် ဖြစ်၍ ရှုပါချစ်သော ငါးပါးအာရုံ ကာမဂုဏ်ကို လည်းကောင်း၊ ပစ္စည်း ဥစ္စာကို လည်းကောင်း သုံးဆောင်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော ဆန္ဒသည် ပရိဘောဂဆန္ဒမည်၏ ဟူလို။

(၄) သန္နိဓိဆန္ဒ–ဟူသည် ရအပ်ပြီးသော ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို သိုမှီး သိမ်းဆည်းသော ဆန္ဒမည်၏။

လောကမှာ အချို့သော ပုဂ္ဂိုလ်သည် မရောင့်ရဲသည်ဖြစ်၍ ဘေးရန်တို့၏ အကျိုးငှာ ဖြစ်လိမ့်လတ္တံ့ဟု ပစ္စည်းဥစ္စာကို သိုမှီး သိမ်းဆည်းသော ဆန္ဒသည် သန္နိဓိ ဆန္ဒမည်၏ ဟူလို။

(၅) ဝိဿဇ္ဇနဆန္ဒ–ဟူသည် မျက်မှောက် ဖြစ်သော အကျိုးကိုသာ ကြံစည်၍ စွန့်လွှတ်သော ဆန္ဒမည်၏။

လောကမှာ အချို့သောပုဂ္ဂိုလ်သည် မရောင့်ရဲသည်ဖြစ်၍ ဆင်စီးသူရဲ, မြင်းစီးသူရဲ, ရထားစီးသူရဲ လေးသမားတို့ ငါ့ကို လုံခြုံအောင် စောင့်ထိန်းလတ္တံ့ စသည်ဖြင့် ဥစ္စာကို စွန့်လွှတ်သော ဆန္ဒသည် ဝိဿဇ္ဇန ဆန္ဒမည် ဟူလို။

(အထူးမှတ်ချက်) သုဓမ္မာသဘင်စသည်တို့၏ အဓိပ္ပာယ် အဆုံး အဖြတ်များကို ဤကျမ်းမဟာ နိဒါနသုတ် အဋ္ဌကထာ စာမျက်နှာ (၂၇၄) တွင် အကျယ်ဖော်ပြခဲ့ပါပြီ။

ဤသက္ကပဉ္စသုတ်၌ နန္ဒဝန်ဉယျာဉ်၊ စိတ္တလတာ ဉယျာဉ်၊ မိဿက ဉယျာဉ်၊ ဖာရုသက ဉယျာဉ် ဟု လေးမျိုးပါရှိ၏။

**မာဃလုလင်၏ မယားလေးယောက်ပြုသောကုသိုလ်**

(၁) **နန္ဒာ**—သည် ယူဇနာ ငါးဆယ်ရှိသော ရေကန်ကို တူးခြင်း ကုသိုလ်ပြု၏။ ထို့ကြောင့် နန္ဒာရေကန်ဟု ခေါ်တွင်၏။

(၂) **စိတ္တာ**—သည် ယူဇနာ ခြောက်ဆယ်ရှိသော ပန်းဉယျာဉ် စိုက်ပျိုးခြင်း ကုသိုလ်ကိုပြု၏။ ထို့ကြောင့် စိတ္တလတာဉယျာဉ်တော်ဟု ခေါ်တွင်၏။

(၃) **သုဓမ္မာ**—သည် ယူဇနာ သုံးရာ ရှိသော ဇရပ် ဆောက်ခြင်း ကုသိုလ်ကို ပြု၏။ ထို့ကြောင့် သုဓမ္မာသဘင်ဟု ခေါ်တွင်၏။

(၄) **မယားကြီးဖြစ်သော (သုဇာတာ) သည်ကား ကုသိုလ်ကောင်းမှုပြုခြင်းမရှိ။** မှန်ကို ကြည့်ပြီးသကာလ ဖြီးလိမ်းဝတ်ဆင် လှည့်လည်နေသတဲ့။ ထို့ကြောင့် သုဇာတာကတော့ ကုသိုလ်ကောင်းမှု မရှိတဲ့အတွက် တောင်၏ အနီးအပါး ရေစားထားသော ချောက်ကြား၌ ဗျိုင်းမလေးသွား ဖြစ်နေသတဲ့။

[(**ဆမှာ**) ဤဗျိုင်းမကလေးနှင့် ပတ်သက်သော ဝတ္ထုအခါပွာယ်များကို ကျယ်ဝန်းမည် စိုး၍ မဖော်ပြတော့ပေ။

လောကမှာ အချို့သောပုဂ္ဂိုလ်သည် မရောင့်ရဲသည် ဖြစ်၍ ရှာခါခံ့ဝသော ငါးပါးအာရုံ ကာမဂုဏ်ကို လည်းကောင်း၊ ပစ္စည်း ဥစ္စာကို လည်းကောင်း သုံးဆောင်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော ဆန္ဒသည် ပရိဘောဂဆန္ဒမည်၏ ဟူလို။

(၄) သန္နိဓိဆန္ဒ–ဟူသည် ရအပ်ပြီးသော ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို သိုမှီး သိမ်းဆည်းသော ဆန္ဒမည်၏။

လောကမှာ အချို့သော ပုဂ္ဂိုလ်သည် မရောင့်ရဲသည်ဖြစ်၍ ဘေးရန်တို့၏ အကျိုးငှာ ဖြစ်လိမ့်လတ္တံ့ဟု ပစ္စည်းဥစ္စာကို သိုမှီး သိမ်းဆည်းသော ဆန္ဒသည် သန္နိဓိ ဆန္ဒမည်၏ ဟူလို။

(၅) ဝိဿဇ္ဇနဆန္ဒ ဟူသည် မျက်မှောက် ဖြစ်သော အကျိုးကို ၁ ကြံစည်၍ စွန့်လွှတ်သော ဆန္ဒမည်၏။

လောကမှာ အချို့သောပုဂ္ဂိုလ်သည် မရောင့်ရဲသည်ဖြစ်၍ ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ ရထားစီးသူရဲ လေးသမားတို့ ငါ့ကို လုံခြုံအောင် စောင့်ထိန်းလတ္တံ့ စသည်ဖြင့် ဥစ္စာကို စွန့်လွှတ်သော ဆန္ဒသည် ဝိဿဇ္ဇန ဆန္ဒမည် ဟူလို။

(အထူးမှတ်ချက်) သုဓမ္မာသဘင်စသည်တို့၏ အဓိပ္ပာယ်အဆုံး အဖြတ်များကို ဤကျမ်းမဟာ နိဒါနသုတ် အဋ္ဌကထာ စာမျက်နှာ (၂၇၄) တွင် အကျယ်ဖော်ပြခဲ့ပါပြီ။

ဤသက္ကပဥ္စသုတ်၌ နန္ဒဝန်ဥယျာဉ်၊ စိတ္တလတာ ဥယျာဉ်၊ မိဿက ဥယျာဉ်၊ ဖာရုသက ဥယျာဉ်ဟု လေးမျိုးပါရှိ၏။

**မာဃလုလင်၏ မယားလေးယောက်ပုံသောကုသိုလ်**

(၁) **နန္ဒာ**—သည် ယူဇနာ ငါးဆယ်ရှိသော ရေကန်ကို တူး ခြင်း ကုသိုလ်ပြု၏။ ထို့ကြောင့် နန္ဒာရေကန်ဟု ခေါ်တွင်၏။

(၂) **စိတ္တာ**—သည် ယူဇနာ ခြောက်ဆယ်ရှိသော ပန်းဥယျာဉ် စိုက်ပျိုးခြင်း ကုသိုလ်ကိုပြု၏။ ထို့ကြောင့် စိတ္တလတာဥယျာဉ်တော်ဟု ခေါ်တွင်၏။

(၃) **သုဓမ္မာ**—သည် ယူဇနာ သုံးရာ ရှိသော ဇရပ် ဆောက် ခြင်း ကုသိုလ်ကို ပြု၏။ ထို့ကြောင့် သုဓမ္မာသဘင်ဟု ခေါ်တွင်၏။

(၄) မယားကြီးဖြစ်သော (သုဇာတာ) သည်ကား ကုသိုလ် ကောင်းမှုပြုခြင်းမရှိ။ မှန်ကို ကြည့်ပြီးသက်ာလ ဖြီးလိမ်း ဝတ်ဆင် လှည့်လည်နေသတဲ့။ ထို့ကြောင့် သုဇာတာ ကတော့ ကုသိုလ်ကောင်းမှု မရှိတဲ့အတွက် တောင်၏ အနီးအပါး ရေစားထားသော ချောက်ကြား၌ ဗျိုင်းမလေးသွား ဖြစ်နေသတဲ့။

[(ဆမှာ) ဤဗျိုင်းမကလေးနှင့် ပတ်သက်သော ဝတ္ထုအဓိ ပ္ပာယ်များကို ကျယ်ဝန်းမည် စိုး၍ မဖော်ပြ တော့ပေ။

## ပပဉ္စတရား အပြားသုံးပါး

(နှယ်ချဲ့တရား အပြား သုံးပါး ဟူလို)

(၁) တဏှာပပဉ္စ—ဟူသည် တဏှာတည်းဟူသော သံသရာဝဋ်ဆင်းရဲ၌ သတ္တဝါတို့၏ ခန္ဓာအစဉ်ချဲ့ထွင်တတ်သော တဏှာအစစ် တရာ့ရှစ်ဟူသော တဏှာဝိစရိုက် တရားသည် တဏှာပပဉ္စမည်၏။

(၂) မာနပပဉ္စ—ဟူသည် မာနတည်းဟူသော သံသရာဝဋ်ဆင်းရဲ၌ သတ္တဝါတို့၏ ခန္ဓာအစဉ်ကို ချဲ့ထွင်တတ်သော 'မာန်အပြား ကိုးပါး' သည် မာနပပဉ္စမည်၏။

(၃) ဒိဋ္ဌိပပဉ္စ—ဟူသည် ဒိဋ္ဌိတည်းဟူသော သံသရာဝဋ်ဆင်းရဲ၌ သတ္တဝါတို့၏ခန္ဓာအစဉ်ကို ချဲ့ထွင်တတ်သော 'မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး' သည် ဒိဋ္ဌိပပဉ္စမည်၏။

ဤသုံးပါးသော ပပဉ္စတရားတို့တွင် ဤ သက္ကပဉ္စသုတ်၌ အလိုရှိအပ်သော ပပဉ္စ ကား တဏှာပပဉ္စ ကို အလိုရှိအပ်ပါသည်။

ပပဉ္စခေါ်ဆိုပုံ.... ဤတဏှာ, မာန, ဒိဋ္ဌိတရား သုံးပါးသည် သံသရာတခွင်၌ ကျယ်ဝန်းအောင် ချဲ့ထွင်တတ်သောကြောင့် 'ပပဉ္စတရား' ဟု ခေါ်ဆိုသည်။

ရှင်းတရားသုံးပါးကိုပင် မိမိတို့မှိ ဘွယ်နေသော ထိုတရား သုံးပါးရှိသောသူကို ကိုက်၊ ဖမ်း၊ မျို၊ ဝါး၊ စားသောက်တတ် သောကြောင့် 'ဂါဟတရား' ဟု ခေါ်ဆိုသေးသည်။

(မှတ်ရန်)

● တဏှာ၊ ဒိဋ္ဌိ၊ မာနသိ၊ ချုပ်ဘိ ပပဉ္စာ။

● ခန္ဓာငါးဖြာ၊ သံသရာ၊ လှန်စွာချုပ်တတ်ရာ။

## ကမ္မဋ္ဌာန်းနှစ်ပါးပြားပုံ

(၁) ရူပကမ္မဋ္ဌာန်း....ဟူသည် ရုပ်ကို သိမ်းဆည်းခြင်းမျိုး တည်း။ (ဝါ)....ရုပ်ကို အရင်းပြုသော အားဖြင့် ဝိပဿနာကို နှလုံးသွင်းခြင်း ပင်တည်း။

(၂) အရူပကမ္မဋ္ဌာန်း....ဟူသည် နာမ်တရားတို့ကို သိမ်း ဆည်းခြင်းမျိုးတည်း၊ (ဝါ) နာမ် တရားတို့ကို အရင်းပြုသော အား ဖြင့် ဝိပဿနာကို နှလုံးသွင်းခြင်း ပင်တည်း။

မေး ● အရူပ ကမ္မဋ္ဌာန်းကို အဘယ်၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်းကို ဟောထားပါသနည်း၊ ဝေဒနာ ၏ အစွမ်း အားဖြင့်သာ ဟောကောင်း ပါ သလော။

ဖြေ ● ဖဿ၏အစွမ်းအားဖြင့် နှလုံးသွင်းခြင်း၊ ဝေဒနာ၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း၊ စိတ်၏အစွမ်းအား ဖြင့် နှလုံးသွင်းခြင်းဟု ဤသုံးပါးဖြင့် ဟောထား ပါသည်။

တိဝိဓော ဟိ အရူပကမ္မဋ္ဌာနေ အဘိနိဝေသော ဖဿဝသေန ဝေဒနာဝသေန စိတ္တဝသေနာတိ။

(သက္ကပဉှသုတ် အဋ္ဌကထာ၊ သမ္မာ အဋ္ဌကထာ)

မေး ● ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့်ဤသက္ကပဉှ သုတ်၌ဘုရားရှင်သည် ဝေဒနာ၏ အစွမ်းအား ဖြင့် ဟောပါသနည်း။

ဖြေ ● ဝေဒနာတို့၏ အစွမ်းအားဖြင့် ထင်ရှားသည်၏အဖြစ် ကြောင့်၊

ဝေနည်း-- ဝေသွာ ဝေဒနာနံ ဥပ္ပတ္တိ ယာ ပါကဋ္ဌတာယ၊

(သက္ကပဉှသုတ် အဋ္ဌကထာ)

မေး ● သုခ ဒုက္ခ ဝေဒနာနှစ်ပါးတို့၏ပါကဋ [ထင်ရှားစွာ] ဖြစ်ပုံကို ဖော်ပြပါ။

ဖြေ ● အကြင်အခါ သုခဝေဒနာဖြစ်၏။ ထိုအခါ တကိုယ်လုံး ချောက်ချားစေ၊ နှးညံ့စေလျက် တကိုယ်လုံးပျံ့နှံ့စေ ၍ အကြိမ်ကြိမ်တရာ စစ်အပ်ပြီးသောဆီကို လိမ်းအပ်ဘိ သကဲ့သို့ လည်းကောင်း၊ ရေအိုးတထောင်ဖြင့် ကိုယ်၏ ပူလောင်ခြင်းကို ငြိမ်းစေရသကဲ့သို့ လည်းကောင်း

အဟော သုခံ အဟော သုခံ။ ဩြော်- ချမ်းသာစွ၊ ဩြော်—ချမ်းသာစွဟူသော စကားကို မြွက်ဆိုလျက် သာလျှင် ဖြစ်၏။

(ဤကား သုခဝေဒနာ၏ ပါကဋဖြစ်ပုံတည်း။)

အကြင်အခါ ဒုက္ခဝေဒနာဖြစ်၏။ ထိုအခါ တကိုယ်လုံးကို ခြောက်ခြားစေ၊ နှိုးညှိုးစေ၍ တကိုယ်လုံးပျံ့နှံ့စေပြီး ပူလောင်စွာသော ထွန်တုံးကို သွင်းဘိသကဲ့သို့လည်းကောင်း၊ ကျသော ကြေးအိုးနီဖြင့် သွန်းလောင်းရသကဲ့သို့ လည်းကောင်း၊ မြက်ခြောက်၊ တောစိုးသစ်ပင်ရှိသော တောဌ်၌ မြက်မီးရှူးကို ထည့်သကဲ့သို့လည်းကောင်း အဟော ဒုက္ခံ၊ အဟော ဒုက္ခံ၊ ဩြော်-ဆင်းရဲစွ၊ ဩြော် ဆင်းရဲစွဟူ၍ မြည်တမ်း ယောင်ယမ်းခြင်း ဖြစ်၏။

(ဤကား ဒုက္ခဝေဒနာ၏ ပါကဋဖြစ်ပုံတည်း။)

မေး ● ဥပေက္ခာဝေဒနာသည် သုခဒုက္ခတို့ကဲ့သို့ ပါကဋဖြစ်ပါသေးသလော ဟူမူ—

ဖြေ ● မထင်ရှားပါ၊ ပါကဋမဖြစ်ပါ.. ဟူလို။

အဒုက္ခမသုခါပန ဒုဒ္ဒီပနာ အန္ဓကာရာ, အဝိဘူတာ။

[သက္ကပဉ္စသုတ် အဋ္ဌကထာ၊ သမ္မောဟအဋ္ဌကထာ]

အဒုက္ခမသုခါပန-- အဒုက္ခမ သုခဝေဒနာသည်ကား ဒုဒ္ဒီပနာ၊ ထင်ရှားစွာပြနိုင်ခဲ၏။ (ဝါ)ထင်ရှားစွာ သိနိုင်ခဲ၏။ အန္ဓကာရာ၊ အမိုက်သဖွယ်ဖြစ်၏။ အဝိဘူတာ၊ မထင်ရှား။

မေး — ဥပေက္ခာဝေဒနာ၏ ထင်ရှားဖြစ်ပုံကို အဘယ်သို့ သိနိုင်ပါသနည်း....ဟူမူ။

ဖြေ — သုခ ဒုက္ခတို့၏ ကင်းခြင်းရှိသော် သာတ ခေါ် သာယာတတ်သော သုခဝေဒနာ၊ အသာတ ခေါ်မသာယာတတ်သော ဒုက္ခဝေဒနာကို ပယ်သည်၏ အစွမ်းအားဖြင့် လျစ်လျူရှုသော အခြင်းအရာအားဖြင့်ဖြစ်သောတရားသည် ဥပေက္ခာဝေဒနာတည်း။

ဤသို့ မိဂပဒ ဝလဉ္ဇနနည်းအားဖြင့် ယူသော သူအားဖြင့် ထင်ရှားပါသည်။

[သာစက သက္ကပဉ္ဟသုတ် သံဝဏ္ဏနာ အဋ္ဌကထာမှာ ယူလေ။]

အရှုပကမ္မဋ္ဌာန်းကို ဟောတော်မူရာကျမ်းများ

ဒီဃနိကာယ်— သုတ်မဟာဝါ ပါဠိတော်

(၁) မဟာနိဒါနသုတ်၊

(၂) သက္ကပဉ္ဟသုတ်၊

(၃) မဟာသတိပဋ္ဌာနသုတ်။

မဇ္ဈိမနိကာယ် (၁) သတိပဋ္ဌာနသုတ်၊

(၂) စူဠတဏှာသင်္ခယသုတ်၊

(၃) မဟာတဏှာသင်္ခယသုတ်၊

(၄) စူဠဝေဒလ္လသုတ်၊

(၅) မဟာဝေဒလ္လသုတ်၊

(၆) ရဋ္ဌပါလသုတ်၊

(၇) မာဂဏ္ဍိယသုတ်၊

(၈) ခေတ္တုဝိဘင်္ဂသုတ်၊

(၉) အာနေဉ္ဇသပ္ပါယသုတ်။

သံယုတ္တနိကာယ် (၁) စူဠနိဒါနသုတ်၊
(၂) ရှုနက္ခာပမသုတ်၊
(၃) ပရိဝီမံသနသုတ်၊
(၄) အလုံးစုံသော ဝေဒနာသံယုတ်။

နေက္ခမ္မမည်ကြောင်း

အိမ်တည်၊ ဟူသော အနှောင် အဖွဲ့မှ ထွက်မြောက်တတ်သောကြောင့်'နေက္ခမ္မ'မည်ပါသည်။

(ဆောင်ရန်)

နေက္ခမ္မငါးပါး သရုပ်ပြဂါထာ

ပဗ္ဗဇ္ဇာ ပဌမဇ္ဈာနံ၊
နိဗ္ဗာနဉ္စ ဝိပဿနာ။
သဗ္ဗေပိ ကုသလာ ဓမ္မာ၊
နေက္ခမ္မန္တိ ပဝုစ္စရေ။

[သရုပ် သိသာပြီ၊ သုတ်မဟာဝါဋီကာ]

## ရှုမှားခြင်းနှစ်မျိုး

(၁) အနရိယပရိယေသန—ဟူသည် မမြတ်သော (ဝါ) အပြစ် ရှိသော ရှာမှီးခြင်း မျိုးတည်း။

ချဲ့ဦးအံ့—ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိသည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ ဖျားနာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်ညူးခြင်း၊ ပူပန်ခြင်း သဘောရှိမှန်း သိလျက် ထိုပဋိသန္ဓေနေခြင်း စသော သဘောကိုသာလျှင် ရှာမှီးနေခြင်းသည် ''အနရိယပရိယေသန'' မည်၏ဟူလို။

(တနည်း) ကုဟန ခေါ် အံ့ဖွယ်သရဲကို ဖြစ်စေခြင်းစသော ငါးပါးသော တရားတို့ကို ရှာမှီးခြင်း၊ ခြောက်ပါးသော ဆွမ်းမခံကောင်း မကျက်စားကောင်းသော အိမ်တို့၌ ဆွမ်းခံကျက်စားသော အားဖြင့် ရှာမှီးခြင်း၊ နှစ်ဆယ့်တပါးသော ဆေးကုခြင်း စသည်တို့၏ အစွမ်းဖြင့် ရှာမှီးခြင်းသည် မမြတ်သော အနရိယပရိယေသနမည်၏။

(၂) အရိယပရိယေသန - ဟူသည် အပြစ်မရှိမှုနှံမြတ်သော ရှာမှီးခြင်းမျိုးတည်း။ ချဲ့ဦးအံ့၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပဋိသန္ဓေနေခြင်း စသော သဘောရှိသည်ဖြစ်လျက် ပဋိသန္ဓေနေခြင်းစသော သဘောတရား၌အပြစ်ကို သိ၍ ပဋိသန္ဓေနေခြင်း၊ အိုခြင်းစသော သဘောမရှိသော

(၀၁)အတုမရှိ ယောဂလေးပါးတို့၏ ကုန်ရာနိဗ္ဗာန်ကို ရှာမှီးခြင်းသည်သာမြတ်သော'အရိယ ပရိယေသန'မည်၏ဟူလို။

[ အကျဉ်းသိသာပြီ။ ]

## ကုဟနစသော ငါးပါးသောရှာမှီးခြင်း

(၁) ကုဟန....သုံးပါးသော "ကုဟနဝတ္ထု"တို့ဖြင့် အံ့သြစေခြင်း၊

(၂) လပနာ.. မိမိကိုယ်ကို ချီးမြှင့် ပလွှား၍ ပြောခြင်း၊ ဒါယကာတို့ကို မြှောက်ပင့်၍ပြောခြင်း၊

(၃) နေမိတ္တကတာ....ပစ္စည်းလှူခြင်း၌ အမှတ်ကို ဖြစ်စေတတ်သော နိမိတ်ကို ပြုတတ်သောသူ၏ အဖြစ်၊

(၄) နိပ္ပေသိကတာ....လာဘ်အလို့ငှာ သူတပါးတို့ အားဆဲရေးခြင်းစသည်တို့ဖြင့် ကြိတ်နှိပ်သော သူ၏အဖြစ်၊

(၅) လာဘေန လာဘံ နိဇိဂီသနတာ ....မိမိရခဲ့သောလာဘ်ဖြင့် သူတပါးရခဲ့သော လာဘ်ကို ဆောင်တတ် ရှာမှီးတတ်ခဲ့သော သူ၏အဖြစ်။ ဤယုတ်မညစ်ကျူ မကောင်းမှုတို့၏ အစွမ်းဖြင့် ရှာမှီးခြင်း ဟူသည်တို့တည်း။

### အဂေါစရရွာနှ သရုပ်ခြောက်ပါး

[ဆွမ်းမခံသွားကောင်းသောရွာနှသရုပ်ဖော်လို];

(၁) ပြည့်တန်ဆာမ့အိမ်၊
(၂) မုဆိုးမ့အိမ်၊
(၃) အပျိုဟိုင်း့အိမ်၊
(၄) ပဏ္ဍုက်‌အိမ်၊
(၅) ဘိက္ခုနီမ့ကျောင်း၊
(၆) သေတင်းကုပ် အရက်ဆိုင်.... အားဖြင့် ခြောက်ရွာနတို့တည်း။

(ဆောင်ရန်)

- သုရာသောက်တဲ၊ သေတင်းကုပ်၊ ပဏ္ဍုက်ဘိက္ခုနီမ။
- အပျိုဟိုင်းနှင့်၊ လိုက်ဝိုင်းသွားလာ၊ ပြည့်တန်ဆာ၊ လင်ကွာမုဆိုးမ။
- မသွားအပ်ရာ၊ ဤခြောက်ဖြာ၊ မှတ်ပါလေကုန်ကြ။

မှတ်ချက်။ ဤခြောက်ပါးသောရွာနတို့သည် 'ဂေါစရမဂ္ဂ' မဟုတ်ရာရွာနှ ဖြစ်လေသောကြောင့် ရဟန်းဖြစ်သောသူတို့သည် ထိုသူတို့၏ အိမ်များသို့မိတ်သွေးအဖြစ်ဖြင့် ပေါင်းသင်းဆက်ဆံခြင်း "မိတ္တသန္ထဝ"၏ အစွမ်းဖြင့် ကပ်ရောက်ကျက်စား သွားလာခြင်းငှာ မသင့် မတင့်သော အရပ်ရွာနတို့ပေတည်း။

အချို့သော ပုဂ္ဂိုလ်များက ထိုခြောက်ယောက်သော သူတို့၏ ဆွမ်းများကို အလျှင်းပင် မခံကောင်း၊ မစားကောင်းဟု မှတ်ထင်တတ်ကြ၏။

ထိုကဲ့သို့မဟုတ်ပေ။ ထိုခြောက်ယောက်သော ပုဂ္ဂိုလ်တို့၏ အိမ်သို့ကပ်ရောက်၍ အမြဲသာ မခံကောင်း၊ မစားကောင်း။ ရံဖန်ရံခါ မူကား စိတ်ကိုကောင်းမွန်စွာ ဆောက်တည်၍ ဆွမ်းခံ, စားကောင်း၏၊ ခရီးဆိုစသည်တို့၌ လောင်းအပ်သော ဆွမ်း၊ ကျောင်းသို့လာရောက်၍ ပို့သောဆွမ်းတို့ကိုကား အလှူခံ, စားကောင်း၏ဟု မှတ်လေ။

သတိပြု-ပြဆိုခဲ့သော အဂေါစရဌာန သရုပ်တို့သည် ဝိဘင်းပါဠိတော်စသော ထိုထိုပါဠိတော်တို့၌ပင် ပါရှိသည်ကို သတိပြုပါလေ။

## ပြဿနာအပြား(၁၄)ပါး

| | | | |
|---|---|---|---|
| (၁) | ဣဿာမစ္ဆရိယပြဿနာ။ | (၈) | ဥပေက္ခာပြဿနာ။ |
| (၂) | ပိယာပိယ.... ။ | (၉) | ကာယသမာစာရ။ |
| (၃) | ဆန္ဒ.... ။ | (၁၀) | ဝစီသမာစာရ ။ |
| (၄) | ဝိတက္က... ။ | (၁၁) | ပရိယေသနာ ။ |
| (၅) | ပပဉ္စ.... ။ | (၁၂) | ဣန္ဒြိယ ။ |
| (၆) | သောမနဿ.... ။ | (၁၃) | အနေကဓာတု ။ |
| (၇) | ဒေါမနဿ... ။ | (၁၄) | အစ္စန္တနိဋ္ဌာ ။ |

အားဖြင့် တဆယ့်လေးပါး ဖြစ်သတည်း။

## တဏှာ၏ အမည်များ

တုန့်လှုပ်စေတတ်သော အနက်သဘော သတ္တိကြောင့် တဏှာကို 'ဧဇာ'ဟု ခေါ်၏။

နှိပ်စက်တတ်သောအနက်သဘောသတ္တိကြောင့်'ရောဂ'မည်၏။

အတွင်း၌ အပြားအားဖြင့် ဖျက်ဆီးတတ်သော အနက်သဘောသတ္တိကြောင့် 'ဂဏ္ဍ' အိုင်းအမာမည်၏။

အစဉ်အတိုင်း စူးဝင်တတ်သောအနက်သဘော သတ္တိကြောင့် သလ္လ' ငြောင့်မည်၏။

သက္ကပဉှသုတ် အဋ္ဌကထာ သရုပ်နှင့် အဓိပ္ပာယ်
ပြီးပါပြီ။

# မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

မေး။ ။ မြတ်စွာဘုရားသည် မဟာသတိ ပဋ္ဌာနသုတ်ကို ဟောတော်မူရခြင်း အကြောင်းကိုဖော်ပြပါ။

ဖြေ။ ။ ကုရုတိုင်း၌ နေကုန်သော ရဟန်း ရှင်, လူ, များဗိုလ်သူတို့အား နက်နဲသော ဒေသနာကို နာခံ မှတ်သားခြင်း၌ စွမ်းနိုင်သောကြောင့် ဟောတော်မူပါသည်။

ထို့ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူသော သယမ္ဘူမြတ်စွာ စေသတ္ထာသည် များစွာသောင်း သောင်း ဝေနေယျ အပေါင်းတို့အား ရှစ်ထွေအမှန် မဂ္ဂင်တည်းဟူသော ယာဉ်ပျံဖြင့် ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ရောက်စေသမှု အာရုံပြုလျက် ကုရုရဋ္ဌ တိုင်းဌာနတွင် ကမ္မာသဒမ္မ နိဂမ၌ ရွှင်ပျကြည်သာ စံနေတော်မူစဉ် ရတနာ ခုနစ်ပုံ ပန်းအစုံကို ရ, တုံသောအခါ ရွှေသတ္တာနှင့် တဖြာရွှေခြင်းတောင်းမှာ စုပေါင်းထည့်ကာ ကဲ့မသည့် ကမ္မာသသူ များဗိုလ်လူတို့အား သုတ္တန်ဒေသနာ မြတ်မွေကို ကရုဏာရုံ၊ ဗြဟ္မာသံဖြင့် နှုတ်သံချိုစွာ ဟောကာပြတော်မူခဲ့ပေသတည်း။

## မဟာသတိပဋ္ဌာန်၏ ကောယနမည်ပုံ

အပေါ်မမှီး တယောက်အထီးတည်း သွားရောက်အပ်သော ကြောင့် "ကောယန" မည်ပါသည်။

ကောယန ...ဟူသည်မှာ ခြွေခုံပရိသတ်တည်း ဟူသော အပေါင်း အဖော် ကိလေသာဘည်း ဟူသော အပေါင်း အဖော်နှင့် ပေါင်းဖော်စုဝေးခြင်းကို ပယ်ဖျောက်၍ အရိယာ မဂ်တည်းဟူသော ခရီးဖြင့် သံသရာတည်းဟူသော ကြည်းကုန်း ထက်မှ နိဗ္ဗာန်သို့ သွားရောက်တတ်သည်ကို ခေါ်ဆို၏။
(ဤကား အကျဉ်းမျှသာ ဖော်ပြလိုက်ပါသည်။)

လောကုတ္တရာမဂ်၏ ရှေ့အရံဖြစ်သော သတိ ပဋ္ဌာန်တည်း ဟူသောမဂ်ကို "ကောယနမဂ္ဂ"တကြောင်းတည်းသာ ဖြစ်သော ခရီးဟု ခေါ်ဆိုအပ်၏။

ကောယနပဂ္ဂေါ ဝုစ္စတိ ပုဗ္ဗဘာဂသတိ ပဋ္ဌာနမဂ္ဂေါ၊ မဂ္ဂါန ဋ္ဌင်္ဂကော (ပ) ဒုက္ခသမ္မာ ကရိယဿတောတိ။
[ပဋိသမ္ဘိဒါမဂ်ကျမ်း]

## မဂ်အချင်းချင်းပြတ်ပုံ

ဇင်မဂ်၊ လောကဥမဂ်၊ မိစ္ဆာမဂ်၊ အဋ္ဌင်္ဂိကမဂ် စသည်တို့တွင် 'အဋ္ဌင်္ဂိကမဂ်' (အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယာမဂ်) သည် မြတ်၏။

ဝစီသစ္စာ၊ သမ္မုတိသစ္စာ၊ ဒိဋ္ဌိသစ္စာ၊ ပရမတ္ထသစ္စာ တို့တွင် "ပရမတ္ထသစ္စာ" သည် မြတ်၏။

သန်ဘ၊ အသင်္ခတ တရားတို့တွင် ရာဂ ကင်းသော နိဗ္ဗာန် (အသင်္ခတ)သည် မြတ်၏။

အခြေနှစ်ချောင်းရှိသော လူ စသော သတ္တဝါတို့တွင် မြတ်စွာဘုရားသည် မြတ်၏။

သံယုတ္တနိကာယ ပါဠိတော်၌လည်း—

သမ္ဗုဒ္ဓေါ ဒွိပဒံ သေဋ္ဌော၊
အာဇာနီယော စတုပ္ပဒံ။
သုဿူသာ သေဋ္ဌာ ဘရိယာနံ၊
ယောစ ပုတ္တာန မဿဝေါ ဟု ဆို၏။

ဂါထာအနက်....ဒွိပဒံ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင် သမ္ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ သေဋ္ဌော၊ မြတ်၏။ စတုပ္ပဒံ၊ အခြေလေးချောင်းရှိသော သတ္တဝါတို့တွင်။ အာဇာနီယော၊ ဆင်အစရှိသော အာဇာနည်သည်။ သေဋ္ဌော၊ မြတ်၏။ ဘရိယာနံ၊ မယားတို့တွင်။ သုဿူသာ စ၊ ချစ်လင်ကို နှစ်သက်စေတတ်သော မယားသည်လည်း။ သေဋ္ဌာ၊ မြတ်၏။ ပုတ္တာနံ၊ သားတို့တွင်။ အဿဝေါ၊ မိဘတို့၏ စကားကို နားထောင်သော။ ယော စ ပုတ္တော၊ အကြင်သားသည်လည်း။ အတ္ထိ၊ ရှိ၏။ သော စ ပုတ္တော၊ ထိုသားသည်လည်း။ ပုတ္တာနံ၊ သား အပေါင်းတို့ထက်။ သေဋ္ဌော၊ မြတ်၏။

မေး။ သတိပဋ္ဌာန် မည်ကြောင်းကို ဝိဂ္ဂဟ ဒ.သိ.သိး၍ ဖြေပါ။

ဖြေ● သတိ၏ တည်ရာဖြစ်သောကြောင့် သတိပဋ္ဌာန်မည်၏။
[သတိယ ပဋ္ဌာနံ သတိပဋ္ဌာနံဟု ဝိဂ္ဂဟ ပြုလေ။]

ဝ.နည်း—သတိသည်ပင်လျှင် ထင်ထင်သော အနက် သဘော ကြောင့် သတိပဋ္ဌာန် မည်၏။

[ပတိဋ္ဌာတိ ပဋ္ဌာနံ၊ သတိယေဝ ပဋ္ဌာနန္တိ သတိပဋ္ဌာနံ ဟု ဝိဂ္ဂဟ ပြုလေ။]

တနည်း—အောက်မေ့တတ်သောအနက် သဘောကြောင့်'သတိ' မည်၏၊ ထင်တတ်သော အနက်သဘောကြောင့်'ပဋ္ဌာန်' မည်၏။ ထိုနှစ်ပါးသောသတ္တိကြောင့် 'သတိပဋ္ဌာန်' မည်၏။

သရဏဋ္ဌေန သတိ၊ ဥပဋ္ဌာနဋ္ဌေန ပဋ္ဌာနံ၊ သတိ စ သာ ပဋ္ဌာနဉ္စာတိ သတိပဋ္ဌာနံ။

[သုတ်မဟာဝါ အဋ္ဌကထာ အရတည်း။]

မေး● အဘယ့်ကြောင့် သတိပဋ္ဌာနာဟု ဗဟုဝစနသဒ္ဒါဖြင့် ဆိုထားပါသနည်း။

ဖြေ● သတိသည် အာရုံတို့၏အပြား အားဖြင့် များသောကြောင့် သတိပဋ္ဌာနာ ဟု ဗဟုဝစန သဒ္ဒါဖြင့် ဆိုထားပါသည်။

မေး● ထိုသို့ဖြစ်လျှင် အဘယ့်ကြောင့် မဂ္ဂေါဟု ဧကဝစန သဒ္ဒါဖြင့် ဆိုထားပါသနည်း။

ဖြေ [illegible] နိဗ္ဗာန်ကိုအလိုရှိသော ပုဂ္ဂိုလ်တို့သည် သိအပ်၊ ရှာမှီးအပ်သော အနက်သဘောဖြင့် တူသောကြောင့် မဂ္ဂေါ ဟူ ကေဝစနသဒ္ဒါဖြင့် ဆိုသားပါသည်။

မေး [illegible] အဘယ့်ကြောင့် ဘုရားရှင်သည် သတိပဋ္ဌာန်ကို လေးပါးအောက်အယုတ် လေးပါးထက်အလွန်မဟောကြားပဲ လေးပါးသာ ဟောပါသနည်း။

ဖြေ [illegible] ဝေနေယျ သတ္တဝါတို့၏ အစီးအပွားကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် သတိပဋ္ဌာန် လေးပါးကိုသာ ဟောပါသည်။

ကသ္မာ ပန ဘဂဝတာ စတ္တာရောဝ သတိပဋ္ဌာနာ ဝုတ္တာ အနူနာ အနဓိကာတိ၊ ဝေနေယျဟိတတ္တာ။

[သုတ်မဟာဝါအဋ္ဌကထာ]

**တနည်း....အာရုံ၏အပြား အားဖြင့်** သတိပဋ္ဌာန်လေးပါး ပြားပါသည်။

ကေမေဝ သတိပဋ္ဌာနံ အာရမ္မဏဝသေန စတ္တာရောတိ ဝုတ္တာ။

[ဂုဏ်းအဋ္ဌကထာ၊ သမ္မော အဋ္ဌကထာ]

**မေး** [illegible] သတိပဋ္ဌာန် လေးပါးတို့တွင် အဘယ် သတိပဋ္ဌာန်ဖြင့် အဘယ်ပုဂ္ဂိုလ်အား စင်ကြယ်နိုင်ပါသနည်း။

| မေး | ပုဂ္ဂိုလ် | သတိပဋ္ဌာန် |
|---|---|---|
| | တဏှာစရိတမန္ဒပုဂ္ဂိုလ်အား | ကာယာနုပဿနာ-သတိပဋ္ဌာန် |
| | တဏှာစရိတတိက္ခပုဂ္ဂိုလ်အား | ဝေဒနာနုပဿနာ ။ |
| | ဒိဋ္ဌိစရိတမန္ဒပုဂ္ဂိုလ်အား | စိတ္တာနုပဿနာ ။ |
| | ဒိဋ္ဌိစရိတတိက္ခပုဂ္ဂိုလ်အား | ဓမ္မာနုပဿနာ ။ |

( တနည်း )

| ပုဂ္ဂိုလ် | သတိပဋ္ဌာန် |
|---|---|
| သမထယာနိကမန္ဒပုဂ္ဂိုလ်အား | ကာယာနုပဿနာ ။ |
| သမထယာနိကတိက္ခပုဂ္ဂိုလ်အား | ဝေဒနာနုပဿနာ ။ |
| ဝိပဿနာယာနိကမန္ဒပုဂ္ဂိုလ်အား | စိတ္တာနုပဿနာ ။ |
| ဝိပဿနာယာနိကတိက္ခပုဂ္ဂိုလ်အား | ဓမ္မာနုပဿနာ ။ |

ဤပုဂ္ဂိုလ်လေးမျိုး လေးစားအားဖြင့် သတိပဋ္ဌာန်လေးမျိုးကို ဟောထားပါသည်။

((ဆောင်ရန်)

၁။ တဏှာ ဒိဋ္ဌိ၊ နှစ်ပါးရှိ၊ မျိုးဘိ စရိတာ။

၂။ မန္ဒ တိက္ခ၊ ပုဂ္ဂလ၊ ပွားထ လေးဆူသာ။

၃။ သမထ, ဝိပဿနာ၊ ယာဉ်နှစ်ဖြာ၊ ပွားပါဝဉ်အလာ၊

၄။ သတိပဋ္ဌာန်၊ လေးပါးပြ၊ ဟောထ တို့ဗုဒ္ဓါ။

မေး. ၅။ သတိပဋ္ဌာန် လေးပါးတို့တွင် အဘယ် သတိပဋ္ဌာန်ဖြင့် အဘယ်ဝိပလ္လာသကို ပယ်ရှား နိုင်သည်ကို အသီးသီး ဖော်ပြပါ။

| သတိပဋ္ဌာန် | ဝိပလ္လာသ |
|---|---|
| ကာယာနုပဿနာဖြင့် | သုဘဝိပလ္လာသကို၊ |
| ဝေဒနာနုပဿနာဖြင့် | ....သုခဝိပလ္လာသကို၊ |
| စိတ္တာနုပဿနာဖြင့် | ....နိစ္စဝိပလ္လာသကို၊ |
| ဓမ္မာနုပဿနာဖြင့် | ....အတ္တ ဝိပလ္လာသကို ပယ်ရှားနိုင် ပါသည်။ |

အကျယ်ဖော်ပြပါဦးအံ့

ကာယာနုပဿနာ သတိပဋ္ဌာန်သည် ဆံပင် အမွေးအစ ရှိသော ကောဋ္ဌာသပညတ်ကို အာရုံပြု၏၊ ထိုကောဋ္ဌာသ(ခန္ဓာကိုယ်ယုတ် အကောင်ပုပ်)ပညတ်ကို အသုဘအခြင်းအရာပေါ်အောင်ရှုတတ်၏။ ထို့ကြောင့်ဤသတိပဋ္ဌာန်ဖြင့် သုဘဝိပလ္လာသကို ပယ်ရှားနိုင်၏ဟု မှတ်။

ဝေဒနာနုပဿနာ သတိပဋ္ဌာန် သည် ဝေဒနာတို့ကို ဒုက္ခအခြင်းအရာ ထင်ပေါ်လာအောင် အဖန်ဖန် ရှုဆင်ခြင်တတ်သော သတိဖြစ်၍ သုခ ဥပေက္ခာ ဝေဒနာတို့ကို ရှုသည့်အခါပျက်စီးပုံကို စင်စစ်အမှန် အမြင်သန့်သဖြင့် လည်း ကောင်း၊ ဒုက္ခဝေဒနာကို ရှုသည့်အခါ ဘေးအပေါင်းတို့သည် အမြဲမပြတ်နှိပ်စက်နေပုံကို စင်စစ်အမှန် အမြင်သန့်သဖြင့်လည်းကောင်း ဒုက္ခဟူ၍ချည်း ထင်လာ၏။ ထို့ကြောင့် ဤသတိပဋ္ဌာန်ဖြင့် သုခဝိပလ္လာသ ကို ပယ်ရှားနိုင်၏ဟု မှတ်။

## သတိပဋ္ဌာန်လေးပါး ရုပ်နာမ်အားဖြင့် သိမ်းဆည်းပုံ

ကာယာနုပဿနာ သတိပဋ္ဌာန်ဖြင့် ရုပ်သက်သက်ကို သိမ်းဆည်းခြင်းကို၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်တို့ဖြင့် နာမ်သက်သက်ကို သိမ်းဆည်းခြင်းကို၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြင့် ရုပ်နာမ်နှစ်ပါး ရောသော သိမ်းဆည်းခြင်းကို ဟောတော်မူ၏ဟုမှတ်။

မေး။ ။အဘယ် သတိပဋ္ဌာန်ဖြင့် အဘယ် ခန္ဓာကို ဟောပါသနည်း။

ဖြေ ။ ကာယာနုပဿနာ သတိပဋ္ဌာန်ဖြင့် ရူပက္ခန္ဓာကို၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်ဖြင့်ဝေဒနာက္ခန္ဓာကို၊စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြင့် ဝိညာဏက္ခန္ဓာကို၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြင့် သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကို ဟောပါသည်။

[သမ္မော အဋ္ဌကထာမှာလည်း ထို့အတူပင်။]

## သံဝေဂဝတ္ထု ရှစ်ပါးသရုပ်

(၁) ဇာတိ–ပဋိသန္ဓေနေခြင်း၊
(၂) ဇရာ–အိုမင်း ယိုယွင်းခြင်း၊
(၃) ဗျာဓိ–ဖျားနာခြင်း၊
(၄) မရဏ– သေခြင်း။

(၅) အပါယဒုက္ခ- အပါယ်၌ဖြစ်သော ဆင်းရဲခြင်း၊
(၆) အတီတေ ဝဋ္ဋမူလကဒုက္ခ- အတိတ်၌ ဝဋ်တရားလျှင် အကြောင်း ရင်းရှိသော ဆင်းရဲခြင်း၊
(၇) အနာဂတေ ဝဋ္ဋမူလက ဒုက္ခ၊ အနာဂတ်၌ ဝဋ်တရားလျှင် အကြောင်းရင်းရှိသောဆင်းရဲခြင်း၊
(၈) ပစ္စုပ္ပန္နေ အာဟာရပရိယေသန မူလက ဒုက္ခ-ပစ္စုပ္ပန်၌ အာဟာရကို ရှာမှီးခြင်းအကြောင်းရင်းရှိသော ဆင်းရဲခြင်းအားဖြင့် ရှစ်ပါးတို့တည်း။

[မှတ်ချက်] မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ သံယုတ္တနိကာယ၊ အင်္ဂုတ္တရနိကာယ၊ သမ္မော, ဝိသုဒ္ဓိမဂ်စသော အဋ္ဌကထာတို့၌လည်း ၎င်းသံဝေဂဝတ္ထု ရှစ်ပါးကို ပြဆိုကြ၏။

ဘုံအားဖြင့် ဝေဖန်ပြပါဦးအံ့ ပါဠိတော်လာ ဇာတိ,ဇရာ, ဗျာဓိ, မရဏတို့သည်ကား သုဂတိဘုံ ဒုဂ္ဂတိဘုံတို့၌ ထိုက်သင့်သလို သာ ဝါတို့အား ဖြစ်ကြကုန်၏။

ကြွင်းသောသံဝေဂဝတ္ထုတို့ကား– အတိတ်ဘဝ၊ အနာဂတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အပါယ်ဘုံတို့၌ ဖြစ်ကြကုန်၏ဟု မှတ်။

[သုတ်မဟာဝါ ဋ္ဌကထာစသော ဋီကာ လာစကား တည်း။

မဟာသတိပဋ္ဌာနသုတ် သရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

မဟာသမယသုတ် အဋ္ဌကထာ၊ ပါယာသိရာဇညသုတ်အဋ္ဌက ထာတို့၌ အဓိပ္ပာယ်အရှုံးမရှိပေ။

သို့သော် ပါယာသိရာဇညသုတ်၌ ထက်နတ်များထို၊ လူနှံ့ကို ခံလိုနိုင်အံ့နည်းဟု ရှေးဆရာတော်များ မေးဖွယ်လေသည်။

အဖြေကား - ယူဇနာတရာ၊ ဝေးကွာရာက၊ မခံနိုင်စွ၊ ပုပ်ကောင်ပြည့်၊ မနုဿလူ၊ အနံ့ဟူ၊ မုတ်ယူနတ်တို့ နံသတည်းဟု ဖြေသည်ကို ပါယာသိရာဇညသုတ်အဋ္ဌကထာ စကားဖြင့် တွေ့ရပေသည်။

ထို့နောက် ရှင်ကုမာရကဿပသည် ဘိက္ခုနီမ၏ သား ဟုတ် မဟုတ် မေးမြန်းဖွယ်လေသည်။

ဘိက္ခုနီမ၏ သားကား ဟုတ်ပေသည်။ ထိုဘိက္ခုနီမသည် ရဟန်းမပြုမီလူဘဝက ရှိခဲ့သော ကိုယ်ဝန်ဟု ဘုရားရှင်ဆုံးဖြတ် တော်မူသည်ကို ထောက်၍ သိလေ။

ထို့ကြောင့် ရှေးသားအဆင်းရှိသော ဘိက္ခုနီမ၏ သားကို ပသေနဒီကောသလမင်းကြီးက မွေးစားထားသော သားဖြစ် သောကြောင့် ထိုရှင်ကုမာရကဿပမထေရ်ကို ကုမာရကဿပ ဟု ခေါ်ကြလေ၏။

စိတ္တာနုပဿနာ သတိပဋ္ဌာန်သည် စိတ်ကို အာရုံပြု၍ ဤစိတ်ကား သရာဂစိတ်၊ ဤစိတ်ကား ဝီတရာဂစိတ် စသည်ဖြင့် ခွဲခြားလျက် အနိစ္စ အခြင်းအရာထင်လာအောင် အဖန်ဖန် ရှုဆင်ခြင်တတ်သော သတိဖြစ်၍ စိတ်အမျိုးမျိုးအဖုံဖုံ ပြောင်းလဲနေပုံကို သေချာစွာသိရသဖြင့် အနိစ္စအခြင်းအရာ လွန်မင်းစွာ ထင်ပေါ်လာလေသည်။ ထို့ကြောင့် ဤသတိပဋ္ဌာန်ဖြင့် နိစ္စဝိပလ္လာသကို ပယ်ရှားနိုင်၏ဟုမှတ်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန် သည် ဓမ္မ ဟူသော သညာ, သင်္ခါရဓမ္မများကို အနတ္တအခြင်းအရာ ထင်ပေါ်လာအောင် ရှုဆင်ခြင်သောသတိဖြစ်၍ ထိုဓမ္မများကို အာရုံပြု၍ ရှုဆင်ခြင်သောအခါ အရာရာကိစ္စဟူသမျှ၌ ထိုပရမတ္ထဓမ္မတွေချည်းသာ ထင်ရှားရှိနိုင်ကြောင်းကို သိရ၍ အနတ္တ လက္ခဏာ ထင်ပေါ်လာလေသည်။ ထို့ကြောင့် ဤသတိပဋ္ဌာန်ဖြင့် အတ္တ ဝိပလ္လာသကို ပယ်ရှားနိုင်၏ဟုမှတ်။

[မဆောင်ရန်]

- အသုဒ္ဓ၊ အနိစ္စ၊ အနတ္တခြင်းအရာ။
- သုဘ, သုခ၊ နိစ္စပြ၊ အတ္တ ဝိပလ္လာ။
- သတိပဋ္ဌာန်၊ ပေါင်းလေးတန်၊ အမှန်ပယ်ဖို့ရာ။
- ပယ်သူအများ၊ မြဲမှတ်သား၊ ရောက်ငြားနိဗ္ဗုတာ။

(တနည်း) အာသဝေါဘာရားလေးပါး၊ သြဃဘာရားလေးပါး၊ ယောဂတရားလေးပါး၊ ဥပါဒါန်တရားလေးပါး၊ အဂတိတရားလေးပါးတို့ကို အစဉ်အတိုင်း ပယ်ခြင်းငှာသည်း သတိပဋ္ဌာန်လေးပါးကိုသာ ဘုရားဟောပါသည်။

[သတိပြု] ကာယာနုပဿနာသတိပဋ္ဌာန်ဖြင့် ကာမာသဝကို ပယ်သည် စသည်ဖြင့် အဂတိတရားလေးပါးတိုင်အောင် အမြဲသတိပြု မှတ်သားကြပါလေ။

((ဆောင်ရန်)

- အာ, သြ, ယောဂါ၊ ဂန္ထပါ၊ ဥပါလေးဝီလာ။
- အဂတိလေးပါး၊ မြဲလိုက်စား၊ မှဘ်သား နှောက်ဘဖြာ၊
- အများသူငါ၊ ထင်သောခါ၊ မှန်စွာပယ်ဖို့ရာ။
- သတိပဋ္ဌာန်၊ ပေါင်းလေးဝ၊ ဟောထ တို့ဗုဒ္ဓါ။
- မြန်မာ့ပါရဂူ၊ စွဲလိုသူ၊ နှုတ်ယူဆောင်ကြပါ။

မေး ❶ ဒေသနာသုံးပါးကို အဘယ်သို့ ရှုဆင်ခြင် အပ်ပါသနည်း။

ဖြေ ❶ သုဒေသနာကို ဝိပရိဏာမဒုက္ခအားဖြင့် ရှုအပ်ပါသည်။ ဒုက္ခဒေသနာကို သလ္လ (ဆူးငြောင့်နှင့်တူသော) အားဖြင့် ရှုအပ်ပါသည်။

ဥပေက္ခာဝေဒနာကို အနိစ္စအားဖြင့် ရှုအပ်ပါသည်။

[သုတ်မဟာဝါ အဋ္ဌကထာ၊ သဂါထာအဋ္ဌကထာ၊ သံယုတ် အဋ္ဌကထာ]

ယော သုခံ ဒုက္ခတော အဒ္ဒ၊
ဒုက္ခံ အဒ္ဒက္ခိ သလ္လတော။
အဒုက္ခမသုခံ သန္တံ၊
အဒ္ဒက္ခိ နံ အနိစ္စတော။

(ဂါထာအနက်) ယော ပုဂ္ဂိုလ်သည်။ အကြင်ပုဂ္ဂိုလ်သည်။ သုခံ၊ သုခဝေဒနာကို။ ဒုက္ခတော၊ ဝိပရိဏာမဒုက္ခအားဖြင့်။ ဒုက္ခာတိ၊ ဒုက္ခဟူ၍။ ပညာစက္ခုနာ၊ ဝိပဿနာ ပညာမျက်စိဖြင့်။ (ကရိုဏ်းထည့်သည်)အဒ္ဒ–အဒက္ခိ ရှု၏။ ဒုက္ခံ၊ ဒုက္ခကို။ သလ္လတော၊ ဆူးငြောင့်နှင့် တူသောအားဖြင့်။ ပညာစက္ခုနာ၊ ဖြင့်။ အဒ္ဒက္ခိ၊ ရှု၏။ သန္တံ၊ ငြိမ်သက်သော။ အဒုက္ခမသုခံ၊ ကို။ အနိစ္စတော၊ အားဖြင့်။ ပညာစက္ခုနာ၊ ဖြင့်။ အဒ္ဒက္ခိ၊ ရှု၏။ (နံ ကား နိပါတ်မျှသာတည်း)။

တနည်း–အလုံးစုံသော ဝေဒနာတို့ကို ဒုက္ခဟူ၍လည်း ရှုဆင်ခြင်အပ်၏။

သဗ္ဗာဝေတာ ဒုက္ခာတိပိ အနုပဿိတဗ္ဗာ။

[ဋီကာအဋ္ဌကထာများပင်]

မေး ● သုခဝေဒနာစသော ဝေဒနာတို့၏ သရုပ်တရားကိုယ်ကို အသီးသီးညွှန်ပြပါ။

ဖြေ ● သုခဝေဒနာ—သုခသဟဂုတ်စိတ် (၆၃)ခု၌ ရှိသော ဝေဒနာ(၆၃)ခု၊

ဒုက္ခဝေဒနာ—ဒုက္ခသဟဂုတ်စိတ် (၃)ခု၌ ရှိသော ဝေဒနာ (၃)ခု၊

အဒုက္ခမသုခဝေဒနာ— ဥပေက္ခာသဟဂုတ်စိတ်(၅၅)ခု၌ရှိသော ဝေဒနာ (၅၅)ခု၊

သာမိသသုခဝေဒနာ— ကာမဂုဏ်ငါးပါး၌မှီသော ဂေဟဿိတ သောမနဿ ဝေဒနာ (၆)ပါး၊

နိရာမိသသုခဝေဒနာ— နေက္ခမ္မဓာတ်၌ မှီသော သောမနဿ ဝေဒနာ(၆)ပါး၊

သာမိသဒုက္ခဝေဒနာ— ဂေဟဿိတ ဒေါမနဿ ဝေဒနာ (၆) ပါး၊

နိရာမိသဒုက္ခဝေဒနာ— နေက္ခမ္မဿိတ ဒေါမနဿ ဝေဒနာ (၆)ပါး၊

သာမိသအဒုက္ခမသုခဝေဒနာ - ဂေဟဿိတ ဥပေက္ခာ ဝေဒနာ (၆)ပါး၊

နိရာမိသအဒုက္ခမသုခဝေဒနာ- နေက္ခမ္မဿိတ ဥပေက္ခာဝေဒနာ (၆)ပါး၊

(ရှင်းအဋ္ဌကထာများပေ်တည်း။)

**အထူးမှတ်ချက်**—ဝေဒနာနုပဿနာအရာ၌ အဘယ်ဝေဒနာများကို ယူရပါမည်နည်းဟု မေးလျှင် ဆိုခဲ့ပြီးသော ဝေဒနာများကို ယူရကြောင်းကို ဖြေလေ၊

မေး ● ဘုရားရှင်သည် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို အဘယ်အကျိုးငှာ ဟောတော်မူပါသနည်း။

ဖြေ ● ဘုရားရှင်သည် အရူပကမ္မဋ္ဌာန်းကို ဟောသည်ရှိသော် ဝေဒနာ၏အစွမ်းအားဖြင့် ဟောတော်မူပါသည်။

ဤသို့ ဝေဒနာ၏အစွမ်းအားဖြင့် ဟောတော်မူလို၍ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကိုဟောတော်မူပါသည်။

ရူပပနဘဂဝါ အရူပကမ္မဋ္ဌာနံ ကထေန္တော ဝေဒနာဝသေန ကထေသိ။ [သက္ကပဉှသုတ် အဋ္ဌကထာ]

စတုရာရက္ခတရား လေးပါး

(၁) ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၊ (၃) အသုဘကမ္မဋ္ဌာန်း
(၂) မေတ္တာ ။ (၄) မရဏာနုဿတိ

ကမ္မဋ္ဌာန်းအားဖြင့် လေးပါးတို့တည်း။

ထိုတရားလေးပါးတို့ကို မိမိတို့က ကျင့်သုံး စောင့်ရှောက်ထိုက်သောကြောင့် လည်းကောင်း၊ ကျင့်သုံးစောင့်ရှောက်သည့် ယောဂီတို့ကို တဖန် ထိုတရားလေးပါးက ပြန်၍ စောင့်ရှောက်တတ်သောကြောင့် လည်းကောင်း "စတုရာရက္ခ" တရားဟု ခေါ်ဆိုရလေသည်။

ထိုတရားလေးပါးကိုပင် သမထဝိပဿနာ ဘာဝနာ ယှဉ်မှု ခပ်သိမ်းလူတို့ ကြည်ညိုမပြတ် ပွားများအားထုတ် အပ်သော ကြောင့် ''သတ္တကကမ္မဋ္ဌာန်း''ဟုလည်း ခေါ်ဆိုထိုက်သေး သည်။

(ဤမဟာသတိပဋ္ဌာနသုတ်၏အဋ္ဌကထာနှင့်အခြား အဋ္ဌကထာ များအဆိုတည်း။)

((ဆောင်ရန်)

- ဗုဒ္ဓ၊ မေတ္တာ၊ အသုဘာ၊ တဖြာမရဏ။
- စတုရက္ခာ၊ မြတ်ဓမ္မာ၊ မှတ်ပါ သဗ္ဗတ္ထ။
- စောင့်ရှောက်အပ်ငြား၊ ဤလေးပါး၊ မှတ်သား မိမိက။
- တရားခေါင့်ထား၊ ပီပီအား၊ စောင့်ငြားတရားက။
- ကြည်ဖြူမပြတ်၊ ပွားများအပ်၊ ခေါ်လတ် သဗ္ဗတ္ထ။

သိဝထိကအပြား[၉]ပါး

(၁) ဧကာဟမတံဝါ စသောနည်းဖြင့် ဖောသောအလုံး စုံသော သိဝထိကတပါး၊
(၂) ကာကေဟိဝါ ခဲမနှိပ်စသော သိဝထိက တပါး၊
(၃) အဋ္ဌိက(ပ)နှာရုသမ္ဗန္ဓ ဟူသော သိဝထိက တပါး၊
(၄) နိမံသ(ပ)နှာရုသမ္ဗန္ဓ ဟူသော သိဝထိက တပါး၊
(၅) အပဂတ(ပ)နှာရုသမ္ဗန္ဓ ဟူသော သိဝထိက တပါး၊

(၆) အဇ္ဈတ္တိကာနိ အပရာနိ သမ္မုန္နာနိဟူသော ။

(၇) အဇ္ဈတ္တိကာနိ သေတာနိ သခ်ၤဝဏ္ဏပဋိဘာဂါနိ ဟူသော ။

(၈) ပုဠဝိကာနိ တေဇောဝသိကာနိဟူသော။

(၉) ပူတိနိစုဏ္ဏကာဇာတာနိဟူသောအားဖြင့်(၉)ပါးတည်း။

ပဗ္ဗအပြား(၁၄)ပါး

(၁) အာနာပါန ပဗ္ဗ၊

(၂) ဣရိယာပထ ပဗ္ဗ၊

(၃) ပဋိက္ကူလမနသိကာရ ပဗ္ဗ၊

(၄) ဓာတုမနသိကာရပဗ္ဗ၊

(၅) ကိုးပါးသော သိဝထိက ပဗ္ဗအားဖြင့် တဆယ့်လေး ပါးတို့တည်း၊

အပ္ပနာကမ္မဋ္ဌာန်း-ဥပစာရကမ္မဋ္ဌာန်းခွဲဝေပုံ

ထိုတဆယ့်လေးပါးသော ပဗ္ဗတို့တွင် အာနာပါန ပဗ္ဗနှင့် ပဋိက္ကူလမနသိကာရပဗ္ဗနှစ်ပါးသည် အပ္ပနာကမ္မဋ္ဌာန်းမည်၏။

သိဝထိကတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော အပြစ်ကို ရှုသည့် အစွမ်းဖြင့် ဆိုထားသောကြောင့် ကြွင်းသော ပဗ္ဗ တဆယ့်နှစ်ပါးတို့လည်း ဥပစာရ ကမ္မဋ္ဌာန်းမည်၏။

## ကေဝိသတိကာမွဋ္ဌာနအရ သရုပ်ရေတွက်ပုံ

(၁) အာနာပါန ပဗ္ဗ၊ (၈) စိတ္တာနုပဿနာ၊
(၂) ဣရိယာပထ ပဗ္ဗ၊ (၉) နီဝရဏကို သိမ်းယူခြင်း၊
(၃) သမ္ပဇည ပဗ္ဗ၊ (၁၀) ခန္ဓာကို သိမ်းယူခြင်း၊
(၄) ဒွတ္တိံသာကာရ၊ (၁၁) အာယတနကိုသိမ်းယူခြင်း၊
(၅) ဓာတုမနသိကာရ (၁၂) ဗောဇ္ဈင်ကို သိမ်းယူခြင်း၊
(၆) သိဝထိက(၉)ပါး၊ (၁၃) သစ္စာကိုသိမ်းယူခြင်း—
(၇) ဝေဒနာနုပဿနာ၊ အားဖြင့်(၂၁)ပါးတည်း။

ထိုနှစ်ဆယ့် ကပါးသော ကမ္မဋ္ဌာန်းတို့တွင် အာနာပါန ကမ္မဋ္ဌာန်း၊ ဒွတ္တိံသာကာရကမ္မဋ္ဌာန်း၊ သိဝထိက (၉)ပါး၊ ပေါင်း (၁၁)ပါးသော ကမ္မဋ္ဌာန်းတို့သည်"အပ္ပနာကမ္မဋ္ဌာန်း" တို့ မည်ကုန်၏။

သနိကာယ်ဆောင် မဟာသိဝမထေရ်၏ အလိုအားဖြင့် အာနာပါနကမ္မဋ္ဌာန်းနှင့်ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းတို့သည် သာ လျှင် "အပ္ပနာကမ္မဋ္ဌာန်း"မည်၍ ကြွင်းသော ကမ္မဋ္ဌာန်းတို့ကား "ဥပစာရကမ္မဋ္ဌာန်း"မည်၏ဟု ဆိုကုန်၏။

မေး သရာဂစိတ် ဝီတရာဂစိတ်စသော (၁၆) ပါးသော စိတ်တို့ကို တပါးကိုယ်ဖြစ်ဆိုက်သော စိတ်များနှင့်တကွ ယှဉ်တွဲပြခဲ့ပါ။

ဖြေ ၉

| စိတ်အမည် | | တရားကိုယ်ဖြစ်ထိုက်သောစိတ် | | |
|---|---|---|---|---|
| သရာဂ | စိတ် | လောဘမူစိတ် | ၈-ပါး | |
| ဝီတရာဂ | ။ | လောကီကုသိုလ်-ဝိပါက် ကြိယာ | ၆၉- | ။ |
| သဒေါသ | ။ | ဒေါသမူစိတ် | ၂- | ။ |
| ဝီတဒေါသ | ။ | လောကီကုသိုလ်-ဝိပါက် ကြိယာ | ၆၉- | ။ |
| သမောဟ | ။ | မောဟမူစိတ် | ၂- | ။ |
| ဝီတမောဟ | ။ | လောကီကုသိုလ်-ဝိပါက် ကြိယာ | ၆၉- | ။ |
| သံခိတ္တ | ။ | ထိနမိဒ္ဓနှင့်ယှဉ်သောစိတ် | ၅- | ။ |
| ဝိခိတ္တ | ။ | ဥဒ္ဓစ္စသဟဂုတ်စိတ် | ၁- | ။ |
| မဟဂ္ဂတ | ။ | ရူပစိတ်-အရူပစိတ် | ၂၇- | ။ |
| အမဟဂ္ဂတ | ။ | ကာမစိတ် | ၅၄- | ။ |
| သဉတ္တရ | ။ | ကာမစိတ် | ၅၄- | ။ |
| အနုတ္တရ | ။ | ရူပစိတ်-အရူပစိတ် | ၂၇- | ။ |
| သမာဟိတ | ။ | အပ္ပနာသမာဓိ-ဥပစာရသမာဓိစိတ် | - | ။ |
| အသမာဟိတ | ။ | သမာဓိ[၂]ပါးမှ ကင်းသောစိတ် | - | ။ |
| ဝိမုတ္တ | ။ | တဒင်္ဂဝိမုတ္တိ-ဝိက္ခမ္ဘနဝိမုတ္တိစိတ် | - | ။ |
| အဝိမုတ္တ | ။ | ဝိမုတ္တိ[၂]ပါးမှ ကင်းသောစိတ် | - | ။ |

(မှတ်ချက်) သမ္မော အဋ္ဌကထာမှာလည်း ထို့အတူပင်ခွဲဝေ ထားသည်ကို မှတ်လေ။ စိတ္တ ပမိုက် အကောက် အလိုနှင့် မတူသည်ကို သတိပြုပါ။

သုတ်မဟာဝဂ္ဂ အဋ္ဌကထာ

သရုပ်နှင့် အဓိပ္ပာယ် ပြီးပါပြီ။

[ဆုတောင်းပတ္ထနာ]

ဤကျမ်းရေးရ၊ ကုသလတွေ၊
ဘေးရန်မသန်း၊ ပြောင့်တန်းပါစေ၊
မဂ္ဂင်ဖောင်ကြီး၊ တက်စီးကာလေ၊
နိဗ္ဗာန်မြို့၊ မချို့ရောက်ရစေ။

# သုတ်ပါထေယျပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ပါထိကသုတ် ပါဠိတော်
# သရုပ်နှင့်အဓိပ္ပာယ်

ဘုရားရှင်၏ တန်ခိုးပြာဋိဟာငါးပါး
[ပါဋိဟာရိယ ငါးပါးဟူလို။]

(၁) ခုနစ်ရက်မြောက်သောနေ့၌ စားပိုးနင့်သော ရောဂါဖြင့် သေလတ္တံ့ဟု မိန့်တော်မူသည့်အတိုင်း မှန်ကန်ခြင်း ပထမ ပါဋိဟာရိယ တပါး၊

(၂) အစာမကျေသော အနာရောဂါကြောင့် သေရလတ္တံ့ဟု မိန့်တော်မူသည့်အတိုင်း မှန်ကန်ခြင်း ဒုတိယပါဋိဟာရိယတပါး၊

(၃) အသူရာဘုံ၌ ကာလကဥ္စိကာ အသူရာမျိုး၌ ဖြစ်လတ္တံ့ဟု မိန့်တော်မူသည့်အတိုင်း မှန်ကန်ခြင်း တတိယ ပါဋိဟာရိယတပါး၊

(၄) ပြိတ်မြွာချုံရောက်သော သုသာန်တော၌ စွန့်ပစ်ကုန်လတ္တံ့ဟု မိန့်တော်မူသည့်အတိုင်း၊ မှန်ကန်ခြင်း စတုတ္ထပါဋိဟာရိယ တပါး၊

(၅) ဖြစ်ရာအရပ်မှလာ၍ သုနက္ခတ္တနှင့် စကားဆိုလတ္တံ့ဟု မိန့်တော်မူသည့်အတိုင်း မှန်ကန်ခြင်း ပဉ္စမ ပါဋိဟာရိယာ တပါး။ ဤကား ကုသလကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာ ငါးပါးတို့ပင်တည်း။

(ဆောင်ရန်)

- ခုနစ်ရက်မှာ၊ မကျေစာ၊ ဖြစ်ရာကာလကဥ္စိက။
- ပြိတ်ချုံရောက်ငြား၊ ဆိုစကား၊ ငါးပါးပါဋိဟာရိယ။

[မှတ်ချက်] အလက်ပါ ပါဋိဟာရိယ ငါးပါးသည်—

ဝတုဇာတတ္တိက ခေါ် ခွေးအကျင့်ကျင့်လျက် (ပုဆစ်နှစ်ဘက်၊ တံတောင်ဆစ်နှစ်ဘက်) လေးဘက်ထောက်သွားသော မြေ၌ချထားသည့်အစာကို ပါးစပ်ဖြင့်သာ ဟပ်၍စားသော ကောရခတ္တိယ တက္ကတွန်းကို အကြောင်းပြု၍ ဟောထားသည်ဟုမှတ်။

မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌ နေတော်မူစဉ် အဝတ်မဝတ်သော ကဠာရမဋ္ဋက တက္ကတွန်းအား အကြောင်းပြု၍ ဟောတော်မူသော ကျင့်ဝတ် ခုနစ်မျိုး။

ကဠာရမဋ္ဋက တက္ကတွန်း၏ ကျင့်ဝတ်ခုနစ်ပါး

(သတ္တဝတပဒါနိ သမတ္တာနိ သမာဒိန္နာနိ ပါဠိတော်အရ ဟူလို)

(၁) အသက်ထက်ဆုံး အဝတ် မဝတ်ပဲ တက္ကတွန်း လုပ်ပါအံ့။

(၂) အသက်ထက်ဆုံး မေထုန်မှီဝဲပဲ မြတ်သော အကျင့်ကို ကျင့်ပါအံ့။

(၃) အသက်ထက်ဆုံး ထမင်းမုန့်ကို မစားပဲ သေအမဲဖြင့်သာ မျှတပါအံ့။

(၄) ဝေသာလီပြည်၏ အရှေ့ဥဒေနစေတီ (နတ်ကွန်း) ကို လွန်၍ မသွားပါအံ့။

(၅) တောင်အရပ်ရှိ ဂေါတမစေတီ (နတ်ကွန်း) ကို လွန်၍ မသွားပါအံ့။

(၆) အနောက်အရပ်ရှိ သတ္တမ္ဗစေတီ (နတ်ကွန်း)ကို လွန်၍ မသွားပါအံ့။

(၇) မြောက်အရပ်ရှိ ဗဟုပုတ္တစေတီ (နတ်ကွန်း) ကို လွန်၍ မသွားပါအံ့ဟု ဤ ခုနစ်ပါးသော ကျင့်ဝတ် တို့ကို ဆောက်တည်ကျင့်သုံး၏၊

(ဆောင်ရန်)

- အဝတ်မဆောင်၊ မေထုန်ရှောင်၊ မြဲအောင် ထမင်း၊ မစားခြင်း။
- ဝေသာလီပြည်၊ ရှေ့ဆိုးတော၊ တောင် ဂေါတမေ၊ နောက်နေ့သတ္တမ်၊ ပြောက်ငဟာမုန်၊ လေးတန်မယွင်း၊ မလွန်ခြင်း။

ပါထိကသုတ်ပါဠိတော် သရုပ်နှင့် အဓိပ္ပာယ် ပြီးပါပြီ။

# ဥဒုမ္ဗရိကသုတ် ပါဠိတော်
# သရုပ်နှင့် အဓိပ္ပာယ်

## မဂ်ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သော စကားများ

မင်းနှင့်စပ်သောစကား၊ ခိုးသူနှင့် စပ်သောစကား၊ အမတ်ကြီးနှင့်စပ်သောစကား၊ စစ်သည်နှင့်စပ်သောစကား၊ ကြောက်မက်ဖွယ်နှင့်စပ်သောစကား၊ စစ်ထိုးခြင်းနှင့် စပ်သောစကား၊ စားဖွယ်နှင့်စပ်သောစကား၊ သောက်ဖွယ်နှင့် စပ်သောစကား၊ အဝတ်နှင့် စပ်သောစကား၊ အိပ်ရာနှင့် စပ်သောစကား၊ ပန်းနှင့်စပ်သောစကား၊ နံ့သာနှင့် စပ်သောစကား၊ ဆွေမျိုးနှင့် စပ်သောစကား၊ ယာဉ်နှင့် စပ်သောစကား၊ ရွာနှင့် စပ်သောစကား၊ နိဂုံးနှင့်စပ်သောစကား၊ မြို့နှင့် စပ်သောစကား၊ နယ်နှင့်စပ်သောစကား၊ မိန်းမနှင့် စပ်သောစကား၊ ယောကျ်ားနှင့် စပ်သောစကား၊ သူရဲကောင်းနှင့် စပ်သောစကား၊ မြို့တွင်းရှိလမ်းနှင့်စပ်သောစကား၊ ရေခပ်ဆိပ်နှင့်စပ်သောစကား၊ သေလွန်သူနှင့် စပ်သောစကား၊ အထွေထွေနှင့် စပ်သောစကား၊ လောကအကြောင်းနှင့်စပ်သောစကား၊ သမုဒ္ဒရာ အကြောင်းနှင့်စပ်သောစကား၊ ကြီးပွားဆုတ်ယုတ်ခြင်းနှင့် စပ်သောစကားတို့တည်း။

## အဓိဝေဂုစ္ဆာဝါဒနှင့် တပေါဝီဂုစ္ဆာဝါဒမည်ပုံ

ကိလေသာ ကုန်ခန်းစေရန်ဆိုပြီး အဝတ်မဝတ်ခြင်း၊ အစား မစားခြင်း၊ ရေချိုးမီးလှုံ တုံးခုန်ခြင်း စသည်ဖြင့် မိမိကိုယ်ကို နှိပ်စက်ညှဉ်းပန်းသော အတ္တကိလမထ အကျင့်မျိုးကို စွဲယူကျင့် သုံးသောအယူကို အဓိဝေဂုစ္ဆာဝါဒနှင့် တပေါဝီဂုစ္ဆာဝါဒ ဟု ခေါ်သည်။

### ဗိဇဂါမ်အပြား ငါးပါး

[ဆောင်ရန်]

၄. ပင်ဝည်အမြစ်၊ အဆစ်ညွှန့်မျှား၊ အစေ့အား၊ ငါးပါးဗီဇဂါမ်။

● မျက်ဆိ၊ တုံလပ်၊ သင့်ဒုက္ကဋ်၊ ငါးရပ်လွတ်ကြောင်းဖန်။
[ဝိနယသံဒိပ်]

### တပသီပုဂ္ဂိုလ်၏ စောင့်စည်းခြင်းလေးမျိုး

(တပဿီစတုယာမ သံဝရအရာ လေးပါး)

(၁)...တပဿီပုဂ္ဂိုလ်သည် အသက်ကိုမသတ်၊ အသက်ကိုမသတ် စေ၊ အသက်သတ်သောသူအား အလိုမတူ။ ဤကား တပါး၊

(၂)...သူတပါးမပေးသောဥစ္စာကို မယူ၊ မပေးသောဥစ္စာကို လည်း မပေးစေ၊ မပေးသောဥစ္စာကို ယူသောသူအား အလိုမတူ။ ဤကား တပါး၊

(၃)....မဟုတ်မမှန်သောစကားကို မပြောဆို၊ မဟုတ်မမှန်သော စကားကိုလည်း မပြောစေ၊ မဟုတ်မမှန်သောစကားကို ပြောဆိုသူအား အလိုမတူ။ ဤကား တပါး၊

(၄)....ကာမဂုဏ်ငါးပါးကိုလည်း မခံစား၊ ကာမဂုဏ်ငါးပါး ကိုလည်း မခံစားစေ၊ ကာမဂုဏ်ငါးပါးကို ခံစားသော သူအား အလိုမတူ။ ဤသို့အားဖြင့် လေးမျိုးတည်း။

မေး● အဘယ်ဂ္ဂိုလ်မျိုးကို 'တပဿီ' ပုဂ္ဂိုလ်ဟု ခေါ်ပါ သနည်း။

ဖြေ● သီလလုံခြုံအောင်လုံ့လပြုသော သီလသံဝရပုဂ္ဂိုလ်၊ ပလိဗောဓမှ ကင်းဝေးအောင် လုံ့လပြုသော ယောဂါဝစရပုဂ္ဂိုလ်၊ အဘိညာဥ်ချွန်ရ ပုဂ္ဂိုလ်များကို 'တပဿီ' ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

## ထိုတပဿီပုဂ္ဂိုလ်၏ လက္ခဏာ

ထိုသူသည် သီလကိုပွားစေ၏။ လူ့ဘောင်သို့ ပြန်၍မလည်၊ ထိုသူသည် ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာမှီဝဲ၏။ တော သစ်ပင်ရင်း တောင်ချောက် တောင်ခေါင်း သင်္ချိုင်း တော အုပ် လွင်ပြင် ကောက်ရိုးပုံဟူသော ဆိတ်ငြိမ်ရာကျောင်း အိပ် ရာနေရာ ဝိဝေကရိပ်သာကို မှီဝဲ၏။

ထိုသူသည် ဆွမ်းခံရာမှအပြန် ဆွမ်းစားပြီးနောက် ထက် ဝယ်ဖွဲ့ခွေနေပြီးလျှင် ကိုယ်ကို ဖြောင့်စွာထား၍ ကမ္မဋ္ဌာန်း တရားကို ရှေ့ရှုသတိကို ဖြစ်စေလျက် ထိုင်၏။

ထို့ပြင်သည် လောက၌ မက်မောခြင်း အဘိဇ္ဈာကို ပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ'ကင်းသောစိတ်ဖြင့် နေ၏၊ ပျက်စီးစေလိုခြင်းဒေါသ၊ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'၊ နောင်တတတဖန်ပူပန်ခြင်း 'ကုက္ကုစ္စ'၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'၊ ဤအကုသိုလ်တရားဘို့ကိုပယ်၍စိတ်ကိုစင်ကြယ်စေ၏၊

ထို့နောက် ဗြဟ္မစိုရ် တရားလေးပါးကိုလည်း ပွားများနေ၏။

ဥဒုမ္ဗရိကသုတ် ပါဠိတော်သရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

# စက္ကဝတ္တိသုတ် ပါဠိတော်
# သရုပ်နှင့်အဓိပ္ပာယ်

## စကြာမင်း၏ ကျင့်ဝတ်များ

တရားတော်ကိုသာ အမှီပြု၍ အရိုအသေပြုခြင်း၊
တရားတို့ကို မြတ်နိုးပြီး ပူဇော်ရခြင်း၊

မယား စံသည့်၌လည်းကောင်း၊ စစ်သည်ဗိုလ်၌လည်းကောင်း၊ အရံမင်းတို့၌ လည်းကောင်း၊ ပုဏ္ဏားနှင့်အမျိုးသားတို့၌ လည်းကောင်း၊ နိဂုံးဇနပုဒ် သားတို့၌ လည်းကောင်း၊ သမဏဗြာဟ္မဏတို့၌ လည်းကောင်း၊ ငှက်အပေါင်းတို့၌ လည်းကောင်း၊ တရားနှင့် လျော်အောင် စောင့်ရှောက်မှု၊ ကာကွယ်မှု၊ လုံခြုံစေမှုကို စီရင်စေရခြင်း၊ နိုင်ငံတော်၌ အနိုင်အထက် နှိပ်စက်မှုများ မဖြစ်စေခြင်း၊ ပစ္စည်းဥစ္စာမရှိသော သူတို့အား ပစ္စည်း ဥစ္စာ ချီးမြှောက်ခြင်းစသည်တည်း။

စက္ကဝတ္တိကျင့်ဝတ်ဆယ်ပါး၊ ဆယ့်နှစ်ပါး ရှေ့၌ ဖော်ပြပါဦးမည်၊

## စကြဝတေးမင်း၏ ဆုံးမစကားများ

(၁) အသက်ကို မသတ်အပ်၊
(၂) မပေးသောဥစ္စာကို မယူအပ်၊
(၃) ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်အပ်၊

(၄) မဟုတ်မမှန်သော စကားကို မပြောဆိုအပ်၊
(၅) သေရည်သေရက်ကို မသောက်စားအပ်၊
(၆) ကောက်ခံမြဲ အခွန်အတုတ်ကိုလည်း ကောက်ခံသုံးစွဲကြလော့ ဟု ဆိုဆုံးမပေ၏။

အဘိဇ္ဈာ ဗျာပါဒ များပြားသောကာလ၌
ဖြစ်ပေါ်စေတတ်သော တရားများ

အသက်အားဖြင့် တထောင်ရှည်ကုန်သော လူတို့၏ အနှစ်ငါးရာ အသက်ရှည်ကုန်သော သူတို့တွင် ဖရုသဝါစာ ဟူသော ကြမ်းတမ်းသောစကား၊ သမ္ဖပ္ပလာပ ဟူသော ပြိန်းဖျင်းသော စကား နှစ်ပါးတို့သည် ပွားများလာကုန်၏။ ထိုတရားနှစ်ပါး ပွားများလာသော် ထိုလူတို့၏ အသက်သည် တို၏၊ အဆင်းလည်း မလှ။

လူတို့၌ လိုချင်တပ်မက်မောခြင်း အဘိဇ္ဈာ၊ ပျက်စီးလိုခြင်း ဗျာပါဒတရားတို့ ပွားများလာကုန်၏ ထို့အတူ ထိုတရားပွားများသော သူတို့၏ အသက်သည် တို၏ အဆင်းလည်း မလှ။

အသက်တထောင်ရှည်သော လူတို့၏ သားသမီးသည် အသက်ငါးရာ ရှည်ကုန်၏။

ထိုအသက်ငါးရာ ရှည်ကုန်သောလူတို့၌
ဖြစ်ပေါ်စေတတ်သော တရားသုံးပါး

(၁) အဓမ္မရာဂ....အမိ, အဖ, အဒေါ်စသည်တို့၌ မလျော်ကန်သော တပ်မက်မောမှု တရားဖြစ်ခြင်း၊

(၂) ဝိသမလောဘ....လောက ထုံးတမ်းအားဖြင့် သုံးဆောင်မှိုဝဲ သင့်သော ဥစ္စာစည်းစိမ်(လူ)ဘို၌ မသင့်တင့်သော အားဖြင့် အလွန်အကျူး တပ်မက် မောသော လောဘတရား ပြင်းစွာဖြစ်ခြင်း။

(၃) မိစ္ဆာဓမ္မ...ယောကျ်ားချင်း, မိန်းမချင်း မှားသော အားဖြင့် တပ်မက်မောခြင်းဟူသော တရား သုံးပါးတို့ များပြားလာကုန်၏။

ထိုကဲ့သို့ တရားသုံးပါး များပြားသောသတ္တဝါတို့၏ အသက်သည်တို၏၊ အဆင်းလည်းမလှ၊ ထိုအနှစ်ငါးရာ ရှည်ကုန်သော သူတို့၏ သားသမီးတို့သည် အသက်နှစ်ရာ့ငါးဆယ်သာ အသက်ရှည်ကုန်၏။

## ထိုအသက်နှစ်ရာ့ငါးဆယ်သာ ရှည်ကုန်သောလူတို့၌ ဖြစ်ပေါ်လာသောတရားများ

အမိ၌ ကောင်းစွာ ပြုသင့်သော ဝတ္တရားကို မပြုလုပ်ခြင်း၊ တဖ၌ ကောင်းစွာ ပြုသင့်သော ဝတ္တရားကို မပြုလုပ်ခြင်း၊ သမဏတို့၌ ကောင်းစွာပြုသင့်သော ဝတ္တရားကို မပြုလုပ်ခြင်း၊ ဗြာဟ္မဏတို့၌ ကောင်းစွာ ပြုသင့်သောဝတ္တရားကို မပြုလုပ်ခြင်း၊ အမျိုး၌ ကြီးသောသူတို့ကို ရိုသေတုပ်ဝပ်မှု မပြုခြင်း ဟူသော ဤတရားတို့သည် ပွားများလာကုန်၏။

ထိုသို့ ပွားများလာပါက လောကမှာ ပစ္စည်းဥစ္စာ မရှိသူတို့အား ပစ္စည်းဥစ္စာကို မပေးသော် ဆင်းရဲခြင်းပွားများလာ၏၊

ဆင်းရဲခြင်း ပွားများလာသော် သူတပါး မပေးသောဥစ္စာကို ခိုးယူမှု ပွားများလာ၏။

ခိုးယူမှုပွားများလာသော် လက်နက်တွေ ပွားများလာ၏။ လက်နက်ပွားများလာသော် သူ့အသက် သတ်မှု ပွားများလာ၏၊ သူ့အသက် သတ်မှု ပွားများလာသော် မဟုတ် မမှန်ပြောမှု ပွားများလာ၏။ မဟုတ်မမှန်ပြောမှု ပွားများ လာသော် ကုန်းချောမှု ပွားများလာ၏၊ ကုန်းချောမှု ပွားများ လာသော် ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်မှု ပွားများလာ၏။ ကာမဂုဏ်မှု ပွားများလာသော် ကြမ်းတမ်းသော စကား၊ ပြိန်ဖျင်းသော စကား၊ တရားနှစ်ပါး ပွားများလာ၏။ ထိုတရားနှစ်ပါး ပွားများလာသော် အဘိဇ္ဈာ, ဗျာပါဒတရား ပွားများလာ၏။

ထိုတရားတို့ ပွားများလာသော် မှားသောအယူဝါဒ ကွဲပြားမှုတွေ ပွားများလာ၏။ အယူဝါဒ ကွဲပြားမှုများသော် မတရားသော တပ်မက်ခြင်း အဓမ္မရာဂ၊ အလွန်အကျူး တပ်မက်ခြင်း ဝိသမလောဘ၊ မှားသောအကျင့်တရား မိစ္ဆာဓမ္မ၊ တရားသုံးပါးတို့ ပွားများလာကုန်၏။

(ဤကား ရှုးခြားသည်ကိုသာ ဖော်ပြလိုက်ပေသည်။),

## အသက်ရှည်ခြင်း၏အကြောင်းလေးပါး

(၁) ရဟန်းသည်....ဆန္ဒကြီးမှူးသောသမာဓိနှင့်လည်းကောင်း၊ အားထုတ်မှု သမ္ပပ္ပဓာန် ဝီရိယနှင့် လည်းကောင်း ပြည့်စုံသော ဣဒ္ဓိပါဒ်တရားပွားများရခြင်း။

(၂) ရဟန်းသည်....ဝီရိယကြီးမှူးသော သမာဓိနှင့် လည်းကောင်း၊ အားထုတ်မှု သမ္မပ္ပဓာန် ဝီရိယနှင့် လည်းကောင်း ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများရခြင်း။

(၃) ရဟန်းသည်....စိတ်ကြီးမှူးသောသမာဓိနှင့်လည်းကောင်း၊ အားထုတ်မှု သမ္မပ္ပဓာန် ဝီရိယနှင့် လည်းကောင်း ပြည့်စုံသော ဣဒ္ဓိပါဒ်တရားကို ပွားများရခြင်း။

(၄) ရဟန်းသည်....ပညာ ကြီးမှူးသော သမာဓိနှင့် လည်းကောင်း၊ အားထုတ်မှုသမ္မပ္ပဓာန်ဝီရိယနှင့် လည်းကောင်း ပြည့်စုံသော ဣဒ္ဓိပါဒ်တရားကို ပွားများရခြင်းအားဖြင့် လေးပါးတည်း။

မှတ်ချက်– ထိုဣဒ္ဓိပါဒ်တရား လေးပါး၊ တို့ကို ပွားများ ခြင်းကြောင့် အဖန်ဖန်အထပ်ထပ် အလေ့ အလာ ပြုသည်ရှိသော် အာယုကပ် ပတ်လုံး လည်းကောင်း၊ အာယုကပ် အကြွင်းပတ်လုံးလည်းကောင်း အသက်ရှည်စွာ တည်နေနိုင်ရာ၏ဟုမှတ်၊

အဆင်းလှပခြင်း၏ အကြောင်းခြောက်ပါး

(၁) ငါးပါးသီလ၊ ရှစ်ပါးသီလတို့နှင့် ပြည့်စုံရခြင်း၊
(၂) ပါတိမောက္ခ သံဝရသီလကို စောင့်ထိန်းရခြင်း၊
(၃) လျှောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုထ်ကို ဆောင်ခြင်း၊
(၄) အာစာရသီလ၊ ဂေါစရ သီလ တို့နှင့် ပြည့်စုံခြင်း၊
(၅) အကျင့်မျှသေးငယ်သော အပြစ်တို့၌ ဘေးဟု ရှုသည်ဖြစ်၍ နေခြင်း၊
(၆) သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ခြေင်း အားဖြင့် ခြောက်ပါးတည်း။

ချမ်းသာခြင်း၏ အကြောင်း လေးပါး

(၁) ကာမဂုဏ်တို့မှ ကင်းဆိတ်၍ အကုသိုလ်တရားတို့မှ ကင်းဆိတ်ပြီးလျှင် ကြံစည်ခြင်း ဝိတက်၊ သုံးသပ်ခြင်း ဝိစာရ၊ နှစ်သိမ့်ခြင်း ပီတိ၊ ချမ်းသာခြင်း သုခရှိသော ပဌမ ဈာန်နှင့် ပြည့်စုံခြင်း၊
(၂) ဒုတိယဈာန်နှင့် ပြည့်စုံခြင်း၊
(၃) တတိယဈာန်နှင့် ပြည့်စုံခြင်း၊
(၄) စတုတ္ထဈာန်နှင့် ပြည့်စုံခြင်းအားဖြင့် လေးပါးတည်း။

## စည်းစိမ်ဥစ္စာ ပေါများခြင်း၏ အကြောင်း

(၁) ချမ်းသာစေလိုခြင်း'မေတ္တာ'နှင့်ယှဉ်သောစိတ်ဖြင့်အရှေ့, အနောက်,တောင်,မြောက်,အထက်,အောက်အရပ်မျက်နှာတို့ကို ပျံ့နှံ့စေ၍ သတ္တဝါအားလုံးကို မိမိနှင့်ထပ်တူ ချမ်းသာပါစေ ဟူသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့၍နေခြင်း၊

(၂) ထို့အတူ သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော စိတ်ဖြင့် လည်းကောင်း၊

(၃) ဝမ်းမြောက်ခြင်း'မုဒိတာ'နှင့် ယှဉ်သော စိတ်ဖြင့်လည်း ကောင်း၊

(၄) လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သောစိတ်ဖြင့် လည်း ကောင်း အလုံးစုံသောအရပ်တို့၌ရှိသော သတ္တဝါ အားလုံးကို ပျံ့နှံ့၍နေခြင်းဟု လေးပါးတည်း။

မှတ်ချက်-မေတ္တာ ကရုဏာ-မုဒိတာ- ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားလေးပါး [၀၁၂]ကမ္ဘာ့ ငြိမ်းချမ်းရေးတရား လေးပါးကို ပွားများရ၏ဟူလို။

## ခွန်အားကြီးခြင်း၏ အကြောင်း များ

(၁) အာသဝေါတရားတို့၏ ကုန်ခန်းခြင်း၊

(၂) အာသဝေါကင်းပြီးသော အရဟတ္တဖိုလ် စိတ် ရှိရခြင်း၊

(၃) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက်နေရခြင်းအားဖြင့်သုံးပါးတည်း။

ဘုရားရှင်၏ မိန့်မှာတော်မူချက်

ရဟန်းတို့၊ နိပ်ကွပ်အောင်မြင်နိုင်ခဲသော ဒေဝပုတ္တ စသော မာရ်စေ်သည်၏ ခွန်အားနှင့်တူသော ထူးခြား တပါးသော ခွန်အားကို ငါ မြင်တော်မမူ။

အရဟတ္တဖိုလ် တည်းဟူသော ခွန်အားသည်သာလျှင် ဒေဝပုတ္တမာရ်စသော စေ်သည်၏ ခွန်အားကို နိပ်ကွပ် အောင်မြင်နိုင်၏။

ရဟန်းတို့၊ ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ခြင်းကြောင့် ပြဆိုခဲ့သည့်အတိုင်း ဤကုသိုလ်၏ အကျိုးသည် တိုးပွား၏။

ရဟန်းတို့သည် ဘုရားရှင်ဟောတော်မူသော တရားတော်ကို နှစ်လို့ကုန်သည်ဖြစ်၍ဝမ်းမြောက်စွာခံယူကြလေကုန်သတည်း။

စက္ကဝတ္တိသုတ် ပါဠိတော်သရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

# အင်္ဂုတ္တိုရ်ပါဠိတော် သရုပ်နှင့် အဓိပ္ပာယ်

## မိဂါရမာတာပါသာဒ၌ မှတ်သားဖွယ်

မိဂါရသင်္ဌေး၏ အမိဖြစ်သော ဝိသာခါအမည်ရှိသော ဒါယိကာမ၏ ပြာသာဒ်၌ ..ဟု ဆိုရာဝယ် ဝိသာခါသည် မိဂါရသင်္ဌေး၏ ချွေးမဖြစ်လျက် မိဂါရသင်္ဌေးသည် ဝိသာခါကို ပညာနှင့် ပြည့်စုံသောကြောင့် အမိအရာ၌ ထားသည်ဖြစ်၍ မိဂါရမာတာဟု ဝိသာခါကို ခေါ်ဆိုလေသတည်း။

မိဂါရသင်္ဌေး၏ အမိ ငင်စစ်ဖြစ်သောကြောင့် မိဂါရ မာတာ ခေါ်ဆိုသည်ဟု မမှတ်လင့်။

### အသေခိတဗ္ဗတရား ဆယ်ပါး

### မမှိုဝဲအပ်(ဝါ) အရိယာမဖြစ်နိုင်သော တရားများ

(၁) ပါဏာတိပါတီ-သူတပါးအသက်ကို သတ်လေ့ရှိခြင်း၊
(၂) အဒိန္နာဒါယီ-သူတပါးဥစ္စာကို ခိုးယူလေ့ရှိခြင်း၊
(၃) ကာမေသု မိစ္ဆာစာရီ-ကာမဂုဏ်တို့၌ မှား ယွင်း စွာ ကျင့်လေ့ရှိခြင်း၊

(၄) မုသာဝါဒ-မဟုတ်မမှန်သည်ကို ပြောဆိုလေ့ရှိခြင်း၊
(၅) ပိသုဏာဝါစာ ချောပစ် ကုန်းတိုက်စကားကို ပြောဆိုလေ့ရှိခြင်း၊
(၆) ဖရုသဝါစာ-ကြမ်းတမ်းသောစကားကို ပြောဆိုလေ့ရှိခြင်း၊
(၇) သမ္ဖပ္ပလာပ- ပြိန်ဖျင်းသော စကားလို ပြောဆိုလေ့ရှိခြင်း၊
(၈) အဘိဇ္ဈာလု—သောဘကြီးသောစကားကိုပြောဆိုလေ့ရှိခြင်း၊
(၉) ဗျာပါဒစိတ္တ-ပျက်စီးစေလိုသော စိတ်ရှိခြင်း၊
(၁၀) မိစ္ဆာဒိဋ္ဌိ—မှားသောအယူဝါဒရှိခြင်းဟုဆယ်ပါးတည်း။

မှတ်ချက်—အထက်ပါ တရားဆယ်ပါးကို အသေဝိတဗ္ဗတရား၊ အသေဝိတဗ္ဗ သံခါတ-တရား၊ ကဏှ-မည်းနက်သောတရား၊ အကုသလ ကမ္မပထတရား၊ ဒုစရိုက်တရား ခေါ်သည်ဟုမှတ်၊

၎င်းတရားဆယ်ပါးမှ ရှောင်ကြဉ်လျှင် သေဝိတဗ္ဗမှီဝဲအပ်သောတရား၊ အရိယဓမ္မ(အရိယာဖြစ်နိုင်သောတရား) ကုသလကမ္မပထတရား သုက္က—ဖြူစင်သောတရားဟု အပြန်အားဖြင့် ခေါ်ဆိုလေသည်။

## အမြတ်ဆုံးသော ပုဂ္ဂိုလ်နှင့်တရား

အမျိုးလေးပါးတို့တွင် အကြင်ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏။ အာသဝေါတရား ကုန်ပြီးသူလည်း ဖြစ်၏။ မဂ်အကျိုးကို ကျင့်သုံးပြီးသူဖြစ်၏။ မဂ်ကိစ္စကို ပြုလုပ်ပြီးသူဖြစ်၏။

ခန္ဓာဝန်ကို ချပြီးသူဖြစ်၏၊ မိမိ၏အကျိုး (အရဟတ္တဖိုလ်) သို့ ရောက်ပြီးသူ ဖြစ်၏၊ ဘဝသံယောဇဉ် ကုန်ပြီးသူဖြစ်၏။ ကောင်းစွာသိ၍ လွတ်မြောက်ပြီးသူဖြစ်၏၊ ထိုရဟန်းကို အမျိုးလေးပါးတို့တွင် အမြတ်ဆုံးဟု ခေါ်ဆိုရ၏။

ဤ သတ္တလောကမှာ တရားသည်သာလျှင် ဤ လောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း အမြတ်ဆုံး ဖြစ်၏။

အင်္ဂုတ္တရပါဠိတော်သရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

# သမ္မာသမ္ဗုဒ္ဓ နီယဿုတ် ပါဠိတော်
# သရုပ်နှင့် အဓိပ္ပာယ်

### အရှင်သာရိပုတ္တရာ၏ ရဲရင့်သော စကားသံ

မြတ်စွာဘုရား၊ အကျွန်ုပ်သည် မြတ်စွာဘုရား၌ ဤသို့ ကြည်ညိုပါ၏။ အလုံးစုံသောတရားတို့ကို ပိုင်းခြား၍ သိတော်မူခြင်း၌ မြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ်ရှိသော တပါးသော သမဏ သည် လည်းကောင်း၊ ဗြာဟ္မဏသည် လည်းကောင်း ရှေး၌လည်း မရှိစဖူး၊ နောက်ကိုလည်း ရှိလိမ့်မည် မဟုတ်၊ ယခုအခါလည်း မရှိ။ ဤသို့ ကြည်ညိုပါ၏ဟု ရဲရင့်သော စကားကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

### အာယတနပဏ္ဏတ်ဒေသနာ

| အဇ္ဈတ္တိကာယတန | | ဗာဟိရာယတန |
|---|---|---|
| [၁] မျက်စိအကြည်-စက္ခုပသာဒ | .... | အဆင်း-ရူပါရုံ |
| [၂] နားအကြည်-သောတပသာဒ | .... | အသံ-သဒ္ဒါရုံ |
| [၃] နှာခေါင်းအကြည်-ဃာနပသာဒ | .... | အနံ့-ဂန္ဓာရုံ |
| [၄] လျှာအကြည်-ဇိဝှါပသာဒ | .... | အရသာ-ရသာရုံ |
| [၅] ကိုယ်အကြည်-ကာယပသာဒ | .... | အတွေ့-ဖောဋ္ဌဗ္ဗာရုံ |
| [၆] ဆသိ-မနာယတနိဉာဏ် | .... | သဘောတရားဓမ္မာရုံ တို့တည်း။ |

## ဂဗ္ဘာဝေါက္ကန္တိလေးပါး

[အမိဝမ်း၌ ပဋိသန္ဓေနေပုံ လေးပါးဟူလို]

(၁) ဤလူ့ပြည်၌ 'ပြကတေ့သော လူတို့သည်' သဘာဝသမ္ပဇဉ်ဖြင့် မသိမြင်မှု၍ အမိဝမ်းသို့သက်ဝင်ခြင်း၊ မသိမြင်မှု၍ အမိဝမ်း၌ တည်နေခြင်း၊ မသိမြင်မှု၍ အမိဝမ်းမှ ထွက်ခွာခြင်း အားဖြင့် ကာလသုံးပါးကို မသိကုန်။

(ဤကား ပဌမဂဗ္ဘာဝေါက္ကန္တိ)

အကျဉ်းချုပ်....သာမည လူသားတို့သည် ပဋိသန္ဓေဝင်အောင်းစကိုလည်းကောင်း၊ တည်အောင်း နေရသည်ကိုလည်းကောင်း၊ ဖွားမြင်သည်ကိုလည်းကောင်း၊ ဤသုံးပါးလုံးကို မသိမြင်ခြင်းဟု တမျိုးဟူလို။

(၂) အသီတိမဟာသာဝကမထေရ်တို့သည် သတိသမ္ပဇဉ်ဖြင့် သိမြင်၍ အမိဝမ်းသို့သက်ဝင်ခြင်း၊ မသိမြင်မှု၍ အမိဝမ်း၌ တည်နေခြင်း၊ မသိမြင်မှု၍ အမိဝမ်းမှ ထွက်ခွာခြင်း အားဖြင့် ကာလနှစ်ပါးကို မသိမမြင်ကုန်။

(ဤကား ဒုတိယ ဂဗ္ဘာဝေါက္ကန္တိ)

အကျဉ်းချုပ်....အသီတိ မဟာ သာဝကတို့သည် ပဋိသန္ဓေဝင်အောင်းစကိုသာ သိခြင်းဟု တမျိုးဟူလို။

(၃) အဂ္ဂသာဝကနှစ်ပါးနှင့် ပစ္စေကဗုဒ္ဓါတို့သည် သတိသမ္ပဇဉ်ဖြင့် သိမြင်၍ အမိဝမ်းသို့သက်ဝင်ခြင်း၊ အမိဝမ်း၌ တည်နေခြင်း ကာလနှစ်ပါးကို သိ၏၊ မသိမူ၍ အမိဝမ်းမှထွက်ခွာခြင်းကိုကား မသိကုန်။

(ကျမ်း: ကတိယဂဗ္ဘာဝဝက္ကန္တိ)

အကျဉ်းချုပ်....အမိဝမ်း၌ သက်ဝင်ခြင်း၊ အမိဝမ်း၌ တည်နေခြင်း၊ ကာလနှစ်ပါးကို သိကုန်၏၊ အမိဝမ်းမှ ထွက်ခွာခြင်းကို မသိဟု တမျိုးဟူလို။

(၄) သဗ္ဗညုတ ဘုရားလောင်းတို့သည် အမိဝမ်း၌ သက်ဝင်ခြင်း၊အမိဝမ်း၌ တည်နေခြင်း၊ အမိဝမ်းမှ ထွက်ခွာခြင်း ဟူသော ကာလသုံးပါးလုံးကို သိ၏။

(ကျမ်း: စတုတ္ထ ဂဗ္ဘာဝဝက္ကန္တိ)

[စဆောင်ရန်]

- သာမညလူတွင်၊ ဝေးကွာစင်၊ သုံးအင်မသိပေ။
- မဟာသာဝက၊ ဝင်ခါစ၊ သိကြ တပါးပေ။
- ပစ္စေကနှင့် အဂ္ဂသာဝကာ၊ ဝင်၊နေ၊သာ၊ နှစ်ပြာသိသလေ။
- ဘုရားလောင်းများ၊ ဝင်၊နေ၊ဖွား၊ သုံးပါးသိကြပေ။
- ပဋိသန္ဓိ၊ ဝေါက္ကန္တိ၊ ပုဏ်ဘိ ဤလေးထွေ။

**စတဿော မာ ဘန္တေ အာဒေသနာ ဝိဓာ၌**
**တိုက်ရိုက်ညွှန်းခြင်း အစိအရင်ဒေသနာ လေးပါး**

(၁)....လူ့ပြည်၌ အချို့သော သူသည် နိမိတ်ဖြင့် "သင်၏ စိတ်သည် ဤသို့ကြံနေ၏၊ သင်၏စိတ်၌ ဤသို့ အကြံရှိ၏၊ သင်၏စိတ်သည် ဤသို့သဘောရှိ၏" ဟု ညွှန်း၏။

ထိုသူသည် များစွာ ဟောစေကာမူ ထိုအကြောင်း သည် ဟောသည့် အတိုင်းသာလျှင် မှန်၏၊ တပါးသော အခြင်းအရာ ဖြင့် အမှားမဖြစ်။ ဤကား တပါး၊

(၂)...လူ့ပြည်၌ အချို့သောသူသည် နိမိတ်ဖြင့်မဟော၊ စင်စစ်သော်ကား လူတို့၏လည်းကောင်း၊ ဘီလူးရက္ခိုသ် တို့၏လည်းကောင်း၊ နတ်တို့၏လည်းကောင်း၊ အသံကို ကြား၍ "သင်၏စိတ်သည် ဤသို့ကြံနေ၏၊ သင်၏စိတ် ၌ ဤသို့အကြံရှိ၏၊ သင်၏စိတ်သည် ဤသို့ သဘောရှိ၏" ဟု ညွှန်း၏၊ အကြွင်းတူပြီ။

(၃)...လူ့ပြည်၌ အချို့သောသူသည် နိမိတ်ဖြင့်လည်းမဟော၊ လူ, ဘီလူး ရက္ခိုသ်နတ်တို့၏ အသံကို နားထောင်၍ လည်း မဟော၊ စင်စစ် ကြံစည် စဉ်းစားသောသူ၏ ပျံ့လွင့်သောအကြံကြောင့် ဖြစ်သောအသံကိုကြား၍ "သင်၏စိတ်သည် (ပ) အမှားမရှိ။ ဤကား တပါး၊

(၄)....ကြံစည်ခြင်း၊ ဝိတက်၊ ဆင်ခြင်ခြင်း ဝိစာရမှ ကင်းသော သမာဓိသို့ ရောက်သော ပုဂ္ဂိုလ်၏စိတ်ဖြင့် ပိုင်းခြား၍

ဤအရှင်သည် နိဝရဏတို့ကို ပယ်ဖျောက်၍ မနောသခ်ါရ-ဝေဒနာ သညာတို့ကို ကောင်းစွာ ထားအပ်သည့်အတိုင်း ဤဘာဝနာ့စိတ်၏ အခြားမဲ့၌ ဤမည်သောပထမဈာန်စသည့်စိတ်ကို ဖြစ်စေလတ္တံ့ဟု သိ၏၊ ဆိုသူသည်(ပ)အမှားမရှိ။ ဤကား ၁ပါး။

သတ္တိမေ ဘန္တေ ပုဂ္ဂလာအရ သရုပ်

(ပုဂ္ဂိုလ်ကို ပညတ်ခြင်း ဒေသနာ)

(၁)....ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်

အရူပသမာပတ် မဂ်ပညာနှစ်ပါးစုံဖြင့် ကိလေသာမှ လွတ်မြောက်သောပုဂ္ဂိုလ်တည်း။

(၂)....ပညာဝိမုတ္တပုဂ္ဂိုလ်

မဂ်ပညာဖြင့်သာ ကိလေသာမှလွတ်မြောက်သောပုဂ္ဂိုလ်တည်း။

(၃) .. ကာယသက္ခိပုဂ္ဂိုလ်

နာမကာယဖြင့် ဝိမောက္ခရှစ်ပါးသို့ ရောက်၍ နိဗ္ဗာန်သစ္စာကို မျက်မှောက်ပြုသော ပုဂ္ဂိုလ်တည်း။

(၄)....ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်

ဤကား ဒုက္ခသစ္စာတည်း စသည်ဖြင့် သစ္စာလေးပါး တရားကို ကောင်းစွာသိခြင်းသို့ ရောက်သောပုဂ္ဂိုလ်တည်း။

(၅)....သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်

ဤကား ဒုက္ခသစ္စာတည်း စသည်ဖြင့် သစ္စာလေးပါး တရားကို သက်ဝင်ယုံကြည်၍ ကိလေသာမှ လွတ်မြောက်သော ပုဂ္ဂိုလ်တည်း။

(၆)....ဓမ္မာနုသာရီပုဂ္ဂိုလ်

ပညာရှေ့ဆောင်၍ အရိယာမဂ်ကို ဖြစ်စေသောပုဂ္ဂိုလ် တည်း။

(၇)....သဒ္ဓါနုသာရီပုဂ္ဂိုလ်

သဒ္ဓါရှေ့ဆောင်၍ အရိယာမဂ်ကို ဖြစ်စေသော ပုဂ္ဂိုလ် တည်း။

## အကျင့်ပဋိပဒါလေးပါး

(၁)....ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ

ဆင်းရဲစွာကျင့်ရ၍ နှေးသော အသိဉာဏ် ဖြစ်ပေါ်လာ ရခြင်းတည်း။

(၂)....ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ

ဆင်းရဲစွာ ကျင့်ရသော်လည်း လျင်သော အသိဉာဏ် ဖြစ်ပေါ်လာခြင်းတည်း။

(၃)....သုခပဋိပဒါ ဒန္ဓာဘိညာ

ချမ်းသာစွာ ကျင့်ရသော်လည်း နှေးသော အသိဉာဏ် ဖြစ်ပေါ်လာခြင်းတည်း။

(၄)...သုခပဋိပဒါ ခိပ္ပါဘိညာ

ချမ်းသာစွာ ကျင့်ရသော်လည်း လျင်သောအသိဉာဏ်၊ ဖြစ်ပေါ်လာခြင်းတည်း။

သမ္မာသမ္ဗုဒ္ဓနိယသုတ် ပါဠိတော် သရုပ်နှင့် အဓိပ္ပာယ်·

ပြီးပါပြီ။

# ပါသာဒိကာသုတ် ပါဠိတော်
# သရုပ်နှင့်အပွဲခံဝယ်

## သံဃါယနာ တင်အပ်သောတရား

သတိပဋ္ဌာန်တရားလေးပါး၊ သမ္မပ္ပဓာန်တရားလေးပါး၊ ဣဒ္ဓိပါဒ်တရား လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ အရိယမဂ္ဂင်ရှစ်ပါးတရားတို့တည်း။

ထိုသို့ သံဃါယနာတင်ခြင်းသည် လူအများ၏ အစီးအပွားအလို့ငှာလည်းကောင်း၊ လူအများ၏ချမ်းသာသုခ အလို့ငှာလည်းကောင်း၊ လောကကို အစဉ် စောင့်ရှောက်ခြင်း၊ နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာသုခ အလို့ငှာ လည်းကောင်း တင်အင်ပါသည်။

## ပစ္စည်းလေးပါး ခွင့်ပြုခြင်းအကြောင်း

မြတ်စွာဘုရားသည် သာသနာတော်၌ သက်န်းကို ခွင့်ပြုထားခြင်းမှာ=အချမ်း၊အပူ၊ မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေ၊ကင်း၊ သန်းတို့၏အတွေ့အထိ ကို ပယ်ဖျောက်ရန်လည်းကောင်း၊ အရှက်အကြောက်ကို ပယ်ဖျောက်ဖျက်ဆီးတတ်သော အင်္ဂါ ကြီးငယ်ကိုဖုံးလွှမ်းခြင်းကိုပြု၍ ရဟန်းတရားကို ကျင့်ဆောင် လတ္တံ့ဟူ ရည်ရွယ်၍ ထိုသင်္ကန်းကို ခွင့်ပြုပါသည်။

ဆွမ်းကိုခွင့်ပြုခြင်းမှာ—ခန္ဓာကိုယ်ကိုကြာမြင့်စွာ တည်စေရန်လည်းကောင်း၊ ဇီဝိတ ဆာလောင်ခြင်းကို ပယ်ဖျောက်ရန်လည်းကောင်း၊သာသနာတော်ကို ချီးမြှောက်ရန်လည်းကောင်း စွမ်းနိုင်၏။

ဆွမ်းကို မှီဝဲရသဖြင့် ဝေဒနာဟောင်းများကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်များကိုလည်း မဖြစ်စေအံ့၊ ဣရိယာပုထ်မျှတခြင်း စသည်ဖြစ်လတ္တံ့ဟု နှလုံးသွင်း၍ ရဟန်းတရားကို အားထုတ်နိုင်ရန် ခွင့်ပြုပါသည်။

ကျောင်းကို ခွင့်ပြုခြင်းမှာ—အချမ်း, အပူ, မှက်, ခြင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ အဘေးအထိကို ပယ်ဖျောက်ရန် ကမ္မဋ္ဌာန်းအားရှိ၍ မွေ့လျော်ရန် စွမ်းနိုင်လတ္တံ့ဟု ရဟန်းတရားကို အားထုတ်နိုင်ရန် ခွင့်ပြုပါသည်။

ဆေးပစ္စည်းကိုခွင့်ပြုခြင်းမှာ—အနာ၏ဆန့်ကျင်ဘက်အသက်၏ အခံအဘား၊ အဆောက်အဦ ဖြစ်သော အကြင်ဆေးသည် ဓာတ်ဖောက်ပြားမှုကြောင့်ဖြစ်သော ဆင်းရဲဝေဒနာကို ပယ်ဖျောက်ရန် စသည်ကိုမှီ၍ ရဟန်းတရားကို အားထုတ်နိုင်ရန် ခွင့်ပြုပါသည်။

ဝတ္တာရောပမ စုန္ဒ သုလ္လေခနာသုတ္တန်ပါဠိ ခွင့်

ယုတ်ညံ့သော ချမ်းသာခံစားခြင်း အကျင့်လေးပါး

(၁)....ဤလောက၌ အချို့သော လူမိုက်သည် သတ္တဝါ တို့ကို သတ်၍ သတ်၍ မိမိကိုယ်ကိုချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏ ဤကား ပထမချမ်းသာခြင်းအကျင့်တည်း။

(၂)....ဤလောက၌ အချို့သော လူမိုက်သည် မပေးသည်ကို ယူ၍ယူ၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ ဤကား ဒုတိယချမ်းသာခြင်းအကျင့်တည်း။

(၃)....ဤလောက၌ အချို့သော လူမိုက်သည် မဟုတ်မမှန်သောစကားကို ပြော၍ ပြော၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ ဤကား တတိယချမ်းသာခြင်းအကျင့်တည်း။

(၄)....ဤလောက၌ အချို့သောလူမိုက်သည် ငါးပါးသောကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစား၏။ ဤကား စတုတ္ထ ချမ်းသာခြင်းအကျင့်တည်း။

ချမ်းသာခြင်းအကျင့်ကို အားထုတ်ခြင်းလေးပါး

(၁)....ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တို့မှကင်းဆိတ်ပြီး 'ဝိတက်, ဝိစာရ, ပီတိ, သုခ' ဟူသော ပဌမစျာန်သို့ ရောက်နေ၏။ ဤကား တပါး၊

(၂) 'ဝိတက်, ဝိစာရ'တို့၏ချုပ်ခြင်းကြောင့် ဒုတိယစျာန်သို့ ရောက်နေ၏။ ဤကား တပါး၊

(၃)....'ပီတိ'၏ ကင်းခြင်းကြောင့် တတိယစျာန်သို့ရောက်နေ၏။ ဤကား တပါး၊

(၄)...ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့် လည်းကောင်း၊ ဆင်းရဲခြင်း'ဒုက္ခ'ကို ပယ်ခြင်းကြောင့်လည်းကောင်း စတုတ္ထဈာန်သို့ရောက်နေ၏၊ ဤကား တပါးတည်း။

ချမ်းသာခံစားခြင်း၊အကျင့်၏ အကျိုးတရားလေးပါး

(၁)...ဤသာသနာတော်၌ ရဟန်းသည် သုံးပါးသော သံယောဇဉ်တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက် မဂ်သုံးပါးလျှင် လားရာရှိသော 'သောတာပန်' ဖြစ်ရခြင်း တမျိုး။

(၂)...သုံးပါးသော သံယောဇဉ်တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့်လည်းကောင်း၊ ရာဂ,ဒေါသ,မောဟတို့၏ ခေါင်းပါးခြင်းကြောင့်လည်းကောင်း၊ ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏အဆုံးကိုပြုလတ္တံ့သော'သကဒါဂါမ်'ဖြစ်ရခြင်း တမျိုး။

(၃) အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်းအဖို့ရှိသော ငါးပါးသော သံယောဇဉ်တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေပြီး ထိုဘုံ၌ပင် ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ထိုဘုံမှ ပြန်လည်ခြင်းသဘောမရှိသည့် ''အနာဂါမ်'' ဖြစ်ရခြင်းတမျိုး။

(၄)....အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ တရားကင်းသော လွတ်မြောက်သည့် အရဟတ္တဖိုလ်စိတ် နှင့် မဂ်ပညာကို ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ရောက်၍နေသော "ရဟန္တာ" ဖြစ်ရခြင်း ဟူ၍အားဖြင့် လေးပါးတည်း။

လွန်ကျူး၍ ကျင့်ခြင်းငှာ မထိုက်သော တရားကိုးပါး

(၁) အာသဝေါ ကင်းပြီးသော ရဟန်းသည် သူတပါး အသက်ကို သတ်ခြင်းငှာ မထိုက်၊
(၂) သူတပါးပစ္စည်းကို ခိုးယူခြင်းငှာ မထိုက်၊
(၃) မေထုန်အကျင့်ကို မှီဝဲခြင်းငှာ မထိုက်၊
(၄) မဟုတ် မမှန်သော စကားကို ပြောင်း ဆိုခြင်းငှာ မထိုက်၊
(၅) ဝတ္ထုကာမ၊ ကိလေသာကာမတို့ကို စုဆောင်းသိုမှီး၍ သုံးဆောင်ခြင်းငှာ မထိုက်၊
(၆) ချစ်သဖြင့် မသွားအပ်သော ဆန္ဒာဂတိ လိုက်စားခြင်းငှာ မထိုက်၊
(၇) မုန်းသဖြင့် ဒေါသာဂတိ လိုက်စားခြင်းငှာ မထိုက်၊
(၈) မသိသဖြင့် မောဟာဂတိ လိုက်စားခြင်းငှာ မထိုက်၊
(၉) ကြောက်သဖြင့် ဘယာဂတိ လိုက်စားခြင်းငှာ မထိုက်-ဟု ကိုးပါးဖြစ်သတည်း။

ပါသာဒိကသုတ်ပါဠိတော် သရုပ်နှင့် အဓိပ္ပာယ်
ပြီးပါပြီ။

....✯....

# လက္ခဏာသုတ်ပါဠိတော်
# သရုပ်နှင့် အဓိပ္ပာယ်

## (၁) သုပ္ပတိဋ္ဌိတ ပါဒလက္ခဏာတော်

အညီအညွတ် ကောင်းစွာထိသော ခြေဖဝါးရှိခြင်းတည်း။

မေး။ ။ အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ်လာရသနည်း။

ဖြေ။ ။ မြတ်စွာဘုရားသည် ရှေးရှေးဘဝ ဘုံဌာနတို့၌ လူဖြစ်စဉ်အခါက ကုသိုလ်တရားတို့၌ မြဲမြံစွာ မဆုတ်ယုတ်ပဲ လှူဒါန်းခြင်း၊ ကာယ ဝစီ မနော သုစရိုက်တို့၌ လည်းကောင်း၊ စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၊ သီလ ဆောက်တည်ခြင်း၊ ဥပုသ်စောင့်သုံးခြင်း၊ မိဘနှစ်ပါးတို့၌ အရိုအသေ ပြုခြင်းစသော ကုသိုလ် ကောင်းမှုအဝဝတို့ကို ပြုတော်မူခဲ့ဖူးသောကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ်လာရပါသည်။

အကျိုးတရား - ဤလက္ခဏာတော်ဖြစ်ပေါ်ရခြင်းအကျိုးကား-

မင်း၊ဖြစ်သော်-ဆန့်ကျင်ဘက် ရန်သူဖြစ်သော တစုံတယောက်သောလူသည် ထိုမင်းကို မပိတ်ပင် မတားမြစ်နိုင်ခြင်း။

ရဟန်းဖြစ်ခဲ့သော်— လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင် သိတော်မူခြင်း၊ (ကိလေသာ)အပိတ်အပင်ကို ဖွင့်လှစ် ဖျက်ဆီးနိုင်ခြင်း။

ဘုရားဖြစ်ခဲ့သော်— လောက၌ ဆန့်ကျင်ဘက်ဖြစ်သောအတွင်းရန် အပြင်ရန်ဖြစ်သော ရာဂ, ဒေါသ, မောဟ သည်လည်းကောင်း၊ သမဏ, ဗြဟ္မဏ, နတ်, လူ, ဗြဟ္မာ မာရ် သည်လည်းကောင်း ထိုဘုရားကို မပိတ်ပင် မတားမြစ်နိုင်ခြင်း အကျိုးရှိ၏။

ထိုမြတ်စွာဘုရားသည် နတ်ပြည်၌ တပါးသော နတ်တို့ကို နတ်၌ဖြစ်သော-အသက်,အဆင်း,ချမ်းသာ,အခြံ, အရံ, အစိုးရခြင်း, ရူပါရုံစသော အာရုံ ငါးပါးဟူသော ဆယ်ပါးသော အရာဌာနတို့ဖြင့် လွှမ်းမိုး၍တည်၏။

[မှတ်ချက်] ဤဆယ်ပါးကား ဒသေဟိ ဌာနေဟိ အဓိဂဏှာတိ ပါဠိတော်အရ သရုပ်ဟုမှတ်။

[ခဆောင်ရန်]

(၁) သုတ်ပါထေယျ၊ လက္ခဏာသုတ်၊ ဟောထုတ်ဖွင့်ချဲ့၊ သုံးဆယ့်နှစ်ဖြာ၊ လက္ခဏာကို၊ စကြာမင်းဖျား၊ စေ‌ာဘုရားတို့၊ ကံအားလျော်ညီ၊ ရကြောင်းသိပိန္နံ။

ဓာတိဗြဲ့က၊ ကုသလဩ၊ မြစ္စာဆောာ်တည်၊ ခဲ့ဖူး
သည်ကြောင့်၊ သက်ရှည်ဆင်းစါ၊ ချမ်းသာစိုးရ၊ ခြေရံ
ခလျက်၊ ရှုပ သဒ္ဒါ၊ ဂန္ဓာ ရသ၊ ဖောဋ္ဌဗ္ဗပြင့်၊ လွန်ထ
ဆယ်မည်၊ နတ်ဖြစ်သည်နောက်၊ လူ့ပြည်ရောက်လည်း၊
မဖောက်မစွက်၊ မွတ်မွတ်ညက်သား၊ ခြေထက်ဖဝါး၊
နင်းချသွားသော်၊ ပြားပြားညီထိ၊ သုပ္ပတိဋ္ဌိတ၊ ပါဒလက္ခ
ဏာ၊ ဖြစ်ပေါ်လာ၍၊ ကင်းကွာရန်သူ၊ တွင်းပဟူ၏။
[မဟာဝိသုဒ္ဓါရုံဆရာတော်၏ မိန့်ချက်]

(၂) စက္ကေနကိ တပါဒ လက္ခဏာတော်

အောက်ခြေဖဝါးအပြင်တို့၌ အကန့်တထောင်၊ အကွပ် ပုံ
တောင်းတို့နှင့်တကွ အခြင်းအရာ ပြည့်စုံခြင်းတည်း။

မေး ● အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ် လာရ
သနည်း။

ဖြေ ● မြတ်စွာဘုရားသည် လူဖြစ်စဉ်အခါက ဆွမ်းကိုလှူဒါန်း
သောအခါ ဆွမ်းမျှကိုသာမဟုတ်ပဲ ထီး၊ ဖိနပ်၊သက်နန်း
စသော အခြံအရံပစ္စည်းများကို လှူဒါန်း ခဲ့ဖူးသော
ကြောင့်လည်းကောင်း၊ ကျောင်းဆောက် လှူဒါန်း
သောအခါ ခုတင်၊ ညောင်စောင်း၊ ခေါင်းအုံး ဖျာ၊
သင်ဖြူး စသော အခြံအရံကို လှူခဲ့ ဖူးသောကြောင့်
လည်းကောင်း လူများ၏ချမ်းသာကိုဆောင်ပြီး ထိတ်
လန့် တုန်လှုပ်ဖွယ်သော ဘေးကို စောင့်ရှောက် ကာ
ကွယ် လုံခြုံစေခဲ့ဖူးသောကြောင့်လည်းကောင်းတည်း။

**အကျိုးတရား**-ဤလက္ခဏာတော် ဖြစ်ပေါ်လာခြင်း အကျိုးကား ကောင်းသောပရိဘောဂ် အခြံအရံနှင့်တကွ ပြည့်စုံရခြင်း အကျိုးရှိ၏။

(ဆောင်ရန်)

(၂) ဗိုလ်လူအများ၊ ချမ်းသာပွားဖို့၊ ဆီးတား ဘေးဘျမ်း၊ ခြံရံပန်းလျက်၊ လူ့ဒါန်းသည့်တာ၊ နတ်ဖြစ်ရာမူ၊ ပုဒ်တိုင်းတူပြီး ဤလူတို့ဘောင်၊ ကန့်တထောင်နှင့်၊ ရုပ်ရေငင်ပြင်၊စက်ဝန်းထင်၍၊ စက္ကက်ဝတ၊ ပါဒလက္ခဏာ၊ ပြည့်စုံလာလျက်၊ ခြေရံတက်၏။

(၃-၄-၅) အာယတပဏှိစသော လက္ခဏာတော်သုံးပါး

(၃) အာယတပဏှိ–ရှည်လျားသော ဖနှောင့်ရှိခြင်း

မေး။ အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ် လာရသနည်း။

ဖြေ။ မြတ်စွာဘုရားသည် လူဖြစ်စဉ် အခါက သူ့ အသက်သတ်ခြင်းမှ ရှောင်ကြဉ်တော် မူခဲ့ဖူးသော ကြောင့်တည်း။

(၄)....ဒီဃင်္ဂုလိ ရှည်လျားသော လက်ချောင်း ခြေချောင်း ရှိခြင်းတည်း။

မေး။ အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ်လာသနည်း။

ဖြေ ၆။ မြတ်စွာဘုရားသည် လူဖြစ်စဉ်အခါက တုတ်လက်နက်များကို ဆုပ်ကိုင်၍ သတ်ဖြတ်ရသော မကောင်းမှုကို ရှောင်ခဲ့ဖူးသောကြောင့်တည်း။

(၅)...ဗြဟ္မုဇုဂတ္တ-ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သောကိုယ် ရှိခြင်းတည်း။

မေး ၆။ အဘယ့်ကြောင့် ဤလက္ခဏာတော်များ ဖြစ်ပေါ်လာရသနည်း။

ဖြေ ၆။ မြတ်စွာဘုရားသည် လူဖြစ်စဉ်အခါက ခန္ဓာကိုယ်ကို ကုန်းကုန်း ကွကွထားပြီး သူတပါး၏အသက်ကို မသတ်ဖြတ်ခဲ့ဖူးသော ကြောင့်တည်း။

အကျိုးတရား–ဎင်းလက္ခဏာတော် သုံးပါးကြောင့် ရရှိသော အကျိုးမှာ အသက်ရှည်ခြင်း၊ ရန်သူ ဖြစ်သော သမဏ၊ ဗြာဟ္မဏ နတ်လူဗြဟ္မာ မာရ်မည်သူတယောက်မျှ ပဋိသန္ဓေနှင့် စုတိအကြား ဘုရားရှင်၏ အသက်တော်ကို မသတ်ဖြတ်နိုင်ခြင်းဟူသော အကျိုးရှိ၏။

[စဆောင်ရန်]

၃၄-၅-သူ့သက်မသတ်၊ ကောင်းမှုပြုတ်ကြောင့်၊ ရှည်လတ်ပဏှိ၊ အင်္ဂုလိနှင့်၊ ဖြောင့်ဘိကိုယ်မှာ၊ မိုးဗြဟ္မာသို့၊ လက္ခဏာသုံးပါး၊ ပေါ်ထင်ရှား၍၊ ရှည်လျားအသက်၊ စိုးပွားတက်၏။

## (၆) သတ္တုဿဒ လက္ခဏာတော်

လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ပခုံးစွန်းနှစ်ဖက်၊ လည်ကုပ်၊ ဤအရပ်ခုနစ်ပါးတို့၌ အသားဖြိုးမောက်ခြင်းတည်း။

မေး။ အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ်လာရသနည်း။

ဖြေ။ မြတ်စွာဘုရားသည် လူဖြစ်စဉ်အခါက မွန်မြတ်သော အရသာရှိသော ခဲဖွယ် သောက်ဖွယ် လျက်ဖွယ်တို့ကို လှူခဲ့ဖူးသော ကောင်းမှုကြောင့်တည်း။

အကျိုးတရား....မြတ်စွာဘုရားအား မွန်မြတ်သော အရသာရှိသော ခဲဖွယ်ဘောဇဉ် တို့ကို ရရှိခံစားရခြင်း အကျိုးရှိ၏။

[ဆောင်ရန်]

ရသာမြက်ကို၊ လှူဆက်ဖူးလေ၊ မကောင်းမှုတွေ့ကြောင့်၊ လက်ခြေ, ပခုံး၊ လည်လုံးဖွဲ့ထုတ်၊ သတ္တုဿဒါ၊ လက္ခဏာနှင့်၊ ရသာလာဘ်မျ၊ ဖွံ့ဖြိုးလှ၏။

## [၇-၈] မုဒုတလုန ဟတ္ထပါဒ-ဇာလဟတ္ထပါဒ လက္ခဏာတော်

(၇)....မုဒုတလုန ဟတ္ထပါဒ—နူးညံ့သော လက်ဖဝါး ခြေဖဝါ-ရှိခြင်းတည်း။

(၈)...ဝေလဟတ္ထပါဒ - ကွန်ရက်ပမာ အရေးအကြောင်း ညီညာသော လက်ခြေရှိခြင်းတည်း။

မေး။ ။ အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ်လာရသနည်း။

ဖြေ။ ။ မြတ်စွာဘုရားသည် လူဖြစ်စဉ်အခါက ပေးကမ်းစွန့်ကြဲခြင်းစသော သင်္ဂဟတရားလေးပါးတို့ဖြင့် လူအပေါင်းကို မြှောက်စားချီးမြှောက် ထောက်ပင့်တော်မူခဲ့ပူ သောကြောင့်တည်း။

အကျိုးတရား....ဘုရားရှင်အားဤလက္ခဏာတော်နှစ်ပါးကြောင့် စည်းလုံးညီညွတ်စွာမင်းပရိသတ်၊ ရဟန်းစသော ပရိသတ်တို့ နှစ်ခြမ်းမကွဲပဲ မြဲမြံသော အခြေအရံ ပရိသတ်တို့နှင့် ပြည့်စုံရခြင်း အကျိုးရှိ၏။

[ဆောင်ရန်]

သင်္ဂဟဝတ္ထု၊ ချီးမြှောက်မှုကြောင့်၊ မုဒုပျောင်းညက်၊ ကွန်ရက်ရှည်သို့၊ ခြေလက်ဖဝါး၊ နှစ်ပါးပြည့်လျှံ၊ ခြွေရံမကွဲ ထံပါးမြဲ၏။

## သင်္ဂဟတရားလေးပါး ဖော်ပြပါဦးအံ့

(၁)....ပေးကမ်းစွန့်ကြဲခြင်း၊

(၂)....ချစ်ဖွယ်သောစကားကို ဆိုခြင်း၊

(၃)… အကျိုးစီးပွားကို ကျင့်ဆောင်ခြင်း၊

(၄)….မိမိနှင့်ထပ်တူ ညီမျှ ကြည်ဖြူစွာ ဆက်ဆံခြင်း အားဖြင့် လေးပါးတည်း။

[ဆောင်ရန်]

ပေးကမ်းတသွယ်၊ ချစ်ဖွယ်စကား၊ ကျိုးစီးပွားကျင့်၊ ကိုယ်နှင့်ထပ်တူ၊ ထားကြည်ဖြူ၊ လေးဆူသင်္ဂဟတရားတည်း။

(၉-၁၀) ဥဿင်္ခပါဒ-ဥဒ္ဓဂ္ဂလောမ လက္ခဏာတော်

ဥဿင်္ခပါဒ….ဖမျက်မြင့်သော ခြေရှိခြင်း၊

ဥဒ္ဓဂ္ဂလောမ….အထက်သို့ ကော့တက်သော မွေးညင်းရှိခြင်း တည်း။

မေး ● အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ်လာရပါသနည်း။

ဖြေ ● မြတ်စွာဘုရားသည် လူဖြစ်စဉ်အခါက သတ္တဝါ အပေါင်းအား အကျိုးနှင့်စပ်သော ကုသိုလ်၊ ချမ်းသာနှင့် စပ်သော တရားစကားများကို ထင်ရှားအောင် ဟောတော်မူခဲ့ဖူးသောကြောင့်တည်း။

အကျိုးတရား…. လောကီလူသားအပေါင်းတို့တွင် အကြီးမြတ်ဆုံးဖြစ်ခြင်း၊ အချီးမွမ်းအပ်ဆုံး၊ အနှစ်သက်ဆုံး ဖြစ်ခြင်းဟူသော အကျိုးရှိ၏။

[ဆောင်ရန်]

(၉-၁၀)ခပဲလူပေါင်း၊ချမ်းသာကြောင်းကို၊ကျိုးကြောင်းပြလျက်၊ ဟောဖော်မြွက်ကြောင့်၊ ဖမျက်မြင့်ခေါင်၊ သရေဆောင်သည်၊ ကော့ထောင်မွေ့ဖျား၊ နှစ်ပါးရလတ်၊ လူထက်မြတ်၏။

## (၁၁) ကောင်ငယ်လက္ခဏာတော်

ကောသားကောင်၏သလုံးမြန်းခေါင်းကဲ့သို့သော သလုံးမြင်းခေါင်းရှိခြင်းတည်း။

မေး ● အဘယ့်ကြောင့်ကြို့လက္ခဏာတော် ဖြစ်ပေါ်လာရပါသနည်း။

ဖြေ ● မြတ်စွာဘုရားသည် လူဖြစ်စဉ်က ပညာတော်သင်အဖြစ် မိမိထံသို့ ရောက်လာသော တပည့်တို့အား သင်ကြားလိုရာ အတတ်ပညာများကို ခပ် မြန် မြန်တတ်အောင် သင်ကြားပေးခဲ့ဖူးသောကြောင့်တည်း။

အကျိုးတရား.... မြတ်စွာဘုရားအား ထိုက်တန်သော အသုံးအဆောင်ဖြစ်သော မွန်မြတ်သော ပစ္စည်းပရိက္ခရာနှင့် ပရိသတ် လေးပါးစသည်တို့ကို အလိုဆန္ဒအတိုင်း ရရှိတော်မူခြင်း အကျိုးရှိ၏။

[ဆောင်ရန်]

အတတ်ပညာ၊ ဖြစ်မဲ့ရာကို၊ လျှင်စွာတတ်စေ၊ ပို့ချပေလို့၊ ကောဇယ်၊ သလုံးလှ၍၊ ဘောဂလျှင်စွာ၊ ပြည့်စုံလာ၏။

## (၁၂) သုခုမစ္ဆဝိလက္ခဏာတော်

အသားအရေ ချောမွေ့၏၊ မြူအညစ်အကြေး မငြိကပ်ပဲ ရှိခြင်းတည်း။

**မေး** ● အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ်လာရပါသနည်း။

**ဖြေ** ● မြတ်စွာဘုရားသည် လူဖြစ်စဉ်အခါက သိလို၍ အဖန်ဖန်မေးခဲ့၏။ ပညာရှိတို့စကားကို လိုက်နာခဲ့၏။ ပညာရှိများထံ ချဉ်းကပ်၍ မကောင်းသောတရားကို မေးမြန်းပြီး ရှောင်ကြဉ်၍ အပြစ်ကင်းသော တရားကို အားထုတ်ခဲ့ဖူးသောကြောင့်တည်း။

**အကျိုးတရား** .. ကြီးသောပညာ၊ များသောပညာ၊ ရွှင်သောပညာ၊ လျင်သောပညာ၊ ထိုးထွင်း၍ သိနိုင်သောပညာ အရပ်ရပ်တို့နှင့် ပြည့်စုံခြင်း အကျိုးရှိ၏။

[ဆောင်ရန်]

ပညာလို၍၊ မေးမြန်းလေ့ကြောင့်၊ သိမ်မွေ့ကိုယ်ရေ၊ ညက်မိုးစွေ၏၊

## (၁၃) သုဝဏ္ဏဝဏ္ဏ လက္ခဏာတော်

ဇမ္ဗူရာဇ်ရွှေအဆင်းနှင့်တူသော အသားအရေ ရှိခြင်းတည်း။

မေး ● အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ်လာရသနည်း။

ဖြေ ● မြတ်စွာဘုရားသည် လူဖြစ်စဉ်အခါက အမျက်ဒေါသမထွက်မူ၍ သည်းခံခြင်း တရားကို ကိုယ်၌ အမြဲထားတော် မူခဲ့ဖူးသောကြောင့် လည်းကောင်း၊ ချောမွေ့သော အခင်း အရုံ အဝတ် သက်နှုန်းကို လှူခဲ့ဖူးသောကောင်းမှုကြောင့်လည်းကောင်းတည်း။

အကျိုးတရား — မြတ်စွာဘုရားအား အလွန်ချောမွေ့နူးညံ့သော ခင်းနှီး အဝတ်အရုံစသည်တို့ရခြင်းအကျိုးရှိ၏။

[ဆောင်ရန်]

ချုပ်နေမာန်မျက်၊ သဒ္ဓါထက်၍၊ လှူဆက်ချောနူး၊ ခင်းရုံမှုကြောင့်၊ ရွှေထုအဆင်း၊ ချောလွန်းမင်းသည့်၊ အခင်းကိုယ်ရုံ၊ ပေါများတုံ၏။

## (၁၄) ကောသောဟိတ ဝတ္ထဂုယှ လက္ခဏာတော်

အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိခြင်းတည်း။

မေး ● အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ်လာရသနည်း။

ဖြေ။ ။ မြတ်စွာဘုရားသည် လူဖြစ်စဉ် အခါက ကြာမြင့်စွာ ကွဲကွာ၍ နေကြကုန်သော လင်နှင့် မယား၊ သားနှင့် အမိ၊ နှမနှင့်မောင်၊ အစ်ကိုနှင့်ညီ၊ချစ်မိတ်ဆွေစသည် တို့ကို ပေါင်းဆုံညီညွတ် စေခဲ့ဖူးသောကြောင့်တည်း။

အကျိုးတရား....မြတ်စွာဘုရားအား အထောင်မကသော သား ကောင်း ရတနာသဖွယ်ဖြစ်သော ကောင်းမြတ် သော တပည့်သာဝကတို့နှင့် ပြည့်စုံ ပေါများ ခြင်းအကျိုး ရှိ၏။

[ဆောင်ရန်]

မဆုံကွဲနေ၊မျိုးမိတ်ဆွေကို၊ရှာဖွေစပ်ပေး၊ကုသိုလ်ရေးကြောင့်၊ ဖုံးမြှေးအိမ်ရေ၊သို့ရှိလေ၍၊သားတွေပေါလှ၊ ထောင်မကတည်း။

(၁၂-၁၆)ပရိမဏ္ဍလ အနေအနမ ဇဏ္ဍုလက္ခဏာတော်

ပညောင်ပင်ကဲ့သို့ ဝန်းသောကိုယ်ရှိခြင်း၊ မကိုင်းမညွတ်ပဲ ရပ်လျက်ပင် နှစ်ဘက်သော လက်ဝါးပြင်တို့ဖြင့် ပုဆစ် ဒူးဝန်း တို့ကို သုံးသပ် ဆုပ်နယ်နိုင်ခြင်းတည်း။

မေး။ ။ အဘယ့်ကြောင့် ဤလက္ခဏာတော်နှစ်ပါးတို့ဖြစ်ပေါ် လာရပါသနည်း။

ဖြေ။ ။ မြတ်စွာဘုရားသည် လူဖြစ်စဉ်က လူအများအား ချီး မြှောက်မှုကို ကြည့်ရှုလက်သော် ထူးသော ပုဂ္ဂိုလ်ကို

သိရှိ ထိုက်တန်သည့်အလျောက် ပေးလှူခြင်းစသည်ပြု ခဲ့ဖူးသောကြောင့်တည်း။

အကျိုးတရား....မြတ်စွာဘုရားအား သူတော်ကောင်းဥစ္စာ ရတနာ ခုနစ်ပါးနှင့် ပြည့်စုံရခြင်း အကျိုးရှိ၏။

[ဆောင်ရန်]

(၁၈-၁၉) ငါလအလျောက်၊ ရွေးနုတ်ကောက်၍၊ ချီးမြှောက်စိုးစံ၊ ကုသိုလ်ကံကြောင့်၊ အလံကိုယ်တူ၊ မညွတ်မူ၍၊ ကိုင်ယူဒူးဝန်း၊ နှစ်ပါးထွန်းလျက်၊ ပြည့်မွန်းဥစ္စာ၊ ကောင်းကျိုးလာ၏။

(၁၇-၁၈-၁၉) သီဟပုဗ္ဗဍ္ဍကာယစသော

လက္ခဏာတော်သုံးပါး

ခြင်္သေ့ကိုယ်ရှေ့ပိုင်းနှင့်တူသော ကိုယ်ရှိခြင်း၊ လက်ပြင်နှစ်ဘက်အကြား၌ ပြည့်ဖြိုးသော အသားရှိခြင်း၊ ညီညာစွာ လုံးသော လည်တိုင်ရှိခြင်းတို့တည်း။

မေး ။ အဘယ့်ကြောင့် ဤလက္ခဏာတော်သုံးပါးတို့ ဖြစ်ပေါ်လာရပါသနည်း။

ဖြေ ။ မြတ်စွာဘုရားသည် ရှေး လူဖြစ်စဉ်အခါက သတ္တဝါတို့၏ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို တိုးတက်အောင် ဆောင်ရွက်ခဲ့ဖူးသောကုသိုလ်ကံကြောင့်တည်း။

အကျိုး တရား .... မြတ်စွာဘုရားအား အခြေအရံနှင့် သဒ္ဓါ သီလ သုတ စာဂ ပညာတို့မှ မဆုတ်ယုတ်ပဲ အစဉ်တိုးပွားခြင်းအကျိုးရှိ၏။

[ဆောင်ရန်]

(၁၇-၁၈-၁၉)သတ္တဝါအများ၊ကျိုးစီးပွားကို၊ လိုလားမမေ့၊ ကုသိုလ်လေ့ကြောင့်၊ ခြင်္သေ့ရှေ့ကိုယ်၊ ထက်အောက် ကိုယ်နှင့် ပြည့်မို့ကျောပြင်၊ လည်တွင်လုံးလှ၊ သုံးပါး၍၊ ဘောဂခြေ ရွေ၊ မယုတ်လေတည်း။

(၂၀) ရသဂ္ဂသဂ္ဂိတာ လက္ခဏာတော်

အရသာကို ဆောင်သော အလွန် ကောင်းမြတ် သော အကြောရှိခြင်းတည်း။

မေး ။ အဘယ့်ကြောင့်ဤလက္ခဏာတော်ဖြစ်ပေါ်လာရသနည်း။

ဖြေ ။ မြတ်စွာဘုရားသည် လူဖြစ်စဉ်က လက်ဖြင့်သော် လည်း ကောင်း၊ တုတ်ဖြင့်သော် လည်းကောင်း၊ လက်နက်ဖြင့် သော်လည်းကောင်း သတ္တဝါတို့ကို နှိပ်စက် ညှဉ်းဆဲခြင်း သဘောမရှိ၊ ကရုဏာဖြင့် သနားညှာတာသော အလေ့ ရှိတော်မူသောကြောင့် လည်းကောင်း၊ သတ္တဝါတို့ကို ချစ်ခင်ကြင်နာသောကြောင့်လည်းကောင်းတည်း။

အကျိုးတရား....မြတ်စွာဘုရားအား အနာရောဂါ ကင်းခြင်း၊ ကမ္မဋ္ဌာန်း အားထုတ်ရန်ခံ့သော ဒုက္ခကို ကြေ

စေနိုင်သော မအေးလွန်း မပူလွန်းသော အလယ်အလတ် ဖြစ်သော ဝမ်းမီးနှင့် ပြည့်စုံရခြင်း အကျိုးရှိ၏။

[ဆောင်ရန်]

(၂၀) သဗ္ဗသတ္တာ၊ ချစ်ကြင်နာ၍၊ ချမ်းသာစေလို၊ မဖျက်ဖြိုလို့၊ လည်မျိုစုနှောင်၊ ရသာဆောင်သည့်၊ စုနစ်ထောင်ကြောများ၊ တည်ဝိုးဖြေား၍၊ နာဖျားကင်းကွေ၊ အစာကြေ၏။

(၂၁-၂၂) အဘိနီလနေတ္တ-ဂေါပခုမ

လက္ခဏာတော်

ပိဘုန်းတော်ပေး၊ အသွန်ညိုမှာသော မျက်လုံးရှိခြင်း၊ နွားငယ်မျက်တောင်နှင့်တူသော မျက်တောင်ရှိခြင်း တည်း။

မေး ။ အဘယ့်ကြောင့် ဤလက္ခဏာတော်နှစ်ပါးဖြစ်ပေါ်လာ ရသနည်း။

ဖြေ ။ မြတ်စွာဘုရားသည် ရှေးလူဖြစ်စဉ် အခါက သူတပါးကို မလိုမုန်းထား အမျက်ပွားသည့် ဒေါသစိတ်၊ ဝန်တိုမိစ္ဆာ ဂုဏ်ယားသော စိတ်ဘို့ဖြင့် မျက်စောင်းထိုး မျက်မှောင်ကျိုးနှင့် မကြည့်ပဲ ရိုးဖြောင့်သောစိတ်ထား ချစ်ခင်တတ်သော မေတ္တာမျက်စိအားဖြင့် ပြုံးပြုံးရွှင်ရွှင် ကြည့်တော်မူလေ့ ရှိသောကြောင့်တည်း။

အကျိုးတရား...မြတ်စွာဘုရားအား လူနတ်ဗြဟ္မာ သတ္တဝါတို့ နှစ်သက် ကြည်ညိုစွာ ဖူးမြော်ခြင်း၊ ရဟန်း ယောကျ်ားစသော နတ်နဂါး ဂန္ဓဗ္ဗနတ်တို့သည် နှစ်သက်မြတ်နိုးခြင်းအကျိုးရှိ၏။

[ဆောင်ရန်]

(၂၁-၂၂) မစွေမြောင့်စွာ၊ ချစ်ဖွယ်မတ္တာဖြင့်၊ မျက်သွာဖွင့် လျက်၊ ရှုကြည့်တွက်ကြောင့်၊ မည်းနက်ရှင်ပြုံး၊ မျက်လုံးမျက်မွေး၊ ဒွေလက္ခဏာ၊ များချစ်ကြ၏။

## (၂၃) ဥဏှီသသီသ လက္ခဏာတော်

သင်းကျစ်ဆင်ဘားဘိသကဲ့သို့သော ဦးခေါင်းရှိခြင်းတည်း။

**မေး** ● အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ်လာရ သနည်း။

**ဖြေ** ● မြတ်စွာဘုရားသည် ရှေးလူဖြစ်စဉ်က ကောင်းသော ကိုယ်အကျင့် နှုတ်အကျင့် စိတ်အကျင့်ဖြင့် ဒါန သီလ စသော ကုသိုလ်ကောင်းမှုပြုခြင်း လူများ အပေါ်၌ မျက်နှာကြည်ကြည် ရှင်ရှင်နှင့် အကြီးအမှူးရှေ့သွား ခေါင်းဆောင်ပြုလုပ် ခဲ့ဖူးသောကြောင့်တည်း။

အကျိုးတရား....မြတ်စွာဘုရားအား အလိုသို့လိုက်သော တိုင်းသူ ပြည်သား ဝေနေယျ သတ္တဝါများသည် ဗေါ များ၏၊ ဘုရားရှင်၏ နည်းလမ်း ညွှန်ပြသည်ကို

တသေ့မတိမ်း လိုက်နာ ကျင့်ကြံ ကြရခြင်း အကျိုးရှိ၏။

[ဆောင်ရန်]

(၂၃) ပြုကြဂုသိုလ်၊ ကံထိုထိုဦ၊ လူဗိုလ်ရှေ့ဦး၊ ဆောင်ခဲ့ဖူးလို့၊ နဖူးသင်းကျစ်၊ ပေါ်ဖြစ်လက္ခဏာ၊ မဟာတင်းပါရှိ၊ သတ္တဝါအများ၊ ကျင့်လိုက်စား၏။

(၂၄-၂၅) ဧကေကလောမတာ-ဥဏ္ဏာလက္ခဏာတော်

တပင်ချင်း ပေါက်သော မွေးညင်းရှိခြင်း၊ မျက်မှောင် နှစ်ဖက်ကြား၌ နူးညံ့သော လုံဝါဂွမ်းနှင့်တူသော ဖြူဝင်းသော "ဥဏ္ဏာလုံ" မွေးရှင် ပေါက်ခြင်းတို့တည်း။

မေး ● အဘယ့်ကြောင့် ဤလက္ခဏာတော် နှစ်ပါး ဖြစ်ပေါ်လာရသနည်း။

ဖြေ ● မြတ်စွာဘုရားသည် ရှေး လူဖြစ်စဉ်အခါက မဟုတ်မမှန်သောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်၍ဟုတ်မှန်တိုင်းသော စကားကို ပြောဆိုခဲ့သောကြောင့် လည်းကောင်း၊ လူများအပေါ်မှာ မှားယွင်း တိမ်းစောင်းအောင်မလှည့်စားတတ်ခဲ့ဖူးသောကြောင့်လည်းကောင်းတည်း။

အကျိုးတရား.... မြတ်စွာဘုရားထံသို့ ဖူးမြော်ရန် လာရောက်ကြသော လူနတ်ပြဟ္မာ သတ္တဝါအများတို့သည် ဘုရားရှင်၏ အလိုသို့လိုက်၍ ပြုကျင့်နိုင်ခြင်းအကျိုးရှိ၏။

[ဆောင်ရန်]

(၂၄-၂၅)မှသားရှောင်ကွင်း၊ ဆိုခဲ့ခြင်းကြောင့်၊ မွေးတွင်းတစ်တွင်၊ မွေးတပင်နှင့်၊ လဲသွင်ဖြူတု၊ မျက်မှောင်ဆုံမှာ၊ ဥဏ္ဏာလုံမွေး၊ အမှတ်ဒွေတည်း၊ ကျွန်ကျေးဗိုလ်ထု၊ လိုတိုင်းပြု၏။

## (၂၆-၂၇) စတ္တာလီသ သမဒန္တ အဝိရဠဒန္တ လက္ခဏာတော်

လေးဆယ် အရေအတွက် ပြည့်စုံသော သွားတော် ရှိခြင်း၊ သွားတော်အားလုံး ပုလဲကုံးကဲ့သို့ မခေါမကျဲ အမြဲညီလျက် ရှိခြင်းဟူတည်း။

မေး ● အဘယ့်ကြောင့် ဤလက္ခဏာတော်နှစ်ပါး ဖြစ်ပေါ်လာရသနည်း။

ဖြေ ○ မြတ်စွာဘုရားသည် ရှေးလူဖြစ်စဉ်က ချစ်ကြည်သူနှစ်ဦး အထူးကွဲပြားအောင် ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ရှားတော် မူခဲ့ဖူးသောကြောင့် ဤလက္ခဏာနှစ်ပါး ဖြစ်ပေါ် လာရပါသည်။

အကျိုးတရား....မြတ်စွာဘုရားအား မကွဲမပြား ညီညွတ်သော ပရိသတ် အခြံအရံနှင့် ပြည့်စုံခြင်း အကျိုး ရှိ၏။

(ဆောင်ရန်)

(၂၆-၂၇) ပိသုဏဝယ်၊ ကုသိုလ်ကာယ်လို့၊ လေးဆယ်ပြည့်မြဲ၊ သွားမကျဲဟု၊ နှစ်ကွဲလက္ခဏာ၊ ခြေရံမှာလည်း၊ ညီညာကြည်အေး၊ လုံးတထွေးတည်း။

(၂၈-၂၉) ပဟူတဇိဝှာ-ဗြဟ္မဿရ လက္ခဏာတော်

ကြီးမားရှည်လျား နူးညံ့သောလျှာရှိခြင်း၊ ဗြဟ္မာ့အသံ ကရဝိက်ငှက်အသံနှင့်တူသော အသံရှိခြင်းတို့တည်း။

မေး ❺ အဘယ့်ကြောင့် ဤလက္ခဏာတော်နှစ်ပါးဖြစ်ပေါ်လာရပါသနည်း။

ဖြေ ❺ မြတ်စွာဘုရားသည် ရှေးလူဖြစ်စဉ်အခါက သူတပါးတို့၏ စိတ်နှလုံးကို ရွှင်ပြုံးစေတတ်သောစကား၊ ချစ်နှစ်သက်ဖွယ်သော စကား၊ သိမ်မွေ့ နူးညံ့သော စကားကို ပြောဆိုလေ့ရှိသောကြောင့်လည်းကောင်း၊ ဆဲရေးသောစကားကို ရှောင်ကြဉ်ခဲ့ဖူးသောကြောင့် လည်းကောင်းတည်း။

အကျိုးတရား....မြတ်စွာဘုရားအား ကြီးမား ထက်သန်သော သဒ္ဓါအာဏာနှင့် ပြည့်စုံ၍ ဘုရားရှင်၏ စကားကို မည်သူမျှ မငြင်းဆန်ခြင်း အကျိုးရှိ၏။

(ဆောင်ရန်)

(၂၈-၂၉) ဆဲရေးဆိုမြည်၊ ရှောင်ခဲ့သည်ကြောင့်၊ ပါးရှည်ပြန့်လျှာ၊ သံဗြဟ္မာသို့၊ လက္ခဏာနှစ်ပါး၊ ဆိုစကားကို၊ အများယူကြ၊ ဘေးရန်ပ၏။

## [၃၀] သီဟဟနုလက္ခဏာတော်

ခြင်္သေ့မေးနှင့်တူသော မေးတော်ရှိခြင်းတည်း။

မေး ● အဘယ့်ကြောင့် ဤလက္ခဏာတော် ဖြစ်ပေါ်လာရပါသနည်း။

ဖြေ ● မြတ်စွာဘုရားသည် ရှေးလူဖြစ်စဉ်အခါက ထိုးဇာတ်ပြသကဲ့သို့ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းကို ပယ်ဖျောက်၍ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့သောကြောင့် လည်းကောင်း၊ ဟုတ်မှန်သောစကား၊ ပစ္စုပ္ပန် သံသရာ ၂နှစ်ဖြာသော အကျိုးတရားနှင့် စပ်သောစကားကို ဆိုလေ့ရှိသောကြောင့် လည်းကောင်းတည်း။

အကျိုးတရား....မြတ်စွာဘုရားအား အတွင်းအပဖြစ်သော ရန်သူအမျိုးမျိုးတို့သည် လွှမ်းမိုးနှိပ်စက် ဖျက်ဆီးခြင်းငှာ မဘတ်နိုင်ခြင်း အကျိုးရှိ၏။

[ဆောင်ရန်]

(၃၀) ထိုးပြဇာတ်သို့၊ သမ္ဖျင်းခွေ့၊ ရှောင်ကြဉ်လေ့ကြောင့်၊ ခြင်္သေ့မေးတူ၊ ပြည့်ခန်းမူသျှက်၊ ရန်သူဝေးကွာ၊ မဖျက်လာတည်း။

## [၃၁-၃၂] သမဒန္တ—သုသုက္ကဒါဌာလက္ခဏာတော်

ညီညွတ်သော သွားဘော်ရှိခြင်း၊ အလွန်ဖြူစင်သော စွယ်တော်လေးချောင်းလည်း ရှိခြင်းတို့ဘည်း။

မေး ။ အဘယ့်ကြောင့် ဤလက္ခဏာတော် နှစ်ပါးဖြစ်ပေါ် လာရပါသနည်း။

ဖြေ ။ မြတ်စွာဘုရားသည် ရှေးလူဖြစ်စဉ်အခါက မကောင်းသော အသက်မွေးခြင်းကို ပယ်၍ ကောင်းသော အသက်မွေးခြင်း ရှိသောကြောင့် လည်းကောင်း၊ စဉ်းလဲ ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်ခဲ့ခြင်း၊ တံစိုးယူခြင်း၊ ခရီးသွားတို့ကို လုယက်ခြင်း၊ ပြည်ရွာကို ဖျက်ဆီးခြင်း၊ အနိုင်အထက် နှိပ်စက်ခြင်းမှ ရှောင်ကြဉ်ခဲ့သောကြောင့်လည်းကောင်းတည်း။

အကျိုးတရား....မြတ်စွာဘုရားအား ကောင်းမြတ်စင်ကြယ်သော ပရိသတ်အခြံအရံနှင့် ပြည့်စုံခြင်း အကျိုးရှိ၏။

[ဆောင်ရန်]

(၃၁-၃၂)မိစ္ဆာဇီဝ၊ ရှောင်ခဲ့ရလို့၊ ညီမျှသွားတော်၊ စွယ်တော်ဖြူလွင်၊ နှစ်ပါးအင်နှင့်၊ သန့်စင်ရံခြွေ၊ ပြည့်စုံပေ၏။

ဆိုလေသမျှ၊ ဒွတ္တိံသဟု၊ ကြီးလှလက္ခဏာ၊ ပြည့်စုံပါမူ၊ လူ့ရွာထင်ရှား၊ စကြာဖွားနှင့်၊ ဘုရား၊ သေင်လျှင် ဖြစ်မြဲပင်ဟု၊ ဗေဒင်တတ်များ၊ ဟောပြွက်ထားသည်၊ အများနည်းယူ၊ ကျင့်ဖွယ်ကောင်းတည်း။

လက္ခဏသုတ်ပါဠိတော် သရုပ်နှင့် အဓိပ္ပာယ် ပြီးပါပြီ။

# သိင်္ဂါလသုတ် ပါဠိတော်
# သရုပ်နှင့် အဓိပ္ပာယ်

[ဆောင်ရန်] ပထမ မြန်မာဂါထာ

ရတနာသုံး ပန်းကုံးအသွင်၊
ရှိသေညွှတ်ခ ဦးချပန်ဆင်။
သိင်္ဂါလသုတ် ကောက်နုတ်အစဉ်
ကဗျာစပ် ရေးအပ်အကျဉ်းပင်။

မြတ်စွာဗုဒ္ဓ ရာဇဂဟေ၊
ဝေဠုဝန်ကျောင်း ကိန်းအောင်းစံနေ။
သူကြွယ်ဖွားသား လျှောက်ထားရှိသေ၊
သိင်္ဂါသုတ်၊ ဟောထုတ် မိန့်ခဲ့ပေ။

ရှောင်ကြဉ်ရန်တရား အကျဉ်းတဆယ့်လေးပါး
(အကျယ် ၄၄-ပါး)

[ဆောင်ရန်]

ညစ်ကိလေသ ကမ္မလေးဖြာ၊
အဂတိလေးချက် မိန့်မြွက်ရွေစာ။
အပါယမုခ ဓမ္မခြောက်ဖြာ၊
ဆယ့်လေးပါး၊ ရှောင်ရှားကြဉ်ဖို့ရာ။

အကျယ်ဝေဖန်ခန်း ကမ္ဘာဂိလေသ တရား လေးပါး

(ညစ်ညူးသော ကံလေးပါးဟူလို။)

(၁) သန်း၊ ကြမ်းပိုးစသော သတ္တဝါတို့ကို သတ်ခြင်း၊
(၂) သူ့ဘပါးဥစ္စာကို ခိုးယူခြင်း၊
(၃) မဟုတ်မမှန်သောစကားကို ဆိုခြင်း၊
(၄) ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းတည်း။

[စဆောင်ရန်]

သတ်ခြင်းဖြတ်ခြင်း ခိုးခြင်းတသွယ်၊
အိမ်ရာပြစ်မှား မုသားဆိုတယ်။
ညစ်နွမ်းကြောင်းမို့ မကောင်းတကယ်၊
သိဂါလ လုံးဝရှောင်ကြဉ်ကွယ်။

တိုက်တွန်းချက် စကား

ညစ်နွမ်းမှုကြောင့် အကုသိုလ်ထူ၊
ရှောင်ကြဉ်သူအား ရန်ငါးမမြူ။
နတ်ပြည်ရောက်ရ ဟိုဘဝမူ၊
မညစ်နွမ်း ရှောင်စမ်းများဗိုလ်လူ။

အဂတိတရားလေးပါး သရုပ်

(၁)....ဆန္ဒာဂတိ— ချစ်သဖြင့် မလိုက်စားသင့်သည်ကို လိုက်စားခြင်း၊

(၂)....ဒေါသာဂတိ–မုန်းသဖြင့် မလိုက်စားသင့်သည်ကို လိုက်စားခြင်း၊

(၃)....မောဟာဂတိ– မသိသဖြင့် မလိုက်စား သင့်သည်ကို လိုက်စားခြင်း၊

(၄)....ဘယာဂတိ– ကြောက်သဖြင့် မလိုက်စား သင့်သည်ကို လိုက်စားခြင်းတို့တည်း။

((ဆောင်ရန်)

ချစ်ခြင်း မုန်း၊ခြင်း ကြောက်ခြင်းကြောင့်လေး
တွေဝေမိုက်မှား မလားသင့်ချေ။
ယုတ်မာအမူ မပြုရှောင်သွေ၊
သိင်္ဂါလ လုံ့ဝကင်းပါစေ။

(အဂတိ၊ လေးရှိမှတ်သားလေ။)

အကြင်သူသည် ချစ်ခြင်းကြောင့်လည်းကောင်း၊ မုန်းခြင်းကြောင့်လည်းကောင်း၊ ကြောက်ခြင်းကြောင့်လည်းကောင်း၊ မသိ မိုက်မှားခြင်းကြောင့် လည်းကောင်း ဤအဂတိတရား လေးပါးကို လွန်ကျူး၍ကျင့်၏။

ထိုသူ၏ အခြံအရံ အကျော် အစောသည် လဆုတ် ပက္ခ၌ လမင်းကဲ့သို့ တနေ့တခြား ဆုတ်ယုတ်၏။

အကြင်သူသည် ချစ်ခြင်း, မုန်းခြင်း, ကြောက်ခြင်း, မသိခြင်းတို့ကြောင့် ၎င်းတရားတို့ကို လွန်ကျူး၍မကျင့်၊ ထိုသူ၏

အခြံအရံ အကျော်အစောသည် လဆန်းပက္ခ၌ လမင်းကဲ့သို့ တနေ့တခြား တိုးပွားပြည့်စုံ၏။

[ဆောင်ရန်]

ယုတ်မာအမှု မပြုလိုးစုံ၊
ခြံရံပေါများ ကျော်ကြားလူ့ဘုံ၊
ဆန်းစတရက် ပြည့်တက်စန်းယုန်၊
ဆိုးကျင့်ယုဘ်၊ လဆုတ်ပမာပုံ။

အပါယမုခတရား ခြောက်ပါး

[စည်းစိမ်ပျက်ကြောင်း တရားခြောက်ပါး ဟူလို၊]

(၁)....သေရည်သေရက် သောက်စားမှု၌ အပြစ်ခြောက်ပါး၊
(၂)....အချိန်အခါမဲ့ ခရီးသွားမှု၌ အပြစ်ခြောက်ပါး၊
(၃)....ပွဲလမ်းသဘင် ကြည့်ရှုမှု၌ အပြစ်ခြောက်ပါး၊
(၄)....လောင်းကစားမှု၌ အပြစ်ခြောက်ပါး၊
(၅)....မိတ်ဆွေ မကောင်းသူ တို့နှင့် ဆက်ဆံရေး၌ အပြစ်ခြောက်ပါး၊
(၆)....ပျင်းရိခြင်းအမှု၌ အပြစ်ခြောက်ပါးတို့တည်း။

[ဆောင်ရန်]

သေရက်သောက်စား လပ်သွားမဲ့ခါ၊
ပွဲသဘင်မှု ကြည့်ရှုများစွာ။
ကစားအန်လောင်း မကောင်းမိတ်မှာ၊
ပျင်းရိခြင်း ပျက်ယွင်းရှိဥစ္စာ။

အကျယ်မြဲဆိုရာ ကဏ္ဍ
သေရည်သေရက် သောက်စားခြင်း အပြစ် ခြောက်ပါး၊

(၁) .. သန္ဒိဋ္ဌိက ဓနဇာနိ–စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ခြင်း၊

(၂) ကလဟပ္ပဝဍ္ဎနီ– ခိုက်ရန်ဒေါသ ဖြစ်ပွားခြင်း၊

(၃)....ရောဂါနံ အာယတနံ–အနာရောဂါ များခြင်း၊

(၄)....အကိတ္တိသဥ္ဇနနီ–အရှိန်အဝါမဲ့ခြင်း၊

(၅)....ကောပိန နိဒ္ဒံသနီ–အရှက်ကွဲရာ ကိုယ်အင်္ဂါကို ဖော်ပြခြင်း၊

(၆)....ပညာယဒုဗ္ဗလိကရဏီ– အသိ အလိမ္မာဉာဏ်ပညာ အားနည်းသည်ကို ပြုခြင်းတို့တည်း။

[ဆောင်ရန်]

ဥစ္စာလည်းပါး၊ ရန်ပွားသွယ်သွယ်၊
ရောဂါအများ၊ ကျော်ကြားမဲ့တယ်။
ရှက်ကြောက်မရှိ၊ အသိဉာဏ်ပြယ်၊
ပြစ်ခြောက်ပါး၊ သောက်စားသူတို့ဝယ်။

အခါမဲ့သွားလာခြင်း အပြစ်ခြောက်ပါး

(၁)....အတ္တာအဂုတ္တာ– မိမိ၏အသက် (ဝါ) ကိုယ်သည်လည်း အစောင့်အရှောက်ကင်းခြင်း။

(၂)...ပုတ္တဒါရအင်္ဂါ—သား မယား တို့သည် အကာအကွယ် အစောင့်အရှောက်ကင်းခြင်း၊

(၃)...သာပတေယျ အင်္ဂါ—ပစ္စည်းဥစ္စာ ဆုံးရှုံး ပျက်စီးဖွယ် အန္တရာယ်မှ အစောင့်အရှောက် ကင်းခြင်း၊

(၄)...သင်္ကိယ—သူတပါးတို့၏ မယုံသင်္ကာဖြစ်မှုကို ခံရခြင်း၊

(၅)...အဘူတဝစနရူပ္ပာ—သူတပါးတို့က မဟုတ် မတရား စွပ်စွဲသောစကားလည်း ကျရောက်ခြင်း၊

(၆)...ဗဟုဒုက္ခပုရေက္ခတာ—ဆင်းရဲဒုက္ခ အမျိုးမျိုး တွေ့ကြုံရန် ရှေ့ရှုခြင်းတို့တည်း။

[ဆောင်ရန်]

ကိုယ့်သားမယား၊ အခြားဥစ္စာ၊
မလုံခြုံငြား ယုံမှားတတ်ပါ။
သူ့ါစွပ်စွဲ ဆင်းရဲများစွာ၊
ဖြစ်ခြောက်ပါး လမ်းသွားချိန်မဲ့ခါ။

ပွဲလမ်းသဘင် ကြည့်ရှုခြင်း အပြစ်ခြောက်ပါး

(၁)...ကွနစ္စံ—ကပွဲ ခုန်ပွဲတို့၌ နေ့ရက်ကုန်ဆုံး အချိန်ဖြုန်း၍ နေသဖြင့် ကုသိုလ်ရေး၊ အလုပ်ရေး၊ စီးပွား ချမ်းသာရေးတို့ကို လစ်လပ်ခြင်း၊

(၂)....ကွဂီတံ–သီဆိုမှုတို့၌ နေ့ရက်ကုန်ဆုံး အချိန်ဖြုန်း၍ နေသဖြင့် ကုသိုလ်ရေး စသော အရေးသုံးပါးတို့ လစ်လပ်ခြင်း၊

(၃)....ကွဝါဒိတံ–တီးမှုတ်မှုတို့၌ အချိန်ဖြုန်းနေသဖြင့် ယခင် ကုသိုလ်ရေး စသည်တို့ လစ်လပ်ခြင်း၊

(၄)....ကွအက္ခာနံ–အကျိုးမရှိသော ဒဏ္ဍာရီဇာတ်ဝတ္ထုတို့ကို ဖွဲ့ဆိုပြောဟောမှုတို့၌ အချိန်ဖြုန်း နေသဖြင့် ကုသိုလ်ရေးစသည်တို့ လစ်လပ်ခြင်း၊

(၅)....ကွပါဏိဿရံ–လက်ခုပ်တီးပွဲတို့၌ အချိန်ဖြုန်းနေသဖြင့် ကုသိုလ်ရေး စသည်တို့ လစ်လပ်ခြင်း၊

(၆)....ကွကုမ္ဘတုနံ–အိုးစည် တီးပွဲတို့၌ အချိန် ဖြုန်းနေသဖြင့် ကုသိုလ်ရေးစသည်တို့လစ်လပ်ခြင်းတို့တည်း။

(ဆောင်ရန်)

က, ဆို, တီးမှုတ် လက်ခုပ်အိုးစည်၊
စစ်ထိုးပြခန်း မေးမြန်းသွားသည်။
ကုသိုလ်စီးပွား၊ လျော့ပါးလေသည်၊
သဘင်မှု၊ ခြောက်ခုပြစ်မျိုးတည်း။

လောင်းကစားခြင်း အပြစ်ခြောက်ပါး

(၁)....ဇယံဝေရံ ပသဝတိ–နိုင်သောသူမှာ ရှုံးသူတို့၏ငြိုးခံမှုဖြင့် ခိုက်ရန်ပွားများခြင်း၊

(၂)....ဝိနေဝိဘင်္ဂနေ့သောက–ရှုံးသော သူမှာ ဆုံးရှုံးသော ပစ္စည်း ဥစ္စာအတွက် စိတ် ပူပန်ရခြင်း၊

(၃) ...သန္နိဋ္ဌိကဓနဇာနိ–ကိုယ်တွေ့မျက်မြင် စည်းစိမ်ဥစ္စာဆုတ်ယုတ်ခြင်း၊

(၄)....ဝစနုရုဟနာ–တရားရုံးဘော်၌ ထိုသူ၏ စကားသည် တရားမဝင်(ဝါ)မအောင်မြင်ခြင်း၊

(၅)....မိတ္တာမစ္စပရိဘူတ–ဆွေမျိုး ညာတိတို့၏ မထိမဲ့မြင် ပြုခြင်း၊ (ဝါ)နှိမ်ခြင်း၊

(၆)....အာဝါဟ,ဝိဝါဟ ပတ္ထနံ–ထိမ်းမြားမင်္ဂလာ ဆောင်ရန်အလိုမရှိဟု ရှောင်ပယ်မှု ခံရခြင်းတို့ဘည်း။

[ဆောင်ရန်]

နိုင်လျှင်ရန်ပွား ရှုံးငြား ပူပင်၊
စည်းစိမ်လျော့ပါး တရားမဝင်။
မလိုထိမ်းမြား မိဘ်ကားနှိမ်ချင်၊
လောင်းကစား၊ ခြောက်ပါးပြစ်မှုပင်။

မိတ်ဆွေယုတ်နှင့် ပေါင်းခြင်းအပြစ် ခြောက်ပါး

(၁)..ဓုတ္တမိတ္တ-အလောင်းအစား အကစား ကြူးသူတို့ နှင့် ပေါင်းသင်းမိခြင်း၊

(၂)....သောဏ္ဍမိတ္တ=မိန်းမ လိုက်စားကြူးသူ၊ အစားကြူးသူ တို့နှင့် ပေါင်းသင်းမိခြင်း၊

(၃)- ပိပါသမိတ္တ=သေသောက်ကြူးသူတို့နှင့် ပေါင်းသင်းမိခြင်း၊

(၄)....နေကတိကမိတ္တ=ရွှေတု ငွေတုစသည်ကို အထူးပြု၍ လိမ်လည် လှည့်ပတ်လေ့ရှိသူ လူလိမ်လူညာ တို့နှင့် ပေါင်းသင်းမိခြင်း၊

(၅) ဝဉ္စနိကမိတ္တ=ကောက်ကျစ် စဉ်းလဲတတ်သူ လူကောက် လူညစ်တို့နှင့် ပေါင်းသင်းမိခြင်း၊

(၆) သာဟသိကမိတ္တ-ဒမြ၊ သူခိုး၊ လူဆိုး၊ လူသွမ်း လူသရမ်း တို့သည် အနှိပ်အစက်ပြု၍ ပေါင်းသင်းမိခြင်းတို့တည်း။

ထိုမိတ်ဆွေယုတ်ကို ပေါင်းသင်းမိသူတို့မှာ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ပျက်စီးခြင်းသို့ ရောက်ရကုန်၏ဟုမှတ်။

[ဆောင်ရန်]

ကြွေအန်, ကာမ သူရကျူးကျော်၊
လှည့်ပတ်, နှိပ်စက် မိတ်ပျက် ခြောက်ပေ။
သံသာပစ္စုပ် နစ်မြုပ်မပေါ်၊
မိတ်ဆွေဖျင်း၊ ပေါင်းသင်းပြစ်ခြောက်နော်။

ပျင်းရိခြင်း အပြစ်ခြောက်ပါး

(၁) အတိသီတံ=ချမ်းအေးလှသေးသည်ဟု အမှုကိစ္စကို မပြု မိခြင်း။

(၂) အတိဥဏှံ=ပူလွန်းလှသေးသည်ဟု အမှုကိစ္စကို မပြု မိခြင်း။

(၃) အတိသာယံ= မိုးချုပ်လွန်းသည်ဟု အမှုကိစ္စကို မပြု မိခြင်း။

(၄) အတိပါတော=အလွန် စောသေးသည်ဟု အမှုကိစ္စကို မပြုမိခြင်း။

(၅) အတိဆာတော=ဆာလွန်းသည်ဟု အမှုကိစ္စကို မပြု မိခြင်း။

(၆) အတိဓာတော=ဝလွန်းသည်ဟု အမှုကိစ္စကို မပြုမိခြင်း တို့တည်း။

[ဆောင်ရန်]

အပူ့အအေး လွန်သေးတကဲ့ယ်၊
မိုးချုပ်လှပေါ့ စောတော့စောတယ်။
အလွန်ဆာသေး ဗိုက်လေးသကွယ်။
လူ့ဘုင်းမျိုး၊ ဆုံရိုးပြစ်ခြောက်သွယ်။

## ဥပဒေသလမ်းညွှန်

လမ်းဆိုး လမ်းကောင်း နှစ်ကြောင်းတွေ့တယ်၊
လမ်းဆိုးလိုက်တော့ လူမိုက်မို့ကွယ်။
စည်းစိမ်ပျက်ကြောင်း ဖြစ်ကြောင်းနှစ်သွယ်၊
အိုလူတို့ ဘယ်သို့လိုက်ကြမယ်၊

ပျက်သော်အစဉ် ပြင်လျှင်ခဲဧ၊
ရှေးမှံ့စကား ထင်ရှားရှိပေ။
လွန်ပြီးသားမို့ လွန်ငြားပါစေ၊
မကောင်းပြစ် အသစ်မြင်ကြလေ။

## မိတ်ဆွေတု လေးယောက်

(၁)....ကိုယ်ကတော့မပေးပဲ ယူသာ ယူတတ်သော မိတ်ဆွေတု၊

(၂)....ပေးကမ်းမှု၌ လက်မပါ နှုတ်ဖြင့်သာ ပေးသော မိတ်ဆွေတု၊

(၃)....အကြိုက်ကိုလိုက်၍ ပြောဆိုတတ်သော မိတ်ဆွေတု၊

(၄)....ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေတု အားဖြင့် လေးယောက်တို့တည်း။

ဤလေးယောက်သော မိတ်ဆွေတုတို့ကို မိုက်ဖော်၊ သတ်ဖော်၊ ခိုးဖော်၊ တိုက်ဖော် စသည်ဖြစ်သော မိတ်ဆွေယုတ်များ ဖြစ်သောကြောင့် ပညာရှိများသည် ဘေးရန်ရှိသော ခရီးကို

ဝေးဝေးက ရှောင်သကဲ့သို့ ဝေးစွာ ရှောင်ကြဉ်ရာ၏ဟု ငါတို့ဘုရားရှင် မိန့်မှာတော်မူခဲ့သည်ကို မြဲမြဲသတိပြု ရှောင်ကြပါစေကုန်။

[ဆောင်ရန်]

ကိုယ်ကမျှ ရရာယူမယ်၊
နှုတ်ဖြင့်သာပေး ဆိုရေးချစ်ဖွယ်။
ပျက်စီးကြောင်းမှု ဖော်ပြုလေတယ်၊
လေးယောက်ရှု မိတ်တုမှတ်သားကွယ်။

အကျယ်ကို ပြဆိုရာအခန်း

ရင်းမိတ်တု လေးယောက်တို့ကို အကျယ်ချဲ့၍ ပြဆိုပါဦးအံ့။

အညဒတ္ထုဟာရ မိတ်ဆွေတုလေးယောက်

[သူတပါးထံမှ ယူသာယူတတ်သော မိတ်ဆွေတုဟူလို။]

(၁) မိမိက ပေးမည်လို့တော့မကြံ၊ ရတိုင်း ယူမည်ဟု သူတပါးပစ္စည်းကို ယူတတ်သောသူ တယောက်၊

(၂) မိမိက နည်းနည်းပေး၍ သူတပါးထံမှ များစွာယူတတ်သော သူတယောက်၊

(၃) မိမိ၌ ဆင်းရဲဒုက္ခကြုံလာလျှင် အောက်ကျခံ၍ သူတပါး၏ ကိစ္စကို ပြုတတ်သော သူတယောက်၊

(၄) မိမိ၏အကျိုးကို မျှော်ကိုး၍ သူတပါးထံ ဆည်းကပ်ခစားတတ်သော သူတယောက်အားဖြင့် လေးယောက်တို့တည်း။

(ဆောင်ရန်)

လက်ချည်းလာ၍ ဥစ္စာဆောင်သယ်၊
နည်းနည်းပေးပြီး များကြီးယူမယ်။
ကိုယ်မှာဆင်းရဲ အမြဲခံတွယ်၊
ကိုယ်ကျိုးတွက် သက်သက်မှီခိုတွယ်။

ဝစီပရမ မိတ်ဆွေတုလေးယောက်

(နှုတ်ဖြင့်သာပေးသော မိတ်ဆွေတုဟူလို။)

(၁) လွန်လေပြီး အတိတ် အကြောင်းဖြင့် စေ့စပ်ပြောဆို လောကွတ်ပျူငှာစွာ ချီးမြှင့်ပြောဆိုတတ်သူတယောက်၊

(၂) မရောက်သေးသော အနာဂတ်ကာလ အကြောင်းဖြင့် စေ့စပ်ပြောဆို လောကွတ်ပျူငှာစွာ ချီးမြှင့် ပြောဆိုတတ်သော သူတယောက်၊

(၃) အချည်းနှီး အကျိုးမရှိ လောကွတ်မျှဖြင့် ပြောဆို ချီးမြှင့်တတ်သောသူ တယောက်၊

(၄) ဖြစ်ဆဲကိစ္စတို့၌ ပျက်စီးကြောင်းကို ပြောဆိုတတ်သော သူတယောက်အားဖြင့် လေးယောက်တို့တည်း။

[ဆောင်ရန်]

လွန်လေရက်က မကြွလာကွယ်၊
နောက်နောက်ကာလ ရပါစေ့မယ်။
ပေးချင်သော်လဲ လက်ထဲမလွယ်၊
စုဆိုမှ ဒုက္ခပျက်စီးတယ်။

အနုပိယဘာဏီ မိတ်ဆွေတု လေးယောက်
(ဖဲကြိုက်ကိုလိုက်၍ ပြောဆိုတတ်သော မိတ်ဆွေတု ဟူလို။)

(၁) မကောင်းမှုကို - ပြုလိုတဲ့သူကို မဘားမြစ်ပဲ ပြုသာပြုပါဟု ခွင့်ပြုသော သူတယောက်၊

(၂) ကောင်းမှုကို - ပြုလိုသော အခါ၌လည်း လိုက်လျောကာ ပြုသာပြုပါဟု ခွင့်ပြုသော သူတယောက်၊

(၃) မျက်မှောက်၌သာ - သူ၏ဂုဏ်ကျေးဇူးစကားကို ချီးမွမ်း ပြောဆိုတတ်သော သူတယောက်၊

(၄) မျက်ကွယ်၌ - သူ၏ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ရှုတ်ချ ပြောဆိုတတ်သူ တယောက်အားဖြင့် လေး ယောက်တို့တည်း။

[ဆောင်ရန်]

မကောင်းမှုနှင့် ကောင်းမှုကိုရှယ်၊
ပြုစို့ကွယ်ပြော လိုက်လျောတတ်တယ်။
မျက်မှောက်တွေ့က ချီးပသွယ်သွယ်၊
မျက်ကွယ်ကျ ရှုတ်ချလွန်တကယ်။

အပါယသဟာယ မိတ်ဆွေတုလေးယောက်

ပျက်စီးကြောင်း၌အပေါင်းအဖော်ဖြစ်သောမိတ်ဆွေတုဟူလို။

(၁) သေရည် သေရက် သောက်စားမှု၌ အပေါင်းအဖော် ဖြစ်သူတယောက်၊

(၂) အခါမဲ့ ခရီးသွားလာခြင်း၌ အပေါင်း အဖော်ဖြစ် သူတယောက်၊

(၃) ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်း၌ အပေါင်း အဖော် ဖြစ်သူ တယောက်၊

(၄) အလောင်းအစား ကစားမှု၌ အပေါင်း အဖော် ဖြစ်သူ တယောက်အားဖြင့် လေးယောက်တို့ တည်း။

[ဆောင်ရန်]

သေရည်သောက်ပွဲ ယှဉ်နွဲတူပျော်၊
ညဉ့်နက်လမ်းသွား ပေါင်းငြားအဖော်။
ကစားခန်းနှင့် ပွဲလမ်းကိုခေါ်၊
မိတ်ဖက်ပေါင်း ပျက်ကြောင်းမှန်လှသော်။
(အပါယ လေး၀ မိတ်ဆိုးနော်)

စိတ်ကောင်း နှလုံးကောင်းရှိသော မိတ်ဆွေစစ်
လေးယောက်သရုပ်

(၁) ဥပကာရမိတ္တ-မိမိမှာ ကိစ္စဘခုကြုံလာသောအခါတို့၌ ကျေးဇူးပြုတတ်သော မိတ်ဆွေစစ်၊

(၂) သမာနသုခ ဒုက္ခမိတ္တ—ချမ်းသာအတူ ဆင်းရဲအတူ ဖြစ်သော မိတ်ဆွေစစ်၊

(၃) အတ္ထက္ခာယီမိတ္တ—မကောင်းမြစ်ထား ကောင်းရာညွှန် လစ် အကျိုးစီးပွားကို ညွှန်ကြား တတ်သော မိတ်ဆွေစစ်၊

(၄) အနုကမ္ပကမိတ္တ—မိမိ၏ ရင်ဝယ်သားကဲ့သို့ အစဉ် သနားညှာတာတတ်သော မိတ်ဆွေ စစ်အားဖြင့် လေးယောက်တို့တည်း။

[ဆောင်ရန်]

များစွာကျေးဇူး အထူးပြုချေ၊
ချမ်းသာဆင်းရဲ မကွဲသလေ။

ကျိုးရှိညွှန်ကြား သနားဆောင်ပေ၊
ပေါင်းထိုက်လှ လေးဝမိတ်စစ်ဆွေ။

အကျယ်ပြဆိုရာကဏ္ဍ

ဥပကာရမိတ်ဆွေစစ်လေးယောက်

(၁) မေ့လျော့မှုးယစ်နေသော မိတ်ဆွေကို စောင့်ရှောက် တတ်သူတယောက်၊

(၂) မေ့လျော့နေသော မိတ်ဆွေ၏ ရွှေ ငွေ ပစ္စည်းများကို သိမ်းဆည်းထား တတ်သော သူတယောက်၊

(၃) ကြောက်ရွံ့နေသော မိတ်ဆွေ၏ အားကိုးရာ ဖြစ်သူ တယောက်၊

(၄) ပြုဖွယ်ကိစ္စ ဖြစ်ပေါ်လာသော် မိမိပြုသော ကျေးဇူးထက် နှစ်ဆတက်သော စည်းစိမ်ကို ပေးတတ်သောသူ တယောက်အားဖြင့် လေးယောက် တို့တည်း။

ဆောင်ရန်]

မေ့လျော့စောင့်ပြား သိမ်းထားရွှေငွေ၊
ကြောက်စရာမျိုး အားကိုးရပေ။
မှုခင်းရှိက နှစ်ဆပေးဝေ၊
မိတ်ဆွေစစ် မပစ်ပေါင်းပါလေ။

သမာန သုခဒုက္ခ မိတ်ဆွေစစ်လေးယောက်

(၁) မိမိ၏ လျှို့ဝှက်ထားသော စကားကို သူတပါးအား မပြောကြားပဲ မိတ်ဆွေအားသာ ပြောကြားတတ်သောသူ တယောက်၊

(၂) မိတ်ဆွေ၏ လျှို့ဝှက်ထားသောစကားကို သူတပါး မသိအောင် လျှို့ဝှက်ထားတတ်သူ တယောက်၊

(၃) ဘေးရန် တွေ့ကြုံလာသောအခါ မိမိမိတ်ဆွေကို မစွန့်တတ်သူ တယောက်၊

(၄) မိမိမိတ်ဆွေ၏ အကျိုးစီးပွား အလို့ငှာ ဆောင်ရွက်ရာ၌ စွန့်စားတတ်သူတယောက်အားဖြင့် လေးယောက် တို့တည်း။

[ဆောင်ရန်]

လျှို့ဝှက်စကား ပြောကြားယုံကြည်၊
သူ့စကားလဲ ကိုယ်ထိန်တည်။
ဘေးတွေ့မတွန့် သက်စွန့်ပါသည်၊
သမာန လေးဝမိတ်ကောင်းမည်။

အတ္ထက္ခာယီမိတ်ဆွေဝစ်လေးယောက်

(၁) မကောင်းမှု ကိစ္စဟူသမျှကို မပြုမိအောင် ထားတတ်သူတယောက်၊

(၂) ကောင်းမှုကိစ္စဟူသမျှ၌ သက်ဝင် ယုံစေ တတ်သူတယောက်၊

(၃) မကြားနာ ဖူးသေးသော တရားစကားကို ပြောကြားတတ်သူ တယောက်၊

(၄) ဒါနသီလစသော နတ်ပြည်ခရီးလမ်းကောင်းကို ညွှန်ပြတတ်သူတယောက်အားဖြင့်လေးယောက်တို့တည်း။

(ဆောင်ရန်)

မကောင်းတားမြစ် ကောင်းလစ်ယုံစေ၊
မသိမြင်ငြား ပြောကြားသလေ။
နတ်ပြည်လမ်းကြောင်း မစောင်းညွှန်ပေ၊
အတ္ထက္ခ လေးဝမိတ်ကောင်းတွေ၊

အနုကမ္ပမိတ်ဆွေ လေးယောက်

(၁) မိတ်ဆွေ၏ စီးပွားဥစ္စာ ဆုတ်ယုတ်ပျက်ပြား နေသည်ကို နှလုံးမသာကြည်သော သူတယောက်၊
(၂) မိတ်ဆွေ၏ ဖြစ်ထွန်း တိုး တက် ခြင်းကို နှစ် သက် သူတယောက်၊
(၃) မိမိမိတ်ဆွေအား ကဲ့ရဲ့စကား ပြောကြားသူကို ရှုတ်ချ (ကန့်ကွက်) တတ်သူတယောက်၊
(၄) မိမိ မိတ်ဆွေ၏ ဂုဏ် ကျေးဇူးစကားကို သူတပါးအား အမွှမ်းတင်တတ်သူ တယောက်အားဖြင့် လေးယောက် တို့တည်း။

[ဆောင်ရန်]

မိတ်ဆွေစီးပွား ပျက်ပြားမကြည်၊
တိုးတက်ရှင်ပျ ရှုတ်ချမြစ်သည်။
ဂုဏ်ရည်နှုတ်ခွန်း ထုတ်ညွန်းရှင်ကြည်၊
ကမ္ပက လေးဝမိတ်ဆောင်မည်။

တိုက်တွန်းချက်စကား

မိတ်စစ်မိတ်တု နှစ်ခုတွေ့ကြုံ၊
ဆင်ခြင်စဉ်းစား စိတ်ထားဖုံဖုံ။
အတုပယ်ပစ် အစစ်ပေါင်းဆုံ၊
ကျိုးနှစ်ပါး တိုးပွားဤလူ့ဘုံ။

## လေးစုပိုင်းခြား ပစ္စည်းများ

မြတ်စွာဘုရားသည် တရားတော်နှင့်ညီအောင် လူ့လောကီ ဘုံဝလေ့မှာ အမြဲနေထိုင်လေ့ရှိကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် မိမိဘို့ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာ ရတနာများကို လေးစုလေးပုံ ခွဲခြားဝေဖန်၍ သုံးစွဲရမည်ဟု ဟောတော်မူခဲ့ပေသည်။

ပထမအပုံ....မှာ အဝတ်တန်ဆာဆင်ယင်ခြင်း၊ စားသောက် သုံးစွဲခြင်းစသော စည်းစိမ်ချမ်းသာ ခံစားမှု အမှုအတွက်နှင့် ကုသိုလ်ကောင်းမှုပြုရန် ကိစ္စအဝဝတို့၌ အသုံးပြုရလေသည်။

ဒုတိယ(အလယ်)နှစ်ပုံ....မှာ ပစ္စည်းဥစ္စာတွေ တိုးပွားရန် လယ်ယာ ကိုင်းကျွန်း ကုန်ရောင်း ကုန်သွယ် အမှုတို့၌ အသုံးပြု ရမည်။

စတုတ္ထ(လေးပုံ)မြောက် အပုံ....မှာ မင်းဘေးစသော ဘေး ရန်အန္တရာယ် အသွယ်သွယ်နှင့် တွေ့ကြုံသောအခါ အသုံးပြုရ မည်ဟူသော ပစ္စည်းဥစ္စာ ရတနာများကို သုံးစွဲပုံ နည်းလမ်း ညွှန်ပြခဲ့ပေသည်။

ဧကေန ဘောဂေ ဘုဉ္ဇေယျ၊
ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊
အာပဒါသု ဘဝိဿတိ။

ဂါထာအနက်—ဂဟပတိပုတ္တ၊ သိင်္ဂါလဟု နာမထင်ရှား သူကြွယ်သား။ အလမတ္တော၊ သင့်လျော် လျောက်ပတ်သော သဘောရှိသော။(ဝါ) အိမ်ထောင်မှုထွေထွေ များဝတ်တွေကို ကောင်းစွာမယိုင် ဆောင်စွမ်းနိုင်သော။ ကုလေ၊အမျိုး၌။ဇာတော၊ဖြစ်သော။ ယော ဂိဟိ၊ အကြင်လူသည်။ ဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း။ ဘောဂေ၊ စည်းစိမ်ဥစ္စာရတနာတို့ကို။ သမဟန္တွာ၊ ကောင်းစွာ ရှာဖွေစုရုံးစေ၍။ စတုဓာ၊ လေးခုလေးပုံအားဖြင့်။ ဘောဂေ၊စည်းစိမ်ဥစ္စာရတနာတို့ကို။ဝိဘဇေ၊ ခွဲခြမ်းဝေဖန်ရာ၏။ သော ဂိဟိ၊ ထိုလူသည်။ ဝေ၊ စင်စစ်ကေန်အမှန်အားဖြင့်။ မိတ္တာနိ၊ တဆွယ်ခြောက်ထွေ ချစ်မိတ်ဆွေကောင်းတို့ကို။ ဂန္ထတိ၊ ထုံးဖွဲ့ရစ်ခွေ မုန်းစိတ်ပြေ၍ ချစ်စိတ်ထွေထွေမပျက်လေအောင် နှောင်ဖွဲ့ နိုင်လေတော့သတည်း။

ဧကေန ဘောဂေ ဘုဉ္ဇေယျ၊
ဒွီဟိ ကမ္မံ ပယောဇယေ၊
စတုတ္ထဉ္စ နိဓာပေယျ၊
အာပဒါသု ဘဝိဿတိတိ။

(သိင်္ဂါလသုတ် ပါဠိတော်)

ဧကေန၊ တစုတပုံသော ဥစ္စာဖြင့်။ ဘောဂေ၊ ချမ်းသာရိပ်ငြိမ် စည်းစိမ်တို့ကို။ ဘုဉ္ဇေယျ၊ သုံးဆောင်ခံစားရာ၏။

ဒွီဟိ၊ နှစ်စု နှစ်ပုံသော ဥစ္စာ တို့ဖြင့်။ ကမ္မံ၊ ရောင်းဝယ်ဖောက်ကား လယ်လုပ်စားခြင်းစသောအမှုကို။ ပယောဇယေ၊ ယှဉ်စေရာ၏။စတုတ္ထံ၊ လေးခုမြောက်သောဥစ္စာကို။ အာပဒါသု၊

မင်းဘေးစသား ရန်ငါးပါး တို့သည်။ ဥပ္ပန္နာ၊ ဖြစ်ကုန်လတ်သော်။ ဘဝိဿတိ၊ လိုတ ရစေ ကြိုးနှယ်ခွေ၍ ဖြစ်ပေလိမ့်လတ္တံ့။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ နိဓာပေယျ၊ မြေ၌ မြှုပ်ပြီး သိမ်းဆည်းထားရာ၏။

[ဆောင်ရန်]

လေးပုံခွဲထား ပိုင်းခြားစနေ၊
တပုံဖြင့်ကား သုံးစားလှူပေ။
နှစ်ပုံလယ်စု ရောင်းမှုဝယ်လေ၊
လေးပုံမြောက် ဘေးရောက်ယှဉ်သုံးစေ။

အရပ်ခြောက်ပါး သုံခွဲရေး

အရှေ့မိဘ တောင်ကဆရာ၊
အနောက်မယား မြောက်ကားဆွေညာ။
အောက်ခြေကျွန်ကျေး လုပ်ကျွေးများစွာ၊
ထက်ရပ်မှန်း ရဟန်းပုဏ္ဏားသာ။
(အဓိပ္ပာယ် သိသာထင်ရှားပြီ)

နည်းလမ်းညွှန်စကား

အိမ်ရာထောင်လို့ လူ့ဘောင်နေမည်၊
ခြောက်ခဲပြားအရပ် သိအပ်လှသည်။
နေ့စဉ်ရှိခိုး ကောင်းကျိုးပွားစည်၊
သော်တာလ ဆန်းစ ပမာညီ။

**မိဘတို့၌ သားသမီးတို့က ပြုစုရမည့်ဝတ်ငါးပါး**

(၁) မိဘနှစ်ပါးကို ခြေလက်ဆုပ်နယ်ခြင်း စသည်ဖြင့် ပြုစုလုပ်ကျွေးမွေးမြူရခြင်းတပါး၊

(၂) မိဘတို့၌ ဖြစ်ပေါ်လာသောအမှုကိစ္စ၌ ပြုလုပ်ဆောင်ရွက်ရခြင်းတပါး၊

(၃) မိဘတို့၏ ဥစ္စာကို မပျက်အောင် စောင့်ထိန်းခြင်း၊ မိဘတို့၏ ဥစ္စာဖြစ်သော လယ်ယာစသော ပစ္စည်းများကိုထိန်းသိမ်းခြင်း၊ အမျိုးအနွယ်အားဖြင့် အစဉ်အလာကုသိုလ်ဝတ်ကိုပြုခြင်း၊ အမျိုးအနွယ်ကို စောင့်ရှောက်ခြင်းတပါး၊

(၄) အမွေခံထိုက်အောင် မိဘတို့၏ အဆုံးအမကို လိုက်နာခြင်းတပါး၊

(၅) ကွယ်လွန်သောမိဘတို့ကို ရည်မှန်း၍ ဆွမ်းစသော ဒါနဝတ္ထုကို လှူဒါန်းပြီးလျှင် အမျှပေးဝေရခြင်းတပါးအားဖြင့် ငါးပါးတည်း။

[ဆောင်ရန်]

မွေးတုံ့မွေးပြု အမှုဆောင်လေ၊
မျိုးနွယ်စောင့်ကြပ် ခံအပ်အမွေ။
ကွယ်လွန်မိဘ အမျှပေးဝေ၊
ဝတ်ငါးခု မြဲပြုသားသမီးတွေ။

## သားသမီးတို့၌ မိဘတို့က ပြုရမည့် ဝတ်ငါးပါး

(၁) ငယ်ရွယ်စဉ်ကစ၍ မကောင်းသော အကုသိုလ်ဒုစရိုက်-ဟူသမျှကို မပြုကျင့်ရန် တားမြစ်ရခြင်း၊

(၂) ငယ်ရွယ်စဉ်ကစ၍ မိဘဘိုးအပေါ် ရိုသေလေး စားခြင်းစသော ကောင်းသော ယဉ်ကျေးလိမ္မာမှု ကုသိုလ်ကောင်းမှုတို့၌ တည်စေရန် ဆုံးမညွှန်ကြားရခြင်း၊

(၃) အပြစ်မရှိသော အတတ်ပညာကို သင်ကြားပေးခြင်း၊ သင်ကြားစေခြင်း၊

(၄) သင့်လျော်သော မိကောင်းဖခင် သားသမီး တို့နှင့် ထိမ်းမြားမင်္ဂလာ ပြုပေးခြင်း၊

(၅) သင့်တော်သော အချိန်အခါ၌ အရင်းအနှီးပြုလုပ်ရန် အမွေဥစ္စာဘို့ကို ပေးအပ်ရခြင်း အားဖြင့် ငါးပါးတို့တည်း။

[ဆောင်ရန်]

မကောင်းတားမြစ် ညွှန်လစ်ကောင်းရာ၊
သင်စေအတတ် ပေးအပ်ဥစ္စာ။

သင့်တင့်လျော်ငြား ထိမ်းမြားမင်္ဂလာ၊
မိဘများ ပြုငြား ဝတ်ငါးဖြာ။

အဲ-ယခုပြဆိုခဲ့တဲ့ ဝတ်ငါးပါးကို မိကောင်း ဖခင်သား သမီးတို့၌ ပြုကျင့်သော မိဘတို့မှာ ကုသိုလ် အလိမ္မာ ဉာဏ်ပညာ ဥစ္စာနှင့်ပြည့်စုံသော သားသမီးဟူသော အကြောင်းကြောင့် သားကောင်းရတနာ သမီးကောင်းရတနာတို့၏ မိဘအဖြစ်သို့ ရောက်ရှိကာ တသက်လုံး ရွှင်ပြုံးဝမ်းမြောက် လွှမ်းမောက်ပီတိ ဂွမ်းဆီထိသလို ရွှန်းအိဝေဆာ ချမ်းသာသုခ အဝစကို နေ့ညမစဲ အမြဲမုချ ရရှိခံစားကြရပေလိမ့်သတည်း။

### ဆရာတို့၌ တပည့်တို့က ပြုရမည့် ဝတ်ငါးပါး

(၁) ဆရာသမား လာသည်ကိုမြင်လျှင် ရှေးဦးစွာနေရာမှ ထ၍ ခရီးဦး ကြိုဆိုပြုခြင်းဖြင့်လည်းကောင်း၊ ထီး ဖိနပ် စသည်ကိုယူလျက် နေရာထိုင်ခင်း ပေးရခြင်းဖြင့် လည်းကောင်း ပူအိုက်သောအခါ ယပ်လေခတ်ရခြင်း၊

(၂) တနေ့လျှင်သုံးကြိမ် ဆရာ၏ အနီးအပါး၌ ဆည်းကပ်ခစားရခြင်း၊

(၃) ဆရာ၏သွန်သင်ဆုံးမ သမျှသော ဩဝါဒ စကားများကို ယုံယုံကြည်ကြည် လိုက်နာရခြင်း၊

(၄) အခါအားလျော်စွာ နေ့စဉ် ချီးရေ သောက်ရေ မျက်နှာသစ်ရေ တံပူ ယာဂုစသည်တို့ဖြင့် လုပ်ကျွေးရခြင်း၊

(၅) အတတ်ပညာကို မပျက်မကွက် ရိုသေစွာ သင်ကြားလေ့ ကျက်ရခြင်းအားဖြင့် ငါးပါးတို့တည်း။

ဤသို့သော ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို ဆရာတို့အပေါ်၌ တပည့်ကောင်းများက မပြုလျှင် ဆရာဟူသော တောင်မျက်နှာ အရပ်သည် မလုံခြုံ ဟာလာ ဟင်းလင်းဖြစ်နေ၏။ ထိုအရပ်မှ ဘေးနှစ်ပါးတို့သည် တပည့်တို့ထံ ဝင်ရောက်လာ၏၊ ဘေးသင့်၏၊ ဝတ်ငါးပါးတို့ကို ပြုသောဘပည့် တို့မှာ တောင်မျက်နှာအရပ် လုံခြုံ၏။ ဘေးနှစ်ပါးလည်း မရောက်နိုင်၊ အေးငြိမ်းသာယာ၏။

[ခဆာင်ရန်]

လာမှုကြိုဆိုး ကပ်မှိုးသုံးကြမ်၊
ဆုံးမ,လိုက်ရေး လုပ်ကျွေးဦးနှိမ်။

ပညာအတတ် သင်အပ်တည်ငြိမ်၊
တပည့်တို့ ပြုဖို့ဝတ်ငါးကြိမ်။

တပည့်တို့၌ ဆရာတို့က ပြုရမည့်ဝတ်ငါးပါး

(၁) လောက,ဓမ္မ,ဗဟုသုတ အမျိုးမျိုးတို့နှင့် သင်ထိုက်သော အတတ်ပညာတို့ကို ကောင်းစွာ တတ်မြောက်အောင် ဆုံးမသင်ကြားပေးရခြင်း၊

(၂) လောကရေး ဓမ္မရေးတို့၌ ဤသို့ပြုအပ်၏၊ ပြောအပ်၏ စသည်ဖြင့် ကိုယ်အမူအရာ နှုတ်အမူအရာ အချီးအစား ကျ,နှ,ယဉ်ကျေးအောင် သွန်သင်ဆုံးမရခြင်း၊

(၃) မိမိတတ်မြောက်ပြီးသော အတတ်ပညာများကို ဆရာ စားမချန်ထားပဲ ကုန်စင် တတ်မြောက်အောင် သင်ကြားပေးရခြင်း၊

(၄) သင်ကြား တတ်မြောက် လိမ္မာခြင်းသို့ ရောက်သောအခါ၌ ဆိုင်ရာ ဆရာ မိဘဆွေမျိုးတို့ထံ တပည့်တတ်သမျှပညာကို ထုတ်ဖော် ချီးကျူးကာ အပ်နှံပို့ပေးရခြင်း၊

(၅) ခပ်သိမ်းသောအရပ်တို့၌ဘေးရန်အန္တရာယ်ကင်းခြင်းငှာ ပရိတ်တော်၊ဂုဏ်တော်၊ ဂါထာတော်များကို သိနားလည်စေရန် စောင့်ရှောက်ကြည့်ရှု သင်ကြားပေးရခြင်းအားဖြင့် ငါးပါးတို့တည်း။

ဆောင်ရန်]

ဆုံးမ,မပြတ် အတတ်သင်စေ၊
လုံးစုံသင်ကြား မိတ်အားပို့ပေ။
ထိုထိုအရပ် စောင့်ကြပ်ပါလေ၊
ဆရာတို့ ပြုဖို့ဝတ်ငါးဘွေ။

မယားတို့၌ လင်တို့က ပြုရမည့်ဝတ်ငါးပါး

(၁) ခင်,ကွယ်, ကျုပ်, ကျွန်ုပ်,အမိ,အစ်မ,အမယ်ဟူသော လောက ယဉ်ကျေးမှု စကားတို့ဖြင့် ချီးမွမ်းချီသာ

စွာ ကြင်နာလေးစားအရေးထား၍ ခင်စသည် ခေါ် ရိုးအမြတ်တနိုး ပြောဆိုလေ့ရှိရခြင်း၊

(၂) နှင်ပဲ့၊ ငေါ်ပဲ့၊ ဟယ့်၊ ကောင်မ့၊ စသည်ဖြင့် ရိုင်းစိုင်းစွာ နှိမ်ချ၍ မခေါ်ပဲ ချိုသာစွာ ခေါ်ရခြင်း၊

(၃) မိမိမယားမှ တပါးသော အခြားမိန်းမတို့၌ အပျော်အပါး မသွားလားခြင်း၊ မထေုန်မှု ရှောင်ကြဉ်ရမည်ဟူလို။

(၄) မိမိအလုပ်လုပ်၍ ရရှိသမျှသော ပစ္စည်းဥစ္စာတို့၌ အုပ်စိုးမှုအခွင့်အရေးကို အပ်နှင်း(ပေးရ)ရခြင်း၊

(၅) မယားကို ခေတ်အားလျော်စွာ အဝတ်တန်ဆာကို မညိုးနွမ်းရလေအောင် ဆင်မြန်းပေးရခြင်း အားဖြင့် ငါးပါးတည်း။

((ဆောင်ရန်)

ချီးမြှောက်မြတ်နိုး ဆိုရိုးသာယာ၊
မိန်းမတပါး မသွားမလာ၊
စည်းစိမ်အပ်နှင်း ဆင်ခြင်းတန်ဆာ၊
လင့်ကျင့်ဝတ် မချွတ်ငါးဖြာ။

## လင်တို့၌ မယားတို့က ပြုရမည့် ဝတ်ငါးပါး

(၁) အိမ်တွင်းမှု ကိစ္စ အဝဝတို့၌ မလစ်လပ်အောင် ရှက် ဆောင်စီမံရခြင်း၊
(၂) နှစ်ဘက်သောဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပင့်ရခြင်း၊
(၃) မိမိလင်မှတပါး အခြားယောကျ်ားတို့၌ လွန်ကျူးသော မိစ္ဆာအကျင့်မှ ရှောင်ကြဉ်ရခြင်း၊
(၄) အိမ်ရှိ ရွှေငွေစသော ပစ္စည်းဥစ္စာတို့ကို မပျောက် ပျက် အောင် ညီးကမ်းတကျ ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ရခြင်း၊
(၅) အိမ်တွင်းမှုကိစ္စတို့၌ ပျင်းရိခြင်းမရှိ၊ ထကြွလုံ့လရှိရခြင်း အားဖြင့် ငါးပါးတို့တည်း။

[ဆောင်ရန်]

အိမ်တွင်းအမှု ချီးပြုမျိုးဆွေ၊
မိစ္ဆာမမှား စောင့်ပြားရွှေငွေ။
လုံးစုံကိစ္စ ထကြွရှိစေ၊
မယားဝတ် မချွတ်ဤငါးထွေ။

## ဆွေမျိုးမိတ်ဆွေတို့၌ အမျိုးသား/သမီးတို့က ပြုရမည့် ဝတ်ငါးပါး

(၁) အခါအခွင့် အားလျော်စွာ ကျွေးမွေး ပေးကမ်းရခြင်း၊
(၂) ချစ်ခင်ဖွယ်သောစကားကို ပြောဆိုရခြင်း၊

(၃) သူတပါးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရခြင်း၊

(၄) သူတပါးတို့အပေါ်ဂုဏ်ဟန်ပန်မလုပ်ပဲ နှစ်ကိုယ့်တစိတ် ထပ်တူညီမျှ ဆက်ဆံရခြင်း၊

(၅) မချွတ်မယွင်း မှန်ကန်သောစကားကိုပြောဆိုရခြင်းအား ဖြင့် ငါးပါးတို့တည်း။

[ဓဆောင်ရန်]

ပေးကမ်းစွန့်ကြဲ ချစ်စကားဆို၊
အကျိုးစီးပွား ယှဉ်ထားနှစ်ကိုယ်။
သစ္စာဘတိ တည်ရှိမြဲဆို၊
မိတ်ဆွေခြင်း မယွင်းပြုစေလို။

## အမျိုးသား၊သမီးတို့၌ ဆွေမျိုးမိတ်ဆွေတို့က ပြုရမည့် ဝတ်ငါးပါး

(၁) မေ့လျော့နေသဖြင့် အသက် ခန္ဓာအတွက် စိုးရိမ်ဖွယ် ရှိသောအခါ မိတ်ဆွေကို စောင့်ရှောက်ရခြင်း၊

(၂) မေ့လျော့နေသဖြင့် စည်းစိမ်ဥစ္စာအတွက် စိုးရိမ်ဖွယ် ရှိသောအခါ စည်းစိမ်ဥစ္စာကို စောင့်ရှောက်ရခြင်း၊

(၃) ကြောက်ရွံ့နေသောအခါ မိတ်ဆွေ၏ အားကိုးမှီခိုရာဖြစ် ရခြင်း၊

(၄) ဘေးရန်နှင့် တွေ့ကြုံသောအခါ မစွန့်ပစ်ရခြင်း၊

(၅) မိတ်ဆွေ၏ သားမြေး အစဉ်အဆက်တို့ကို ချစ်ခင်စွာကျေး ဇူး ပြုရခြင်းအားဖြင့် ငါးပါးတို့တည်း။

(ဆောင်ရန်)

မေ့လျော့စောင့်ဌြား အခြားရတနာ၊
ကြောက်သော်အားဖြေ့ ဘေးတွေ့မကွာ။
သားမြေးစဉ်ဆက် မပျက်ကြင်နာ၊
ကျေးဇူးသိ ပြုဘိဝတ်ငါးဖြာ။
(မိတ်ဆွေတို့၊ ပြုဖို့ဝတ်ငါးဖြာ)

အစေအပါး အလုပ်သမားတို့၌ အရှင်သခင်တို့က
ပြုရမည့် ဝတ်ငါးပါး

(၁) အစေအပါး, အလုပ်သမားတို့၏ ခွန်အားဗလနှင့်လျော်အောင် အလုပ်ကိစ္စကို ခိုင်းစေရခြင်း၊

(၂) ထိုက်တန်သော သမင်း ရိက္ခာ, အဖိုး, အခကို ကျွေးမွေးပေးကမ်းရခြင်း၊

(၃) မကျန်းမာသောအခါ ကောင်းမွန်စွာစောင့်ရှောက်ပြုစုရခြင်း၊

(၄) ထူးဆန်းသော စားကောင်းသောက်ဖွယ် မွန်မြတ်သော အရသာများကို ခွဲဝေကျွေးမွေးရခြင်း၊

(၅) အခါကာလ အားလျော်စွာ အားလပ်ခွင့် ပေးခြင်း၊ အဝတ်တန်ဆာ စသည် ပေးကမ်း ဆင်မြန်း ရခြင်း အားဖြင့် ငါးပါးတို့တည်း။

[ဓဆောင်ရန်]

တန်ရုံစေခြင်း ပေးနှင်းရိုက္ခာ၊
နာသေဘ်လုပ်ကျွေး ဝေပေးအစာ။
ပွဲလမ်းရှိက ဆင်သ့တန်ဆာ၊
အရှင်တို့ ကျင့်ဖို့ဝတ်ငါးဖြာ။

အရှင်သခင်တို့၌ အစေအပါး အလုပ်သမားတို့က
ပြုရမည့် ဝတ်ငါးပါး

(၁) နံနက်မောစော၌ အရှင်မထမီ အိပ်ရာမှ ရှေးဦးစွာ ထ ရခြင်း၊

(၂) အိပ်ရာဝင်သောအခါ အရှင်၏ အမှုကိစ္စများကို ဆောင်ရွက်ပြီး၍ နောက်မှ အိပ်ရခြင်း၊

(၃) အရှင်ပိုင်ဆိုင်သော ပစ္စည်းဥစ္စာကို ပေးသည်ကိုသာ ယူလေ့ရှိရခြင်း၊

(၄) ပြုလုပ်ဖွယ် အမှုကိစ္စတို့ကို ကောင်းစွာ ပြုလုပ်ပေးရခြင်း။

(၅) အရှင်၏ ကျေးဇူးဂုဏ် သတင်း ကျော်ကြားခြင်းတို့ကို ချီးမွမ်းပြောဆိုရခြင်းအားဖြင့် ငါးပါးတို့တည်း။

[ဖြဆောင်ရန်]

ဦးစွာထ, လို့ နောက်မှအိပ်ပါ၊
ပေးတာယူလျက် ဆောင်ရွက်ကောင်းစွာ။
အရှင့်ကျေးဇူး ချီးကျူးဆိုကာ၊
ကျွန်တသင်း ပြုလျှင်းဝတ်ငါးဖြာ။

ရဟန်းတို့၌ ဒါယကာတို့က ပြုရမည့် ဝတ်ငါးပါး

(၁) ရဟန်းတို့အား မေတ္တာနှင့်ယှဉ်သော ကာယကံမှုတို့ကို ကြင်နာစွာ ဆောင်ရွက်ရခြင်း။

(၂) မေတ္တာနှင့်ယှဉ်သော ဝစီကံမှုများကို သာယာကြည်ဖြူစွာ ပြောဆိုရခြင်း။

(၃) မေတ္တာနှင့်ယှဉ်သော မနောကံမှုကို ပွားများရခြင်း၊

(၄) လှူဒါန်းလိုသော စေတနာဖြင့် ဘယ်အခါမဆို အလိုရှိတာ အမိန့်ရှိပါဘုံ ဖိတ်ကြားထားရခြင်း။

(ဖိတ်ကြားခြင်းသည် အမြဲမပြတ် လှူဒါန်း လိုသော အလေ့ဘတံခါးကို ဟင်းလင်းဖွင့်ထားခြင်းမည်၏။)

(၅) ဆွမ်းစသော ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ လှူဒါန်းကျွေးမွေးရခြင်းအားဖြင့် ငါးပါးတို့တည်း။

(ဆောင်ရန်)

မေတ္တာသုံးပါး ပွားများကြည်ဖြူ၊
လိုရာ ဖိတ်ကြား ထတ်အားပေးလူ။

မေတ္တာရည်ညွှန်း ပို့သွန်းကြည်ဖြူ၊
ဧကာဝတ် မချွတ် ကျင့်ပါးသူ။

ဧကာဘိုဋ္ဌ ရဟန်းတို့က ပြုစုရမည့် ဝတ်ခြောက်ပါး

(၁) အကုသိုလ် မကောင်းမှုတို့ကို မပြုလုပ်ရန် ဆုံးမတားမြစ်ပေးရခြင်း၊

(၂) ဒါန၊ သီလစသော ကုသိုလ်ကောင်းမှုတို့၌ ညွှန်ကြားပေးရခြင်း။

(၃) ကောင်းသောစိတ်ဖြင့် ချစ်ခင်ကြင်နာစွာ မေတ္တာဖြင့် စောင့်ရှောက်ရခြင်း။

(၄) မကြားနာဖူးသေးသော တရားစကားများကို ဟောကြားရခြင်း။

(၅) ကြားနာဖူးပြီးသော တရားစကားများ ဖြူစင်အောင် ထပ်မံဟောကြားရခြင်း။

(၆) နတ်ပြည်လားကြောင်း လမ်းကောင်းများကို ညွှန်ကြားပေးရခြင်းအားဖြင့် ခြောက်ပါးတို့တည်း။

[စဆောင်ရန်]

မကောင်းတားမြစ် ကောင်းလစ်ညွှန်စေ၊
စောင့်ရှောက်ကြင်ချစ် အသစ်ဟောပေ။
ထပ်မံဟောပြား ညွှန်ကြားနုတ်မြေ၊
ရဟန်းများ ခြောက်ပါးကျင့်ဝတ်တွေ။

တိုက်တွန်းစကား အကျိုးများ

[စဆောင်ရန်]

ဝတ်တရားနှင့် ပွားများပြည့်စုံ၊
ခုလဲနောင်လဲ ဆင်းရဲမှုကြုံ။
စည်းစိမ်တိုးလို့ ဘေးမျိုးလုံခြုံ၊
ခြံရံများ ကျော်ကြား လူနတ်ဘုံ။
သုတ်ပါဌ်ထေယျ ဟောပြွင့်စော၊
သိင်္ဂါလသုတ် ဟောထုတ်ဒေသနာ။
အရေးကြီးဆုံး နှလုံးပြုကာ၊
ကျင့်ဝတ်များ ကြိုးစားကျင့်ကြံပါ။

သိင်္ဂါလသုတ် ပါဠိတော် သရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

# သင်္ဂြိုဟ်တိသုတ်ပါဠိတော်
# သရုပ်နှင့် အဓိပ္ပာယ်

[(တောင်းပန်ချက်) ဤသင်္ဂီတိသုတ် ပါဠိတော်ကိုဖရေးသာ၊ ရာ၌ အချို့မထူးသော သရုပ်များကို ချန်လှပ်၍ ထူးသောသရုပ်များကိုသာ ရေးသားထားပါသည်၊ ကျမ်းလေးမည်စိုး၍ အထူး တောင်းပန်ပါ၏၊

## တိကတရား သုံးပါးစု

ရှာပိုးခြင်းတို့သည်–ကာမေသနာ၊ ကာမဂုဏ်ကိုရှာမှီးခြင်း, ဘဝေသနာ၊ ဘဝကိုရှာမှီးခြင်း, ဗြဟ္မ စရိယေသနာ၊ မြတ်သောအကျင့်ဟု သမုတ်အပ်သော မိစ္ဆာအယူကို ရှာမှီးခြင်း အားဖြင့် သုံးပါးတို့တည်း။

မာန်တို့သည်–သေယျမာန်၊ငါသာမြတ်၏ဟု မာန်တက်ခြင်း, သဒိသမာန်၊ ထိုသူသည် ငါနှင့်အတူတူပင်ဟု မာန်တက်ခြင်း, ဟီနမာန်၊ ထိုသူသည် ငါ့ထက်သာ၍ ငါကား ယုတ်ညံ့၏ဟု မာန်တက်ခြင်းအားဖြင့် သုံးပါးတို့တည်း။

မီးတို့သည် ရာဂမီး, ဒေါသမီး, မောဟမီး,အားဖြင့် သုံးပါးတို့တည်း။

(တနည်း) အမိအဖမီး, အိမ်ရှင်မီး, အလှူခံမီး အားဖြင့် သုံးပါးတို့တည်း။

အမှာ — ဤမီးသုံးပါးနှင့်ပတ်သက်သော အဓိပ္ပာယ်အကျယ် ကို ဤကျမ်းသင်္ဂီတိသုတ် အဋ္ဌကထာမှာ ဖော်ပြထား ပါသည်။

ထေရ်တို့သည် '—အသက်အရွယ်အားဖြင့် ကြီးသော'ဇာတိ ထေရ်၊ တရားဂုဏ်အားဖြင့် ကြီးသော 'ဓမ္မထေရ်'၊ သမုတ်အပ် သောအားဖြင့် ကြီးသော 'သမ္မုတိထေရ်'အားဖြင့် သုံးပါးတို့ တည်း။

ပညာတို့သည်—ကျင့်ဆဲ'သေက္ခပညာ'၊ ကျင့်ပြီး 'အသေက္ခ ပညာ'ကျင့်ဆဲလည်းမဟုတ် ကျင့်ပြီးလည်းမဟုတ်'နေဝသေက္ခာ နာသေက္ခ ပညာ''အားဖြင့် သုံးပါးတို့တည်း။

တနည်း....စိန္တာမယပညာ၊ အကြံဖြင့်ပြီးသောပညာ, သုတမယ ပညာ၊ ကြားမြင်ခြင်းဖြင့် ပြီးသောပညာ,ဘာဝနာ မယပညာ၊ ပွားများခြင်းဖြင့် ပြီးသောပညာအားဖြင့် သုံးပါးတို့ဘည်း။

လက်နက်တို့သည်—သုတာဝုဓ်၊ အကြားအမြင်လက်နက်,ပဝိ ဝေကာဝုဓ်၊ ဆိတ်ငြိမ်ခြင်းလက်နက်, ပညာဝုဓ်၊ ပညာ လက် နက်အားဖြင့် သုံးပါးတို့တည်း။

မောနေယျခေါ် ရဟန်းအကျင့်တို့သည်—ကိုယ်ဖြင့် ရဟန်း အကျင့်ကိုကျင့်ခြင်း,နှုတ်ဖြင့် ရဟန်းအကျင့်ကိုကျင့်ခြင်း, စိတ် ဖြင့် ရဟန်းအကျင့်ကို ကျင့်ခြင်းအားဖြင့် သုံးပါးတို့တည်း။

လိမ္မာခြင်းတို့သည် - အာယကောသလ္လ၊ အစီးအပွားဌ်လိမ္မာခြင်း, အပါယကောသလ္လ အစီးအပွားမရှိသည်၌ လိမ္မာခြင်း, ဥပါယကောသလ္လ အကြောင်း၌လိမ္မာခြင်းအားဖြင့် သုံးပါးတို့တည်း။

မဒေါ မာန်ယစ်ခြင်းတို့သည်–အာရောဂျမဒ၊ အနာရောဂါ ကင်းခြင်းဖြင့် မာန်ယစ်ခြင်း, ယောဗ္ဗနမဒ၊ အရွယ်နှင့်ပြည့်စုံခြင်းဖြင့် မာန်ယစ်ခြင်း, ဇီဝိတမဒ၊ အသက်ရှည်သည်ကို စွဲ၍ မာန်ယစ်ခြင်းအားဖြင့် သုံးပါးတို့တည်း။

အဓိပတေယျဓေါ် အလေးပြုခြင်းတို့သည်– အတ္တာဓိပတေယျ၊ မိမိကိုယ်ကို အလေးပြုခြင်း, လောကာဓိပတေယျ၊ လောကကို အလေးပြုခြင်း, ဓမ္မာဓိပတေယျ၊ တရားကိုအလေးပြုခြင်းအားဖြင့် သုံးပါးတို့တည်း။

ဝိဇ္ဇာတို့သည် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဝိဇ္ဇာ, စုတူပပါတဉာဏဝိဇ္ဇာ, အာသဝက္ခယဉာဏဝိဇ္ဇာအားဖြင့် သုံးပါးတို့တည်း။

ဝိဟာရ(နေခြင်း)တို့သည်–ဒိဗ္ဗဝိဟာရ၊ နတ် ချမ်းသာနှင့်တူသော သမာပတ်ရှစ်ပါး ချမ်းသာကို ခံစား၍ နေခြင်း, ဗြဟ္မဝိဟာရ၊ ဗြဟ္မဝိဟာရတရား လေးပါးဖြင့်နေခြင်း, အရိယဝိဟာရ၊ မြတ်သောဖလသမာပတ် ချမ်းသာကို ခံစား၍နေခြင်းအားဖြင့် သုံးပါးတို့တည်း။

ပါဋိဟာရိယ(တန်ခိုးပြာဋိဟာ)တို့သည်– ဣဒ္ဓိပါဋိဟာရိယ၊ အထူးထူးသော တန်ခိုးကို ဖန်ဆင်းနိုင်ခြင်း, အာဒေသနာ

ပါဠိဟာရိယ၊ သူတပါးစိတ်ကို သိ၍ ညွှန်းနိုင်ခြင်း, အနုသာသနီပါဠိဟာရိယ၊ သူတပါးစိတ်ကိုသိ၍ တရားဟောနိုင်ခြင်းအားဖြင့် သုံးပါးတို့တည်း။

စတုက္ကအရေး လေးပါးစု

အပဿေန(မှီရာ)တို့သည် - သာသနာတော်၌ ရဟန်းသည် ဉာဏ်ဖြင့်ဆင်ခြင်၍ မှီဝဲသင့်သောအရာကို မှီဝဲရခြင်း၊ ဉာဏ်ဖြင့် ဆင်ဆင်၍ သည်းခံသင့်သောအရာကို သည်းခံရခြင်း၊ ဉာဏ်ဖြင့် ဆင်ခြင်၍ ပယ်ဖျောက်သင့်သော အရာ၌ ပယ်ဖျောက်ရခြင်း၊ ကြဉ်ရှောင်သင့်သော အရာကို ကြဉ်ရှောင်ရခြင်းအားဖြင့် လေးပါးတည်း။

အရိယဝံသ တရားတို့သည်—

(၁) သာသနာတော်၌ ရဟန်းသည် ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲ၏၊ ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကို ချီးမွမ်းလေ့ရှိ၏။ သင်္ကန်းကြောင့် မသင့်လျော်သော ရှာမှီးခြင်းသို့လည်း မရောက်၊ သင်္ကန်း မရခြင်း ကြောင့်လည်း မတုန်လှုပ်၊ သင်္ကန်း ရခြင်းကြောင့်လည်း တပ်ငြိသောစိတ်, တွယ်တာသောစိတ် မရှိ၊ ထိုထို ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်းကြောင့် မိမိကိုယ်ကိုလည်း မချီးမြှောက်၊ သူတပါးကိုလည်း မရှုတ်ချ၊ ထိုသို့ရောင့်ရဲခြင်း၌ လိမ္မာ၏၊ ပျင်းရိခြင်း မရှိ၊ သတိ ပညာဉာဏ် မြဲကောင်းနှင့်လည်း ပြည့်စုံ၏။ (ဤကားတပါး)

(၂) ရဟန်းသည် ရရသမျှသော ဆွမ်းတို့ဖြင့် ရောင့်ရဲ၏။ (ယခင် သက်န်းနှင့် အလုံးစုံ အဓိပ္ပာယ်တူ)။ (ဤကား တပါး)။

(၃) ရဟန်းသည် ရရသမျှသော ကျောင်းဖြင့် ရောင့်ရဲ၏၊ (ယခင်သင်္ကန်း ဆွမ်းတို့နှင့် အဓိပ္ပာယ်တူ)။ (ဤကား တပါး)

(၄) ရဟန်းသည် ပယ်ခြင်း၌ မွေ့လျော်၏၊ ပယ်ခြင်း၌ ပျော်ပိုက်၏၊ ဘာဝနာ၌ မွေ့လျော်ပျော်ပိုက်၏။ ထို့ကြောင့် မိမိကိုကိုလည်း မချီးမြှောက်၊ သူတပါးကိုလည်း မရှုတ်ချ၊ ထိုပွားများခြင်း၌ လိမ္မာ၏၊ ပျင်းရိခြင်းမရှိ၊ သတိ ပညာ ဉာဏ် မြော်ကတုတ်နှင့် ပြည့်စုံ၏၊ ဤကား တပါးအားဖြင့် လေးပါးတို့တည်း။

ဉာဏ်တို့သည်–သစ္စာလေးပါး၌ သိသော ဓမ္မဉာဏ်၊ ဓမ္မဉာဏ် သို့အစဉ်လိုက်သော အန္ဝယဉာဏ်၊ သူတပါးစိတ်ကို ပိုင်းခြား၍သိ သော ပရိစ္ဆေဒဉာဏ်၊ သမုတိပညတ်၌ သိသော သမ္မုတိဉာဏ် အားဖြင့် လေးပါးတည်း။

သော တာပတ္တိမဂ်ရခြင်း၏ အကြောင်း အင်္ဂါတို့သည်–

သပ္ပုရိသသံသေဝ–သူတော်ကောင်းကိုမှီဝဲခြင်း၊ သဒ္ဓမ္မသာ–ဝန–သူတော်ကောင်းတရားကို ကြားနာရခြင်း၊ ယောနိသော မနသိကာရ=အသင့်အတင့် နှလုံးသွင်းခြင်း၊ ဓမ္မာနုဓမ္မပ္ပဋိပတ္တိ–လောကုတ္တရာနှင့် လျော်သောအကျင့်ကို ကျင့်ခြင်းအားဖြင့် လေးပါးတို့တည်း။

[ဓဆာင်ရန်]

သူတော်ဆည်းကပ် မြတ်တရားနှာ၊
သင့်ရာစိတ်သား မင်္ဂအားလျော်စွာ၊
သောတာပတ္တိ ရရှိသေချာ၊
ဤလေးပါး မှတ်သားကြစေရာ။

ဒက္ခိဏာဝိသုဒ္ဓိ(အလှူ၏စင်ကြယ်ခြင်း)တို့သည်—

(၁) အကြွင်အလှူသည် အလှူပေးဒါယကာ စင်ကြယ်၍ အလှူခံပုဂ္ဂိုလ် မစင်ကြယ်သော အလှူမျိုး၊

(၂) အကြွင်အလှူသည် အလှူခံပုဂ္ဂိုလ် စင်ကြယ်၍ အလှူပေး ဒါယကာ မစင်ကြယ်သော အလှူမျိုး၊

(၃) အကြွင်အလှူသည် အလှူပေးဒါယကာလည်း မစင်ကြယ်၊ အလှူခံ ပုဂ္ဂိုလ်လည်း မစင်ကြယ်သော အလှူမျိုး၊

(၄) အကြွင်အလှူသည် အလှူပေးဒါယကာလည်း စင်ကြယ်-အလှူခံပုဂ္ဂိုလ်လည်း စင်ကြယ်သောအလှူမျိုး အားဖြင့် လေးပါးတို့တည်း။

**အမှာ**—အဆွေခင်ပွန်းရခြင်း၏ အကြောင်း လေးပါးခေါ် သင်္ဂဟ ဝတ္ထုလေးပါး သရုပ်-အဂတိလေးပါး သရုပ်တို့ကိုသင်္ဂါလသုတ် ပါဠိတော်၌ ပြဆိုခဲ့ပြီ။

အနရိယဝေါဟာရ [အရိယာမဟုတ် သူတို့၏စကား]တို့သည်—

(၁) မုသာဝါဒ—မဟုတ်မမှန် ပြောဆိုခြင်း၊

(၂) ပိသုဏာဝါစာ— ချောပစ်ကုန်းတိုက်စကားကိုပြောဆို ခြင်း၊

(၃) ဖရုသဝါစာ—ကြမ်းတမ်းသော စကားကို ပြောဆို ခြင်း၊

(၄) သမ္ဖပ္ပလာပဝါစာ—အကျိုးမဲ့စကားကို ပြောဆိုခြင်း အားဖြင့် လေးပါးတို့တည်း။

မှတ်ချက်—၄င်းလေးပါးမှ ရှောင်ကြဉ်လျှင် အရိယဝေါဟာရ တရားလေးပါးဖြစ်သည်ဟုမှတ်။ အခြားကပါးသော အနရိယ ဝေါဟာရ=အရိယဝေါဟာရ တရားတို့လည်း ရှိသေးသည်၊ ကျယ်ဝန်းမည်စိုး၍ မဖော်ပြတော့ပေ။

ပုဂ္ဂိုလ်လေးယောက်ကား

(၁) မိမိ၏ အကျိုးငှာသာ ကျင့်၍ သူတပါး အကျိုးငှာ မကျင့်သောပုဂ္ဂိုလ်၊

(၂) သူတပါးအကျိုးငှာသာ ကျင့်၍ မိမိအကျိုးငှာ မကျင့် သောပုဂ္ဂိုလ်၊

(၃) မိမိအကျိုး သူတပါးအကျိုး နှစ်မျိုးလုံးကို မကျင့် သောပုဂ္ဂိုလ်၊

(၄) မိမိအကျိုး—သူတပါးအကျိုး နှစ်မျိုးလုံးကိုကျင့်သော ပုဂ္ဂိုလ်အားဖြင့် လေးယောက်တို့တည်း။

(အခြားတပါးသော ပုဂ္ဂိုလ်များလည်း တနည်း ရှိသေး၏ ပါဠိတော်မှာ-ရှုလေ။)

ပဉ္စကတရားငါးပါးစု

လားရာဂတိတို့သည်—နိရယဂတိ၊ တိရစ္ဆာနဂတိ၊ ပေတဂတိ၊ မနုဿဂတိ၊ ဒေဝဂတိအားဖြင့် ငါးပါးတို့တည်း။

[ဆောင်ရန်]

ဒေဝ,မနုဿ၊ ပေတ,နိရယံ၊ တိရစ္ဆာန်၊ ငါးတန်ဂတိမှတ်။

မစ္ဆေရ[ဝန်တိုမှု]တရားတို့သည်—

(၁) အာဝါသမစ္ဆရိယ—ကျောင်းကန်တိုက်တာ နေရာထိုင်ခင်းတို့၌ ဝန်တိုမှု၊
(၂) ကုလမစ္ဆရိယ—ဆွေမျိုးညာတိတပည့်ဒကာဒကာမတို့၌ ဝန်တိုမှု၊
(၃) လာဘမစ္ဆရိယ ပစ္စည်း လာဘ် လာဘတို့၌ ဝန်တိုမှု၊
(၄) ဝဏ္ဏမစ္ဆရိယ—ကိုယ်အဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုမှု၊
(၅) ဓမ္မမစ္ဆရိယ—မိမိတတ်သိသောအတတ်ပညာတို့၌ ဝန်တိုမှုအားဖြင့် ငါးပါးတို့တည်း။

[ဆောင်ရန်]

အာဝါ,ကုလ၊ လာ,ဝဏ္ဏ၊ ဓမ္မမစ္ဆေရာ။

အဘဗ္ဗဋ္ဌာန[ပြုခြင်းငှာ မထိုက်သောအရာ]တို့သည်–

(၁) ရဟန္တာ ရဟန်းသည်–သတ်လိုသော စေတနာဖြင့် သတ္တဝါကို အသက်မှ ချခြင်းငှာ မထိုက်၊

(၂) မပေးသည်ကို ခိုးလိုသော စိတ်ထားဖြင့် ယူခြင်းငှာ မထိုက်၊

(၃) မေထုန်မှီဝဲခြင်းငှာလည်း မထိုက်၊

(၄) သိလျက် မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းငှာ မထိုက်၊

(၅) ရှေးလူဖြစ်စဉ်ကကဲ့သို့ ကာမဂုဏ်တို့ကို သိုမှီး၍ ခံစားခြင်းငှာ မထိုက်၊ ဤငါးပါးတို့တည်း။

ဗျသန(ပျက်စီးခြင်း)တရားတို့သည်–

(၁) ဉာတိဗျသန- ဆွေမျိုးပျက်စီးခြင်း၊

(၂) ဘောဂဗျသန–စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊

(၃) ရောဂဗျသန–အနာရောဂါကြောင့် ပျက်စီးခြင်း၊

(၄) သီလဗျသန–အကျင့်သီလ ပျက်စီးခြင်း၊

(၅) ဒိဋ္ဌိဗျသန–အယူဝါဒ ပျက်စီးခြင်းအားဖြင့် ငါးပါးတို့တည်း။

အထူးမှတ်ချက်— ၎င်းပျက်စီးခြင်း ငါးပါးတို့တွင် ရှေ့သုံးပါးကြောင့် ပျက်စီးလျှင် ငရဲ၌မဖြစ်နိုင်၊ နောက် သီလ၊ဒိဋ္ဌိဗျသနတို့ကြောင့်ကား ငရဲ၌ဖြစ်နိုင်၏ဟု မှတ်။

[ဆောင်ရန်]

၁ ဉာဏ, ဘော, ရော, သီ၊ ဒိဋ္ဌိမှီ၊ ငါးလီဗျသန။

၂ ရေဲမလား၊ ရှေ့သုံးပါး၊ လားပြောင်းနောက်နှစ်ဝ။

သမ္ပဒါ (ပြည့်စုံခြင်း)တရားတို့သည် - ဉာတိသမ္ပဒါ ဆွေမျိုးနှင့် ပြည့်စုံခြင်း၊ ဘောဂသမ္ပဒါ၊ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်း၊ အာရောဂျသမ္ပဒါ၊ အနာရောဂါ ကင်းခြင်းနှင့် ပြည့်စုံခြင်း၊ သီလသမ္ပဒါ၊ အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ဒိဋ္ဌိသမ္ပဒါ၊ အယူနှင့်ပြည့်စုံခြင်း အားဖြင့် ငါးပါးတို့တည်း။

အမှာ=သီလပျက်စီးခြင်းတရားငါးပါး၊ သီလပြည့်စုံခြင်း တရားငါးပါးတို့ကို ဤကျမ်း မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်တွင် ပြဆိုခဲ့ပြီ။

ပဓာနိယင်္ဂတရားငါးပါး

[(သမထ, ဝိပဿနာအားထုတ်သူတို့ ထားရှိရမည့် အင်္ဂါဟူလို။)]

(၁) သဒ္ဓါ—ရတနာသုံးပါး ဂုဏ်တော်များ၌ ယုံကြည်သက်ဝင်ခြင်း၊

(၂) အပ္ပာဗာဓော—ကျန်းမာသန်စွမ်းခြင်း၊

(၃) အသဌော—စိတ်သဘောထား ဖြောင့်စင်း တည့်မတ်ခြင်း၊

(၄) အာရဒ္ဓဝီရိယော—အကျင့်သိသနှင့် ပြည့်စုံကာ ကြိုးပမ်း အားထုတ်မှုရှိရခြင်း၊
(၅) ဥဒယတ္ထ ဂါမိနိယာပညာ—ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို သိမြင်နိုင်သော ဉာဏ်ပညာ နှင့် ပြည့်စုံခြင်း အားဖြင့် ငါးပါးတို့တည်း။

စေတောခိလ[စိတ်၏ငြောင့်တံသင်း]တို့သည်—

[၁] သတ္ထရိ ကင်္ခတိ - ဘုရား၌ ယုံမှားခြင်း၊
[၂] ဓမ္မေ ကင်္ခတိ - တရားတော်၌ ယုံမှားခြင်း၊
[၃] သံဃေ ကင်္ခတိ - သံဃာတော်၌ ယုံမှားခြင်း၊
[၄] သိက္ခာယ ကင်္ခတိ - အကျင့်သိက္ခာပုဒ်၌ ယုံမှားခြင်း၊
[၅] သဗြဟ္မစာရီသု ကုပ္ပတိ - မြတ်သော သီတင်းသုံး ဖော်တို့၌ အမျက်ထွက်ခြင်း အားဖြင့် (ငြောင့်တံသင်း တို့သည်)ငါးပါးတို့တည်း။

စေတသောဝိနိဗန္ဓတရားငါးပါး

စိတ်ကို ဘာဝနာအလုပ်သို့ မရောက်အောင် ဖွဲ့နှောင်တတ်သောတရားဟူလို၊

(၁) ပစ္စည်းလေးပါးတို့၌ သာယာခင်တွယ်သော တဏှာ၊
(၂) မိမိကိုယ်ခန္ဓာ၌ သာယာတတ်သောတဏှာ၊
(၃) စားမှုအိပ်မှု၌ အလေးဂရုပြုသော တဏှာ၊

(၄) ကိုယ်ရည်အဆင်း အသေးလှပဖို့ အရေး၌ ထပ်မက် သောတဏှာ၊

(၅) မိမိ၏ ရဟန်းသီလ ဖြည့်ကျင့်မှုသည် ယခုဘဝ၌ နိဗ္ဗာန် ရရန်မဟုတ်၊ အစားချောင်ရုံ၊ လူနတ်ဘုံဘဝသို့ရောက် ရုံဟု စိတ်ထားရှိခြင်းတို့တည်း။

ဆက္က-တရားခြောက်ပါးစု

**အဂါရဝ** [မရိုသေ မလေးစားခြင်း]တို့သည်—

[၁] မြတ်စွာဘုရား၌ မရိုသေခြင်းမတုပ်ဝပ်ခြင်းဖြင့်နေခြင်း၊
[၂] တရားတော်၌ .... .... ....
[၃] သံဃာတော်၌ .... .... ....
[၄] အကျင့်သိက္ခာ၌ .... .... ....
[၅] အပ္ပမာဒတရား၌ .... .... ....
[၆] အာမိသဖြင့် ခေ့စပ်ခြင်း၊ ဓမ္မဖြင့် ခေ့စပ်ခြင်း ပဋိ သန္ထာရတရား၌ မရိုသေခြင်း၊ မတုပ်ဝပ်ခြင်း အားဖြင့် ခြောက်ပါးတို့တည်း။

**ဂါရဝ**[ရိုသေခြင်း]တရားတို့သည် –

မြတ်စွာဘုရား၌ ရိုသေခြင်း တုပ်ဝပ်ခြင်းရှိသည် ဖြစ်၍ နေ ခြင်း စသည်ခြောက်ပါးတို့တည်း။

(အဂါရဝတို့ကို အနွယပြန်ဆိုလျှင် ဂါရဝတရား ခြောက်ပါး ဖြစ်၏။)

အနုတ္တရိယ[လွန်ကဲသော]တရားတို့သည် –

(၁) ဒဿနာနုတ္တရိယ–လွန်ကဲသော မြင်ခြင်း၊
(၂) သဝနာနုတ္တရိယ - လွန်ကဲသော ကြားခြင်း၊
(၃) လာဘာနုတ္တရိယ–လွန်ကဲသော လာဘ်ရခြင်း၊
(၄) သိက္ခာနုတ္တရိယ–လွန်ကဲသော အတတ်ရှိခြင်း၊
(၅) ပါရိစရိယာနုတ္တရိယ–လွန်ကဲသော လုပ်ကျွေးခြင်း၊
(၆) အနုဿတာနုတ္တရိယ–လွန်ကဲသော အောက်မေ့ခြင်း အားဖြင့် ခြောက်ပါးတို့တည်း။

## ဝိဝါဒမူလတရားခြောက်ပါး

(ငြင်း၊ ခုံခြင်းအကြောင်း၊ တရား မူလ၊ ဟူလို။)

(၁) ကောဓနော ဟောတိ ဥပနာဟီ=အမျက်ဒေါသကြီးခြင်း၊
(၂) မက္ခီ ဟောတိ ပဠာသီ–ကျေးဇူး မသိပဲ ဂုဏ်တု ဂုဏ်ပြိုင်ပြုတတ်ခြင်း၊
(၃) ဣဿုကီ ဟောတိ မစ္ဆရီ–ငြူစူလျှို့ဝှက် တတ်ခြင်း၊
(၄) သဌော ဟောတိ မာယာဝီ - စဉ်းလဲ ကောက်ကျစ်တတ်ခြင်း၊ လှည့်ပတ် ဖြားယောင်းတတ်ခြင်း၊
(၅) ပါပိစ္ဆော ဟောတိ မိစ္ဆာဒိဋ္ဌိ– မကောင်းသော အလိုရှိခြင်း၊ မိစ္ဆာအယူရှိခြင်း၊
(၆) သန္ဒိဋ္ဌိ ပရာမာသီ ဟောတိ–အမှားမှု၌ အယူသန် တဇောက်ကန်း အယူသည်းနေခြင်းအားဖြင့် ခြောက်ပါးတို့တည်း။

**သတ္တက-တရားခုနစ်ပါးစု -**

အရိယဥစ္စာတို့သည်- သဒ္ဓါဥစ္စာ၊ သီလဥစ္စာ၊ ဟိရီဥစ္စာ၊ ဩတ္တပ္ပဥစ္စာ၊ သုတဥစ္စာ၊ စာဂဥစ္စာ၊ ပညာဥစ္စာ အားဖြင့် ခုနစ်ပါးတို့တည်း။

ဤခုနစ်ပါးတို့ကို အရိယာတို့၏ ဥစ္စာဟု လည်းကောင်း၊ ဘုရားရှင်၏သာသနာ့အမွေအနှစ်ဥစ္စာဟုလည်းကောင်း၊ သူတော်ကောင်းဥစ္စာ ခုနစ်ပါးဟုလည်းကောင်း ခေါ်ဆိုကြသေး၏။

**အသဒ္ဓမ္မ(မသူတော်တရား)တို့သည် -**

(၁) သဒ္ဓါတရားမရှိခြင်း၊ (၂) အရှက်မရှိခြင်း၊
(၃) အကြောက်မရှိခြင်း၊ (၄) အကြား အမြင် မရှိခြင်း၊
(၅) ပျင်းရိခြင်း၊ (၆) သတိကင်းလွတ်ခြင်း၊
(၇) ပညာမရှိခြင်းအားဖြင့် ခုနစ်ပါးတို့တည်း။

**သဒ္ဓမ္မ(သူတော်ကောင်းတရား)တို့သည် -**

(၁) သဒ္ဓါ၊ သဒ္ဓါတရားရှိခြင်း၊
(၂) ဟိရီ၊ အရှက်ရှိခြင်း၊
(၃) ဩတ္တပ္ပ၊ ကြောက်လန့်ခြင်း၊
(၄) ဗဟုသုတ၊ အကြားအမြင်များခြင်း၊
(၅) အာရဒ္ဓဝီရိယ၊ အားထုတ်မှုလုံ့လရှိခြင်း၊
(၆) သတိ၊ ထင်သောသတိရှိခြင်း၊
(၇) ပညာ၊ ပညာရှိခြင်းအားဖြင့် ခုနစ်ပါးတို့တည်း။

တနည်း–သပ္ပုရိသဓမ္မ(သူတော်ကောင်းတရား)တို့သည်–

(၁) ဓမ္မညူ၊ ပါဠိတော်ကို သိခြင်း၊

(၂) အတ္ထညူ၊ အနက်အဓိပ္ပာယ်ကို သိခြင်း၊

(၃) အတ္တညူ၊ မိမိကိုယ်ကို သိခြင်း၊

(၄) မတ္တညူ၊ အတိုင်းအရှည်ကို သိခြင်း၊

(၅) ကာလညူ၊ အချိန်အခါကို သိခြင်း၊

(၆) ပရိသညူ၊ ပရိသတ်ကို သိခြင်း၊

(၇) ပုဂ္ဂလညူ၊ ပုဂ္ဂိုလ်ကို သိခြင်းအားဖြင့် ခုနစ်ပါးတို့တည်း။

## နိဒ္ဒသဝတ္ထု ခုနစ်ပါး

(ရဟန္တာဖြစ်ခြင်းအကြောင်း)တို့သည် –

(၁) သိက္ခာကိုစောင့်ထိန်းခြင်း၌ ထက်သော ဆန္ဒရှိခြင်း၊ နောင်အခါလည်း မကင်းသောတောင့်တဖွယ်ရှိခြင်း၊

(၂) တရားကိုဆင်ခြင်း၌ ထက်သောဆန္ဒ ရှိခြင်း၊

(၃) တဏှာကိုပယ်ဆီးခြင်း၌ ထက်သော ဆန္ဒရှိခြင်း၊

(၄) ဆိတ်ငြိမ်ရာ တစ်ယောက်ထည်းတည်း နေခြင်း၌ ထက်သောဆန္ဒရှိခြင်း၊

(၅) လုံ့လကို ပြည့်စုံစေခြင်း၌ ထက်သော ဆန္ဒရှိခြင်း၊

(၆) သတိပညာ၌ ထက်သောဆန္ဒရှိခြင်း၊
(၇) အရိယာမဂ်ကို သိမြင်ခြင်း၌ ထက်သောဆန္ဒရှိခြင်းအားဖြင့် ခုနစ်ပါးတို့တည်း။

အဋ္ဌဒါနဝတ္ထုနိဒ္ဒေသ—

(ဒါနဖြစ်ခြင်းအကြောင်းတရား ရှစ်ပါးတို့သည်—
(၁) မိမိတို့ဌာနသို့ ရောက်လာ၍ လှူခြင်း၊
(၂) ကြောက်လန့်၍ လှူခြင်း၊
(၃) သူကပေးလှူ၍ တဖန်ပြန်လှူခြင်း၊
(၄) လာဘ်ကို မျှော်ကိုး၍ လှူခြင်း၊
(၅) ရှေးသူဟောင်း မိရိုးဖလာလှူခြင်း၊
(၆) ရဟန်းတော်များ ချက်မစားကောင်း၍လှူခြင်း၊
(၇) ချီးမွမ်းခံယူလို၍ လှူခြင်း၊
(၈) မဂ်ဖိုလ်ကို ရလို၍ လှူခြင်းအားဖြင့် ရှစ်ပါးတို့တည်း။

(မှတ်ရန်)

● ရောက်လာ၍လှူ၊ ကြောက်၍လှူနှင့်၊ ပေးလှူ၍လှူ၊ ပေးသိမ့်လှူတည့်၊ရှေးသူတို့ဋြမ်း၊ မချက်စွမ်းနှင့်၊ ချီးမွမ်းရလို၊ မဂ်ဖိုလ်လိုသည်၊ မိန့်ဆိုဒါန ရှစ်မျိုးတည်း။

## နဝက—တရားကိုးပါးစု

## အာဃာတဝတ္ထု ကိုးပါးသရုပ်

[ရန်ငြိုးဖွဲ့ကြောင်း (ဝါ) ခိုက်ရန်ဖြစ်ကြောင်း တရားများဟူလို။]

(၁) မိမိ၏စီးပွားမဲ့ကို ပြုပြီးခြင်း, ပြုနေဆဲ, ပြုလတ္တံ့။
(၂) မိမိချစ်သူ၏စီးပွားမဲ့ကို ။ , ။ , ။
(၃) မိမိမုန်းသူ၏စီးပွားမဲ့ကို ။ , ။ , ။

[ဆောင်ရန်]

- မိမိ,ချစ်သူ၊ မုန်းသည့်လူ၊ သုံးဆူတည်၍ထား။
- အတိတ် ပစ္စုပ္ပန်၊ နာဂတ်မှန်၊ သုံးတန်မြောက်ခါပွား။
- အာဃာတ,ဝတ္ထု၊ ကိုးပါးရှု၊ ခေါ်မှုမြဲမှတ်သား။

## လက္ခဏာကိုးပါး

(နိဗ္ဗာန်မဂ်ဖိုလ် မရကောင်း၊သော အရပ်ဟူလို။)

(၁) ငရဲ၌ ဖြစ်သောသူ၊
(၂) တိရစ္ဆာန်ဘုံ၌ ဖြစ်သောသူ၊
(၃) ပြိတ္တာဘုံ၌ ဖြစ်သောသူ၊
(၄) အသညသတ်ဘုံ[အရူပဘုံ]၌ ဖြစ်သောသူ၊
(၅) ပစ္စန္တရစ်အရပ်၌ တရားကို မသိနိုင်သော လူရိုင်းစသောသူ၊

(၆) မဇ္ဈိမဒေသ၌ မိစ္ဆာဒိဋ္ဌိ ဖြစ်သောသူ၊
(၇) မဇ္ဈိမဒေသ၌ ပဋိသန္ဓေအားဖြင့် မျက်စိကန်း, နားကန်း, အဆွံ့, အအ, ဖြစ်သောသူ၊

(ဤခုနစ်ပါးကား ဘုရားပွင့်တော်မူသောအခါ၌ ဖြစ်လင့်ကစား မဂ်ဖိုလ်ကို မရထိုက် မသိထိုက်ဟုမှတ်။)

(၈) ဘုရားမပွင့်သောကာလမှာ မဇ္ဈိမဒေသ၌ တိဟိတ်ပဋိသန္ဓေပညာရှိ သူတော်ကောင်း ဖြစ်လျက် တရားတော်ကို မနာထိုက် မသိထိုက်သောသူ။
(၉) မဇ္ဈိမဒေသ ဇနပုဒ်တို့၌ ပညာရှိသူ၊စိတ်မဖောက်ပြန်သူ၊ မဆွံ့အသူ၊ ကောင်းမကောင်းသော တရားကို သိစွမ်းနိုင်သူတို့တည်း။

## အရိယာဝါသ တရားဆယ်ပါး

(အရိယာပုဂ္ဂိုလ်တို့ အမြဲနေသောတရားများ ဟူလို။)

(၁) ပဉ္စင်္ဂဝိပ္ပဟီန၊ နီဝရဏတရား ငါးပါးတို့ကို ပယ်ပြီးခြင်း။
(၂) ဆဠင်္ဂသမန္နာဂတ၊ အာရုံခြောက်ပါး အတွေ့၌သာ မယာယာခြင်း။
(၃) ဧကာရက္ခ၊ ကံသုံးပါး မကျူးလွန်မှု၌ သတိနှင့် အမြဲနေခြင်း။
(၄) စတုရာပဿေန၊ ပညာဖြင့်သာ မှီဝဲ သည်းခံခြင်း၊ ကြဉ်ရှောင် ပယ်ဖျောက်ခြင်း ကိစ္စလေးပါးတို့၌ အမြဲဆင်ခြင်၍ ပြုခြင်း။

(၅) ပဏ္ဍုပလာသသည် ငါ့ဦးမြစ်နှင့် ငါ့အယူသာ မှန်၏ ဟူသော ဒိဋ္ဌိသစ္စာကို ပယ်ခြင်း။

(၆) သမဝယသဋ္ဌေသန၊ အကျင့်ကို ရှာမှီးခြင်းမှ ငြိမ်းပြီး ဖြစ်၍ ချမ်းသာစွာနေခြင်း။

(၇) အနာဝိလသင်္ကပ္ပ၊ သင်္ကပ္ပသုံးပါးကို ပယ်၍နေခြင်း။

(၈) ပဿဒ္ဓ ကာယသင်္ခါရ၊ စတုတ္ထဈာန်ကို ဝင်စား၍ နေခြင်း။

(၉) သုဝိမုတ္တစိတ္တ၊ ရာဂ၊ ဒေါသ၊ မောဟတို့မှ စိတ်လွတ်၍ နေခြင်း။

(၁၀) သုဝိမုတ္တပညာ၊ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ပြီး ဖြတ်ပြီး၊ တဖန်မဖြစ်ပေါ်မှု သဘောကို သိ၍နေခြင်း တို့တည်း။

[ဒသုတ္တရသုတ်ပါဠိတော်မှာလည်း ထို့အတူပင်တည်း။]

သင်္ဂီတိသုတ်ပါဠိတော် သရုပ် နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

# ဒသုတ္တရသုတ် ပါဠိတော်
# သရုပ်နှင့် အဓိပ္ပာယ်

(က) ဗဟုကာရ (ကျေးဇူးများသော) တရားစု

(၁) အောက်မေ့ခြင်း 'သတိ'

(၂) ဆင်ခြင်ခြင်း 'သမ္ပဇဉ်' တရားနှစ်ပါးတို့တည်း။

(တနည်း) (၁) သူတော်ကောင်းကို မှီဝဲခြင်း၊
(၂) သူတော်ကောင်းတရားကိုကြားနာရခြင်း၊
(၃) လောကုတ္တရာ တရားအား လျော်သော တရားကို ကျင့်ခြင်းအားဖြင့် သုံးပါးတို့ တည်း။

(တနည်း)

(၁) သင့်ဘင့်လျောက်ပတ်သောအရပ်၌ နေခြင်း၊

(၂) သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း၊

(၃) မိမိကိုယ်ကို ကောင်းစွာထားခြင်း၊

(၄) ရှေး၌ ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်းအားဖြင့် စက် လေး ပါးတို့ပင်တည်း။

**တနည်း—ပဓာနိယင်္ဂ** တရား ငါးပါးတို့တည်း။ ရင်း ငါးပါး သရုပ်ကို သင်္ဂီတိသုတ်၌ ပြဆိုခဲ့ပြီ။

(တနည်း)

(၁) မေတ္တာ ကာယကံကို သီတင်းသုံးဖော်တို့၌ မျက်မှောက် မျက်ကွယ် ပြုခြင်း၊
(၂) မေတ္တာ ဝစီကံကို -လ- ပြုရခြင်း၊
(၃) မေတ္တာ မနောကံကို-လ ပြုရခြင်း၊
(၄) ရဟန်းတို့အား တရားနှင့်လျော်သော လာဘ်ရခြင်း၊
(၅) ရဟန်းတို့အား သီလနှင့် ပြည့်စုံခြင်း၊
(၆) ကိလေသာ တည်းဟူသော အပြစ်ကင်းရခြင်း အားဖြင့် သာရဏီယတရား ခြောက်ပါးတို့တည်း။

(တနည်း) အရိယာ၏ဥစ္စာ (သူတော်ကောင်းဥစ္စာ) ခုနစ်ပါးတို့တည်း။ သင်္ဂီတိသုတ်၌ ပြဆိုခဲ့ပြီ။

(တနည်း)

(၁) ဆရာကို လည်းကောင်း၊ သီတင်း သုံးဖော်ကို လည်း ကောင်း, ရိုသေလေးစားခြင်း၊
(၂) ပါဠိဝမှမျှားကို ပေးစိစစ်ခြင်း၊
(၃) ကိုယ်စိတ်နှစ်ပါး၏ ငြိမ်းအေးခြင်းနှင့် ပြည့်စုံခြင်း၊
(၄) ပါတိမောက္ခ သံဝရ သီလကို စောင့်စည်း၍ ကောင်း သောအကျင့် ရှိခြင်း၊
(၅) အကြားအမြင်နှင့် ပြည့်စုံခြင်း၊
(၆) အကုသိုလ်တရားတို့ကိုပယ်၍ ကုသိုလ်တရားတို့ကို ပြည့်စုံ ခြင်းငှာ ကြံ့ခိုင်သော အားထုတ်မှုရှိခြင်း။

(၇) သတိပညာနှင့်ပြည့်စုံ၍ ကြာမြင့်စွာက ပြုပြီးသော အမှုကိစ္စကို အောက်မေ့နိုင်ခြင်း၊

(၈) ဥပါဒါနက္ခန္ဓာငါးပါးတို့၌ ဖြစ်ခြင်း, ပျက်ခြင်းကို အဖန်ဖန်ရှု၍ နေခြင်းအားဖြင့် ရှစ်ပါးတို့တည်း။

(တနည်း)

(၁) အသင့်အားဖြင့် နှလုံးသွင်းသောသူအား ဝမ်းမြောက်ခြင်း 'ပါမောဇ္ဇ'

(၂) နှစ်သိမ့်ခြင်း 'ပီတိ'

(၃) နာမ်ရုပ်အပေါင်း၏ ငြိမ်းအေးခြင်း ပဿဒ္ဓကာယ၊

(၄) ငြိမ်းအေးသောရဟန်း၏ ချမ်းသာစွာ ခံစားခြင်း သုခ၊

(၅) စိတ်၏ တည်ကြည်ခြင်း 'သမာဓိ'

(၆) ဟုတ်မှန်သောအတိုင်း သိခြင်း 'ယထာဘူတ'

(၇) ငြီးငွေ့ခြင်း 'နိဗ္ဗိန္ဒ'

(၈) သင်္ခါရတို့၌ တပ်ခြင်းမှ ကင်းခြင်း 'ဝိရာဂ'

(၉) သင်္ခါရတရားမှ လွတ်မြောက်ခြင်း 'ဝိမုတ္တိ'အားဖြင့် ကိုးပါးတို့တည်း။

(တနည်း)

နာထကရဏဓမ္မ(မှီခိုရာ တရား)ဆယ်ပါးတို့ကား—

(၁) သီလတရားနှင့် ပြည့်စုံခြင်း၊

(၂) များသော အကြားအမြင် ရှိခြင်း၊

(၃) အဆွေ ခင်ပွန်းကောင်း ရှိခြင်း၊

(၄) ဆိုဆုံးမလွယ်၍ သည်းခံနိုင်ခြင်း၊
(၅) အမှုကိစ္စတို့၌ သိတင်းသုံးဖော်တို့နှင့် သင့်တင့်စွာလိုမှာ ရခြင်း၊
(၆) တရားစကားနှင့်လျော်၍ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်ခြင်း၊
(၇) ပစ္စည်းလေးပါး၌ ရောင့်ရဲနိုင်ခြင်း၊
(၈) လုံ့လ ဝီရိယနှင့် ပြည့်စုံရခြင်း၊
(၉) သတိပညာနှင့် ပြည့်စုံရခြင်း၊
(၁၀) ဖြစ်ခြင်း ပျက်ခြင်းကိုသိသော ဖြူစင်သောကိလေသာကို ဖျက်ဆီးနိုင်သည့် နိဗ္ဗာန်သို့ရောက်နိုင်သော ပညာနှင့် ပြည့်စုံရခြင်းအားဖြင့် ဆယ်ပါးတို့တည်း။ ။ဤတွင် ဗဟုကာရ တရားစုပြီးပါပြီ။

(စ) ဘာဝေတဗ္ဗဓမ္မ(ပွားများထိုက်သော) တရားစု

(၁) သမထတရား၊
(၂) ဝိပဿနာတရား နှစ်ပါးတို့တည်း။

(တနည်း) (၁) ဝိတက်, ဝိစာရနှင့်တကွဖြစ်သော သမာဓိ၊
(၂) ဝိတက်ကား မရှိ၊ ဝိစာရ မျှသာ ရှိသော သမာဓိ၊
(၃) ဝိတက် ဝိစာရ နှစ်ပါးလုံးမရှိသော သမာဓိအားဖြင့် သုံးပါးတို့တည်း။

(တနည်း) သတိပဋ္ဌာန်တရား လေးပါးတို့တည်း။ သရုပ် သိသာပြီ။

(တနည်း) (၁) ပီတိပျံ့နှံ့သော (ပ-ဒု-တ)ဈာန်၊
(၂) သုခပျံ့နှံ့သော (ပ-ဒု-တ)ဈာန်၊
(၃) အခြား ပုဂ္ဂိုလ်တို့၏ စိတ်ကို အပျံ့ အနှံ့ သိသော (စေတောပရိယ) အဘိညာဉ်၊
(၄) အလင်းပျံ့နှံ့သော ဒိဗ္ဗစက္ခု) အဘိညာဉ်၊
(၅) သမာပတ်မှ ထသော ပုဂ္ဂိုလ် တို့၏ ပစ္စဝေက္ခဏာဉာဏ် အားဖြင့် ငါးပါး တို့တည်း။

(တနည်း)

(၁) ဗုဒ္ဓါနုဿတိ၊ (၂) ဓမ္မာနုဿတိ၊
(၃) သံဃာနုဿတိ၊ (၄) သီလာနုဿတိ၊
(၅) စာဂါနုဿတိ၊ (၆) ဒေဝတာနုဿတိ

အားဖြင့် ခြောက်ပါးတို့တည်း။

တနည်း— ဗောဇ္ဈင်တရား ခုနစ်ပါးတို့တည်း။

တနည်း— မဂ္ဂင်တရားရှစ်ပါးတို့တည်း။

တနည်း— သီလဝိသုဒ္ဓိ၊ စိတ္တ၊ ဒိဋ္ဌိ၊ ကင်္ခါဝိတရဏ၊ မဂ္ဂါ မဂ္ဂဉာဏဒဿန၊ ပဋိပဒါဉာဏဒဿန၊ ဉာဏဒဿန၊ ပညာဝိသုဒ္ဓိ၊ ဝိမုတ္တိ ဝိသုဒ္ဓိအားဖြင့် ကိုးပါး တို့တည်း။

တနည်း—ပထဝီ, အာပေါ, တေဇော, ဝါယော, နီလ, ပီတ, လောဟိတ, ဩဒါတ, အာကာသ, ဝိညာဏ, ကသိဏ အားဖြင့် ကသိုဏ်းတရား ဆယ်ပါး တို့တည်း။

(ဂ) ပရိညေယျဓမ္မ (ပိုင်းခြား၍ သိအပ်သော) တရားစု

နာမ်ရုပ်တရားနှစ်ပါး၊ ဝေဒနာသုံးပါး၊ အာဟာရလေးပါး၊ ဥပါဒါနက္ခန္ဓာငါးပါး၊ အဇ္ဈတ္တိကာယတန ခြောက်ပါး၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါး၊ လာဘော, အလာဘော, ယသော, အယသော, နိန္ဒာ, ပသံသာ, သုခံ, ဒုက္ခံဟူသော လောကဓံရှစ်ပါးတို့တည်း။ သတ္တာဝါသ ဘုံ ကိုးဝ တို့တည်း၊ ဩဠာရိကာယတန ဆယ်ပါးတို့တည်း။

(ဃ) ပဟာတဗ္ဗဓမ္မ (ပယ်ထိုက်သော) တရားစု

အဝိဇ္ဇာ ဘဝတဏှာတရားနှစ်ပါး၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ, သုံးပါး၊ ဩဃတရား လေးပါး၊ နီဝရဏတရား ငါးပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မတဏှာ အားဖြင့် တဏှာအပေါင်း ခြောက်ပါး၊ အနုသယခုနစ်ပါး၊ မှားသော သဘောတရားရှစ်ပါး၊ တဏှာအကြောင်းရှိသောတရားကိုးပါး၊ မှားသောသဘောတရား ဆယ်ပါး တို့တည်း။

## (င) ဟာနဘာဂိယဓမ္မ (ယုတ်သောအဖို့ ရှိသော) တရားစု

ဒေါဝစဿတာ၊ ဆုံးမခက်ခြင်း၊ ပါပမိတ္တတာ၊ မကောင်းသော မိတ်ဆွေရှိခြင်း နှစ်ပါး၊ အကုသိုလ်မူလ သုံးပါး၊ ယောဂတရား လေးပါး၊ စေတောခိလခေါ် စိတ်၏ ငြောင့်တံသင်း ငါးပါး၊ အဂါရဝ၊မရိုသေခြင်းတရား ခြောက်ပါး၊ မသူတော်တရား ခုနစ်ပါး၊ ပျင်းရိခြင်းအကြောင်း ရှစ်ပါး၊ ခိုက်ရန်ဖြစ်ခြင်းအကြောင်း ကိုးပါး၊ အကုသလကမ္မပထတရား ဆယ်ပါးတို့တည်း။

## (စ) ဝိသေသဘာဂိယဓမ္မ (ထူးသောအဖို့ရှိသော) တရားစု

သောဝစဿတာ၊ ဆုံးမလွယ်ခြင်း, ကလျာဏမိတ္တတာ၊ ကောင်းသောမိတ်ဆွေရှိခြင်း, နှစ်ပါး၊ ကုသလ မူလ သုံးပါး၊ ဝိသံယောဂ လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဂါရဝ ရှိသေခြင်း ခြောက်ပါး၊ သူတော်ကောင်းတရား ခုနစ်ပါး၊ ဝီရိယာရမ္ဘဝတ္ထု ရှစ်ပါး၊ အာဃာတဝတ္ထု ကိုးပါး၊ ကုသလကမ္မပထ တရား ဆယ်ပါးတို့တည်း။

## (ဆ) ဒုပ္ပဋိဝိဇ္ဈာ (ထိုးထွင်း၍ သိနိုင်ခဲသော) တရားစု

သတ္တဝါတို့၏ ညစ်ညူးခြင်း အကြောင်း အထောက်အပံ့၊ သတ္တဝါတို့၏ စင်ကြယ်ခြင်းအကြောင်း အထောက်အပံ့ နှစ်ပါး၊

နေကၡမ္မဓာတ်၊ အဗျာပါဒဓာတ်၊ အဝိဟိံသာဓာတ် သုံးပါး၊ ဟာနဘာဂိယ သမာဓိ၊ ဌိတိဘာဂိယ သမာဓိ၊ ဝိသေသဘာဂိယ သမာဓိ၊ နိဗ္ဗေဓ ဘာဂိယ သမာဓိ လေးပါး၊ နိဿရဏီယတရား ငါးပါး၊ နိဿရ ဏီယတရား ခြောက်ပါး၊ သူတော်ကောင်းတရား ခုနစ်ပါး၊ အက္ခ ဏခေါ် ရပ်ပြစ် ရှစ်ပါး၊ ထူးသည်၏အဖြစ်ကို ပြုတတ်သော တရား ကိုးပါး၊ မြတ်သောအကျင့် ဆယ်ပါး တို့တည်း။

(အကျယ်ပါဠိတော်မှာ ကြည့်ရှုလေ။)

(ဇ) ဥပ္ပါဒေတဗ္ဗ(ဖြစ်စေအပ်သော) တရားစု

ကိလေသာ ကုန်ခြင်းကို ပြုတတ်သော ခယဉာဏ်၊ မဂ်သည်ပယ် အပ်သော ကိလေသာ၏ တဖန်မဖြစ်ခြင်း အနုပ္ပါဒဉာဏ် နှစ်ပါး၊ အတီတံသဉာဏ်၊ အနာဂတံသဉာဏ်၊ ပစ္စုပ္ပန္နံသဉာဏ် သုံးပါး၊ ဝမ္မဉာဏ်စသောဉာဏ် လေးပါး၊ ဉာဏ်နှင့် ယှဉ်သော သမာဓိ ငါးပါး၊ မျက်စိဖြင့် လည်းကောင်း၊ နားဖြင့်လည်းကောင်း၊ နှာခေါင်းဖြင့် လည်းကောင်း၊ လျှာဖြင့်လည်းကောင်း၊ ကိုယ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မိမိတို့ အာရုံ တပါးပါး ကို မြင်ခြင်းစသည်ဖြစ်သော် ဝမ်းလည်း မသာ၊ ဝမ်းလည်း မနည်း၊ သတိဉာဏ်ဖြင့် ဆင်ခြင်လျက်နေခြင်း ဟူသော သတတ ဝိဟာရ တရား ခြောက်ပါး၊ သညာ ခုနစ်ပါး၊ ယောကျ်ားမြတ် အကျင့်ရှစ်ပါး၊ အမှတ်သညာ ကိုးပါး၊ သညာ ဆယ်ပါး တို့တည်း။

[၎င်းတို့၏ အကျယ်သရုပ်ကို ပါဠိတော်မှာ ကြည့်ရှုစေလ။]

## (ဈ) အဘိညေယျဓမ္မ(ထူးသောဉာဏ်ဖြင့်သိသော) တရားရှု

ပြုပြင်စီမံရသော သင်္ခတဓာတ်၊ မပြုပြင် မစီမံရသော အသင်္ခတဓာတ် နှစ်ပါး, ကာမဓာတ်, ရူပဓာတ်, အရူပဓာတ် သုံးပါး, အရိယသစ္စာ လေးပါး, ကိလေသာမှ လွတ်ခြင်း, အကြောင်းတရား ငါးပါး, အနုတ္တရိယခေါ် အမြတ်ဆုံး တရား ခြောက်ပါး, ရဟန္တာဖြစ်ခြင်း အကြောင်း ခုနစ်ပါး, အဘိဘာယတန စျာန် ရှစ်ပါး, အစဉ်အတိုင်း ပင်စားအပ်သော သမာပတ် ကိုးပါး, ပျက်စီးခြင်း ဆယ်ပါးတို့တည်း။

## (ည) သစ္ဆိကာတဗ္ဗဓမ္မ (မျက်မှောက်ပြုအပ်သော) တရားစု

အသိဉာဏ် "အဝိဇ္ဇာ" ကိလေသာမှ လွတ်ခြင်း "ဝိမုတ္တိ" နှစ်ပါး၊ ပု, စု, အာ ဟူသော "ဝိဇ္ဇာ" သုံးပါး၊ သာမညဖလခေါ် ဖိုလ်စိတ် လေးပါး၊ သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓ, ဝိမုတ္တိက္ခန္ဓ, ဝိမုတ္တိဉာဏ ဒဿနက္ခန္ဓ ဟူသော ဓမ္မက္ခန္ဓာ ငါးပါး၊ အဘိညာဉ် ခြောက်ပါး၊ အနိစ္စ ဝိပဿနာဉာဏ်ဖြင့် ကောင်းစွာမြင်ခြင်း, ကာမဂုဏ်တို့သည် မီးကျီးပြည့်သော တွင်းနှင့်တူ၏ဟု ဝိပဿနာဉာဏ်ဖြင့် မြင်ခြင်း, နိဗ္ဗာန်သို့ညွတ်ခြင်း, သတိပဋ္ဌာန်တို့ကို ပွားများခြင်း, ဣန္ဒြေငါးပါးတို့ကို ပွားများခြင်း, ဗောဇ္ဈင်တရားတို့ကိုပွားများခြင်း, အရိယာမဂ်ကို ပွားများခြင်း ဟူသော ရဟန္တာပုဂ္ဂိုလ်တို့၏ အားခုနစ်ပါး၊ ဝိမောက္ခ ရှစ်ပါး၊ အစဉ်အတိုင်းချုပ်ခြင်းကိုးပါး၊ ရဟန္တာပုဂ္ဂိုလ်၏တရားဆယ်ပါးတို့တည်း။

မှတ်ချက်....ဤဒသုတ္တရသုတ်၌ ဓမ္မမိတ်ဆွေတို့ အလွယ်ကြည့်ရှု၍ သိလွယ်စေရန် စိတ်ရည်သန်၍ ဗဟုကာရတရား အချင်းချင်း စသည့် တူရာကို ရောနှော ပြဆိုလိုက်ပါ သည်။ ပါဠိတော် လာစဉ်နှင့် မတူသည်ကို မှတ်သား ကြပါစေခလို။

ဒသုတ္တရသုတ် ပါဠိတော် သရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

# သုတ်ပါထေယျ ပါဠိတော် ပြီးပါပြီ။

# သုတ်ပါထေယျအဋ္ဌကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပါထိကသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

## ကာလကဍ္ဍိကပြိတ္တာအဓိပ္ပာယ်

ဤကာလကဍ္ဍိက ပြိတ္တာသည် ကိုယ်ခန္ဓာမှာ သုံးဂါဝုတ် ခန့်လောက် ကြီးမားလျက် အားအင်နည်းပါး အသွေး အသား ရှိသောကြောင့် သစ်ခြောက်ရွက်ကဲ့သို့ အရိုးကျဲ၍ ပုဇွန်မျက် စေ့ကဲ့သို့ ပြူးထွက်နေသော မျက်စေ့ရှိသော ပြိတ္တာမျိုးဟု မှတ်။

၎င်းပြိတ္တာ၏ ခံတွင်း[ပါးစပ်]ပေါက်မှာ အပ်နဖားပေါက် မျှ အပေါက်ရှိသတဲ့၊ ဦးထိပ်အလယ်၌ ပေါက်၏ဟုမှတ်။

ထမှာ...တန်ခိုးပြာဋိဟာငါးပါး၊ ဒွယကါမိနိဋ္ဌ ဒွယအရ စကား နှစ်ပါးတို့ကို ကျကျမ်း သုတ်ပါဠိထေယျ ပါဠိတော်တွင် ပြဆိုခဲ့ပြီ။

မေး ၆။ ကေနဲ့ပသက်မိ ဒိဝါဝိဟာရာယဟူသောပါဠိ၌ အဘယ် ကြောင့် ပါဋိဟာရိယ ကရဏတ္ထာယဟု မဟောပါ သနည်း။

ဖြေ ၆။ တန်ခိုးပြာဋိဟာ ပြုခြင်း မရှိသည်၏ အဖြစ်ကြောင့် မဟောပါ။

ဘယ [ကြောက်လန့်ခြင်း] လေးမျိုး

(၁) စိတ္တုတြာသဘယ–စိတ်၏ ထိတ်လန့်ခြင်း ဟူသော ကြောက်လန့်ခြင်းမျိုးတည်း။

(၂) ဉာဏဘယ–ပဋိသန္ဓေ နေခြင်း, အိုခြင်း, နာခြင်း သေခြင်းမျိုးမှ ကြောက်ခြင်း မျိုးတည်း။

(၃) ဩတ္တပ္ပဘယ– ဉာဏ်နှင့်မယှဉ်မဖက်သက်သက်သော ကြောက်လန့်ခြင်းမျိုးတည်း။

(၄) အာရမ္မဏဘယ–ဩတ္တပ္ပနှင့် တကွသော ဉာဏ်တည်း။

ဓမ္မဘယ ...ဟူသည် သရုပ်တရားကိုယ်အားဖြင့် ဉာဏဘယ နှင့်အတူတူပင်။

**အထူးမှာ**....ဓမ္မဘယ–မှာ ရဟန္တာတို့မှာသာ ဖြစ်သည်။ ဉာဏဘယ–မှာ ပုထုဇဉ်, သေက္ခတို့အားသာ ဖြစ်သည်။ ဤကားအထူး။

ဤနှံ့ စိတ္တုတြာသဘယကိုသာ အလိုရှိအပ်၏ဟု မှတ်လေ။

(တနည်း) အင်္ဂုတ္တရပါဠိတော်၌လည်း–

(၁) ဇာတိဘယ–ဇာတိဘေး၊

(၂) ဇရာဘယ–ဇရာဘေး၊

(၃) ဗျာဓိဘယ–ဗျာဓိဘေး၊

(၄) မရဏဘယ–မရဏဘေးဟု လေးမျိုး ရှိသေး၏ဟုမှတ်။

ဂါမ, နိဂမ, ဇနပဒ, နဂရ, ရဋ္ဌတို့၏ ထူးခြားပုံ

**ဂါမ**....မြို့တံတိုင်း အရံအတားလည်းမရှိ၊ ဈေးလည်း မရှိသော အရပ်သည် "ဂါမ"မည်၏။

**နိဂမ**....မြို့တံတိုင်း အရံအတားမရှိပဲ ဈေးသာရှိသော အရပ်သည် "နိဂမ"မည်၏။

**ဇနပဒ**....ငါးရွာ, ဆယ်ရွာစသော တခရိုင်တခရိုင်သော လူတို့၏ နေရာအစု ဖြစ်သောအရပ်သည် "ဇနပဒ" မည်၏။

**နဂရ**.... မြို့တံတိုင်း အရံအတားလည်း ရှိ၊ ဈေးလည်း ရှိသော အရပ်သည် "နဂရ" မည်၏။

**ရဋ္ဌ**....ထီးဆောင်း ပဒေသရာဇ် မင်းအပေါင်းကို အုပ်ချုပ်ရာ အရပ်သည် "ရဋ္ဌ" မည်၏။

[ဆောင်ရန်]

- တံတိုင်းမရှိ၊ ဈေးနတ္ထိ၊ ခေါ်ဘိရှာ-ဂါမာ။
- တံတိုင်းမရှိ၊ ဈေးသာရှိ၊ ခေါ်ဘိ နိဂမာ။
- ငါးရွာတစု၊ လူနေမှု၊ ခေါ်ပြုဇနပဒါ။
- တံတိုင်းဈေးများ၊ ထိုနှစ်ပါး၊ ရှိငြားနဂရာ။
- ပဒေသရာဇာ၊ အုပ်စိုးရာ၊ ခေါ်ပါ တိုင်းရဋ္ဌာ။
- ထိုထိုငါးဝ၊ အထူးပြ၊ သုတ္တပါထေယျာ။

## သိဟဠ မိဂရညောဒ္ဒ ခြင်္သေ့လေးမျိုး

(၁) တိဏခြင်္သေ့....ဟူသည် ကမ္ဗလာစိမ်း အဆင်းကဲ့သို့ အလွန်စိမ်းညိုသောကိုယ်အမွေးအရောင် အဆင်းရှိ၏။ မြက်သစ်ရွက်တို့ကို စား လေ့ရှိသည်။ လူငါးကျိပ်ခွန်အားဗလကို စွမ်းဆောင်နိုင်သတဲ့။

(၂) ကာဠခြင်္သေ့....ဟူသည် ပိဘုန်းတောင်ပံအဆင်းကဲ့ သို့ (ဝါ) နွားမ နက်ဆသွင် ကဲ့သို့ မဲမှောင်းမှောင်း အဆင်းရှိ၏၊ သားငါး အမဲတို့ကို စားလေ့ရှိ၏။ လူဘာရာ၏ ခွန်အားဗလကို စွမ်းဆောင် နိုင်သတဲ့။

(၃) ပဏ္ဍုခြသေ်…ဟူသည် သစ်ခေါက်ပွေး အဆင်းကဲ့သို့
ဖြော့တော့သော အရောင်အဆင်းရှိသည်၊
သစ်ရွက် သစ်ခေါက် ခွံကို စားလေ့ရှိ
သည်။

လူဘကျိပ်ခွန် ဝါးဗလကို စွမ်းဆောင်နိုင်သတဲ့။

(၄) ကေသရခြသေ်…ဟူသည် ခရုသင်း အဆင်းကဲ့သို့ ကိုယ်
လုံး ဖြူသော အရောင်အဆင်း ရှိ၏၊
ငါး သား အမဲတို့ကို စားလေ့ ရှိ၏၊

လူတရာ့ဘဆယ် ခွန်အားဗလကို စွမ်းဆောင်နိုင်သတဲ့။

အထူး…သီဟသာ မိဂရညော—၌ ကေသရခြသေ့မျိုးကို အလိုရှိ
အပ်ပါသည်။

[ဆောင်ရန်]

- စိမ်းညိုအလား၊ မြက်ကိုစား၊ မှတ်သားတိဏသာ။
- နွားမနက်ဟူ၊ အသွင်တူ၊ ခေါ်မူကာဠပါ။
- သစ်ရွက်လျှော်တူ၊ ဖြော့တော့မှု၊ သွင်တူပဏ္ဍုလာ။
- ခရုသင်းတူ၊ ကိုယ်လုံးဖြူ၊ ရွှေဂူကေသရာ။
- မြန်မာ့ပါရဂူ၊ စွဲလိုသူ၊ နှုတ်ယူဆောင်ကြပါ။

## မဟာဝိဒုဂ္ဂါ၏ အဓိပ္ပာယ်

ဤမဟာဝိဒုဂ္ဂဟူသော အမည်သည် ညြသာရား လေးပါး တို့ပင်တည်း။

ဝိဒုဂ္ဂေန ဂမိတဗ္ဗာတိ ဝိဒုဂ္ဂေါ—ပကတိသော ရေအယဉ်ရ၏။ ဝိဒုဂ္ဂေါ ဝိယာတိ ဝိဒုဂ္ဂါ-ရေ အယဉ်နှင့် တူသော ညြသာတရား လေးပါး ရ၏။

မဟန္တော ဝိဒုဂ္ဂေါ မဟာဝိဒုဂ္ဂေါ-တသ္မာ မဟာဝိဒုဂ္ဂါ-ဟု ဝိဘ ကျန္တခံ။ ဝိဒုဂ္ဂေန၊ ဆင်းရဲ ငြိုငြင်သဖြင့်။ ဂမိတဗ္ဗော၊ ကူးမြောက်အပ်၏။ ဣတိ၊ ထို့ ကြောင့်။ ဝိဒုဂ္ဂါ၊ ဝိဒုဂ္ဂါမည်၏။

ဝိဒုဂ္ဂေါဝိယ၊ ဆင်းရဲငြိုငြင်သဖြင့် ကူးမြောက် အပ်သော ရေအယဉ်ကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ ကြောင့်၊ ဝိဒုဂ္ဂေါ၊ မည်၏။ မဟန္တော၊ ကြီးသော။ ဝိဒုဂ္ဂေါ၊ ဆင်းရဲ ငြိုငြင်သဖြင့် ကူးမြောက် အပ်သော ရေအယဉ်နှင့်တူသော ညြသာတရား လေး ပါးတည်း။ မဟာဝိဒုဂ္ဂေါ၊ ကြီးသော ဆင်းရဲငြိုငြင်သဖြင့် ကူး မြောက်အပ်သော ရေအယဉ်နှင့်တူသော ညြသာလေးပါး၊

## တဥ ပဇာနန် န ပရာယသာမိ အရ အဓိပ္ပာယ်

ဘုရားရှင်သည် သတ္တလောက၏ အစဟူ၍ သိအပ်သော လောကပညတ်ကို ထိုလောကပညတ်ထက် လွန်မြတ်သော သိ

လ, သမာဓိ, အစ သမ္ဘညုတ ဉာဏ်အဆုံးရှိသော တရားအပေါင်းကိုလည်း ငါသိ၏။ ဤသို့ တဏှာ,မာန,ဒိဋ္ဌိ၏အစွမ်းဖြင့် မှားသောအားဖြင့် သုံးသပ်ခြင်းသည် မရှိဟုဆိုလိုသည်။

## သုံးသပ်ခြင်း သုံးမျိုးအထူး

ငါ၏ သိခြင်းဟု သာယာသော အားဖြင့် သုံးသပ်သော ပုဂ္ဂိုလ်သည် တဏှာအားဖြင့် သုံးသပ်သည်မည်၏။

ငါသိ၏ဟု နှလုံးသွင်းသော ပုဂ္ဂိုလ်သည် ဒိဋ္ဌိအားဖြင့် သုံးသပ်သည်မည်၏။

ငါသည် ကောင်းစွာ အပြားအားဖြင့် သိ၏ဟု ချီးမြှောက်သော ပုဂ္ဂိုလ်သည် မာနအားဖြင့် သုံးသပ်သည်မည်၏။

## တုဏှာ-မုသာအထူး

[ဆောင်ရန်]

● အတ္တစိပ္ပါ၊ မရှိတာ၊ တုဏှာခေါ်သတည်း။

● မမှန်ဝတ္ထု၊ မှန်ဟန်ပြု၊ ခေါ်မှုမုသာတည်း။

ပါထိကသုတ် အဋ္ဌကထာသရုပ်နှင့်အဓိပ္ပာယ်

ပြီးပါပြီ။

# ဥဒုမ္ဗရိကာသုတ် အဋ္ဌကထာ သရုပ် နှင့် အဓိပ္ပာယ်

သန္တာန သူကြွယ်၏ ပြည့်စုံခြင်း အင်္ဂါ ၆-ပါး

(၁) ဘုရားရှင်၌ သက်ဝင်ကြည်ညိုခြင်း၊
(၂) တရားတော်၌ သက်ဝင်ကြည်ညိုခြင်း၊
(၃) သံဃာတော်၌ သက်ဝင်ကြည်ညိုခြင်း၊
(၄) မြတ်သော လောကုတ္တရာသီလနှင့် ပြည့်စုံခြင်း၊
(၅) မြတ်သော လောကုတ္တရာ ဉာဏ်နှင့် ပြည့်စုံခြင်း၊
(၆) မြတ်သော အနာဂါမိဖိုလ်နှင့် ပြည့်စုံခြင်း။

ကောဝန စသည်တို့၏အထူး

ကောဝန-ဟူသည် အမျက် ထွက်ခြင်း လက္ခဏာ ရှိသော ရန်ငြိုးဖွဲ့ခြင်းမျိုးတည်း။

ဥပနာဟိ-ဟူသည် ရန်ကိုမစွန့်ခြင်း လက္ခဏာရှိသော ရန်ငြိုးဖွဲ့ခြင်းမျိုးတည်း။

မက္ခိ-ဟူသည် သူတပါး၏ကျေးဇူးကိုချေဖျက်ခြင်း၊လက္ခဏာရှိသော ကျေးဇူး ချေဖျက်ခြင်းမျိုးတည်း။

ပလာသီ-ဟူသည် ပြိုင်ဘက်ကိုယူခြင်း (ဝါ) အင်တူ ပြုခြင်း လက္ခဏာရှိသော အဖျင်းမူခြင်းမျိုးတည်း။

ဣဿုကီ–သူတပါးတို့အား အရှိအသေပြုခြင်း စသည်တို့၌ ငြူစူခြင်း လက္ခဏာရှိသော စောင်းခြင်းမျိုးတည်း။

မစ္ဆရီ–ကျောင်း,အမျိုး,လာဘ်,အဆင်းကျေးဇူးတရားတို့၌ ဝန်တိုခြင်း လက္ခဏာရှိသော ငါးပါးသောဝန်တိုမှုမျိုးတည်း။

သဌော–ဟူသည် စဉ်းလဲ ကောက်ကျစ်ခြင်းမျိုးတည်း။

မာယာဝီ–ဟူသည် ပြုအပ်ပြီးသော အမှုကို ဖုံးလွှမ်းခြင်း လက္ခဏာရှိသော လှည့်ပတ်ခြင်း မျိုးတည်း။

ထဒ္ဓေါ–ဟူသည် ချစ်ခြင်း၏ မရှိခြင်း၊ ကရုဏာ၏ မရှိခြင်းဟူသော ခိုင်မာခြင်း လက္ခဏာရှိ၏။

အတိမာနီ–ဟူသည် အလွန်မာန်မူခြင်း မျိုးတည်း။

## ဥဒုမ္ဗရိကသုတ်ကို ဟောကြားခြင်းအကျိုး

သုံးရာသော ပရိဗ္ဗာဇ်တို့အား ဈာန်,မဂ်,ဖိုလ်တရားထူး မဖြစ်ငြားသော်လည်း နောင်အခါ သစ္စာလေးပါးတပါးကို သိခြင်း၌ အထုံဝါသနာပါခြင်း အကျိုးငှာ ဖြစ်လတ္တံ့ဟူသော အကျိုး ရှိပါသည်။

ဥဒုမ္ဗရိကသုတ် အဋ္ဌကထာသရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

# စက္ကဝတ္တိသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

## အတ္တဒီပ သရဏာတာဝဏ္ဏနာနိတိ

အတ္တဒီပ–ဟူသည် မိမိ ကိုယ်ကို ကျွန်းကြီးသဖွယ် ခေါင်ရှောက် ရာ, ပုန်းအောင်းရာ, လားရာ, လည်းလျောင်းရာ, တည်ရာကို ပြု၍ နေခြင်းမျိုးတည်း။

အမှန်မှာ–ရဟန်းတို့အား မိမိ၏ခေါ်ဆိုသော လောကီ လောကုတ္တရာတရားသည် မှီခိုရာကျွန်းကြီးသဖွယ် တည်ရာဖြစ် သောကြောင့် 'အတ္တဒီပ'ဟု ခေါ်၏။

(ဒွိခါ မာဒေပါ ဂဘောဌောဘိ ဗိဒေါ၊ ပကာတိ ဒွေမလွှမ်း မိုးရာ ကျွန်းရင်။ ကာမောသာဒိဟိ အနဂ္ဃောဋ္ဌာချာ ယတ္တာ ဒိပေါ၊ မိမိဟုဆိုအပ်သော လောကီ, လောကုတ္တရာ တရား ရ၏၊ အတ္တာဒီပေါ ပတိဋ္ဌာ ဓောတသန္တိ အတ္တဒီပါ)အတ္တသရ ဏာ လည်း၊ အတ္တဒီပပုဒ်နှင့် ဝေဝုစ်ပရိယာယ်ဘည်း။

## မာနင်ါးပါး အဓိပ္ပာယ်

မာရေတိဘိ ပာရော–မာရေတိ၊ သတ်ဖြတ်နှိပ်စက် ဖျက်ဆီး တတ်၏၊ ဣဘိ၊ ထို့ကြောင့်။ မာရော၊ မာရ်မည်၏။

သေအောင်လည်း သတ်တတ်, ဂုဏ်ကိုလည်း ဖျက်ဆီးတတ် သောကြောင့် မာရ်မည်၏ဟူလို။

(၁) ဒေဝပုတ္တမာရ်-ဟူသည် မာရ်နတ်မင်းကိုခေါ်၏။ ဘုရားရှင်သည် သည်းခံတော်မူခြင်းဟူသော ခန္တီဗိုလ်နှင့် ပညာဗိုလ်စသော ဗိုလ် အပေါင်းတို့ဖြင့် မာရ်နတ်၏ အစွမ်းသတ္တိအားတက်သရော ရှိမူတွေကို ဖြိုခွင်းနှိမ်နင်းတော်မူခြင်း၊ မာရ်နတ်၏ နယ်ပယ်ဖြစ်သော ကာမဓာတ်ကို လွန်မြောက်တော်မူနိုင်ခြင်းဖြင့် ဒေဝပုတ္တမာရ်ဟူသော မာရ်နတ်၏ရန်ကို တော်လှန်တော်မူနိုင်ခဲ့လေပြီ။

(၂) ကိလေသမာရ်-ဟူသည် တဏှာစသော ကိလေသာ ရန်သူဘပ်တွေကို ခေါ်သည်။

ထိုကိလေသမာရ်ကို အရဟတ္တမဂ် တည်းဟူသော ဓား, သန်လျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သတ်ဖြတ်လိုက်လေပြီ။

(၃) အဘိသင်္ခါရမာရ်-ဟူသည် ကုသိုလ်, အကုသိုလ်သည် ဘဝသစ်ကို ပြုစီမံ တတ်သောကြောင့် အဘိသင်္ခါရမာရ်ဟု ခေါ်၏။

အဝိဇ္ဇာ တဏှာကို သတ်ဖြတ်လိုက်လျှင် ထိုအဝိဇ္ဇာ တဏှာ အဖော်မပါသော ကံများလည်း နောင်တဖန် အကျိုးမပေးကြတော့သဖြင့် အဘိသင်္ခါရဟူသော အမည်ပင် မရကြတော့ပေ။

ထို့ကြောင့် ကိလေသာတို့ကို အောင်မြင်သည်နှင့် တပြိုင်နက် အဘိသင်္ခါရကို အောင်မြင်ပြီးဖြစ်တော့၏။

ဤသို့ ကိလေသမာရ်နှင့် အဘိသင်္ခါရမာရ်တို့ကို နောက်ထပ်တဖန် မဖြစ်စေသောအားဖြင့် အောင်မြင်တော်မူ၏။

(၄) ခန္ဓမာရ်-ဟူသည် ရုပ်, နာမ်, ဓမ္မ များကို ခေါ်၏။

(၅) သေခြင်းသဘောကို "မစ္စုမာရ်"ဟု ခေါ်၏။

ခန္ဓာတော် ရှိသေးသောကြောင့် လည်းကောင်း၊ ပရိနိဗ္ဗာန်စံရဦးမည် ဖြစ်သောကြောင့် လည်းကောင်း ဤမာရ်နှစ်ပါးကို မုချ အောင်မြင်ပြီဟု ကား မဆိုသာ။

သို့သော် ထိုခန္ဓာတော်နှင့် မစ္စု နှစ်မျိုးလုံးပင် ဒုက္ခ သစ္စာ ဖြစ်ရကား၊ ဒုက္ခသစ္စာဖြစ်သော ခန္ဓ–မစ္စုမာရ်နှစ်ခုကို ပရိညာ ကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် သိသောအားဖြင့် လည်းကောင်း၊

ထိုဒုက္ခသစ္စာ–ခန္ဓာ၏အကြောင်းဖြစ်သော သမုဒယ တဏှာ ကို ပယ်သောအားဖြင့်လည်းကောင်း အောင်မြင်တော်မူပြီဟု ဆိုရတော့၏။

ဥပမာ....ရန်သူကို မသတ်နိုင်သော်လည်း ရန်သူ၏ သဘောကို ကောင်းကောင်း သိထား၍ ထိုရန်သူ၏ အကြောင်းရင်း အခြေအမြစ်ကို ဖြတ်တောက်နိုင်လျှင် တနည်း အားဖြင့် ရန်သူကို အောင်မြင်နိုင်သကဲ့သို့တည်း။

ဤစကားအစဉ်ဖြင့် ရှေ့မာရ်သုံးပါးကို မုချအားဖြင့်အောင်မြင်တော်မူ၏။ နောက် မာရ်နှစ်ပါးကို ပရိယာယ် အားဖြင့် အောင်မြင်တော်မူ၏ဟု မှတ်လေ။

### ရဟန်းတို့၏ ကျက်စားရာမဟုတ်သောအရပ်

ရူပါရုံစသော ငါးပါးအာရုံ ကာမဂုဏ် တရားတို့တည်း။

### ရဟန်းတို့၏ ကျက်စားရာ အရပ်

သတိပဋ္ဌာန်တရား လေးပါးတို့တည်း။

ထို့ကြောင့် ထိုတရားလေးပါးကို မိမိဥစ္စာဖြစ်သော အဘသဖွယ်ဖြစ်သည့် မြတ်စွာဘုရားမှ လာသော ရဟန်းတို့၏ ကျက်စားရာ အာရုံဟုခေါ်၏။

### ဝေမိဒံ ပုညံ ဝဍ္ဎတိ၌ ကုသိုလ်နှစ်မျိုး

(၁) ဝဋ္ဋဂါမိကုသိုလ်—ဟူသည် သံသရာ ဝဋ်ဆင်းရဲ၌မှီသော လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်တို့ကို ပေးစွမ်းနိုင်သော ဝဋ်ဆင်းရဲ၏ အကြောင်းဖြစ်သော ဒါန, သီလ, စသော ကုသိုလ်မျိုးသည်, 'ဝဋ္ဋဂါမိကုသိုလ်'မည်၏။

မှတ်ချက် - ဤဝဋ္ဋဂါမိ ကုသိုလ်မည်သည်ကား အမိ အဘတို့က သား သမီးအပေါ်၌ လည်းကောင်း၊ သား သမီးတို့က မိဘတို့အပေါ်၌ လည်းကောင်း၊ ချစ်ခြင်း တဏှာ၏ အစွမ်းအားဖြင့် အလွန်နူးညံ့သော အဖြစ်ရှိသော ကုသိုလ်စိတ်သည် ဝဋ္ဋဂါမိ ကုသိုလ်မည်၏ဟုမှတ်။

(၂) ဝိဝဋ္ဋဂါမိကုသိုလ်-ဟူသည် ဝဋ်ဆင်းရဲတို့၏ ချုပ်ငြိမ်းရာ လောကုတ္တရာမှန် မြိုက်နိဗ္ဗာန်ကို ရည်သန်ဘောင်တ ပတ္ထနာပြုအပ်သော နိဗ္ဗာန်၏အကြောင်း ဖြစ်သော ဒါန, သီလစသော ကုသိုလ်မျိုးသည် 'ဝိဝဋ္ဋဂါမိကုသိုလ်'မည်၏။

(မှတ်ချက်) ဤဝိဝဋ္ဋဂါမိ ကုသိုလ်မည်သည်ကား ဝဋ်ဆင်းရဲမှ တကယ် ထွက်မြောက်ကြောင်းဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန်ကို ရည်သန်၍ သတိပဋ္ဌာန်စသား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ကို ပွားများသော ကုသိုလ်မည်၏ဟုမှတ်။

အထူး-ထိုကုသိုလ်နှစ်မျိုးတို့တွင် ဝဋ္ဋဂါမိကုသိုလ်၏ အဆုံးကား လူ့ပြည်၌ စကြဝတေးမင်း၏စည်းစိမ်နှင့် နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်များသည် အဆုံးမည်၏။

ဝိဝဋ္ဋဂါမိကုသိုလ်၏အဆုံးကား-မဂ် ဖိုလ်နိဗ္ဗာန်၏ ပြည့်စုံခြင်းသည် အဆုံးမည်၏၊ ဤကားအထူးတည်း။

စက္ကဝတ္တိ အရိယဝတ္တဝဏ္ဏနာနိတိ
ရက္ခ, အာဝရဏ, ဂုတ္တအထူး

သည်းခံခြင်း, မညှဉ်းဆဲခြင်း, မေတ္တာစိတ်ရှိခြင်း, သနားသဖြင့် သူတပါးကို စောင့်ရှောက်လျက် မိမိကိုယ်ကို စောင့်ထိန်းခြင်းသည်'ရက္ခ'မည်၏။

အဇ်ဝတ်, အရှဲ့, အိမ်စသည်တို့ဖြင့် အချမ်း,အပူ, စသည်ကို တားမြစ်ခြင်းသည်'အာဝရဏ'မည်၏။

ခိုးသူစသော ဥပဒ္ဒဝေါကို တားမြစ်ခြင်းငှာ လုံခြုံ စေခြင်းသည်'ဂုတ္တ'မည်၏။

ခန္တီအပြားသုံးပါး

(၁) အဓိဝါသနခန္တီ အချမ်း, အပူ, ဆာလောင်မွတ်သိပ်ခြင်း စသည်နှင့် အမျက်ဒေါသစသည်တို့ကိုပါ သည်းခံခြင်းမျိုးတည်း။

(၂) ဒိဋ္ဌိနိဇ္ဈာနခန္တီ အဓိပ္ပာယ် အယူမဖွင့်။

(၂) သစ္စာနုလောမိကခန္တီ ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ် အထိကို ခေါ်သည်ဟု သုံးပါးရှိ၏။

ခန္တီသောရစ္စေ နိဝိဋ္ဌာဒ္ဒိ' အဓိဝါသနခန္တီ ကို အလိုရှိအပ်၏။

စကြဝတေးမင်း ကျင့်ဝတ်(၁၀)ပါး (၁၂)ပါး

(၁) သား, မယားတို့ကို သီလ၌ ဆောက်တည် စေခြင်း၊ အဝတ်ပုဆိုး နံ့သာပန်းစသည်တို့ကို ပေးကမ်းခြင်း၊ ဘေးဥပဒ်မရှိအောင် စောင့်ရှောက်ခြင်း၊ ပုံလ်ပါရဲခက် စသည်တို့၌ ကာလကို မလွန်စေမူ၍ စားနပ်ရိက္ခာ ပေးခြင်း၊

(၂) အဘိသိက်ခံလေပြီးသော မင်းတို့အား မြည်း မြင်း ရွှေ ငွေစသော ရတနာတို့ကို ပေး၍ ချီးမြှောက်ခြင်း၊

(၃) မိမိထံ၌ နေကုန်သော မင်းတို့အား ထိုက်သင့်သလို ယာဉ်ရထား ပေးခြင်းဖြင့် နှစ်သက်စေခြင်း၊

(၄) ပုဏ္ဏား၊ သူကြွယ်တို့အား၊ ထမင်း အဖျော်စသော ဝတ္ထု၊ ထွန်တုံး၊ ထွန်သွား၊ နွားလား၊ စသည်ကို ပေးခြင်း၊

(၅) နေပုဒ်နေသူ လူတုအများတို့အား ထို့အတူ ထမင်း ရိက္ခာ၊ ထွန်တုံး၊ ထွန်သွား၊ ကျွဲနွား၊ အမတော် ကြေး စသည်တို့ကို ပေးခြင်း၊

(၆) ရဟန်းပုဏ္ဏားတို့အား ဆင့်လျော်သော ပရိက္ခရာတို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊

(၇) မိဂခေါ် သားကောင်တို့အားလည်းကောင်း၊ ပက္ခိခေါ် ငှက်တို့အားလည်း ကောင်း ဘေးမဲ့ပေးသဖြင့် သက်သာရာကို ရစေခြင်း၊

(၈) မဘာရားသော အမှုအခုန်တို့ကို မပြုစေခြင်း၊

(၉) ဥဿာမရှိသော ပြည်သူလူဆိုတို့အား ဥစ္စာပေးစေ ခြင်း၊

(၁၀) ရဟန်း ပုဏ္ဏားတို့ထံသို့ ချဉ်းကပ်၍ကုသိုလ် အကုသိုလ် စသော တရားတို့ကို မေးမြန်းပြီး အကုသိုလ်ကို ပယ်ရှား၍ ကုသိုလ်ကို ဆောက်တည်စေခြင်း၊ ဤသို့စကြဝတေးမင်း ကျင့်ဝတ် ဆယ်ပါး ဖြစ်သတည်း။

## စကြာဝတေးမင်း ကျင့်ဝတ် တဆယ့်နှစ်ပါး ဆိုသည်မှာ

ယင်းကျင့်ဝတ် ဆယ်ပါးတွင် လေးခုမြောက်သော ကျင့်ဝတ်တပါး၌ ပုဏ္ဏားနှင့်သူကြွယ် နှစ်ပါး သီးခြားယူသော်လည်းကောင်း၊ ခုနစ်ခုမြောက် ကျင့်ဝတ်တပါး၌ မိဂခေါ် သားကောင်နှင့် ပက္ခီခေါ် ငှက်တို့ကို နှစ်ပါး သီးခြား ယူသော်လည်းကောင်း ကျင့်ဝတ် တဆယ့်နှစ်ပါး ဖြစ်သတည်း။

တနည်း....ယခင်ကျင့်ဝတ် ဆယ်ပါးတွင် အဓမ္မရာဂ ပဟာန ကျင့်ဝတ်၊ ဝိသမလောဘ ပဟာန ကျင့်ဝတ်နှစ်ပါးကို ထည့်သွင်းယူသော် ကျင့်ဝတ် တဆယ့်နှစ်ပါး ဖြစ်သတည်း။

[ခဆောင်ရန်]

မန္ဓာတ်စကြာ၊ မင်းတို့သာလျှင်၊ ကျင့်ရာဆယ်ခင်း၊ တရားရှင်းမူ၊ အတွင်းတော်နေ၊ များဗိုလ်ခြေနှင့်၊ မင်းဆွေစိုးနင်း၊ မှူးကြီးမတ်များ၊ ပုဏ္ဏားသူကြွယ်၊ ပေါယယ်ဖြိုးရုံ၊ နိဂုံးဇနပုဒ်၊ ဝိမုတ်ရည်မှန်း၊ ရဟန်းသူမွန်၊ တိရစ္ဆာန်သားငှက်၊ ရေတွက်မှတ်သား၊ ခုနစ်ပါးကို၊ တရားသဖြင့်၊ စောင့်ရှောက်အျှင့်၏။

မသင့်ယွင်းမှား၊ မတရားကို၊ ပယ်ရှားစွန့်ခွာ၊ ဥစ္စာမဲ့လူ၊ သူတို့အားလည်း၊ ပြန်သွားပေးကမ်း၊ မင်္ဂဖိုလ်လှမ်းသား၊ ပြည့်လျှမ်းကုံထံ၊ သူတော်ထံသို့၊ မြဲမြံဆည်းကပ်၊ အပ်မအပ်ကို၊ စေ့

စပ်သော၊ မေးလျှောက်ရာဟု၊ ဆယ်ပြာအကျင့်၊ ကျမ်းရှိုး ဖွင့်၏။

ယာခင်လျှောက်ထား၊ ကျင့်ဆယ်ပါးတွင်၊ ပုဏ္ဏားတသွယ်၊ သူကြွယ်ဘပါး၊ ငှက်နှင့်သာကို၊ ခြား၍ လည်းကောင်း၊ အကြောင်းယုတ်လှ၊ အစမှနှင့်၊ စိသမဟု၊ လောဘနှစ်သွယ်၊ ပယ်၍လည်းကောင်း၊ စကြာဆောင်းသား၊ မင်းလောင်းကျင့် ရန်၊ ဆယ့်နှစ်တန်ဟု၊ ကျမ်းဂန်ပေစာ၊ ထုံးနည်းပြာသည်၊ပြည် ရွာစည်အုံသိုက်ဝှမ်းတည်း။

အထူးမှတ်သားဖွယ်....စကြာမင်းတို့၏ ကျင့်ဝတ်များကိုပြည့် ကျင့်ရာ၌ တိက္ခပုဂ္ဂိုလ်အား အယုတ်ဆုံး တဆယ့်နှစ်နှစ် ပြည့် ကျင့်ရ၏။ မဇ္ဈိမပုဂ္ဂိုလ်အား နှစ်ဆယ့်ငါးနှစ် ပြည့်ကျင့်ရ၏။ မုဒုပုဂ္ဂိုလ်အား အနှစ်ငါးဆယ် ပြည့်ကျင့်ရ၏ ဟုမှတ်။

မေး ၅ စကြာရတနာ၊ ရကြောင်းလာ၊ သုံးပြာကုသိုလ် အဘယ်နည်းဟု မေးမြန်းသည်ကို—

ဖြေ ၅ မယဒေဝလင်္ကာဖြင့် ဖြေပါအံ့။

ဘုန်းခေါင်ဝိပတိ၊ မဟိဒ္ဓိနှင့်၊ လောကိတမွတ်၊ 'စက္က ဝတ်မဟာ၊ ပြတ်ရာဇာတို့၊ စကြာယာခ်မင်း၊ ဆင့်မြင်း ရတနာ၊ ဤသုံးပြာကို၊မဟာကုသလ၊အာဒေါသကြောင့် ရ၏ ဟူငြား။

● ပတ္တမြားနှင့်၊ မိဖုရားနတ်၊ သဌေးမြတ်မှူး၊ စွန့်လွှတ်စာဂ၊ အလောဘကြောင့်၊ ရ၏ဟူပေ။

● သက်ဝေဩရသ်၊ အိမ်ရှေ့မြတ်ဟု၊ လောကခေတ်နယ်၊ တိုက်ဝန်းကျယ်၌၊ နတ်နှယ်အလား၊ လေးကျွန်းသားကို၊ တရားမဖောက်၊ ရှုချီးမြှောက်၍၊စောင့်ရှောက်နိုင်သီး၊ ရှုမငြီးသည့်၊ သားကြီးပရိဏာ၊ ရတနာကား၊ ပညာဟူထ၊ အမောဟဖြင့်၊ မူလဟိတ်ကျိုး၊ စုံပြည့်ဖြိုး၏။

ဒုဗ္ဘိက္ခန္တရစသော ကပ်သုံးပါးအစီပွာယ်

[၁]...ငတ်မွတ်ခေါင်းပါး၍ သံဝဋ္ဋကပ်သို့ မရောက်မီအကြား၌ သတ္တလောက၏ပျက်စီးခြင်းကို "ဒုဗ္ဘိက္ခန္တရကပ်"ဟု ခေါ်၏။

[၂]... ယခုလောက၌ ခေါ်ဆိုနေကြသည့် ပလိပ်နာ, ဝမ်းနာ,ကျောက်နာ,စသည်ကဲ့သို့ အနာရောဂါအမျိုးမျိုးဖြင့် နှိပ်စက် ပျက်စီးခြင်းကို "ရောဂန္တရကပ်"ဟု ခေါ်၏။

[၃]... ဓား, လက်နက်စသည်တို့ဖြင့် အချင်းချင်း ထိုးသတ်ခုတ်ဖျက်၍ သံဝဋ္ဋကပ်သို့ မရောက်မီအကြား၌ သတ္တ

လောကဏ် ပျက်စီးခြင်းကို "သတ္တန္တရကပ်" ဟု ခေါ်၏။

အထူးမှတ်ချက်.... ထိုသုံးပါးတို့တွင် သတ္တဝါအား လောဘ များသော် 'ဒုဗ္ဘိက္ခန္တရကပ်'ဖြစ်၏။ မောဟ များသော် 'ရောဂန္တရကပ် ဖြစ်၏၊ ဒေါသ များသော်'သတ္တန္တရကပ်'ဖြစ်၏ဟုမှတ်လေ။

မေး ● ထိုကပ်သုံးပါးတို့တွင် မည်သည့်ကပ်ဖြင့် ပျက်စီးသော သတ္တဝါတို့သည် မည်သည့်ဘုံ၌ ဖြစ်နိုင်ပါသနည်း၊ အကြောင်းပြ ဖြေဆိုပါ။

ဖြေ ● ဒုဗ္ဘိက္ခန္တရကပ်ဖြင့် ပျက်စီးသော သတ္တဝါတို့သည် များသောအားဖြင့် ပြိတ္တာဘုံ၌ ဖြစ်ကုန်၏။ အကြောင်းကား—အာဟာရ၌ တပ်မက်ခြင်း အားကြီးသော ကြောင့်တည်း။

ရောဂန္တရကပ်ဖြင့် ပျက်စီးသော သတ္တဝါတို့သည် များသောအားဖြင့် နတ်ပြည်၌ ဖြစ်ကုန်၏။ အကြောင်းကား—အားလုံးသော သတ္တဝါတို့အား ဤသို့ အနာရောဂါမျိုး မဖြစ်ပါ မူကား ကောင်းလေစွဟု မေတ္တာစိတ် ဖြစ်သောကြောင့်တည်း။

သတ္တန္တရကပ်ဖြင့်—ပျက်စီးသော သတ္တဝါ တို့သည် များသောအားဖြင့် ငရဲ၌ ဖြစ်ကုန်၏ အကြောင်းကား- အချင်းချင်း သတ်ဖြတ်ခြင်း အားကြီးသော ရန်ငြိုး [ဒေါသ]ရှိသောကြောင့်တည်း။

စက္ကဝတ္တိသုတ်အဋ္ဌကထာ သရုပ်နှင့် အဓိပ္ပာယ်

ပြီးပါပြီ။

# အဂ္ဂညသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

### စန္ဒိမသူရိယာဒိပါတုဘာဝ ဝဏ္ဏနာနိတိ
### လ, နေတို့၏ ဖြစ်ပေါ်ပုံ

ကမ္ဘာဦးသူ လူအပေါင်းတို့တွင် တစုံတယောက် သော သူသည် မြေဆီဩဇာ အရသာကိုယူ၍ လျှာပေါ်၌ တင်ထား လေလျှင် အရသာကိုဆောင်သော ခုနစ်ထောင်သော အကျော တို့ကို စိမ့်၍ ပျံ့နှံ့လေသဖြင့် တယောက် အတုကို တယောက် အလိုက်၍ စားသောက်ခြင်းကိုပြုကြသောအခါကိုယ်မှဖြစ်သော အရောင်အဝါသည် ရသတဏှာ နှိပ်စက်သည့် အတွက်ကြောင့် ကွယ်ပျောက်လျက် အမိုက်အမှောင်ကြီး အတိဖြစ်လာလေလျှင် ထိုမှောင်ကြီး ကျလာသည့်အခါ ကမ္ဘာဦးသူ, လူအများတို့ အလွန်ကြောက်လန့်ကြသဖြင့် ရဲရင့်ခြင်းကို ဖြစ်စေခြင်းငှာ၊

ကံအားလျော်စွာ အရှေ့လောကဓာတ်မှ ယူဇနာ ၅၀၊ အဝန်း ယူဇနာ ဘရာ့ငါးဆယ် ရှိသော နေဗိမာန်သည် ထွက် ပေါ်လာသည်ကိုအစွဲပြု၍ သူရံ ဇနေတိတိ သူရိယော။ လောကာ နံ၊ လူအပေါင်းတို့၏။ သူရံ၊ ရဲရင့်သည်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ သူရိယော၊ သူရိယ(နေ) မည်၏ဟု ဆို၏။

ထို့နောက် နေဝင်ပြန်သောအခါ ညဥ့်ရောက်ကျခဲ့ 'ထိုနေနှင့် အတူ အရောင်အဝါတခု ဖြစ်ပေါ်လာပါမူ ကောင်းလေစွ'ဟု အလိုဆန္ဒဖြစ်ကြပြန်လျှင် ထိုဆန္ဒအား လျော်စွာ အလျားအနံ, အစောက်အားဖြင့် လေးဆယ့်ကိုးယူဇနာ ရှိသော အရောင်အဝန်းတမျိုး ပေါ်လာပြန်၏။

ထိုအရောင်အဝန်းကိုကား အလိုဆန္ဒအတိုင်း ဖြစ်ပေါ်လာသောကြောင့်'ဆန္ဒ'ဟု ခေါ်ခဲ့ကြရာမှ ကာလ ရှည်ကြာသောအခါ'စန္ဒ'ဟုဖြစ်လာခဲ့လေသည်။စန္ဒယတိ လိင္ဂါဒယတိတိ စန္ဒနံ။ သတ္တာနံ၊ သတ္တဝါတို့၏။ ပရိင္ဂါဟံ၊ ပူလောင်ခြင်းကို။ စန္ဒယတိ လိင္ဂါဒယတိ၊ ချမ်းသာခြင်းကိုဖြစ်စေတတ်၏။ဣတိ၊ ထို့ကြောင့်။ စန္ဒနံ၊ လမည်၏။

ထိုလသည်— အဝန်းလုံးပတ်အားဖြင့် ယူဇနာ တရာ့လေးဆယ့် ခုနစ်ယူဇနာရှိ၏။

ဤသို့ နေနှင့်လ,တို့ထွန်းပလာသည့်အခါ အခြံ အရံ,နက္ခတ်များလည်း ဖြစ်ထွန်းပေါ်ပေါက်လာ၍ မိမိတို့ဆိုင်ရာ ကောင်းကင်ခရီးဖြင့် အသီးသီး လှည့်လည်သွားကြလေသည်။

## ကတိ နေသံ ဝိထိယော အရ

## လ, နေ တို့၏ သွားရာ ခရီးသုံးမျိုး

(၁) အဇဝိထိ—ဆိတ်နှင့်တူသော လ, နေတို့၏ သွားရာ ခရီး၊

(၂) နာဂဝီထိ—ဆင်နှင့်တူသော လ, နေတို့၏ သွားရာ ခရီး၊

(၃) ဂေါဏဝီထိ—နွားနှင့်တူသော လ, နေတို့၏ သွားရာ ခရီးဟု သုံးမျိုးရှိ၏။

အင်္ဂုဉ္ဂုသုတ် အဋ္ဌကထာ သရုပ်နှင့် အဝိပ္ပာယ်

ပြီးပါပြီ။

# သမ္မသာဒနီယသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

### ပါဝါရိကမ္ဗဝနေ၌ ပါဝါရ အဓိပ္ပာယ်

ပါဝါရေန္တိ သဥ္စာဒေန္တိ သရိရံ ဧတေနာတိ ပါဝါရော၊ ပါဝါရကံ ပါဝါရောဟု ဝိဂ္ဂဟ်ပြု၍ ပါဝါရ၏အရ အဝတ် ပုဆိုးကို ကောက်လေ။

ပါဝါရော ဧတဿ အတ္ထီတိ ပါဝါရိကောဟု ဝိဂ္ဂဟ်ပြုလေ။ ပုဆိုး, ဘဏ္ဍာကို များစွာ သိမ်းဆည်းပြီး ကုန်သွယ်မှုပြုသောသူကို ရ၏။

ထိုသူကို ကြီးရင့်၍ သဌေးအရာ၌ တည်သော်လည်း ငယ်မည်ဖြင့် ပါဝါရိက သဌေးဟူ၍သာလျှင် လူတို့ခေါ်ဝေါ်မှတ်သားကြလေသည်။

### အရှင် သာရိပုတ္တရာ သည် သမာပတ်မှထ၍ မိမိဂုဏ်ကို အောက်မေ့ခြင်းငှာထင်လာပုံ

သီလ, သမာဓိ, ပညာ, အရဟတ္တဖိုလ်, ပစ္စဝေက္ခဏာဉာဏ် ရူပဈာန် ငါးပါး၊ အရူပဈာန်လေးပါး၊ ပိပဿနာဉာဏ်ႈသည် ပဋိသမ္ဘိဒါလေးပါး, သာဝကဉာဏ်တို့သည် ထင်လာကုန်၏။

## ပဋိသမ္ဘိဒါလေးပါးသရုပ်

[၁] အတ္ထ ပဋိသမ္ဘိဒါ—ဟူသည် ပါဠိတော်၏ အနက်၌ ကောင်းစွာ မှတ်ခြင်း၏ အစွမ်းဖြင့် အကျိုးကို သိတတ်သော ဉာဏ်တည်း။

[၂] ဓမ္မပဋိသမ္ဘိဒါ—ဟူသည် မာဂဓ ဘာသာ ပါဠိတော်၌ ကောင်းစွာ မှတ်ခြင်း၏ အစွမ်းဖြင့် အကြောင်းကို သိတတ်သော ဉာဏ်တည်း။

[၃] နိရုတ္တိပဋိသမ္ဘိဒါ ဟူသည် အရပ်သူတို့ ဘာသာ၌ ကောင်းစွာမှတ်ခြင်း၏ အစွမ်းဖြင့် သဒ္ဒါကိုသိတတ်သော ဉာဏ်တည်း။

[၄] ပဋိဘာန ပဋိသမ္ဘိဒါ—ဟူသည် အနက်, သဒ္ဒါ, ဘာသာသုံးပါး၌ ကောင်းစွာ မှတ်ခြင်း၏ အစွမ်းဖြင့် သစ္စာလေးပါးကို သိတတ်သော ဉာဏ်တည်း။

## စုဒ္ဒသဗုဒ္ဓဉာဏ်နှင့် စုဒ္ဒသသရုပ်

မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်လေးပါး, အသာဓာရဏဉာဏ် ခြောက်ပါးအားဖြင့် တဆယ့်လေးပါးတို့တည်း။

## အင်္ဂါရသဗုဒ္ဓမေ့္ဓ အင်္ဂါရသသရုပ်

(၁) အတိတ်အဖို့၌ ပိတ်ပင်ထားဆီးခြင်း မရှိသောဉာဏ်၊
(၂) အနာဂတ်အဖို့၌ .... ....
(၃) ပစ္စုပ္ပန်အဖို့၌ .... ....
(၄) ကာယကံ၏ ရှေ့အဖို့၌ ဖြစ်သောဉာဏ် ....
(၅) ဝစီကံ၏ .... .... ....
(၆) မနောကံ၏ .... .... ....
(၇) ဆန္ဒ .... .... ယုတ်ခြင်း မရှိသည်၏ အဖြစ်
(၈) တရားဟောခြင်း၏ .... ....
(၉) ဝီရိယ၏ .... ....
(၁၀) သမာဓိ၏ .... ....
(၁၁) ပညာ၏ .... ....
(၁၂) အရဟတ္တဖိုလ်၏ .... ....
(၁၃) ရယ်မြူး၍ .... ပြုပြင်ခြင်း မရှိသည်၏ အဖြစ်
(၁၄) ချွတ်ယွင်း၍ .... ....
(၁၅) ဉာဏ်တော် မနှံ့သည်၏အဖြစ်
(၁၆) အဆောတလျင် ပြုပြင်ခြင်းမရှိသည်၏ အဖြစ်၊
(၁၇) အကျိုးသော စိတ်၏ဖြစ်ခြင်း မရှိသည်၏ အဖြစ်၊
(၁၈) မဆင်ခြင်ခြင်းမရှိဟု ဆိုအပ်သော အညာဏုပေက္ခာ မရှိသည်၏အဖြစ်အားဖြင့် တဆယ့်ရှစ်ပါးတို့ဘည်း။

## ကျေနစိသတိ ပစ္စေကဗုဒ္ဓဉာဏ်နိဒ္ဒေသ
## [ပစ္စေကဗုဒ္ဓဉာဏ် တဆယ့်ကိုးတန်]

သောတာပန် ပုဂ္ဂိုလ်အား—

[၁] မဂ်ကို ဆင်ခြင်သော ပစ္စေကဗုဒ္ဓဉာဏ်၊
[၂] ဖိုလ်ကို .... ....
[၃] နိဗ္ဗာန်ကို .... ....
[၄] ပယ်အပ်ပြီးသော ကိလေသာကို ဆင်ခြင်သော ပစ္စေကဗုဒ္ဓဉာဏ်၊
[၅] ကြွင်းသောကိလေသာကို ဆင်ခြင်ခြင်း ပစ္စေကဗုဒ္ဓဉာဏ်အားဖြင့် ငါးပါး။

ထို့အတူသကဒါဂါမ်ပုဂ္ဂိုလ်အား ငါးပါး၊ အနာဂါမ်ပုဂ္ဂိုလ်အား ငါးပါး။

ရဟန္တာပုဂ္ဂိုလ်အား – ကြွင်းသော ကိလေသာကို ဆင်ခြင်သော ပစ္စေကဗုဒ္ဓဉာဏ်ကို နုတ်၍ ကျန်လေးပါးသော ပစ္စေကဉာဏ်အားဖြင့် တဆယ့်ကိုးပါး ဖြစ်သတည်း။

(သဂြိုဟ်နှင့် အတူတူပင်၊)

## စတုစတ္တာလီသ ဉာဏဝတ္ထုနိဒ္ဒေသ
## (လေးဆယ့်လေးပါး ဉာဏဝတ္ထုသရုပ်)

ပဋိလောမအားဖြင့် ဇရာမရဏစသော တဆယ့်တပါးသော ပဋိစ္စ သမုပ္ပါဒ်၊ အင်္ဂါတို့၌ အသီးအသီး သစ္စာလေးပါးတို့နှင့် ယှဉ်ခြင်း၏အစွမ်းဖြင့်၊ ဖြစ်သော ဉာဏ်လေးဆယ့်လေးပါးတို့ တည်း။

ငါးဆယ်အလွန်ရှိသော ကုသိုလ်တရားဆိုသည်မှာ— မဟာကုသိုလ်စိတ်၏ နိဒ္ဒေသ၊ ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဖဿော ဟောတိ စသည်ဖြင့် သရုပ်ထုတ်၍ ဟောထားသော တရားအပေါင်းကို ဆိုလို၏။

ခုနစ်ဆယ့်ခုနစ်ပါးသောဉာဏ်ဝတ္ထု

ပရိလောမအားဖြင့် ဇရာမရဏစသော တဆယ့်တပါးသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့တွင် တပါး တပါးသောအင်္ဂါ၌—

ယခုပစ္စုပ္ပန်ဘဝ၌ ဇာတိကြောင့် ဇရာမရဏဖြစ်၏ ဟု သိသောဉာဏ်၊ ဇာတိမရှိသော် ဇရာ မရဏ မဖြစ်ဟုသိသောဉာဏ်၊

အတိတ်ဘဝ၌လည်း-ဇာတိကြောင့် ဇရာမရဏဖြစ်၏ဟု သိသောဉာဏ်၊ ဇာတိမရှိသော် ဇရာမရဏမဖြစ်ဟု သိသောဉာဏ်။

အနာဂတ်ဘဝ၌လည်း-ဇာတိကြောင့် ဇရာမရဏဖြစ်၏ဟု သိသောဉာဏ်၊ ဇာတိမရှိသော် ဇရာမရဏမဖြစ်ဟု သိသောဉာဏ်။

ဤငါးဉာဏ်ခြောက်ပါးသည် ဓမ္မဋ္ဌိတိဉာဏ် မည်၏။

ဤဓမ္မဋ္ဌိတိဉာဏ်ခြောက်ပါးသည်လည်း ပျက်ခြင်း၊ ကုန်ခြင်း ချုပ်ခြင်းသဘောရှိ၏ဟု သိသော ဝိပဿနာဉာဏ်၊ ဤသို့လျှင် ဇရာမရဏ၌ ဉာဏ်ခုနစ်ပါး။

ထို့အတူ ကြွင်းသောအစ သင်္ခါရ အဆုံးရှိသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ်ပါးတို့၌ ခုနစ်ပါး၊ ခုနစ်ပါးစီဖြစ်၍ ပေါင်းခုနစ်ဆယ့် ခုနစ်ပါးဖြစ်သတည်း။

## ကုဋေနှစ်သန်းလေးသိန်းသော သမာပတ်

မြတ်စွာဘုရားသည် နေ့တိုင်း၊ နေ့တိုင်း အကြိမ်ကုဋေ တသန်း၊ နှစ်သိန်း၊ မဟာကရုဏာ သမာပတ်ကို ဝင်စားတော်မူသည်။

အကြိမ်ကုဋေတသန်း နှစ်သိန်း အရဟတ္တ ဖလသမာပတ်ကို ဝင်စားတော်မူသည်။

ဤသို့ တနေ့တနေ့ မဟာကရုဏာ ကုဋေတသန်း နှစ်သိန်း၊ အရဟတ္တဖလသမာပတ် ကုဋေတသန်းနှစ်သိန်း နေ့တိုင်းနေ့တိုင်း ဝင်စားတော်မူ၍ ပေါင်း နှစ်သန်းလေးသိန်း ဖြစ်သတည်း။

ထိုကုဋေ နှစ်သန်းလေးသိန်းသော သမာပတ်တို့၏ ပုရေစရ သဟာစရဖြစ်သော ဉာဏ်သည်ပင် ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့သည် မဖောက်ခွဲအပ်သည်၏ အဖြစ်၊ ကြီးမြတ်သည်၏အဖြစ်ကိုစွဲ၍ မဟာဝဇိရဉာဏ် မည်၏။

(မှတ်ချက်) ဂဗ္ဘဝေါက္ကန္တိ လေးမျိုးကိုပုဂ္ဂိုလ်နှင့်တကွ ဤကျမ်း သမ္ပသာဒနီယသုတ် ပါဠိတော်တွင် အကျယ် ဖော်ပြခဲ့ပြီ။

### ပုဂ္ဂလပဏ္ဏတ္တိ ဒေသနာဝဏ္ဏနာနိတိ
### ဘုရားရှင်တို့၏ စကားနှစ်မျိုး

(၁) သမ္မုတိကထာ–ဟူသည် ခေါ်ဝေါ် ပညတ် သမုတ်အပ်သော အမည်ပညတ်ကို ဆိုကြောင်းဖြစ်သော စကားတည်း။

(၂) ပရမတ္ထကထာ ရုပ်၊ နာမ်၊ နှစ်ရပ် ပရမတ်ကိုဆိုကြောင်း ဖြစ်သောစကားတည်း။

သတ္တော–သတ္တဝါ၊ ပုဂ္ဂလော–ပုဂ္ဂိုလ်၊ နရော–လူ၊ ပေါသော–ယောကျ်ားစသော အမည်များသည် သမ္မုတိကထာမည်၏။

[အမှာ] ဥဘတောဘာဂ ဝိမုတ္တ, ပညာဝိမုတ္တပုဂ္ဂိုလ်တို့၏ သရုပ်အဓိပ္ပာယ်ကို မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌ အကျယ်ဆိုခဲ့ပြီး ရှိလေ။

ကာယသက္ခိမည်ကြောင်း– ရအပ်သော အရှုပစျာန်၏အဆုံး၌ နာမကာယဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုတတ်သောကြောင့် ကာယသက္ခိမည်၏။

ထိုကာယသက္ခိပုဂ္ဂိုလ်သည် –သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊သကဒါဂါမိမဂ်–ရင်းဖိုလ်ပုဂ္ဂိုလ်၊ အနာဂါမိမဂ်-ရင်းဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ် ပုဂ္ဂိုလ်အားဖြင့် ခြောက်ယောက်တို့တည်း။

နိဗ္ဗာန်ကို မြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်၏ အဆုံး၌ နိဗ္ဗာန်သို့ရောက်သော ပုဂ္ဂိုလ်ကို ဒိဋ္ဌိပတ္တပုဂ္ဂိုလ်ဟု ခေါ်၏။

ဤဒိဋ္ဌိပတ္တ ပုဂ္ဂိုလ်သည်သည်း ကာယသက္ခိပုဂ္ဂိုလ်ကဲ့သို့ ခြောက်ယောက်ပင်ဟုမှတ်။

သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်စသည်သည်း ထို့အတူပင်တည်း။

## ဘဿသမာစာရာဒိ ဝဏ္ဏနာနိတိ

မေး ● ပါဠိတော်၌ နစေ ဝ မုသာဝါဒုပသဋ္ဌိတံ ဝါစံ ဘာသတိ စသည်ဖြင့် ဘုရားရှင်သည် အဘယ်အကျိုးငှာ ဟောပါသနည်း။

ဖြေ ● စကားအရာ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားသည် မချွတ်မယွင်း မှန်ကန်ခြင်း၊ ချစ်သူနှစ်ဦး ကွဲပြားအောင်မပြုခြင်း၊ မရုန့်ရင်းမကြမ်းတမ်းခြင်း၊ ငြီးငွေ့လဲခြင်းလည်း မရှိ၊ ပြိန်ဖျင်းသော စကားကို မပြောဆိုခြင်းအကျိုးငှာ ဟောတော်မူပါသည်။

### စကားအရာ အင်္ဂါလေးတန်

(၁) သုဘာသိတဝါစာ–ကောင်းစွာပြောဆိုခြင်း၊
(၂) ပိယဝါစာ–ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း၊
(၃) သစ္စဝါစာ–မှန်ကန်စွာ ပြောဆိုခြင်း၊
(၄) ဓမ္မဝါစာ–တရားအားလျော်စွာ ပြောဆိုခြင်း။

မေး ● အဘယ့်ကြောင့် ဝစီသမာစာရကထာ၏ အခြားမဲ့၌ သီလစာရကထာဝယ် ဝါစာသစ္စာကို 'သစ္စေသော'ဟု တဖန်ထပ်ဟောပါသနည်း။

ဖြေ၊ သီလအကျင့်၌တည်သော ရဟန်း၊သည် အယုတ်ဆုံး ရယ်ရွှင်မြူးထူးကြောင်းဖြစ်သော စကားဖြင့်လည်း မုသာဝါဒကို မပြုဟု ပြခြင်းငှာ ဟောပါသည်။

ဒိဋ္ဌဓမ္မ သုခဝိဟာရနှင့် အဆုံးအဖြတ်

ပေါဋ္ဌပါဒသုတ်၌-ပီတိနှင့်တကွဖြစ်သော ဒုတိယ စျာန်နှင့်တူသော ဖလ သမာပတ်ကို "ဒိဋ္ဌဓမ္မ သုခဝိဟာရ" ဟု ဆိုအပ်၏။

ပါသာဒိကသုတ်၌-မဂ်နှင့်တကွ ဝိပဿနာ၏အခြေဖြစ်သော ပါဒကစျာန်ကို 'ဒိဋ္ဌဓမ္မ သုခဝိဟာရ'ဟု ဆိုအပ်၏။

ဒသုတ္တရသုတ်၌-စတုတ္ထ စျာန်နှင့်တူသော (ဝါ) အခြေရှိသော ဖလသမာပတ်ကို 'ဒိဋ္ဌဓမ္မသုခဝိဟာရ'ဟု ဆိုအပ်၏။

ဤသမ္မာဒိဋ္ဌိသုတ်၌-ပစ္စုပ္ပန် ဖြစ်သော အတ္တဘော၌ ချမ်းသာစွာ နေခြင်းဟူသော ရူပါဝစရစျာန် လေးပါး တို့ကို 'ဒိဋ္ဌဓမ္မ သုခဝိဟာရ'ဟု ဆိုအပ်၏။

အမှာ....ဤသုတ်လာ ခေတ်သုံးပါး သရုပ်အဓိပ္ပာယ်ကို ဤကျမ်းမဟာပဒါနသုတ်အဋ္ဌကထာ စာချက်နှာ(၁၇၀) တွင် ပြဆိုခဲ့ပြီ။

## သင်္ဂါယနာ သုံးတန်

(၁) အရှင်မဟာကဿပ မထေရ်၏ သင်္ဂါယနာတင်ခြင်း၊

(၂) အရှင်ယသ မထေရ်၏ သင်္ဂါယနာ တင်ခြင်း၊

(၃) အရှင်မောဂ္ဂလိပုတ္တ တိဿမထေရ်၏ သင်္ဂါယနာ တင်ခြင်းအားဖြင့် သုံးပါးရှိ၏။

## တိပိဋကအန္တရ ဓာနကာထာနိတိ

(၁) ပိဋက သုံးပါးဟူသော ပရိယတ်၏ကွယ်ခြင်း၊

(၂) သစ္စာလေးပါးကို သိခြင်းဟူသော ပဋိဝေဓ၏ကွယ်ခြင်း၊

(၃) သီလအကျင့်စသော ပဋိပတ်၏ ကွယ်ခြင်းအားဖြင့် သုံးပါး အပြားရှိ၏။

ထို သုံးပါးတို့တွင် ပဋိဝေဓသည် လည်းကောင်း၊ ပဋိပတ္တိသည်လည်းကောင်းရှိ၏။ မဖြစ်သည်လည်း ရှိ၏။

မှန်၏ ...ပဋိဝေဓကို ကျင့်ကုန်သော ပုထုဇဉ်ရဟန်းတို့သည် များကုန်၏။ ပဋိပတ်ကို ဖြည့်ကျင့်သော ရဟန်းတို့ကား ရံခါ များ၍ ရံခါနည်းပါး၏။ ထို့ကြောင့် ပဋိဝေဓ ပဋိပတ် နှစ်ပါးသည် ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏။

စင်စစ်ကား...သာသနာတော်၏ တည်တံ့ခြင်း အရင်းမူလ ပဓာနကား ပရိယတ္တိသာ ပမာဏ တည်း။

ထိုစကားမှန်၏။ကြောင်းကျိုးမြင်သိ ပညာရှိသည် ပိဋကတ်သုံးပုံဖြင့် ရေတွက် ပိုင်းခြားအပ်သော ဘုရားစကားတော် ဟူသမျှကို သင်ကြား နာယူရသည်ရှိသော် ပဋိပတ္တိ-ပရိယတ္တိကိုလည်း ပြည့်စုံစေနိုင်၏ဟု အဋ္ဌကထာ ဆရာ ဆိုထားသည်ကို ထောက်၍ ပရိယတ္တိ သာသနာတော်သည်သာလျှင် အရင်းမူလ ပမာဏဖြစ်ကြောင်း ကောင်းကောင်းကြီး စိတ်ဝင်စားစွာမှတ်သားသင့်ပေတော့သတည်း။

## ပိဋကတ်သုံးပုံ ကွယ်ပုံ

အဘိဓမ္မာပိဋကတ် ကွယ်ပုံအစဉ်မှာ-အဘိဓမ္မာ ခုနစ်ကျမ်းတို့တွင် ပဋ္ဌာန်းကျမ်းသည် အလုံးစုံသောကျမ်းတို့၏ ရှေးဦးစွာကွယ်၏။ အစဉ်သဖြင့် 'ထိုနောက်မှ ဓမ္မသင်္ဂဏီကျမ်း ကွယ်၏။ ထိုအဘိဓမ္မာ ပိဋကတ် ကွယ်သည်ရှိသော် ကျန်သော သုတ္တန်, ဝိနည်းပိဋကတ်တည်ကုန်သော် သာသနာတော်သည် တည်တံ့မြဲ တည်တံ့သည် သာတည်း။

## သုတ္တန် ပိဋကတ် ကွယ်ပုံအစဉ်

သုတ္တန် ပိဋကတ် ကွယ်သည်ရှိသော် ရှေးဦးစွာ အင်္ဂုတ္တရ နိကာယ်သည် ကောဒသက အင်္ဂုတ္တိုရ်မှစ၍ ဧကက အင်္ဂုတ္တရတိုင်အောင် ကွယ်၏။

ထိုအင်္ဂုတ္တရနိကာယ် ကွယ်သည့်နောက်သံယုတ္တနိကာယ်သည် စက္ကပေယျာလသုတ်မှစ၍ ဩဃတရဏသုတ် တိုင်အောင် ကွယ်၏။

ထိုမှနောက်၌-မဇ္ဈိမနိကာယ်သည်- ဝုဂ္ဂန္ဓိယသာဝန သုတ်မှ စ၍ မူလပရိယာယသုတ်တိုင်အောင် ကွယ်၏။

ထိုမှနောက်၌-ဒီဃနိကာယ်သည်-ဒသုတ္တရသုတ်မှ ဗြဟ္မဇာလ သုတ်တိုင်အောင် ကွယ်၏ဟုမှတ်။

ထိုအဘိဓမ္မာ ပိဋကတ်, သုတ္တန် ပိဋကတ် နှစ်ပါး ကွယ်ကြ သော်လည်း ဝိနယ ပိဋကတ်တည်သည်ရှိသော် သာသနာတော် သည် တည်တံ့မြဲ တည်တံ့သည်သာတည်း။

## ဝိနယပိဋကတ် ကွယ်ပုံအစဉ်

ပရိဝါရ မဟာဝါ ခန္ဓက စူဠဝါခန္ဓကတို့ ကွယ်ကုန်သော် ဘိက္ခုဝိဘင်း, ဘိက္ခုနီဝိဘင်းသည် တည်နေသေးသော် သာ သနာတော်သည် တည်သည်သာတည်း။

ထိုဝိဘင်းနှစ်ပါး ကွယ်ပြန်သော် ဘိက္ခုပါတိမောက်၊ ဘိက္ခု နီပါတိမောက် ဟူသော ဒွေမာတိကာတည်သော် သာသနာ တော်သည် တည်သည်သာတည်း။ ဒွေမာတိကာကွယ်သော် နိဒါ နဒွေသဟူသော ပါတိမောက်၊ ပဗ္ဗဇ္ဇာကံ၊ ဥပသမ္ပဒကံတို့တည် သော် သာသနာတော်သည် တည်သည်သာတည်း။

မေး ● သမ္မာဝိမည်ကြောင်းကို ဖော်ပြ၍ သဗ္ဗညုတ, ဉာဏ် ကိုသာ သမ္မာဝိ ဆိုသင့်လျက် အဘယ့်ကြောင့် အရ ဟတ္တမဂ် ဉာဏ်သည် သမ္မာဝိ မည်နိုင်ပါသနည်း။

ဖြေ။ အလုံးစုံသော တရားတို့ကို သိကြောင်းဖြစ်သော ကြောင့် သမ္မောဓိ မည်ပါသည်။

အလုံးစုံသော ဘုရားကျေးဇူးတော်သည် အရဟတ္တမဂ်ဖြင့် ပြည့်စုံသောကြောင့် အရဟတ္တမဂ် ဉာဏ်သည် သမ္မောဓိ မည်ပါသည်။

## ပရိနိဗ္ဗာန်သုံးပါး သရုပ်နှင့်ဌာန

[၁] ကိလေသ ပရိနိဗ္ဗာန်သည် ဗောဓိပလ္လင်၌ ဖြစ်၏။

[၂] ခန္ဓပရိနိဗ္ဗာန်သည် ကုသိနာရုံပြည်၌ ဖြစ်၏။

[၃] ဓာတုပရိနိဗ္ဗာန်သည် အနာဂတ်ကာလ၌ ဖြစ်လတ္တံ့။

## ဓာတ်တော် အစဉ်ရောက်ပုံ

ဇမ္ဗူဒိပ်ကျွန်း၌လည်းကောင်း၊ ကျွန်းတပါး၌ လည်းကောင်း၊ နတ်ပြည် နဂါးပြည်၊ ဗြဟ္မာ့ပြည်တို့၌ လည်းကောင်း ဖရိုဖရဲ ကြဲ၍ တည်သော ဓာတ်တော်တို့၏ ဗောဓိပလ္လင်တည်ရာ၌ တခဲနက် စုရုံးခြင်း၊ ရောင်ခြည်တော်လွှတ်ခြင်း၊ တေဇောဓာတ်ထခြင်း၊ မီးလျှံဖြစ်ခြင်း အလုံးစုံသည် မြတ်စွာဘုရား၏ အဓိဋ္ဌာန်ခြင်း၏ အစွမ်းဖြင့် ဖြစ်၏ဟုမှတ်။

မေး။ အဘယ့်ကြောင့် နှစ်ဆူသော ဘုရားရှင်တို့သည် မရှေး မနှောင်း မဖြစ်ကြပါသနည်း၊

ဖြေ ● အံ့သြဖွယ်မရှိသောကြောင့် လည်းကောင်း၊ ဒေသနာ- အထူး မရှိသောကြောင့် လည်းကောင်း၊ လူအပေါင်း တို့ ငြင်းခုံဖွယ် ရှိသောကြောင့် လည်းကောင်း နှစ်ဆူ သော ဘုရားရှင်တို့သည် မရှေးမနှောင်း မဖြစ်ပါ။

## ဥဒါယီ သုံးမျိုးသရုပ်

(၁) လာဠုဒါယီမထေရ်၊ (၂) ကာဠုဒါယီမထေရ်၊
(၃) မဟာဥဒါယီမထေရ်ဟု သုံးမျိုးရှိ၏။

အာယသ္မာ ဥဒါယီ၌ မဟာဥဒါယီကို အလိုရှိအပ်၏ဟုမှတ်။

## ပီတိငါးမျိုးသရုပ်အဓိပ္ပာယ်

[ဆောင်ရန်]

- ခုဒ္ဒိကာ၊ ခဏိ၊ သြက္ကန္တိ၊ ဥဗ္ဗေဂဖရဏာ။
- ကိုယ်စိတ်နှစ်ပါး၊ နှစ်သက်ကြွား၊ ငါးပါးပီတိသာ။
- ကြက်သီးမွေးညင်း၊ ရှင်စေခြင်း၊ ဖြစ်လျှင်းခုဒ္ဒိကာ။
- မြစ်ပြင်လှိုင်းလုံး၊ အိကာဖုံး၊ ကိုယ်လုံးလွှမ်းသိ သြက္ကန္တိ။
- တစိကဲမောက်၊ ကိုယ်လုံးမြောက်၊ ပင့်မြှောက် ဥဗ္ဗေဂါ။
- သိလောင်းဝါဂွမ်း၊ ပမာလွှမ်း၊ လန်းဆန်း ဖရဏာ။
- ပီတိသဘော၊ ထင်အောင်နှော၊ မှတ်လော နိဒ္ဒိတာ။

(အဓိပ္ပာယ် ပေါ်လွင်ထင်ရှားပြီ)

## သီလဖြူစင်ကြောင်း တရားသုံးပါး

[၁] အပ္ပိစ္ဆတာ....ဟူသည် တဏှာကင်းသော အားဖြင့် အလိုနည်းပါးခြင်းမျိုးတည်း။

[၂] သန္တုဋ္ဌိတာ....ပစ္စည်း လေးပါးတို့၌ သုံးပါးသော အခြင်း အရာတို့ဖြင့် ရောင့်ရဲခြင်း မျိုးတည်း။

[၃] သလ္လေခတာ... အလုံးစုံသော ကိလေသာတို့၏ ခေါင်းပါးခြင်းမျိုးတည်း။

သမ္ပသာဒနီယသုတ်အဋ္ဌကထာ သရုပ်နှင့်အဓိပ္ပာယ်

ပြီးပါပြီ။

# ပါသာဒိကာသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

### ဘဏ္ဍန, ကလဟ, ဝိဝါဒအထူး

**ဘဏ္ဍန**....ဟူသည် ရှေးအဖို့၌ ဖြစ်သော ငြင်းခုံခြင်း ဖြစ်သော စိတ်တည်း။

**ကလဟ** ဟူသည် တုတ်လှံတံကို ယူခြင်းစသည်တို့၏ အစွမ်းဖြင့် ကြီးပွားသော ငြင်းခုံခြင်းတည်း။

**ဝိဝါဒ**....ဟူသည် သင်ကားသုတ်, အဘိဓမ္မာ, ဝိနည်းကို မသိ၊ ဤသို့စသောနည်းဖြင့် ဆန့်ကျင်သော စကားတည်း။

(ဤကား အထူး)

### ဘုရားရှင်ထံ အရှင်အာနန္ဒာ ဆည်းကပ်သည့်အကြိမ်

အရှင်အာနန္ဒာသည်နေ့အခါကိုးကြိမ်၊ ညဥ့်အခါ၌ကိုးကြိမ်၊ ပေါင်း တရက်တည်း၌ တဆယ့်ရှစ်ကြိမ် ဘုရားရှင်အား ဆည်းကပ်၏။

မှတ်ချက် — တပဟိုရ် ကပဟိုရ်ကို သုံးကြိမ်စီ ဆည်းကပ်ခြင်းကို ပြု၍ နေ့ကိုးကြိမ် ညဥ့်ကိုးကြိမ် အားဖြင့် တနေ့ တနေ့၌ တဆယ့်ရှစ်ကြိမ်တို့ ပတ်လုံး ဆည်းကပ်၏ ဟုမှတ်၊

ပြဿနာကို လျှောက်ထားလိုသောအခါ စသည်၌ ဆည်းကပ်လိုသော်လည်း အကြောင်းကိုစွ မရှိပဲ မဆည်းကပ်, အလိုရှိသော အနက်အဓိပ္ပာယ်ကို ထုတ်ပြတတ်သော ပြဿနာကိုယူ၍ သာလျှင် ဆည်းကပ်၏ဟု မှတ်။

## ပညတ္တိသရုပ်နှင့် လိုအပ်သောပညတ်

(၁) မိစ္ဆာဒိဋ္ဌိကို ပညတ်ခြင်း၊
(၂) အဘိဓေယျဖြစ်သော ခန္ဓာစသည်ကို ပညတ်ခြင်း အားဖြင့် နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် မိစ္ဆာဒိဋ္ဌိပညတ်သည်—

(၁) ခန္ဓပညတ်,
(၂) ဓာတုပညတ်,
(၃) အာယတနပညတ်,
(၄) ဣန္ဒြိယပညတ်,
(၅) သစ္စပညတ်,
(၆) ပုဂ္ဂလပညတ် အားဖြင့် ခြောက်ပါး ဖြစ်သတည်း။

ပညတ္တိယာ-အဓိပညတ္တိ ဟူသောပါဌ်၌ လိုအပ်သောပညတ်ကား ဒိဋ္ဌိကို ပညတ်ခြင်းကို လည်းကောင်း၊ အဘိဓေယျဖြစ်သော ခန္ဓာစသည်ကို ပညတ်ခြင်းကိုလည်းကောင်း လိုအပ်ပါသည်။

ပါသာဒိကသုတ် အဋ္ဌကထာ သရုပ်နှင့် အဓိပ္ပာယ်
ပြီးပါပြီ။

# လက္ခဏာသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

## ကုသလ-အဓိ ကုသလ ခွဲခြားပုံ

ကာမာဝစရ ကုသိုလ်တို့သည် ကုသလ မည်ကုန်၏။ ရူပါဝစရ ကုသိုလ်တို့သည် အဓိကုသလ မည်ကုန်၏။

တနည်း—ကာမာဝစရ, ရူပါဝစရကုသိုလ်တို့သည် ကုသလ မည်ကုန်၏။ အရူပါဝစရ ကုသိုလ်တို့သည် အဓိကုသလ မည်ကုန်၏။

တနည်း—ကာမာဝစရ,ရူပါဝစရ, အရူပါဝစရတို့သည်ကုသလ မည်ကုန်၏။

သာဝကတို့သည်ရောက်အပ်သော ပါရမီဉာဏ်ကို ရခြင်း၏ အကြောင်းဖြစ်သော ကုသိုလ်တို့သည် အဓိကုသလမည်ကုန်၏။

တနည်း—ရှင်းသာဝက ပါရမီဉာဏ် ကုသိုလ်သည် ကုသလ မည်ကုန်၏။

ပစ္စေကဗောဓိဉာဏ်ကို ရခြင်းအကြောင်းဖြစ်သော ကုသိုလ်တို့သည် အဓိကုသလ မည်ကုန်၏။

အလိုရှိအပ်သော ကုသိုလ်ကား—သဗ္ဗညုတဉာဏ်ကိုရခြင်း၏ အကြောင်းဖြစ်ကုန်သော ကုသိုလ်တို့သည် ဤ အဓိကုသလာဌ် အလိုရှိအပ်ကုန်၏။

သုပ္ပတိဋ္ဌိတပါဒလက္ခဏာတော်၌—

(၁) ကမ္မ ဟူသည်ကား ကမ္မာ့တသိမ်း အလွန်ရှိသော လေးသခေါ် ကာလပတ်လုံး မြဲမြံခိုင်ခံ့သော ဝီရိယ ရှိသည်ဖြစ်၍ ပြုလုပ်ဆည်းပူးအပ်သော ကုသိုလ်ကံ တည်း။

(၂) ကမ္မသရိက္ခက ဟူသည် မြဲမြံခိုင်ခံ့သော ဝီရိယဖြင့် ပြုအပ်သောအဖြစ်ကို နဟ်နှင့်တကွသော လောကကို သိစေသတည်းဟု ကောင်းစွာအညီအညွတ် မြေ၌ တည်သော ယောကျ်ားမြတ်၏ လက္ခဏာတည်း။

(၃) လက္ခဏာဟူသည် ထိုသုပ္ပတိဋ္ဌိတပါဒ လက္ခဏာတော် ပင်တည်း။

(၄) လက္ခဏာနိသံသ ဟူသည် ဆန့်ကျင်ဘက် ရန်သူတို့ သည် မချေမှုန်း မဖျက်ဆီးနိုင်ခြင်းပင်တည်း။

ကမ္မသရိက္ခကနှင့် လက္ခဏာအထူး

ရပ်ခြင်း သွားခြင်းတို့၌ ကောင်းစွာအညီအညွတ် မြေ၌တည် သော ခြေတော်ရှိသည့် အဖြစ်သည် လက္ခဏာ မည်၏။

ထိုကောင်းစွာတည်သော လက္ခဏာတော်၏ သူတပါးတို့ မချေမှုန် မဖျက်ဆီးနိုင်သည်၏ အဖြစ်ကို သိစေတတ်သော အကြောင်း၏အဖြစ်သည် ကမ္မသရိက္ခကမည်၏။ ဤကား အထူး တည်း။

အမှာ–လက္ခဏာတော်တိုင်း ဤသို့ ကမ္မ-ကမ္မသရိက္ခကစသည် မခွဲပြတော့ပေ၊ ပါဠိတော်တွင် အကျယ်ပြဆိုခဲ့ပြီး ဖြစ် သောကြောင့်တည်း။

ဘယ(ကြောက်လန့်ခြင်း)နှစ်မျိုး

(၁) ဥစ္စဂဘယ....ဟူသည် ခိုးသူကြောင့်လည်းကောင်း၊ မင်းကြောင့်လည်းကောင်း၊ ဆန့်ကျင်ဘက် ရန်သူကြောင့် လည်းကောင်း လုယက် နှောင့်ဖွဲ့မှု စသည်ကို မှီသော ကြောက်လန့်ခြင်းမျိုး မည်၏။

(၂) ဥတ္တာသဘယ....ဟူသည် ဆင်ကြမ်း၊ မြင်းကြမ်း စသည်တို့ကို လည်းကောင်း၊ မြွေ၊ ဘီလူး စသည်တို့ကိုလည်းကောင်း အစွဲပြု၍ ကြက်သီးမွေးညင်းထအောင် ပြုတတ်သော ကြောက်လန့်ခြင်းမျိုး မည်၏။

ယာမကာလိက အဖျော်ရှစ်ပါး

(၁) အမ္ဗပါန=သရက်သီး .... အဖျော်
(၂) ဇမ္ဗုပါန=ဆပြုသီး .... ။
(၃) စောစပါန=တောငှက်ပျောသီး .... ။
(၄) မောစပါန=အိမ်ငှက်ပျောသီး .... ။
(၅) မုဒ္ဒိကပါန=မုဒရက်သီး .... ။
(၆) ပမုကပါန=သစ်မည်စည်သီး .... ။
(၇) သာလုကပါန=ကြာစွယ် .... ။
(၈) ဖရုသကပါန=ဖက်သက်တရော်သီး .... ။

ဤကား ဘုရားရှင် ခွင့်ပြုတော်မူထားသည့် အဖျော်ရှစ်ပါး တည်း။ (ပါစိတ်အဋ္ဌကထာ)

[ဆောင်ရန်]

- သပြေ, သရက်၊ မုဒရက်၊ ဖက်သက်တရော်ရည်။
- တော,အိမ်ငှက်ပျော၊ ကြာစွယ်နွေ၊ မှတ်လေသစ်မည့်စည်။
- ယာမ ကာလိက၊ ဤရှစ်ဝ၊ မှတ်ကြအဖျော်ရည်။

အနုလောမ အဖျော်ခြောက်ပါး

(၁) ဝေတ္တ-ကြိမ်သီး၊
(၂) တိန္တိကဏိက-မန်ကျည်းသီး၊
(၃) မာတုလုင်-ရှောက်သီး၊
(၄) ကပိဋ္ဌ-သီးသီး၊
(၅) ကောသမ္ဗ-ကျို့သီး၊
(၆) ကရမိဒ္ဒ-ခံသီး၊

ဤသို့စသော အသီးငယ်တို့နှင့်တကွ ဆီးသီး အစ ရှိသော အသီးငယ် တို့ဖြင့် ပြုလုပ်အပ်သော အဖျော် တို့သည် ပြဆိုခဲ့သော အဖျော်ရှစ်ပါးတို့နှင့် အလားတူ လျော်သောကြောင့် အနုလောမ, အဖျော်မည်၏။

[ဤခြောက်ပါးကိုလည်း ယာမကာလိကဟုမှတ်။]

[ဆောင်ရန်]

- ကြိမ်, မန်ကျည်း,ကျို့၊ သီး, ခံ့,တို့၊ မှတ် ဖို့ရှောက်အရည်။

❶ အဖျော်ရှစ်ပါး၊ အလျှော်ထား၊ မှတ်သားဤခြောက်မည်။

ယခင်ဆိုခဲ့ပြီးသော အသီးအဖျော် တို့သည်သာလျှင် ယာမကာလိက မည်သည်မဟုတ်သေး၊ ဝပါးမျိုးခုနစ်ပါးတို့၏ အသီးအရည်ကိုလည်းကောင်း၊ ထိုခုနစ်ပါးတို့၏ အသီး အရည်နှင့် လျော်သော သာနုလောမ ဧညဖလရသ ဖြစ်သော ထန်းသီး၊ အုန်းသီး၊ ပိန္နဲသီး၊ တောင်ပိန္နဲသီး၊ ဗူးသီး၊ ဖရုံသီး၊ သခွားသီး၊ သခွားဆင်သီး၊ သခွားငကြောင်သီး၊ ဤသို့ မဟာဖလ ခေါ် သီးကြီးကိုးလုံးတို့၏ အရည်များသည်လည်း ယာမကာလိက မည်သေး၏။

ထို့ကြောင့် ထန်း, အုန်းနှင်တွဲ၊ ပိန္နဲနှစ်စုံ၊ ဗူးဖရုံ၊ မှတ်ယုံ သုံးသခွား၊ ဟု ဆရာတော် ဦးဗုဓ် မိန့်ဆိုခဲ့လေသည်။

အဂ္ဂ, သေဋ္ဌ, ပါမောက္ခ, စသည်တို့အထူး

ကြီးမြတ်သည်၏ အဖြစ်သို့ ရောက်တတ်သောကြောင့် အဂ္ဂမည်၏။

(စေဋ္ဌဘာဝံ အဇတိ ဂစ္ဆတီတိ အဂ္ဂေါ။)

အထူးသဖြင့် ချီးမွမ်းအပ်သော အနက် သဘောကြောင့် သေဋ္ဌ-မည်၏။

(ပသတ္ထာနံ ဝိသေသေန ပသတ္ထောတိ သေဋ္ဌော။)

အကြီးအမှူးဟူသော အနက်သဘောကြောင့် ပါမောက္ခမည်၏၊ ပြဋ္ဌာန်းသော အနက်သဘောကြောင့် ဥတ္တမ-မည်၏။
(ဤနှစ်ပုဒ်ကား အနိပ္ဖန္နပါဠိပဒိကပုဒ်တည်း။)

စီးပွားချမ်းသာကို အလိုရှိသော သူတို့သည် အပြားအားဖြင့် တပ်နှစ်သက်အပ်သော အနက် သဘောကြောင့် ပဝရ-မည်၏။

(ဟိတသုခတ္ထိကေဟိ ပကာရေန ဝရိတဗ္ဗော ရုစ္စိ-တဗ္ဗောတိ ပဝရော။)

## သိပ္ပ(အတတ်ပညာ)နှစ်ပါး

(၁) ဟီနသိပ္ပ....ဟူသည် ကျူထရုံသည် အတတ်, ယက်ကန်းသည်အတတ်, ဆေတ္တာသည်အတတ်တို့တည်း၊

(၂) ဥက္ကဋ္ဌသိပ္ပ....ဟူသည် စာရေးဆရာ အတတ်, လက်ဆစ်ချိုး၍ ရေတွက်ခြင်း အတတ်, ကိုးခုအဆုံးရှိသော အပေါင်းကိုရေတွက်ခြင်း အတတ်တို့တည်း။

## မဟာပညာ,ပုထုပညာစသည်အထူး

မြတ်ကုန်(ဝါ) များကုန်သော သီလ ကျေးဇူး, သမာဓိကျေးဇူး, အရဟတ္တဖိုလ်တည်းဟူသော ကျေးဇူး, ပစ္စဝေက္ခဏာ ဉာဏ်အမြင်ဟူသော ကျေးဇူးတို့ကို သိမ်းဆည်းတတ်သောကြောင့် မဟာပညာမည်၏။

[မဟတီ ပညာ ဧတဿာတိ မဟာပညောစသည်ပြု။]

အထူးထူးသောခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် ဓာ သော ကျေးဇူးတို့၌ လည်းကောင်း၊ မဒ စသော အကုသိုလ်တရားတို့ကို လွန်မြောက်၍ မြတ်သောနိဗ္ဗာန်၌ ဉာဏ်သည် ဖြစ်တတ်သောကြောင့်လည်းကောင်း ပုထုပညာ မည်၏။

လောက၌ အချို့သောသူသည် ရှင်လန်းခြင်း, ခံစားခြင်း, အသိအကျွမ်းများခြင်း, နှစ်သက် ဝမ်းမြောက်ခြင်းများသည် ဖြစ်၍ သီလကိုဖြည့်၏၊ ဣန္ဒြိယ သံဝရ သီလကိုလည်း ဖြည့်၏၊ ဘောဇဉ်၌ အတိုင်းအဆကိုလည်း သိ၏၊ နိုးကြားခြင်း စသည် ဖြင့် သီလစသော ကျေးဇူးကို ဖြည့်တတ်သောကြောင့် ဟာသ ပညာမည်၏။

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရူပက္ခန္ဓာ စသော ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် လျင်စွာ ထိုးထွင်း၍ သိတတ်သောကြောင့် ဇဝနပညာ မည်၏၊

လျင်မြန်စွာ အလုံးစုံသောကိလေသာတရား၊ ဒုစရိုက်တရား၊ ကုသိုလ်အကုသိုလ်ဟူသော အဘိသင်္ခါရ စသော တရားတို့ကို ဖြတ်တတ် ဖျောက်တတ် တဖန်မဖြစ်ခြင်းသို့ ရောက်စေတတ် သောကြောင့် တိက္ခပညာ မည်၏။ အလုံးစုံသော သင်္ခါရတရား တို့သည် အနိစ္စသဘော ဒုက္ခသဘော ဖောက်ပြန်ခြင်းသဘော ကုန်ခြင်း ပျက်ခြင်း ချုပ်ခြင်းသဘော ရှိကုန်၏ဟု မဖောက် မပြန် မြင်ခြင်းသည်သာ သစ္စာလေးပါးကို ထိုးထွင်း၍သိသော ပညာသည် နိဗ္ဗေဓိကပညာမည်၏။

## ဘုရားရှင်၏ ကြည်ညိုဖွယ်သော အဆင်းရှိခြင်း အကြောင်းလေးပါး

(၁) ဆွမ်းစသော အာမိသဒါနကို ပေးလှူခြင်း၊

(၂) အဝတ်ပုဆိုး (သက်န်း) ကို ပေးလှူခဲ့ခြင်း၊

(၃) တံမြက်လှည်းခြင်း၊

(၄) အမျက် ဒေါသ မထွက်ခြင်းဟု အကြောင်း လေးပါးကြောင့် ကြည်ညိုဖွယ် ရှိတော်မူ၏။

## မြတ်စွာဘုရား၏ အသံတော်ရှစ်ပါး

(၁) ရှက်မထွေးခြင်းမရှိ သန့်ရှင်းကြည်လင်သော အသံတော်ရှိခြင်း၊

(၂) သောတရှင်ဘဝင် စိမ့်လောက်အောင် သာယာချိုမြိန်သော အသံတော်ရှိခြင်း၊

(၃) ကြားလျှင်ကြားရချင်းပင် အဓိပ္ပာယ် ထင်ရှားသော အသံတော်ရှိခြင်း၊

(၄) နားမှာစိမ့်၍ နှစ်သိမ့်ကြည်ညို နားဝင်ချိုသော အသံတော်ရှိခြင်း၊

(၅) မပြားမကွဲ၊ မကျဲပဲ သံနေသံထား ကောင်းမွန်သော အသံတော်ရှိခြင်း၊

(၆) နက်နဲပိုင်နိုင်၊ အလွန်ခိုင်ခံ့သော အသံတော်ရှိခြင်း၊

(၇) ပရိသတ်ကို လွှမ်းမိုးခြုံ၍ လုံသောအသံတော်ရှိခြင်း၊

(ဂ) ပဲ့တင်ခြိမ်းသကဲ့သို့ ပြည့်ဟိန်းသော အသံတော် ရှိခြင်းအားဖြင့် ရှစ်ပါးတည်း။

မှတ်ချက် - ဤအသံတော် ရှစ်ပါး၏ လက္ခဏာကို ဤကျမ်းသုတ် မဟာဝါ ပါဠိတော်တွင် ဖော်ပြခဲ့ပြီ၊

**အထူးမှာ**...ဘုရားရှင်၏ အသံတော်သည် ဗြဟ္မာ့အသံ ကရဝိက် အသံနှင့်တူ၏ဟု ဥပမာ နှိုင်းကြသော်လည်း အလုံးစုံ မတူနိုင်ပေ။ အနန္တပါရမီတော်ရှင်ဖြစ်တဲ့ ဘုရားရှင်မှာ ဘယ်နေရာဌာနမျိုးမဆို ဘယ်ပုဂ္ဂိုလ်နှင့်မျှ စံမတူနိုင်တဲ့ အတုလဂုဏ် ရှိတော်မူပါပေ၏။

ထိုသို့ဖြစ်လျက် ဘာ့ကြောင့် ဥပမာနှိုင်းရသလဲဆိုလျှင် လောကလူတို့ အသိဉာဏ် အမိပ္ပာယ် ထင်ရှားစိမ့်သောငှာ ဥပမာ နှိုင်းပြရလေသည်။

ထို့ကြောင့် ယခုလို ဥပမာနှိုင်းခြင်းမျိုးကို အလင်္ကာဆရာ တို့က တကယ်တမ်းအားဖြင့် နှိုင်းယှဉ်၍မရ တစိတ်တဒေသ တူစာန်သမျှ တူသည်ကို နှိုင်းယှဉ်သော ဟီနောပမာ ဟုဆိုလို သတဲ့။

လက္ခဏာသုတ်အဋ္ဌကထာ သရုပ်နှင့်အဓိပ္ပာယ်

ပြီးပါပြီ။

❀

# သိင်္ဂါလသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

ဤသုတ်ကို ပြဆိုခြင်းသည် အတ္တဇ္ဈာသယ၊ ပရဇ္ဈာသယ၊ အဋ္ဌုပ္ပတ္တိက၊ ပုစ္ဆာဝသိကအားဖြင့်လေးပါးသော သုတ္တနိက္ခေပတို့တွင် အဋ္ဌုပ္ပတ္တိကဟု မှတ်လေ။

## ဂိဟိဝိနယ ခေါ်ပုံ

ဤသိင်္ဂါလသုတ် ဒေသနာတော်သည် အိမ်ရာ တည်ထောင်လူ၏ ဘောင်၌ နေသူ လူထု အပေါင်းကို ဆုံးမခြင်းမျိုးကို ဂိဟိဝိနယဟု ခေါ်ဆို၏။

## သုရာ (သေရည်) ငါးပါး

(၁) ပိဋ္ဌသုရာ—မုန့်ညက်စိမ်းတို့ဖြင့် ပြုအပ်သော သေရည်။
(၂) ပူဝသုရာ—မုန့်ညက်ရင်တို့ဖြင့် ပြုအပ်သော သေရည်။
(၃) ဩဒနသုရာ—ထမင်းတို့ဖြင့် ပြုအပ်သော သေရည်။
(၄) ကိဏ္ဏပက္ခိတ္တသုရာ—သေ၏ မျိုးစေ့ဖြစ်သော တဆေး ခပ်၍ ပြုလုပ်အပ်သော သေရည်။
(၅) သမ္ဘာရသံယုတ္တသုရာ—သစ်မြစ် သစ်သီး အစရှိသော အဆောက်အဦ တို့နှင့် ယှဉ်ပြုအပ်သော သေရည် အား ဖြင့် ငါးပါးတို့တည်း။

[ဆောင်ရန်]

- ပုပ္ဖ, ပုဝ၊ ဩဒန၊ ကိဋ္ဌာသမ္ဘာရာ။
- သုရာငါးပါး၊ ဤသို့ထား၊ မှတ်သား မျိုးလေးဖြာ။

မေရယ(အရက်)ငါးပါး

[၁] ပုပ္ဖသဝ—ပန်းပွင့်တို့ဖြင့် ပြုအပ်သော အရက်၊
[၂] ဖလာသဝ—သစ်သီးတို့ဖြင့် ပြုအပ်သော အရက်၊
[၃] မဓွာသဝ—မုဒရက်သီး အရည်တို့ဖြင့် ပြုအပ်သော အရက်၊
[၄] ဂုဠာသဝ—တင်လဲတို့ဖြင့် ပြုအပ်သော အရက်၊
[၅] သမ္ဘာရ သံယုတ္တ— အထူးထူးသော အဆောက် အဦတို့၏ အရည်တို့ဖြင့် ပြုအပ်သော အရက်အားဖြင့် ငါးပါးတို့တည်း။

[ဆောင်ရန်]

- ပုပ္ဖ, ဖလာ၊ မဓွာ, ဂုဠ၊ သမ္ဘာရ၊ ပဥ္စမေရယာ။
- အာဂုံဆောင်ရွက်၊ လွန်အားဖက်၊ နှုတ်တက်ဆောင်သင့်ပါ။
- နှုတ်ဝယ်မှန်လှ၊ ရပြန်က၊ မုချကျိုးရှိရာ။

## သုရာနှင့် မေရယအထူး

နေ့ရက်မကြာ လက်တို့ဖြင့်နယ်၍ ပြုလုပ်အပ်သော သေသည် 'သုရာ'မည်၏။ နေ့ရက်ကြာမြင့်စွာ စိမ်အပ်ထုံအပ်သဖြင့် ထား၍ ပြုလုပ်အပ်သော အရက်သည် 'မေရယ'မည်၏။ ဤကားအထူး တည်း။

[ဆောင်ရန်]

● လက်ဖြင့် ဆုပ်နယ်၊ လုပ်ထားဖွယ်၊ ငါးသွယ်ခေါ် သုရာ။

◐ ကြာမြင့်ထုထား၊ ပြုလုပ်ငြား၊ မှတ်သားမေရယာ။

### သောဏ္ဍာ[လွန်ကျူးခြင်း]ငါးပါး

(၁) ဣတ္ထိသောဏ္ဍာ—မိန်းမလွန်ကျူးသောသူ၊

(၂) ဘတ္တ ။ ထမင်းစား ကြူးသောသူ၊

(၃) ပူဝ ။ မုန့်အစား၊ကြူးသောသူ၊

(၄) မူလက ။ အမြစ်အစား ကြူးသောသူ၊

(၅) ပါန ။ သေသောက် ကြူးသောသူတို့တည်း။

မှတ်ချက်- အဒါမဟုတ်သည်၌ သွားခြင်းစသော အပြစ်တို့ကို ဤကျမ်း သိင်္ဂါလသုတ် ပါဠိတော်တွင် စုံစုံလင်လင် ပြဆိုခဲ့ပြီးဖြစ်၍ ဤ၌ ကျမ်းလေးမည်စိုး၍ မပြဆို တော့ပေ။

## ဓဒ္ဓသမယာ၌ အခါနှစ်ပါး

(၁) နိစ္စသမယ - အမြဲမပြတ်သောအခါ၊

(၂) ကာလသမယ—သင့်တင့် လျောက်ပတ်သော အခါတို့တည်း။

## ဆည်း၊ကပ်ခြင်းသုံးမျိုး

အတတ်ပညာကို သင်ယူလိုသော တပည့်တို့သည် ဆရာ၏ အထံ၌ (ဝါ) အထံသို့ နံနက်အခါ, မွန်းထည့်အခါ, ညချမ်းအခါဟု ဆည်း၊ကပ်ခြင်းသုံးမျိုးကို ပြဆိုခဲ့လေသည်။

## ပဇာနှင့် အပရပဇာ အထူး

ပဇာဟူသည်—အဆွေခင်ပွန်းတို့၏ သား, သမီးတို့ ပင်တည်း။ အပရပဇာ-ဟူသည်—ထိုအဆွေ ခင်ပွန်းတို့မှ ပေါက်ဖွားလာသော သား, သမီး, မြေး, မြစ်တို့တည်း။

သိင်္ဂါလသုတ် အဌကထာ သရုပ်နှင့်အဓိပ္ပာယ်

ပြီးပါပြီ။

# အာဠာနာဋိယသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

မေး။ ။ အဘယ့်ကြောင့် အာဠာနာဋိယသုတ်ဟု ခေါ်ဆိုပါ သနည်း။

ဖြေ။ ။ အာဠာနာဋ အမည်ရှိသော မြို့၌ ဘုရားရှင်ဟောတော်မူသောသုတ် ဖြစ်ခြင်းကြောင့် အာဠာနာဋိယသုတ်ဟု ခေါ်ဆိုပါသည်။

ရှင်းလင်းပြပါဦးအံ့—ယောက်မ, ပါးပျဉ်းနှင့်တူသော နှုတ်သီးရှိကုန်သော ငှက်, အပေါင်းတို့သည် 'အာဠ'ဟု မည်ကုန်၏။

အာဠာတိ ဒဗ္ဗိဖဏကာမုခသကုဏာ ဝုစ္စန္တိ (အဋ္ဌကထာ) အာဠာနာဒန္တိ ဧတ္ထာတိ အာဠာနာဋံဟု ဝစနတ္ထပြု။

ဧတ္ထ–ဧတသ္မိံ နဂရေ၊ ထိုမြို့၌။ အာဠာ၊ ယောက်မပါးပျဉ်းနှင့်တူသော နှုတ်သီးရှိကုန်သော ငှက်တို့သည်။ နဒန္တိ-မြည်ဟည်း တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ယောက်မ, နှုတ်သီးပြင်နှင့်တူသောငှက်တို့၏မြည်ရာဖြစ်သောကြောင့်။ တံနဂရံ၊ ထိုမြို့သည်။ အာဠာနာဋံ၊ မည်၏။

တနည်း....အာဋ္ဌာနာဒေ ဧဒေသိတန္တိ အာဋ္ဌာနာဒိယံ ဟုပြုလေ။

ယံသုတ္တံ၊အကြောင်းသုတ်ကို။အာဋ္ဌာနာဒေ၊ယောက်မ,ပါးပျဉ်း နှင့်တူသော နှုတ်သီးရှိသောငှက်တို့၏ မြည်ရာဖြစ်သော မြို့၌။ ဒေသိတံ၊ ဟောတော်မူအပ်၏။ ဣတိတသ္မာ ထို့ကြောင့်။ တံသုတ္တံ၊ ထိုသုတ်သည်။ အာဋ္ဌာနာဒိယံ၊ အာဋ္ဌာနာဒိယမည်၏။

## အာဋ္ဌာနာဋိယသုတ်ကို ဆောင်ထားခြင်းအကျိုး

ပစ္စုပ္ပန်, သံသရာနှစ်ပြားသော အကျိုးစီးပွားကိုလည်း ပေး၏၊ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, လူဒါယကာ, လူဒါယိကာမတို့၏ အစောင့်အရှောက် အရံအတား သဖွယ် ဆင်းရဲခြင်းမရှိ ချမ်းသာစွာနေထိုင်ရခြင်း အကျိုးရှိ၏။

## ပရိတ်ရွတ်ဖတ်ရာ၌ မှတ်သားဖွယ်

ပရိတ် တရားတော်များကို ရွတ်ဖတ် သရဇ္ဈာယ်ရာတွင် ရွတ်ဖတ်သူပုဂ္ဂိုလ်၏ ပြည့်စုံရမည့် အင်္ဂါ(၃)ပါး၊ ပရိတ်တရားတော်ကို နာယူကြသောပုဂ္ဂိုလ်တို့ ပြည့်စုံရမည့် အင်္ဂါ(၃)ပါး အားဖြင့် အကျဉ်းမူလ အင်္ဂါခြောက်ပါးကို မှတ်သားသင့်ကြပေသည်။

## ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏ ပြည့်စုံရမည့်
## အင်္ဂါ (၃) ပါး

(၁) ပရိတ်ကြီး ပါဠိတော်၏ ပုဒ် ပါဌ် အက္ခရာတွေကို ကျန မှန်ကန်ပီသစွာ ရွတ်ဆိုနိုင်ခြင်း(ဝါ)ရွတ်ဆို နိုင်ရမည်၊

(၂) ပရိတ်ကြီးပါဠိတော်၏ အနက် အဓိပ္ပာယ်သဘာဝတွေကို သိကျွမ်းနားလည်ရမည်။

(၃) လာဘ် ပူဇော် သကာ ဝတ္ထု ပစ္စည်းကို မငဲ့ညှာပဲ မေတ္တာ ကရုဏာ ရှေ့သွားရှိသော စင်ကြယ်သောမေတ္တာ စိတ်ဖြင့် ရှေ့ရှု၍ ရွတ်ဆိုရခြင်းအားဖြင့် သုံးပါးတည်း။

မှတ်ချက်... လာဘ်ပူဇော်သက္ကာရကို မငဲ့ညှာခြင်း ကိုလည်း အင်္ဂါတပါး ခွဲခြားထည့်၍ အင်္ဂါလေးပါးရှိ၏ဟု လည်း ဆိုကြသေးသည်။

[ဆောင်ရန်]

- သဒ္ဒါလည်းစင်၊ အနက်ထင်၊ သက်ဝင်မေတ္တာထား။
- ရွတ်သူတို့မှာ၊ အင်သုံးဖြာ၊ မှတ်ပါကျမ်းစကား။
- လာဘ်မငဲ့ညှာ၊ ထည့်ရှင်ကာ၊ မှတ်ပါအင်လေးဖြာ။

## ပရိတ်ရွတ်ဖတ်ခြင်း၏ အကျိုး ရှိမရှိ

ပရိတ်ရွတ်ဖတ်သောပုဂ္ဂိုလ်သည်ကား ပရိတ်ကြီးပါဠိတော်ကိုလည်းကောင်း၊ ပါဠိတော်၏ အနက် အဓိပ္ပာယ်ကို လည်းကောင်း ဆရာများထံချဉ်းကပ်၍ ပုဒ် ပါဌ် အက္ခရာ မှန်ကန်ကျနစွာ ရွတ်ဆိုပုံ ရွတ်ဆိုနည်းများကို လေ့လာ သင်ယူပြီးမှသာ ပုဒ် အက္ခရာတွေ ချွတ်ယွင်းခြင်းမရှိဘဲ သဒ္ဒါ အနက် နှစ်ပါးကို ပြည့်စုံအောင် ရွတ်ဆိုမှသာလျှင် ပရိတ်ဘော်၏ တန်ခိုး အာနုဘော် ကြီးမြတ်၍ နာယူသောသူတို့အား ကိုယ်တွင်း ကိုယ်ပ နှစ်ဝသော ဘေးရန်အန္တရာယ် အသွယ်သွယ်တို့ ကင်းစင် လွင့်ပျောက် မရောက်သည်သာဖြစ်၍ မျက်မှောက် ပစ္စက္ခ မယွင်း ချမ်းသာခြင်းသို့ ရောက်နိုင်ခြင်းဆိုတဲ့ အကျိုးကို ပြီးစေနိုင်တယ်။

ရွတ်ဖတ် ဆိုသောအခါ ပုဒ်ပါဌ် အက္ခရာ ကျပျောက်ခြင်း၊ သဒ္ဒါအနက် မပြည့်စုံခြင်း၊ လာဘ်ပူဇော်သက္ကာရကိုငဲ့ကွက်၍ ရွတ်ဖတ်ကြပါမူ ပရိတ်တော်၏ တန်ခိုး အာနုဘော်မရှိ မိမိတို့အလိုရှိတဲ့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းခြင်း အကျိုးကိုလဲ့ မပြီးစီးစေနိုင်။

အမှန်အားဖြင့် ဆိုလျှင် သံသရာ ဝဋ်ဆင်းရဲမှ မြန်မကြာလွတ်ကင်းလိုတဲ့သဘောနှင့် သတ္တဝါတို့၏ ချမ်းသာရာချမ်းသာကြောင်းဖြစ်သော မေတ္တာ ကရုဏာတရား ရှေ့သွားပြု၍ စိတ်ကောင်းထားပြီး ရွတ်ဆို မှသာလျှင် လည်းကောင်း၊ လာဘ်

ပူဇော်သကာကို မငဲ့ကွက်ပဲ ပျှော်ဆိုသောပရိတ်တော်၏ တန်ခိုး အာနုဘော်သည် အလိုရှိအပ် တောင့်တအပ်သော အန္တရာယ် ဘေးဘျမ်း ဝေးလန်းကာ အေးချမ်းစွာ ချမ်းသာသုခကို မချွတ်စားရခြင်းအကျိုးကို ပြီးစေနိုင်၏။

ထို့ကြောင့် ပရိတ်ရွတ်ဖတ်ကြသော သူတော်စင် အပေါင်းတို့သည် လာဘ်ပူဇော်သက္ကာရကိုမငဲ့ကွက်ပဲ ဝဋ်မှလွတ်မြောက်ရာ၌ ရှေးရှုတည်၍ မေတ္တာရှေ့သွားရှိသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြင့် ပုဒ် အက္ခရာ သဒ္ဒါအနက်တို့ကို မှန်ကန်စွာ ရွတ်ဆိုကြကုန်ရာသတည်း။

### ပရိတ်တရားတော်ကို နာယူသောသူ၏ အင်္ဂါ သုံးပါး

(၁) ပဥ္စာနန္တရိယကံ ငါးပါးတည်းဟူသော ကမ္မန္တရာယ် မရှိခြင်း၊

(၂) နိယတမိစ္ဆာ ဒိဋ္ဌိဘည်းဟူသော ကိလေ သန္တရာယ်မရှိခြင်း၊

(၃) ပရိတ်တော်၏ ဂုဏ်တော် ကျေးဇူးတော်ကို အလွန် ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံရခြင်း အားဖြင့် သုံးပါးတို့တည်း။

[ မိလိန္ဒပဥှာ ပါဠိတော်လာတည်း။ ]

မှတ်ချက်—(တနည်း) တည်ကြည်ခြင်းသမာဓိ သင်္ကာစ ဂါရဝ
ရှေ့ထား၍ နာယူခြင်း အင်္ဂါတပါးကိုထည့်၍အင်္ဂါ
လေးပါးဟုလည်း ဆိုကြသေး၏။

[ဆောင်ရန်]

● အနန္တရိ၊ ကံပဋိ၊ မရှိတအင်္ဂါ။
● နိယတမိစ္ဆာဒိဋ္ဌိ၊ ကိလေထည့်၊ မရှိတအင်္ဂါ။
● သဒ္ဓါတရား၊ ပြည့်စုံငြား၊ မှတ်လားတအင်္ဂါ။
● ရိုဝသပြုက၊ ဂါရဝ၊ နာကြတအင်္ဂါ။
● အင်္ဂါလေးပါး၊ ပြည့်စုံငြား၊ နာကြား ဘေးကင်းကွာ။

ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏ ဝိပတ္တိနှစ်ပါး

(၁) ပယောဂဝိပတ္တိ-ပရိတ်ပါဠိတော်၏ အနက် အဓိပ္ပာယ်ကို
ကျနမှန်ကန်စွာ မသိမမြင်ခြင်း၊ ပုဒ်ပါဠိ
အက္ခရာကို ကျနမှန်ကန်စွာ မရွတ်ဆိုနိုင်
ခြင်းသည် ပယောဂဝိပတ္တိ မည်၏။

(၂) အဇ္ဈာသယဝိပတ္တိ-လာဘ် ပူဇော် သက္ကာရကို ငဲ့ကွက်၍
ပရိတ်တရားတော်ကို ရွတ်ဆိုခြင်းသည်
အဇ္ဈာသယဝိပတ္တိ မည်၏။

## ပရိတ်ရွတ်ဖတ်သောပုဂ္ဂိုလ်၏ သမ္ပတ္တိနှစ်ပါး

(၁) ပယောဂသမ္ပတ္တိ–ပရိတ်ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို ကျနမှန်ကန်စွာ သိခြင်း၊ ပုဒ်ပါဠိ အက္ခရာကို ကျနမှန်ကန်စွာ ရွတ်ဆို နိုင်ခြင်းသည် ပယောဂသမ္ပတ္တိမည်၏။

(၂) အဇ္ဈာသယသမ္ပတ္တိ–လာဘ် ပူဇော် သက္ကာရကို ငဲ့ကွက်ခြင်းမရှိပဲ ဝဋ်မှ လွတ်မြောက်ရာ၌ တည်၍ မေတ္တာ ကရုဏာ ရှေ့သွားပြု၍ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ထားဖြင့် ရွတ်ဆိုခြင်းသည် အဇ္ဈာသယသမ္ပတ္တိမည်၏။

အထူးမှတ်ချက်–ပရိတ်ရွတ်သောပုဂ္ဂိုလ်၌ ဝိပတ္တိနှစ်ပါးသမ္ပတ္တိနှစ်ပါး ရသာလို ပရိတ် နာယူသော ပုဂ္ဂိုလ်၌လည်း ဝိပတ္တိနှစ်ပါး သမ္ပတ္တိနှစ်ပါး ရသည်ဟု မှတ်သားပါလေ။

ဤကား ပါဌေယျအာဠဝကသုတ် ဋီကာသာ အဓိပ္ပာယ်တည်း။

[ဆောင်ရန်]

- သဒ္ဒါအနက်၊ ယိုယွင်းကွက်၊ ကျိုးပျက်ပယောဂ။
- စိတ်နေယွင်းကွက်၊ လာဘ်ကိုမက်၊ ကျိုးပျက် အာသယ။
- သဒ္ဒါနက်ပုံ၊ နှုတ်အာရုံ၊ ပြည့်စုံပယောဂ။
- လာဘ်မငဲ့တုံ၊ မေတ္တာထုံ၊ ပြည့်စုံအာသယ။
- ပရိတ်ရွတ်သူ၊ အင်္ဂါမူ၊ မှတ်ယူပဏ္ဍိတ။

အာဠဝကသုတ် အဋ္ဌကထာ သရုပ်နှင့်အဓိပ္ပာယ် ပြီးပါပြီ။

# သင်္ဂီတိသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

## အသညသတ်ဘုံ၌ အာဟာရ ရှိသင့် မရှိသင့်

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာဟု ပါဠိတော်ကိုထောက်၍ အသညသတ်ဘုံသားတို့၌ ကမ္ဘာ ငါးရာပတ်လုံး တည်တံ့ဖို့ရာ မိမိဘို့ရအပ်ပြီးသော ပဥ္စမဈာန်ဖြစ်သော ဈာနစေတနာသည် ပင်လျှင် အာဟာရဖြစ်၍ 'ပစ္စယာဟာရ'ကား ရှိသင့်ပါသည်။ ထို့ကြောင့် ပါဠိတော်၌—

သဗ္ဗေသတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ၊ အာဟာရအကြောင်းတရားကြောင့် တည်တံ့ရကုန်၏ဟု မိန့်တော်မူ၏။

မေး● 'အသညသတ္တာ ဒေဝါ အဟေတုကာ အနာဟာရာ အဖဿကာ'ဟု ဟောတော်မူသောကြောင့် အသညသတ်ဗြဟ္မာတို့မှာ အာဟာရကိုမပို့ဝဲဟု မှတ်ရမည် မဟုတ်ပါလော...သဗ္ဗေသတ္တာဟူသောစကား နှင့် မဆန့်ကျင်အောင် အကြောင်းပြဖြေဆိုပါ။

ဖြေ [illegible] ထိုအသညသတ်ဗြဟ္မာတို့အား ဈာန စေတနာဟူသော ပရိယာယ် အာဟာရက ဆောင်ယား လေသော ကြောင့် ပစ္စယာ ဟာရကို ရသည် ဖြစ်၍ မဆန့်ကျင်ပါ။

န ဝိရုဇ္ဈတိ တေသဉ္စ ဈာနံ အာဟာရော ဟောတိ။

(သင်္ဂီတိသုတ် အဋ္ဌကထာ)

မေး [illegible] ထိုသို့ဖြစ်ပါက 'စတ္တာရောမေ ဘိက္ခဝေ အာဟာရာ'ဟု ဟောတော်မူသော စကားတော်နှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော။

ဖြေ [illegible] ဤစကားတော်နှင့်ကား မဆန့်ကျင်ပါ။

အကြောင်းကား ထို 'စတ္တာရောမေ ဘိက္ခဝေ အာဟာရာ'ဟူသော ဒေသနာတော်မှာ နိပ္ပရိယာယ မုချ နည်းအားဖြင့် အာဟာရလက္ခဏာရှိသော တရားတို့ကို 'အာဟာရ'ဟု ဟောတော်မူပါသည်။

ဤ၌ကား—ပရိယာယ်အားဖြင့် 'အာဟာရ'ဟု ဟောတော်မူသောကြောင့်တည်း။

သာဓက-ဣဒမ္ပိ နဝိရုဇ္ဈတိ၊ တသ္မိဉ္ဟိ သုတ္တေ နိပ္ပရိယာယေန အာဟာရလက္ခဏာဓမ္မာ အာဟာရာတိ ဝုတ္တာ၊ ဣဓ ပန ပရိယာယေန အာဟာရာတိ ဝုတ္တာ။ (ရင်းအဋ္ဌကထာ)

မေး [illegible] ထိုသို့ဖြစ်ပါက ဈာန်ကို အဘယ့်ကြောင့် ပစ္စယာဟာရဟု ဆိုပါသနည်း။ ဈာနာဟာရဟု ရှိကောင်းသည် မဟုတ်ပါလော။

ဖြေ [illegible] ခပ်သိမ်းသော တရားတို့၏ ပစ္စည်းကို ရခြင်းငှာ ထိုက်သောကြောင့် ဈာနာဟာရဟုမဆိုပဲ 'ပစ္စယာဟာရ' ဟု ဆိုပါသည်။

သာဓက-သဗ္ဗမ္ဗမှာနဉ္စ ပစ္စယော လဒ္ဓုံ ဝဋ္ဋတိ၊

သော စ ယံယံဖလံ ဇနေတိ၊

တံတံ အာဟာရာဘိနာမ၊ တသ္မာ အာဟာရောတိ ဝုစ္စတိ။

မေး [illegible] အသညသတ်ဘုံ၌ ပစ္စယာဟာရ ရနိုင်သည်ကိုဆိုသော ပါဠိတိုက်ရိုက်ရှိပါသလော။

ဖြေ [illegible] အသညသတ်ဘုံ၌ 'ပစ္စယာဟာရ' ရနိုင် ကြောင်းကို 'တတ္ထ အသညိဘဝေ ပစ္စယာဟာရော လဗ္ဘတိ' ဟူသော ပါဠိဖြင့် တိုက်ရိုက်ပြဆို၏။

မေး [illegible] အသညသတ်ဘုံ၌ ဈာန်သည် ထင်ရှားရှိ၍ပင် 'ပစ္စယာဟာရ' မည်ပါသလော၊ .. သို့မဟုတ် အဘယ်ဈာန်သည် ပစ္စယာဟာရ မည်သည်ကို ထင်ရှားအောင် ဥပမာဆောင်၍ ဖော်ပြပါ။

ဖြေ● အသညသတ်ဘုံ၌ ဈာန်သည် ထင်ရှား မရှိပါ၊ လွန်ခဲ့သောဘဝက အကြင် ပဉ္စမဈာန်ကို ပွား၍ မယုတ်မလျော့သော ဈာန်ရှိသည်ဖြစ်၍ အသညသတ်၌ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား ထိုဈာန်သည်ပင် 'ပစ္စယာဟာရ'ဖြစ်တော့၏။

ဥပမာကား....လေးညှို့အဟုန်ဖြင့် ပစ်အပ်သောမြားသည် လေးညှို့အဟုန် မကုန်သေးသမျှ သွား၍ နေသကဲ့သို့ ထို့အတူပင် ဈာနပစ္စည်း၏ အရှိန်အဟုန်မကုန်သေးသမျှ ကာလပတ်လုံး ကမ္ဘာငါးရာဘိတိ အသညသတ်ဘုံ၌တည်နေလေ၏။

သာဓက-တတိယံဈာနံ ဘာဝေတွာ နိဗ္ဗတ္တာ (ပ) တာဝ တိဋ္ဌန္တိ၊

သတိပြု ဤ ပြဆိုခဲ့သော အဓိပ္ပာယ် အလုံးစုံသည် အင်္ဂုတ္တရ အဋ္ဌကထာ တတိယအုပ် ဒသနိပါတ် မဟာဝဂ်လာ အဓိပ္ပာယ်များနှင့် အသားတူပင်တည်း။

မေး● ငရဲသူငရဲသားတို့မှာ အဘယ်သို့သော အာဟာရ ဖြင့် တည်နေ (မျှဘနေ) ကြပါသနည်း။

ဖြေ● ငရဲသူ ငရဲသားတို့အား 'ကံ' ဟူသော အာဟာရဖြင့် တည်နေကြပါသည်။

မေး● ထိုသို့ ကံအာဟာရဟုဆိုပါက အာဟာရ ငါးပါး ရှိသည်ဟု ဆိုရပါမည်လော။

ဖြေ ● အာဟာရငါးပါးရှိ၏ဟု မဆိုရပါ။
အာဟာရ ငါးပါး ရှိသည်ဟူသော စကားကို မမေးသင့်၊ မဖြေဆိုသင့်ပါဟူလို။

သာဓက-ပဉ္စန္နံပဉ္စာတိ ဣဒံ နဝတ္ထုမ္ဘံ၊

မေး ● ပစ္စယာ ဟာရဟု ဆိုခဲ့သည်ဖြစ်၍ ဤ၌လည်း ပစ္စယာ-ဟာရပင် ဆိုရမည် မဟုတ်ပါလော။

ဖြေ ● ထိုငရဲဘုံ၌ အကြင်အကုသိုလ်ကံကြောင့် ငရဲဘုံ၌ ဖြစ်ကုန်၏၊ ထိုကံသည်သာလျှင် ငရဲသားတို့၏ တည်ခြင်း၏အကြောင်းဖြစ်သောကြောင့် ကံကို အာဟာရဟု ဆိုအပ်၏။

ဤအလို စေတနာဟာရကိုရည်၍ ဆိုသောကြောင့် အာဟာရ လေးပါးပင်ဟုမှတ်။

သာဓက-တသ္မိံ ယေန ကမ္မေန နိရယေ နိဗ္ဗတ္တန္တိ၊
တဒေဝ တေသံ ဌိတိပစ္စယတ္တာ အာဟာရော ဟောတိ၊

မေး ● ငရဲသားတို့မှာ ကဗဠီကာရ အာဟာရ
လုံးဝမရှိပြီလော။

ဖြေ ● ငရဲသားတို့မှာ ခံတွင်း၌ဖြစ်သော တံတွေးသည်လည်း ထိုငရဲသားတို့အား အာဟာရကိစ္စကို ပြီးစီးစေနိုင်၏။

သာဓက-မုခေ ဥပ္ပန္နခေဠောပိ ဟိ တေသံ အာဟာရကိစ္စံ
သာဓေတိ၊

မေး● အာဟာရ ၄ ပါးတို့ကို ဘုံပုဂ္ဂိုလ် အားဖြင့် ဝေဖန်ပြပါ။

ဖြေ● ကာမဘုံ၌-အာဟာရလေးပါးလုံးကို ရသည်။

အသညသတ်ကြဉ်သော ရူပဘုံ, အရူပဘုံတို့၌ နာမ်အာဟာရ သုံးပါးကိုသာ ရသည်။

အသညသတ်ဘုံ၌ ပစ္စယာ အာဟာရကို ရသည်။

ပုဂ္ဂိုလ်အားဖြင့် သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာဟု ဆိုသောကြောင့် အလုံးစုံသော ပုထုဇဉ် အရိယာတို့မှာ ရကြပါသည်။

သတိပြု–ဤပြဆိုခဲ့သော အဓိပ္ပာယ်များသည် ဤ အဋ္ဌကထာနှင့် အင်္ဂုတ္တရ အဋ္ဌကထာလာ အဓိပ္ပာယ်များ ဖြစ်ပေသည်။

အသက်မွေးမြူခြင်းနှစ်မျိုး

(၁) အကြင်သတ္တဝါတို့သည် ထက်ကြွလုံ့လ ရှိခြင်းဟု ဆိုအပ်သော ဝီရိယဖြင့် နေ့ကိုလွန်စေ၍ ထိုဝီရိယ၏ အကျိုးဆက်မျှဖြစ်သော တစုံတခုသော ဝတ္ထုကိုရ၍ အသက်မွေးမြူကြကုန်၏။ ထိုသတ္တဝါတို့သည် ဥဋ္ဌာန ဖလူပဇီဝိမည်ကုန်၏။

(၂) အကြင်သတ္တဝါတို့သည် မိမိ ကုသိုလ် ကောင်းမှု၏သာ လျှင် အကျိုးကိုအမှီပြု၍ အသက် မွေးမြူကြကုန်၏။ ထိုသတ္တဝါတို့သည် ပုညဖလူပ ဇီဝိ မည်ကုန်၏။

ငရဲသားတို့မှာကား၊ ထိုနှစ်မျိုးမရှိပဲ ကံသာလျှင် အာဟာရ ရှိကြကုန်၏ဟုမှတ်။

ဘဝဒိဋ္ဌိ ဝိဘဝဒိဋ္ဌိအထူး

အတ္တဘောသည်လည်းကောင်း၊ သတ္တလောကသည် လည်း ကောင်း တည်သောဘဝဘောရှိသော ဒိဋ္ဌိသည် ဝိဘဝဒိဋ္ဌိတည်း။ (ဤကား အထူး)

လောကပါလတရား နှစ်ပါးအထူး

ဟိရိသည် အဇ္ဈတ္တ သန္တာန်၌ဖြစ်သော အမျိုး စသည်လျှင် ဖြစ်ကြောင်းကို လည်းကောင်း၊ မကောင်းမှုမှ ရှက်တတ်သော သဘောရှိသောကြောင့် လည်းကောင်း အတ္တာဓိပတေယျခေါ် မိမိကိုယ်ဟူသော အကြီးအမှူးပြု၍ ဖြစ်၏။

ဩတ္တပ္ပ-သည် အပသန္တာန်၌ ဖြစ်သော တရားလျှင် အကြောင်းရှိ၏။ မကောင်းမှုမှ ကြောက်လန့် တတ်သော သဘောရှိသောကြောင့် လောကာဓိပတေယျ ခေါ်သောလောကကို အကြီးအမှူးပြု၍ ဖြစ်၏။

ဟိရိဖြစ်ကြောင်း တရားရှစ်ပါး

(၁) ဇာတိ—မိမိဇာတ်မြတ်သည်ကို ဆင်ခြင်ခြင်း၊

(၂) ဝယ–မိမိအရွယ်ကြီးသည်ကို ဆင်ခြင်ခြင်း၊

(၃) သုရဘာဝ–မိမိ ရဲရင့်သည်၏အဖြစ်ကို ဆင်ခြင်ခြင်း၊

(၄) ဗာဟုသစ္စ—မိမိအကြားအမြင် ရှိသည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊

(၅) ဇာတိမဟတ္တ—အမျိုးမြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊

(၆) သတ္ထုမဟတ္တ—ဘုရားရှင်မြတ်သည်၏အဖြစ်ကိုဆင်ခြင်ခြင်း၊

(၇) ဒါယဇ္ဇမဟတ္တ—အမွေခံ မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊

(၈) သဗြဟ္မစာရီမဟတ္တ–အဆွေ ခင်ပွန်း မြတ်သည်၏ အဖြစ်ကိုဆင်ခြင်ခြင်းအားဖြင့် ရှစ်ပါးတည်း။

(ဓဆောင်ရန်)

● ဇာတိ၊ ဝယ၊ သုရအစစ်၊ ဗာဟုသစ်ဘွင်၊ ချစ်အင်မြတ်နိုး၊ အမျိုးတရပ်၊ ဘုရားမြတ်မှန်၊ မွေခံတဉ်း၊ ကြည်နူးအဆွေ၊ ရှစ်ထွေဟိရိ၊ အကြောင်းရှိသည်၊ မိမိငြားငြား သတိထား။

ဩတပ္ပဖြစ်ကြောင်း တရားလေးပါး

(၁) အတ္တာနုဝါဒဘယ-မိမိ့ကိုယ်ကို မိမိစွပ်စွဲခြင်း ဘေး၊

(၂) ပရာနုဝါဒဘယ-သူတပါးကို စွပ်စွဲခြင်းဘေး၊

(၃) ဒဏ္ဍဘယ-မင်းဒဏ်, စိုးဒဏ် စသော ဆယ်ပါး သောဘေး၊

(၄) ဒုဂ္ဂတိဘယ-အပါယ်သို့ကျမည့် အရေးကို ကြောက်သောဘေးဟု လေးပါးတည်း။

အကောက်သုံးပါး အဝိပ္ပာယ်

[၁] နွားသေးကောက် သကဲ့သို့ ကောက်သောအဖြစ် ဟူသည်—အချို့သောရဟန်းသည် ပဌမအရွယ်၌ မသင့်တင့်သော(၂၁)ပါးသော ရှာမှီးခြင်းတို့၌ လည်းကောင်း၊ ဆဋ္ဌမ်း မခံစားကောင်းသော ဌာန (၆) ပါးတို့၌ လည်းကောင်း ကျက်စား၍ နေ၏။

မဇ္ဈိမ, ပစ္ဆိမ အရွယ်တို့၌ မကောင်းမှု ဒုစရိုက်ကို ပြုရမှာ ရှက်ကြောက်ခြင်း, သိက္ခာသုံးပါးကို အလိုရှိခြင်း သည်ဖြစ်၏။

ထိုရဟန်း၏ ကောက်ခြင်းသည် နွားသေးကောက်ကဲ့သို့ ကောက်သည်မည်၏။ (ဝါ) နွားသေးကောက်သကဲ့သို့ ကောက်သည့် အဖြစ်မည်၏။

[၂] လ,ရေးကောက်သကဲ့သို့ ကောက်သောအဖြစ် ဟူ သည် တယောက်သော ရဟန်းသည် ပထမအရွယ်၌ လည်းကောင်း၊ ပစ္ဆိမ အရွယ်၌လည်းကောင်း၊ စတုပါရိသုဒ္ဓိ သီလကို ဖြည့်ကျင့်၍နေ၏။ ရှက်ကြောက်ခြင်းရှိ၍ သိက္ခာသုံးပါးကို အလိုရှိသည်ဖြစ်၏။ မဇ္ဈိမအရွယ်၌ကား ပထမရဟန်းနှင့် တူ၏၊ ဤရဟန်းသည် လ, ရေးကောက်သကဲ့သို့ ကောက်သည့်အဖြစ်မည်၏။

[၃] ထွန်တုံးစွန်းကောက် သကဲ့သို့ ကောက်သော အဖြစ် ဟူသည်-အချို့သောရဟန်းသည် ပထမအရွယ်၌လည်းကောင်း၊ မဇ္ဈိမ အရွယ်၌ လည်းကောင်း စတုပါရိသုဒ္ဓိ သီလကို ဖြည့်ကျင့်နေ၏။ ရှက်ကြောက်သည် ဖြစ်၍ သိက္ခာသုံးပါးကို အလိုရှိသည်ဖြစ်၏။ ပစ္ဆိမအရွယ်၌ကား ပထမရဟန်းနှင့်တူ၏။ ဤရဟန်းသည် ထွန်တုံးစွန်း ကောက်သကဲ့သို့ ကောက်သောအဖြစ် မည်၏။

[စဆောင်ရန်]

- ပြုပြီးလျက်ကို၊ မပြုဆို၊ နောက်ကိုသုတ်သည်သာ။
- နွားသေးအလား၊ တူတုံငြား၊ မပြားထိုသူမှာ။
- မကောင်းမှုမှု၊ ငါကြောက်လှ၊ ဆိုထပြုပြီးကာ။
- လ, ရေးအတူ၊ ကောက်သောသူ၊ အမူမပျောက်ပါ။
- ပါပအမူ၊ မကြောက်သူ၊ ဘယ်သူရှိပေရာ။
- ကောဋ္ဌိစက်၊ နင်္ဂလ၊ ကောက်ကပုံပမာ။

[ သုံး၊ ပုံ၊ တံ ချူကျမ်း ]

မှတ်ချက် .. ဤအကောက်သုံးမျိုး အစီပွားယ်များကို အကျယ် သိရှိလိုပါက အဋ္ဌသာလိနီ၊ ဓမ္မပါဒ အဋ္ဌကထာကျမ်း တို့မှာ ကြည့်ရှုကြလေ။

အင္ဂဝခေါ်ဆိုပုံ—အလို နည်းသည်၏ အဖြစ်, နွားသေး ကောက်ကဲ့သို့ ကောက်ခြင်းမရှိ၊ လ, ရေးကောက် သကဲ့သို့ ကောက်ခြင်းမရှိ၊ ထွန်ကိုင်းကောက် သကဲ့သို့ ကောက်ခြင်းမရှိ၊ ကောက်ကျစ် စဉ်းလဲခြင်းမရှိသောအဖြစ်ကို'အင္ဂဝ'ဟုခေါ်၏။

လင္ဂဝခေါ်ဆိုပုံ—ရှက်အပ် ရှက်သင့်သော ကာယဒုစရိုက် စသည်ကို ရှက်ဘတ်၏၊ မကောင်းသော အကုသိုလ်တရားတို့ သို့ ကောင်းစွာရောက်ရမည်ကိုလည်း ရှက်၏၊ ဤတရားမျိုးကို 'လင္ဂဝ'ဟု ခေါ်၏။

ပဋိသန္ထာရ နှစ်ပါး

(၁) ပစ္စည်းအာမိသဖြင့် ထောက်ပံ့ ချီးမြှောက်ခြင်းမျိုး သည်'အာမိသ ပဋိသန္ထာရ'မည်၏။

(၂) ပါဠိတော်,အဋ္ဌကထာကို သင်ပေးခြင်း၊ ပါဠိကို ဖွင့်ဆို ခြင်း၊ တရားစကားကို ဟောကြားခြင်း၊ ဤသို့ စာ ပေဖြင့် ချီးမြှောက်ခြင်း မျိုးသည် 'ဓမ္မပဋိသန္ထာရ' မည်၏။

ဗလနှစ်ပါး–ဟူသည် ပဋိသင်္ခါနဗလ– ဆင်ခြင်ခြင်းအား၊ ဘာဝနဗလ–(ပွားများခြင်းအား)ဟု နှစ်ပါးရှိ၏။

ဝိပ္ပတ္တိနှစ်ပါး–ဟူသည် သီလဝိပ္ပတ္တိ(ကိုယ်၌ဖြစ်သော လွန်ကျူးခြင်းစသော သီလမရှိသောသူ၏ အဖြစ်တည်း။)

ဒိဋ္ဌိဝိပ္ပတ္တိ (အလှူ၏ အကျိုးသည်မရှိ၊ ယဇ်ပူဇော်ခြင်း၏ အကျိုးသည်မရှိဟုသမ္မာဒိဋ္ဌိကိုဖျက်ဆီးတတ်သောမိစ္ဆာဒိဋ္ဌိတည်း၊) ဟုနှစ်ပါးရှိ၏။

မှတ်ချက်–သီလသမ္ပဒါ၊ ဒိဋ္ဌိသမ္ပဒါ နှစ်ပါးကိုလည်း ပြဆိုခဲ့သော ဝိပ္ပတ္တိနှစ်ပါးကို ပြန်သောအားဖြင့် အဓိပ္ပာယ်သိပါလေ။

ဝိသုဒ္ဓိနှစ်ပါး–ဟူသည် သီလဝိသုဒ္ဓိ (ကိုယ်နှုတ်နှစ်ပါး တို့ဖြင့် မလွန်ကျူးခြင်းတည်း၊ (ဝါ) စင်ကြယ်ရာဖြစ်သော နိဗ္ဗာန်သို့ရောက်ခြင်းငှာ စွမ်းနိုင်သော သီလတည်း။

ဒိဋ္ဌိဝိသုဒ္ဓိ (ကမ္မဿကတာစသော ဉာဏ်တည်း။)

အထူးမှတ်သားဖွယ်– ဤကမ္မဿကတာ စသောဉာဏ်၌ မကောင်းသော ဒုစရိုက်သုံးပါး အကျင့်သည် မိမိပြုသော်လည်းကောင်း၊ သူတပါးပြုသော်လည်းကောင်း မိမိ၏ ဥစ္စာဖြစ်သော ကံမမည်။

**အကြောင်းကား—ပစ္စုပ္ပန်သံသရာ နှစ်ပြားသောအကျိုးကို ဖျက်ဆီးတတ်သောကြောင့်တည်း။**

သုစရိုက်တရား သုံးပါးကို ကျင့်သောကာသည် မိမိ၏ဥစ္စာ ဖြစ်သောကာမည်၏။ အကြောင်းကား—ပစ္စုပ္ပန် သံသရာ နှစ်ပြား အကျိုးကို ဖြစ်ထွန်းစေသောကြောင့်တည်း။

ဝိမုတ္တိနှစ်ပါး— ဟူသည် သမာပတ် ရှစ်ပါးတို့သည် နီဝရဏစသည်တို့မှ ကောင်းစွာ လွတ်မြောက် တတ်သောကြောင့် အဓိမုတ္တိမည်၏။

နိဗ္ဗာန်သည် အလုံးစုံသော အခံတတရားတို့မှ လွတ်မြောက် တတ်သောကြောင့် ဝိမုတ္တိ မည်၏၊ ဤသို့နှစ်ပါးရှိ၏။

ဝိတက်သုံးပါး.... ကာမဝိတက်, ဗျာပါဒဝိတက်တို့သည် သတ္တဝါတို့၌ လည်းကောင်း၊ သင်္ခါရတို့၌ လည်းကောင်း ဖြစ်ကုန်၏။

ကာမဝိတက်-သည် ချစ်ခင်မြတ်နိုး အပ်သော သတ္တဝါ သင်္ခါရ၌ ဖြစ်၏။

ဗျာပါဒဝိတက်—သည် မချစ်ခင် မမြတ်နိုးအပ်သော သင်္ခါရ၌ အမျက်ဒေါသထွက်၍ ကြည့်သောကာလမှစ၍ ပျက်စီးသည့်တိုင်အောင် ဖြစ်၏။

ဝိဟိံသဝိတက်—သည် သင်္ခါရတို့၌မဖြစ်၊ ဤသတ္တဝါတို့သည် အသတ်ခံကြရပါစေသတည်း၊ လက်ခြေ စသည်တို့ကို အဖြတ်

သီရပါဠိစကုန်သတည်းဟု ကြံစည်သည့်အခါ သတ္တဝါတို့၌ ဖြစ်၏။

နေက္ခမ္မဝိတက်—သည် လောကမှ ထွက်မြောက်သည့် အလောဘ၊ နီဝရဏမှ ထွက်မြောက်သည့် ပဌမစျာန်၊ အလုံးစုံသော အကုသိုလ်မှ ထွက်မြောက်သည့် ကုသိုလ်ဟူသမျှ၊ သင်္ခါရတရားတို့မှ ထွက်မြောက်သော နိဗ္ဗာန်နှင့်စပ်သော ဝိတက်သည် နေက္ခမ္မ ဝိတက်တည်း။

ထိုနေက္ခမ္မ ဝိတက်သည် ဘုံအားဖြင့် အသုဘစျာန်၏ ရှေ့အဖို့တို့၏ ကာမာဝစရ ဖြစ်၏။

အသုဘကို အာရုံပြု၍ဖြစ်သော ရူပါဝစရ ပဌမစျာန်၌ ရူပါဝစရ ဖြစ်၏။

ထိုပဌမစျာန် အခြေပါဒပြု၍ဖြစ်သော ကာလ၌ လောကုတ္တရာ ဖြစ်၏။

သက်ပွသုံးပါးကား— ဝိတက်သုံးပါးနှင့် သဒ္ဒါမျှသာထူး၏၊ အနက်အဓိပ္ပာယ် အထူးမရှိ၊ ဒေအနာမတ္တမျှသာတည်း။

ကထာ[စကား] နှစ်မျိုး— သဗ္ဗသင်္ဂဟိကကထာ၊ အလုံးစုံသော အကုသိုလ်ကို ယူတတ်သောစကား၊ အသမ္ဘိန္နကထာ၊ သုံးပါးသော ခေတ်တို့၏ မရောနှောသော စကားဟု နှစ်မျိုးရှိ၏။

ခွဲဦးအံ့....ကာမဓာတ်ကို ယူလိုက်ပါက ကျန်နေသော ဗျာပါဒ ဓာတ်, ဝိဟိံသဓာတ်တို့ကို ယူရာရောက်၏။

ကာမဓာတ်ကို ဟောသည့်ရှိသော် မြတ်စွာဘုရားသည်ဗျာပါဒဓာတ်ကို ဗျာပါဒဓာတ်အရာ၌၊ ဝိဟိံသဓာတ်ကို တဖန်ဗျာပါဒဓာတ်၊ ဝိဟိံလဓာက်မှကြွင်းသောကာမအားပေါင်းသည် ကာမဓာတ်မည်၏ဟု ဆိုသော စကားသည် အသမ္ဘိန္နကထာမည်၏။

## သက္ကာယဒိဋ္ဌိ (၂၀) သရုပ်

ရူပက္ခန္ဓာ၌ စွဲပုံလေးမျိုး— ရုပ်ကောင်ကြီးဟာ ငါပဲ့,ငါ့မှာ ရုပ်ကောင်ကြီး ရှိသည်၊ ငါ၌ ရုပ်ကောင်ကြီး တည်သည်၊ ရုပ်ကောင်ကြီး၌ ငါတည်သည်ဟု လေးပါးတည်း။

ဝေဒနက္ခန္ဓာ၌ စွဲပုံလေးပါး–ထိုတိုအာရုံကို ငါခံစားသည်၊ ငါ့မှာ ခံစားမှုရှိသည်၊ ငါ၌ခံစားမှုတည်သည်၊ ခံစားမှု၌ ငါတည်သည်။

သညာက္ခန္ဓာ၌ စွဲပုံလေးပါး–ထိုထို အာရုံကို ငါမှတ်မိသည်၊ ငါ့မှာ မှတ်သားမှုရှိသည်၊ ငါ၌ မှတ်သားမှုတည်သည်၊ မှတ်သားမှု၌ ငါတည်သည်။

သင်္ခါရက္ခန္ဓာ၌ စွဲပုံလေးပါး- ထိုထိုအာရုံကို ငါစေ့ဆော်မှု လုံ့လပြုသည်၊ ငါ့မှာ ကြောင့်ကြမှု လုံ့လရှိသည်၊ ငါ၌ ကြောင့်ကြမှုလုံ့လ တည်သည်၊ ကြောင့်ကြမှု လုံ့လ၌ ငါတည်သည်။

ဝိညာဏက္ခန္ဓာ၌ စွဲပုံလေးပါး–ထိုထိုအာရုံကို ငါသိသည်၊ ငါ့မှာသိမှုရှိသည်၊ ငါ၌သိမှုတည်သည်၊ သိမှု၌ ငါတည်သည်ဟု ခန္ဓာတပါး၌ လေးပါးစီရှိသောကြောင့် သက္ကာယဒိဋ္ဌိနှစ်ဆယ် ဖြစ်သတည်း။

ယုံမှားခြင်း ရှစ်ပါးသရုပ်

(၁) ဘုရားရှင်၌ယုံမှားခြင်း
(၂) တရားတော်၌ ။
(၃) သံဃာတော်၌ ။
(၄) သိက္ခာ၌ ။
(၅) ရှေ့အစွန်း၌ ယုံမှားခြင်း၊
(၆) နောက်အစွန်း၌ ။
(၇) ရှေ့နောက်နှစ်ပါး၌ ။
(၈) ပဋိစ္စသမုပ္ပါဒ်၌ ။

အာသဝေါ တရားစုသရုပ်

အချို့သုတ် ပါဠိတော်၌–အာသဝတို့သည် ဒိဋ္ဌာဝမဲ့ကာသဝ၊ သမ္ပရာယိကာသဝအားဖြင့် နှစ်ပါးရှိ၏။

တနည်း....ကာမာသဝ, ဘဝါသဝ, အဝိဇ္ဇာသဝဟု သုံးပါး ရှိ၏။ အဘိဓမ္မာ၌ကား–ထိုသုံးပါးတွင် ဒိဋ္ဌာသဝ ထည့် လေးပါးရှိ၏။

နိဗ္ဗေဓိကသုတ်၌ အာသဝ ငါးပါးကား–

(၁) ငရဲဘုံသို့ ရောက်စေတတ်သော အာသဝ၊
(၂) တိရစ္ဆာန်ဘုံသို့ .... .... ။

(၃) ပြိတ္တာဘုံသို့ .... .... ။
(၄) လူ့ဘုံသို့ .... .... ။
(၅) နတ်ဘုံသို့ .... .... ။

ဆက္ကနိပါတ် အာဟုနေယျသုတ်၌—

(၁) သံဝရာပဟာတဗ္ဗာသဝ (၄) ဘာဝနာပဟာတဗ္ဗာသဝ
(၂) ပဋိသေဝနာ ။ (၅) အဓိဝါသနာ ။
(၃) ပရိဝဇ္ဇနာ ။ (၆) ဝိနောဒနာ ။

ဤခြောက်ပါးတို့တွင် ဒဿနာပဟာတဗ္ဗာသဝကို ထည့်က သဗ္ဗာသဝသုတ်၌ အာသဝတရား ခုနစ်ပါးလာ ရှိ၏။

## သံဝရတရား ငါးပါးသရုပ်

(၁) သီလသံဝရ—ပါတိမောက္ခ သံဝရသီလတည်း၊
(၂) သတိသံဝရ—ဣန္ဒြိယ သံဝရသီလတည်း၊
(၃) ဉာဏသံဝရ—တဏှာစသော ကိလေသာကို ဆို့ပိတ်အပ်သောပညာ(ဝါ) ပစ္စည်းလေးပါးကို ဆင်ခြင်သောပညာတည်း။
(၄) ခန္တီသံဝရ—အဓိဝါသနခန္တီတည်း၊
(၅) ဝီရိယသံဝရ—အာဇီဝပါရိသုဒ္ဓိသီလတည်း။

[ဆောင်ရန်]

❁ သိ၊ သ၊ ဉာ၊ ခန်၊ ဝိရိယံ၊ ငါးတန်သံဝရ။

မာန်တက်ခြင်း(၃)ပါး (၉)ပါး

(၁) သေယျမာန်—ငါသာလျှင် မြတ်၏ဟု မာန် တက်ခြင်း၊

(၂) သဒိသမာန်—သင်တို့နှင့်ငါ ဘာထူးသလဲ အတူတူပင်ဟု မာန်တက်ခြင်း၊

(၃) ဟီနမာန်—ငါသည် သူတို့အောက် ကျနေ တော့ကော ဘာအရေးစိုက်ရမှာလဲ ကိုယ့်ရှိမှုကိုယ်စားရတာဟု မာန် တက်ခြင်းအားဖြင့် သုံးပါးတည်း။

မာန်ကိုးပါး ရေတွက်ပုံ

(၁) လောက၌ သေယျပုဂ္ဂိုလ်—အမြတ်စား တမျိုး၊

(၂) သဒိသပုဂ္ဂိုလ် — သူများနှင့်တန်းတူ အလတ်စားတမျိုး၊

(၃) ဟီနပုဂ္ဂိုလ်— သူများအောက်ကျသော ပုဂ္ဂိုလ်ဟု သုံးမျိုး ရှိ၏။

ထိုသုံးမျိုးတို့တွင်—

(၁) သေယျပုဂ္ဂိုလ်၏ သေယျမာန်မူခြင်း၊

(၂) သဒိသပုဂ္ဂိုလ်၏ သဒိသမာန်မူခြင်း၊

(၃) ဟီနပုဂ္ဂိုလ်၏ ဟီန မာန်မူခြင်းအားဖြင့် ယထာဝမာန (ဟုတ်မှန်သည့်အတိုင်း မာန်မူခြင်း) သုံးပါးပြား၏။ ထိုမာန်သုံးပါးကို အရဟတ္တမဂ်ဖြင့် ပယ်၏ဟုမှတ်။

(၁) သေယျပုဂ္ဂိုလ်၏ သဒိသမာန်မူခြင်း၊

(၂) ဟီနမာန်မူခြင်းအားဖြင့် နှစ်ပါး၊

(၁) သဒိသပုဂ္ဂိုလ်၏ သေယျမာန်မူခြင်း၊

(၂) ဟီနမာန်မူခြင်းအားဖြင့် နှစ်ပါး။

(၁) ဟီနပုဂ္ဂိုလ်၏ သေယျမာန်မူခြင်း၊

(၂) သဒိသမာန်မူခြင်းအားဖြင့်နှစ်ပါး။ ဤခြောက်ပါးသော မာန်မူခြင်းသည် အယထာဝမာန (မဟုတ် မမှန်သော မာန်မူခြင်း)မည်၏၊ ဤအယထာဝမာန်ကို သောတာပတ္တိမဂ်ဖြင့် ပယ်၏ဟုမှတ်။

## အင်္ဂါရသန္ဓ ဗုဒ္ဓဝမ္ပာန်ဦ

(ဘုရားရှင်၏ ဂုဏ်တော် တဆယ့်ရှစ်ပါး)

(၁) ဘုရားရှင်အား ကာယဒုစရိုက် မရှိခြင်းဂုဏ်၊

(၂) " စစီဒုစရိုက် မရှိခြင်းဂုဏ်၊

(၃) " မနောဒုစရိုက် မရှိခြင်းဂုဏ်။

(၄) အတိတ်ဘဝ၌ မြတ်စွာဘုရားအား အပိတ်အပင် အဆီးအတားမရှိသောဉာဏ်၊

(၅) အနာဂတ်ဘဝ၌ မြတ်စွာဘုရားအား (ပ)ဉာဏ်၊

(၆) ပစ္စုပ္ပန်ဘဝ၌ မြတ်စွာဘုရားအား (ပ)ဉာဏ်၊

(၇) မြတ်စွာဘုရား၏ အလုံးစုံသော ကာယကံသည် ဉာဏ်သို့ အစဉ်လိုက်ခြင်း၊

(၈) အလုံးစုံသော ဝစီကံ၏ (ပ) လိုက်ခြင်း၊

(၉) အလုံးစုံသော မနောကံ၏ (ပ)လိုက်ခြင်း၊

(၁၀) သတ္တဝါတို့၌ အစီးအပွားကို အလိုရှိသောဆန္ဒ၏ ဆုတ်ယုတ်ခြင်းမရှိ၊

(၁၁) ဘေးကင်းခြင်း၊စိတ်ငြိမ်ခြင်းကိုကြံစည်သောဝိတက်သို့ အစဉ်လိုက်သော ဝီရိယ၏ ဆုတ်ယုတ်ခြင်း မရှိ၊

(၁၂) သတိ၏ ဆုတ်ယုတ်ခြင်းမရှိ၊

(၁၃) ရယ်မြူးသဖြင့် ပြုခြင်း မရှိ၊

(၁၄) အဆောတလျင် ပြုခြင်းမရှိ၊

(၁၅) ချွတ်ချော်ခြင်း (ပ) ဉာဏ်မနှံ့ခြင်းမရှိ၊

(၁၆) တုန်လှုပ်ခြင်း မရှိ၊

(၁၇) အကျိုးမရှိသော စိတ်မရှိ၊

(၁၈) အကုသိုလ်စိတ်မရှိ။

(ဤကား ဒီဃနိကာယ်ဆောင် ပုဂ္ဂိုလ်တို့၏ အလိုတည်း။)

## ဋီကာဆရာ၏ အလိုအားဖြင့်

(၁) အတိတ်အဖို့၌ မြတ်စွာဘုရား၏ အပိတ်အပင်အဆီး အတား မရှိသောဉာဏ်၊

(၂) အနာဂတ်အဖို့၌ မြတ်စွာဘုရား၏ (ပ)ဉာဏ်၊

(၃) ပစ္စုပ္ပန်အဖို့၌ မြတ်စွာဘုရား၏ (ပ) ဉာဏ်၊

(၄) မြတ်စွာဘုရား၏ ဉာဏ်ဘော်သို့ အစဉ်လိုက်ခြင်းဂုဏ်၊

(၅) အလုံးစုံသော ဝစီကံ၏ (ပ)လိုက်ခြင်းဂုဏ်၊

(၆) အလုံးစုံသောမနောကံ၏ (ပ) လိုက်ခြင်းဂုဏ်၊

(၇) မြတ်စွာဘုရား၏သတ္တဝါတို့၌ အစီးအပွားကို အလိုရှိ သောဆန္ဒ၏ မဆုတ်ယုတ်ခြင်းဂုဏ်၊

(၈) တရားဟောခြင်း၏ မဆုတ်ယုတ်ခြင်းဂုဏ်၊

(၉) ဝီရိယ၏ မဆုတ်ယုတ်ခြင်းဂုဏ်၊

(၁၀) သမာဓိ၏ မဆုတ်ယုတ်ခြင်းဂုဏ်၊

(၁၁) ပညာ၏ မဆုတ်ယုတ်ခြင်းဂုဏ်၊

(၁၂) အရဟတ္တဖိုလ်၏ မဆုတ်ယုတ်ခြင်းဂုဏ်၊

(၁၃) ရယ်မြူးသဖြင့် ပြုခြင်း၏ မရှိခြင်းဂုဏ်၊

(၁၄) တပါးသောအမှုကို ပြုလိုလျက် တပါးသောအမှုကို ပြုမိခြင်း၏ မရှိခြင်းဂုဏ်၊

(၁၅) ဉာဏ်တော်၏ မနှံ့ခြင်း၏မရှိခြင်းဂုဏ်၊

(၁၆) အဆောတလျင်ပြုခြင်း၏ မရှိခြင်းဂုဏ်၊

(၁၇) အကျိုးမဲ့ပွားမရှိသောစိတ်၏ မရှိခြင်းဂုဏ်၊

(၁၈) မဆင်ခြင်ခြင်း မသိခြင်း ဟူသော အညာဏဟုပေကွာ၏ မရှိခြင်းဂုဏ် အားဖြင့် အဋ္ဌာရသဗုဒ္ဓဓမ္မ၏ သရုပ်ကို ဋီကာဆရာ ပြဆိုတော်မူ၏။

## မီးသုံးပါး တယ့်တပါးသရုပ်

မီးသည်....ရာဂမီး, ဒေါသမီး, မောဟမီး ဟု သုံးပါးရှိ၏၊ (ရာဂဂ္ဂိ, ဒေါသဂ္ဂိ, မောဟဂ္ဂိ, ဒွိုးပါးဟူလို)

အဘယ့်ကြောင့် ရာဂ ဒေါသ မောဟတို့ကို မီးဟု ခေါ်ဆိုသနည်း....ဟူမူ—

သတ္တဝါတို့ကို ပူလောင်တတ်သော အနက်သဘောကြောင့် မီးဟုခေါ်ဆို၏။

ရာဂ(လောဘ) ဒေါသ, မောဟတွေ ကမ္ဘာမှာ ဖြစ်ပေါ်လာသော် သတ္တဝါတို့ကို လောင်ကျွမ်းတတ်သောကြောင့် မီးဟုခေါ်၏။

## ရာဂမီးလောင်သော ဘိက္ခုနီမလေးဝတ္ထု

နုပျိုငယ်လျ ရဟန်းမလေး တယောက်သည် စိတ္တလတောင်မည်သောကျောင်း၌ ဥပုသ်ဆောင်ဝင်တဲ့အခါ လှပဖော့တယ် ရှုချင်စဖွယ် မြင်သူတို့ရဲ့ စိတ်နှလုံးကို ရှင်ပြုံးလောက်အောင် ချောမွေ့တဲ့ တံခါးစောင့်အရုပ်ကို ကြည့်ပြီး ရပ်နေသတဲ့။ ထိုအခါ သာယာခင်တွယ် မယ်ဘိက္ခုနီမလေး၏ အတွင်း ကာမ ဝိတတ်လျှပ် အကြောင်းရင်းရှိတဲ့ အချစ်မီးပွား ရာဂတရားတွေ ဖြစ်ပွားလာလေ၏။

ထိုဘိက္ခုနိမလေးသည် ၎င်းရာဂမီးဖြင့်သာ တငွေ့ငွေ့ကြီး ပွားလာပြီး နှလုံးအသည်းကို တခါတည်းလောင်ကျွမ်းစေပြီး မတ်တတ်ရပ်လျက်သေရှာရသတဲ့။

ထိုအခါ....အခြား ဘိက္ခုနီမတွေက မြင်တော့ ဟဲ့-ရှင်မ၊ ဘာ့ကြောင့် သင်ရပ်နေရသလဲလို့ ခေါ်လိုက်တဲ့အခါ ဘိက္ခုနီမ တယောက်က ဝင်ရောက်ပြီး လက်ကို ဆွဲကိုင်လိုက်သော် နောက် ပြန်လဲသွားလေ၏။

(ဤကား ရာဂမီး လောင်သောဝတ္ထုပေတည်း။)

ဒေါသမီးလောင်ရာ၌ ဝတ္ထုကား

မနောပဒေါသိက နတ်တို့ကို မှတ်သားရာ၏။

မောဟမီးလောင်ရာ၌ ဝတ္ထုကား

ခိဍ္ဍာပဒေါသိက နတ်တို့ကို မှတ်သားရာ၏။

(၎င်းဝတ္ထုတို့ကို သီလက္ခန်အဋ္ဌကထာမှာ အကျယ်ရှုလေ၊)

တနည်း–မီးသုံးပါး

(၁) အာဟုနေယျဂ္ဂိ–ဟူသည် အမိအဘတို့ကို ဆိုလိုသည်၊ ထိုအမိအဘတို့သည် သားသမီးတို့အား များသော ကျေးဇူးရှိသောကြောင့် ထိုသားသမီးတို့၏ အပူဇော်ခံရခြင်းငှာ ထိုက်ကုန်၏၊ ထိုအမိအဘတို့၌ ဆဲရေးတိုင်းထွာခြင်းစသည်ဖြင့် အမိုက်စော်ကားပြီး ကျင့်သောသားသမီးတို့သည် ငရဲ၌ဖြစ်ကြရလေသည်။

ထိုမိဘတို့သည် စင်စစ် လောင်တတ်သော မီးမဟုတ်ကုန်၊ ပူလောင်ခြင်း၏အကြောင်းရင်းဖြစ်၍ အာဟုနေယျဂ္ဂိဟုဆိုသည်။

(၂) ဂဟပတဂ္ဂိ–ဟူသည် အိမ်ရှင်လင်ယောကျ်ားကို ဂဟပတိဟု ဆိုလိုသည်။ အိမ်ရှင်လင်ယောကျ်ားက မိမိ၏ ချစ်မယား၊ ကလေးကို ချစ်လွန်းလို့ ဆိုပြီး နိုင်လွန်ဝေဖာစသည့် ပစ္စည်းစသည်တွေကို ဆင်မြန်းပေးသဖြင့် ကျေးဇူးများလှ၏။ ထိုကျေးဇူးများတဲ့ ချစ်လင်ယောကျ်ားကို မွှောက်မှားကာ မရှိမသေပြုမိသော မိန်းမမှားသည် ငရဲကချမ်းသာပေးမည်မဟုတ်၊ ငရဲခံရသည်သာတည်း။

ထို့ကြောင့် အိမ်ရှင်လင်ယောကျ်ားကို ပူလောင်စေတတ်သောကြောင့် ဂဟပတဂ္ဂိဟု ဆိုသည်။

(၃) ဒက္ခိဏေယျဂ္ဂိ–ဟူသည် အလှူခံ ရဟန်းသံဃာတော်များကို ဆိုလိုသည်၊ ရဟန်းသံဃာတော်များသည် တရားရေအေးဖြင့် ဆွတ်ဖျန်းကာ ချမ်းသာမှုကို ပြုသူများ ဖြစ်သည့်အတွက် မထီမဲ့မြင်ပြုမိ၍ ရဟန်းသံဃာတော်များက သူတော်ကောင်းစိတ်ထားနှင့် တရားအားလျော်စွာ သည်းခံသော်လည်း ငရဲက မခံပဲ ငရဲကျ၍ ခံရသည်သာတည်း။

ထို့ကြောင့် ရဟန်းသံဃာတော်များကို ဒက္ခိဏေယျဂ္ဂိဟု ဆိုသည်။

ဤသို့—ရွှေလောဘ, ဒေါသ, မောဟ မီးသုံးပါးတို့ကို တပြည်းပြည်းငြိမ်းအောင်ပယ်သတ်ရန် ကြိုးစားကြ၍ နောက်မီးများကို မလောင်ကျွမ်းစေရအောင် ကြိုးပွားသမှုကို သတိပြု၍ မေ့လျှော့ ပစ္စုပ္ပန်သံသရာ နှစ်ပြသော အကျိုးထူးကို မုချ မသွေ ခံစားရပေမည် တကား။

ရွှေ—လောဘ, ဒေါသ, မောဟမီး, သုံးပါး၌ ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ရင်းရှစ်ပါးကို ထည့်သော် မီးတဆယ့်တပါးဖြစ်၏ဟု မှတ်လေ။

ထို့ကြောင့်— သီလဝန္တ၊ ရဟန်းစသား၊ မိဘ အိမ်ရှင်၊ မိမိလင်ဟု၊ လူတွင်ညီးညီး၊ မီးသုံးမီး ဟု ပါဠိမိခန်း၌ ဆို၏။

သင်္ဂဟ(ရေတွက်ခြင်း)လေးမျိုး

(၁) သဇာတိသင်္ဂဟ—ဟူသည် မင်းမျိုးဇာတ်တူ အားဖြင့် ပေါင်း၍ ရေတွက်ခြင်းမျိုး မည်၏။

(၂) သဥ္စာတိသင်္ဂဟ—ဟူသည် အလုံးစုံသော ကောသလ တိုင်းသားတို့ကို ဖြစ်ရာ အားဖြင့် အတူကို ပေါင်း၍ ရေတွက်ခြင်းမျိုး မည်၏။

(၃) ကြိုယာသင်္ဂဟ—ဟူသည် အလုံးစုံသော ဆင်စီးသူရဲ ကောင်းတို့လာစေသတည်းဟု စသည် ဖြင့် သွာ လာခြင်း ကြိယာကို ပေါင်း ၍ ရေတွက်ခြင်းမျိုးမည်၏။

(၄) ဂဏနသင်္ဂဟ—ဟူသည် စက္ခာယတနသည် ရူပက္ခန္ဓာ ဟူသော ရေတွက်ခြင်းသို့ ရောက်၏ဟု အရေအတွက်အားဖြင့် ပေါင်းခြင်းမျိုး တည်း။

ဤ၌အလိုရှိအပ်သော သင်္ဂဟကား-ဂဏနသင်္ဂဟကို အလို ရှိအပ်ပါသည်။

(မဆောင်ရန်)

- သဇာ, သာဠူ၊ ကြိယာ၊ တပြာဂဏနသိ။
- မင်းမျိုးဇာတ်တူ၊ ပေါင်းတုံမူ၊ မှုဘ်ယူ, သဇာတိ။
- ဖြစ်ရာတူပေါင်း၊ ခေါ်ဆိုကြောင်း၊ မှတ်လောင်းသ ဠာတိ။
- ကြိယာတူ၊ ပေါင်းတုံမူ၊ ခေါ်ယူကြိယာ။
- စက္ခုသား၊ ရေတွက်ပြား၊ မှတ်သားဂဏနာ။

သင်္ဂါရသုံးပါးနှင့် ဆိုင်ရာတရားကိုယ်

(၁) ပုညာဘိသင်္ခါရ မဟာ ကုသိုလ်စိတ် ရှစ်ခုနှင့် ယှဉ်သော စေတနာရှစ်ပါး, ရူပကုသိုလ်နှင့် ယှဉ်သော စေတနာ တရား ငါးပါးတို့တည်း။

(၂) အပုညာဘိသင်္ခါရ–အကုသိုလ်စိတ် တဆယ့်နှစ်ခုနှင့်ယှဉ်သော စေတနာတဆယ့်နှစ်ပါးတည်း။

(၃) အာနေဉ္ဇာဘိသင်္ခါရ–အရူပကုသိုလ် လေးခုနှင့်ယှဉ်သော စေတနာလေးခုတည်း။

[ဆောင်ရန်]

- မဟာကုရှစ်ပါး၊ ရူကုငါးပါး၊ 'စေ'ကား ပုညာ။ အကုသလ၊ ဒွါဒသ၊ 'စေ'က အပုညာ။
- အရူကုသလ၊ 'စေ'လေး၀၊ မှတ်ကြအာနေဉ္ဇာ။

ထေရကရဏီယဓေါ် ပြုမြဲစွာပြုတတ်သော တရားလေးပါးကား

သီလရှိရခြင်း, ဗဟုသုတရှိရခြင်း, ဈာနလာဘီ ဖြစ်ရခြင်း, အာသဝေါ ကုန်ခန်းခြင်းအားဖြင့် လေးပါးတို့တည်း။

## ပုညကြိယဝတ္ထုဆယ်ပါး

အဓိပ္ပာယ်—ကောင်းမှု၏ အကျိုးတည်ရာ ဖြစ်သင့်ပြုထိုက်သော ကောင်းမှုကုသိုလ်မျိုး ဆယ်ပါးကို ပုညကြိယဝတ္ထု ဟု ခေါ်ဆို၏။

(၁) ဒါန—ပေး,ကမ်း, စွန့်ကြဲခြင်း လှူဒါန်းမှု၊
(၂) သီလ—ငါးပါး, ရှစ်ပါး ဆယ်ပါးစသော သီလဆောက်တည်မှု၊
(၃) ဘာဝနာ—ကမ္မဋ္ဌာန်း ပွားများစီးဖြန်းမှု၊
(၄) အပစာယန— အသက်သိက္ခာ, ဂုဏ်ကြီးသူများအား အရိုအသေပြုမှု၊
(၅) ဝေယျာဝစ္စ—သူတပါး ကုသိုလ်ပြုရာ၌ ကူညီဆောင်ရွက်မှု၊
(၆) ပတ္တိဒါန—မိမိပြု၍ ရသောကုသိုလ်အဖို့ကို အမျှပေးဝေမှု၊
(၇) ပတ္တာနုမောဒန – မိမိသို့ ရောက်လာသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု၊
(၈) ဓမ္မဿဝန—တရားတော်ကို နာယူမှု၊
(၉) ဓမ္မဒေသနာ—လာဘ် လာဘ်ကို မမြော်ကိုးပဲ တရားဟောမှု၊
(၁၀) ဒိဋ္ဌိဇုကမ္မ— အယူဖြောင့်မတ်စွာ ယူမှုအားဖြင့် ဆယ်ပါးတို့တည်း။

## သဘောတူရာ သွင်းယူပုံ

ပတ္တိဒါန-ပတ္တာနုမောဒနနှစ်ပါးကို ဒါန၌သွင်း၊ အပစာယန-ဝေယျာဝစ္စနှစ်ပါးကိုသီလ၌သွင်း၊ဓမ္မဿဝန-ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မသုံးပါးကို ဘာဝနာ၌ သွင်းယူလေ။
တနည်း ...ဒိဋ္ဌိဇုကမ္မကို ဒါန, သီလ, ဘာဝနာ သုံးပါးလုံး သွင်းလေ၊ (ဤဆယ်ပါ့ကို လူအများ၊အတွက် ထည့်လိုက်သည်၊)

[ဆောင်ရန်]

◠ ပဉ္စာ, ပတ္တိ၊ နှစ်ပါးရှိ၊ သွင်းတီ၊ ဒါနသာ။
● ပစာ, ဝေယျ၊ နှစ်ပါးက၊ သွင်းထ သီလမှာ။
● ဓမ္မ, နှစ်ခု၊ ဒိဋ္ဌိဇု၊ သွင်းမူ ဘာဝနာ။
● ဒိဋ္ဌိဇုကား၊ တနည်းအား၊ သွင်းငြားသုံးပါးသာ။

## ဒိဋ္ဌ, သုတ, ပရိသင်္ကိတသုံးပါးအဓိပ္ပာယ်

(၁) ဒိဋ္ဌ—ဟူသည် မိမိ၏ မံသစက္ခု (ပသာဒစက္ခု) ဒိဗ္ဗစက္ခုဖြင့် လှန်ကျူးသည်ကို မြင်သောကြောင့် စောဒနာခြင်းမျိုးတည်း။
(၂) သုတ-ဟူသည် ပကတိသောတ (ပသာဒသောတ) ဒိဗ္ဗသောတဖြင့် သူတပါး၏ စကားသံကို ကြားရသောကြောင့် စောဒနာခြင်းမျိုးတည်း။
(၃) ပရိသင်္ကိတ—ဟူသည် မြင်ခြင်းဖြင့် ရှုံရှာခြင်း,ကြားခြင်းဖြင့် ရှုံရှာခြင်း, ဝိညာဏ်သုံးပါးဖြင့် ရောက်ခြင်းကြောင့် စောဒနာခြင်းမျိုးတည်း။

## နတ်ပြည်ခြောက်ထပ်၌ ကာမကိစ္စ ရှိမရှိ

ဤသုတ်ပါထေယျ အဋ္ဌကထာအလို – နတ်ပြည်ခြောက်ထပ်၌ နတ်တို့၏ကာမ ခံစားမှုကိစ္စသည် လူတို့ကဲ့သို့ အစုံအစုံမေထုန် မှီဝဲခြင်းကိစ္စ ရှိ၏ဟုဆို၏။ သို့သော်–အညစ်အကြေး မဖြစ်ပေါ်ကြပဲ သွေးသားလှုပ်ရှားရုံမျှဖြင့် ကိစ္စ ပြီးစီးကြသတဲ့။

နတ်မိန်းမတွေမှာလဲ ကိုယ်ဝန်ဆောင်ကိစ္စ ဘာတခုမျှ မရှိ၊ နတ်သားနတ်သမီးတို့မှာ ရင်ခွင် ပေါ်၌သော် လည်းကောင်း၊ အိပ်ရာ ပေါ်၌သော် လည်းကောင်း ဖြစ်ပေါ်လာကြကုန်၏။

အားလုံးသော နတ်ယောကျ်ားတွေမှာ အသက် နှစ်ဆယ် အရွယ်၌သာတည်၍ နတ်မိန်းမတွေက ကဆယ့် ခြောက်နှစ်ခန့် အရွယ်မှာပင် သွားကျိုးဆံဖြူ နားအူမျက်မွဲ အရေ တွန့်တဲ့ခြင်း မရှိ၊ ပကတိအလှမပျက် တသက်တာလုံး တည်ပြီး နတ်ဩဇာ တွေ စားနေရတော့ ခန္ဓာကိုယ်အတွင်းမှ အလေးအပေါ့ဆိုတဲ့ ခင်းကြီး ခင်းငယ် စွန့်ဖွယ်လဲ မရှိဘူးတဲ့။

ဋီကာ၌ ကေစိ ဆရာတို့အလိုအားဖြင့် ယာမာ နတ်တို့အား အချင်းချင်း လည်ဖက်ရမ်းကာမျှဖြင့် ကာမကိစ္စပြီး၏၊ တုသိတာ နတ်တို့အား လက်ကို သုံးသပ်ကာမျှဖြင့် ပြီး၏၊ နိမ္မာနရတိ နတ်တို့အား ပြုံးရွှင်ကာမျှဖြင့် ပြီး၏၊ ပရနိမ္မိတ ဝသဝတ္တိ နတ်တို့အား ကြည့်ရှုကာမျှဖြင့် ကာမကိစ္စပြီး၏ဟု ဆို၏။

ထိုကေစိဆရာတို့၏ ဝါဒကို ဤအဋ္ဌကထာဆရာ ပယ်၏။

ပယ်ပုံ....တော် ပန နတ္ထိ ပင်္ကိတ္တံ၊ နယိ ကာယေန အဖုဿန္တဿ ဖောဋ္ဌဗ္ဗံ ကာမကိစ္စံ သာဓေတိ။

[ ဋီကာ အဋ္ဌကထာ ]

တော်ပန၊ ထိုကေစိဆရာတို့၏အယူဝါဒသည်ကား။ နတ္ထိ၊ မရှိ။ ပင်္ကိတ္တံ၊ ပယ်သင့်၏။ ဟိ သစ္စံ၊ မှန်၏။ ဝါ- ဗျတိရိက်ကိုဆိုဦးအံ့၊ ကာယေန၊ ကိုယ်ဖြင့်။ အဖုဿန္တဿ၊ မတွေ့ထိသော ပုဂ္ဂိုလ်အား။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော။ ကာမကိစ္စံ၊ ကာမကိစ္စကို။ န သာဓေတိ၊ မပြီးစီးစေနိုင်။

[ အဓိပ္ပာယ်သိသာပြီ။ ]

အာဝုဓ (လက်နက်) သုံးပါး

(၁) သုတာဝုဓ–ပိဋက သုံးပုံ ဟူသော ကြားနာ အပ်သည့် ဘုရားစကားတော်တည်း။

(၂) ပဝိဝေကာဝုဓ–ကာယ ဝိဝေက, စိတ္တဝိဝေက, ဥပဓိ ဝိဝေက သုံးပါးတည်း။

(၃) ပညာဝုဓ–လောကီ လောကုတ္တရာနှစ်ပြားသော အတတ် ပညာတည်း။

## ဝိဝေကတရား သုံးပါးအထူး

(၁) ခြေရုံပရိသတ်တည်းဟူသော အပေါင်းအဖော်မှ ကိုယ်၏ ဆိတ်ငြိမ်ခြင်း၌ စင်ကြယ်သောစိတ်ရှိသော (၀ါ) မြတ်သော ပြွတ်စင်ခြင်းသို့ရောက်သော ပုဂ္ဂိုလ်တို့၏ ဆိတ်ငြိမ်ခြင်းသည် 'ကာယဝိဝေက'မည်၏။

(၂) စိတ်၏ကိုလေသာတို့မှ ဆိတ်ငြိမ်ခြင်းသည် 'စိတ္တဝိဝေက' မည်၏။

(၃) ဥပဓိမရှိသော ပုဂ္ဂိုလ်တို့၏ ငါးပါးသော ဥပဓိ၏ ဆိတ်ငြိမ်ခြင်းသည် 'ဥပဓိ ဝိဝေက'မည်၏။

[ဤကား အထူး]

ဤသုံးပါးသော ဝိဝေက၌ အလွန်လျော်သောပုဂ္ဂိုလ်သည် တစုံ တခုသောဘေးမှ ကြောက်လန့်သည် မည်သည်မရှိ။ ထို့ကြောင့် ထိုဝိဝေက သုံးပါးကိုလည်း မှီရာဖြစ်သော အနက်သဘောကြောင့် "အာဋ္ဌမ"လက်နက်ဟု ခေါ်၏။

## အဓိသီလစသည် အထူး

(၁) ငါးပါးသီလ, ဆယ်ပါးသီလ, စသည်တို့သည် သီလမည်၏၊ ပါတိမောက္ခ သံဝရသီလသည် အဓိသီလ မည်၏။

(၂) သမာပတ် ရှစ်ပါးသည် စိတ္တမည်၏၊ ဝိပဿနာ၏အခြေ ဖြစ်သောစျာန်သည် အဓိစိတ္တမည်၏။

(၃) ကမ္မသကတာဉာဏ်သည် မဉာဏမည်၏၊ ဝိပဿနာ ပညာ သည် အဓိပညာမည်၏။

[ဤကား အကျဉ်းမျှသာတည်း။]

အနုတ္တရိယ ဝိနိစ္ဆယ

(၁) ဝိပဿနာပညာသည် ဒဿနာနုတ္တရိယမည်၏၊(ဝါ၊လွန် မြတ်သော သင်္ခါရတို့ကို မြင်တတ်သော တရားမည်၏။

(၂) မဂ်သည် ပဋိပဒါနုတ္တရိယမည်၏၊ (ဝါ) လွန်မြတ်သော အကျင့်မည်၏။

(၃) ဖိုလ်သည် ဝိမုတ္တာနုတ္တရိယမည်၏၊(ဝါ)မြတ်သောကိလေ သာတို့မှ လွတ်သောတရားမည်၏။

(တနည်း)

(၁) ဖိုလ်သည် ဒဿနာနုတ္တရိယမည်၏၊(ဝါ)လွန်သောနိဗ္ဗာန် ကို မြင်တတ်သောတရားမည်၏။

(၂) မဂ်သည် ပဋိပဒါနုတ္တရိယမည်၏၊ (ဝါ) လွန်မြတ်သော အကျင့်မည်၏။

(၃) နိဗ္ဗာန်သည် ဝိမုတ္တာနုတ္တရိယမည်၏၊(ဝါ) လွန်မြတ်သော ကိလေသာတို့မှ လွတ်သောတရားမည်၏။

တနည်း၊ ...နိဗ္ဗာန်သည် ဒဿနာနုတ္တရိယ၊ မဂ်သည် ပဋိပဒါနုတ္တ ရိယ၊ ဖိုလ်သည် ဝိမုတ္တာနုတ္တရိယ မည်၏။

## မောနေယျ အပြားသုံးပါး အစိပ္ပာယ်

[ရဟန်း၏ ဥစ္စာဖြစ်သော အကျင့်တရားများဟူလို]

(၁) ဒုစရိုက်တရား သုံးပါးကို ပယ်ခြင်းသည်လည်းကောင်း၊ သုစရိုက်တရား သုံးပါးသည်လည်းကောင်း၊ ကာယဟုဆို အပ်သော အာရုံ၌ဖြစ်သော ဉာဏ်သည် လည်းကောင်း၊ ကာယကို ပိုင်းခြား၍ သိခြင်းနှင့်တကွဖြစ်သော မဂ်သည် လည်းကောင်း၊ ကာယ၌ ဆန္ဒရာဂကို ပယ်ခြင်းသည်လည်း ကောင်း၊ ကာယ သင်္ခါရ၏ ချုပ်ငြိမ်းရာဖြစ်သော စတုတ္ထ ဈာန် သမာပတ်သည် "ကာယမောနေယျ" မည်၏။

(၂) ဝစီဒုစရိုက်လေးပါးကို ပယ်ခြင်းသည် လည်းကောင်း၊ ဝစီသုစရိုက် လေးပါးသည် လည်းကောင်း၊ စကားဟူ သော အာရုံ၌ဖြစ်သော ဉာဏ်သည်လည်းကောင်း၊ စကား ကိုပိုင်းခြား၍ သိခြင်းနှင့်တကွဖြစ်သော မဂ်သည်လည်း ကောင်း၊ စကား၌ဆန္ဒရာဂကိုပယ်ခြင်းသည်လည်းကောင်း၊ ဝစီ သင်္ခါရ၏ ချုပ်ငြိမ်းရာဖြစ်သော ဒုတိယဈာန်သမာပတ် သည် "ဝစီမောနေယျ" မည်၏။

(၃) မနောဒုစရိုက်သုံးပါးကို ပယ်ခြင်း၊ မနောသုစရိုက် သုံး ပါးသည်လည်းကောင်း၊ စိတ်လျှင် အာရုံရှိသော ဉာဏ် သည်လည်းကောင်း၊ (ပ) စိတ္တသင်္ခါရ၏ ချုပ်ငြိမ်းရာဖြစ် သော (ဝါ) သညာဝေဒနာတို့၏ ချုပ်ငြိမ်းရာ ဖြစ်သော နိရောဓ သမာပတ်သည် "မနောမောနေယျ" မည်၏။

## ကောသလ္လလိမ်မာခြင်းသုံးပါးအဓိပ္ပာယ်

ကုသိုလ်တရားတို့ကို ပွားများခြင်းသည် အာယမည်၏၊ ကုသိုလ်တရားတို့၏ မပွားများ ခြင်း ဆုတ်ယုတ် ခြင်း၊သည် အပါယ မည်၏။

ထို ကုသိုလ်တရားတို့ကို ပွားများခြင်း ဆုတ်ယုတ်ခြင်း၏ အကြောင်း၊သည် ဥပါယမည်၏။

ထို ကုသိုလ် တရားတို့ကို ပွားများခြင်း ဆုတ်ယုတ်ခြင်း၏ အကြောင်းကိုသိသော ဉာဏ်သည် ကောသလ္လ မည်၏။

(၁) ဤတရားတို့ကို နှလုံးသွင်းသော ငါ့အား မဖြစ်ပေါ်သေးသည့် အကုသိုလ်တို့သည်လည်း မဖြစ်ကုန်၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ချုပ်ငြိမ်းကုန်၏။

တနည်း....ဤတရားတို့ကို နှလုံးသွင်းသော ငါ့အား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကိုလည်း လွန်စွာ ပွားများ၊ ခြင်းငှာ၊ ပြန့်ပြောခြင်းငှာ၊ ပြည့်စုံခြင်းငှာ ဖြစ်ကုန်၏။ ထိုကုသိုလ်တရားတို့ကို ပွားများခြင်းနှင့်သိသော သမ္မာဒိဋ္ဌိပညာသည် အာယကောသလ္လမည်၏။

(၂) ဤတရားတို့ကို နှလုံးသွင်းသောငါ့အား မဖြစ်ကုန် သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့သည်လည်း၊ ချုပ်ငြိမ်းကုန်၏။

တနည်း....ဤ တရားတို့ကို နှလုံးသွင်းသော ငါ့အား မဖြစ်ကုန်သေးသော ကုသိုလ် တရားတို့သည်လည်း မဖြစ်ကုန်၊ ဖြစ်ကုန်ပြီးသော အကုသိုလ်တို့သည်လည်း အလွန် ပွားများဖြစ်ကုန်၏။ ထိုကုသိုလ်တို့၏ ဆုတ်ယုတ်ခြင်း၌ သိသော သမ္မာဒိဋ္ဌိသည် "အပါယကောသလ္လ" မည်၏။

(၃) ထိုထို ကိစ္စအဝဝ၌ အကြောင်း ဖြစ်သော ပညာ သည် "ဥပါယကောသလ္လ" မည်၏။

ထိုဥပါယ ကောသလ္လ ဟူသည် အဆောတလျင် ရှောင်တခင်ပြုလုပ်အပ်သောကိစ္စဖြစ်စေ, ဘေးအန္တရာယ်နှင့် တွေ့သောအခါဖြစ်စေ ဖြစ်ပေါ်လာသော် ထိုကိစ္စ ဘေးတို့ကိုပယ်ခြင်းငှာ တခဏ၌ဖြစ်သော ဉာဏ်၏အကြောင်းကို သိခြင်းဟုမှတ်။

မဒ(မာန်မူခြင်း)သုံးပါး အဓိပ္ပာယ်

(၁) ငါကား လောကမှာ အနာရောဂါ အားခြင်းဆုံးတည်း၊ အသက် ခြောက်ဆယ် ခုနစ်ဆယ်လွန်ပြီ၊ ငါကား သဖန်းခါးပိုင်းကိုသော်မျှ မစားစဖူး၊ ငါ့လို အနာရောဂါကင်း

သောသူ အဘယ်မှာ ရှိပါအံ့နည်းဟု မာန်မူခြင်းမျိုးသည် 'အာရောဂျမဒ'မည်၏။

(၂) အသက်ကြီးမှကုသိုလ်ကိုပြုပါအံ့၊ ပထမအရွယ် ကုသိုလ်ပြုခြင်းသည် ငယ်ပါသေးတယ်ဟု အရွယ်ကိုစွဲ၍ မာန်မူခြင်းမျိုးသည် 'ယောဗ္ဗနမဒ' မည်၏။

(၃) ငါသည် ကြာမြင့်စွာ အသက်ရှင်ပြီ၊ အသက်လည်း ရှည်ခဲ့ပြီ၊ ချမ်းသာစွာ အသက်ရှင်ပြီဟု အသက်ရှည်သည်ကိုစွဲ၍ မာန်မူခြင်းမျိုးသည် 'ဇီဝိတမဒ' မည်၏။

## အဓိပတေယျ[အလေးပြုခြင်း]သုံးပါး

## အဓိပ္ပာယ်

(၁) ငါ့မှာ သီလ, သမာဓိ, ပညာ, အရဟတ္တဖိုလ် ဝိမုတ္တိသည် ရှိ၏၊ ငါ့အား ဤမကောင်းသောအမှုကိုပြုလုပ်ခြင်းသည် မသင့်လျော်ပါဟု ဤသို့ မိမိကိုယ်ကို အကြီးအမှူးပြု၍ (ဝါ) အလေးပြု၍ အကုသိုလ်အမှုကို မပြုလုပ်ခြင်းသည် 'အတ္တာဓိပတေယျ'မည်၏။

(၂) လောကမှာ သူတပါး အကုသိုလ်ပြုသလို မပြုပဲ မိမိ ရှောင်ကြဉ်ပြီး နေကာ လောကကို အလေးပြု၍

အကုသိုလ်အမှုကို မပြုလုပ်ခြင်းသည် "လောကာဓိပတေယျ"မည်၏။

(၃) လောကုတ္တရာ တရားကို အလေးပြု၍ အကုသိုလ်အမှုကို မပြုလုပ်ခြင်းသည် "ဓမ္မာဓိပတေယျ"မည်၏။

သတ္တဋ္ဌာနိကသ သတိသမ္ပဇည်သည်
သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်း ခုနစ်ပါး

(၁) ရှေ့သို့တိုးရာ နောက်သို့ဆုတ်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိခြင်း။

(၂) တူရူကြည့်ရာ တစောင်းကြည့်ရာ၌ .... —

(၃) ကွေးရာဆန့်ရာ၌ .... —

(၄) ဒုကုဋ် သင်္ဃိတ် သင်္ကန်းကို ဆောင်ရာ၌ .... ....

(၅) စားသောက်ဖွယ်ကို ခဲရာ၌ .... ....

(၆) ကျင်ကြီး, ကျင်ငယ်ကို စွန့်ရာ၌ .... ....

(၇) သွား, ရပ်, ထိုင်, အိပ်, နိုး, ပြောရာ-ဆိတ်ဆိတ်နေရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ ရှိခြင်းအားဖြင့် ခုနစ်ပါးတို့တည်း။

[ဤခုနစ်ပါး သရုပ်သည် သတိပဋ္ဌာန်ပါဠိတော် သမ္ပဇည ပဗ္ဗ၌ဟောသော ပါဠိတော်လာ အစဉ်ကိုမှီး၍ ဖော်ပြသည်။]

ဝံသ(အမျိုးအနွယ်)ရှစ်ပါး

| | | |
|---|---|---|
| (၁) | ခတ္တိယ ဝံသ | မင်းမျိုးမင်းနွယ် |
| (၂) | ဗြာဟ္မဏ။ | ပုဏ္ဏား ။ |
| (၃) | ဝေဿ ။ | ကုန်သည် ။ |
| (၄) | သုဒ္ဒ ။ | သူဆင်းရဲ ။ |
| (၅) | သမဏ ။ | ရဟန်း ။ |
| (၆) | ကုလ ။ | ဆွေမျိုး ။ |
| (၇) | ရာဇ ။ | မင်းမျိုး ။ |
| (၈) | အရိယ ။ | အရိယ ။ |

သန္တောသ(၃)ပါး တနည်း[၁၂]ပါး

သန္တောသ တထယ်နှစ်ပါး ဆိုသည်ကား —

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးဟူသော ပစ္စည်းလေးပါး တို့တွင် တပါးပါး၌—

(၁) ယထာလာဘသန္တောသ—ရရသမျှသော လာဘ်ဖြင့် တင်းတိမ် ရောင့်ရဲခြင်း။

(၂) ယထာဗလသန္တောသ—မိမိအစွမ်းအား လျော်စွာ တင်းတိမ်ရောင့်ရဲခြင်း။

(၃) ယထာသာရုပ္ပသန္တောသ—တင့်တယ် လျောက်ပတ် သည် အားလျော်စွာ တင်းတိမ် ရောင့်ရဲခြင်း အား ဖြင့် သုံးပါးစီ ဖြစ်ခုကား၊ သန္တောသ(၁၂)ပါးဖြစ်သ တည်း။

## မူလဇာတိဘေဒစိဝရ(၆)မျိုး

[၁] ခေါမ-ခိုချည်သင်္ကန်း [၄] ကမ္ဗလ- သိုးမွေးချည်သင်္ကန်း၊
[၂] ကပ္ပါသိက-ဝါချည်သင်္ကန်း [၅] သာဏ-ပိုက်ဆန်ချည်သင်္ကန်း
[၃] ကောသေယျ-ပိုးချည်းသင်္ကန်း၊ [၆] ဘင်္ဂ- ဘန်ချည်သင်္ကန်း၊

[ဆောင်ရန်]

- ခေါမ-ကပ္ပ၊ ကောသေယျ၊ ကမ္ဗ, သာ, ဘင်္ဂ။
- ဇာတိဘေဒ၊ စီဝရ၊ ခြောက်ဝသရုပ်ပြ။

## အနုလောမ စီဝရ(၆)မျိုး

(၁) ဒုကူလ—ဘွဲ့ဖြူပုဆိုးသင်္ကန်း၊
(၂) ပဋ္ဋုဏ္ဏ—ပဋ္ဋုဏ္ဏတိုင်းဖြစ်သင်္ကန်း
(၃) သောမာရဇ—သောမာရတိုင်းဖြစ်သင်္ကန်း၊
(၄) စိနဇ-စိန္တိုင်း၌ဖြစ်သောသင်္ကန်း၊
(၅) ဣဒ္ဓိဇ—တန်ခိုးဘုန်းကံကြောင့် ဖြစ်သောကင်္ကန်း၊
(၆) ဒေဝဒိန္န—နတ်တို့ လှူအပ်သော သင်္ကန်းတို့တည်း။

[ဆောင်ရန်]

- ပဋ္ဋုဏ်, စိန၊ သောမာရ၊ ကူလ, နတ်လှူငြား။
- ဟေဘိဘိက္ခု၊ တန်ခိုးကြုံ၊ နှုလုံ ခြောက်ထည်ပြား။

မှတ်ချက်....ပြဆိုခဲ့သော သင်္ကန်း (၁၂) ထည်တို့ကို ကပ္ပိယ စီဝရ (အပ်သောသင်္ကန်း)တို့ဟု မှတ်လေ။

အကပ္ပိယ(မအပ်သော) သက်န်း[၁၃]မျိုး

[၁] သမန်းမြက်ဖြင့် ရက်အပ်သော သက်န်း။
[၂] လျှော်တော်ဖြင့် ။ ။
[၃] ပျဉ်ချပ်ဖြင့် ။ ။
[၄] လူ့ဆံပင်ဖြင့် ။ ။
[၅] သားမြီးဖြင့် ။ ။
[၆] သင်ပန်းလျှော်ဖြင့် ။ ။
[၇] သားရေဖြင့် ။ ။
[၈] ခင်ပုပ်တောင်ဖြင့် ။ ။
[၉] သစ်ခွံဖြင့် ။ ။
[၁၀] သိမ်မွေ့သောနွယ်ဖြင့်။ ။
[၁၁] ပြိန်းမြက်ဖြင့် ။ ။
[၁၂] ငှက်ပျောဖြင့် ။ ။
[၁၃] နှီးဖြင့် ။ ။

သက်န်းခေတ်(၆)မျိုး

သံဃာမှဖြစ်စေ, သုတ္တန္တိက စသော ဂိုဏ်းမှဖြစ်စေ, ဆွေမျိုးတို့ထံမှဖြစ်စေ, မိတ်ဆွေတို့ထံမှ ရသည်ဖြစ်စေ, မိမိပိုင်ဆိုင်သော ဥစ္စာဖြင့်ဖြစ်စေ, ပံ့သကူရသော အားဖြင့် သက်န်းခေတ် ခြောက်မျိုးတည်း။

(၎င်းတို့ကို သင်္ကန်းဖြစ်ပုံ အခြင်းအရာဟုလည်းခေါ်၏။)

[ဆောင်ရန်]

- သံဃ ဂဏ၊ ဉာမိတ္တ၊ အတ္တ ဥစ္စာသာ။
- ပံ့သကူဖြစ်၊ သင်္ကန်းခေါ်၊ မှတ်လစ် ဤခြောက်ဖြာ။

သင်္ကန်း ဖြစ်ကြောင်း ၈ ပါး

(၁) သိမ်၌လှူခြင်း၊
(၂) ကထိကဝတ်ပြုရာအရပ်၌ လှူခြင်း၊
(၃) အမြဲဆွမ်းကျွေးရာ၌ လှူခြင်း၊
(၄) သံဃာအား လှူခြင်း၊
(၅) ဥဘတော သံဃာအား လှူခြင်း၊
(၆) ဝါကျွတ် သံဃာအား လှူခြင်း၊
(၇) ရည်ညွှန်းပိုင်းခြား၍ လှူခြင်း၊
(၈) ပုဂ္ဂိုလ်အား လှူခြင်းတို့တည်း။

[ဆောင်ရန်]

- သိမ, ကထိ၊ ဆွမ်းကျွေးသည့်၊ သံဃိလှူသုံးဖြာ။
- ရည်ညွှန်းပိုင်းခြား၊ ပုဂ္ဂိုလ်အား၊ လှူပြား—၈ ပါးဖြာ။

ပံ့သကူ သင်္ကန်းအပြား (၂၃) ပါး

(၁) သုသာန်၌ စွန့်ပစ်အပ်သော သင်္ကန်း။
(၂) ဈေးပြင်တံခါး၌ စွန့်ပစ်အပ်သော "
(၃) ရထား ခရီးလမ်း၌ ပစ်ချအပ်သော "

(၄) အမှိုက်ပုံ၌ စွန့်ပစ်အပ်သော သင်္ကန်း
(၅) ကိုယ်ဝန် အညစ်အကြေး သုတ်၍ ပစ်ထားသော။
(၆) ရေချိုးပြီး စွန့်ပစ်ထားသော ။
(၇) ရေချိုးဆိပ်၌ စွန့်ပစ်ထားသော ။
(၈) သုသာန်ကောင်ခြုံ၍ တဖန်ဆောင်လာသော ။
(၉) တကွက်ဘစောင်း မီးလောင်သော ။
(၁၀) နွား ဝါးစားထားသော ။
(၁၁) ခြစားထားသော ။
(၁၂) ကြွက် ကိုက်၍ထားသော ။
(၁၃) အစွန်းအနား ပြတ်သော ။
(၁၄) အမြိတ်အဆာ ပြတ်သော ။
(၁၅) တံခွန်သောက်ရာ အရပ်မှ ဆောင်အပ်သော ။
(၁၆) တောင်ပို့ကို ရစ်ပတ်၍ ယင်နတ်ပူဇော်သော ။
(၁၇) ရဟန်း သံဃာတော်တို့ စွန့်ထားသော ။
(၁၈) ကြည်းကုန်းသို့ ရောက်သော ။
(၁၉) မင်း၏ အဘိသိက်ခံရာ၌ စွန့်ထားသော ။
(၂၀) ခရီးသွားသူတို့ မေ့ထားသော ။
(၂၁) ဘုန်းတန်ခိုးကြောင့် ဖြစ်သော ။
(၂၂) ဝေးရပ်သိခါင် လေဆောင်လာသော ။
(၂၃) နတ်တို့ ပေးလှူအပ်သော ။

## ဝီသတိစီဝရ သန္တောသအရ သရုပ်

(၁) အကြံဖြင့် ရောင့်ရဲခြင်း။
(၂) သွားခြင်းဖြင့် ။
(၃) ရှာမှီးခြင်းဖြင့် ။
(၄) လာဘ်ရခြင်းဖြင့် ။
(၅) အတိုင်းအရှည် ခံရခြင်းဖြင့် ။
(၆) လျှပ်ပေါ်ခြင်းကို ကြည့်ခြင်းဖြင့် ။
(၇) ရလာသော သင်္ကန်းဖြင့် ။
(၈) မိမိ ခွန်အားလျော်စွာ ။
(၉) မိမိ၏ အသင့်အတင့် အားလျော်စွာ ။
(၁၀) ဖွပ်လျှော်ခြင်းငှာ လျောက်ပတ်သောရေဖြင့် ။
(၁၁) ဖွပ်လျှော်ခြင်းဖြင့် ။
(၁၂) ပြုလုပ်ခြင်းဖြင့် ။
(၁၃) အဆိုင်းအထွာဖြင့် ။
(၁၄) ချုပ်သောချည်ဖြင့် ။
(၁၅) ချုပ်စပ်ခြင်းဖြင့် ။
(၁၆) ဆေးဆိုးခြင်းဖြင့် ။
(၁၇) ကပ္ပဗိန္ဒု ထိုးခြင်းဖြင့် ။
(၁၈) သုံးဆောင်ခြင်းဖြင့် ။
(၁၉) သိုမှီးခြင်းကို ကြည့်ခြင်းဖြင့် ။
(၂၀) သူတပါးတို့အား စွန့်ခြင်းဖြင့် ။

[အကျယ် သိလိုက ဤအဋ္ဌကထာမှာ ရှုလေ။]

ပိဋကပါတ သန္တေသ(၁၅)–ပါးကို ပါဠိမျှပြပါအံ့

[၁] ဝိဘင်္ဂ သန္တေသ
[၂] ဂမန ။
[၃] ပရိယေသန ။
[၄] ပဋိလာဘ ။
[၅] ပဋိဂ္ဂဟဏ ။
[၆] မဇ္ဈပဋိဂ္ဂဟဏ ။
[၇] လောလုပ္ပဝိဝဋ္ဋန ။
[၈] ယထာလာဘ သန္တေသ
[၉] ယထာဗလ ။
[၁၀] ယထာသာရုပ္ပ ။
[၁၁] ဥပကာရ ။
[၁၂] ပရိမာဏ ။
[၁၃] ပရိဘောဂ ။
[၁၄] သန္နိဓိပရိဝဇ္ဇန ။
[၁၅] ဝိဿဇ္ဇန ။

ဆွမ်းနှင့်စပ်သော ဓုတင်ငါးမျိုး

(၁) ပိဏ္ဍပါတိကဓုတင် (၄) ပတ္တပိဏ္ဍိကဓုတင်
(၂) သပဒါန စာရိကဓုတင် (၅) ခလုပစ္ဆာ ဘတ္တိကဓုတင်
(၃) ဧကာသနိကဓုတင် အားဖြင့် ငါးပါးတို့တည်း။

ကျောင်းနှင့်စပ်သော ဓုတင်ငါးမျိုး

(၁) အာရညိကဓုတင်၊ (၄) သောသာနိကဓုတင်၊
(၂) ရုက္ခမူလိကဓုတင်၊ (၅) ယထာသန္ထတိကဓုတင်
(၃) အဗ္ဘောကာသိကဓုတင်၊ အားဖြင့်ငါးပါးတို့တည်း။

သင်္ကန်းနှင့်စပ်သော ဓုတင်နှစ်မျိုး

(၁) ပံသုကူလိကဓုတင်၊ (၂) တေစီဝရိကဓုတင်
အားဖြင့် နှစ်ပါးတည်း။

မှတ်ချက်—ပြဆိုခဲ့သော တဆယ့် နှစ်ပါးတွင် နေသဇ္ဇိက် ခုတစ်ထည်က ခုတင်တဆယ့်သုံးပါး ရှိ၏ဟုမှတ်။

[ဆောင်ရန်]

● ပံ့, တိ, ပိဏ်, သပ်၊ ေ, ပတ်, ခ, အာ၊ ရုက်, အဗ်,သာ၊

● ယထာ နေသဇ္ဇိ။

ခုတင်အရာ၊ ကျင့်ဝတ်မှာ၊ မှန်စွာသဆယ့်သုံးရှိ။
ဆွမ်းတဆယ့်ငါး ပါးသရုပ်

| | | | | |
|---|---|---|---|---|
| ၁။ | သံဃ | ဘတ္တ | သံဃာအား | လှူအပ်သောဆွမ်း |
| ၂။ | ဥဒ္ဒေသက | ။ | ရည်ညွှန်း၍ | .... ။ |
| ၃။ | နိမန္တန | ။ | ပင့်ဖိတ်၍ | .... ။ |
| ၄။ | သလာက | ။ | စာရေးတံချ၍ | .... ။ |
| ၅။ | ဥပေါသထိက | ။ | ဥပုသ်နေ့၌ | .... ။ |
| ၆။ | ပါဋိပဒိက | ။ | အထွက်တရက်နေ့၌ | .... ။ |
| ၇။ | ပက္ခိက | ။ | လဆန်းလဆုတ်၌ | .... ။ |
| ၈။ | အာဂန္တုက | ။ | ဧည့်သည်ရဟန်းတို့အား | .... ။ |
| ၉။ | ဂမိက | ။ | ခရီးသွားရဟန်းတို့အား | .... ။ |
| ၁၀။ | ဂိလာန | ။ | သူနာကို ရည်မှန်း၍ | .... ။ |
| ၁၁။ | ဂိလာနုပဋ္ဌက | ။ | သူနာကိုလုပ်ကျွေးသောရဟန်းအား | |
| ၁၂။ | ဓါရ | ။ | အလှည့်ကျ | .... ။ |
| ၁၃။ | ဧရ | ။ | အမြဲအိမ်၌ထား၍ | .... ။ |
| ၁၄။ | ဝိဟာရ | ။ | ကျောင်းကိုရည်၍ | .... ။ |
| ၁၅။ | ကုဋိ | ။ | ကုဋိကိုရည်၍ | .... ။ |

[မဆောင်ရန်]

- သံ,ဥ,နီ,သ၊ ဥ,ပါ,ပ၊ ခေါ်ကျဆွမ်းသညာ။
- အာ,ဂ, ဂိ,ဂိ၊ ဝါ,မု,ဝိ၊ ကုဋိဆယ့်ငါးဖြာ။
- ထမင်း၊ မုန့်၊ ငါး၊ နို့အသား၊ ငါးပါးဘောဇဉ်သာ။

သေနာသန [၁၅]ပါးသရုပ်

(၁) ညောင်စောင်း၊ (၂) အင်းပျဉ်၊ (၃) ဘုံလျှို၊ (၄) ခေါင်းအုံး၊ (၅) နှစ်ဘက်မိုးကျောင်း၊ (၆) တဘက်မိုးကျောင်း၊ (၇) လေးထောင့်ပြာသာဒ်၊ (၈) ပြာသာဒ်ဦးပြည်း၊ (၉) တောင်ခေါင်း၊ (၁၀) အုတ်လိုဏ်ဂူ၊ (၁၁) ပြအိုး၊ (၁၂) တန်ဆောင်း၊ (၁၃) ဝါးချုံ၊ (၁၄) သစ်ပင်ရင်း၊ (၁၅) ရဟန်းတို့ဖဲ့ရာအရပ် အားဖြင့် တဆယ့်ငါး ပါးတို့တည်း။

ဝေါဿဂ္ဂ [စွန့်လွှတ်ခြင်း] နှစ်ပါး

(၁) ဝိပဿနာသည် တဒင်္ဂ [အခိုက်အတန့်]၏အစွမ်းအားဖြင့် ကိလေသာတို့ကိုလည်းကောင်း၊ ခန္ဓာတို့ကိုလည်းကောင်း စွန့်လွှတ် တတ်သောကြောင့် 'ပရိစ္စာဂဝေါဿဂ္ဂ'မည်၏။

(၂) မဂ်သည် အာရုံ၏ အစွမ်းအားဖြင့် နိဗ္ဗာန်သို့ သက်ဝင် တတ်သောကြောင့် 'ပက္ခန္ဒန ဝေါဿဂ္ဂ'မည်၏။

## ဉာဏ်လေးပါး သရုပ်အဓိပ္ပာယ်

(၁) ဓမ္မဉာဏ်—လေးပါးသောမဂ်ဉာဏ်၊လေးပါးသောဖိုလ်ဉာဏ် တို့တည်း။

(၂) အန္ဝယဉာဏ်—ထိုဓမ္မဉာဏ်အားလျော်သောသစ္စာလေးပါး ကို သိသောဉာဏ်တည်း။

(၃) ပရိစ္ဆေဒဉာဏ်—သူတပါး၏ စိတ်ကို ပိုင်းခြား၍ သိသော ဉာဏ်တည်း။

(၄) သမ္မုတိဉာဏ်—ထိုဉာဏ်သုံးပါးမှတပါးသောဉာဏ်တည်း။

## ဝဋ္ဋသစ္စာ-ဝိဝဋ္ဋသစ္စာခွဲဝေပုံ

ဒုက္ခသစ္စာနှင့် သမုဒယသစ္စာနှစ်ပါးကား ဝဋ္ဋသစ္စာ (ဝါ) လောကီယသစ္စာ မည်၏။

နိရောဓ,မဂ္ဂသစ္စာနှစ်ပါးကား—ဝိဝဋ္ဋသစ္စာ (ဝါ) လောကုတ္တရာ သစ္စာ မည်၏။

တနည်းခွဲဝေပုံ—ဒုက္ခသစ္စာ- သမုဒယသစ္စာတို့သည်သိမြင်နိုင် ခဲသည်၏ အဖြစ်ကြောင့် ဒုဒ္ဒသတ္တာ ဂမ္ဘီရသစ္စာမည်၏။

နိရောဓ,မဂ္ဂသစ္စာ နှစ်ပါးတို့ကား လွန်စွာနက်နဲ၍ သိမြင် နိုင်ခဲလေသောကြောင့် ဂမ္ဘီရတ္တာ ဒုဒ္ဒသ သစ္စာမည်၏။

(သင်္ဂီတိသုတ် အဋ္ဌကထာ-သံယုတ္တအဋ္ဌကထာ အတူတူပင်။)

## ယောနိလေးပါး သရုပ်အဓိပ္ပာယ်

[ဆောင်ရန်]

- သံသေ့သြပါ၊ အဏ်္ဍ ဇလာ၊ လေးဖြာယောနိသာ။
- ကြာတိုက်အညှိ၊ စရှိထွေထွေ၊ မှိုစွဲနေ၊ သံသေဒသော။
- ရုတ်ခြည်းထင်ရှား၊ နတ်စသား၊ ယူငြားသြပပါ။
- ဥမျိုးထွေသွေ၊ စွဲတည်နေ၊ ယူလေအဏ္ဍဇာ။
- မိသားအိမ်မှာ၊ စွဲမှီပါ၊ ဇလာဗုဇသာ။
- ယောနိလေး၀၊ အကျဉ်းပြ၊ ဆောင်ကြမျိုးလေးဖြာ။

## အလှူလေးမျိုးစင်ကြယ်ပုံ

(၁) အကြင်အလှူ၌ ပေးလှူသော ဒါယကာသည် သီလနှင့်လည်းပြည့်စုံ၊ တရားသဖြင့်ရသော အလှူဝတ္ထုလည်း ဖြစ်၏။ အလှူခံသောပုဂ္ဂိုလ်သည် သီလမရှိ၊ဤကားတပါး။
ဥပမာ–ဝေဿန္တရာမင်း၏ အလှူကဲ့သို့တည်း။

(၂) အကြင်အလှူ၌ အလှူခံပုဂ္ဂိုလ်သည် သီလရှိ၍ အလှူဒါယကာသည် သီလလည်းမရှိ၊လှူဖွယ်ဝတ္ထုလည်း မစင်ကြယ်သောအလှူ၊ ဤကား တပါး။

ဥပမာ–ခိုးသူသတ် ယောကျ်ား၏ အလှူနှင့် တူ၏။

(၃) အကြောင်လွှဲ-အလှူခံ အလှူဒါယကာ နှစ်ဦးလုံး သီလမရှိ၊ လှူဖွယ်ဝတ္ထုလည်း မစင်ကြယ်သော အလှူ ဤကား တပါး။

(၄) အကြောင်အလှူ၌-အလှူခံ အလှူဒါယကာ နှစ်ဦးလည်း သီလရှိ၍ လှူဖွယ်ဝတ္ထုလည်း စင်ကြယ်သော အလှူ၊ ဤကားတပါးအားဖြင့် လေးပါးတည်း။

စေတနာ၀တ္ထု လေးပါးသရုပ်

(၁) ဝတ္ထုသန္နိဿနာ၁စေတနာ—ဝတ္ထုကို ပြု၍ စေတနာခြင်း၊

(၂) အာပတ္တိသန္နိဿနာစေတနာ–အာပတ်ကို ပြု၍ စေတနာခြင်း၊

(၃) သံဝါသပဋိက္ခေပစေတနာ—ဥပုသ်စသော အပေါင်း အဖော် သံဝါသတို့ကို မြစ်ပယ်၍ စေတနာခြင်း၊

(၄) သာမီစိပဋိက္ခေပစေတနာ— ရှိခိုးခြင်း စသော အရိ အသေကို ပယ်၍စေတနာခြင်း အားဖြင့် လေးပါးတို့တည်း။

[ဆောင်ရန်]

● ဝတ္ထုပြလတ်၊ အာပတ်ကိုရှယ်၊ သံဝါပယ်၍၊ ကျင့်ဖွယ် သာမိ၊ ပယ်တုံဘိ၊ မှတ်သိ စေတနာ လေးပါးတည်း။

(သင်္ဂဟ၀တိသုတ်အဋ္ဌကထာ-ဝိနည်းအဋ္ဌကထာဆို့အတူ)

## အနာဂါမ် ငါးမျိုးသရုပ်

(၁) အန္တရာပရိနိဗ္ဗာယီ–အသက်အပိုင်း အခြားအလယ် ၌သာလျှင် ပရိနိဗ္ဗာန် ဖြစ်သော အနာဂါမ်၊

(၂) ဥပဟစ္စပရိနိဗ္ဗာယီ–အသက်အပိုင်းအခြား၊ အလယ်ကို လွန်၍ ပရိနိဗ္ဗာန် ပြုသော အနာဂါမ်၊

(၃) အသင်္ခါရပရိနိဗ္ဗာယီ–ချမ်းသာစွာ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်၊

(၄) သသင်္ခါရပရိနိဗ္ဗာယီ–ပင်ပန်း ဆင်းရဲစွာ ပရိနိဗ္ဗာန် ပြုသော အနာဂါမ်၊

(၅) ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ–အထက်အထက်သော ဘုံစဉ်၌ တင်သော အယဉ်ဖြင့် အကနိဋ္ဌဘုံသို့ ရောက်သော အနာဂါမ်ဟူ၍ ငါးမျိုးရှိ၏။

## အဂါရဝခြောက်ပါး ဖြစ်ပုံအဓိပ္ပာယ်

ဗုဒ္ဓအဂါရဝဖြစ်ပုံမှာ–အကြင် ရဟန်းသည် ဘုရားရှင်ထင်ရှားရှိတော်မူစဉ်က ကာလသုံးပါးတို့၌ ချဉ်းကပ် ခစားရာသို့လည်း မသွား၊ ဘုရားရှင် ဖိနပ်မစီးပဲ ကြွကြွတော်မူသည်ရှိသော် ဖိနပ်စီးကာ ကြွသွား၏။

ဘုရားရှင်က နိမ့်သောနေရာ၌ နေတော်မူသော် ရဟန်းသည် မြင့်သောနေရာ၌နေခြင်း၊ အောက်အရပ်၌ နေတော်မူသော်အထက်အရပ်၌နေခြင်း၊ မြတ်စွာဘုရားမြင်ကောင်းရာအရပ်၌ ပခုံးနှစ်ဘက်တို့ကို ခြုံထားခြင်း၊ ထီးဆောင်ခြင်း၊ ဖိနပ်စီးခြင်း၊ ရေချိုးခြင်းစသော အမူအရာသည် ဘုရားရှင်ကို မရိုသေခြင်းမည်၏။

ဓမ္မအဂါရဝဖြစ်ပုံမှာ—တရားနာရန် ကြေးကြော်သည်ရှိသော် ရိုသေစွာ လေးစားစွာ မသွားပဲ တရားတော်ကို ရိုသေစွာ မနာယူမူ၍ စကား ကျယ်လောင်စွာ ပြောခြင်း၊ မိမိလည်း မသင်ယူ၊ သူတပါးကိုလည်း မပို့ချခြင်းသည် တရားတော်ကို မရိုသေခြင်းမည်၏။

သံဃအဂါရဝဖြစ်ပုံမှာ—ရဟန်းသည် ကြီးသော မထေရ်ကြီးက မတိုက်တွန်းပဲ တရားဟောခြင်း၊ နေရာထိုင်ခင်း၌ အလိုလိုထိုင်ခြင်း၊ သီတင်းကြီးသော ရဟန်းတော်တို့ကို တိုးဝှေ့သွားလျက် လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ် ဖွဲ့လျက်ပြုခြင်း၊ သံဃာတော်တို့၏အလယ်၌ ပခုံးနှစ်ဘက်ခြုံထားခြင်း၊ ထီးဆောင်း, ဖိနပ်စီးစသော အမူအရာသည် သံဃာတော်ကို မရိုသေခြင်းမည်၏။

မှတ်ချက်။ ။ဤ၌-သံဃာဆိုသော်လည်း ရဟန်းတပါးကို မရိုသေသော်လည်း သံဃာတော်၌ မရိုသေခြင်းဟု မှတ်လေ။

သိက္ခာသုံးပါးကို မဖြည့်ကျင့်ခြင်းသည် သိက္ခာယ အဂါရဝ မည်၏။ မမေ့လျော့ခြင်း လက္ခဏာကို မပွားများသော ရဟန်းသည် အပ္ပမာဒ အဂါရဝမည်၏။ အာမိသ ပဋိသန္ထာရ၊ ဓမ္မပဋိသန္ထာရကို မပြုသောရဟန်းသည် ပဋိသန္ထာရ အဂါရဝမည်၏။

မှတ်ချက်—ဂါရဝ ခြောက်ပါးဖြစ်ံ့ကို ပြဆိုပြီးသော အဂါရဝ ခြောက်ပါးကို ပြန်လှန်သောအားဖြင့် သိပါလေ။

## ကာမေသုမိစ္ဆာစာရကံ အင်္ဂါလေးပါး

(၁) မသွားလာထိုက်သော မိန်းမ, ယောကျ်ားဟူသော အဂမနီယဝတ္ထုလည်း ဖြစ်စေ၊

(၂) မှီဝဲလိုသောစိတ်လည်း ရှိစေ၊

(၃) မှီဝဲမှု လုံ့လလည်း ပြုစေ၊

(၄) မဂ်အချင်းချင်း ကျင့်ခြင်းကိုလည်း သာယာစေ။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံလျှင် ကာမေသု မိစ္ဆာစာရကံ ထိုက်၏။

## အဂမနီယဝတ္ထု သရုပ်နှင့်အဓိပ္ပာယ်

[ ရှု၊ ဦ၊ ၄၇ အကျဉ်း၊ ဆောင်ရန်၂

မာ-ပိ-မာပိ, ဘာနှင့်ဘာ၊ ညာ-ဒေဂါ-ဓမ်·သ-သာ။
ခ-ဆန်-ဘော-ပ၊ ဩ-ဩ-ဓ၊ ကမ္မ-ဒါ·မုဟာ။

| | | | |
|---|---|---|---|
| မာတု | ....ရက္ခိတာ, | ဓနက္ကီတာ | |
| ပိတု | .... ။ | ဆန္ဒ | ....ဝါသိနီ |
| မာတာပိတု | .... ။ | ဘောဂ | .... ။ |
| ဘဂိနီ | .... ။ | ပဋ္ဌ | .... ။ |
| ဘာတု | .... ။ | ဩဒပတ္တကိနီ | |
| ဉာတိ | .... ။ | ဩဘာတစုမ္ဗဋ္ဌာ | |
| ဂေါတ္တ | .... ။ | ဓဇာဟဋ္ဌာ | |
| ဓမ္မ | .... ။ | ကမ္မကာရီ | ဘရိယာ |
| သပရိဒဏ္ဍာ | | ဒါသီ .... | ။ |
| သာရက္ခာ | | မုဟုတ္တိကာ .... | ။ |

ဝိရတိအပြားသုံးပါး

(၁) သမာဒါနဝိရတိ—သိက္ခာပုဒ် သီလတော်ကို ခံယူဆောက်တည်၍ လွန်ကျူး ဖွယ်အချက်မှ ရှောင်ကြဉ်သော ဝိရတိမျိုးတည်း။

(၂) သမ္ပတ္တဝိရတိ—သိက္ခာပုဒ်ကို ဆောက်တည် မထားပဲ လွန်ကျူးဖွယ် အာရုံတွေ့မှ ရှောင်ကြဉ်သော ဝိရတိမျိုး။

(၃) သမုစ္ဆေဒဝိရတိ—ဒုစရိုက်ဒုရာဇီဝဟူသမျှကို အကြွင်းမဲ့ ဖြတ်သောအားဖြင့် ရှောင်ကြဉ်သော လောကုတ္တရာ ဝိရတိမျိုးတည်း။

သင်္ဂဟတိသုတ် အဋ္ဌကထာ သရုပ်နှင့်အဓိပ္ပာယ်
ပြီးပါပြီ။

# ဒသုတ္တရသုတ် အဋ္ဌကထာ
# သရုပ်နှင့် အဓိပ္ပာယ်

စက်လေးပါး

(၁) ဒါရုစက် (၃) ဓမ္မစက်
(၂) ရတနစက် (၄) ဣရိယာပထစက်။

အပ္ပိစ္ဆ (အလိုရမ္မက်နည်းမှု) လေးပါး

(၁) ပစ္စယအပ္ပိစ္ဆ=ပစ္စည်း၌ ယုတ်မာသော အလိုရမ္မက်နည်းပါး၏။

(၂) အဓိဂမအပ္ပိစ္ဆ=မိမိ၏ မဂ်ဖိုလ်ရသည်၏ အဖြစ်ကို သူတပါးတို့အား အသိမပေးပဲ အလိုရမ္မက် နည်း၏။

(၃) ပရိယတ္တိအပ္ပိစ္ဆ=မိမိ၏ ပိဋကတ်သုံးပုံ၌ ဘတ်သိလိမ္မာသော ဗဟုသုတအရာကို သူတပါးတို့အား အသိမပေးပဲ အလိုရမ္မက်နည်း၏။

(၄) ဓုတင်္ဂအပ္ပိစ္ဆ=မိမိ၏ ဓုတင်အကျင့်နှင့် ပြည့်စုံသည်၏ အဖြစ်ကို သူတပါးတို့ အသိမပေးပဲ အလိုနည်း၏။

ဒသုတ္တရသုတ် အဋ္ဌကထာ သရုပ်နှင့်အဓိပ္ပာယ်
ပြီးပါပြီ။

# သုတ်မဟာဝါ ဋီကာ အမေး အဖြေ

## မဟာပဒါနသုတ်

**မေး ●** ဗောဓိပလ္လင်သည် ကမ္ဘာပျက်သည့်အခါ နောက်ဆုံး ပျက်၍ ကမ္ဘာတည်သည့် အခါ ပဌမဆုံး တည်ရခြင်း အကြောင်းကို ဖော်ပြပါ။

**ဖြေ ●** ဗောဓိပလ္လင်သည် ကမ္ဘာပျက်သည့်အခါ နောက်ဆုံး ပျက်၍ ကမ္ဘာတည်သည့်အခါ ပထမဆုံး တည်ရခြင်းသည် ဓမ္မတာ၏ အစွမ်းကြောင့် ဖြစ်ပါသည်။

**မေး ●** အသင်္ချေယျ ကပ်ပတ်လုံးဖြစ်စေ, တည်စေနိုင်သည့် ဆည်းပူအပ်သော ကံရှိပါလျက် ဘုရားရှင် များသည် လူတို့၏ အသက် အတိုင်းအရှည်အားလျော်စွာ ဖြစ်တဲ့ ကာလပတ်လုံးသာတည်၍ပရိနိဗ္ဗာန်ပြုရခြင်းအကြောင်း ကို ဖော်ပြခဲ့ပါ။

**ဖြေ ●** လူတို့၏ အသက် အတိုင်းရှည်အား လျော်စွာဖြစ်တဲ့ ကာလသက် အလွန်ပို၍ ပြီးစေအပ်သော အကျိုး၏ မရှိခြင်းကြောင့်—

**တနည်း**....ဤသို့တည်၍ ပရိနိဗ္ဗာန် ပြုခြင်းသည် ဓမ္မတာသဘော ဖြစ်သောကြောင့် ပရိနိဗ္ဗာန်ပြုပါသည်။

**မေး ●** အဘ, အမိ, ဖွားရာမြို့တို့ကို ပြဆိုသည့်အပိုင်း အခြား ဖြစ်ပါလျက် 'ပိတိပရိစ္ဆေဒ'ဟု ဆိုရခြင်း အကြောင်းကို ဖော်ပြခဲ့ပါ။

ဖြေ၊ ဆဘာ, ဆမိ, ဖွားရာမြို့တို့ကို ပြဆိုသည့်အပိုင်း အခြား ပင်ဖြစ်သော်လည်း ပိတုကို အဦးပြုသဖြင့် လာသော ကြောင့်'ပိတိပရိစ္ဆေဒ'ဟု ဆိုအပ်ပါသည်။

မေး၊ ဗုဒ္ဓဝံသ ဒေသနာဘော်၌ကဲ့သို့ နှစ်ဆယ့်ငါးဆူကုန် သော ဘုရားရှင်တို့၏ ပုဗ္ဗေနိဝါသကို မဟောပဲ ဝိပဿီ စသော ခုနစ်ဆူသော ဘုရားရှင်တို့၏ ပုဗ္ဗေနိဝါသကို သာ အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

ဖြေ၊ ထိုထက် အလွန် အရာမဟုတ် သောကြောင့်လည်း ကောင်း၊

တနည်း....ဘုရားရှင်သည် သုဒ္ဓါဝါသစာရိကကိုပြုသောအထက် ဒေသနာတော်၌ ပေါင်း၍ ရေတွက်ယူခြင်း၊ အကျိုးငှာ ဝိပဿီစသော ခုနစ်ဆူသော ဘုရားရှင်တို့၏ ပုဗ္ဗေနိဝါ သကိုသာ ဟောတော်မူပါသည်။

မေး၊ ရသ္မိဝေမတ္တ အရ ဘုရားရှင်ကိုယ်တော်၏ ပမာဏကို ဖော်ပြခဲ့ပါ။

ဖြေ၊ သတ္တဝါတို့၏ပကတိအတောင်အားဖြင့် ခြောက်တောင်၊ မဇ္ဈိမ ပုရိသအတောင်အားဖြင့် သုံးဆတက်၍ ဘုရား ရှင်၏ ကိုယ်တော်သည် တဆယ့်ရှစ်တောင် ရှိပါသည်။ (ဝဏ္ဏဝါဒ)

တနည်း–လူတို့ပကတိ အတောင်အားဖြင့် လေးတောင်၊မဇ္ဈိမပု ရိသ အတောင်အားဖြင့် သုံးဆတက်၍ ဘုရားရှင် ကိုယ်တော်သည်ဥပါဒိန္နကရုပ်တရား၏အစွမ်းအားဖြင့်

တဆယ့်နှစ်တောင်၊ ထ၍ဝန်းကျင်တလံအတိုင်းအရှည်ရှိသောတလံမျှသော အရောင်သည် ပျံ့နှံ့၍ ခြောက်တောင်ထက်တက်၊ ဤသို့ ဗြဟ္မလတရရောင်ခြည်တော်ရပ်နှင့်တကွ တဆယ့်ရှစ်တောင် ရှိပါသည်။

မေး။ ဆိန္ဒ ဝဋ္ဋုမေဒ္ဓ ဝဋ္ဋုမအရ အဘယ့်ကြောင့် ကမ္မဝဋ္ဋ်ကို ယူရပါသနည်း။

ဖြေ။ ကိလေသဝဋ္ဋ်ကို ပပဉ္စသဒ္ဒါဖြင့် လည်းကောင်း၊ ဝိပါကဝဋ္ဋ်ကို ဒုက္ခသဒ္ဒါဖြင့် လည်းကောင်း ယူအပ်သည်၏အဖြစ်ကြောင့် 'ဝဋ္ဋုမ' အရ ကုသိုလ်၊ အကုသိုလ်ကမ္မဝဋ္ဋ်ကို ယူရပါသည်။

မေး။ ဓမ္မဓာတုအရ တရားကိုယ် ကောက်ပြခဲ့ပါ။

ဖြေ။ ဓမ္မဓာတုအရ လေးပါးသော အရိယသစ္စာတို့၊

တနည်း–အရဟတ္တဖိုလ် (ဂေဟစိဝါဒအလို)

တနည်း–သဗ္ဗညုတဉာဏ် (အပရေဝါဒအလို) ဖြစ်ပါသည်။

မေး။ နတ်ပြဟ္မာများ ဘုရားလောင်း ပါရမီဖြည့်သည်၏ အဖြစ်ကို လည်းကောင်း၊ ထိုဘုရားလောင်း၏ ဘုရားဖြစ်လိမ့်မည်၏ အဖြစ်ကို လည်းကောင်း အဘယ်၏ အစွမ်းအားဖြင့် သိကြပါသနည်း။

ဖြေ။ တန်ခိုးကြီးကုန်သော နတ်တို့၏ အစွမ်းအားဖြင့် သိကြပါသည်။

မေး ● အင်္ဂပရိတ္တာဝဂ စသည်တို့သည် ဒါနပါရမီတွေပင် မဟုတ်ပါလော၊ အဘယ်အကျိုးငှာ အသီးအခြား ယူအပ်ပါသနည်း။

ဖြေ ● ဒါနပါရမီ မျိုးတွေပင် ဖြစ်သော်လည်း စွန့်ကြဲခြင်း အထူး၏အဖြစ်ကို ပြုခြင်းအကျိုးငှာ လည်းကောင်း၊ အလွန်ပြုနိုင်ခဲသည်၏ အဖြစ်ကို ပြုခြင်း အကျိုးငှာ လည်းကောင်း အသီးအခြား ယူအပ်ပါသည်။

မဟာနိဒါနသုတ်

မေး ● ဤပဋိစ္စသမုပ္ပါဒ်သည် စင်စစ် ဂမ္ဘီရသာ မဟုတ်ပါလော၊ ထိုပဋိစ္စ သမုပ္ပါဒ်၌ အဘယ့်ကြောင့် ဂမ္ဘီရာဝဘာသ သဒ္ဒါကို ဆိုရပါသနည်း။

ဖြေ ● စင်စစ်နက်နဲသည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ ဂမ္ဘီရာဝဘာသသဒ္ဒါကိုဆိုရပါသည်။

မေး ● အပါယ် စသည်သည်း သံသရာပင် မဟုတ်ပါလော၊ အဘယ့်ကြောင့် အပါယစသော သဒ္ဒါကို ဆိုပါသနည်း။

ဖြေ ● ငရဲစသည်တို့၏ လွန်ကဲသော ဒုက္ခ၏အဖြစ်ကို ပြခြင်း အကျိုးငှာ အပါယစသည်ကို ဆိုရပါသည်။

[ဂေါဗလီ ဗဒ္ဓ နည်းအားဖြင့်လည်း ဤအနက်ကို သိအပ်၏။]

မေး ● ဣမေဒွေမွော၌ ဒွေမွောအရ ဖော်ပြခဲ့ပါ။

ဖြေ ● သေပစ္စယော ဥပါဒါနဿ ယဒိဒံတဏှာ ဟူ၍ ဟော တော်မူအပ်သော ဝဋ္ဋမူလ တဏှာ,တဏှာ ပဋိစ္စ ပရိယေ

သနာဟူ၍ ဟောတော်မူအပ်သော သမုဒ္ဒါစာရတကျော်
ဤတရားနှစ်ပါး ရပါသည်။

## မဟာပရိနိဗ္ဗာနသုတ်

အဘယ့်ကြောင့် သဗ္ဗညုဘာ ဗဟုဿုတပုဂ္ဂိုလ်ကို အလို
ရှိအပ်ပါသနည်း။

ဖြေ။ ပရိယတ္တိ သဒ္ဓမ္မ, ပဋိဝေဓ သဒ္ဓမ္မတို့၏ မူလဘူတ
ဖြစ်သော ပရိယတ္တိ သဒ္ဓမ္မသည်ကောင်းစွာ တည်သည်၏
အဖြစ်ကြောင့် သမ္ဗုဒ္ဓကို ဗဟုဿုတ ပုဂ္ဂိုလ်ကိုသာ
အလိုရှိအပ်ပါသည်။

မေး။ ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ စတုပါရိ သုဒ္ဓိသီလသည် ထူးသည်၏
အဖြစ်ပရှိဖူးသည် မဟုတ်ပါလော။

ဖြေ။ ထိုပုထုဇဉ်တို့၏ စတုပါရိသုဒ္ဓိ သီလသည် ကေန္တ
မဟုတ်၊ အရိယာ ပုဂ္ဂိုလ်တို့၏ စတုပါရိ သုဒ္ဓိသီလ
တည်မြဲသည်၏ အဖြစ်ကြောင့် ကေန္တိက ဖြစ်ပါ
သည်။ ထို့ကြောင့် သီလ၌ အထူးမရှိပါ။

မေး။ ပဉ္စသီလာနိ-ဟု အဘယ်၏ အစွမ်းဖြင့် ဆိုပါသနည်း။

ဖြေ။ လူတို့၏ အစွမ်းအားဖြင့် ဆိုပါသည်။

မှန်၏....ထိုလူတို့သည် ငင်စစ်ထက်ဝန်းကျင်မှ ဆောင်အပ်သော
ကြောင့်တည်း။

အရိယာများကား အလုံးစုံသော သိသတ္တိကို နှစ်သက်အပ်ကုန်သည်သာတည်း။

မေး ● စတ္တာရော ဝိပလ္လာသာ၌ စတ္တာရောအရ ကောက်ပြခဲ့ပါ။

ဖြေ ● [၁] အသုဘ၌ သုဘဟုသညာ၏ ဖောက်ပြန်ခြင်း၊
[၂] အသုဘ၌ သုဘဟုစိတ်၏ ဖောက်ပြန်ခြင်း၊
[၃] ဒုက္ခ၌ သုခဟု သညာ၏ ဖောက်ပြန်ခြင်း၊
[၄] ဒုက္ခ၌ သုခဟု စိတ်၏ ဖောက်ပြန်ခြင်း ဖြစ်ပါသည်။

ပဟာသတိပဋ္ဌာနသုတ်

မေး ● ငါးရာနှစ်ဆယ့် ရှစ်သွယ် မေတ္တာပွားနည်းကို အကျယ်ဖော်ပြခဲ့ပါ။

ဖြေ ● "သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ" ဤငါးပါးကား မည်သူ မည်ဝါ ယောကျ်ား-မိန်းမ စသည်ဖြင့် ပိုင်းခြား ကန့်သတ်ခြင်း မရှိသောကြောင့် "အနောဓိသော မေတ္တာဖရဏာ နည်းငါးမျိုး"ဟု ရှေးဦးစွာမှတ်လေ။

'သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ'ဤခုနစ်ပါးကား မိန်းမ-ယောကျ်ားကိုတသန့်၊ အရိယာနှင့်ပုထုဇဉ်ကိုတသန့်၊ နတ်လူနှင့် ဝိနိပါတိကာတို့ကိုတသန့်စီ ထားလျက် ပိုင်းခြား၍ မေတ္တာကိုပြန့်ဝေသောကြောင့် 'ဩဓိသောမေတ္တာဖရဏာနည်းခုနစ်မျိုး'ဟု မှတ်လေ။

ထိုဘဆယ့်နှစ်ပါးသော ပုဂ္ဂိုလ်တို့ကို တည်ထား၍ 'အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု စသော "န္တု" လေးပါးနှင့် မြှောက်ပါက မေတ္တာပေါင်း (၄၈)ပါးဖြစ်၏။ ၎င်း ၄၈-ပါးကိုဘဖန် အရပ်ဆယ်မျက်နှာဖြင့် မြှောက်(၄၈၀) ဖြစ်၏။ ၎င်းကိုမူရင်း(၄၈)ပါးနှင့်ပေါင်းက ၅၂၈)သွယ်မေတ္တာဖြစ်၏။

အနောဓိသော မေတ္တာနှစ်ဆယ်ဆိုသည်မှာ သဗ္ဗေ သတ္တာ စသော ရှေးငါးပါးကိုဘည်၍ အဝေရာဟောန္တုစသော'န္တု' လေးပါးတို့ဖြင့်မြှောက်လျှင် ထိုမေတ္တာပေါင်း နှစ်ဆယ်ဖြစ်၏။

ဩဓိသောမေတ္တာနှစ်ဆယ့်ရှစ်ပါး—ဆိုသည်မှာ သဗ္ဗာဣတ္ထိယောစသော နောက်ခုနစ်ပါးတို့ကိုတည်၍ အဝေရာဟောန္တု စသော 'န္တု'လေးပါးတို့ဖြင့် မြှောက်လျှင် ထိုမေတ္တာပေါင်း နှစ်ဆယ့်ရှစ်ပါး ဖြစ်သတည်း။

[ဆောင်ရန်]

- အနောဓိသ၊ ပုဂ္ဂလ၊ ရှေ့က ငါးပါးသာ။
- ဩဓိသမှာ၊ ပုဂ္ဂလာ၊ နောက်မှာ ခုနစ်ဖြာ။
- နောဓိပဥ္စ၊ ဩ့သတ္တ၊ တည်ထဆယ့်နှစ်ဖြာ။
- န္တုလေးပါးဖြာ၊ မြှောက်ဆင့်ပါ၊ ရှစ်ဖြာ လေးဆယ်သာ။
- ယင်းကိုတဖန်၊ ရပ်ဆယ်တန်၊ အမှန်မြှောက်ပြန်ရာ။
- အရပ်ဆယ်ချက်၊ မှတ်ပွဲဖက်၊ ထည့်စွက်ပေါင်းလေပါ။
- ငါးရာနှစ်ဆယ်၊ ရှစ်စွန်းကယ်၊ အကျယ်ပို့မေတ္တာ။

# ပါထေယျဋီကာ အမေးအဖြေ

## ပါထိကသုတ်

မေး။ အဘယ့်ကြောင့် တံဝါစံ အပ္ပဟာယ တံစိတ္တံ အပ္ပဟာယ တံဒိဋ္ဌိံ အပ္ပဋိနိဿဇ္ဇေတွာ-ဟု အစဉ် ထားပါသနည်း။

ဖြေ။ အကြင့်ကြောင့် ထိုသို့သဘောရှိသောစကားသည် ကြီးသောအဖြစ်ရှိ၏။ စိတ်သည် ထိုစကားကိုဖြစ်စေတတ်သောကြောင့် စကားထက် အထူးသဖြင့် ကြီးသော အဖြစ်ရှိ၏။ အယူကား ထိုစကား စိတ် နှစ်ပါးတို့၏ မူလဖြစ်သောကြောင့် အလွန်အလွန်ကြီးသောအဖြစ်ရှိ၏။ ထိုစကား၊ စိတ်၊ အယူတို့၏ကြီးမားသောအဖြစ်ရှိသောကြောင့် ဤသို့အစဉ် ထားပါသည်။

မေး။ ဒုဝိသော ပေတဿ ရုဝိသေရုပ်ကို ထုတ်ပြ ပြီးလျှင် ဘုရားရှင်မာန်လှည့်တော်ထားသည်ကို ရှေးဦးစွာ မသိခြင်း၊အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အတ္တမနော ဟောတိ ပရိပုဏ္ဏသင်္ကပ္ပေါ၊ ဤသို့ ဥပက္ကိလေသတို့၏ အပြားအားဖြင့် နှစ်ပါး ဖြစ်ပါသည်။

တနည်း... ဗာဟိရက, သာသနိကအားဖြင့် နှစ်ပါးဖြစ်ပါသည်။ မဆင်ခြင်သောကြောင့် ရှေးဦးစွာ မသိပါ။

[ဥဒုမ္ဗရိကသုတ်ဋီကာ]

**မေး** ● အဂ္ဂညသုတ်လာ ဗြာဟ္မဏ်တို့၏အယူတို့ကိုဖော်ပြခဲ့ပါ။

**ဖြေ** ● ဗြာဟ္မဏတို့သည် ဗြဟ္မာ၏ခံတွင်းမှ ဖြစ်ကုန်၏။
ခတ္တိယတို့သည် ရင်မှ ။
ဝေဿတို့သည် ပေါင်မှ ။
သုဒ္ဒတို့သည် ခြေမှ ။

[အဂ္ဂညသုတ်]

**မေး** ● သင်္ဂမ္မ,သမာဂမ္မအရတို့ကို ဖော်ပြပြီးလျှင် ဒေသိတာဟု ဟောပြီးဖြစ်ပါလျက် ပညတ္တာဟု ဟောရခြင်းအကျိုးကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ** ● ထိုအရပ်၌သာလျှင် ရအပ်သော ပုဂ္ဂိုလ်တို့၏ ဂတိ၏ အစွမ်းဖြင့် သင်္ဂမ္မ, ဌာနတပါးမှခေါ်သဖြင့် ရောက်လာကုန်သော သူတို့၏ အစွမ်းဖြင့် သမာဂမ္မ အရ ဖြစ်ပါသည်။

သက်သက် သတိပဋ္ဌာန်တို့ကို ဟောကာမျှသာမဟုတ်၊ စင်စစ်သော်ကား ဝေနေယျတို့၏သန္တာန်၌ တည်စေအပ်ပြီးသော အနက်ကို ပြခြင်းအကျိုးငှာ ဒေသိတာဟု ဟောပြီးလျက် ပညတ္တာဟု ဟောပါသည်။

(ပါသာဒိကသုတ်)

မေး ၄။ ဗြာဟ္မဏသုံး (မှ)သော ကုသလ ကမ္မပထများကို ဟောပြ ပြီးလျှင် ၎င်းမှ ဝိသစ္စာကိုထုတ်ဟောရခြင်းအကျိုး ကို ဖော်ပြပါ။

ဖြေ [illegible] ကုသိုလ်တို့၏ ဝိသုဒ္ဓိ စွာအား ကျေးဇူးများသည်၏ အဖြစ်ကိုလည်းကောင်း၊ ထိုဝိသစ္စာ၏ဆန့်ကျင်ဘက် ဖြစ်သော မုသာဝါဒ၏ ကြီးသော အပြစ် ရှိသည်၏ အဖြစ်ကိုလည်းကောင်း ပြခြင်း အကျိုးငှာ ထုတ်၍ ဟောပါသည်။

[လက္ခဏသုတ်]

မေး [illegible] သုရာပါနသည် ပဥ္စဝေရ၏ အဖြစ်ဖြင့် ဥပါသကာတို့ ကြည်အပ်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် သုရာပါနကို မယူပါသနည်း။

ဖြေ [illegible] အပါယမုခ၏ အဖြစ်ဖြင့် နောက်၌ဆိုခြင်းငှာ အလိုရှိ သောကြောင့် သုရာပါနကို မယူပဲ စတ္တာရော ဟုသာ ဆို၏။

အသိ၊ကမ္မပထ မဟုတ်သောကြောင့် မယူဟု အပရေဆရာ တို့ဆို၏၊

[သိင်္ဂါလသုတ်]

မေး● 'ပသံ'အရ မည်သည့် သတ္တဝါကို ယူရမည်ဟု ဖော်ပြ၍ ပရိတ်ရွတ်ဆိုရာ၌ တန်ခိုးမရှိခြင်း၏အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ● ဂါဝီ ဟုဆိုပြီး တဖန် ပသုံဟု ဆိုအပ်သောကြောင့် နွားမှတပါးသော အလုံးစုံ အခြေ လေးချောင်း ရှိသော သတ္တဝါတို့ကို ဤအရာ၌'ပသံ'ဟု ယူရပါသည်။

ပရိတ်ရွတ်ဆိုရာ၌ ချွတ်ယွင်းသောကြောင့် လည်းကောင်း၊ အံ့ဖွယ်ရှိသောအနက်၏ အဖြစ်ကြောင့် လည်းကောင်း တန်ခိုးမရှိပါ။

ဤကျမ်း၊ အာဋာနာဋိယသုတ် အဋ္ဌကထာမှာ အကျယ် ဖော်ပြခဲ့ပြီ၊

သင်္ဂီတိသုတ်

မေး● 'အသီတိဟတ္ထံ ဥဒ္ဓံ ဂစ္ဆတိ'ဟူသော စကားကို အဘယ့်ကြောင့် ဆိုပါသနည်း၊ ဗုဒ္ဓါနုဘာဝအားဖြင့် ဆိုသလော၊ ဖော်ပြပါ။

ဖြေ● ဘုရားရှင်တို့၏ ကိုယ်တော်အရောင်၏ ပကတိအားဖြင့် အတောင်ရှစ်ဆယ်အတိုင်းအရှည်ရှိသောအရပ်၌ ပျံ့နှံ့သောကြောင့် ဆိုပါသည်။ ဗုဒ္ဓါနုဘာဝအားဖြင့် ဆို

သည်မဟုတ်၊ ဗုဒ္ဓါနုဘာဝအာဖြင့်ကားအဆုံးမရှိသော အတိုင်းအရှည်ရှိသောအရပ်သို့ ထွန်းလင်း တောက်ပ သည်သာတည်း။

မေး● အဘယ့်ကြောင့် ဂေါမုတ္တဝင်္က, စန္ဒဝင်္က, နင်္ဂလ ကောဋိဝင်္ကအဖြစ် မည်ပါသနည်း။

ဖြေ● အစမှစ၍ အဆုံးတိုင်အောင် အကျင့်၏ကောက်သည် ၏အဖြစ်ကြောင့် ဂေါမုတ္တဝင်္ကအဖြစ်မည်၏၊

အကျင့်၏အလယ်အရပ်၌ ကောက်သည်၏ အဖြစ်သို့ရောက် သောကြောင့် စန္ဒဝင်္ကအဖြစ် မည်၏၊

အဆုံး၌ကောက်သည်၏အဖြစ်သို့ရောက်သောကြောင့် နင်္ဂလ ကောဋိဝင်္ကအဖြစ်မည်၏။

မေး● တိဝိဓေန ရူပသင်္ဂဟော၌ သင်္ဂဟသည် ထပါးသာ မဟုတ်ပါလော၊ အဘယ့်ကြောင့် လေးပါးဟု ဟော တော်မူပါသနည်း။

ဖြေ● တိဝိဓ သင်္ဂဟ ဟူသော အနက်ကို မဆိုမူ၍ မထုတ် ဆောင်အပ်သော အနက် ရှိသည်ဖြစ်သော သဒ္ဒါကို သာ ဆိုအပ်သောကြောင့် လေးပါးဟု ဟောတော် မူပါသည်။

မေး ● 'မေဃထုန် ပဋိဃသံ၀တ္တ'ဟူသော ဤစကားကို အဘယ် အကျိုးငှာ ဆိုပါသနည်း၊ ဖော်ပြ၍ ကေစိဝါဒအရ နတ်တို့ ကာမကိစ္စပြီးပုံ အထူးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ ● ကေစိဝါဒကို တားမြစ်ခြင်း အကျိုးငှာ ဆိုပါသည်။ ယာမာနတ်တို့သည် အချင်းချင်း လည်ဖက်ကာမျှဖြင့်၊ တုသိတာနတ်တို့သည် လက်ကိုသုံးသပ် ကိုင်တွယ်ကာ မျှဖြင့်၊ နိမ္မာနရတီ နတ်တို့သည် ရယ်မြူး ကာမျှဖြင့်၊ ပရနိမ္မိတဝသဝတ္တီ နတ်တို့သည် ကြည့်ရှုကာ မျှဖြင့် ကာမကိစ္စ ပြီးကြပါသည်။

ဤမှာပါးသော စာတုမဟာရာဇ်၊ တာဝတိံသာ နတ်တို့ သည် ဒွယံဒွယံ သမာပတ္တိအားဖြင့် ကာမကိစ္စပြီးကြပါသည်။

မေး ● ရှစ်ပါးသော ဒါနဝတ္ထုတို့တွင် စိတ္တာ လင်္ကာရ ဒါန သည်သာ အဘယ့်ကြောင့် မြတ်ပါသနည်း။

ဖြေ ● စိတ္တာ လင်္ကာရ ဒါနသည် မညစ်နွမ်းသောကြောင့် လည်းကောင်း၊ ကောင်းစွာ ထက်ဝန်းကျင်မှ စင် သောကြောင့်လည်းကောင်း၊ဂုဏ်အထူး၏အကြောင်း ဖြစ်သောကြောင့်လည်းကောင်း မြတ်ပါသည်။

မေး ● အရိယာဝါသဥ္စ အရိယာအရနှင့် အရိယာဝါသ အဓိပ္ပာယ်ကို ဖော်ပြခဲ့ပါ။

ဖြေ ● အရိယာ အရ ဥက္ကဋ္ဌ နိဒ္ဒေသအားဖြင့် ရဟန္တာကိုယူ၊ အရိယာဘို၏သာ နေရာဖြစ်သောကြောင့် အရိယာဝါသမည်၏၊ အရိယာ မဟုတ်သူတို့၏ မဖြစ်သင့်သော ကြောင့်တည်း။

## ဒသုတ္တရသုတ်

မေး ● မောဟစရိတ ပုဂ္ဂိုလ်အား အာနာပါနသတိကမ္မဋ္ဌာန်းသည်လျော်ကပ်သည်မဟုတ်ပါလော၊ အဘယ်အကျိုးငှာ ဥဒ္ဒေသစသည်တို့ကို ဆိုပါသနည်း၊ ဖော်ပြခဲ့ပါ။

ဖြေ ● မောဟစရိတ ပုဂ္ဂိုလ်အား အာနာပါန သတိကမ္မဋ္ဌာန်းသည် လျော်ကပ်သော်လည်း ကမ္မဋ္ဌာန်းကို ပွားများခြင်း၏ တည်ရာဖြစ်သည်ကို ပြုခြင်းငှာ လည်းကောင်း၊ တွေဝေခြင်းမှ ကင်းခြင်းငှာ ရှေးဦးစွာ ဥဒ္ဒေသ၊ ပရိပုစ္ဆာ၊ ဓမ္မဿဝန၊ ဓမ္မသာကစ္ဆာတို့၌ ယှဉ်အပ်၏။ ထို့ကြောင့် ဆိုပါသည်။

မေး ● ပီတိဖရဏတာ၊ သုခဖရဏတာ၊ စေတော ဖရဏတာ၊ အာလောက ဖရဏတာ၊ အဘိညာပါဒကဈာန်ပစ္စဝေက္ခဏာ နိမိတ်တို့သည် အဘယ့်ကြောင့် ငြေနှစ်ချောင်း စသည်တို့နှင့် တူကြပါသနည်း။

ဖြေ ● ပီတိ၊ သုခ၊ ဖရဏာဘာဘို့သည်အာရုံ၌တည်၍စတုတ္ထဈာန်ကို ဖြစ်စေတတ်သောကြောင့် ခြေနှစ်ချောင်းနှင့်တူပါ

သည်၊ စေတော-အာလောက ဖရဏတာတို့သည် ထိုထို ကိစ္စကို ပြီးစေတတ်သောကြောင့် လက်နှစ်ချောင်းနှင့် တူပါသည်။

အဘိညာပါဒကဇ္ဈာန်သည် ကောင်းစွာ ဆောက်တည်ခြင်း၏ ကိုယ်၏အဖြစ်ကြောင့် အလယ်ကိုယ်နှင့် တူပါသည်။

ပစ္စဝေက္ခဏာနိမိတ်သည် မြတ်သောအင်္ဂါ၏အဖြစ်ကြောင့် ဦးခေါင်းနှင့် တူပါသည်။

သုတ်ပါထေယျဋ္ဌကထာ အမေး အဖြေ

ပြီးပါပြီ။

# ကျမ်းပြီးအဆုံး နိဂုံး

သုံးလူ့မျက်ရှင် ငါးမာရ်စင်၏ ကြေးမြင်ဇက်ပုံ ရာဇ္ဇရှစ်ငုံကို ကြာ:မုံရိုကျိုး ထိပ်ငယ်မိုးမှ နေမျိုးမြန်မာ မန္တလာ၏ ဒိသာ တောင်ပြင် မော်ကွန်းဝင်စယ် ဂုဏ်အင်ရေး ပန်းနှယ်မွှေးသည့် 'ရွှေရေးဆောင်တိုက်' သမိုက်စဉ်လာ ယဉ်းငိပဟာတွင် သညာထွန်း ဘိ မိုးတင်ရှိမျှ ပရိယတ္တိသာသနာဝေ ပုလ္လကျောင်း ဗိမာန်ကောင်း ဝယ် ခိုအောင်းပျော်ရာ ထေရ်မဟာမူ 'အရှင်ဝိစာရာဘိဝံသ' မည်နာမနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ' ရွှေဘွဲ့သ,ပြီး သိပ္ပ မချို့ တပည့်တို့အား ချပို့ယဉ်းငင် ရှေးယနင်က တင်နှယ်စူး ကြဲခဲ့ပုံးတိုင်း ဂုဏ်ထူးဆောင်မှ စာချတန်းဝင် အကြင်ပုဂ္ဂိုလ် ထို ထိုများစွာ ကျိုးတွက်တာဟု 'မဟာဝဂ္ဂပါဠိအဋ္ဌကထာ' ကျမ်း ရွှေစာနှင့် 'အဋ္ဌကထာပါထေယျပါဠိ'ဋီကာ ညှိ၍ ဖွင့်ဘိဒ်ပွားယ် သရုပ်ကျယ်ကို သိလွယ်စိမ့်ငှာ စံပြုရသား 'မဟာဝဂ္ဂဒီ နိတိ' မည်ရှိ ဤကျမ်းနည်းစုံပြွမ်းကို ငြိမ်းမြင့်ပမာ ဆန်းတင့်စွာဖြင့် စီစဉ်ကာလျှင် မာသာ ပဌမ ယဉ်းကာလ၌အစ, အဆုံး ကမ္ဗတ် ဖုံး၏ ထောင့်သုံးရာနှစ်,တစ် ဤခုနှစ်ကား အုဝ်ကျစ်ကျော် အေး ပြန်ရာဝေးခဲ့ နှင်းဖွေးဖြိုင်ဖြိုဝ် တန်ဆောင်တိုင်လည်း ဆန်းပြိုင်ရှစ်ရက် ကျမ်းပြီးတွက်လေ့ မြို့သက်နန်းတည် ခြိမ့်ခြိမ့် ဟည်အောင် ရော်ရည်သည့်ပွဲ ရာပြည့်နှဲ့စဉ် ပေါ်ရှင်လူ သုံးစိမ့်ဟူ သည် ဇမ္ဗူတိုက်လုံး ဖြန့်ဝေသတည်း။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

# မဟာဝဂ္ဂဒီနိတိကျမ်း အလုံးစုံ ပြီးပါပြီ။

ဘဒ္ဒန္တဝိစာရာဘိဝံသ ပြုစုခဲ့သော

# ကျမ်းစာများ

~~~~~~~~

၁။ ယမက နိဿယကျမ်း ပထမတွဲ

၂။ 〃 ဒုတိယတွဲ

၃။ ရမည်းသင်း ရွှေမြင်တင်ဘုရား တောင်တော်သမိုင်းသစ်

၄။ မေတ္တာမဉ္ဇူကျမ်း

၅။ ရွှေသင်း ပါရာဇိကကဏ် ပုစ္ဆာ (၁၀၀) အဖြေလွှာကျမ်း

၆။ ရွှေသင်း အဋ္ဌသာလိနီ ပုစ္ဆာ(၁၀၀) အဖြေလွှာကျမ်း
~~~~~~~~